# ထုပဝဥဝဂ္ဂ။

၂၉၄-၃၀၉

ရှေးရှေးစေတီတော်များနှင့်
ဟေမမာလီခေါ် မဟာစေတီတော်ကြီး၏
သမိုင်းအဋ္ဌုပ္ပတ်ပြဆိုအပ်သော
ဝင်၉-ဝင်အဝင်အပေါ

၂၉၄.၃၀၉

# ထူပဝင်ဝတ္ထု

## မဟာထူပဝင်-စူဠထူပဝင်
## နှစ်စောင်တွဲ

---

ဦးခင်စိုးနှင့် ကိုကျော်သန်း,ကိုဟန်ထွန်းတို့
ကြပ်မ,ကြည့်ရှုပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

# နိဒါန်း

**ဝံသကျမ်းများ**

"ဝနော့တိ ပဝတ္တတီတိ ဝံသော-သန္တာနော" ဟူသော ဈာဒီမောဂ္ဂလာန် ဝိဂြိုဟ်၊ "ဝံသော တန္တိ ပဝေဏီ" ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌ္ဌုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် "**ဝံသကျမ်း**"မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်,(၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆) ဒါဌာဓာတုဝင်,(၇)နလာဋဓာတုဝင်,(၈)ထူပဝင်,(၉)ရွှေပြည်ဝင်နှင့်တကွ ဆံကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင်, ရာဇဝင် စသောအားဖြင့် များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌ္ဌုပ္ပတ်ကို ပြဆိုသော မူလ **ဗုဒ္ဓဝင်ပါဠိတော်**,အရှင်မဟာ ဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, **ဗုဒ္ဓဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌ္ဌုပ္ပတ်ကို ပြဆိုသော မူလ **အနာဂတဝင် ပါဠိတော်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဠိ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော် နိဿယ, အနာဂတဝင်အဋ္ဌကထာ နိဿယ, **အနာဂတဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၃။ ဒီပဝင်ကျမ်း**

သီဟိုဠ်ကျွန်း၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ ဒီပဝင်, မာဂဓ** ဘာသာဒီပဝင်ပါဠိ, **မန္တလေးမြို့** ဒက္ခိဏာရာမ

ပဉ္စမ ဘုရားကြီးဆရာတော် စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သော **ဒီပဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၄။ **မဟာဝင်ကျမ်း** မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌှုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ မဟာဝင်**, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်း အရှင်မဟာနာမထေရ် စီရင်အပ်သည့် **မာဂဓဘာသာ** မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင် နိဿယ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော**မဟာဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၅။ **ဗောဓိဝင်ကျမ်း** မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏာသာခါဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အဌှုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာဗောဓိဝင်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည်ပေါင်လောင်အရှင်မဟာကဿပ စီရင်အပ်သောမဟာဗောဓိဝင် ဋီကာနှင့်တကွ ဒုတိယငုံဆရာတော်စီရင်အပ်သောမဟာဗောဓိဝင် နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာ နိဿယ,**ဗောဓိဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၆။ **ဒါဌာဓာတုဝင်ကျမ်း** စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်း အဌှုပ္ပတ်ကို ပြဆိုသော မူလ**သီဟဠဘာသာဒါဌာဓာတုဝင်**, သီဟိုဠ်ကျွန်း အရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိဆရာ စီရင်အပ်သော ဒါဌာဓာတုဝင် ဋီကာ, ဒါဌာဓာတုဝင်နိဿယ, **ဒါဌာဓာတုဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၇။ နလာဋဓာတု ဝင်ကျမ်း

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ **နလာဋဓာတုဝင်ပါဠိ**, နလာဋဓာတုဝင် ဋီကာ,နလာဋဓာတုဝင်နိဿယ, ဟင်္သာတမြို့ ကြာခံဆရာတော် စီရင်အပ်သော **နလာဋဓာတုဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၈။ ထူပဝင် ကျမ်း

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီ တော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ် ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ် စီရင်အပ်သည့် မူလ **ထူပဝင်ပါဠိ**,နှင့်အမည်မသိ ဆရာများ စီရင်အပ်သည့် မဟာထူပဝင်ပါဠိ,စူဠထူပဝင်ပါဠိ,ထူပဝင်နိဿယ, ဟင်္သာတမြို့ ကြာခံဆရာတော် စီရင်အပ်သော**ထူပဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

၉။ ရွှေပြည်ဝင် ကျမ်းစသည်

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံအကြောင်းအရာ ကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် **ရွှေပြည်ဝင်ဝတ္ထု**, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော အမည်မသိ ဆရာစီရင် အပ်သည့် **ဆကေသဓာတုဝင်ပါဠိ**, သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် **သာသနဝံသပဒီပိကာပါဠိ** နှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြု သည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာစီရင်သည့် မူလ **ဂန္ဓဝင်ပါဠိ**,ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် **ဂူဠ္ဟဂန္ဓဝင်ပါဠိ**, မင်းစဉ်မင်းဆက်ကို ပြဆိုသော **ရာဇဝင်ကျမ်း**ဟူ၍ ရှိလေသည်။

ဟံသာဝတီ၏ အာသီသ

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၏ အာ သီသ တောင့်တရင်း နှလုံးသွင်းမှာ— ပါဠိတော် များ, အဋ္ဌကထာများ, ဋီကာများ,ယောဇနာများ, ဂန္ထန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့ သော ပိဋကတ်တော်လာ စာပေများ, **ဝင် ၉-ဝင်** နှင့်တကွသော ဝံသ

ကျမ်းများ မတိမ်ကော မပပျောက်စေရန်ငှင်း, မသူတော်တရား ကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်ငှင်း,ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွါး၍ အဓွန့်ရှည်စွာ တည်စေရန်ငှင်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ဝင် ၉–ဝင်အကျုံးဝင်သည့် ဟသ်ာပမြို့ ကြာခံကျောင်းဆရာတော် အရှင်ကေလာသထေရ် စီရင်အပ်သော ဤမဟာဗုဒ္ဓဝံသဝတ္ထုနှင့် ဂူဠ္ဌဗုဒ္ဓဝံသဝတ္ထုနှစ်စောင်တွဲကို ရှင်းလင်းသေသပ်သော အထားအသို, အပိုအလို မရှိသော ပုဒ်ပါဋ်,အဖြတ်အရပ် ကျ-န-သေချာ၍ အက္ခရာပုဒ်ဗျည်းမလိပ်လည်း စေရအောင် ပါဠိဆရာကြီး ဦးခင်မိုး [သာသနဓဇ သိရိပဝရ မမ္မာစရိယ] နှင့် ဆရာ ကိုကျော်သန်း, ဆရာကိုဟန်ထွန်းတို့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေကာ စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# တောင်းပန်ခြင်း

စတ္တာရောမေ ဘိက္ခဝေ ထူပါရဟာ၊ ကတမေ စတ္တာရော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော, ပစ္စေကဗုဒ္ဓေါ ထူပါရဟော, တထာဂတဿ သာဝကော ထူပါရဟော, ရာဇာစက္ကဝတ္တိ ထူပါရဟောတိ—

ဟူသည်နှင့် အညီ သမ္မာသမ္ဗုဒ္ဓထူပ, ပစ္စေကဗုဒ္ဓထူပ, သာဝကထူပ, စက္ကဝတ္တိထူပ ဤ ၄-မျိုးသော ထူပတို့တွင်-ဒီပင်္ကရာ မြတ်စွာဘုရားသခင်၏ ထူပတော်မှစ၍ ဂေါတမဘုရားသခင်၏ ထူပတော်တိုင်အောင် နှစ်ကျိပ်လေးဆူကုန်သော ထူပတို့၏ အစဉ်အဆက် အဖြစ်အပျက် အကြောင်းအရာ အဋ္ဌုပ္ပတ္တိကို ပြဆိုသော အထူးသဖြင့် သီဟိုဠ်ကျွန်း၌ တည်ထားကိုးကွယ်တော်မူအပ်သော ဟေမမာလီခေါ် မဟာထူပစေတီတော်ကြီး၏ အဋ္ဌုပ္ပတ္တိကိုပြဆိုသော မဟာထူပဝင်, စူဠထူပဝင်ကျမ်းမြတ်နှင့် သီဟိုဠ်ကျွန်း၏ အကြောင်းအရာ အဋ္ဌုပ္ပတ်ကိုပြဆိုသော ဒီပဝင်ကျမ်းမြတ်သုံးဆူသည် မဂဓဘာသာ ပါဠိဝေါဟာရဖြင့်သာ တည်ရှိလေသောကြောင့် မဂဓဘာသာပါဠိဝေါဟာရကို နားမလည် မသိရှိကြကုန်သောမြန်မာပြည်သူပြည်သား ရှင်လူအများတို့ ကြည့်ရှုမှတ်သား သဒ္ဓါတရားတိုးပွားခြင်းမရှိ ဖြစ်ကြရလေသည်။

ထိုသို့မဂဓဘာသာ ပါဠိဝေါဟာရဖြင့်တည်ရှိနေသော ဤထူပဝင်ကျမ်းမြတ်နှစ်ဆူနှင့် ဒီပဝင်ကျမ်းမြတ်တဆူ ဤသုံးဆူသောကျမ်းမြတ်ကို မဂဓပါဠိဘာသာ, သီဟိုဠ်ဘာသာ, မြန်မာဘာသာတတ်ကျွမ်းတော်မူသည့် နလာဋဓာတုဝင်ကျမ်းပြု ဟသ်ာတမြို့ ကြာခံဆရာတော်ဘုရားအား မြန်မာဘာသာပြန်ဆိုတော်မူပါရန် လျှောက်ထားတောင်းပန်ရပါမူကား ကောင်းလေစွဟု အကြံပြုကာ ဆရာတော်အား "မဟာထူပဝင်ဝတ္ထု, စူဠထူပဝင်ဝတ္ထု, ဒီပဝင်ဝတ္ထုများကို ရေးသား၍ပေးသနားတော်မူပါ"ဟု လျှောက်ထားတောင်းပန်သောအခါ ဆရာတော်သည် မလေးမဖင့် အသင့်စိတ်ကူးထားဘိသကဲ့သို့ လွယ်ကူစွာဖြင့်ဝန်ခံကတိပြုတော်မူပြီးနောက်သုံးလအတွင်းပြီးစီးအောင်ရေးသား

၍ ပေးသနားတော်မူသည့်အပြင် ကေသဓာတုဝင်ကျမ်းတဆူကိုလည်း သဒ္ဒါတရားထက်သဖြင့် အပိုစွက်ကာရေးသားချီးမြှင့်တော်မူလေသည်၊ ရှေးအခါက မြန်မာပြည်သူ ပြည်သား ရှင်လူအများသည် ဝင် ၉-ဝင် ရှိသည့်အနက် ၇-ဝင်သာ ကြည့်ရှုပူဇော်ခွင့်ရရှိခဲ့ပေသည်၊ ယခုမူ ဆရာတော်၏ကျေးဇူးကြောင့် ဝင် ၉-ဝင် အပြည့်အစုံကြည့်ရှုပူဇော်ခွင့် ရရှိသဖြင့် ပြည်သူပြည်သား အမျိုးသားတို့ လေးစားဂရု ကြည့်ရှုမှတ် သားတော်မူနိုင်ကြပါစေကုန်သတည်း။

ခင်စိုး
ဟံသာဝတီ။

# ကျမ်းပြုနိဒါန်း

ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္တာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ကတမော ဧကပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

ဟူသောပါဠိတော်မြတ် မိန့်အပ်သည်နှင့်အညီ ဘုရားရှင် ပွင့်ထွန်းပေါ်လာခြင်းသည် နတ်လူတို့၏ အစီးအပွါးအကျိုးငှါ ပွင့်ထွန်းပေါ်လာသည်နှင့်အညီ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသောအခါ၌လည်း နတ်လူတို့၏အကျိုးစီးပွါးကိုများစွာဖြစ်စေ၏၊ ပရိနိဗ္ဗာန်ပြုတော်မူသော အခါ၌လည်း တပည့်ဖြစ်ကုန်သော သာဝကတို့သည် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ကျင့်တော်မူခြင်း,ဟောကြားတော်မူခြင်းတို့ဖြင့် နတ်လူတို့၏အကျိုးစီးပွါးကို အားထုတ်တော်မူကြသဖြင့် များစွာကုန်သော နတ်လူတို့သည် အလွန်ကြီးကျယ်လှစွာသော အကျိုးကိုရရှိကြကုန်၏၊ ထိုကျင့်ခြင်း,ဟောကြားတော်မူခြင်းဖြင့် အားထုတ်တော်မူသော သာဝကတို့တွင် တတိယသင်္ဂါယနာတင်ကုန်သော သာဝကတို့နှင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွတော်မူကုန်သော သာဝကထေရ်အရှင်တို့သည်လည်း အပါအဝင်ဖြစ်၏၊ထိုသာသနာပြုရာ ကိုးတိုင်းကိုးဌာတို့တွင် လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသည်ပါဝင်၏၊ ထိုသီဟိုဠ်ကျွန်း၌လည်း ရှေးဘုရားရှင်တို့၏ သာသနာတော်ထွန်းပပြီးလျှင် သာသနာတော် ကွယ်တော်မူသောအခါ ဘီလူးစသည်တို့သည် အုပ်စိုးခြင်းကြောင့် လူနေပျက်စီးပြီးလျှင် တောကြီးဖြစ်၍ နေ၏၊ ထိုကဲ့သို့ သဘောရှိသော သီဟိုဠ်ကျွန်း၌ လူနေဖြစ်ပေါ် လာခြင်း, သာသနာတော်တည်တော်မူခြင်းကို ဤထူပဝံသကျမ်း၌ပြဆို၏။

ထို ထူပဝံသကျမ်းသည်လည်း စကားပြေစုဏ္ဏိယ အတွင်းဝယ် ဂါထာဗန္ဓသွင်းလျက် စီရင်တော်မူအပ်သည့်ရှေးကျမ်းကြီးတဆူဖြစ်၏၊ ထိုကျမ်းကြီးကို ပါဠိဘာသာမတတ်မြောက်ကုန်သော ပုဂ္ဂိုလ်တို့သည် မကြည့်ရှုနိုင်သောကြောင့် အားလုံးသောပုဂ္ဂိုလ်တို့ ကြည့်ရှုစေနိုင်ခြင်း

# ကျမ်းပြုနိဒါန်း

ငှါ မေတ္တာတရားရေးထားပါသော[သာသနဓဇသိရိပဝရဓမ္မာစရိယ] ဘွဲ့ကိုရရှိသည့် ပါဠိဆရာကြီး ဦးခင်စိုးသည် တောင်းပန်အပ်သောကြောင့် မြန်မာဘာသာသို့ပြန်ဆိုလျက် ရေးသားစီရင်လိုက်၏၊

ဤသို့ပြုဆိုအပ်သော မြန်မာဘာသာထူပဝံသကျမ်းစာကို စာရိတ္တနှင့် ဗဟုသုတတို့ကို ရှာမှီးကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ကောင်းမြတ်သောစိတ်ဖြင့် ကြည့်ရှုမှတ်သား နိုင်ကြစေကုန်သတည်း။

ကြာခံဆရာတော်။

## မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

# မဟာဝထ္ထုပဝင်ဝတ္ထု


၁။ ပဏာမနှင့်ပဋိညာဉ် .... ၁

**၁။ ဗုဒ္ဓါနံ့ထူပကထာနှင့် အဘိနီဟာရကထာ**

၁။ သုမေဓာအကြောင်း .... ၂
၂။ ဒီပင်္ကရာဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၄
၃။ ကောဏ္ဍညဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၉
၄။ မင်္ဂလဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၀
၅။ သုမနဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၁
၆။ ရေဝတဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၁
၇။ သောဘိတဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၂
၈။ အနောမဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း.... ၁၂
၉။ ပဒုမဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၂
၁၀။ နာရဒဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၃
၁၁။ ပဒုမုတ္တရဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၃
၁၂။ သုမေဓဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၄
၁၃။ သုဇာတဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၄
၁၄။ ပိယဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၅
၁၅။ အတ္ထဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၅
၁၆။ ဓမ္မဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၆
၁၇။ သိဒ္ဓတ္ထဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၆
၁၈။ တိဿဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၆
၁၉။ ဖုဿဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၇
၂၀။ ဝိပဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၇
၂၁။ သိခီဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၈
၂၂။ ဝေဿဘူဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၈

ဦးရေ အကြောင်းအရာ

၂၃။ ကကုသန်ဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၉
၂၄။ ကောဏာဂုံဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၉
၂၅။ ကဿပဘုရားထံ ဗျာဒိတ်တော်ရခြင်း .... ၁၉
၂၆။ ဘုရားရှင်တို့၏စေတီတော်များ .... ၂၀

## ၂။ ဒသထူပကထာ

၂၇။ ဂေါတမဘုရား ပွင့်တော်မူခြင်း .... ၂၀
၂၈။ ဂေါတမဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်း .... ၂၅
၂၉။ ဓာတ်တော်တို့ကို ဝေဘန်ခြင်း .... ၃၀
၃၀။ အဇာတသတ်မင်း ဓာတ်တော်တို့ကို ပင့်ယူတော်မူခြင်း .... ၄၁

## ၃။ ဓာတုနိဓာနကထာ

၃၁။ ဓာတ်တော်တို့ကို ဌာပနာခြင်း .... ၄၃

## ၄။ စတုရာသီတိ သဟဿထူပကထာ

၃၂။ အသောကမင်းကြီးအကြောင်း .... ၄၇
၃၃။ နိဂြောဓ သာမဏေအကြောင်း .... ၅၁
၃၄။ အသောကမင်းကြီး၏ ကောင်းမှုတော်များ .... ၅၅
၃၅။ အသောကမင်း ဓာတ်တော်တို့ကို တူးဖော်တော်မူခြင်း .... ၅၆

## ၅။ ထူပါရာမကထာ

၃၆။ သာသနာ့အမွေကို ခံယူတော်မူခြင်း .... ၅၉
၃၇။ ကိုးဌာနသို့ သာသနာပြု လွှတ်တော်မူခြင်း .... ၆၀
၃၈။ တမ္ဗပဏ္ဏိကျွန်း၌ သာသနာပြုတော်မူခြင်း .... ၆၅
၃၉။ ဓာတ်တော် ညှပ်ရိုးတော်တို့ကို ပင့်ယူတော်မူခြင်း .... ၆၉
၄၀။ ညှပ်ရိုးတော်ကို စေတီတည်ထားခြင်း .... ၇၄

| ငရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၆။ ဗေဒမိ အာဂမနကထာ


၄၁။ ဗေဒမိပင်ကိုပင့်ခြင်း .... ၇၅


## ၇။ ယောဇနထူပကထာ


၄၂။ စေတီတို့ကို တည်တော်မူခြင်း .... ၈၀


## ၈။ တဏ္ဍုဒီပနကထာ


၄၃။ မင်းငါးဆက်ကိုပြခြင်း .... ၈၁


## ၉။ မဟိယင်္ဂဏထူပကထာ


၄၄။ ဒုဋ္ဌဂါမဏိမင်းသားအကြောင်း .... ၈၂
၄၅။ သူရဲကောင်းတကျိပ်ရရှိခြင်း .... ၈၃
၄၆။ ညီနောင်နှစ်ဦး စစ်ထိုးခြင်း .... ၈၅
၄၇။ ကဏ္ဍုကစေတီ၏အကြောင်း .... ၈၇


## ၁၀။ မရိစဝဋ္ဋိဝိဟာရမဟာကထာ


၄၈။ ကျေးမင်းတို့နှင့်စစ်ထိုးတော်မူခြင်း .... ၈၉
၄၉။ ဧဠာရကျေးမင်းစစ်ရှုံးခြင်းနှင့်ကရောဇ်မင်းပြု
တော်မူခြင်း .... ၉၃
၅၀။ ဘလ္လုကသူရဲနှင့်စစ်ပြိုင်ခြင်း .... ၉၄
၅၁။ ထေရပုတ္တာဘယသူရဲရဟန်းပြုခြင်း .... ၉၅
၅၂။ မင်းကြီးယုံမှားဖြစ်ခြင်း .... ၉၅
၅၃။ မရိစဝဋ္ဋိစေတီတော်တည်ခြင်း .... ၉၆


## ၁၁။ လောဟပါသာဒမဟာကထာ


၅၄။ ပုံစံကိုလျှောက်ယူခြင်း .... ၉၈


## ၁၂။ ထူပဿမနလာဘကထာ


၅၅။ ဝိသုကြံနတ်သားအုတ်ဘန်ဆင်းပေးခြင်း .... ၁၀၁
၅၆။ ရွှေသျှောက်, ကြေးနီသျှောက်နှင့် ပတ္တမြားကျောက်တိုင်
ပေါ်လာခြင်း .... ၁၀၃
၅၇။ ငွေစိုင်ခဲနှင့်ပုလဲ,ပတ္တမြားပေါ်လာခြင်း .... ၁၀၄

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၃။ ထူပါရုဟ္ဘကထာ

၅၀။ စေတီအုတ်မြစ်ချတော်မူခြင်း .... ၁၈၇
၅၉။ သံဃာတော်များကြွလာတော်မူခြင်း .... ၁၀၉

၁၄။ ဓာတုဂဗ္ဘဂန္ထကထာ

၆၀။ အုတ်လုပ်ခြင်းနှင့်စေတီပုံစံဆွဲခြင်း .... ၁၁၄
၆၁။ မြေညက်စိုင်လှူသောရဟန်းတပါး .... ၁၁၇
၆၂။ အုတ်တချပ်လှူသောရဟန်း၏ဝတ္ထု .... ၁၁၈
၆၃။ နတ်သမီးနှစ်ဦး၏ဝတ္ထု .... ၁၂၀

၁၅။ ဓာတုနိဓာနကထာ

၆၅။ ဓာတ်တော်တို့ကိုပင့်ယူတော်မူခြင်း .... ၁၃၃
၆၆။ ဓာတ်တော်တို့ကို ဌာပနာခြင်း .... ၁၄၄

၁၆။ တုသိတပုရဂမနကထာ

၆၇။ မင်းကြီးနတ်ရွာစံတော်မူခြင်း .... ၁၄၆
၆၈။ မဧတ္တေယျ ဘုရားသခင် လက်ထက် အလောင်းတော်များ .... ၁၅၄
၆၉။ ကျမ်းပြီး နိဂုံး

---

# ရှင်ဥတ္တမ ထူပဝင်ဝတ္ထု

ပဏာမနှင့် ပဋိညာဉ် .... ၁၅၇
၁။ စေတီတော်ခုနစ်ဆူတို့၏အကြောင်း .... ၁၅၈
၂။ ဒုဋ္ဌဂါမဏိမင်းကြီး၏ ကုသိုလ်တော်များ .... ၁၆၀
၃။ ဒုဋ္ဌဂါမဏိမင်း မဟာစေတီနေရာကိုရှုတော်မူခြင်း .... ၁၆၁
၄။ ဟေမမာလာ မဟာစေတီတော်၏ အဆောက်အဦကိုရခြင်း .... ၁၆၃

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | စေတီတည်ရာနေရာကိုပြုပြင်ခြင်း | .... | ၁၆၀ |
| ၆။ | မဟာစေတီနေရာသို့ကြွတော်မူခြင်း | .... | ၁၆၉ |
| ၇။ | သံဃာတော်များကြွလာတော်မူခြင်း | .... | ၁၇၁ |
| ၀။ | စေတီတည်ရန်မှတ်သားတော်မူခြင်း | .... | ၁၇၃ |
| ၉။ | အုတ်မြစ်ချတော်မူခြင်း | .... | ၁၇၆ |
| ၁၀။ | စေတီတော်တည်ရန်စီမံတော်မူခြင်း | .... | ၁၇၀ |
| ၁၁။ | မဟာစေတီတည်တော်မူခြင်း | .... | ၁၀၀ |
| ၁၂။ | ရဟန်းတော်တပါးကုသိုလ်ပြုခြင်း | .... | ၁၀၁ |
| ၁၃။ | ရဟန်းတော်တပါး ကုသိုလ်ပါဝင်ခြင်း | .... | ၁၀၂ |
| ၁၄။ | မဟာစေတီ၌ အခဖြင့်ပြု၍နတ်ပြည်ရောက်ခြင်း | .... | ၁၀၅ |
| ၁၅။ | မဟာစေတီ၌ ဌာပနာခြင်း | .... | ၁၀၇ |
| ၁၆။ | ဗုဒ္ဓသုံးပါးကိုပြခြင်း | .... | ၁၉၅ |
| ၁၇။ | ဓာတ်တော်ပင့်ရန်လျှောက်ကြားတော်မူခြင်း | .... | ၂၀၃ |
| ၁၀။ | သောဏုတ္တရထေရ်၏ အတ္တုပ္ပတ္တိ | .... | ၂၀၆ |
| ၁၉။ | ဓာတ်တော်ကို ပင့်ယူတော်မူခြင်း | .... | ၂၀၀ |
| ၂၀။ | ဓာတ်တော်တို့ကို ဌာပနာခြင်း | .... | ၂၁၇ |
| ၂၁။ | ဒုဋ္ဌဂါမဏိမင်း မကျန်းမာတော်ခြင်း | .... | ၂၂၄ |
| ၂၂။ | ဒုဋ္ဌဂါမဏိမင်းကြီး ကောင်းမှုတော်စာရင်း | .... | ၂၃၀ |
| ၂၃။ | မင်းကြီးနတ်ရွာစံတော်မူခြင်း | .... | ၂၃၅ |
| ၂၄။ | ကျမ်းပြီး နိဂုံး | .... | ၂၃၀ |

# မဟာထူပဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ နှင့် ပဋိညာဉ်

အကြင်မဟာစေတီတော်၌ ထက်ဝန်းကျင်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသောဂုဏ်, နိဗ္ဗာန်လောကအကျိုးစီးပွား၏ အကြောင်းဖြစ်သောဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရား၏ မြတ်သောဓာတ်တော်တို့သည် မြတ်စွာဘုရား၏ အသွင်တော်ကို ပြသည်တို့ကို လူအပေါင်းတို့သည် ဖူးမြင်ရကုန်၏၊ ဥပမာတို့ဖြင့် အလွန်အံ့ဘွယ်သောဂုဏ်ရှိတော်မူသော ထိုမဟာစေတီ၌ တည်ရှိတော်မူသော ဓာတ်တော်တို့ကို ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိခိုးပြီးသော အခါ အလုံးစုံသောလောက၏ အစီးအပွားကို ဆောင်တော်မူသောဂုဏ်, အလုံးစုံသော လူအပေါင်းတို့၏ နှစ်သက်ခြင်းကို ပြုတော်မူသောဂုဏ်, မြတ်သော နတ် အသုရာ လူမင်းတို့သည် အမြဲ ပူဇော်အပ်သောဂုဏ်, ရတနာတို့ဖြင့် တောက်ပသော စေတီတော် ဖြစ်တော်မူသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော

မဟာစေတီတော်၏ အဆက်အနွယ်ကိုပြဆိုသော မဟာထူပဝင် အမည်ရှိသော ကျမ်းကို ဆိုပေအံ့။

ထို မဟာထူပဝင်ကျမ်းကို ရှေးကာလ၌ ရဟန်းတော်ထေရ်အရှင်သည် သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့၏ အကျိုးငှါ သီဟိုဠ်ဘာသာဖြင့် ပြုခဲ့သော်လည်း အလုံးစုံသောလူအပေါင်း၏ အကျိုးကို မပြီးစေသောကြောင့်၎င်း,မာဂဓဘာသာဖြင့် ပြုအပ်သော ထူပဝင်ကျမ်းသည်လည်း ဆန့်ကျင်သော နည်းသဒ္ဒါတို့ပါရှိခြင်းကြောင့်၎င်း,များစွာနှစ်သက်ဘွယ်ရှိသောအားဖြင့် မဆိုခဲ့ခြင်းကြောင့်၎င်း ဤမဟာထူပဝင် ကျမ်းသစ်ကို တဖန်ဆိုရ၏၊ ပြည့်စုံသော အနက်အဓိပ္ပါယ်ရှိသော မြတ်စွာဘုရား၏ သာရီရိက စေတီတော်၏ အဆက်အနွယ်ကိုပြသော ငါဆိုလတ္တံ့ဖြစ်သော ဤမဟာထူပဝင်ကျမ်းသစ်ကို အလုံးစုံသော သူတော်ကောင်းတို့သည် နားယူသင်ကြား မှတ်သားကြစေကုန်သတည်း။

ပဏာမနှင့် ပဋိညာဉ်ပြီး၏။

---

## ၁။ ဗုဒ္ဓါနံ့ထူပကထာနှင့်အဘိနီဟာရကထာ

### ၁။ သုမေဓာအကြောင်း

မဟာထူပဝင်ဟု မိန့်ဆိုရာ၌ သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူသော မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရား၏သာဝက, စက္ကဝတ္တိမင်းတို့သည် စေတီထိုက်ကုန်၏ဟု ဟောတော်မူခြင်းကြောင့် စေတီထိုက်ကုန်သော ဘုရားစသည်တို့၏ ဓာတ်တော်တို့ကို ဌာပနာ၍ ပြုအပ်သော စေတီတော်ကို အံ့ဘွယ်ကိုပြုတတ်သော အနက်ကြောင့် ထူပစေတီဟူ၍ ဆိုအပ်၏၊ ဤမဟာထူပဝင် ကျမ်း၌ကား ကဋ္ဌနမာလာမည်သော မဟာစေတီတော်ကို ထူပဟုအလိုရှိအပ်၏၊ ထိုမဟာစေတီတော်ကို အဘယ်ပုဂ္ဂိုလ်၏ ဓာတ်တော်တို့ကို ဌာပနာ၍ ပြုအပ်သနည်း ဟူငြားအံ့၊ ဒီပင်္ကရာအစရှိကုန်သော နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်တို့၏ ခြေတော်ရင်း၌ ရအပ်သော ဗျာဒိတ်ရှိတော်မူသော သုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်မှ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမတော်မူသည်တိုင်အောင် အလုံးစုံသော ဗုဒ္ဓကိစ္စတို့သည် ပြီးဆုံးသော

အခါ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထို ဂေါတမ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဌာပနာ၍ပြု၏ဟု သိအပ်၏၊ ဤသည်ကား အကျဉ်းမျှတည်း၊ အကျယ်ကိုကား ဤဆို လတ္တံ့သောနည်းဖြင့် သိအပ်၏။

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ထက်၌ အမရဝတီမြို့တော်သည်ရှိ၏၊ ထိုမြို့တော်၌ သုမေဓာပုဏ္ဏား သည်နေ၏၊ ထိုသုမေဓာသည် တပါးသောအမှုကို မပြုလုပ်မူ၍ ပုဏ္ဏား တို့၏ အတတ်ပညာကိုသာလျှင် သင်ယူ၏၊ထိုသုမေဓာ၏ ငယ်ရွယ်သော ကာလ၌သာလျှင် မိဘတို့သည် သေဆုံးကြကုန်၏၊ ထိုအခါ သုမေဓာ ၏ ဘဏ္ဍာစိုးဖြစ်သော အမတ်သည် ပေပုရပိုက်ကိုယူပြီးလျှင် ရွှေ,ငွေ, ပတ္တမြား,ပုလဲ စသည်တို့ဖြင့် ပြည့်ကုန်သော တိုက်ခန်းတို့ကိုဖွင့်၍ "အ ရှင့်သား....ဤဥစ္စာစုသည်ကား အမိဘက်မှဖြစ်သော ဥစ္စာစုတည်း၊ ဤဥစ္စာစုသည်ကား အဘဘက်မှဖြစ်သော ဥစ္စာစုတည်း၊ဤဥစ္စာစုသည် ကား အဘိုးဘက်မှဖြစ်သော ဥစ္စာစုတည်း စသည်ဖြင့် ဆွေခုနစ်ဆက်, မျိုးခုနစ်ဆက်တိုင်အောင် ပစ္စည်းဥစ္စာကို ပြောကြား၍ ထိုအလုံးစုံ သော ဥစ္စာကို သိမ်းပိုက်ပါလော့"ဟု ပြောဆိုလေ၏။

သုမေဓာသည် ကောင်း၏ဟုဝန်ခံပြီးလျှင် တနေ့သ၌ ဤသို့ကြံစည် လေ၏၊ "အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရသောငါသည် ဘဝ သစ်၌ ပဋိသန္ဓေနေရခြင်းမည်သည် ဆင်းရဲ၏၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ သေရခြင်းသည်လည်း ဆင်းရဲ၏၊ ပဋိသန္ဓေနေရခြင်း, အိုခြင်း, နာခြင်း,သေခြင်းသဘောရှိသော ငါသည် ပဋိသန္ဓေနေရခြင်း,အိုခြင်း, နာခြင်း, သေခြင်းမရှိသော နိဗ္ဗာန်ချမ်းသာကို ရှာမှီးရန်သင့်၏" ဟု ကြံစည်လေ၏၊ ဤအလုံးစုံသောဥစ္စာကိုစု၍ ငါ၏မိဘ ဘိုးဘေးစသည် တို့သည် ဘဝတပါးသို့ ပြောင်းသွားကြကုန်သည်ရှိသော် တခုသော အသပြာမျှကိုလည်း ယူ၍မသွားနိုင်ကြကုန်၊ ငါသည် ယူ၍သွားနိုင်ခြင်း ၏အကြောင်းကို ပြုရန်သင့်၏ဟု ကြံစည်ပြီးလျှင် မြို့၌စည်လည်စေ၍ လူအပေါင်းအား အလှူပေးပြီးသော် ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုပြီး လျှင် ခုနစ်ရက်အတွင်း၌ အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေပြီးလျှင် သမာပတ်ချမ်းသာဖြင့် အချိန်ကိုကုန်လွန်စေ၏။

## ၂။ ဒီပင်္ကရာဘုရားထံ ဗျာဒိတ်တော်ရခြင်း

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် ဘုရား၏အဖြစ်သို့ ရောက်တော်မူပြီးလျှင် သတ္တသတ္တာဟ ကာလပတ်လုံး ဗောဓိပင်၏ အနီး၌သာလျှင် အချိန်ကာလကို ကုန်လွန်စေ၍ သုနန္ဒအာရာမ်၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူလျက် တကုဋေအတိုင်းအရှည်ရှိကုန်သောနတ်,လူတို့အား တရားအမြိုက်ကို တိုက်ကျွေးတော်မူ၍ အရပ်လေးမျက်နှာတို့၌ ရွာသောမိုဃ်းကြီးကဲ့သို့ တရားတည်းဟူသော မိုဃ်းကြီးကို ရွာစေပြီးလျှင် ရဟန္တာလေးသိန်းခြံရံလျက် အစဉ်အတိုင်း ဒေသစာရီလှည့်လည်လတ်သော် ရမ္မာဝတီမြို့တော်သို့ ရောက်၍ သုဒဿနကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ရမ္မာဝတီမြို့သူမြို့သားတို့သည် ထောပတ်, တင်လဲစသောဆေးတို့ကို ယူကြပြီးသောအခါ ပန်း,နံ့သာ, အခိုးတို့ကို လက်စွဲကုန်လျက် ဘုရားရှိရာအရပ်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ပန်းစသည်တို့ဖြင့် ပူဇော်၍ သင့်တင့်သောအရပ်၌နေ၍ တရားတော်ကို နာကြားပြီးသောအခါ နက်ဖြန်နံနက်၌ မြတ်စွာဘုရားကိုပင့်ကြပြီးလျှင် မြတ်စွာဘုရားကို ဒူရှိအသေပြု၍သွားကြကုန်၏၊ ထိုရမ္မာဝတီ မြို့သူမြို့သားတို့သည် တဖန်မိုးလင်းသောနေ့၌ အသဒိသ မဟာဒါနကြီးကို စီရင်ကြပြီးသောအခါ မြတ်စွာဘုရား ကြွတော်မူရာဖြစ်သောလမ်းကို ပြင်ဆင်ကြကုန်၏၊

ထိုအခါ သုမေဓာရသေ့သည် မိမိ၏သခ်မ်းကျောင်းမှ ပျံတက်တော်မူ၍ ရမ္မာဝတီမြို့သူမြို့သားတို့၏ အထက်ဖြစ်သော ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူစဉ် ဝမ်းမြောက် ဝမ်းသာစွာ လမ်းကို သုတ်သင်ကုန်သော မြို့သူမြို့သားတို့ကို မြင်တော်မူသောအခါ အဘယ်အကြောင်းဖြစ်သနည်းဟု ကြံစည်လျက် အလုံးစုံသောလူဘို့ ကြည့်ရှုစဉ်သာလျှင် ကောင်းကင်မှ သက်ဆင်းတော်မူပြီး၍ လျောက်ပတ်သောနေရာ၌ရပ်လျက် "အို-အလုံးစုံသော လူအပေါင်းတို့.... အဘယ်သူ၏သွားရာလမ်းကို ပြင်ဆင်ကြကုန်သနည်း" ဟု ထိုလမ်းပြင်သောသူတို့ကိုမေးလေ၏၊ "အရှင်ဘုရား သုမေဓာ.... အဘယ်ကြောင့် အရှင်ဘုရားသည် မသိပါသနည်း၊ ဒီပင်္ကရာမြတ်စွာဘုရား ဘုရားဖြစ်တော်မူ

ပြီးသောအခါ ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီး၍ ဇနပုဒ်၌ ဒေသစာရီ လှည့်လည်တော်မူသောအခါ ငါတို့မြို့သို့ ရောက်သည်ဖြစ်၍ သုဒဿန ကျောင်းတော်ကြီး၌ သီတင်း သုံးတော်မူ၏၊ ငါတို့သည် ထို မြတ်စွာဘုရားကို ပင့်ကြကုန်၏၊ ထိုမြတ်စွာဘုရား၏ ကြွတော်မူရန် လမ်းကို ပြင်ဆင်ကြကုန်၏''ဟု လျှောက်ကြကုန်၏။

ထိုစကားကို ကြားတော်မူသောအခါ သုမေဓာ ရှင်ရသေ့သည် "ဘုရားဟူသောအသံကို ကြားရခဲ၏၊ ဘုရားဖြစ်တော်မူခြင်းသည် ဆိုဘွယ်မရှိသောကြောင့် ငါသည်လည်း ဤလူတို့နှင့်အတူတကွ မြတ်စွာဘုရား၏ ကြွတော်မူရာဖြစ်သော လမ်းကို ပြင်ဆင်ခြင်းငှာ သင့်၏''ဟု ကြံစည်တော် မူပြီးလျှင် "အိုလူအပေါင်းတို့.... ငါ့အားလည်း တခုသောနေရာကို ပေးကြကုန်လော့၊ ငါသည်လည်း သင်တို့နှင့်အတူ လမ်းကိုပြင်ဆင်မည်''ဟု လူတို့ကိုပြောဆိုလေ၏၊ ထိုအခါ လူတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင်"ဤသုမေဓာရှင်ရသေ့သည် တန်ခိုးအာနုဘော်ကြီး၏''ဟု ကြံစည်လျက် သုတ်သင် ပြင်ဆင်ရန်ခဲယဉ်းသော ညွန်ရှိသော မညီမညွတ်သေ နေရာကို မှတ်သားလျက် ဤနေရာကို သုတ်သင်ပြင်ဆင်တော်မူပါဟု ပေးကြကုန်၏။

သုမေဓာရသေ့သည် ဘုရားလျှင်အာရုံရှိသော ပီတိကိုဖြစ်စေလျက် ဤသို့ကြံစည်တော်မူလေ၏၊ "ငါသည် ဤနေရာကို တန်ခိုးဖြင့် အလွန်ကြည့်ရှုဘွယ်ကောင်းသည်ကို ပြုခြင်းငှါစွမ်းနိုင်၏၊ ဤသို့ တန်ခိုးဖြင့်ပြုခြင်းသည် ငါ၏စိတ်ကို မနှစ်သက်စေ၊ယနေ့ငါသည် ကိုယ်ဖြင့် အမှုကြီးငယ်ကို ပြုခြင်းငှါ သင့်၏''ဟု ကြံစည်ပြီးလျှင် မြေမှုန့်ကို ဆောင်၍ ထိုနေရာကိုပြည့်စေ၏၊ သုမေဓာရသေ့၏ ထိုအရပ်ကို ပြင်ဆင်၍ မပြီးမီသာလျှင် ရမ္မာဝတီမြို့သူမြို့သားတို့သည် မြတ်စွာဘုရားအား ကာလကိုလျှောက်ကြားလေသော် မြတ်စွာဘုရားသည် လယ်ခေါင်ရန်းပွင့်အဆင်းရှိသော နှစ်ထပ်သင်္ကန်းဖြင့် အဝန်းသုံးပါးကိုဖုံးလွှမ်းလျက် ဝတ်တော်မူပြီး၍ ထိုသင်္ကန်း၏အထက်၌ ရွှေဖြင့်ပြီးသော ဦးဆောက်ပန်းစည်းကို ရစ်ပတ်တော်မူသကဲ့သို့ လျှပ်စစ်နွယ်နှင့်တူသော ခါးပန်းကြိုးကို ဖွဲ့တော်မူသည်ဖြစ်၍ ရွှေတောင်ထွဋ်၌ ချိပ်ရည်ကိုလောင်းဘိသကဲ့သို့ရင်း, ရွှေစေတီကို သန္တာနီကွန်ရက်ဖြင့် ဝန်းရံဘိသကဲ့သို့ရင်း, ရွှေ

ဖြင့်ပြီးစေသောစေတီကို ကမ္ဗလာနီဖြင့် စွတ်ဘိသကဲ့သို့ရင်း,တန်ဆောင်မုန်းလ၌ ထွက်ပေါ်လာသောလမင်းကို နီသောတိမ်တိုက်ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ရင်း ချိပ်ရည်ဖြင့် ဆိုးအပ်သော ပေါက်ပွင့်အဆင်းရှိသော နီသောပ်သုကု သင်္ကန်းတော်ကိုရုံလျက် ရွှေဂူမှ ခြသေ့်သည် ထွက်ဘိသကဲ့သို့ ဂန္ဓကုဋိတိုက်တံခါးမှ ကြွတော်မူ၍ နတ်အပေါင်းတို့ဖြင့် ခြံရံအပ်သော သိကြားမင်းကဲ့သို့ရင်း, ဗြဟ္မာအပေါင်းတို့ဖြင့်ခြံရံအပ်သော ဗြဟ္မာမင်းကဲ့သို့ရင်း, အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော လေးသိန်းသော ရဟန္တာတို့ဖြင့် ခြံရံလျက် မနှိုင်းယှဉ်နိုင်သော ဆည်းပူးအပ်သော ကုသိုလ်တော်ကြောင့်ဖြစ်သော နှိုင်းယှဉ်၍ပြရန်တူသော ဥပမာမရှိသော မြတ်စွာဘုရား၏ တင့်တယ်တော်မူခြင်းဖြင့် ကြယ်တာရာတို့ဖြင့် ခြံရံအပ်သော တန်ဆောင်မုန်းလအခါ ထွက်ပေါ်၍လာသော လမင်းသည် ကောင်းကင်အပြင်ကို တန်ဆာဆင်လျက် သွားဘိသကဲ့သို့ လမ်းသို့ကြွတော်မူ၏။

သုမေဓာရသေ့သည်လည်း ထိုတန်ဆာဆင်အပ်သောလမ်းဖြင့် ကြွလာတော်မူသော ဒီပင်္ကရာမြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တလံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်သော ဣန္ဒနီလာပတ္တမြားနှင့်တူသော ကောင်းကင်၌ အထူးထူး အပြားပြားသော လျှပ်စစ်နွယ်တို့သည် ထွက်ဘိသကဲ့သို့ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသော အထွဋ်အထိပ်သို့ရောက်သော အဆင်းရှိတော်မူသော ကိုယ်တော်ကို ဖူးမြင်ရသောအခါ "ယနေ့ငါသည် မြတ်စွာဘုရားအား အသက်ကိုစွန့်၍ ပူဇော်ခြင်းငှါသင့်၏၊ မြတ်စွာဘုရားသည် ညွန်၌ မနင်းပါစေနှင့်၊ ပတ္တမြားဖြင့်ပြီးသော ပျဉ်ချပ်တံခါးကို နင်းဘိသကဲ့သို့ လေးသိန်းသော ရဟန္တာတို့နှင့်အတူ ငါ၏ကျောက်ကုန်းကို နင်းလျက် သွားပါစေ၊ ထိုနင်းလျက်သွားခြင်းသည် ငါ့အား ကြာမြင့်စွာနေသောနေ့ညဉ့်ဘို့ပတ်လုံးအကျိုးစီးပွားဖြစ်လတ္တံ့" ဟု ကြံစည်ပြီးလျှင် ဆံတို့ကိုဖြေ၍ သစ်နက်ရေ, လျှော်တေသင်္ကန်းတို့ကို ညွန်၌ခင်းလျက် ထိုညွန်၏အပေါ်၌ အိပ်လျောင်းလေ၏၊ အိပ်လျောင်းပြီးသော သုမေဓာရသေ့သည် "ငါသည်အလုံးစုံသော ကိလေသာတို့ကို ကုန်

စေ၍ အငယ်ဆုံးသောသံဃာဖြစ်၍ ရမ္မာဝတီမြို့သို့ ဝင်နိုင်သော်လည်း မထင်ရှားသဖြင့် နိဗ္ဗာန်သို့ရောက်ခြင်း၌ အကျိုးမရှိ၊ ငါသည်ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်တော်မူပြီးသောအခါ တရားတည်းဟူသောလှေသို့ လူအပေါင်းကိုတင်ပြီးလျှင် သံသရာ တည်းဟူသော သမုဒ္ဒရာမှ ကူးမြောက် စေပြီးသောအခါ ပရိနိဗ္ဗာန်ပြုရပါမူကား သင့်တော်လေစွ”ဟု ကြံစည်၍ ရှစ်ပါးသောတရားတို့ကို ပေါင်းစု၍ ဘုရားအဖြစ်ကို ဆုတောင်းလျက် အိပ်လေ၏။

ဒီပင်္ကရာ မြတ်စွာဘုရားသည်လည်း ကြွလာတော်မူသောအခါ သုမေဓာရသေ့၏ ခေါင်းရင်း၌ရပ်တော်မူလျက် ညွှန်အပြင်၌အိပ်သော ရသေ့ကိုမြင်တော်မူလေသော် ရသေ့သည် ဘုရား၏အဖြစ်ကိုဆုတောင်းလျက်အိပ်၏၊ ထိုရသေ့၏ဆုသည် ပြည့်စုံမည်လော မပြည့်စုံမည်လောဟု ဆင်ခြင်တော်မူသောအခါ အနာဂတ်ကာလ၌ ဂေါတမဘုရားဖြစ်လတ္တံ့ဟုသိတော်မူ၍ ပရိသတ်၏အလယ်၌ရပ်တော်မူလျက်“ရဟန်းတို့ ထက်သောအကျင့်ရှိသော ညွှန်အပြင်၌ အိပ်လျောင်းသော ဤရသေ့ကို သင်တို့သည် မြင်ကြပါကုန်၏လော”ဟု”မိန့်တော်မူ၏၊“မြင်ပါကုန်၏ ဘုရား”ဟု လျှောက်ကြသောအခါ ဤရသေ့သည် ဘုရား၏အဖြစ်ကို ဆုတောင်းလျက် အိပ်လျောင်း၏၊ ဤရသေ့၏ဆုသည်ပြည့်လတ္တံ့။

ဤကမ္ဘာမှ လေးသင်္ချေနှင့်ကမ္ဘာတသိန်းတို့၏အထက်၌ ဂေါတမဘုရားဖြစ်လတ္တံ့၊ ကပိလဝတ်ပြည်မှ ထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာ ကျင့်တော်မူပြီးသောအခါ အဇပါလသစ်ပင်ရင်း၌ နေတော်မူလျက် နို့ဃနာကိုခံယူပြီးလျှင် နေရဉ္ဇရာမြစ်ကမ်း၌ ဘုဉ်းပေးတော်မူလတ္တံ့၊ ထိုနောက် ဗောဓိပင်သို့ကြွတော်မူပြီးလျှင် ညောင်ဗုဒ္ဓဟေပင်ရင်း၌ ဘုရားဖြစ်တော်မူလတ္တံ့၊ ဤဂေါတမဘုရား၏ မယ်တော်သည်ကား မဟာမာယာမည်၏၊ အဘသည် သုဒ္ဓေါဒနမည်၏၊ လက်ျာရံသည် ဥပတိဿမည်၏၊ လက်ဝဲရံသည် ကောလိတမည်၏၊ အလုပ်အကျွေးသည် အာနန္ဒာမည်၏၊ လက်ျာရံဘိက္ခုနီမသည် ခေမာမည်၏၊ လက်ဝဲရံ ဘိက္ခုနီမသည် ဥပ္ပလဝဏ္ဏာမည်၏၊ ထိုဂေါတမ ဘုရား၏ ဗောဓိပင်သည်ကားညောင်ဗုဒ္ဓဟေပင်မည်၏ဟုဗျာဒိတ်ကြားတော်မူ၏။

ထိုနောက် ဒီပင်္ကရာမြတ်စွာဘုရားသည် ဘုရားလောင်းကို ချီးမွမ်းတော်မူပြီးသော် ရှစ်ဆုပ်သောပန်းတို့ဖြင့် ပူဇော်ပြီးလျှင် လက်ျာရစ်လှည့်လည်လျက် ကြွသွားတော်မူ၏၊ ရဟန္တာလေးသိန်းတို့သည်လည်း ဘုရားလောင်းကို ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် လက်ျာရစ်လှည့်လည်လျက် ကြွသွားတော်မူကုန်၏၊ နတ်လူတို့သည်လည်း ထို့အတူပူဇော်ရှိခိုးပြီး၍ သွားကြကုန်၏၊ ထိုအခါ ဘုရားလောင်းသည် မြတ်စွာဘုရားဗျာဒိတ်တော်ကို နာရသောအခါ ဘုရား၏အဖြစ်ကို လက်တော်၌ရောက်ဘိသကဲ့သို့ မှတ်ထင်သည်ဖြစ်၍ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ အလုံးစုံသောသူတို့သည် သွားကြကုန်လေသော် နေရာမှထလျက် ပန်းပုံကြီး၏အထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ဘုရား၏အဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို ဆင်ခြင်တော်မူသောအခါ ရှေးဘုရားလောင်းတို့သည် အမြဲမှီဝဲအပ်သော ဒါနပါရမီကို ရှေးဦးစွာမြင်တော်မူ၍ ထိုဒါနပါရမီ၌ မြဲမြံစွာဆောက်တည်တော်မူ၏၊ ဤသို့လျှင် အစဉ်အားဖြင့် သီလပါရမီ,နိက္ခမပါရမီ,ပညာပါရမီ, ဝီရိယပါရမီ,ခန္တီပါရမီ, သစ္စပါရမီ,အဓိဋ္ဌာန်ပါရမီ,မေတ္တာပါရမီ,ဥပေက္ခာပါရမီ တို့ကိုမြင်တော်မူ၍ ထိုပါရမီတို့၌ မြဲမြံစွာဆောက်တည်လျက် နတ်တို့သည် ချီးမွမ်းအပ်သည်ဖြစ်၍ ကောင်းကင်သို့ တက်တော်မူ၍ ဟိမဝန္တာသို့ ကြွတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ရဟန္တာလေးသိန်းတို့ဖြင့် ခြံရံတော်မူလျက် ရမ္မာဝတီမြို့သူမြို့သားတို့သည် ပူဇော်အပ်သည်ဖြစ်၍ နတ်တို့သည် ကြည်ညိုမြတ်နိုးကြသည်ဖြစ်၍ တန်ဆာဆင်အပ်သော လမ်းဖြင့် ရမ္မာဝတီမြို့သို့ ဝင်တော်မူပြီးလျှင် ခင်းထားအပ်သော မြတ်သောဘုရား၏နေရာ၌ နေတော်မူ၏၊ ရဟန်းသံဃာသည်လည်း ခင်းထားအပ်သော မိမိတို့၏နေရာ၌ နေတော်မူ၏၊ ရမ္မာဝတီမြို့၌နေကုန်သော ဥပါသကာတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား မဟာဒါနကြီးကို ပေးလှူပြီးသောအခါ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက် ဒါနအနုမောဒနာတရားကို နာခြင်းအကျိုးငှါ နေထိုင်ကြကုန်၏၊ မြတ်စွာဘုရားသည်ထိုဥပါသကာတို့အား အနုမောဒနာတရားကို ဟောတော်မူသောအခါဒါနကထာ,သီလကထာ,သဂ္ဂကထာ, မဂ္ဂကထာ,ကာမာနံ့အာဒီ

နဝကထာ စသည်ကို ပြတော်မူလျက် အမတနိဗ္ဗာန်အဆုံးရှိသော တရားတော်ကို ဟောတော်မူ၏။

ဤသို့လျှင် တရားတော်ကို ဟောတော်မူသောအခါ အချို့သော ဥပါသကာတို့သည် သရဏဂုံသုံးပါးတို့၌, အချို့သော ဥပါသကာတို့သည် ငါးပါးသောသီလတို့၌, အချို့သော ဥပါသကာတို့သည် သောတာပတ္တိဖိုလ်၌, အချို့သောဥပါသကာတို့သည် သကဒါဂါမိဖိုလ်၌, အချို့သောဥပါသကာတို့သည် အနာဂါမိဖိုလ်၌, အချို့သောဥပါသကာတို့သည် လေးပါးသောဖိုလ်တို့၌,အချို့သောဥပါသကာတို့သည် သုံးပါးသောဝိဇ္ဇာတို့၌, အချို့သော ဥပါသကာတို့သည် ခြောက်ပါးသော အဘိညာဉ်တို့၌, အချို့သော ဥပါသကာတို့သည် သမာပတ်ရှစ်ပါးတို့၌ တည်ကြပြီးသောအခါ သုဒဿနကျောင်းတော်သို့ ကြွတော်မူ၏။

ဤသို့လျှင် ဒီပင်္ကရာမြတ်စွာဘုရားသည် အနှစ်တသိန်းတို့ ကာလပတ်လုံး တည်နေတော်မူလျက် သတ္တဝါအပေါင်းအား ကိလေသာအနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုတော်မူလျက် အလုံးစုံသော ဗုဒ္ဓကိစ္စပြီးဆုံးသောအခါ နန္ဒမည်သောအရပ်၌ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဒီပင်္ကရာမြတ်စွာဘုရား၏ ဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တခဲနက်တည်ကုန်၏၊ အလုံးစုံသော မြို့သူမြို့သားတို့သည် တခဲနက်ပြုလုပ်အပ်သော ရွှေအုဋ်တို့ဖြင့်သာလျှင် သုံးဆယ့် ခြောက်ယူဇနာ ရှိသော မဟာစေတီကြီးကို တည်ထားကြကုန်၏။

## ၃။ ကောဏ္ဍညဘုရားထံ ဗျာဒိတ်တော်ရခြင်း

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူပြီးသည့်နောက် တသင်္ချေကိုလွန်သောအခါ ကောဏ္ဍညဘုရား ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ဝိဇိတာဝီမည်သောစကြဝတေးမင်း ဖြစ်၍ ကုဋေ တသိန်းသော ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကို ပေးလှူ၏၊ မြတ်စွာဘုရားသည်ဘုရားလောင်းကိုဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြား၍ တရားဟောတော်မူ၏၊ ဘုရားလောင်းသည် မြတ်စွာဘုရား၏ တရားတော်ကို

နာရ၍ မင်း၏အဖြစ်ကို အပ်နှင်းပြီးလျှင် ရဟန်းပြုတော်မူ၏၊ ဘုရားလောင်းသည် ပိဋကတ်သုံးပုံတို့ကို သင်ယူပြီးသောအခါ သမာပတ်ရှစ်ပါး,အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေ၍ မဆုတ်ယုတ်သော ဈာန်ရှိခြင်းကြောင့် ဗြဟ္မာပြည်၌ဖြစ်လေ၏၊ ထိုကောဏ္ဍညဘုရားသည် အနှစ်တသိန်းကာလပတ်လုံး တည်ရှိသည်ဖြစ်၍ ဗုဒ္ဓကိစ္စပြီးဆုံးသောအခါ စန္ဒအမည်ရှိသောအာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုမြတ်စွာဘုရား၏ဓာတ်တော်တို့သည် မပြန့်ကြကုန်၊အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သောသူတို့သည် ပေါင်းဆုံပြီးသောအခါ ခုနစ်ယူဇနာရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော ဆေးဒန်းမြင်းသီလာဖြင့် မြေညက်၏ကိစ္စကိုငင်း, ဆီထောပတ်တို့ဖြင့် ရေ၏ကိစ္စကိုငင်းပြု၍ စေတီတည်ထားကြကုန်၏။

## ၄။ မင်္ဂလဘုရားထံ ဗျာဒိတ်တော်ရခြင်း

ကောဏ္ဍညဘုရား ပွင့်တော်မူပြီးသည့်နောက် တာသင်္ချေလွန်သောအခါ တခုတည်းသောကမ္ဘာ၌ မင်္ဂလဘုရား,သုမနဘုရား, ရေဝတဘုရား,သောဘိတဘုရား ဤဘုရားလေးဆူတို့သည် ပွင့်တော်မူကုန်၏၊ မင်္ဂလဘုရားပွင့်တော်မူသောအခါ ဘုရားလောင်းသည် သုရုစိမည်သော ပုဏ္ဏားဖြစ်၍မြတ်စွာဘုရားကို ပင့်အံ့ဟု ဆည်းကပ်သောအခါ သာယာစွာသော တရားတော်ကို နာရသောကြောင့် နက်ဖြန်ကာလ၌ ပင့်ဘိတ်ပြီးလျှင် ကုဋေတသိန်းရှိသော ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ဂဝပါနမည်သော အလှူကို ပေးလှူလေ၏၊မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူသောအခါ ဘုရားလောင်းကို ခေါ်တော်မူပြီးလျှင် "သင်သည် နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။

ယောက်ျားမြတ်သည် ဗျာဒိတ်ပေးတော်မူသည်ကို နာကြားရသောအခါ "ငါသည်မချွတ်မယွင်း ဘုရားဖြစ်လတ္တံ့၊ငါ့အား လူတို့၏ဘောင်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းပြုအံ့" ဟု ကြံစည်ပြီးလျှင် များစွာသော စည်းစိမ်ချမ်းသာကို တံတွေးပေါက်ကဲ့သို့ ပယ်စွန့်၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုပြီးသောအခါ ဘုရား၏စကားတော်ကို သင်ယူပြီး၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်

စေလျက် အသက်၏အဆုံး၌ ဖြဟ္မာ့ပြည်၌ ဖြစ်တော်မူ၏၊ ထိုမင်္ဂလ ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် မပြန့်ကြကုန်၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသောသူတို့သည် ရှေး၌ကဲ့သို့ ယူဇနာသုံးဆယ်ရှိသော စေတီကို တည်ထားကြကုန်၏။

## ၃။ သုမနဘုရားထံ ဗျာဒိတ်တော်ရခြင်း

မင်္ဂလဘုရား ပွင့်တော်မူပြီးသည့်နောက် သုမနဘုရား ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် တန်ခိုးအာနုဘော်ကြီးသော အတုလမည်သော နဂါးမင်းဖြစ်တော်မူ၏၊ ထိုနဂါးမင်းသည် ဘုရား ပွင့်တော်မူ၏ ဟူသောစကားကို ကြားတော်မူသောအခါ ဆွေမျိုး အပေါင်းတို့ဖြင့် ခြံရံလျက် နဂါးပြည်မှလာပြီးလျှင် ကုဋေတသိန်းသော ရဟန်းတို့ဖြင့် ခြံရံတော်မူသော မြတ်စွာဘုရားအား နတ်၌ဖြစ်သော တူရိယာတို့ဖြင့် ပူဇော်ခြင်းကို ပြုပြီးလျှင် အလှူကြီးကိုပေးလှူ၍ တပါး တပါးစီသော ရဟန်းတို့အား ပုဆိုးအစုံတို့ကိုပေးလှူလျက် သရဏဂုံ တို့၌ တည်တော်မူ၏၊ ထိုသုမနဘုရားသည်လည်း နဂါးမင်းကို နောင် အခါဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ် ကြားတော်မူ၏၊ ထိုသုမန ဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ဓာတ်တော်တို့သည် မပြန့်ကြကုန်၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသောသူတို့သည် ရှေး၌ကဲ့သို့ လေးယူဇနာရှိသော စေတီကို တည်ထားကြကုန်၏။

## ၆။ ရေဝတဘုရားထံ ဗျာဒိတ်တော်ရခြင်း

သုမနဘုရား ပွင့်တော်မူပြီးသည့်နောက် ရေဝတဘုရား ပွင့်တော် မူ၏၊ ထိုအခါ ဘုရားလောင်းသည် အတိဒေဝမည်သော ပုဏ္ဏား ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို နာရသောအခါ သရဏဂုံ တို့၌တည်လျက် ဦးခေါင်း၌ လက်အုပ်ချီတင်ပြီးလျှင် မြတ်စွာဘုရား၏ ကိလေသာကိုပယ်တော်မူခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြားလျက် ကိုယ်ဝတ် သင်္ကန်းဖြင့် ပူဇော်လေ၏၊ ရေဝတ ဘုရားသည်လည်း ဘုရားလောင်းကို ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူ၏၊ရေဝတ ဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထို အရပ်တို့၌ ပျံ့နှံ့ကုန်၏။

၁၂၀၉

### ၇။ သောဘိတဘုရားထံ ဗျာဒိတ်တော်ရခြင်း

ရေဝတဘုရား ပွင့်တော်မူပြီးသည့်နောက် သောဘိတဘုရား ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် အဇိတမည်သောပုဏ္ဏားဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို နာရသောအခါ သရဏဂုံ တို့၌တည်လျက် ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကို ပေးလှူလေ၏၊ သောဘိတဘုရားသည်လည်း ဘုရားလောင်းကို ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ သောဘိတဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်တို့၌ ပျံ့နှံ့ကုန်၏။

### ၈။ အနောမဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း

သောဘိတဘုရား ပွင့်တော်မူပြီးသည့်နောက် တသင်္ချေလွန်သောအခါ ကမ္ဘာတခုတည်း၌သာလျှင် အနောမဒဿီဘုရား, ပဒုမဘုရား, နာရဒဘုရား၊ ဤဘုရားသုံးဆူတို့သည် ပွင့်ကုန်၏၊ အနောမဒဿီဘုရား ပွင့်တော်မူသောအခါ၌ ဘုရားလောင်းသည် တန်ခိုးအာနုဘော်ကြီးသော ကုဋေများစွာသော ဘီလူးတို့ကို အစိုးရသော ဘီလူးစစ်သူကြီး ဖြစ်လေ၏၊ ထိုဘီလူးစစ်သူကြီးသည်လည်း ဘုရားပွင့်တော်မူ၏ဟူသော စကားကိုကြားရသောအခါ လာပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကိုပေးလှူလေ၏၊ အနောမဒဿီဘုရားသည်လည်း ထိုဘီလူးစစ်သူကြီးကို နောင်အခါ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ အနောမဒဿီဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော အခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသောသူတို့သည် နှစ်ဆယ့်ငါးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

### ၉။ ပဒုမဘုရားထံ ဗျာဒိတ်တော် ရခြင်း

အနောမဒဿီဘုရား ပွင့်တော်မူပြီးသည့်နောက် ပဒုမဘုရားပွင့်တော်မူ၏၊ မြတ်စွာဘုရားသည် ရွာမရှိသောတော၌ နေတော်မူသော အခါ ဘုရားလောင်းသည် ခြင်္သေ့ဖြစ်ပြီးလျှင် နိရောဓသမာပတ်ဝင်စား နေသောဘုရားကို ဖူးမြင်ရခြင်းကြောင့် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် လက်ျာရစ်လှည့်လည်၍ နှစ်သက်ဝမ်းမြောက်သောစိတ်ဖြင့် ခြင်္သေ့အသံကို ကြွေးကြော်လျက် ခုနစ်ရက်ပတ်လုံး ဘုရားလျှင်အာရုံရှိ

သောပီတိကို မစွန့်မူ၍ ပီတိသုခဖြင့်သာလျှင် အစာရှာအံ့သော်ငါ မသွားဘဲ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးလျက်နေလေ၏၊ ပဒုမ ဘုရားသည် ခုနစ်ရက်ကိုလွန်သဖြင့် နိရောဓသမာပတ်မှ ထလတ်သော် ခြင်္သေ့ကိုမြင်တော်မူ၍ ရဟန်းသံဃာ၌လည်း စိတ်ကြည်ညို၍ ရှိခိုး လတ္တံ့ဟုသိတော်မူ၍ ရဟန်းသံဃာသည် လာစေသတည်းဟုကြံတော် မူ၏၊ ရဟန်းသံဃာတော်သည် မြတ်စွာဘုရား ကြံစည်တော်မူသော ခဏ၌သာလျှင်ကြွလာတော်မူ၏၊ခြင်္သေ့သည် သံဃာတော်အား စိတ်ဖြင့် ကြည်ညိုလေ၏၊ မြတ်စွာဘုရားသည် ထိုခြင်္သေ့၏စိတ်ကို သိတော်မူသော အခါ အနာဂတ်ကာလ၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်တို့၌ ပျံ့နှံ့ကုန်၏။

### ၁၀။ နာရဒဘုရားထံ ဗျာဒိတ်တော်ရခြင်း

ပဒုမဘုရား ပွင့်တော်မူပြီးသည့်နောက် နာရဒဘုရားပွင့်တော်၏၊ ထိုအခါ ဘုရားလောင်းသည် ရသေ့ရဟန်းပြုလုပ်လျက် အဘိညာဉ်ငါး ပါး, သမာပတ်ရှစ်ပါးတို့၌ ဝသီဘော်ငါးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား အလှူကြီးကိုပေးလှူပြီး လျှင် စန္ဒကူးနီဖြင့်ပူဇော်လေ၏၊ နာရဒဘုရားသည်လည်း ဘုရား လောင်းရသေ့ကို နောင်အခါ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော် မူ၏၊ နာရဒဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တခဲနက် တည်တော်မူ၏၊ အလုံးစုံသောနတ်လူတို့သည် စည်းဝေး ကြပြီးလျှင် လေးယူဇနာရှိသော စေတီတော်ကြီးကို တည်ထားကြ ကုန်၏။

### ၁၁။ ပဒုမုတ္တရဘုရားထံ ဗျာဒိတ်တော်ရခြင်း

နာရဒဘုရား ပွင့်တော်မူပြီးသည့်နောက် တသင်္ချေလွန်လတ်သော် ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက်၌ တခု တည်းသောကမ္ဘာ၌ ပဒုမုတ္တရဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရား လောင်းသည် ဇဋိလအမည်ရှိသော *၁ ပြည့်ရှင်မင်းဖြစ်၍ ဘုရား

*၁ [မဟာရဋ္ဌိကော- ပြည့်ရှင်မင်း၊ ဗုဒ္ဓဝင်နှင့်မဟာထူပဝင်။ မဟာသေဋ္ဌိ- သူဌေးကြီး၊ အဋ္ဌသာလိနီ။]

အမျှုးရှိသော ရဟန်းသံဃာအား မြတ်သောအလှူကို ပေးလှူလေ၏၊ ထိုပဒုမုတ္တရဘုရားသည်လည်း ဘုရားလောင်းကို နောင်အခါဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ပဒုမုတ္တရဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တခဲနက်တည်တော်မူကုန်၏၊ အလုံးစုံသောနတ်လူတို့သည် စည်းဝေးကြပြီးလျှင် တဆယ့်နှစ်ယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

၁၂။ သုမေဓဘုရားထံ ဗျာဒိတ်တော်ရခြင်း

ပဒုမုတ္တရဘုရား ပွင့်တော်မူပြီးသည့်နောက် ကမ္ဘာသုံးသောင်းတို့ကို လွန်မြောက်လတ်သော် တခုတည်းသောကမ္ဘာ၌ သုမေဓဘုရား, သုဇာတဘုရား နှစ်ဆူတို့သည် ပွင့်တော်မူကုန်၏၊ သုမေဓဘုရား ပွင့်တော်မူသောအခါ ဘုရားလောင်းသည် ဥတ္တရမည်သောလုလင်ဖြစ်၍ မြှုတ်နှံ၍ထားအပ်သော ကုဋေရှစ်ဆယ်သော ဥစ္စာကိုစွန့်ပြီး၍ ဘုရားအမျှုးရှိသော ရဟန်းသံဃာတော်အား အလှူကြီးကိုပေးလှူပြီး၍ တရားနာခြင်း,သရဏဂုံတို့၌ တည်ခြင်းကိုပြု၍ တောထွက်ပြီးလျှင် ရဟန်းပြုလေ၏၊ သုမေဓဘုရားသည်လည်း ဥတ္တရလုလင်ကို နောင်အခါဘုရားဖြစ်လတ္တံ့ ဟု ဗျာဒိတ်ပေးတော်မူ၏၊ သုမေဓဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌ ပျံ့နှံ့ကုန်၏။

၁၃။ သုဇာတဘုရားထံ ဗျာဒိတ်တော်ရခြင်း

သုမေဓဘုရား ပွင့်တော်မူပြီးသည့်နောက် သုဇာတဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် စကြဝတေးမင်းဖြစ်လတ်သော် ဘုရားပွင့်တော်မူ၏ဟူသော စကားကိုကြားရသောအခါ ဆည်းကပ်ပြီးလျှင် တရားတော်ကိုနာရ၍ ဘုရားအမျှုးရှိသော သံဃာတော်အား ရတနာခုနစ်ပါးတို့နှင့်တကွ လေးကျွန်းကို အစိုးရသောမင်း၏အဖြစ်ကို ပေးလှူလျက် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုလေ၏၊ အလုံးစုံသော တိုင်းသူပြည်သားတို့သည် တိုင်းနိုင်ငံ၌ဖြစ်သော အခွန်အတုတ်ကိုယူပြီးလျှင် အာရာမ်စောင့်ပြုလုပ်လျက် ဘုရားအမျှုးရှိသော သံဃာတော်အား အမြဲအလှူကြီးကို လှူကြကုန်၏၊ သုဇာတဘုရားသည်လည်း ဘုရားလောင်းကို နောင်အခါ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊

သုဇာတဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တခဲနက်တည်တော်မူ၏၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသောလူတို့သည် သုံးဂါဝုတ်ရှိသော စေတီကို တည်ထားကြကုန်၏။

### ၁၄။ ပိယဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း

သုဇာတဘုရား ပွင့်တော်မူပြီးသည့်နောက် ဟရာ့ဟဆယ့်ရှစ်ကမ္ဘာ ထက်၌ တခုတည်းသောကမ္ဘာ၌ ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား ဤဘုရားသုံးဆူတို့သည် ပွင့်တော်မူကုန်၏၊ ပိယဒဿီဘုရား ပွင့်တော်မူသောအခါ၌ ဘုရားလောင်းသည် ဗေဒင်လေးပုံတို့ကို အဆုံးတိုင်အောင် တတ်မြောက်ခြင်းသို့ရောက်သော ကဿပအမည်ရှိသော လုလင်ဖြစ်၍ မြတ်စွာဘုရား၏တရားတော်ကို နာရသောအခါ ကုဋေတသိန်းသော ဥစ္စာကိုစွန့်သဖြင့် သံဃာအာရာမ်ကို ပြုလုပ်ပြီးလျှင် သရဏဂုံသီလတို့၌ ဆောက်တည်လေ၏၊ ထိုအခါ ကဿပလုလင်ကို မြတ်စွာဘုရားသည် တရာ့တဆယ့်ရှစ်ကမ္ဘာကို လွန်သဖြင့် ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးလေ၏၊ ပိယဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တခဲနက်တည်ရှိကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌နေသောသူတို့သည် စည်းဝေးကြပြီးလျှင် စေတီကြီးကို တည်ထားကြကုန်၏။

### ၁၅။ အတ္ထဒဿီဘုရားထံ ဗျာဒိတ်ရတော်ခြင်း

ပိယဒဿီဘုရား ပွင့်တော်မူပြီးသည့်နောက် အတ္ထဒဿီဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ဟန်ခိုးအာနုဘော်ကြီးသော သုသိမ မည်သောရသေ့ဖြစ်၍ မြတ်စွာဘုရား၏တရားတော်ကို နာရသောအခါ ကြည်ညိုခြင်းကြောင့် နတ်၌ဖြစ်ကုန်သော ထင်ရှားပန်း,ပဒုမာကြာပန်း,ပင်လယ်ကသစ်ပန်း အစရှိသည်တို့ကို ဆောင်ယူပြီးလျှင် လေးကျွန်းလုံး၌ ရွာသောမိုယ်းကြီးကဲ့သို့ ပန်းမိုယ်းရွာလျက် ထက်ဝန်းကျင်၌ ပန်းမဏ္ဍပ်,ပန်းစေတီ,ပန်းစောင်ရန်းတိုင် စသည်တို့ကို ပြုလုပ်လျက် ထင်ရှားပန်းယီးဖြင့် မြတ်စွာဘုရားကို ပူဇော်လေ၏၊ ထိုအတ္ထဒဿီမြတ်စွာဘုရားသည်လည်း ဘုရားလောင်း

ကို နောင်အခါ ဂေါတမမည်သောဘုရား ဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ထိုအတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌ ပျံ့နှံ့ကုန်၏။

### ၁၆။ ဓမ္မဒဿီဘုရားထံ ဗျာဒိတ်တော်ရခြင်း

ထိုအတ္ထဒဿီဘုရား ပွင့်တော်မူပြီးသည့်နောက် ဓမ္မဒဿီဘုရား ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် သိကြားမင်းဖြစ်၍ နတ်၌ဖြစ်သောနံ့သာပန်း, နတ်၌ဖြစ်သောတူရိယာတို့ဖြင့် ပူဇော်လေ၏၊ ထိုဓမ္မဒဿီဘုရားသည်လည်း ဘုရားလောင်းကို ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ဓမ္မဒဿီဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တခဲနက်တည်ရှိကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသောသူတို့သည် သုံးယူဇနာရှိသောစေတီကြီးကို တည်ထားကြကုန်၏။

### ၁၇။ သိဒ္ဓတ္ထဘုရားထံ ဗျာဒိတ်တော်ရခြင်း

ဓမ္မဒဿီဘုရားပွင့်း တော်မူပြီးသည့်နောက် ကိုးဆယ့်လေးကမ္ဘာ ထက်၌ သိဒ္ဓတ္ထဘုရားတဆူ ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ထက်သောတန်ခိုးအဘိညာဉ်အားနှင့် ပြည့်စုံသော မင်္ဂလမည်သော ရသေ့ဖြစ်၍ မဟာဇမ္ဗုသပြေသီးကို ဆောင်ယူပြီးလျှင် မြတ်စွာဘုရား အားလှူလေ၏၊ မြတ်စွာဘုရားသည် ထိုသပြေသီးကို ဘုဉ်းပေးပြီးသောအခါ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ထိုသိဒ္ဓတ္ထဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌မပျံ့နှံ့ကုန်၊ လေးယူဇနာရှိသော ရတနာတို့ဖြင့်ပြီးသော စေတီကြီးကို တည်ထားကြကုန်၏။

### ၁၈။ တိဿဘုရားထံ ဗျာဒိတ်တော်ရခြင်း

သိဒ္ဓတ္ထဘုရား ပွင့်တော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿဘုရား,ဖုဿဘုရားပွင့်၍ ဘုရားနှစ်ဆူတို့သည် တခုတည်းသောကမ္ဘာ၌ ပွင့်တော်မူကုန်၏၊ တိဿဘုရား ပွင့်တော်မူသောအခါ ဘုရားလောင်းသည် များသောစည်းစိမ် အခြံအရံရှိသော သုဇာတ မည်သော မင်းဖြစ်၍ ရသေ့ပြုပြီးလျှင် တန်ခိုးကြီးသောအဖြစ်သို့ရောက်၍ ဘုရားပွင့်တော်မူ၏ ဟူသောစကားကို ကြားသောအခါ

နတ်၌ဖြစ်သော ထင်ရှားပန်း,ပဒုမာပန်း, ပင်လယ်ကသစ်ပန်းတို့ကို ယူလျက် ပရိသတ်လေးပါးတို့၏ အလယ်၌ ကြွသွားတော်မူသော မြတ်စွာဘုရားကိုပူဇော်လေ၏၊ကောင်းကင်၌ ပန်းမိုတာန်(ပန်းမျက်နှာကြက်) ကို ပြုလေ၏၊ ထိုတိဿဘုရားသည်လည်း ဘုရားလောင်းကို ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟုဗျာဒိတ်ပေးတော်မူ၏၊ ထိုတိဿဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌ မပျံ့နှံ့ကုန်၊ ဓာတ်တော်တို့ကို ယူပြီးလျှင် သုံးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

### ၁၉။ ဖုဿဘုရားထံဗျာဒိတ်တော်ရခြင်း

တိဿဘုရား ပွင့်တော်မူပြီးသည့်နောက် ဖုဿဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ဝိဇိတာဝီမည်သော မင်းဖြစ်၍ မင်းအဖြစ်ကိုပယ်စွန့်ပြီးလျှင် မြတ်စွာဘုရား၏အထံတော်၌ ရဟန်းပြု၍ ပိဋကတ်သုံးပုံတို့ကို သင်ယူပြီးလျှင် လူအပေါင်းအား တရားဟောတော်မူလျက် သီလပါရမီကို ဖြည့်တော်မူ၏၊ ဖုဿဘုရားသည်လည်း ဘုရားလောင်းကို ရှေးနည်းအတူ ဗျာဒိတ်ပေးတော်မူ၏၊ ထိုဖုဿဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌ ပျံ့နှံ့ကုန်၏။

### ၂၀။ ဝိပဿီဘုရားထံဗျာဒိတ်တော်ရခြင်း

ဖုဿဘုရား ပွင့်တော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် တန်ခိုးအာနုဘော်ကြီးသော အတုလမည်သော နဂါးမင်းဖြစ်၍ ရတနာခုနစ်ပါးတို့ဖြင့် ချယ်အပ်သော ရွှေဖြင့်ပြီးသော အင်းပျဉ်တော်ကြီးကို မြတ်စွာဘုရားအား လှူလေ၏၊ ထိုဝိပဿီဘုရားသည်လည်း ဘုရားလောင်းကို ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ထိုဝိပဿီဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်တို့၌ မပျံ့နှံ့ကုန်၊ အလုံးစုံကုန်သော နတ်လူတို့သည် စည်း

ဝေးကြပြီးသောအခါ ခါတ်တော်တို့ကို ယူကြပြီးလျှင် ခုနစ်ယူဇနာရှိသော စေတီကို တည်ထားကြကုန်၏။

## ၂၁။ သိခီဘုရားထံဗျာဒိတ်တော်ရခြင်း

ဝိပဿီဘုရား ပွင့်တော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သိခီဘုရား,ဝေဿဘူဘုရား နှစ်ဆူတို့သည် ပွင့်ကုန်၏၊ သိခီဘုရား ပွင့်တော်မူသောအခါ ဘုရားလောင်းသည် အရိန္ဒမမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား * သက်နီးနှင့်တကွ အလှူကြီးကို ပေးလှူပြီးသော် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်ရတနာကို ပေးလှူပြီးလျှင် ဆင်ပမာဏရှိသော ကပ္ပိယဘဏ္ဍာကို ပေးလှူလေ၏၊ ထိုသိခီဘုရားသည်လည်း ဘုရားလောင်းကို ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ သိခီဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ခါတ်တော်တို့သည် တခဲနက်တည်တော်မူကုန်၏၊ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌ နေသောလူတို့သည် ခါတ်တော်တို့ကို ယူပြီးလျှင် သုံးယူဇနာမြင့်သော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ဟိမဝန္တာတောင်ကဲ့သို့ တင့်တယ်သောစေတီကို တည်ထားကြကုန်၏။

## ၂၂။ ဝေဿဘူဘုရားထံဗျာဒိတ်တော်ရခြင်း

သိခီဘုရား ပွင့်တော်မူပြီးသည့်နောက် ဝေဿဘူဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် သုဒဿနမည်သောမင်းဖြစ်၍ ဘုရာအမှူးရှိသော သံဃာတော်အား သက်နီးကိုပေးလှူပြီးလျှင် ဘုရား၏အထံ၌ ရဟန်းပြုလျက် အကျင့်သိက္ခာဂုဏ်နှင့် ပြည့်စုံစွာနေ၏၊ ဘုရားရတနာ၌ များစွာရှိသေခြင်းရှိ၏၊ ထိုဝေဿဘူဘုရားသည်လည်း ဘုရားလောင်းကို သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ ဝေဿဘူဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ခါတ်တော်တို့သည် ထိုထိုအရပ်၌ ပျံ့နှံ့ကုန်၏။

---

[* သစီဝရံ မဟာဒါနံ–အဋ္ဌသာလိနီ။]

## ၂၃။ ကကုသန်ဘုရားထံဗျာဒိတ်တော်ရခြင်း

ဝေဿဘူဘုရား ပွင့်တော် မူပြီးသည့်နောက် ဤဘဒ္ဒ ကမ္ဘာ၌ ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား, ငါတို့၏ ဘုရား, ဤဘုရားလေးဆူတို့သည် ပွင့်တော်မူကုန်၏၊ ကကုသန်ဘုရား ပွင့်တော်မူသောအခါ ဘုရားလောင်းသည် ခေမမည်သောမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သပိတ်, သင်္ကန်းနှင့် မျက်စဉ်း စသောဆေးတို့ကို ပေးလှူပြီးလျှင် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ ရဟန်းပြုလေ၏၊ ထိုကကုသန်ဘုရားသည်လည်း ဘုရားလောင်း ကို ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏၊ကကုသန်ဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်၊အလုံးစုံသော လူတို့သည် စည်းဝေးကြပြီးသော် ဓာတ်တော်တို့ကိုယူ၍ တဂါဝုတ် မြင့်သောစေတီကြီးကို တည်ထားကြကုန်၏။

## ၂၄။ ကောဏာဂုံဘုရားထံဗျာဒိတ်တော်ရခြင်း

ကကုသန်ဘုရား ပွင့်တော်မူပြီးသည့်နောက် ကောဏာဂုံဘုရား ပွင့်တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ပဗ္ဗတမည်သောမင်းဖြစ်၍ အမတ်အပေါင်းတို့ဖြင့် ခြံရံလျက် ဘုရားထံသို့သွားပြီးသော် တရား တော်ကိုနာ၍ မဟာဒါနကြီးကိုပေးလှူပြီးလျှင် ပတ္တုဏ်တိုင်း၌ဖြစ် သောပုဆိုး, စိန္တိုင်း၌ဖြစ်သောပုဆိုး, ပိုးချည်ပုဆိုး, ကမ္ဗလာပုဆိုး, (သကလပ်ပုဆိုး) ဘွဲ့ဖြူပုဆိုး တို့ကိုရင်း * ရွှေအင်းပျဉ်ကိုရင်း ပေးလှူ လျက် ဘုရားထံ၌ ရဟန်းပြုလေ၏၊ ထိုကောဏာဂုံ ဘုရားသည်လည်း ဘုရားလောင်းကို ဘုရားဖြစ်လတ္တံ့ဟုဗျာဒိတ်ပေးတော်မူ၏၊ကောဏာ ဂုံဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထို အရပ်၌ ပျံ့နှံ့ကုန်၏။

## ၂၅။ ကဿပဘုရားထံဗျာဒိတ်တော်ရခြင်း

ကောဏာဂုံဘုရား ပွင့်တော်မူပြီးသည့်နောက် ကဿပဘုရား ပွင့် တော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် ဗေဒင်လေးပုံတို့၌ ပြီးဆုံး အောင် တတ်မြောက်သော ဇောတိပါလမည်သော လုလင်ဖြစ်လေ၏၊

[* သုဝဏ္ဏပီဠကံ-မဟာထူပဝင်။သုဝဏ္ဏပါဒုကံ-ဗုဒ္ဓဝံသ,အဋ္ဌသာလိနီ။]

မြေ၌ရှင်း, ကောင်းကင်၌ရှင်း ထင်ရှားကျော်စောသော ယမိုကာရ မည်သော အိုးထိန်းသည်၏ အဆွေခင်ပွန်းဖြစ်၏၊ ဘုရားလောင်းသည် အိုးထိန်းသည်နှင့်အတူ မြတ်စွာဘုရားသို့ဆည်းကပ်ပြီးလျှင်တရားတော်ကိုနာရသောအခါရဟန်းပြုလျက်ပိဋကတ်သုံးပုံတို့ကိုသင်ယူ၍ဝတ်ကြီးဝတ်ငယ်၏ ပြည့်စုံခြင်းဖြင့် ဘုရားသာသနာတော်ကို တင့်တယ်စေ၏၊ ကဿပဘုရားသည်လည်း ဘုရားလောင်းကို ဘုရားဖြစ်လတ္တံ့ဟုဗျာဒိတ်ကြားတော်မူ၏၊ ကဿပဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်၌မပျံ့နှံ့ကုန်၊ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌နေသောလူတို့သည် စည်းဝေးကြပြီးသော် တကုဋေအဘိုးထိုက်သောတချပ်တချပ်စီသော ရွှေအုတ်ကို ပြင်ပ၌ပြည့်အောင်စီလျက် ကုဋေဝက်အဘိုးထိုက်သော တချပ်တချပ်စီသော ရွှေအုတ်ကို အတွင်း၌ပြည့်အောင်စီလျက် ဆေးဒန်းမြင်းသီလာဖြင့် မြေညက်၏ကိစ္စကိုရှင်း,ဆီဖြင့်ရေ၏ကိစ္စကိုရှင်းပြုလျက် တယူဇနာမြင့်သောစေတီကြီးကို တည်ထားကြကုန်၏။

## ၂၆။ ဘုရားရှင်တို့၏စေတီတော်များ

ဒီပင်္ကရာဘုရား, ကောဏ္ဍညဘုရား, မင်္ဂလာဘုရား, သုမနဘုရား, အနောမဒဿီဘုရား, နာရဒဘုရား, ပဒုမုတ္တရဘုရား, သုဇာတဘုရား, ပိယဒဿီဘုရား, ဓမ္မဒဿီဘုရား, သိဒ္ဓတ္ထဘုရား, တိဿဘုရား, ဝိပဿီဘုရား, သိခီဘုရား,ကကုသန်ဘုရား, ကဿပဘုရား ဤတဆယ့်ခြောက်ဆူကုန်သော ဘုရားရှင်တို့၏ စေတီပမာဏကို ပါဠိတော်၌သာလျှင် ဟောပြတော်မူ၏၊ ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ ဓာတ်တော်တို့သည် ထိုထိုအရပ်တို့၌ ပျံ့နှံ့တော်မူကုန်၏။

ဗုဒ္ဓါနုံထူပကထာနှင့် အဘိနီဟာရကထာပြီး၏။

---

## ၂။ ဒသထူပကထာ

## ၂၇။ ဂေါတမဘုရားပွင့်တော်မူခြင်း

ကဿပဘုရား ပွင့်တော်မူပြီးသည့်နောက် ဤဂေါတမ မြတ်စွာဘုရားကိုထား၍ တပါးသောဘုရား ပွင့်တော်မူခြင်းမရှိ၊ ဤသို့လျှင်

ဒိပင်္ကရာအစရှိကုန်သော နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်တို့၏ အထံတော်၌ ရအပ်သောဗျာဒိတ်ရှိတော်မူသော ဘုရားလောင်းသည် ပါရမီတော်တို့ကို ဖြည့်တော်မူပြီးလျှင်ဝေဿန္တရာ၏အဖြစ်၌တည်တော်မူ၍ "စိတ်စေတနာမရှိသော ဤမြေကြီးသည် ချမ်းသာဆင်းရဲကို မသိမူ၍ ငါ့ဒါန၏အစွမ်းကြောင့် ခုနစ်ကြိမ်တုန်လှုပ်လေ၏"ဟု ဟောတော်မူအပ်ကုန်သော မြေလှုပ်ခြင်းရှိကုန်သော ကုသိုလ်တို့ကို ပြုပြီးသော် အသက်၏အဆုံး၌ တုသိတာနတ်ပြည်၌ဖြစ်၍ တပါးသောနတ်တို့ထက် ရှစ်ပါးသောအရာတို့ဖြင့် သာလွန်လျက် အသက်ထက်ဆုံး နတ်တို့၏စည်းစိမ်ကို ခံစားပြီးလျှင် လူတို့၏အရေအတွက်အားဖြင့် ခုနစ်ရက်ကိုလွန်မြောက်သောအခါ အသက်ကုန်ခြင်းသို့ရောက်လတ္တံ့ဟုဆိုလတ္တံ့သောခဏ၌—

၁။ ကိုယ်ဝတ်တို့ ညှိုးနွမ်းခြင်း,
၂။ ပန်းတို့ ညှိုးနွမ်းခြင်း,
၃။ လက်ကတီးကြားတို့မှ ချွေးထွက်ခြင်း,
၄။ ကိုယ်၌ အရောင်အဆင်း ပျက်ခြင်း,
၅။ နတ်တို့၏နေရာ၌ မမွေ့လျော်ခြင်း—

ဤသို့လျှင် ဖြစ်ပေါ်လာသော ငါးပါးသောနိမိတ်တို့ကို မြင်သောအခါ ငါတို့၏နတ်ပြည်တို့သည် နတ်တို့၏ဖြစ်ပေါ်လာခြင်းမှ ဆိတ်ကုန်လတ္တံ့ဟု သံဝေဂဖြစ်ပေါ်လာကုန်သော နတ်တို့သည် ဘုရားလောင်း၏ ပါရမီဖြည့်ပြီးသည်၏ အဖြစ်ကိုသိ၍ ဤအလောင်းတော်နတ်သားသည် လူ့ပြည်၌ဖြစ်၍ ဘုရားဖြစ်တော်မူလတ်သော် ကောင်းမှုတို့ကိုပြု၍ စုတိကုန်-စုတိကုန်သော သတ္တဝါတို့သည် နတ်ပြည်ကိုပြည့်စေကုန်လတ္တံ့ဟုကြံစည်ကြကုန်လျက် တသောင်းသောလောကဓာတ်၌ နေကုန်သော နတ်တို့သည် စည်းဝေးကြပြီးလျှင် "ကြီးသောလုံ့လ ရှိတော်မူသော အလောင်းတော်နတ်သား.... ဤအခါကာလသည် အရှင်နတ်သား၏ အမိဝမ်း၌ ပဋိသန္ဓေနေရန်ကာလဖြစ်ပါ၏၊နတ်နှင့်တကွသော သတ္တဝါ အပေါင်းကို သံသရာမှလွန်မြောက်စေလျက် နိဗ္ဗာန်တရားကို သိစေတော်မူပါလော့"ဟု လက်အုပ်ချီလျက် နတ်တို့တောင်းပန်အပ်သည်

ဖြစ်၍ ကာလ, ကျွန်း,နေရာ,အမျိုး,မယ်တော်၏အသက်အပိုင်းအခြား ဤငါးပါးသောကြည့်ခြင်းကို ကြည့်ရှုတော်မူပြီးသောအခါ ဆုံးဖြတ်တော်မူလျက် တုသိတာနတ်ပြည်မှ စုတေတော်မူလေ၏။

တုသိတာနတ်ပြည်မှ စုတေတော်မူပြီးသော် သာကီဝင်မင်းမျိုး၌ ပဋိသန္ဓေယူပြီးလျှင် ထိုမင်းမျိုး၌ စည်းစိမ်ချမ်းသာတို့ဖြင့် စောင့်ရှောက်လျက် အစဉ်အားဖြင့် ကောင်းသောအရွယ်သို့ရောက်သောအခါ ဥတုသုံးပါးတို့နှင့် သင့်လျော်ကုန်သော သုံးဆောင်သော ပြာသာဒ်တို့၌ နတ်တို့၏စည်းစိမ်ကို ခံစားလျက် ဥယျာဉ်ကစားရန်သွားသောအခါ အစဉ်အားဖြင့် သူအို, သူနာ, သူသေဟု ဆိုအပ်ကုန်သော နတ်တမန်သုံးယောက်တို့ကို မြင်လတ်သော် သံဝေဂဖြစ်သောကြောင့် ပြန်လာတော်မူပြီးလျှင် လေးကြိမ်မြောက်၌ ရဟန်းကို မြင်သောအခါ ရဟန်း၏အဖြစ်သည် ကောင်းပေ၏ဟု ရဟန်းပြုခြင်း၌ အလိုဆန္ဒကိုဖြစ်စေပြီးလျှင် ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ နေ့ကိုကုန်စေ၍ မင်္ဂလာရေကန်တော်၏ကမ်း၌ နေတော်မူသော အခါ ဆေတ္တာသည်၏ အသွင်ကို ယူလျက် လာသော ဝိသကြုံနတ်သားသည် တန်ဆာဆင်အပ်သည်ဖြစ်၍ သားတော်ရာဟုလာ ဖွားမြင်ကြောင်းကို ကြားတော်မူလတ်သော် သား၌ဖြစ်သောချစ်ခြင်း များစွာဖြစ်ပေါ်လာသည်ကို သိတော်မူ၍ ဤအနှောင်အဖွဲ့မတိုးပွားမီ ထိုအနှောင်အဖွဲ့ကို ပယ်ဖြတ်အံ့ဟု ကြံစည်လျက် ညနေချမ်းအချိန်၌ မြို့တော်သို့ဝင်တော်မူလေ၏။

ထိုအခါ "အကြင်အမိ, အကြင်အဘသည် ဤသို့သဘောရှိသော သားရတနာကို ဖွားမြင်၏၊ထိုမိဘသည် အေးငြိမ်းလေစွ၊အကြင်မိန်းမသည် ဤသို့သဘောရှိသော လင်ကိုရ၏၊ ထိုမိန်းမသည် အေးငြိမ်းလေစွ"ဟု ကိသာဂေါတမီမည်သော ဘထွေးတော်၏သမီးသည် ပြောဆိုသောစကားကို ကြားရသောအခါ "ငါ့ကို ဤကိသာဂေါတမီသည် အေးငြိမ်း၏ဟူသောစကားကို ကြားစေ၏" ဟု လက်မှအဘိုးတသိန်းထိုက်သော ပုလဲသွယ်ကို ချွတ်ပြီးလျှင် ထိုကိသာဂေါတမီအားပေးစေ၍ကြက်သရေရှိသော အိပ်ရာ၌ အိပ်တော်မူလျက် အိပ်ပျော်ခြင်းသို့

ရောက်ကုန်သော မင်းမောင်းမ အပေါင်းတို့၏ ဖေါက်ပြန်သောအခြင်း အရာကို မြင်တော်မူသောအခါ ငြီးငွေ့သောစိတ်ရှိသည်ဖြစ်၍ ဆန္န အမတ်ကိုထစေပြီးလျှင် ကဏ္ဍကမြင်းတော်ကိုယူစေ၍ ထိုမြင်းတော်ကို စီးတော်မူလျက် ဆန္နအမတ်အဖေါ်ရှိသည်ဖြစ်၍ တသောင်းသော စကြဝဠာ၌ နေကုန်သော နတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ တော ထွက်တော်မူ၍ ထိုညဉ့်၏အကြွင်းဖြင့် သုံးခုသောတိုင်းပြည်တို့ကို လွန် စေလျက် အနောမာမြစ်ကမ်းသို့ ရောက်တော်မူလေ၏။

ထိုအခါ မြင်း၏ကျောက်ကုန်းမှ ဆင်းတော်မူ၍ ပုလဲစုနှင့်တူသော သဲပုံ၌ ရပ်တော်မူလျက် "ဆန္နအမတ် သင်သည် ငါ၏တန်ဆာတို့နှင့် ကဏ္ဍကမြင်းကိုယူ၍ သွားလော့" ဟု တန်ဆာတို့နှင့် ကဏ္ဍကမြင်းကို ပေးအပ်တော်မူပြီးလျှင် လကျာလက်ဖြင့် မင်္ဂလာရှိသောသန်လျက်ကို ယူလျက် လက်ဝဲလက်ဖြင့် ဦးစွန်းနှင့်တကွ ဆံထုံးတော်ကိုဖြတ်၍ "ငါသည် အကယ်၍ဘုရားဖြစ်ခဲ့ငြားအံ့၊ ကောင်းကင်၌ တည်စေသ တည်း၊ ဘုရားမဖြစ်ငြားအံ့ မြေ၌ကျစေသတည်း" ဟု မိဋ္ဌာန်တော် မူ၍ ကောင်းကင်၌ပစ်တော်မူ၏၊ ထိုအခါ ဆံထုံးတော်သည် တယူဇနာ ပမာဏရှိသော အရပ်တိုင်အောင်သွားပြီးလျှင် ကောင်းကင်၌တည် နေလေ၏၊ ထိုအခါ သိကြားမင်းသည် တယူဇနာရှိသော ရတနာ ပန်းတောင်းဖြင့် ခံယူတော်မူ၏၊ ဆံတော်ကိုခံယူပြီးလျှင် နတ်ပြည်သို့ ပင့်၍ မြင့်မိုရ်တောင်ထိပ်၌ သုံးယူဇနာရှိသော ဣန္ဒနီလာပတ္တမြား ဖြင့်ပြီးသော စူဠာမဏိမည်သော စေတီတော်ကို တည်ထားလေ၏၊ ထိုအခါ ကဿပဘုရားပွင့်တော်မူသောအခါ၌ အဆွေခင်ပွန်းဖြစ်ဘူး သော ဃဋိကာရဗြဟ္မာကြီးသည် ဘုရားတဆူအကြား ကာလပတ်လုံး ကွေကွင်း၍နေရသော အဆွေခင်ပွန်းဖြစ်ခြင်းကြောင့် "ယနေ့ငါ၏မိတ် ဆွေသည် တောထွက်တော်မူ၏၊ ထိုမိတ်ဆွေ၏ ပရိက္ခရာကိုယူ၍ သွား အံ့" ဟု ကြံစည်ပြီးလျှင် "သင်္ကန်းသုံးထည်, သပိတ်, ပဲခွပ်, အပ်, ခါးပန်း ကြိုး ရေစစ်၊ ဤရှစ်ပါးသောပရိက္ခရာတို့သည် အားထုတ်သော ဝီရိယရှိ သောရဟန်းအား လျောက်ပတ်၏" ဟု ဟောတော်မူအပ်ကုန်သော ဤရဟန်း၏ပရိက္ခရာရှစ်ပါးတို့ကို ယူ၍ပေးလှူလေ၏၊ အလောင်းတော် မြတ်သည် အရဟတ္တဓဇဖြစ်သော သင်္ကန်းကိုဝတ်လျက် မြတ်သော

ရဟန်း၏ အသွင်ကိုယူ၍ ပုဆိုးအစုံကို ကောင်းကင်၌ ပစ်ခတ်မူ၏၊ ထိုပုဆိုးအစုံကိုဗြဟ္မာကြီးသည်ယူဆောင်ပြီးလျှင် ဗြဟ္မာ့ပြည်၌ တဆယ့်နှစ်ယူဇနာရှိသော အလုံးစုံသောရတနာတို့ဖြင့်ပြီးသော ဒုဿစေတီကို တည်ထားလေ၏။

[ကိလေသာတို့ကို မပယ်သော်လည်း ဘုရားလောင်း၏ အာနုဘော်ကြောင့် မြတ်သောပုဆိုးတော်ကို ပူဇော်ကုန်၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရား၏ မဟာဗောဓိကို အဘယ်သူသည် မပူဇော်ဘဲရှိအံ့နည်းဟု သိအပ်၏။]

ဘုရားလောင်းသည်လည်း ရဟန်းပြုပြီးသောအခါ ရာဇဂြိုဟ်ပြည်သို့ကြွတော်မူပြီး၍ ထိုရာဇဂြိုဟ်ပြည်၌ ဆွမ်းခံတော်မူပြီးလျှင် ပဏ္ဍဝတောင်ဂူမ်း၌ နေတော်မူသောအခါ မဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် မင်း၏အဖြစ်ဖြင့် ပင့်ဘိတ်အပ်သည်ရှိသော် ထိုပင့်ဘိတ်အပ်သည်ကို ပယ်တော်မူပြီးလျှင် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသော အခါ ထိုမဂဓ တိုင်းသို့ ကြွလာတော်မူခြင်းငှါ ဗိမ္ဗိသာရမင်းကြီးသည် ယူအပ်သောပဋိညာဉ်ရှိသည်ဖြစ်၍ အာဠာရရသေ့နှင့် ဥဒကရသေ့တို့၏ထံသို့ ဆည်းကပ်လျက် ထိုရသေ့တို့၏ထံ၌ ရအပ်သောတရားထူးဖြင့် မနှစ်သက်သည်ဖြစ်၍ ခြောက်နှစ်တို့ကာလပတ်လုံး မြတ်သောဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီးသောအခါ ကဆုန်လပြည့်နေ့၌ သေနနိဂုမ်း၌နေသော သုဇာတာသည် လှူအပ်သော နို့ဃနာကိုဘုဉ်းပေးပြီးလျှင် နေရဥ္ဇရာမြစ်၌ ရွှေခွက်ကိုမျှော၍ နေရဥ္ဇရာမြစ်ကမ်း၌ မြတ်သောတောအုပ်၌ အထူးထူးသောသမာပတ်တို့ဖြင့် နေ့အဘို့ကိုကုန်လွန်စေ၍ ညချမ်းအချိန်၌ သောတ္ထိယသူဆင်းရဲသည် လှူအပ်သောမြက်ဆုပ်ကို အလှူခံပြီးလျှင် ကာလနဂါးမင်းသည် ချီးမွမ်းအပ်သော ဂုဏ်ရှိသည်ဖြစ်၍ ဗောဓိမဏ္ဍိုင်သို့ ရောက်တော်မူသောအခါ မြက်တို့ကိုဖြန့်တော်မူ၍ "ငါ၏စိတ်သည် ဥပါဒါန်တို့ဖြင့် မစွဲလမ်းမူ၍ အာသဝတရားတို့မှ မလွတ်သရွေ့ ကာလပတ်လုံး ဤထက်ဝယ်ဘွဲခွေ နေထိုင်ခြင်းကို မဖျက်အံ့"ဟု ပဋိညာဉ်ကိုပြုတော်မူလျက် အရှေ့အရပ်သို့ ရှုနေတော်မူလတ်သော် နေမဝင်မီသာလျှင် မာရ်နတ်မင်းကိုအောင်တော်မူ၍ ညဉ့်၏ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်တော်ကိုရင်း,မဇ္ဈိမယာမ်၌ စုတူပပါတဉာဏ်တော်ကိုရင်း ရတော်မူ၍

ပစ္ဆိုပယာမ်၏အဆုံး၌ ဒသဗလ ဉာဏ်တော်, စတုဝေသာရဇ္ဇဉာဏ်တော် အစရှိသော အလုံးစုံသောဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးလျှင် "သတ္တသတ္တာဟ လေးဆယ့်ကိုးရက်" ကာလပတ်လုံး ဗောဓိပင်၏အနီး၌သာလျှင် ကာလကို ကုန်လွန်စေတော်မူ၏။

အဋ္ဌမသတ္တာဟ၌ အဇပါလညောင်ပင်ရင်း၌ နေတော်မူလျက် တရားတော်၏ နက်နဲသည်၏အဖြစ်ကို ဆင်ခြင်တော်မူသဖြင့် တရားမဟောလိုသောစိတ် ဖြစ်တော်မူသောအခါ တသောင်းသောစကြဝဠာတို့၌ နေကြသော ဗြဟ္မာတို့ဖြင့် ခြံရံအပ်သော သဟံပတိဗြဟ္မာကြီးသည် တရားဟောရန် တောင်းပန်အပ်သောကြောင့် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူပြီးလျှင် ဗြဟ္မာ၏တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ အဘယ်သူအား ရှေးဦးစွာတရားဟောရအံ့နည်းဟု ကြည့်ရှုတော်မူသောအခါ အာဠာရရသေ့,ဥဒကရသေ့တို့၏ သေသည်၏အဖြစ်ကိုသိ၍ ပဉ္စဝဂ္ဂီရဟန်းတို့၏ ကျေးဇူးများကြောင်းကို အောက်မေ့တော်မူလျက် နေရာမှထတော်မူပြီးလျှင် ကာသိတိုင်းသို့ ကြွတော်မူသောအခါ လမ်းခရီးအကြား၌ ဥပကနှင့်တကွတိုင်ပင်၍ ဝါဆိုလပြည့်နေ့၌ ဣသိပတနမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီရဟန်းတို့၏နေရာသို့ ရောက်တော်မူလတ်သော် ထိုပဉ္စဝဂ္ဂီရဟန်းတို့၏ မလျောက်ပတ်သော ပြောဆိုခြင်းဖြင့် ပြောဆိုကြသည်တို့ကို သိစေလျက် ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ အညာတကောဏ္ဍညထေရ် အမှူးရှိကုန်သော တဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့ကို အမတမည်သော ရေတော်ကို တိုက်တော်မူ၏။

### ၂၀။ ဂေါတမဘုရားပရိနိဗ္ဗာန်ပြုတော်မူခြင်း

ထိုအခါမှစ၍ လေးဆယ့်ငါးနှစ်တို့ကာလပတ်လုံး တည်တော်မူ၍ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတရားတော်တို့ကို ဟောတော်မူလျက် မရေမတွက်နိုင်ကုန်သော သတ္တဝါတို့အား ဘဝကန္တာရမှ ကူးစေလျက် အလုံးစုံသောဗုဒ္ဓကိစ္စပြီးဆုံးလတ်သော် ကုသိနာရုံပြည်၏ အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းတော၌ အစုံအစုံသောအင်ကြင်းပင်တို့၏ အကြား၌ မြောက်သို့ ဦးခေါင်းပြုလျက် ခင်းအပ်သောညောင်

စောင်း၌ ကဆုန်လပြည့်နေ့၌ လက်ျာနံပါးတော်ဖြင့် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ မထသောအိပ်ခြင်းဖြင့် လျောင်းတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားအား ပူဇော်သဖြင့် အစုံအစုံသော အင်ကြင်းပင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်သည်ဖြစ်၍ အမြစ်မှအဖျားတိုင်အောင် ဖုံးလွှမ်းကုန်၏၊ အလုံးစုံသော သစ်ပင်တို့သည်လည်း ပင်လုံးကျွတ် ပွင့်ကြကုန်၏၊ တသောင်းသော စကြဝဠာ၌ သီးကုန်သော သစ်ပင်တို့သည် အသီးကို သီးကြကုန်၏၊ အလုံးစုံသောသစ်ပင်တို့၏ ပင်စည်တို့၌ ပင်စည်၌ပေါက်သော ပဒုမာကြာတို့သည်ရင်း, နွယ်တို့၌ ပဒုမာကြာနွယ်တို့သည်ရင်း,ကောင်းကင်၌ ဗိတာန်(မျက်နှာကြက်)ပဒုမာကြာတို့သည်ရင်း,မြေအပြင်ကိုခွဲ၍ အရိုးရှိသော ပဒုမာကြာပန်းတို့သည်ရင်း ပွင့်ကြကုန်၏။

အလုံးစုံသော မဟာသမုဒ္ဒရာသည် အဆင်းငါးပါးရှိသော ပဒုမာကြာတို့ဖြင့် ဖုံးလွှမ်း၏၊ ယူဇနာသုံးထောင်ကျယ်သော ဟိမဝန္တာတောင်သည် တစုတလုံးတည်း ဖွဲ့စည်းအပ်သော ဥဒေါင်းမြီးစည်းကဲ့သို့ရင်း, ပန်းကုံး ပန်းဆိုင်းတို့ဖြင့် ရစ်ပတ်ဖွဲ့စည်းအပ်သကဲ့သို့ရင်း, ကောင်းစွာ ရစ်ပတ်ဖွဲ့စည်းအပ်သော ဦးဆောက်ပန်းကဲ့သို့ရင်း, ပန်းတို့ဖြင့် ပြည့်သော ပန်းတောင်းကဲ့သို့ရင်း အလွန်မွှေလျော်ဘွယ်ဖြစ်လေ၏၊ ဘူမစိုးနတ်တို့သည် လှပ်အပ်သော ပင်စည် အကိုင်းအခက်ရှိကုန်သော အစုံအစုံသော အင်ကြင်းပင်တို့သည် မြတ်စွာဘုရား၏ ကိုယ်တော် အထက်၌ ပန်းတို့ကို ကြကုန်၏၊ နတ်၌ဖြစ်ကုန်သော ရွှေအဆင်းရှိကုန်သောထင်ရှားပန်းတို့သည် ကောင်းကင်မှကျလာကုန်၏၊ ထီးပမာဏရှိကုန်သော ထင်ရှားပန်းတို့သည် *ကရားကြီးမျှလောက်ရှိကုန်သော မှုံ (ဝတ်မှုန်) ရှိကုန်၏၊ ပင်လယ်ကသစ်ပန်းစသည်တို့ကို ရွှေပန်းတောင်း,ငွေပန်းတောင်းတို့ကို ပြည့်စေလျက် နတ်ပြည်,ဗြဟ္မာ့ပြည်၌ တည်ရှိကုန်သော နတ်ဗြဟ္မာတို့သည် သွင်းအပ်သောကြောင့် အကြား၌ ဖရိုဖရဲမကြဲမူ၍သာလျှင် လာရောက်လျက် အရွက်,ဝဏ္ဏံ, ဝတ်မှုန်တို့ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ကိုသာလျှင် ဖြန့်ကြဲကုန်၏။

---

[* တကဒူးမျှလောက်ရှိကုန်သော-ဇိနတ္ထပကာသနီ။]

နတ်၌ဖြစ်ကုန်သော စန္ဒကူးမှုန့်တို့သည် ကောင်းကင်မှကျလာကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ကိုယ်တော်၌ ကြကုန်၏၊ နဂါး,ဂဠုန်,လူတို့၏ တန်ဆာဖြစ်ကုန်သောစန္ဒကူးမှုန့်တို့သည်၎င်း၊ အကြော်နက်,တောင်ဇလပ်,စန္ဒကူးနီစသော အလုံးစုံသောနံ့သာမှုန့်တို့သည်၎င်း၊ ဆေးဒန်းရွှေမှုန့်,မျက်စဉ်းမှုန့်,ရွှေမှုန့်,ငွေမှုန့်တို့သည်၎င်း၊အလုံးစုံသော နံ့သာတို့ဖြင့်ထုံအပ်သောနံ့သာအထူးတို့သည်၎င်း၊ရွှေကြုတ်,ငွေကြုတ်တို့ကို ပြည့်စေ၍ စကြဝဠာ နခန်းရေးစသည်တို့၌တည်ကုန်သောနတ်တို့သည် သွင်းအပ်သောကြောင့် အကြားအကြား၌ မပြန့်ကြဲမူ၍ မြတ်စွာဘုရား၏ကိုယ်ကိုသာလျှင် ကြကုန်၏၊ နတ်၌ဖြစ်သောတူရိယာတို့ကို၎င်း၊ အလုံးစုံသောညို့သားရေဖြင့် ဖွဲ့အပ်ကုန်သော တခဲနက်သောစည်,အခေါင်းရှိသောစည် စသော စည်အထူးတို့ကို၎င်း၊ တသောင်းသောစကြဝဠာ၌နေကုန်သော နတ်,နဂါး, ဂဠုန်,လူတို့၏ တူရိယာတို့ကို၎င်း စကြဝဠာတခုတည်း၌ ပေါင်းစု၍ ကောင်းကင်၌ တီးအပ်ကုန်၏။

အသက်ရှည်ကုန်သော *ဝရဝါရဏနတ်တို့သည်"ယောကျ်ားမြတ်သည် လူ့ပြည်၌ ဖြစ်၍ဘုရားဖြစ်လတ္တံ့" ဟူသော စကားကို ကြား၍ ပဋိသန္ဓေနေသောနေ့၌ ယူ၍သွားအံ့ဟု ကြံစည်လျက် ပန်းကုံးကြကုန်၏၊ ထိုနတ်တို့ပန်းကုံးစဉ်သာလျှင် ယောကျ်ားမြတ်သည် ပဋိသန္ဓေနေတော်မူသောအခါ သင်တို့သည် အဘယ်သူ၏အကျိုးငှါ ပန်းကုံးကြသနည်းဟု မေးကြလတ်သော် ယခုပန်းကုံးမပြီးသေး၊ အမိဝမ်းမှဖွားမြင်သောနေ့၌ ယူ၍သွားကုန်အံ့ဟု ဆိုကြကုန်၏၊ တဖန်အမိဝမ်းမှဖွားမြင်ပြီဟူသောစကားကို ကြားသောအခါ တောထွက်တော်မူသောနေ့၌ သွားကုန်အံ့ဟူ၍၎င်း၊ ယနေ့ တောထွက်တော်မူပြီ ဟူသောစကားကို ကြားသောအခါ ဘုရားဖြစ်တော်မူသောနေ့၌ သွားကုန်အံ့ဟူ၍၎င်း၊ ယနေ့ဘုရားဖြစ်တော်မူပြီဟူသော စကားကိုကြားသောအခါ ဓမ္မစကြာတရားတော်ကို ဟောတော်မူသောနေ့၌သွားကုန်အံ့ဟူ၍၎င်း၊ ယနေ့ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီဟူသောစကားကို ကြားသောအခါ တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၌ သွားကုန်အံ့ဟူ

[* ဝရာနရနတ်- ဇိနတ္ထ။ ဝရုဏာဝါရဏနတ်-မဟာသမယသုတ်။ ဝရုဏာဝါနနတ်- သုတ်မဟာဝါအဋ္ဌကထာ။]

၍ငင်း ယနေ့တန်ခိုးပြာဋိဟာကို ပြတော်မူပြီဟူသော စကားကို ကြား သောအခါ နတ်ပြည်မှ သက်ဆင်းတော်မူသောနေ့၌ သွားကုန်အံ့ဟူ၍ ငင်း၊ ယနေ့နတ်ပြည်မှ သက်ဆင်းတော်မူပြီဟူသောစကားကို ကြား သောအခါ အာယုသင်္ခါရကို စွန့်လွှတ်သောနေ့၌သွားကုန်အံ့ဟူ၍ငင်း၊ ယနေ့အာယုသင်္ခါရကို စွန့်လွှတ်ပြီဟူသောစကားကို ကြားသောအခါ ပန်းကုံး၍မပြီးဆုံးသေး၊ ပရိနိဗ္ဗာန်ပြုသောနေ့၌ သွားကုန်အံ့ဟူ၍ငင်း၊ ယနေ့မြတ်စွာဘုရားသည် အစုံအစုံသော အင်ကြင်းပင်တို့၏ အကြား၌ လက်ျာနံပါးတော်ဖြင့် သတိပညာနှင့်ပြည့်စုံသည်ဖြစ်၍ မြတ်သော လျောင်းစက်တော်မူခြင်းသို့ ရောက်တော်မူပြီ၊နံနက်အရုဏ်တက်သော အခါ၌ ပရိနိဗ္ဗာန်ပြုလတံ့၊ သင်တို့သည် အဘယ်သူ၏အကျိုးငှါ ပန်း ကုံးကြသနည်းဟု မေးကြလတ်သော်—

၁။ ယနေ့သာလျှင် အမိဝမ်း၌ပဋိသန္ဓေနေ၏။

၂။ ယနေ့သာလျှင် ဖွားမြင်၏။

၃။ ယနေ့သာလျှင် တောထွက်တော်မူ၏။

၄။ ယနေ့သာလျှင် ဘုရားဖြစ်တော်မူ၏၊

၅။ ယနေ့သာလျှင် ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။

၆။ ယနေ့သာလျှင် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

၇။ ယနေ့သာလျှင် နတ်ပြည်မှ သက်ဆင်းတော်မူ၏။

၈။ ယနေ့သာလျှင် အာယုသင်္ခါရကို လွှတ်တော်မူ၏။

၉။ ယနေ့သာလျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏—

ဟူသည် မလျောက်ပတ်ပါတကား၊ နှစ်ရက်မြောက်သောနေ့၌ ယာဂုသောက်သောကာလမျှ တည်သင့်၏၊ ဆယ်ပါးသော ပါရမီ တော်တို့ကို ဖြည့်ပြီးလျှင် ဘုရားဖြစ်တော်မူသော မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုရခြင်းသည် မလျောက်ပတ်ပါတကားဟု ပြောဆိုကြပြီး လျှင် မပြီးဆုံးသေးသော ပန်းတို့ကို ယူလာလျက် စကြဝဠာအတွင်း၌ နေရာကိုမရသည်ဖြစ်၍ စကြဝဠာ နခန်းရေး၌ နေရာကိုရသောကြောင့် ရပ်မျှော်လျက် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်အောင် တယောက်လက်ဖြင့် တယောက်လက်သို့ ကမ်းလျက် ရတနာသုံးပါး တို့ကို အာရုံပြု၍ငင်း၊ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏

လက္ခဏာတော်ကြီး, ခြောက်သွယ်သော ရောင်ခြည်တော်, ဆယ်ပါးသော ပါရမီတော်,ငါးရာ့ငါးဆယ်သော ဇာတ်တော်, တဆယ့်လေးပါးသော ဘုရားဉာဏ်တော်တို့ကို အာရုံပြု၍၎င်း သီ ကြကုန်၏၊ သီပြီးသည်၏အဆုံး၌ (မဟာယသော-မဟာယသော၊ အခြံအရံများတော်မူသောမြတ်စွာဘုရား) ဟု ဆိုကြကုန်၏။

မြတ်စွာဘုရားသည် ဤသို့လျှင် မြတ်သောပူဇော်ခြင်းဖြစ်လတ်သော် ပဌမယာမ်၌ မလ္လာမင်းတို့အား တရားဟောတော်မူ၏၊ မဇ္ဈိမ ယာမ်၌ သုဘဒ္ဒအား တရားဟော၍ မဂ်, ဖိုလ်၌တည်စေ၏၊ ပစ္ဆိမယာမ်၌ ရဟန်းသံဃာတော်ကို ဆုံးမတော်မူပြီး၍ နံနက်အရုဏ်တက်ချိန်၌ မဟာပထဝီမြေကြီးကို တုန်လှုပ်စေလျက် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုလတ်သော် ရှင်အာနန္ဒာထေရ်သည် မလ္လာမင်းတို့အား ထိုအကြောင်းကို မိန့်တော်မူ၏၊ မလ္လာမင်းတို့သည် ကြားကြသောအခါ နံ့သာပန်း, အလုံးစုံသော တူရိယာစည်,ငါးရာသောပုဆိုးအစုံတို့ကို၊ယူလာပြီးလျှင် မြတ်စွာဘုရား၏ကိုယ်တော်ကို ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ နံ့သာ,ပန်းတို့ဖြင့်၎င်း၊ရိုသေလေးမြတ်စွာ ပူဇော်ကုန်လျက် ပုဆိုးဗိတာန်(ပုဆိုးမျက်နှာကြက်)တို့ကို ပြုကုန်လျက် အဝန်းဖြစ်ကုန်သော ပန်းတို့ကို စီရင်ကုန်လျက် ထိုနေ့ကို ကုန်လွန်စေကုန်၏။

ထိုအခါ ကုသိနာရုံပြည်ကို အစိုးရကုန်သော မလ္လာမင်းတို့အား မြတ်စွာဘုရား၏ကိုယ်တော်ကို မီးသဂြိုဟ်ခြင်းငှါ ယနေ့အခါမဟုတ်ချေ၊ နက်ဖြန်မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးသဂြိုဟ်အံ့ဟု ကြံကြကုန်၏၊ ထို့အတူ နှစ်ရက်,သုံးရက်,လေးရက်, ငါးရက်, ခြောက်ရက်နေ့ကိုလွန်စေကုန်၏၊ ခုနစ်ရက်နေ့၌ နတ်တို့သည်၎င်း၊ ကုသိနာရုံပြည်ကိုအစိုးရကုန်သော မလ္လာမင်းတို့သည်၎င်း၊ မြတ်စွာဘုရား၏ကိုယ်တော်ကို နတ်လူ၌ဖြစ်ကုန်သော ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း ရိုသေလေးမြတ်စွာ ပူဇော်ကုန်လျက် မြို့လယ်ဖြင့်ဆောင်ယူပြီးလျှင် မကုဋဗန္ဓနမည်သော မလ္လာမင်းတို့၏ အရိုအသေပြုသော စေတီမှ ထုတ်ကြကုန်၏။

ထိုအခါ ကုသိနာရုံပြည်၌ရှင်း၊ အလောင်းတော်ကို လှည့်လည်ခြင်းငှါ သုတ်သင်ပြင်ဆင်သော လူသွားသောလမ်းတို့၌ရှင်း၊ ပုဆစ်ဒူးမျှ လောက်မြင့်သော ထင်ရှားပန်းပွင့်တို့ဖြင့် ခင်းထား၏၊ ကုသိနာရုံပြည်ကို အစိုးရကုန်သော မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ကိုယ်တော်ကို စကြာဝတ္တိမင်း၏ကိုယ်ကဲ့သို့ ကစီမတင်သော အဝတ်ဖြင့် ရစ်ပတ်ကြကုန်၏၊ ကစီမတင်သောအဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် အလွန်နူးညံ့သော ဝါဂွမ်းဖြင့်ရစ်ပတ်၍ တဖန် ကစီမတင်သောအဝတ်ဖြင့် ရစ်ပတ်ကြကုန်၏၊ ဤနည်းဖြင့်သာလျှင် အဝတ်အစုံငါးရာတို့ဖြင့် ရစ်ပတ်၍ ရွှေဖြင့်ပြီးသော ဆီထည့်သောကျင်း (ခေါင်း) တော်၌ ထည့်၍ တပါးသောရွှေဖြင့်ပြီးသော ကျင်း(ခေါင်း)တော်ဖြင့် စော့စပ်စွာပိတ်၍ ထင်းပုံကိုလုပ်ပြီးလျှင် မြတ်စွာဘုရား၏အလောင်းတော်ကို ထင်းပုံထက်သို့ တင်ကြကုန်၏။

ထိုအခါ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းတော်ငါးရာတို့နှင့် ကြွလာတော်မူ၏၊ ထိုအခါ အရှင်မဟာကဿပ၌ ကြည်ညိုကြခြင်းကြောင့် နတ်ပြည်၌ဖြစ်ကုန်သော နတ်တို့သည် ထိုအစည်းအဝေး၌ အရှင်မဟာကဿပထေရ်ကို မမြင်ကြသောအခါ ငါတို့၏ ရှင်မဟာကဿပထေရ်သည် အဘယ်အရပ်၌နေသနည်းဟု ဆင်ခြင်လတ်သော် ပါဝါပြည်နှင့် ကုသိနာရုံပြည်၏အကြား၌ ကြွလာတော်မူသည်ကိုမြင်၏၊ ငါတို့၏ ရှင်မဟာကဿပထေရ် ရှိခိုး၍ မပြီးမီ ထင်းပုံကိုမီးမလောင်စေသတည်းဟု ဓိဋ္ဌာန်ကြကုန်၏၊ ထိုအခါ အကြီးအမှူးဖြစ်ကုန်သော မလ္လာမင်းလေးယောက်တို့သည် ဦးခေါင်းလျှော်ကုန်လျက် သန့်ရှင်းစင်ကြယ်သော အဝတ်ကိုဝတ်ကုန်သည်ဖြစ်၍ အတောင်တရာ့နှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံတော်ကို မီးတိုက်ကြကုန်သော်လည်း မီးမလောင်ခြင်းကြောင့် ရှစ်ယောက်, တဆယ့်ခြောက်ယောက်, သုံးဆယ့်နှစ်ယောက်တိုင်အောင်ပွား၍ မီးလောင်စေတတ်သော အရာဝတ္ထုတို့ကိုယူလျက် ယပ်တို့ဖြင့်ခပ်ခြင်း, ဖိုတို့ဖြင့် ထိုးခြင်းကို ပြုကုန်လျက် မီးတိုက်ကြသော်လည်း မီးလောင်စေခြင်းငှါ မစွမ်းနိုင်ကုန်၊ ထိုအခါ မလ္လာမင်းတို့သည် ထင်းပုံတော်ကို မီးမလောင်ခြင်း၏ အကြောင်းကို အရှင်အနုရုဒ္ဓါကို မေးလျှောက်သော

အခါ နတ်တို့၏ အလိုကိုသိ၍ "အို-အချင်းတို့….ရှင်မဟာကဿပ သည် ငါးရာသော ရဟန်းတို့နှင့် မြတ်စွာဘုရားခြေတော်တို့ကို ရှိခိုး အံ့ဟုကြွလာတော်မူ၏၊ ထိုရှင်မဟာကဿပမထေရ် မရောက်မီ ထင်းပုံတော်သည် မီးမလောင်လတ္တံ့၊ "အိုအချင်းတို့…. ထို ရှင်မဟာ ကဿပမထေရ်သည် အဘယ်သို့ သဘောရှိဘိသနည်း၊ အသားတော် သည် မည်းလေသလော, ဖြူလေသလော၊ အရပ်တော်သည် မြင့်လေ သလော, နိမ့်လေသလော ဤသို့သဘောရှိသောရဟန်းတော်သည် တည်ရှိပါလျက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုဘိ၏ ဟု ပြောဆိုကြ ပြီးလျှင် အချို့သောသူတို့သည် ပန်းနံ့သာကို ယူကုန်လျက်ခရီးဦးကြိုကြ ကုန်၏၊ အချို့သောလူတို့သည် လမ်းတို့ကို ပြင်ဆင်ပြီးလျှင် ကြွလာ တော်မူသောလမ်းကို ကြည့်ရှုလျက် နေကြကုန်၏။

ထိုအခါ အရှင်မဟာကဿပမထေရ်သည် မကုဋဗန္ဓနစေတီမှ မြတ်စွာဘုရား၏ထင်းပုံတော်သို့ ကြွတော်မူပြီးလျှင် သုံးကြိမ် ထင်းပုံ တော်ကို လက်ျာရစ်လှည့်၍ ဤနေရာ၌ခြေတော်ရှိ၏ဟု မှတ်သားလျက် ခြေတော်၏အနီး၌ ရပ်တော်မူ၍ အဘိညာပါဒက စတုတ္ထဈာန်ကိုဝင် စား၍ ထိုဈာန်မှထတော်မူလျက် "အကန့်တထောင်တို့ဖြင့် တန်ဆာ ဆင်အပ်သော မြတ်စွာဘုရား၏ ခြေတော်တို့သည် ဝါဂွမ်းတို့နှင့်တကွ ငါးရာသောပုဆိုးအစုံ,ရွှေဖြင့်ပြီးသောကျင်း (ခေါင်း)တော်, စန္ဒကူး ထင်းပုံတော်တို့ကို နှစ်ဖြာခွဲလျက် ငါ၏ဦးခေါင်း၌ တည်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူ၏၊ အဓိဋ္ဌာန်တော် ပြုသည်နှင့်တပြိုင်နက် အဝတ် အစုံငါးရာတို့ကို နှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှ ထွက်ပေါ်လာသော လပြည့်ဝန်းကဲ့သို့ ခြေတော်တို့သည် ထွက်တော်မူကုန်၏၊ ရှင်မဟာ ကဿပထေရ်သည် ပဒုမာကြာနီပွင့်နှင့်တူကုန်သော လက်တော်တို့ကို ဖြန့်တော်မူလျက် ရွှေအဆင်းရှိကုန်သော မြတ်စွာဘုရားခြေတော်တို့ကို ဖမျက်တော်တိုင်အောင် မြဲမြံစွာကိုင်တော်မူလျက် မိမိ၏ဦးခေါင်း၌ တင်ထားတော်မူ၏၊ လူအပေါင်းသည် ထိုအံ့ဘွယ်ကိုမြင်ကြသောအခါ တပြိုင်နက်ကြွေးကြော်၏၊ ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် အလိုရှိတိုင်း ရှိခိုးကုန်၏၊ ဤသို့လျှင် ရှင်မဟာကဿပမထေရ်နှင့် လူအပေါင်းတို့သည် ၎င်း, ရဟန်းငါးရာတို့သည်၎င်း ရှိခိုး၍ပြီးသောခဏ၌ မထေရ်၏လက်

တော်မှလွတ်၍ ချိပ်ရည် အဆင်းရှိကုန်သော မြတ်စွာဘုရား၏ခြေတော်တို့သည် ထင်းအစရှိသည်တို့တွင် တစုံတခုကိုမလှုပ်စေမူ၍ တည်မြဲတိုင်းသော နေရာ၌ တည်နေတော်မူကုန်၏။

ထိုစကားသည်မှန်၏၊ မြတ်စွာဘုရား၏ခြေတော်တို့သည် ထွက်ကုန်သော်၎င်း၊ ဝင်ကုန်သော်၎င်း ဝါဂွမ်းမျှင်,အဝတ်ချည်,ဆီပေါက်,သစ်တုံးတို့သည် တည်ရာမှလှုပ်ခြင်းမရှိ၊ အလုံးစုံသည် တည်မြဲတိုင်းသော နေရာ၌ တည်ရှိကုန်၏၊ ကောင်းကင်သို့တက်ပြီး၍ ဝင်သော လ နေတို့ကဲ့သို့ မြတ်စွာဘုရား၏ခြေတော်တို့သည် ကွယ်ကုန်သည်ရှိသော် လူအပေါင်းသည် များစွာငိုကြွေးလေ၏၊ ပရိနိဗ္ဗာန်ပြုသောအခါ ထက် သာလွန်သောသနားဘွယ်သည်ဖြစ်လေ၏၊ ထိုအခါနတ်တို့၏အာနုဘော်ကြောင့် ထင်းပုံတော်သည် ထက်ဝန်းကျင်၌ တပြိုင်နက်အားဖြင့် မီးလောင်သည်ရှိသော် မြတ်စွာဘုရား၏ အရေတော်, အသားတော် အစရှိသည်တို့၏ ပြာမျှသည်၎င်း, အယုတ်ဆုံးအားဖြင့် မီးသွေးမျှသည်၎င်း မဖြစ်ပြီ၊ မလေးပန်းငုံနှင့်တူသော ဓာတ်တော်, ပုလဲနှင့်တူသောဓာတ်တော်, ရွှေနှင့်တူသောဓာတ်တော်တို့သည် တည်ရှိကုန်၏၊ အသက်ရှည်တော်မူကုန်သော ဘုရားရှင်တို့၏ ကိုယ်တော်သည် ရွှေတုံးကဲ့သို့ တခဲနက် တည်ရှိတော်မူကုန်၏၊ မြတ်စွာဘုရားသည်ကား"ငါသည် ကြာမြင့်စွာ မတည်မူ၍ ပရိနိဗ္ဗာန်ပြုမည်၊ ငါ၏သာသနာတော်သည် အလုံးစုံသော အရပ်တို့၌ မပျံ့နှံ့လေသောကြောင့် ပရိနိဗ္ဗာန်ပြုသောငါ၏ မုံညင်းစေ့ခန့်မျှရှိသော ငါ၏ဓာတ်တော်ကို ပင့်ယူပြီးလျှင် မိမိတို့၏နေရာ၌ စေတီတည်လျက် ပူဇော်သောလူအပေါင်းသည် နတ်ပြည်၌ဖြစ်လတ္တံ့"ဟု သိတော်မူ၍ ဓာတ်တော်တို့ကို ပြန့်ကြဲအောင် မိန့်ဆိုတော်မူ၏။

ထိုမြတ်စွာဘုရား၏ အဘယ်မျှသော ဓာတ်တော်တို့သည် ပြန့်ကြဲသနည်း၊ အဘယ်မျှသောဓာတ်တော်တို့သည် မပြန့်ကြဲသနည်းဟူမူ စွယ်တော်လေးဆူ,ညှပ်ရိုးတော်နှစ်ဆူ,သင်းကျစ်တော်တဆူ၌ခုနစ်ဆူသောဓာတ်တော်တို့သည် မပြန့်ကြဲကုန်၊ ကြွင်းသောဓာတ်တော်တို့သည် ပြန့်ကြဲကုန်၏၊ ထိုပြန့်ကြဲသောဓာတ်တော်တို့တွင်—

၁။ အငယ်ဆုံးဖြစ်သောဓာတ်တော်သည် မုန်ညင်းစေ့ခန့်ရှိ၏။

၂။ အလတ်ဖြစ်သောဓာတ်တော်သည် အလယ်၌ ကျိုးသောဆန်စေ့ခန့်ရှိ၏။
၃။ အကြီးဆုံးဖြစ်သော ဓာတ်တော်သည် အလယ်၌ ကွဲသောပဲနောက်စေ့ခန့်ရှိ၏။

မြတ်စွာဘုရား၏ကိုယ်တော်ကို မီးလောင်ပြီးသောအခါ ကောင်းကင်မှ လက်ရုံးဖျားခန့်, သလုံးမြင်းခေါင်း, ထန်းလုံးခန့်လောက်ရှိကုန်သော ရေအယဉ်တို့သည် စီးကျ၍ ထင်းပုံတော်ကိုငြိမ်းစေ၏၊ ကောင်းကင်မှသာလျှင် ရေအယဉ်ကျ၍ ထင်းပုံတော်ကို ငြိမ်းစေသည်မဟုတ်သေး၊ ထက်ဝန်းကျင်၌ရှိကုန်သော အင်ကြင်းပင်တို့၏ သစ်ခွ ကြားတို့မှလည်း ရေအယဉ်တို့သည် ထွက်၍ငြိမ်းစေကုန်၏၊ မြတ်စွာဘုရား၏ ထင်းပုံတော်ထက်ဝန်းကျင်မှ မြေကိုခွဲ၍ ထွန်တုံးခန့်လောက်ရှိသောရေလုံးသည် ဖလ်ဖြင့်ပြီးသော ဦးဆောက်ပန်းကဲ့သို့ ထွက်ပေါ်လာလျက် ထင်းပုံကိုငြိမ်းစေ၏၊ မလ္လာမင်းတို့သည် ရွှေအိုး, ငွေအိုးတို့ကိုပြည့်စေလျက် ဆောင်ယူအပ်သော အထူးထူးသောနံ့သာရေတို့ကို ရွှေ,ငွေဖြင့်ပြီးသောတုတ်တံတို့ဖြင့် ကြဲ၍ကြဲ၍ စန္ဒကူးထင်းပုံတော်ကို ငြိမ်းစေကုန်၏။

ထင်းပုံတော်ကို မီးလောင်သည်ရှိသော် ထက်ဝန်းကျင်၌တည်ရှိကုန်သော အင်ကြင်းပင်တို့၏ သစ်ခက်ကြား, သစ်ခွကြား, သစ်ရွက်ကြားတို့မှ မီးလျှံထွက်သွားရာ၌ သစ်ခက်,သစ်ရွက်ကို မီးမလောင်ချေ၊ ပိုးရွ ခြပုန်း မျောက်တို့သည်၎င်း, တပါးသောသတ္တဝါတို့သည်၎င်း မီးလျှံ၏အတွင်း၌သာလျှင် သွားလာကြကုန်၏၊ ကောင်းကင်မှ ကျလာသော ရေအယဉ်တို့၌၎င်း, မြေကိုခွဲ၍ထွက်သော ရေအယဉ်တို့၌၎င်း သဘောမမှတာသည်သာလျှင် ပမာဏဖြစ်၏၊ ဤသို့လျှင် ထင်းပုံတော်ကိုငြိမ်းစေ၍ မလ္လာမင်းတို့သည် မင်းကွန်း၌ နံ့သာမျိုးလေးပါးတို့ဖြင့် ပူဇော်အပ်သည်ကိုပြုလျက် ပေါက်ပေါက်လျှင် ငါးခုမြောက်ကုန်သော ပန်းတို့ကိုကြဲ၍ အထက်၌ပုဆိုးဗိတာန် (မျက်နှာကြက်)ကိုဖွဲ့၍ ရွှေကြယ်တို့ဖြင့်စီလျက် ထိုမင်းကွန်း၌ နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာတို့ဖြင့်ပြီးသော ဆိုင်းတို့ကို တွဲရရွဲဆွဲလျက် သန္ဓာဂါရမည်သော မင်းကွန်းမှ မကုဋဗန္ဓနစေတီဟု ဆိုအပ်သော ဦးခေါင်းကို တန်ဆာဆင်သော

မင်္ဂလာဇရပ်တိုင်အောင် လမ်းဘေးနှစ်ဘက်တို့မှ ကန့်လန့်ကာ, ဖျာတို့ကိုကာရံလျက် အထက်၌ပုဆိုးဗိတာန် (မျက်နှာကြက်)ကို ဖွဲ့စေ၍ ရွှေကြယ်တို့ကိုစီစေလျက် ထိုလမ်း၌လည်းနံ့သာဆိုင်း,ပန်းဆိုင်း,ရတနာပန်းဆိုင်းတို့ကိုဆွဲလျက် အထက်၌ ထီးဖြူတော်ဆောင်းလျက် ယှံလက်၌ရှိကုန်သော ယောက်ျားတို့ကို ဝန်းရံစေ၍ ဆင်တို့ကို ဦးကင်းယှက်ခါယှက်ခါထိစေလျက် မြင်းတို့ကို လည်ချင်းဆက်ခါဆက်ခါ နေစေလျက် ထိုနောက် ရထားတို့ကို နားပန်ခြင်း စပ်ခါစပ်ခါ ထိစေလျက် ထိုနောက် စစ်သည်တို့ကို လက်ရုံးချင်း ထိစေလျက် ထိုစစ်သည်တို့၏ အဆုံး၌ အစွန်းချင်းထိကုန်သော လေးတို့ဖြင့် ကာရံစေကုန်၏။

ဤသို့လျှင် ထက်ဝန်းကျင်၌ ဟယူဇနာ ပမာဏရှိသော အရပ်ကို မျပ်မိန်ညီတို့ဖြင့် ကွန်ယက်ကာ၍ ထားဘိသကဲ့သို့ အစောင့်အရှောက်ကိုစီရင်ကြကုန်၏၊ အဘယ့်ကြောင့် ဤကဲ့သို့ စီရင်ကုန်သနည်းဟူမူ- ဤနေ့မှ ရှေးနှစ်သတ္တာဟတို့၌ မလ္လာမင်းတို့သည် ရဟန်းသံဃာတော်၏ နေရာအရပ်ကို ပြုကြကုန်သည်ဖြစ်၍ ခဲဘွယ်ဘောဇဉ်ကို စီရင်ကြရခြင်းကြောင့် သာဓုကီဠနပွဲကို မပြုကြရကုန်၊ ထိုနောက် ထိုမလ္လာမင်းတို့အား ဤသို့သောအကြံအစည်သည် ဖြစ်၏ "ဤသတ္တာဟပတ်လုံး သာဓုကီဠနပွဲကို ပြုလုပ်မည်ဖြစ်အံ့၊ ငါတို့မေ့လျော့သည်ကို သိ၍ တစုံတယောက်သော သူသည် လာပြီးလျှင် ဓာတ်တော်တို့ကို ယူရာသောကြောင့် အစောင့်အရှောက်ကို ထားပြီးလျှင် ပွဲသဘင်ကို ပြုလုပ်ကုန်အံ့"ဟု ကြံစည်ကြကုန်၏၊ ထိုကြောင့် ထိုမလ္လာမင်းတို့သည် ဤသို့သော အစောင့်အရှောက်ကို စီရင်ကြကုန်၏။

ထိုအခါ မဂဓတိုင်းကို အစိုးရတော်မူသော အဇာတသတ္တုမင်းကြီးသည် မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြု၏ ဟူသော သတင်းစကားကို ကြားတော်မူလေ၏၊ အဘယ်ကဲ့သို့ကြားသနည်းဟူမူ- ရှေးဦးစွာ ထိုအဇာသတ္တုမင်းကြီး၏ အမတ်တို့သည် ကြား၍ကြံစည်ကြကုန်၏၊ "မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏ဟူသော သတင်းစကားကို မင်းကြီးအား လျှောက်ကြားခြင်းငှါမသင့်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ဖြစ်သော သဒ္ဓါတရားတွင် ငါတို့မင်းကြီးနှင့်တူသော သဒ္ဓါ

တရားမရှိ၊ မင်းကြီးသည် ဤသတင်းကိုအကယ်၍ ကြားသည်ဖြစ်ငြား အံ့၊ မင်းကြီး၏နှလုံးသည် ကွဲလတ္တံ့၊ မင်းကြီးကို ငါတို့စောင့်ရှောက် သင့်၏" ဟု ကြံစည်ကြပြီးလျှင် အမတ်တို့သည် ရွှေကျင်းသုံးခုတို့ကို ယူဆောင်ပြီးလျှင် စတုမဓုဖြင့်ပြည့်စေလျက် မင်းကြီးထံတော်သို့သွား၍ "အရှင်မင်းကြီး…ကျွန်ုပ်တို့သည် အိပ်မက်ကိုမြင်ပါ၏၊ ထိုအိပ်မက်ကိုပယ်ဖျောက်ခြင်းငှါ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးကို ဝတ်၍ နှာခေါင်းဝကို ဖော်စေလျက် စတုမဓုကျင်း၌ အိပ်ခြင်းငှါသင့်ပါ၏" ဟုလျှောက်ထားကြကုန်၏၊ မင်းကြီးသည် အကျိုးစီးပွားကို အလိုရှိကုန်သောအမတ်တို့၏စကားကိုကြား၍ "အမတ်ကြီးတို့ ပြောဆိုသည့် အတိုင်း ဖြစ်ပါစေ"ဟုဝန်ခံပြီးလျှင် ပြောဆိုသည့်အတိုင်း ပြုတော်မူ၏၊ ထိုအခါ အမတ်တယောက်သည် တန်ဆာကိုချွတ်၍ ဆံတို့ကိုဖြန့်ကြလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာအရပ်သို့ လက်အုပ်ချီ၍ "အရှင်မင်းကြီး…. သေခြင်းမှလွတ်သောသတ္တဝါမည်သည် မရှိ၊ ငါတို့၏အသက်ကို တိုးပွားစေတတ်သော အရိုအသေပြုရာ, ကုသိုလ်ကောင်းမှုပြုရာ ဖြစ်တော်မူသော ဘိသိက် သွန်းလောင်း တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏"ဟု မင်းကြီးကို လျှောက်လေ၏။

မင်းကြီးသည် ကြားသောအခါ မေ့လျော့ခြင်းဖြစ်လေ၏၊ စတုမဓုကျင်းမှ အငွေ့ထွက်လေ၏၊ မင်းကြီးကိုချီ၍ ဒုတိယကျင်း၌ အိပ်စေကုန်၏၊ မင်းကြီးသည် သတိရသောအခါ "အမတ်မင်းတို့…. အဘယ်စကားကို လျှောက်ကြကုန်သနည်း"ဟု မေးလေ၏၊ "မြတ်သောမင်းကြီး…. မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီ"ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးသည် တဖန်မေ့လျော့လေ၏၊ စတုမဓုကျင်းမှ အငွေ့သည်ထွက်လေ၏၊ ထိုအခါ မင်းကြီးကိုချီ၍ တတိယကျင်း၌ အိပ်စေကုန်၏၊ မင်းကြီးသည် တဖန်သတိရသောအခါ "အမတ်မင်းတို့…. အဘယ်စကားကို လျှောက်ကြကုန်သနည်း" ဟု မေးလေ၏၊ "မြတ်သောမင်းကြီး…. မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီ" ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးသည် တဖန်မေ့လျော့လေ၏၊ စတု

မရုကျင်းမှအငွေ့သည် ထွက်လေ၏၊ ထိုအခါမင်းကြီးကို ချီပြီးလျှင် ရေချိုးစေ၍ ဦးခေါင်းထက်၌ အိုးဖြင့် ရေကိုသွန်းလောင်းကြကုန်၏၊ မင်းကြီးသည် သတိရသောအခါ နေရာမှထ၍ နံ့သာဖြင့်ကုံအပ်သော ပတ္တမြားအဆင်းရှိသော ဆံတို့ကို ရွှေအဆင်း, ဖလ်အဆင်းရှိသော ပျဉ်၌ဖြန့်ကြလျက် သန္တာညွန့်အဆင်းရှိကုန်သော လုံးသောလက်ချောင်းတို့ဖြင့် ရွှေအဆင်းရှိသောရင်၌ ပိုက်တော်မူလျက် ငိုကြွေး၍ သူရူးအလားကဲ့သို့လမ်း၌ပြေးသွားလေ၏။

ထိုအဇာတသတ္တုမင်းသည် တန်ဆာဆင်အပ်သော မင်း,မောင်းမတို့ဖြင့်ခြံရံလျက် မြို့မှထွက်၍ ဇီဝက၏သရက်ဥယျာဉ်သို့ ရောက်သောအခါ မိမိအား တရားဟောတော်မူဘူးသော နေရာကို ကြည့်ရှု၍ “အရှင်ဘုရားတို့သည် သောကတည်းဟူသောငြောင့်ကို ပယ်ဖျောက်ကုန်၏၊ အရှင်ဘုရားတို့သည် အကျွန်ုပ်၏ သောက တည်းဟူသော ငြောင့်ကို ပယ်နုတ်ကုန်၏၊ အရှင်ဘုရားတို့သည် အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်တော်မူ၏၊ ယခုကျွန်ုပ်အား စကားတုံ့ပြန် တခွန်းသံမျှ မမိန့်ပါပြီတကား” ဟု အတန်တန် ငိုကြွေးပြီးလျှင် “အရှင်ဘုရားတို့သည် တပါးသောအခါ၌ များစွာသော ရဟန်းသံဃာခြံရံလျက် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဒေသစာရီ လှည့်လည်ကုန်၏ဟုကြားရပါ၏၊ ယခုအခါ အရှင်ဘုရားတို့၏ မလျောက်ပတ်သောသတင်းကို ကြားရပါ၏”စသည်ဖြင့်ပြောဆိုပြီးလျှင် ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုအောက်မေ့၍ ဤသို့ကြံစည်တော်မူ၏၊ “ငါသည်ငိုကြွေးခြင်းဖြင့် အကျိုးမပြီးချေ၊ မြတ်စွာဘုရား၏ဓာတ်တော်တို့ကို ပင့်ယူအံ့”ဟု ကြံပြီးလျှင် မလ္လာမင်းတို့သို့ တမန်တော်နှင့်စာချွန်တော်ကို ဤသို့ပေးပို့လေ၏။

> “မြတ်စွာဘုရား သည်လည်း မင်းဖြစ်၏၊ ငါသည်လည်း မင်းဖြစ်၏၊ ငါသည်မြတ်စွာဘုရား၏ သာရီရိက ဓာတ်တော်ကို ပူဇော်ခြင်းငှါထိုက်၏၊ စေတီနှင့်ပွဲတော်ကိုပြုအံ့”–

ဟု စေလွှတ်လေ၏၊ အကယ်၍ ပေးသည်ဖြစ်အံ့ ကောင်းပါ၏၊ မပေးသည်ဖြစ်အံ့ ပင့်ယူနိုင်ရန်ပြုလုပ်အံ့ဟု စစ်အင်္ဂါလေးပါးကို စီရင်ပြီးလျှင် ကိုယ်တော်တိုင် ထွက်တော်မူ၏၊ အဇာတသတ္တုမင်းကဲ့သို့

ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့သည်၎င်း, ကပိလဝတ်ပြည်၌ သာကီဝင်မင်းတို့သည်၎င်း, အလ္လကပ္ပပြည်၌ * ဗူလိမင်းတို့သည်၎င်း, ရာမရွာ၌ ကောလိယ မင်းတို့သည်၎င်း, ဝေဋ္ဌဒီပကပြည်၌ ပုဏ္ဏားတို့သည်၎င်း, ပါဝါပြည်၌ မလ္လာမင်းတို့သည်၎င်း တမန်တော်ကိုစေလွှတ်ပြီးလျှင် ကိုယ်တော်တိုင် စစ်အင်္ဂါလေးပါးဖြင့် ထွက်ကြကုန်၏၊ ထိုမင်းတို့တွင် ပါဝါမင်းတို့သည် အလုံးစုံသောမင်းတို့ထက် ကုသိနာရုံပြည်နှင့်အလွန်နီး၏၊ ကုသိနာရုံပြည်မှ သုံးဂါဝုတ်အတွင်း၌ရှိကုန်၏၊ မြတ်စွာဘုရားသည်လည်း ပါဝါပြည်သို့ ကြွတော်မူပြီးသည်နောက် ကုသိနာရုံပြည်သို့ ကြွတော်မူ၏၊ ထိုသို့ပင်နီးသော်လည်း များစွာသောအခြံအရံကိုပြုရသောကြောင့် နောက်ဆုံးမှရောက်လာ၏၊ အလုံးစုံသောခုနစ်ပြည်ထောင်မင်းတို့သည် ရောက်လာကြပြီးလျှင် "ငါတို့အားဓာတ်တော်ကိုလည်း ပေးမည်လော၊ စစ်မှုလည်း တိုးမည်လော"ဟု တမန်တော်ကို စေလွှတ်ပြီးလျှင် ကုသိနာရုံမြို့ကို ဝိုင်းရံကြကုန်၏။

ထိုအခါ မလ္လာမင်းတို့သည် ဤသို့ပြန်လိုက်၏၊ "ငါတို့၏ဂါမခေတ်၌ ပရိနိဗ္ဗာန်ပြုသော မြတ်စွာဘုရားကို ငါတို့သည် ပင့်ယူသည်လည်း မဟုတ်၊ သွား၍ဆောင်ယူခဲ့သည်လည်းမဟုတ်၊ မြတ်စွာဘုရားသည်ကိုယ်တော်တိုင် ကြွလာပြီးလျှင် သတင်းစကားစေလွှတ်၍ ငါတို့ကိုခေါ်စေ၏၊ သင်တို့၏ ဂါမခေတ်၌ ဖြစ်သောရတနာကို သင်တို့သည် ငါတို့အား မပေးကုန်၊ နတ်နှင့်တကွသော လောက၌ ဘုရားနှင့်တူသောရတနာမည်သည်မရှိ၊ ဤသို့သဘောရှိသော မြတ်သောရတနာကို ရခြင်းကြောင့် ငါတို့သည် မပေးပါကုန်"ဟုစကားတုံ့ပြန်လေ၏၊ ဤသို့လျှင် ထိုမင်းအပေါင်းတို့သည် ခိုက်ရန်ကိုပွားစေ၍ သင်တို့သည်သာလျှင် အမိန္ဒိရည်ကို သောက်စို့သည်မဟုတ်၊ ငါတို့သည် သောက်စို့ကုန်၏၊ သင်တို့သည်သာလျှင် ယောကျ်ားမဟုတ်ကုန်၊ ငါတို့သည်ယောကျ်ားဖြစ်ကုန်၏ဟု ငါဟူသော မာန်ထောင်လွှားပြီးလျှင် သတင်းတုံ့ပြန်စေလွှတ်ကြကုန်၏၊ အချင်းချင်းမာန်မာနတို့ဖြင့် ကြုံးဝါးကြကုန်၏၊ စစ်ထိုးသည်ရှိသော် ကုသိနာရုံမင်းတို့**အား**သာလျှင်အောင်ခြင်းသည်ဖြစ်လတ္တံ့၊

[ *ဗုလယော၊ ဗုလိမင်းတို့။ သုတ်မဟာဝါ အဋ္ဌကထာ။ ဗလမင်းတို့။ ဇိနတ္ထပကာသနီ။ ]

အဘယ်ကြောင့်နည်းဟူမူ ဓာတ်တော်စောင့်ရှောက်ရန် လာကုန်သော နတ်တို့သည် ထိုကုသိနာရုံမင်းတို့၏အသင်း၌ ဖြစ်သောကြောင့်တည်း။

ထိုအခါ ဒေါဏပုဏ္ဏားသည် ထိုမင်းတို့၏ငြင်းခုံသည်ကို ကြားသောအခါ "ထိုမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောနေရာ၌ ငြင်းခုံကြကုန်၏၊ ဤသို့ငြင်းခုံခြင်းသည် မသင့်လျော်ချေ၊ ဤငြင်းခုံခြင်းကို ငြိမ်းစေအံ့"ဟု ကြံစည်ပြီးလျှင် မြင့်သောနေရာ၌ရပ်လျက် နှစ်ဘာဏဝါရအတိုင်းအရှည်ရှိသော ဒေါဏဂဇ္ဇိတမည်သောစကားကို ပြောဆိုလေ၏၊ ထိုနှစ်ဘာဏဝါရတို့တွင် ပဌမဘာဏဝါရ၌ တပုဒ်မျှကိုလည်း မင်းတို့သည်မသိကုန်၊ ဒုတိယဘာဏဝါရ၏အဆုံး၌"အိုအချင်းတို့....ဆရာ၏အသံနှင့်တူ၏ဟု ပြောဆိုကြပြီးလျှင် အလုံးစုံသောမင်းတို့သည် တိတ်ဆိတ်စွာနေကြကုန်၏၊ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားသောမင်းပုဏ္ဏားတို့သည် များသောအားဖြင့် ဒေါဏပုဏ္ဏား၏တပည့်မဟုတ်သောသူမည်သည်မရှိ၊ ထိုအခါ ဒေါဏပုဏ္ဏားသည် မိမိ၏စကားကိုနားထောင်လျက် ဆိတ်ဆိတ်နေသည်တို့ကို သိသောအခါ တဖန် ဤသို့သောစကားကို ပြောဆိုလေ၏၊ "မင်းများတို့....ငါတို့၏ဆရာမြတ်စွာဘုရားသည် ခန္တီပါရမီကိုသာ မြတ်သည်ဟု ချီးမွမ်းပါသည်၊ ယောကျ်ားမြတ်၏ ကိုယ်တော်ပျက်စီးရာ၌ စစ်ထိုးခြင်းသည် မကောင်းပါ၊ အိုမင်းအပေါင်းတို့..ညီညွတ်ကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာစွာ ဓာတ်တော်တို့ကို ရှစ်ပုံပုံသည်ဖြစ်၍ ငါဝေဖန်ခြင်းကို ပြုလုပ်ပါအံ့၊ ဓာတ်တော်တို့သည် ပျံ့နှံ့ကုန်သည်ဖြစ်၍ ထိုသိုအရပ်တို့၌ စေတီတို့သည် ဖြစ်ပါစေကုန်၊လူအပေါင်းသည် မြတ်စွာဘုရားအား ကြည်ညိုခြင်းရှိ၏၊ငါ၏ဤတခွန်းသောစကားကို နားထောင်ကြပါကုန်"ဟုပြောဆိုလေ၏၊ ထိုအခါ အလုံးစုံသောမင်းတို့သည် ဆရာသည်ပင်လျှင် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ရှစ်ပုံပုံ၍ ဝေဘန်တော်မူပါဟုပြောဆိုကြကုန်၏၊ ထိုအခါ ဒေါဏပုဏ္ဏားကြီးသည် ကောင်းပြီဟုဝန်ခံပြီးလျှင် ဓာတ်တော်တို့ကို ရှစ်ပုံပြု၍ ဝေဘန်လေ၏။

## ၂၉။ ဓာတ်တော်တို့ကိုဝေဘန်ခြင်း

ဒေါဏပုဏ္ဏားကြီးသည် ထိုမင်းတို့၏စကားကို ဝန်ခံပြီးလျှင် ရွှေကျင်းတော်ကိုဖွင့်စေ၏၊ မင်းတို့သည် လာကြပြီးလျှင် ရွှေကျင်း

တော်၌ ရွှေအဆင်းရှိသော ဓာတ်တော်တို့ကို မြင်ကြသောအခါ ''သဗ္ဗညုမြတ်စွာဘုရား···· တပည့်တော်တို့သည် ရှေးအခါ၌ အရှင်ဘုရားတို့၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ဖြင့် တန်ဆာဆင်အပ်သော ခြောက်သွယ်သောရောင်ခြည်ရှိတော်မူသော ရွှေအဆင်းရှိသောကိုယ်တော်ကို ဖူးမြင်ရပါကုန်၏၊ ယခုမူကား ရွှေအဆင်းရှိသော ဓာတ်တော်တို့သည်သာလျှင် ကြွင်းပါကုန်၏၊ သဗ္ဗညု မြတ်စွာဘုရား···· အရှင်ဘုရားတို့အား ဤသို့ ဖြစ်ရခြင်းသည် မသင့်ပါ''ဟု ငိုကြွေးကြကုန်၏၊ ထိုသို့ငိုကြွေးသောအခါ ဒေါဏပုဏ္ဏားကြီးသည် ထိုမင်းတို့၏ မေ့လျော့ကြောင်းကိုသိ၍ လကျ်ာစွယ်တော်ကို ယူပြီးလျှင် ဦးရစ်ကြား၌ထားပြီးသည့်နောက် ညီမျှစွာဝေလေ၏၊ အလုံးစုံသော ဓာတ်တော်တို့သည် *ပကတိကွမ်းစားအားဖြင့် တဆယ့်ခြောက်ကွမ်းစားရှိကုန်၏၊ တမြို့တမြို့၌နေကုန်သောမင်းတို့သည် နှစ်ကွမ်းစားစီရကုန်၏။

---

[*ဘုရားသခင် ဓာတ်တော်ရှစ်စရွတ် ဆိုသည်မှာ ပါဠိတော်,အဋ္ဌကထာတို့၌ ဒေါဏသဒ္ဒါကို စရွတ်ဟုမြန်မာပြန်ကြသော ရွှေဥမင်ဆရာ, နန်းကျောင်း ဒက္ခိဏာဝန်ဆရာတော်တို့၏ အလိုတော်တည်း။ ခေါင်အောင်စံထားဆရာတော်ကားအဘိဓာန်ဋီကာ၌''စတုရောပတ္ထာ၊လေးကွမ်းစားတို့သည်။ အာဠှကော၊ တပြည်မည်၏။စတုရောဠှကာ၊ လေးပြည်သည်။ ဒေါဏံ၊ တစိတ်မည်၏''၊ ဟူ၍မြန်မာပြန်သည်။

ဝိမတိဝိနောဒနီဋီကာ, သာရတ္ထဒီပနီဋီကာ, သုတ္တနိပါတ် အဋ္ဌကထာတို့၌လည်း ''စတုရောအာဠှကာ၊ လေးပြည်တို့သည်။ ဧကံဒေါဏံ၊ တစိတ်မည်၏။ စတ္တာရိ ဒေါဏာနိ၊ လေးစိတ်တို့သည်။ဧကာမာနိကာ၊ တတင်းမည်၏'' ဟူ၍မိန့်သောကြောင့် ဒေါဏသဒ္ဒါကို စိတ်ဟူ၍ မြန်မာပြန်ခြင်းသည် အလွန်သင့်မြတ်သည်၊ နလာဋဓာတုဝင်တွင် ဘုရားရှင်ဓာတ်တော်သည် တင်းအားဖြင့် နှစ်တင်းရှိသည် ၊ ဒေါဏအားဖြင့် ရှစ်ဒေါဏရှိ၍ စလယ်ဟူသောကွမ်းစားအားဖြင့် တရာနှင့်ဆယ့်ရှစ်စလယ်ရှိသည်ဟုပြလိုရကား ''စက္ခုမန္တဿ ဘဂဝတော သရီရဓာတု အဋ္ဌဒေါဏမတ္တံ သုဝဏ္ဏနာဠိယာ ဧကေသတအဋ္ဌဂီသတိနာဠိကာ အဟောသိ''ဟူ၍ဆိုသည်။

ထို့ကြောင့် ဘုရားရှင်၏ဓာတ်တော်ကို ယခု လူတို့သုံးဆောင်သောတင်းဖြင့် နှစ်တင်းရှိ၏ဟုမှတ်ရာသည်ဟု ဇိနတ္ထပကာသနီ၌မိန့်သည်၊ ထို့

ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်ကို ဝေဘန်စဉ် နတ်နှင့်တကွ သော လောက၏ ယုံမှားခြင်းကို ပယ်ဖျောက်တော်မူတတ်သော စတုသစ္စကထာ၏ အကြောင်းဖြစ်၍ဖြစ်သော မြတ်စွာဘုရား၏ လကျ်ာ စွယ်တော်ကို အဘယ်သူသည် ယူသနည်းဟု သိကြားမင်းသည် ကြည့်ရှုသောအခါ ဒေါဏပုဏ္ဏားယူသည်ကိုမြင်၍ ပုဏ္ဏားသည် စွယ်တော် အား လျော်ကပ်သောရိုသေခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်၊ ထိုစွယ် တော်ကို ငါယူအံ့ဟု ကြံစည်ပြီးလျှင် ဦးရစ်ကြားမှ ယူပြီးလျှင် ရွှေ ပန်းတောင်း၌ထည့်လျက် နတ်ပြည်သို့ပင့်၍ စူဠာမဏိစေတီ၌ ထား လေ၏၊ ဒေါဏပုဏ္ဏားကြီးသည်လည်း ဓာတ်တော်ကို ဝေဘန်ပြီးသော အခါ စွယ်တော်ကိုမမြင်ခြင်းကြောင့် ခိုးယူခြင်းကြောင့်ငါ၏စွယ်တော် ကို အဘယ်သူယူသနည်းဟု မေးခြင်းငှါလည်းမစွမ်းနိုင်၊ "သင်သည် သာလျှင် ဓာတ်တော်တို့ကိုဝေဘန်၍ မိမိ၏အဘို့ဓာတ်တော်ရှိကြောင်း ကို အဘယ့်ကြောင့် မသိသနည်းဟု မိမိ၌အပြစ်တင်မည်ကို မြင်သော ကြောင့် ငါ၏အဘို့ကိုပေးကြကုန်လော့" ဟု ဆိုခြင်းငှါလည်းမစွမ်းနိုင် သောကြောင့် မြတ်စွာဘုရား၏ဓာတ်တော်တို့ကို ခြင်သော ဤစရွတ် ခွက်ကိုငါသည် စေတီတည်အံ့ဟု ကြံစည်၍ ဤစရွတ်ခွက်ကို ငါ့အား ပေးကြကုန်ဟုဆိုလေ၏။

ထိုအခါ မင်းတို့သည် စရွတ်ခွက်ကို ပုဏ္ဏားအား ပေးကြကုန်၏၊ ပိပ္ပလိဝန၌နေသော မောရိယမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုကြောင်းကိုကြား၍ "မြတ်စွာဘုရား သည်လည်း မင်းဖြစ်တော်မူ၏၊ ငါတို့လည်း မင်းဖြစ်၏၊ ငါတို့သည် မြတ်စွာဘုရား၏ ဓာတ်တော်အဘို့ ကို ရထိုက်၏" ဟု တမန်တော်ကို စေလွှတ်ပြီးလျှင် စစ်ထိုးခြင်းငှါ

ကြောင့်ရှစ်စိတ်သည် နှစ်တင်းဖြစ်၍ တစိတ်၌လေးပြည်ရှိသည်၊ ရှစ်စိတ်နှင့် တဆယ့်ခြောက်နာဠိသည် တူမျှသောကြောင့် တနာဠိသည် နှစ်ပြည်ဖြစ် သည်၊ ထို့ကြောင့် သုတ်မဟာဝါအဋ္ဌကထာ၌ နှစ်ပြည် တနာဠိကိုယူ၍- "သဗ္ဗာပိဓာတုယော ပကတိနာဠိယာ သောဠသနာဠိယော အဟေသုံ" ဟု မိန့်၏၊ နလာဋဓာတုဝင်၌ တစလယ်ကို တနာဠိယူ၍ "သုဝဏ္ဏနာဠိ ယာ ဧကာသတအဋ္ဌဝီသတိနာဠိကာ အဟောသိ" ဟု မိန့်၏၊ သုတ်မဟာ ဝါ ပါဠိတော်၌ကား "အဋ္ဌဒေါဏံ စက္ခုမတော သရီရံ" ဟု ဟော တော်မူသည်။]

ထွက်လာကြကုန်၏၊ ထိုမောဠိယမင်းတို့အား ခုနစ်ပြည်ထောင်မင်းတို့ သည် "မြတ်စွာဘုရား၏ ဓာတ်တော်တို့ကိုဝေဘန်ပြီးကုန်သောကြောင့် မရှိကုန်၊ အလောင်းတော်ကိုသဂြိုဟ်သောစန္ဒကူးမီးသွေးကို ဆောင်ယူ ကြပါကုန်လော့"ဟု ဆိုကြကုန်၏၊ မောရိယမင်းတို့သည် ကုသိနာရုံ ပြည်မှ စန္ဒကူးမီးသွေးကိုဆောင်ယူကြကုန်၏။

## ၃၀။ အဇာတသတ်မင်း ဓာတ်တော်တို့ကိုပင့်ယူတော်မူခြင်း

ထိုအခါ အဇာတသတ်မင်း ကြီးသည် ကုသိနာရုံပြည်နှင့်ရာဇဂြိုဟ် ပြည်၏အကြား၌ နှစ်ဆယ့်ငါးယူဇနာ ရှိသောလမ်းကို ရှစ်ဥသဘ အကျယ်ရှိသော ညီမျှစွာသောလမ်းကို ပြုစေပြီးလျှင် မလ္လာမင်းတို့ သည် မကုဋဗန္ဓနစေတီနှင့် ယန္တာဂါရမင်းကွန်း၏အကြား၌ ပူဇော် ခြင်းကို ပြုကုန်သကဲ့သို့ ထို့အတူ နှစ်ဆယ့်ငါးယူဇနာရှိသော လမ်း၌ ပူဇော်ခြင်းကိုပြုစေ၍ လူတို့ကိုမပျင်းရိစေခြင်းအကျိုးငှါ အလုံးစုံသော နေရာတို့၌ ဈေးတို့ကိုဖြန့်ခင်းစေလျက် ရွှေကျင်း၌ထည့်အပ်သောဓာတ် တော်တို့ကို လှံချိုင့်ဖြင့်ကာရံစေ၍ ယူဇနာငါးရာအဝန်းရှိသော မိမိ၏ တိုင်းပြည်၌ နေသောသူတို့ကို စည်းဝေးစေ၏။

ထိုလူတို့သည် ဓာတ်တော်တို့ကို ကုသိနာရုံပြည်မှပင့်၍ သာဓုကီ ဠနပွဲသဘင်ကိုပြုလုပ်ကုန်လျက် ထွက်လာကြပြီးလျှင် အဆင်းရှိသော ပန်းတို့ကို မြင်တိုင်းမြင်တိုင်းသောနေရာ၌ ဓာတ်တော်တို့ကို လှံချိုင့်၌ ထားစေ၍ ပန်းကုန်သောအခါ၌ သွားကြကုန်၏၊ ပဌမရှေးဦးစွာထွက် သောရထား၏နေရာသို့ နောက်ဆုံးရထားရောက်သောနေရာ၌ ခုနစ် ရက်ပတ်လုံး သာဓုကီဠနပွဲကို ပြုလုပ်ကြကုန်၏၊ ဤသို့လျှင် ဓာတ်တော် တို့ကိုပင့်ယူ၍ လာကြကုန်သော ရာဇဂြိုဟ်ပြည်သူပြည်သား တို့အား ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်တို့သည် ကုန်လွန်ကုန်၏၊ မိစ္ဆာဒိဋ္ဌိတို့သည် "ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှစ၍ အနိုင်အထက်ပြုလုပ်သော သာဓုကီဠနပွဲဖြင့် နှိပ်စက်ကုန်၏၊ ငါတို့ပြုလုပ်ရသော အမှုတို့သည် ပျက်စီးကုန်၏"ဟု ကဲ့ရဲ့လျက် စိတ်ပြစ်မှားခြင်းကြောင့် ရှစ်သောင်း, ခြောက်ထောင် မျှလောက်ကုန်သော လူတို့သည် အပါယ်လေးပါး၌ ဖြစ်ကုန်၏။

ရဟန္တာအရှင်တို့သည် ဆင်ခြင်တော်မူလတ်သော် "လူအပေါင်းသည် စိတ်ပြစ်မှားခြင်းကြောင့် အပါယ်လေးပါး၌ ဖြစ်၏ ဟု မြင်တော်မူခြင်းကြောင့် ဓာတ်တော်ပင့်ယူနည်းကို ပြုကြကုန်အံ့" ဟု သိကြားမင်းထံသွားပြီးလျှင် ထိုအကြောင်းကို မိန့်တော်မူ၍ သိကြားမင်းသည် "ဓာတ်တော်ပင့်ယူနည်းကို ပြောဆိုပါလော့"ဟု မိန့်ဆိုကုန်၏၊ ထိုအခါသိကြားမင်းသည် "အဇာတသတ်မင်းနှင့် တူသော ပုထုဇဉ်၌ဖြစ်သော သဒ္ဓါတရားသည်မရှိ၊ ထိုအဇာတသတ်မင်းသည် ငါ၏စကားကို မလိုက်နာလတ္တံ့၊ မာရ်နတ် ခြိမ်းချောက်သည်နှင့် တူသော ကြောက်မက်ဘွယ် ခြိမ်းချောက်ခြင်းကိုပြုအံ့၊ ကြီးစွာသော အသံကိုကြားစေအံ့၊ ဘီလူးဖမ်းခြင်း, ချေခြင်း, အစာမကြေခြင်းတို့ကို ပြုအံ့၊ ထိုအခါ"မြတ်သောမင်းကြီး....နတ်တို့သည် အမျက်ထွက်ကုန်၏၊ ဓာတ်တော်တို့ကို ပင့်ယူကြကုန်လော့ဟု အရှင်ဘုရားတို့သည် မိန့်တော်မူပါကုန်၊ ဤသို့မိန့်တော်မူသည်ရှိသော် ထိုမင်းကြီးသည်ဆောင်ယူစေလတ္တံ့"ဟု လျှောက်လေ၏၊ ထိုအခါသိကြားမင်းသည် လျှောက်ထားသည့်အတိုင်း အလုံးစုံကိုပြုလေ၏။

မထေရ်တို့သည်လည်း မင်းကြီးထံသို့ သွားပြီးလျှင် "မြတ်သောမင်းကြီး....နတ်တို့သည် အမျက်ထွက်ကုန်၏၊ ဓာတ်တော်တို့ကိုဆောင်ယူစေလော့"ဟု မိန့်တော်မူကုန်၏၊ မင်းကြီးသည်"အရှင်ဘုရားတို့.... ဤမျှလောက်ဖြင့် အကျွန်ုပ်၏စိတ်သည် မနှစ်သက် နိုင်သော်လည်း ပင့်ဆောင်တော်မူကြပါကုန်လော့" ဟု လျှောက်ထားလေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ ဓာတ်တော်တို့ကို ပင့်ယူကြကုန်၏၊ ဤသို့လျှင် ဓာတ်တော်တို့ကို ပင့်ယူပြီးလျှင် မင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ စေတီတည်ထားတော်မူ၏၊ အဇာတသတ်မင်းမှ တပါးကုန်သော မင်းတို့သည်လည်း မိမိတို့၏အစွမ်းသတ္တိအားလျော်စွာပင့်ယူပြီးလျှင် မိမိတို့၏ နေရာတို့၌ စေတီတည်ထားကြကုန်၏၊ဒေါဏပုဏ္ဏားသည်၎င်း, ပိပ္ပလိဝန၌နေကုန်သော မောရိယမင်းတို့သည်၎င်း မိမိတို့၏နေရာတို့၌ စေတီတည်ထားကြကုန်၏။

၁။ ရာဇဂြိုဟ်ပြည်၌စေတီတဆူ,

၂။ ဝေသာလီပြည်၌,စေတီတဆူ,

၃။ ကပိလဝတ်ပြည်၌ စေတီတဆူ,
၄။ အလ္လကပ္ပပြည်၌ စေတီတဆူ,
၅။ ရာမရွာ၌ စေတီတဆူ,
၆။ ဝေဋ္ဌဒီပကပြည်၌ စေတီတဆူ,
၇။ ပါဝေယျကပြည်၌ စေတီတဆူ,
၈။ ကုသိနာရုံပြည်၌ စေတီတဆူ,

ဤသို့လျှင် ရှစ်ဆူသော စေတီတို့ကို ဇမ္ဗူဒိပ်ကျွန်း၌ တည်ထား ကုန်၏။

၉။ အင်္ဂါရ စေတီ,
၁၀။ တုမ္ဗ စေတီတို့နှင့်တကွ,

စေတီတို့သည်ဆယ်ဆူဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ ဆယ်ဆူသော စေတီတို့ကို အလုံးစုံသောနတ်လူသည် ထိုက်သင့်သည် အားလျော်စွာ အခါခပ်သိမ်း ဆည်းကပ်ပူဇော်အပ်,ရှိခိုးအပ်ကုန်သည်သာဖြစ်ကုန်၏။

ဒသထူပကထာပြီး၏။

---

## ၃။ ဓာတုနိဓာနကထာ

### ၃၁။ ဓာတ်တော်တို့ကိုဌာပနာခြင်း

ဤသို့လျှင် စေတီတို့ကိုတည်ထားပြီးသောအခါ အရှင်မဟာကဿပ မထေရ်သည် ဓာတ်တော်တို့၏ အန္တရာယ်ကို မြင်တော်မူသောကြောင့် အဇာတသတ် မင်း၏နန်းတော်သို့ ကြွတော်မူပြီးလျှင် "မြတ်သော မင်းကြီး.... တခုတည်းသော ဓာတ်တော် ဌာပနာတိုက်ကို ပြုခြင်းငှါ သင့်၏"ဟုမိန့်တော်မူ၏၊ "အရှင်ဘုရား....ကောင်းပါပြီ၊ ဓာတ်တော် ဌာပနာတိုက် ပြုလုပ်ရန်အမှုသည် ကျွန်ုပ်၏တာဝန်ဖြစ်ပါစေ၊ ဓာတ်တော်တို့ကို အဘယ်ကဲ့သို့ပင့်ယူရအံ့နည်း"ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး....ဓာတ်တော်တို့ကို ပင့်ယူခြင်းသည် သင်၏တာဝန်မဟုတ်၊ ငါ၏တာဝန်ဖြစ်သည်" ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား.... ကောင်းပါပြီ၊ အရှင်ဘုရားတို့သည် ဓာတ်တော်တို့ကို ပင့်ယူပါကုန်၊ ကျွန်ုပ်သည် ဓာတ်တော်ဌာပနာတိုက်ကို ပြုပါအံ့"ဟု လျှောက်လေ၏၊

ရှင်မဟာကဿပ မထေရ်သည် ထိုထိုမင်းတို့၏ ပူဇော်လောက်ရုံမျှ သော ဓာတ်တော်တို့ကို ထားပြီးလျှင် ကြွင်းသော ဓာတ်တော်တို့ကို ပင့် ယူတော်မူ၏။

ရာမရွာ၌ ဓာတ်တော်တို့ကို နဂါးတို့သည် သိမ်းဆည်းကြကုန်၏၊ ထိုဓာတ်တော်တို့အား အန္တရာယ်မရှိ၊ နောင်အခါ လက်ာဒီပကျွန်း၌ မဟာဝိဟာရကျောင်းတိုက် မဟာစေတီ၌ ဌာပနာလတ္တံ့ဟု သိတော် မူသောကြောင့် ပင့်ယူတော်မမူ၊ ရာမရွာမှ တပါးကုန်သော ခုနစ်ခု သောမြို့တို့မှ ပင့်ယူပြီးလျှင် ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်မျက်နှာ အရပ်၌ထား၍ "ဤနေရာ၌ရှိသော ကျောက်တို့သည် ပျောက်ကွယ်စေ ကုန်သတည်း၊ သန့်ရှင်းစင်ကြယ်သော မြေဖြစ်စေသတည်း၊ ရေမထွက် စေသတည်း" ဟုမိဋ္ဌာန်တော်မူလေ၏၊ အဇာတသတ်မင်းကြီးသည် ထိုနေရာကို တူးစေသည်ရှိသော် ထိုနေရာမှထုတ်ယူအပ်သောမြေဖြင့် အုတ်လုပ်စေပြီးလျှင် ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီတို့ကို ပြုစေ၏။

ဤနေရာ၌ မင်းကြီးသည် အဘယ်ကိုပြုပါသနည်းဟု မေးကုန် သောသူတို့အားလည်း မဟာသာဝကတို့၏ စေတီတို့ကိုပြုကုန်၏ဟုပြော ဆိုကြကုန်၏၊ ဓာတ်တော်ဌာပနာကြောင်းကို သိသောသူတစုံတယောက်မျှမရှိချေ၊ အ၁တောင်ရှစ်ဆယ်နက်သောနေရာသို့ ရောက်လတ် သော် အောက်၌သံကို ခင်းစေပြီးလျှင် ထိုအခင်း၏အပေါ်၌ ထူပါရုံစေ တီအိမ်ပမာဏရှိသော ကြေးနီဖြင့်ပြီးသော စေတီအိမ်ကို ပြုလုပ်စေ၍ ရှစ်ခုရှစ်ခုကုန်သော စန္ဒကူးရွှေဖြင့်ပြီးကုန်သော ကြုတ်နှင့်စေတီတို့ကို ပြုလုပ်စေ၏၊ ထိုအခါ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စန္ဒကူးရွှေ ကြုတ်၌ထည့်ပြီးလျှင် ထိုစန္ဒကူးရွှေကြုတ်ကို တပါးသော စန္ဒကူးရွှေ ကြုတ်၌, ထိုကြုတ်ကိုလည်း တပါးသော စန္ဒကူးရွှေကြုတ်၌၊ ဤသို့လျှင်—

၁။ ရှစ်ခုကုန်သော စန္ဒကူးရွှေကြုတ်တို့ကို တခုတည်းပြုလုပ်၍ ဤ နည်းအတူသာလျှင် ရှစ်ခုကုန်သော စန္ဒကူးရွှေစေတီတို့၌, ရှစ်ခုကုန်သောစေတီတို့၌,

၂။ ရှစ်ခုကုန်သောစန္ဒကူးရွှေစေတီတို့ကို ရှစ်ခုကုန်သောစန္ဒကူး နီကြုတ်တို့၌,

၃။ ရှစ်ခုကုန်သော စန္ဒကူးနီကြုတ်တို့ကို ရှစ်ခုကုန်သောစန္ဒကူးနီစေတီတို့၌,
၄။ ရှစ်ခုကုန်သော စန္ဒကူးနီစေတီတို့ကို ရှစ်ခုကုန်သောဆင်စွယ်ကြုတ်တို့၌,
၅။ ရှစ်ခုကုန်သော ဆင်စွယ်ကြုတ်တို့ကို ရှစ်ခုကုန်သောဆင်စွယ်စေတီတို့၌,
၆။ ရှစ်ခုကုန်သော ဆင်စွယ်စေတီတို့ကို ရှစ်ခုကုန်သော အလုံးစုံသောရတနာဖြင့်ပြီးသောကြုတ်တို့၌,
၇။ ရှစ်ခုကုန်သော အလုံးစုံသော ရတနာဖြင့်ပြီးသောကြုတ်တို့ကို ရှစ်ခုကုန်သော အလုံးစုံသော ရတနာဖြင့်ပြီးသောစေတီတို့၌,
၈။ ရှစ်ခုကုန်သော အလုံးစုံသော ရတနာဖြင့်ပြီးသော စေတီတို့ကို ရှစ်ခုကုန်သော ရွှေကြုတ်တို့၌,
၉။ ရှစ်ခုကုန်သော ရွှေကြုတ်တို့ကို ရှစ်ခုကုန်သော ရွှေစေတီတို့၌,
၁၀။ ရှစ်ခုကုန်သော ရွှေစေတီတို့ကို ရှစ်ခုကုန်သော ငွေကြုတ်တို့၌,
၁၁။ ရှစ်ခုကုန်သော ငွေကြုတ်တို့ကို ရှစ်ခုကုန်သော ငွေစေတီတို့၌,
၁၂။ ရှစ်ခုကုန်သော ငွေစေတီတို့ကို ရှစ်ခုကုန်သော ပတ္တမြားကြုတ်တို့၌,
၁၃။ ရှစ်ခုကုန်သော ပတ္တမြားကြုတ်တို့ကို ရှစ်ခုကုန်သောပတ္တမြားစေတီတို့၌,
၁၄။ ရှစ်ခုကုန်သော ပတ္တမြားစေတီတို့ကို ရှစ်ခုကုန်သောပတ္တမြားနီကြုတ်တို့၌,
၁၅။ ရှစ်ခုကုန်သောပတ္တမြားနီကြုတ်တို့ကို ရှစ်ခုကုန်သောပတ္တမြားနီစေတီတို့၌,
၁၆။ ရှစ်ခုကုန်သောပတ္တမြားနီစေတီတို့ကို ရှစ်ခုကုန်သောပတ္တမြားပြောက်ကြုတ်တို့၌,
၁၇။ ရှစ်ခုကုန်သော ပတ္တမြားပြောက်ကြုတ်တို့ကို ရှစ်ခုကုန်သော ပတ္တမြားပြောက်စေတီတို့၌,

၁၇။ ရှစ်ခုကုန်သော ပတ္တမြားပြောက်စေတီတို့ကို ရှစ်ခုကုန်သော ဖလ်ကြုတ်တို့၌,

၁၉။ ရှစ်ခုကုန်သော ဖလ်ကြုတ်တို့ကို ရှစ်ခုကုန်သော ဖလီစေတီတို့၌—

ထည့်၍အလုံးစုံတို့၏အထက် အဆုံးဖြစ်သော ဖလ်စေတီသည် ထုပါရုံစေတီပမာဏရှိလေ၏၊ ထိုဖလ်စေတီ၏အထက်၌ အလုံးစုံသော ရတနာတို့ဖြင့်ပြီးသော စေတီအိမ်ကို ပြုလုပ်စေ၏၊ ထိုအလုံးစုံသော ရတနာတို့ဖြင့်ပြီးသော စေတီအိမ်၏အထက်၌ ရွှေစေတီအိမ်ကို, ထိုရွှေစေတီအိမ်၏ အထက်၌ ငွေစေတီအိမ်ကို, ထိုငွေစေတီအိမ်၏အထက်၌ ကြေးနီစေတီအိမ်ကို ပြုလုပ်တော်မူ၏၊ ထိုစေတီအိမ်တို့၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော သဲကိုကြဲ၍ ကုန်း,ရေ၌ပွင့်ကုန်သော ပန်းတထောင်တို့ကို ဖြန့်ကြဲလျက် ငါးရာငါးဆယ်သော ဇာတ်တော်, ရှစ်ကျိပ်သော မဟာထေရ်,သုဒ္ဓေါဒနမင်းကြီး, မဟာမာယာဒေဝီ, ဖွားဘက်ကော်ခုနစ်ယောက်၊ ထိုအလုံးစုံတို့ကို ရွှေဖြင့်သာလျှင်ပြုလုပ်စေ၏၊ ငါးရာကုန်သော ငွေအိုးတို့ကိုထားစေ၏၊ ငါးရာကုန်သော ရွှေတံခွန်တို့၌ ငါးရာသောရွှေဆီမီးတိုင်တို့ ပြုလုပ်စေပြီးလျှင် ကောင်းသောအနံ့ရှိသော ဆီဖြင့်ပူဇော်၍ ထိုဆီမီးတိုင်တို့၌ ဘွဲ့ဖြူပုဆိုးမီးစာတို့ကိုထား၏၊ ထိုအခါ ရှင်မဟာကဿပမထေရ်သည်—

> "ပန်းတို့သည် မညှိုးနွမ်းပါစေကုန်လင့်၊ နံ့သာတို့သည် မပျက်စီးပါစေကုန်လင့်၊ ဆီမီးတို့သည် မငြိမ်းပါစေကုန်လင့်" ဟု မိန့်ဓာန်တော်မူပြီးလျှင် ရွှေပြား၌ "နောင်အခါ အသောကမင်းကြီးသည် ထီးဖြူတော်ကို စိုက်ထောင်ပြီးလျှင် မင်းပြုလတ္တံ့၊ ထိုအသောကမင်းကြီးသည် ဤဓာတ်တော်တို့ကို ပျံ့နှံ့အောင်ပြုလတ္တံ့"—

ဟု အက္ခရာတို့ကိုထွင်း၍ ထားတော်မူ၏၊ အဇာတသတ်မင်းကြီးသည် အလုံးစုံသောတန်ဆာတို့ဖြင့် ပူဇော်ပြီးသောအခါ အစမှစ၍ တံခါးကိုပိတ်၍ထွက်တော်မူ၏၊ ကြေးနီတံခါးကိုပိတ်ပြီးလျှင် တံခါးရွက်ကိုဆွဲသောကြိုး၌ တံခါးကိုဖွင့်ခြင်းငှါ သံကောက်နှင့်လက်စွပ်ကို ချီ၍

ထားလေ၏၊ ထိုသံကောက်နှင့် လက်စွပ်ထားရာနေရာ၌သာလျှင် ပတ္တမြားတုံးကြီးကိုထားစေ၏၊ "နောင်အခါ ဆင်းရဲသောမင်းတို့သည် ဤပတ္တမြားကိုယူပြီးလျှင် ဓာတ်တော်တို့ကို ပူဇော်ခြင်းကို ပြုကြကုန်လော့"ဟု အက္ခရာတို့ကို ထွင်း၍ထားစေ၏၊ သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်တော်မူပြီးလျှင် "အမောင်နတ်သား....အဇာတသတ်မင်းကြီးသည် ဓာတ်တော်တို့ကိုမြှုပ်ထား၏၊ ဤဓာတ်တော်တိုက်၌ အစောင့်အရှောက်ကိုထားလော့"ဟု စေလွှတ်၏၊ ဝိသုကြုံနတ်သားသည် လာပြီးလျှင် တခုနှင့်တခုထိစပ်သော သားရဲရုပ်ရှိသော ယန္တရားစက်ကိုတပ်ထားလေ၏၊ ထိုဓာတ်တော်တိုက်၌ သစ်သားရုပ်တို့ကို ဖလ်အဆင်းရှိသော သန်လျက်တို့ကိုကိုင်လျက် လေနှင့်တူသော အဟုန်ဖြင့် လှည့်လည်နေသည်ကိုတပ်ထား၍ မယ်န(စို့) တခုတည်းဖြင့်သာလျှင်ဖွဲ့လျက် ထက်ဝန်းကျင်၌ အုတ်တိုက်သဏ္ဍာန်ဖြင့် ကျောက်တို့ကိုအကာပြု၍ အထက်၌ တခုသောကျောက်ဖြင့်ပိတ်၍ မြေနှင့်ညီမျှအောင် မြေထည့်ပြီးလျှင် ထိုမြေ၏အထက်၌ ကျောက်စေတီကိုတည်ထားလေ၏။

ဓာတုနိဓာနကထာပြီး၏။

---

## ၄။ စတုရာသီတိသဟာယသူပကထာ

### ၃၂။ အသောကမင်းကြီးအကြောင်း

ဤသို့လျှင် ဓာတ်တော်တို့ကို ဌာပနာ၍ထားခြင်းကိုစွပြီးလတ်သော် အသက်ထက်ဆုံးတည်တော်မူ၍ အရှင်မဟာကဿပသည် ပရိနိဗ္ဗာန်ပြုသောအခါ အဇာတသတ် မင်းကြီးသည်လည်း ကံအားလျော်စွာဖြစ်လေ၏၊ လူတို့သည်လည်းသေကြကုန်၏၊ နောက်အဘို့၌ အသောကမင်းသားသည် ထီးဖြူကိုစိုက်ထူပြီးလျှင် အသောကမည်သောမင်း ဖြစ်တော်မူ၍ ဓာတ်တော်တို့ကိုပင့်ယူပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း၌ ရှစ်သောင်း လေးထောင်သောစေတီတို့၌ ဌာပနာ၍ထားတော်မူ၏၊ အဘယ်ကဲ့သို့ထားသနည်းဟူမူ- ဗိန္ဒုသာရမင်းကြီးအား တရာ့တယောက်သောသားတို့သည် ရှိကုန်၏၊ ထိုတရာ့တယောက်သောမင်းသားတို့ကို အသောက

မင်းကြီးသည် မိမိနှင့်မိခင်တူသော တိဿမင်းသားကို ထားပြီးလျှင် ကြွင်းသောမင်းသားတို့ကို သတ်စေ၏၊ သတ်ပြီးသောအခါ လေးနှစ်တို့ပတ်လုံး အဘိသိက်မသွန်းမူ၍ မင်းပြုတော်မူလျက် လေးနှစ်လွန်လတ်သော် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်မှ နှစ်ရာတဆယ့်ရှစ်နှစ်၌ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌ ဧကရာဇ်မင်း၏ အဘိသိက်ကိုပြုတော်မူ၏။

အဘိသိက်၏အာနုဘော်ကြောင့် မြေအောက်၌တယူဇနာ, အထက်ကောင်းကင်၌ တယူဇနာရှိသောအရပ်၌ အာဏာ ရောက်လေ၏၊ အနောတတ္တအိုင်မှ ရှစ်ခုသောဆိုင်းတို့ဖြင့် တဆယ့်ခြောက်လုံးသော သောက်ရေအိုးတို့ကို နေ့စဉ်နတ်တို့သည် ဆောင်၍ပေးကြကုန်၏၊ ထို တဆယ့်ခြောက်လုံးသောအိုးတို့မှ သာသနာတော်၌ ကြည်ညိုသောသဒ္ဓါတရားရှိခြင်းကြောင့် ရှစ်လုံးသောအိုးတို့ကို ရဟန်းသံဃာအားလှူ၏၊ နှစ်လုံးသောအိုးတို့ကို ပိဋကတ်သုံးပုံကို ဆောင်ကုန်သော ခြောက်သောင်းသော ရဟန်းတို့အားလှူ၏၊ နှစ်လုံးသောအိုးတို့ကို အသန္ဓိမိတ္တာမိဖုရားကြီးအားပေး၏၊လေးလုံးသောအိုးတို့ကို မိမိသုံးဆောင်၏၊ နတ်တို့သည်သာလျှင် ပြေပြစ်နူးညံ့သော အရသာနှင့် ပြည့်စုံသော နာဂလတာဒန်ပူသည် ဟိမဝန္တာတော၌ရှိ၏၊ ထိုဒန်ပူကို နေ့တိုင်းယူဆောင်၍ပေးကြကုန်၏၊ နတ်တို့ပေးသောဒန်ပူဖြင့် မင်းကြီးနှင့်မိဖုရားကြီး,တသောင်းခြောက်ထောင်သော မင်းမောင်းမ, ခြောက်သောင်းသောရဟန်းတို့အား နေ့စဉ် ဒန်ပူကိစ္စသည်ပြီး၏၊ နေ့စဉ်သာလျှင် ထိုမင်းကြီးအား နတ်တို့သည် ဆေးဖြစ်သော သျှစ်သျှား, သဖန်းခါး, ရွှေအဆင်းရှိသော အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကို ဆောင်၍ ပေးကုန်၏။

ထို့အတူဆဒ္ဒန်အိုင်မှ အဆင်းငါးပါးရှိသော ဝတ်လောက်ရုံလောက်သော အဝတ်ကိုရင်း, ရွှေသောအဆင်းရှိသော လက်သုတ်ပုဝါကိုရင်း, နတ်၌ဖြစ်သော အဖျော်ကိုရင်း ဆောင်၍ပေးကြကုန်၏၊ နေ့တိုင်းသာလျှင် ထိုမင်းကြီးအား လိမ်းသောနံ့သာကိုရင်း, ခြုံတော်မူခြင်းငှာချည်ဖြင့်မရက်သော မလေးပန်းအဝတ်ကိုရင်း, မြတ်သောသူတို့အား ထိုက်သောမျက်စဉ်းကိုရင်း, နဂါးပြည်မှနဂါးတို့သည် ဆောင်၍ပေး

ကြကုန်၏၊ဆဒ္ဒန်အိုင်၌ပေါက်သော လှည်းကိုးထောင်တို့ဖြင့်ယူလောက်ကုန်သော သလေးတို့ကို နေ့စဉ်ကျေးတို့သည် ဆောင်၍ပေးကုန်၏၊ ကြွက်တို့သည် ဖွဲမရှိသည်တို့ကိုပြုကုန်၏၊ဆန်ကျိုးတခုမျှမရှိချေ၊ မင်းကြီးအား အလုံးစုံသောနေရာတို့၌ ဤဆန်ကိုသာလျှင် သုံးဆောင်တော်မူ၏၊ ပျားတို့သည် ပျားလဘို့ကို ပြုကြကုန်၏၊ပန်းဘဲတင်းကုတ်တို့၌ ဝံတို့သည် တူကိုထုရိုက်ကုန်၏၊ကရဝိက်, ကြိုးကြာတို့သည် လာပြီးလျှင် သာယာစွာသောအသံကို ကျူးရင့်ကုန်၍ မင်းကြီးအား ပူဇော်ခြင်းအမှုကို ပြုကြကုန်၏၊ ဤမင်း၏တန်ခိုးတို့သည် ဖြစ်ပေါ်လာကုန်၏။

ဤတန်ခိုးတို့နှင့် ပြည့်စုံတော်မူသော မင်းကြီးသည် တနေ့သ၌ ရွှေခြေကျဉ်းကိုစေလွှတ်၍ ဘုရားလေးဆူတို့၏ အဆင်းတော်ကို ဖူးမြင်ရသော တကမ္ဘာအသက်ရှည်သော ကာလနဂါးမင်းကို ခေါ်တော်မူပြီးလျှင် ထီးဖြူတော်အောက်၌ မြတ်သောသူတို့အား ထိုက်သောပလ္လင်၌နေစေ၍ များစွာသောအဆင်းရှိကုန်သောရေ၌ဖြစ်သောပန်း, ကြည်း၌ ဖြစ်သောပန်းတို့ဖြင့်၎င်း, ရွှေအဆင်းရှိသော ပန်းတို့ဖြင့်၎င်း ပူဇော်လျက် အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော တသောင်းခြောက်ထောင်ကုန်သော မင်းမောင်းမတို့ဖြင့် ထက်ဝန်းကျင် ရံလျက်—

"အဆုံးမရှိသော ဉာဏ်တော် ရှိတော်မူသော သူတော်ကောင်းတို့၏တရားဖြင့် မြတ်သော စကြဝတ္တိမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏အဆင်းတော်ကို ငါ၏မျက်စေ့တို့အား ထင်ရှားအောင်ပြုလော့"—

ဟုမိန့်တော်မူ၍ ထိုကာလနဂါးမင်းသည် ဘန်ဆင်းအပ်သော အလုံးစုံသော ကိုယ်၌ပြွမ်းသော ကုသိုလ်၏ အာနုဘော်ကြောင့် ဖြစ်သောရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ဖြင့် တင့်တယ်သော ပွင့်သော ကြာညို, ကြာပုဏ္ဍရိက်တို့ဖြင့် တန်ဆာဆင်အပ်သော ရေအပြင်ကဲ့သို့၎င်း, ကြယ်တာရာအပေါင်းတို့၏ အရောင်တို့မှထွက်သဖြင့် တင့်တယ်တောက်ပသော ကောင်းကင်ပြင်ကဲ့သို့၎င်း, အညို-အရွှေ-အနီအစရှိသော အထူးသဖြင့် ဆန်းကြယ်သော အရောင်တို့

ဖြင့်၎င်း, မွေးယှက်အပ်သော တလံမျှလောက်သော ရောင်ခြည်တော်အ၀န်းတို့ဖြင့် တင့်တယ်သော ဆည်းဆာရောင်တို့ဖြင့်တပ်သော သက်တင်(သက်တန့်)လျှပ်စစ်နွယ်တို့ဖြင့် ဝန်းရံအပ်သော ရွှေတောင်ထွတ်ကဲ့သို့၎င်း, အထူးထူးသောအဆင်းတို့ဖြင့် တပ်အပ်သော အညစ်အကြေးကင်းသော ကေတုမာလာမည်သော ရောင်လျှံတော် ကဲ့သို့၎င်း, တောက်ပခြင်းတို့ထက် အထူးသဖြင့်တောက်ပ တင့်တယ်သော မျက်စိ၏ အရသာကဲ့သို့၎င်း,ဗြဟ္မာ, နတ်,လူ, နဂါး, ဘီလူးအပေါင်းတို့၏ မြတ်စွာဘုရား၏အဆင်းတော်ကို ဖူးမြင်ကြရသောကြောင့် ခုနစ်ရက်တို့ပတ်လုံး မျက်စိပူဇော်သော ပွဲမည်သည်ကို ပြုတော်မူ၏။

အသောကမင်းကြီးသည် ရာဇာဘိသေက ဘိသိက်တော်ကို ခံယူတော်မူပြီးသည်နောက် သုံးနှစ်တို့ပတ်လုံး သာသနာတော်မှ အပဖြစ်သော ပါသဏ္ဍာအယူကိုယူတော်မူ၏၊လေးနှစ်မြောက်တွင် ဘုရားသာသနာတော်၌ ကြည်ညိုတော်မူ၏၊ ထိုအသောကမင်းကြီး၏ ခမည်းတော်ဖြစ်တော်မူသော ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားတို့အား၎င်း, ပုဏ္ဏားမျိုး၌ ဖြစ်သော ပါသဏ္ဍာအယူရှိသော ပုဂ္ဂိုလ်တို့အား ၎င်း, ဘိုးသူတော်- ပရိဗိုဇ် အစရှိကုန်သောသူတို့အား၎င်း ခြောက်သောင်းအရေအတွက်ရှိကုန်သော ပုဂ္ဂိုလ်တို့အား အမြဲမပြတ် ဆွမ်းကျွေးတော်မူ၏၊ အသောကမင်းကြီးသည် ခမည်းတော် ပေးလှူအပ်သော ဒါနကို မိမိ၏နန်းတော်တွင်း၌ ခမည်းတော်ကဲ့သို့ပေးလှူသည်ရှိသော် တနေ့သ၌ ခြသေ့်ခံသောလေသာတံခါး၌ရပ်လျက် သာသနာတော်မှ အပဖြစ်သော အကျင့်ဖြင့် စားသောက်ကုန်သော မစောင့်ရှောက်သောဣန္ဒြေ,မဆုံးမသော ဣရိယာပုထ်ရှိကုန်သော ထိုဆွမ်းစားသော ပုဂ္ဂိုလ်တို့ကို မြင်သောအခါ "ဤသို့သဘောရှိသောဒါနကို စူးစမ်းဆင်ခြင်၍ ပေးလှူသင့်သောပုဂ္ဂိုလ်၌ ပေးလှူခြင်းငှါသင့်၏"ဟု ကြံစည်တော်မူ၏။

ကြံစည်ပြီးသောအခါ "အမတ်ကြီးတို့····သွားကြကုန်လော့၊ မိမိမိမိ၏ သူတော်ကောင်းဟု သမုတ်အပ်ကုန်သော ကိလေသာတို့ကိုအပပြုကုန်သော ရဟန်းတို့ကို နန်းတော်တွင်းသို့ပင့်ကြကုန်၊ ပေးလှူအံ့"ဟု အမတ်တို့ကို မိန့်တော်မူ၏၊ အမတ်တို့သည် မင်းကြီး၏စကားကို

ဝန်ခံပြီးလျှင် ဘိုးသူတော်,ပရိဗိုဇ်,အာဇီဝက,နိဂဏ္ဌ အစရှိသည့်တို့ကို ပင့်ပြီးလျှင် "မြတ်သောမင်းကြီး…. ဤအရှင်တို့သည် ကျွန်ုပ်တို့၏ ရဟန္တာတို့တည်း"ဟု လျှောက်ကြကုန်၏၊ ထိုအခါ မင်းကြီးသည် နန်းတော်တွင်း၌ အယုတ်အမြတ်ဖြစ်သော နေရာတို့ကိုခင်းစေပြီးလျှင် "ကြွတော်မူကြပါကုန်"ဟု လျှောက်၍ လာတိုင်းလာတိုင်းကုန်သော ပုဂ္ဂိုလ်တို့ကို"မိမိအား လျှောက်ပတ်သောနေရာ၌နေကြပါကုန်" ဟု လျှောက်လေ၏၊ အချို့သော ပုဂ္ဂိုလ်တို့သည် ကြိမ်ခတ်သော အင်းပျဉ် တို့၌,အချို့သောပုဂ္ဂိုလ်တို့သည် ပျဉ်ချပ်အင်းပျဉ်တို့၌ နေကုန်၏၊ ထိုသို့ နေသည်ကိုမြင်သောအခါ မင်းကြီးသည် ဤပုဂ္ဂိုလ်တို့၏ အတွင်း၌ တရားအနှစ်မရှိဟုသိ၍ ထိုပုဂ္ဂိုလ်တို့အား သင့်လျော်သော ခဲဘွယ်ဘောဇဉ်ကိုပေးလှူပြီးလျှင် နန်းတော်မှ ကြွသွားစေ၏။

## ၃၃။ နိဂြောဓသာမဏေအကြောင်း

ဤသို့ ပေးလှူခြင်းဖြင့် ကာလကြာမြင့်လတ်သော် ခြသေ့်ခံသော လေသာပြူတင်း၌ ရပ်တော်မူလျက် မင်းရင်ပြင်ဖြင့် ကြွသွားတော်မူသော စောင့်ရှောက်အပ်သော ဣန္ဒြေရှိသော ဣရိယာပုထ်နှင့်ပြည့်စုံသော နိဂြောဓသာမဏေကိုမြင်လေ၏၊ ဤနိဂြောဓသာမဏေသည် အဘယ်ပုဂ္ဂိုလ်ဖြစ်သနည်းဟူမူ ဗိန္ဒုသာရမင်းကြီး၏ အကြီးဆုံးသော သားဖြစ်သော သုမနမင်းသား၏ သားတည်း၊ ဗိန္ဒုသာရမင်းကြီး၏ နတ်ရွာစံခါနီးကာလ၌ အသောကမင်းသည် မိမိပိုင်စားရသောဥဇ္ဇေနီမင်း၏အဖြစ်ကို စွန့်၍လာပြီးလျှင် အလုံးစုံသောမြို့ကိုသိမ်း၍ သုမန မင်းသားကို ဖမ်းလေ၏။

ထိုနေ့၌ သုမနမင်းသား၏ မိဖုရားကြီးဖြစ်သော သုမနဒေဝီသည် ပြည့်သော ကိုယ်ဝန်ရှိလေ၏၊ ထိုသုမနဒေဝီမိဖုရားသည် မထင်ရှားသော အသွင်ဖြင့်ထွက်ပြေး၍ အနီး၌တခုသောစဏ္ဍာလရွာကို ရည်မှန်းလျက် သွားသောအခါ စဏ္ဍာလကြီး၏အိမ်မှ အနီးဖြစ်သော တခုသောပညောင်ပင်၌နေသော "သုမနမင်းသမီး….ဤအရပ်သို့လာလော့"ဟုဆိုသော နတ်၏အသံကိုကြားသောအခါ ထိုနတ်၏အနီးသို့ သွားလေ၏၊ နတ်သည်မိမိ၏အာနုဘော်ကြောင့် စရပ်တဆောင်ကို

ဖန်ဆင်းပြီးလျှင် ထိုစရပ်၌နေလေ့ဟု ပေးလေ၏၊ သုမနမင်းသမီးသည် ထိုစရပ်သို့ ရောက်သောနေ့၌သာလျှင် သားကို ဖွားလေ၏၊ ထိုသုမနမိဖုရားသည် သားတော်အား ပညောင်ပင်စောင့်နတ်သည် သိမ်းယူအပ်သည်၏ အဖြစ်ကြောင့် နိဂြောဓသတို့သား ဟူသော အမည်ကိုမှည့်လေ၏၊စဏ္ဍာလကြီးသည် မြင်သောနေ့မှစ၍ မိဖုရားကို မိမိအရှင်၏ သမီးကဲ့သို့ မှတ်ထင်လျက် ဝတ်ကိုအမြဲပြုလေ၏၊ မင်းသမီးသည် ထိုစရပ်၌ ခုနစ်နှစ်နေလေ၏။

နိဂြောဓမင်းသားသည်ခုနစ်နှစ်ရှိသောအခါ သူငယ်၏ကုသိုလ်ကံနှင့်ပြည့်စုံသည်ကို မြင်တော်မူ၍ စောင့်ရှောက်လျက် နေတော်မူသော ရဟန္တာဖြစ်တော်မူသော အရှင်မဟာဝရုဏထေရ်သည် "ယခုသူငယ်သည် ခုနစ်နှစ်ရှိပြီ ရှင်ပြုချိန်တန်ပြီဟုကြံတော်မူပြီးလျှင် မင်းသမီးအားပြောကြား၍ နိဂြောဓမင်းသားကို ရှင်ပြုစေ၏၊ မင်းသားသည် သင်ဓုန်းဖျား၌သာလျှင် ရဟန္တာဖြစ်တော်မူ၏၊ ထိုနိဂြောဓသာမဏေသည် တနေ့သ၌ နံနက်ချိန် ကိုယ်ကိုသုတ်သင်ပြီးလျှင် ဆရာဥပဇ္ဈာယ်၏ဝတ်ကိုပြု၍ သပိတ်သင်္ကန်းကိုယူလျက် မယ်တော်၏အိမ်သို့သွားအံ့ဟု လာလတ်သော် ထိုမယ်တော်၏နေအိမ်သို့ တောင်တံခါးဖြင့် မြို့သို့ဝင်ပြီးလျှင် မြို့လယ်ဖြင့်သွား၍ အရှေ့တံခါးဖြင့်ထွက်၍ သွားရလေ၏၊ ထိုအခါ အသောကမင်းကြီးသည် အရှေ့အရပ်သို့မျက်နှာပြုလျက် ခြင်္သေ့ခံသော လေသာပြူတင်း၌ စင်္ကြံကြွသွားတော်မူ၏။

ထိုခဏ၌ နိဂြောဓသာမဏေသည် ငြိမ်သက်သောဣန္ဒြေ,ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍လေးတောင်မျှကိုကြည့်ရှုတော်မူလျက် မင်းရင်ပြင်သို့ ရောက်တော်မူ၏၊ ငြိမ်သက်သောဣန္ဒြေ,ဣရိယာပုထ်နှင့်ပြည့်စုံသောမင်းရင်ပြင်ဖြင့် ကြွသွားတော်မူသော နိဂြောဓသာမဏေကိုမင်းကြီးမြင်သောအခါ "ဤလူအပေါင်းသည်ပျံ့လွင့်သောစိတ်ရှိ၏၊ တုန်လှုပ်သောသားယင်နှင့်တူ၏၊ ဤသူငယ်ကား တုန်လှုပ်သောစိတ်မရှိ၊ အလွန်တင့်တယ်သော ကြည့်ရှု သွား, လာခြင်းရှိ၏၊ ထိုသူငယ်၏ အတွင်း၌ လောကုတ္တရာတရားသည် အမှန်အားဖြင့်ရှိလတ္တံ့ဟု မြင်သည်နှင့် တပြိုင်နက် သာမဏေ၌ ကြည်ညိုသောစိတ်, ချစ်ခင်သော

စိတ်သည် ဖြစ်ပေါ်လေ၏၊ အဘယ်ကြောင့် ကြည်ညို,ချစ်ခင်သော စိတ် ဖြစ်သနည်းဟူ မူ–ရှေးဘဝ၌ ကုသိုလ် ကောင်းမှုကို ပြုကြသော အခါ အသောကမင်းကြီးသည်အစ်ကိုကြီးဖြစ်ဘူးသောကြောင့်ကြည်ညို ချစ်ခင်သောစိတ် ဖြစ်ပေါ်လာ၏။

ထိုအခါ အသောကမင်းကြီးသည် များစွာချစ်ခင်မြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ ''သာမဏေကိုပင့်ကြကုန်''ဟု အမတ်တို့ကိုစေလွှတ် လေ၏၊ အလွန်ကြာသည်ဟု မှတ်ထင်တော်မူသောကြောင့် အမြန်ကြွ လာတော်မူပါဟု နှစ်ယောက်, သုံးယောက်သော အမတ်တို့ကို တဖန် စေလွှတ်တော်မူ၏၊ သာမဏေသည် မိမိ၏ပကတိ သွားလာမြဲဖြင့် သာလျှင် ကြွလာတော်မူ၏၊မင်းကြီးသည် ''သင့်တင့်လျောက်ပတ်သော နေရာကိုသိ၍ နေထိုင်တော်မူပါ''ဟု လျှောက်လေ၏၊ ထိုမှ၍မှကြည့်ရှု လတ်သော် ငါမှတပါးကုန်သော ရဟန်းတို့သည် ယခုမရှိဟုသိတော် မူ၍ စိုက်ထောင်အပ်သော ထီးဖြူရှိသော ရာဇပလ္လင်သို့ကြွတော်မူ၍ သပိတ်ကိုယူရန် မင်းကြီးအား အခြင်းအရာကိုပြလေ၏၊ မင်းကြီးသည် ပလ္လင်အနီးသို့ ကြွသွားသည်ကို မြင်သောအခါ ''ယခုအခါ ဤသာမ ဏေသည် ဤနန်းတော်၏ အရှင်ဖြစ်လတ္တံ့''ဟုကြံစည်တော်မူ၏၊သာမ ဏေသည် မင်းကြီး၏လက်၌ သပိတ်ကိုပေးပြီးလျှင် ပလ္လင်သို့တက် လျက် နေတော်မူ၏။

မင်းကြီးသည် မိမိ၏အကျိုးငှါ စီရင်အပ်သော အလုံးစုံသော ယာဂု ခဲဘွယ် ဆွမ်းအထူးကို ကပ်လေ၏၊ သာမဏေသည် မိမိ၏မျ လောက်ရုံကိုသာလျှင် ခံယူတော်မူလေ၏၊ ဆွမ်းစားပြီးသည် အဆုံး၌ မင်းကြီးသည် ''အရှင်သာမဏေတို့၏ဆရာသည် ပေးအပ်သောအဆုံး အမတော်ကို သိပါကုန်သလော'' ဟု လျှောက်လေ၏၊ ''မြတ်သော မင်းကြီး.... တခုသောဒေသနာကိုသိပါ၏'' ဟု ပြောလေ၏၊ ရှေးဦး စွာအကျွန်ုပ်အားလည်း ထိုဒေသနာကိုဟောတော်မူပါ'' ဟု လျှောက် လေသော် ''မြတ်သောမင်းကြီး....ကောင်းပြီဟုဝန်ခံပြီးလျှင် မင်းကြီး အားလျော်သော ဓမ္မပဒပါဠိတော်၌ အပ္ပမာဒဝဂ်ကို အနုမောဒနာ ပြုခြင်းအကျိုးငှါ ဟောတော်မူလေ၏၊ မင်းကြီးသည်–

အပ္ပမာဒေါ အမတံ ပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။

ဟူ၍ ကြားနာရ၍ "အရှင်သာမဏေ····သိပါပြီ၊ ပြီးဆုံးတော်မူပါလော့" ဟု လျှောက်လေ၏၊ အနုမောဒနာ၏အဆုံး၌ "အရှင်သာမဏေအား ရှစ်ခုကုန်သော အမြဲလှူအပ်သောဆွမ်းတို့ကိုလှူပါ၏" ဟု လျှောက်လေ၏၊သာမဏေသည်"ထိုဆွမ်းတို့ကို ငါသည်ဥပဇ္ဈာယ်ဆရာအားလှူပါ၏" ဟု ဆိုလေ၏၊ "အဘယ်ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်ဆရာမည်ပါသနည်း" ဟု လျှောက်သောအခါ "မြတ်သောမင်းကြီး·· အပြစ် ကြီး,ငယ်ကို မြင်သောအခါ ဆုံးမတတ်သော ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်မည်၏" ဟု ဆိုလေ၏၊ "တပါးကုန်သော ရှစ်ခုသောဆွမ်းတို့ကို အရှင်သာမဏေအားလှူပါ၏"ဟုလျှောက်လတ်သော် "ထိုဆွမ်းတို့ကို ဆရာအားလှူပါ၏" ဟု ဆိုလေ၏၊ "ဆရာဟူသည် အဘယ်ပုဂ္ဂိုလ်ပါနည်း" ဟု မေးလေသော် "ဤသာသနာတော်၌ သင်အပ်,ကျင့်အပ်သောတရားတို့၌ တည်စေသောပုဂ္ဂိုလ်သည် ဆရာမည်၏" ဟု မိန့်လေ၏၊ "အရှင်သာမဏေ···· တပါးကုန်သော ရှစ်ခုသောဆွမ်းတို့ကို အရှင်သာမဏေအား လှူပါ၏"ဟု လျှောက်လတ်သော် "ထိုဆွမ်းတို့ကို ရဟန်းသံဃာအားလှူပါ၏"ဟု မိန့်လေ၏၊ "ရဟန်းသံဃာဟူသည် အဘယ်ပုဂ္ဂိုလ်ပါနည်း" ဟု လျှောက် လေသော် "မြတ်သောမင်းကြီး···· အကြင်ရဟန်းသံဃာကိုမှီ၍ ငါတို့၏ဆရာဥပဇ္ဈာယ်တို့၏ရှင်း, ငါ၏ရှင်း ရှင်သာမဏေ, ပဉ္စင်းဖြစ်တော်မူ၏၊ ထိုရဟန်းသံဃာကို ဆိုပါသည်" ဟု မိန့်တော်မူလေ၏။

မင်းကြီးသည် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ "တပါးကုန်သော ရှစ်ခုသောဆွမ်းတို့ကို အရှင်သာမဏေအားလှူပါ၏" ဟု လျှောက်သောအခါ ကောင်းပါပြီဟုဝန်ခံလေ၏၊ နောက်တနေ့၌ သုံးဆယ့်နှစ်ပါးသော ရဟန်းတို့ကိုပင့်ပြီးလျှင် နန်းတော်သို့ဝင်၍ ဆွမ်းစားကိစ္စကိုပြုတော်မူလေ၏၊ မင်းကြီးသည် တပါးကုန်သော သုံးဆယ့်နှစ်ပါးသောရဟန်းတို့ကိုလည်း "အရှင်တို့နှင့်အတူသာလျှင် နက်ဖြန်ဆွမ်းကို အလှူခံတော်မူကြပါ" ဟု လျှောက်လေ၏၊ ဤနည်းဖြင့်သာလျှင် နေ့စဉ်တိုးပွားစေသော် ခြောက်သောင်းကုန်သော ပုဏ္ဏား

ပရိဗိုဇ်တို့၏ ဆွမ်းသည်ပြတ်၍ နိဂြောဓသာမဏေ၌ ကြည်ညိုသော သဒ္ဓါတရားဖြင့် နန်းတော်တွင်း၌ ခြောက်သောင်းကုန်သော ရဟန်းတို့၏ နိစ္စဘတ်ကို တည်ထားတော်မူ၏၊ နိဂြောဓမထေရ်သည်လည်း မင်းကြီးကို ပရိသတ်နှင့်တကွ သရဏဂုံသုံးပါး, ငါးပါးသီလတို့၌ တည်စေပြီးလျှင် ဘုရားသာသနာတော်၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ဖြစ်သော သဒ္ဓါတရားဖြင့် မတုန်လှုပ်သော သဒ္ဓါတရားရှိသည်ကိုပြု၍ တည်စေ၏။

### ၃၄။ အသောကမင်းကြီး၏ ကောင်းမှုတော်များ

တဘန် အသောကမင်းကြီးသည် အသောကာရာမ မည်သော ကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီးလျှင် ခြောက်သောင်းကုန်သော ရဟန်းတို့အား နိစ္စဘတ်ကိုတည်ထားတော်မူ၏၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ရှစ်သောင်း,လေးထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင်သော စေတီတို့ဖြင့် တန်ဆာဆင်အပ် ကုန်သော ရှစ်သောင်း,လေးထောင်သောကျောင်းတို့ကို တရားသဖြင့်သာလျှင်ဆောက်လုပ်စေ၏၊ တနေ့သ၌ မင်းကြီးသည် အသောကာရာမ ကျောင်းတော်ကြီး၌ အလှူတော်ကြီးကိုပေးလှူ၍ ခြောက်သောင်းသော ရဟန်းသံဃာ၏အလယ်၌ နေတော်မူလျက် သံဃာတော်တို့ကို လေးပါးကုန်သော ပစ္စည်းတို့ဖြင့်ဖိတ်၍ "အရှင်ဘုရားတို့.... မြတ်စွာဘုရား ဟောတော်မူသောတရားတော်သည် အဘယ်မျှ အရေအတွက်ရှိပါသနည်း" ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး.... အင်္ဂါအားဖြင့် ကိုးတန်,ခန္ဓအားဖြင့် ရှစ်သောင်း,လေးထောင်သော ဓမ္မက္ခန္ဓာတို့သည် ရှိကုန်၏" ဟု မိန့်တော်မူ၏။

မင်းကြီးသည် တရားတော်၌ကြည်ညိုခြင်းကြောင့် တဆူ,တဆူသော ဓမ္မက္ခန္ဓာတော်ကို တဆောင်,တဆောင်သောကျောင်းတော်ဖြင့် ပူဇော်အံ့ဟု ကြံစည်ပြီးလျှင် ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကို တနေ့တည်းဖြင့်စွန့်တော်မူ၍ "အမတ်အပေါင်းတို့.... လာကြကုန်လော့၊ တမြို့,တမြို့၌ တဆောင်,တဆောင်သောကျောင်းကို ဆောက်လုပ်စေလျက် ရှစ်သောင်းလေးထောင်သောမြို့တို့၌ ရှစ်သောင်း,လေးထောင်သောကျောင်းတို့ကို ဆောက်လုပ်စေကြကုန်လော့" ဟု အမတ်တို့ကို

မိန့်တော်မူ၏၊ မိမိသည်လည်း အသောကာရာမ ကျောင်းတော်ကို ဆောက်လုပ်ခြင်းအမှုကို ဖြစ်စေ၏၊ သံဃာတော်သည် ကြီးသော တန်ခိုးအာနုဘော်ရှိသော ရဟန္တာဖြစ်တော်မူသော အရှင်ဣန္ဒဂုတ္တ မထေရ်ကို နဝကမ္မအမှုကို စီရင်တော်မူတတ်သော ပုဂ္ဂိုလ်၏အဖြစ်ဖြင့် ပေးတော်မူ၏၊ အရှင်ဣန္ဒဂုတ္တမထေရ်သည် မပြီးဆုံးသောအမှုကို မိမိ၏တန်ခိုးအာနုဘော်ဖြင့် ပြီးဆုံးစေ၏၊ ဤသို့လျှင် သုံးနှစ်တို့ဖြင့် ကျောင်းတော်ဆောက်လုပ်ခြင်းအမှုကို ပြီးဆုံးစေ၏၊ တနေ့တည်းဖြင့် သာလျှင် အလုံးစုံသောမြို့တို့မှ စာလွှာတို့သည် ရောက်လာကုန်၏၊ "အရှင်မင်းကြီး.... ရှစ်သောင်း,လေးထောင်သော ကျောင်းတို့သည် ပြီးဆုံးကုန်ပြီ"ဟု အမတ်တို့သည် မင်းကြီးအား လျှောက်ထားကြကုန်၏။

### ၃၅။ အသောကမင်း ဓာတ်တော်တို့ကိုတူးဖေါ်တော်မူခြင်း

ထိုအခါ မင်းကြီးသည် ရဟန်းသံဃာတော်ကို ဆည်းကပ်တော်မူပြီးလျှင် "အရှင်ဘုရားတို့.... တပည့်တော်သည် ရှစ်သောင်းလေးထောင်သော ကျောင်းတော်တို့ကို ဆောက်လုပ်စေအပ်ကုန်ပြီ၊ယခုစေတီတို့ကို တည်ပါအံ့၊ အဘယ်အရပ်မှ ဓာတ်တော်တို့ကို ရပါမည်နည်း" ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး....ဓာတ်တော်တို့ကို မြှုပ်ထားသောနေရာသည် ရှိ၏ဟု ငါတို့ကြားကုန်၏၊ ဤအမည်ရှိသောနေရာ၌ မြှုပ်၏ဟူ၍မသိ"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ စေတီကိုဖျက်စေ၍ ဓာတ်တော်တို့ကို မတွေ့မြင်သောအခါ ပကတိအတိုင်း တည်ထားစေပြီးလျှင် ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ,ဥပါသိကာ ဖြစ်ကုန်သော ပရိသတ်လေးပါးတို့ကို ခေါ်တော်မူပြီးလျှင် ဝေသာလီ ပြည်သို့ သွားတော်မူ၏၊ ထိုဝေသာလီပြည်၌လည်း ဓာတ်တော်တို့ကို မရခြင်းကြောင့် ကပိလဝတ်ပြည်သို့ သွားတော်မူ၏၊ ထိုကပိလဝတ်ပြည်၌လည်း ဓာတ်တော်တို့ကိုမရခြင်းကြောင့် ရာမဂ္ဂါသို့သွားတော်မူ၏၊ ထိုရာမဂ္ဂါ၌ နဂါးတို့သည် စေတီကိုဖျက်ခြင်းငှါမပေးကုန်၊ စေတီ၌ကျရောက်သော ပေါက်တူးသည် အပိုင်းပိုင်းပြတ်လေ၏။

ဤသို့လျှင် ထိုရာမဂ္ဂါ၌လည်း ဓာတ်တော်တို့ကို မရခြင်းကြောင့် အလ္လကပ္ပပြည်,ပါဝါပြည်,ကုသိနာရုံပြည်အစရှိကုန်သောအလုံးစုံသော

ပြည်တို့၌ စေတီတို့ကိုဖျက်၍ ဓာတ်တော်ကိုမရလတ်သော် ပကတိအတိုင်းပြုတော်မူ၍ ရာဇဂြိုဟ်ပြည်သို့သွားပြီးလျှင် ပရိသတ်လေးပါးကို စည်းဝေးစေ၍ "ဤအမည်ရှိသောနေရာ၌ ဓာတ်တော်မြှုပ်ထားသည်ကို ကြားဘူးသောသူရှိသလော"ဟု မေးလေ၏၊ ထိုအစည်းအဝေး၌ သက်တော်တရာ့နှစ်ဆယ်ရှည်သော မထေရ်ကြီးတပါးသည်"ဤအမည်ရှိသောနေရာ၌ ဓာတ်တော်ကိုမြှုပ်ထား၏ဟု ငါမသိပါ၊ ငါ၏အဘဖြစ်တော်မူသော မဟာထေရ်ကြီးသည် ငါခုနစ်နှစ်အရွယ် ရှိသောအခါ ပန်းတောင်းကိုယူစေပြီးလျှင် "သာမဏေ···· လာလော့၊ ဤအမည်ရှိသောချုံကြား၌ ကျောက်စေတီသည်ရှိ၏၊ ထိုကျောက်စေတီသို့သွားအံ့ဟု မိန့်တော်မူပြီးလျှင်သွား၍ ပူဇော်ပြီးသောအခါ ဤနေရာကို စူးစမ်းဆင်ခြင်ခြင်းငှါသင့်၏"ဟု မိန့်တော်မူ၏၊ "မြတ်သောမင်းကြီး···· ငါသည် ဤမျှလောက်ကိုသာလျှင်သိ၏"ဟု မိန့်တော်မူ၏။

မင်းကြီးသည် "ထိုနေရာသည်သာလျှင် ဓာတ်တော်မြှုပ်ရာနေရာတည်း"ဟု ဆိုပြီးလျှင် ခြုံတို့ကိုသုတ်သင်စေပြီးသော် ကျောက်စေတီနှင့် မြေမှုန့်ကိုပယ်ရှားသောအခါ အောက်၌ အင်္ဂတေမြေကိုမြင်လေ၏၊ ထိုသို့မြင်သောအခါ အင်္ဂတေနှင့် အုတ်တို့ကိုပယ်ရှားပြီးလျှင် အစဉ်အတိုင်း ပရိဝုဏ်သို့ကျရောက်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသောသဲကိုငင်း, သန်လျက်လက်စွဲလျက် လှည့်လည်ကုန်သော သစ်သားရုပ်တို့ကိုငင်း မြင်လေ၏၊ ထိုအခါမင်းကြီးသည် နတ်ကျွန်နတ်ဝန်တို့ကိုခေါ်စေပြီးလျှင် ပူဇော်ခြင်းအမှုကိုပြုစေသော်လည်း အစ, အဆုံးကိုမမြင်ခြင်းကြောင့် နတ်တို့ကိုရှိခိုးလျက် "ငါသည် ဤဓာတ်တော်တို့ကိုပင့်ယူပြီးလျှင် ရှစ်သောင်း,လေးထောင်သော ကျောင်းတို့၌ ဌာပနာ၍ အရိုအသေပြုပါအံ့၊ နတ်တို့သည် အန္တရာယ်ကိုမပြုပါကုန်လင့်" ဟု နတ်တို့အား တောင်းပန်လေ၏။

သိကြားမင်းသည် လှည့်လည်သွားလာသောအခါ ထိုပူဇော်ခြင်း, တောင်းပန်ခြင်းကို မြင်၍ ဝိသုကြုံ နတ်သားကို ခေါ်တော်မူပြီးလျှင် "ဝိသုကြုံနတ်သား···အသောကမင်းကြီးသည် ဓာတ်တော်တို့ကိုပင့်ယူအံ့ဟု ပရိဝုဏ်သို့ သက်ဆင်းတော်မူ၏၊သွား၍သစ်သားရုပ်တို့ကို ဖယ်

ရှားလော့”ဟုမိန့်တော်မူ၏၊ ဝိသုကြံနတ်သားသည် ဆံငါးခုထုံးသော သူငယ်၏အသွင်ဖြင့်လာပြီးလျှင် မင်းကြီး၏ရှေ့တော်၌ လေးကိုကိုင်လျက် ရပ်ပြီးလျှင်“မြတ်သောမင်းကြီး....ကျွန်ုပ်ဖယ်ရှားပါအံ့”ဟု လျှောက်ထားလေ၏၊ “ပယ်ရှားလော့”ဟု ဆိုသောအခါ မြှားကိုယူ၍အစပ်၌ ပစ်လေ၏၊ ထိုအခါအလုံးစုံသည် ဖရိုဖရဲကြဲလေ၏၊ မင်းကြီးသည်တံခါးရွက်ကိုဖွင့်ရန်ဆွဲသောကြိုး၌ ချီထားသောသံကောက်နှင့် လက်စွပ်ကိုယူလေ၏၊ ပတ္တမြားတုံးကိုလည်း မြင်လေ၏၊ “နောင်အခါဆင်းရဲသောမင်းတို့သည် ဤပတ္တမြားကိုယူပြီးလျှင် ဓာတ်တော်တို့ကို ပူဇော်ခြင်းကိုပြုလော့”ဟု ထွင်းထားသော အက္ခရာတို့ကိုမြင်သောအခါ အမျက်ထွက်သည်ဖြစ်၍ “ငါကဲ့သို့သောမင်းကို မင်းဆင်းရဲဟု ဆိုခြင်းငှါသင့်သလော”ဟု ပြောဆိုပြီးလျှင် အဖန်ဖန် အားထုတ်လျက် တံခါးကိုဖွင့်ပြီးလျှင် စေတီအိမ်အတွင်းသို့ ဝင်သောအခါ နှစ်ရာ့တဆယ့်ရှစ်နှစ်အတွင်း၌ထွန်းထား အပ်သောဆီမီးတို့သည်ထွန်းမြဲတိုင်းသာလျှင် တောက်ပကုန်၏၊ ကြာညိုပန်းတို့သည် ထိုခဏ၌ဆောင်ယူ၍ တင်ထားအပ်သကဲ့သို့ပင်း, ပန်းအခင်းသည် ထိုခဏ၌ ခင်းထားအပ်သကဲ့သို့ပင်း, နံ့သာတို့သည် ထိုခဏ၌ ကြိတ်၍ထားဘိသကဲ့သို့ပင်း တည်ရှိကုန်၏။

မင်းကြီးသည် ရွှေပြားကိုယူလျက် “နောင်အခါ အသောကမင်းသားသည် ထီးဖြူကိုစိုက်ထူပြီးလျှင် အသောကမင်းဖြစ်လတ္တံ့၊ ထိုအသောကမင်းသည် ဤဓာတ်တော်တို့ကို ပျံ့နှံ့အောင်ပြုလတ္တံ့ဟု အက္ခရာတို့ကိုဘတ်ပြီးလျှင် “အိုလူအပေါင်းတို့.... ငါတို့အရှင်မဟာကဿပထေရ်သည် မြင်တော်မူပြီ”ဟုဆိုလျက် လက်ဝဲလက်ကိုခွေ၍ လက်ျာလက်ဖြင့် လက်ပန်း ခတ်လေ၏၊ အသောက မင်းကြီးသည် ထိုနေရာ၌ ကိုးကွယ်လောက်ရုံဖြစ်သောဓာတ်တော်တို့ကို ထားပြီးလျှင် ကြွင်းသောအလုံးစုံသော ဓာတ်တော်တို့ကို ပင့်ယူတော်မူ၍ဓာတ်တော်ကျောင်းတော်ကို ရှေး၌ပိတ်သောနည်းဖြင့် ပိတ်ထားလေ၏၊ အလုံးစုံကို ပကတိအတိုင်း ပြုတော်မူပြီးလျှင် အထက်၌ ကျောက်စေတီကို တည်ထားစေ၍ ရှစ်သောင်းလေးထောင်သော ကျောင်းတို့၌ ဓာတ်တော်တို့ကို တည်ထားတော်မူ၏၊ ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌

အသောကမင်းကြီးသည် ရှစ်သောင်း လေးထောင်သော စေတီတို့ကို တည်ထားစေ၏။

စတုရာသီတိသဟဿထူပကထာပြီး၏။

---

## ၅။ ထူပါရဟကထာ

### ၃၆။ သာသနာ့အမွေကိုခံယူတော်မူခြင်း

ဤသို့လျှင် အသောကမင်းကြီးသည် ရှစ်သောင်း, လေးထောင်သော ကျောင်းပူဇော်ပွဲကို ပြုတော်မူပြီးလျှင် မဟာထေရ်တို့ကို ရှိခိုးလျက်"အရှင်ဘုရားတို့.... တပည့်တော်သည် ဘုရားသာသနာတော်၌ အမွေခံဖြစ်ပါပြီ"ဟု လျှောက်ထားလေ၏၊ "မြတ်သောမင်းကြီး.... သင်မင်းကြီးသည် အဘယ့်ကြောင့် သာသနာ့အမွေခံ ဖြစ်နိုင်အံ့နည်း၊ သင်မင်းကြီးသည် သာသနာမှ အပဖြစ်၏"ဟု မိန့်တော်မူ၏၊"အရှင်ဘုရားတို့..ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကိုစွန့်ပါလျက်ရှစ်သောင်း, လေးထောင်သော ကျောင်းတို့ကိုစေတီတို့နှင့်တကွ ဆောက်စေလျက် ကျွန်ုပ်သည် သာသနာ့အမွေခံ မဖြစ်ခဲ့သော် အဘယ်ပုဂ္ဂိုလ်သည် သာသနာ့အမွေခံဖြစ်ပါသနည်း"ဟုလျှောက်လေ၏၊"မြတ်သောမင်းကြီး.. သင်မင်းကြီးသည် ပစ္စည်းလေးပါးဒါယကာသာဖြစ်၏၊ အကြင်သူသည် မိမိ၏ သားနှင့်သမီးကို ရှင်သာမဏေပြု၏၊ ဤသူသည်သာသနာ့အမွေခံမည်၏"ဟု မိန့်တော်မူသောအခါ အသောကမင်းကြီးသည် သာသနာ့အမွေခံအဖြစ်ကို တောင့်တသည်ဖြစ်၍ အနီး၌ရှိသော မဟိန္ဒမင်းသားကိုမြင်တော်မူ၍ "သားတော်....သင်သည် ရှင်သာမဏေပြုခြင်းငှါ စွမ်းနိုင်ပါမည်လော"ဟု မေးလေ၏၊ မင်းသားသည် ပကတိအားဖြင့် ရှင်သာမဏေပြုလိုသည်ဖြစ်၍ မင်းကြီး၏စကားကို ကြားသောအခါ ဝမ်းမြောက်ဝမ်းသာစွာ "ခမည်းတော်မင်းကြီး.... ရှင်သာမဏေပြုပါအံ့၊ကျွန်ုပ်ကိုရှင်သာမဏေပြု၍ သာသနာ့အမွေကိုခံယူတော်မူပါ"ဟုလျှောက်လေ၏။

ထိုအခါ သမီးတော်ဖြစ်သော သင်္ဃမိတ္တာသည်လည်း ထိုနေရာ၌ တည်ရှိသည်ကို မြင်တော်မူ၍ "ချစ်သမီး....သင်သည်လည်း ရှင်သာမ

ကောပြုခြင်းငှါ စွမ်းနိုင်သလော”ဟု မေးပြန်ရာ၊ “ခမည်းတော်…. စွမ်းနိုင်ပါ၏”ဟု လျှောက်ထားလေ၏၊ မင်းသား, မင်းသမီးတို့၏ ပဋိညာဉ်ကိုရသောအခါ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ရဟန်းသံဃာအား ဆည်းကပ်ပြီးလျှင် “အရှင်ဘုရားတို့… ဤသူငယ်တို့ကို ရှင်သာမဏေပြု၍ အကျွန်ုပ်ကို သာသနာတော်၌ အမွေခံကို ပြုတော်မူပါ” ဟုလျှောက်ထားလေ၏။

သံဃာတော်သည် မင်းကြီး၏စကားကို ဝန်ခံပြီးလျှင် မဟိန္ဒမင်းသားကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးပြု၍ မဟာဒေဝထေရ်ကို ဆရာပြုသဖြင့် ရှင်သာမဏေပြုတော်မူ၏၊*မဇ္ဈန္တိကထေရ်ကို ဆရာပြုသဖြင့် ပဉ္စင်းပြုတော်မူ၏၊ ပဉ္စင်းပြုသောသိမ်အပြင်၌သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏၊သင်္ဃမိတ္တာမင်းသမီး၏ဆရာသည်လည်း အာယုပါလိ ထေရီမည်၏၊ ဥပဇ္ဈာယ်သည် ဓမ္မပါလိထေရီမည်၏၊ထိုအခါမဟိန္ဒထေရ်သည်ပဉ္စင်းဖြစ်သည်မှစ၍ မိမိဥပဇ္ဈာယ်ထံ၌သာလျှင် သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်ကြားလတ်သော် သင်္ဂါယနာနှစ်ကြိမ်တင်အပ်သော အဋ္ဌကထာနှင့် တကွဖြစ်သော ပိဋကတ်သုံးပုံဖြင့် ရေတွက်အပ်သော အလုံးစုံသောမြတ်စွာဘုရား၏စကားတော်ကို သုံးနှစ်အတွင်း သင်ယူပြီးလျှင် မိမိဥပဇ္ဈာယ်၏ တပည့်ဖြစ်ကုန်သော တထောင်အတိုင်းအရှည်ရှိကုန်သောရဟန်းတို့၏ အကြီးအမှူးဖြစ်လေ၏။

## ၃၇။ ကိုးဌာနသို့သာသနာပြုလွှတ်တော်မူခြင်း

ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် “အဘယ်အရပ်၌ နောင်အခါ သာသနာကောင်းစွာ တည်မည်နည်း” ဟု ဆင်ခြင်တော်မူသောအခါ ပစ္စန္တိမ ဇနပုဒ်တို့၌ ကောင်းစွာတည်လတ္တံ့ဟုသိတော်မူ၍ ထိုထိုရဟန်းတို့၏တာဝန်ကို ပြုတော်မူပြီးလျှင် ထိုထိုရဟန်းတို့ကို ထိုထိုအရပ်သို့ စေလွှတ်တော်မူ၏။

၁။ မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ “သင်သည် ဤတိုင်းသို့သွား၍ သာသနာပြုလော့ဟု” စေလွှတ်တော်မူ၏။

[* မဇ္ဈန္တိက-မဇ္ဈန္တိက အတူတူ။]

၂။ မဟာရေဝထေရ်ကို ထို့အတူ မိန့်တော်မူပြီးလျှင် မဟိံသက မဏ္ဍလတိုင်းသို့ စေလွှတ်တော်မူ၏။
၃။ ရက္ခိတထေရ်ကို ဝနဝါသီတိုင်းသို့ စေလွှတ်တော်မူ၏။
၄။ ယောနက ဓမ္မရက္ခိတ ထေရ်ကို အပရန္တကတိုင်းသို့ စေလွှတ်တော်မူ၏။
၅။ မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်တော်မူ၏။
၆။ မဟာရက္ခိတထေရ်ကို ယောနကတိုင်း(ယွန်းပြည်)သို့ စေလွှတ်တော်မူ၏။
၇။ မဇ္ဈိမထေရ်ကို ဟိမဝန္တာအရပ်သို့ စေလွှတ်တော်မူ၏။
၈။ သောဏထေရ်နှင့် ဥတ္တရထေရ်ကို သုဝဏ္ဏဘူမိအရပ်သို့ စေလွှတ်တော်မူ၏။
၉။ မိမိ၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော မဟိန္ဒထေရ်ကို ဣဋ္ဋိယထေရ်, ဥတ္တိယထေရ်, ဘဒ္ဒသာလထေရ် သမ္ဗလထေရ်တို့နှင့် အတူ တမ္ဗပဏ္ဏိကျွန်းသို့ "သင်တို့သည် တမ္ဗပဏ္ဏိကျွန်းသို့ သွား၍ သာသနာ ပြုကြကုန်လော့" ဟုစေလွှတ်တော်မူ၏။

အလုံးစုံသော မဟာထေရ်တို့သည်လည်း ထိုထိုအရပ်သို့ကြွတော်မူကြသောအခါ မိမိနှင့်ငါးပါးရှိကုန်သည်ဖြစ်၍ကြွတော်မူကုန်၏၊အလုံးစုံသော မထေရ်တို့သည်လည်း ရောက်ရာ ရောက်ရာနေရာ၌ လူတို့ကို ကြည်ညိုစေလျက် သာသနာကိုတည်စေကုန်၏။

အရှင်မဟိန္ဒထေရ်သည်ကား "တမ္ဗပဏ္ဏိကျွန်းသို့သွား၍ သာသနာတို့ကိုတည်စေလော့ဟု"ဥပဇ္ဈာယ်ဆရာနှင့်ရဟန်းသံဃာသည် တိုက်တွန်းလတ်သော် "တမ္ဗပဏ္ဏိကျွန်းသို့ သွားရန်အခါတန်ပြီလော၊မတန်ပြီလောဟု"ဆင်ခြင်တော်မူသောအခါ "မုဋ သီဝမင်း၏ အသက်အရွယ်ကြီးသည် ၏အဖြစ်ကို သိတော်မူ၍ ဤမင်းကြီးသည် အသက်အရွယ်ကြီး၏၊ ဤမင်းကြီးကိုမှီ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ မစွမ်းနိုင်၊ ဤမင်းကြီး၏ သားတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးသည် မင်းပြုလတ္တံ့ ထိုဒေဝါနံပိယတိဿ မင်းကြီးကိုယူ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်လတ္တံ့၊ သာသနာပြုရန်အချိန်

မရောက်မီ အဆွေအမျိုးတို့ကိုကြည့်ရှုကုန်အံ့၊ တဖန် ဤဇနပုဒ်သို့လာနိုင်မှုလည်းဖြစ်ရာ၏၊ မလာနိုင်မှုလည်းဖြစ်ရာ၏'' ဟု ကြံတော်မူ၏၊ ထိုအရှင်မဟိန္ဒထေရ်သည် ဤသို့ကြံစည်ပြီးသောအခါ ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းသံဃာကို ရှိခိုးပြီးလျှင် အသောကာရာမကျောင်းတော်မှထွက်၍ ဣဋ္ဋိယစသောမထေရ်လေးပါးတို့နှင့်၎င်း, သဃမိတ္တာ၏သားဖြစ်သော သုမနသာမဏေနှင့်၎င်း, ဘဏ္ဍုကမည်သော ဥပါသကာနှင့်၎င်း ရာဇဂြိုဟ်ပြည်၏အကွေ့ဖြစ်သော ဒက္ခိဏာဂိရိဇနပုဒ်၌ ဒေသစာရီလှည့်လည်တော်မူလျက် အဆွေအမျိုးတို့ကို ကြည့်ရှုတော်မူလေသော် ခြောက်လတို့ကို လွန်စေ၏။

အစဉ်အားဖြင့် အမိ၏နေထိုင်ရာဖြစ်သော ဝေဒိသမြို့သို့ရောက်လေ၏၊ကြွလာတော်မူသော မထေရ်ကို ဖူးမြင်ရသောအခါ မယ်တော်မိဖုရားကြီးသည် ခြေတော်တို့၌ ဦးဖြင့်ရှိခိုးပြီး၍ ဆွမ်းလှူတော်မူ၍ မထေရ်ကို မိမိသည်ဆောက်လုပ်အပ်သော ဝေဒိသဂိရိကျောင်းတော်ပေါ်သို့ တင်တော်မူ၏၊ မထေရ်သည် ထိုကျောင်းတော်၌ နေတော်မူလျက် ''ဤမြို့၌ငါတို့၏ပြုဘွယ်ကိစ္စသည် ပြီးဆုံးပြီ၊ ယခုလင်္ကာဒီပကျွန်းသို့သွားရန်အချိန်ဘန်ပြီလော'' ဟု ကြံစည်တော်မူ၏၊ထို့နောက် ''ငါ၏ခမည်းတော်သည် စေလွှတ်အပ်သောဘိသိက်ကို ဒေဝါနံပိယတိဿမင်းကြီးသည် ခံစားသည်လည်းဖြစ်စေ,ရတနာသုံးပါး၏ဂုဏ်ကို ကြားနာရသည်လည်းဖြစ်စေ, ပွဲသဘင်အကျိုးငှါ မြို့မှထွက်၍ မိဿကတောင်သို့ တက်သည်လည်းဖြစ်စေ၊ ထိုအခါ ထိုမင်းကြီးကို ထိုတောင်၌တွေ့မြင်ကြကုန်လတ္တံ့'' ဟု ကြံစည်တော်မူ၏၊ ထိုသို့ကြံစည်ပြီးသည့်နောက် တလပတ်လုံး ထိုဝေဒိသဂိရိမြို့၌သာလျှင် သီတင်းသုံးတော်မူ၏၊ တလလွန်သောအခါ သိကြားမင်းသည် ရှင်မဟိန္ဒထေရ်ထံသို့လာပြီးလျှင် ''အရှင်ဘုရားမဟိန္ဒ····မုဋသိဝမင်းကြီးသည် နတ်ရွာစံပြီ၊ ယခုဒေဝါနံပိယတိဿမင်းကြီးသည် မင်းပြုတော်မူ၏၊ မြတ်စွာဘုရားသည် အရှင်ဘုရားတို့ကို နောင်ခါ မဟိန္ဒမည်သောရဟန်းသည် တမ္ဗပဏ္ဏိကျွန်းကို ကြည်ညိုစေလတ္တံ့ ဟုဗျာဒိတ်ကြားတော်မူ၏၊ထို့ကြောင့် အရှင်ဘုရားတို့သည်တမ္ဗပဏ္ဏိကျွန်းသို့သွားရန်အချိန်တန်ပြီ၊ ကျွန်ုပ်သည်လည်း အပေါင်းအဖေါ်ဖြစ်ပါလိမ့်မည်'' ဟု လျှောက်လေ၏။

အရှင်မဟိန္ဒထေရ်သည် သိကြားမင်း၏စကားကို ဝန်ခံပြီးလျှင် မိမိနှင့်ခုနစ်ယောက်ရှိသည်ဖြစ်၍ ဝေဒိသကတောင်မှ ကောင်းကင်သို့ ကြွတော်မူပြီးလျှင် အနုရာဓမြို့၏ အရှေ့အရပ်၌ရှိသော မိဿကတောင်၌ နေတော်မူ၏၊ ယခုအခါ၌ စေတိယတောင်ဟု သိကြကုန်၏၊ ထိုနယုန် လပြည့်နေ့၌ တမ္ဗပဏ္ဏိကျွန်း၌ ဇေဋ္ဌမူလနက္ခတ်ပွဲသဘင်သည် ဖြစ်၏၊ မင်းကြီးသည် "နက္ခတ်ကိုကြွေးကြော်၍ ပွဲသဘင်ကိုပြုကြကုန်" ဟု အမတ်တို့ကို စေတော်မူပြီးလျှင် ယောကျ်ားလေးသောင်းခြံရံလျက် မြို့မှထွက်တော်မူပြီးလျှင် သမင်တောကို ကစားလိုသည်ဖြစ်၍ မိဿက တောင်သို့ သွားတော်မူ၏၊ ထိုအခါ တောင်စောင့်နတ်သည် မင်းကြီး အား မထေရ်ကိုပြအံ့ဟု စိုင်သမင်ယောင်ဖန်ဆင်းလျက် အနီး၌မြက်, သစ်ရွက်တို့ကို စားသကဲ့သို့ သွားလေ၏။

မင်းကြီးမြင်သောအခါ မေ့လျော့စွာပစ်ခြင်းငှါမသင့်ဟု ညှို့ကိုခါ၏၊ စိုင်သမင်သည် အမ္ဗတ္ထလ(သရက်ကုန်း)သို့ သွားသောလမ်းကို ယူပြီး လျှင် ပြေးရန်အားထုတ်လေ၏၊ မင်းကြီးလည်း နောက်မှလိုက်လတ် သော် အမ္ဗတ္ထလ(သရက်ကုန်း)သို့သာလျှင် တက်လေ၏၊ စိုင်သမင် သည် မထေရ်နှင့်မနီးမဝေးသောအရပ်၌ ကွယ်ပျောက်လေ၏။ မဟိန္ဒ မထေရ်သည် အနီးသို့ရောက်လာသောမင်းကြီးကို မြင်သောအခါ "ငါ့ကိုသာလျှင် မင်းကြီးမြင်စေသတည်း၊ ငါမှတပါးသောပုဂ္ဂိုလ်တို့ကို မမြင်စေသတည်း" ဟု မိဋ္ဌာန်တော်မူ၍ "တိဿ-တိဿ.... ဤအရပ် သို့လာလော့" ဟု ခေါ်တော်မူ၏၊ မင်းကြီးသည် ကြားတော်မူသော အခါ "ဤတမ္ဗပဏ္ဏိကျွန်း၌ ဖွားမြင်သောသူသည် ငါ့ကိုတိဿဟု အမည်ကိုယူလျက် ခေါ်ခြင်းငှါစွမ်းနိုင်သူမရှိ၊ စုတ်ပြတ်သောပုဆိုးရှိ သော ဦးခေါင်းတုံးလျက် ဖန်ရည်စွန်းသောအဝတ်ကိုဝတ်သော ဤသူ သည်ကား ငါ့ကိုနာမည်ဖြင့်ပြောဆို၏၊ ဤသူသည် လူ နတ်တို့တွင် အဘယ်သူဖြစ်သနည်း" ဟု ကြံစည်လေ၏၊ မထေရ်သည် "မြတ်သော မင်းကြီး....ငါတို့သည် တရားအားဖြင့် မင်းပြုတော်မူသော မြတ်စွာ ဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့မည်ကုန်၏၊ သင်မင်းကြီးကို သာလျှင် သနားသဖြင့် ဇမ္ဗူဒိပ်ကျွန်းမှ ဤလင်္ကာဒီပကျွန်းသို့ လာ ကုန်၏" ဟု မိန့်လေ၏။

ထိုအခါ ဒေဝါနံပိယတိဿမင်းကြီးနှင့် အသောကမင်းကြီးတို့သည် မမြင်ဘူးကုန်သော အဆွေခင်ပွန်းဖြစ်ကြကုန်၏၊ ဒေဝါနံပိယတိဿ မင်းကြီး၏ ကုသိုလ်အာနုဘော်ကြောင့် ဆာတတောင်ခြေရင်း၌ တခုသောဝါးရုံ၌ လတာယဋ္ဌိဝါး,ပုပ္ဖယဋ္ဌိဝါး, သကုဏယဋ္ဌိဝါး ဤဝါး သုံးလုံးတို့သည် ပေါက်ကုန်၏၊ ထိုဝါးသုံးလုံးတို့တွင် လတာယဋ္ဌိဝါး သည် ငွေအဆင်းရှိ၏၊ ထိုဝါးကိုတန်ဆာဆင်လျက် ဖြစ်သောနွယ်သည် ရွှေအဆင်းရှိ၏၊ ပုပ္ဖယဋ္ဌိဝါး၌ အညို, အရွှေ, အနီ, အဖြူ, နက်သော အဆင်းရှိကုန်သော ပန်းတို့သည် ကောင်းစွာဝေဖန်အပ်သော အညှာ, အရွက်,ဝတ်ဆံ ရှိကုန်သည်ဖြစ်၍ ထင်ကုန်၏၊ သကုဏယဋ္ဌိဝါး၌ ဟင်္သာ, ကြက်,ဇီဝဇိုးအစရှိကုန်သော ငှက်တို့သည်၎င်း, အထူးထူးအပြားပြား ကုန်သော အခြေလေးချောင်းရှိသောသတ္တဝါတို့သည်၎င်း အသက်ရှိ ဘိသကဲ့သို့ထင်ကုန်၏၊ထိုမင်းကြီး၏ကုသိုလ်အာနုဘော်ကြောင့် သမုဒ္ဒရာ မှလည်း ပုလဲ, ပတ္တမြား, ကျောက်မျက်ရွဲအစရှိသော များစွာသော ရတနာသည် ဖြစ်ပေါ်လာ၏၊ တမ္ဗပဏ္ဏိကျွန်း၌ ဟယပုလဲ, ဂဇပုလဲ, ရထပုလဲ,အာမလကပုလဲ,ဝလယပုလဲ,အင်္ဂုလိဝေဌကပုလဲ, ကကုဓဖလ ကပုလဲ, ပါကတိကပုလဲ ဤပုလဲရှစ်မျိုးတို့သည်ဖြစ်ပေါ်လာကုန်၏၊ ထိုဝါးနှင့်ပုလဲကို၎င်း,တပါးသောများစွာသောရတနာကို၎င်း အသော ကမင်းကြီး၏ လက်ဆောင်အကျိုးငှါ ပို့တော်မူ၏။

အသောကမင်းကြီးသည်လည်း ကြည်ညိုတော်မူသည်ဖြစ်၍ မင်း မြောက်တန်ဆာငါးပါးတို့နှင့် အဘိသိက်သွန်းရန် များစွာသောလက် ဆောင်တို့ကို ပေးပို့တော်မူ၏၊ထိုပစ္စည်းလက်ဆောင်ကိုသာလျှင် ပို့သည် မဟုတ်သေး—

"ငါသည်မြတ်စွာဘုရား၏ သာသနာတော်၌ ဘုရား,တရား, သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်၏၊ ဥပါသကာ၏ အဖြစ်ကို လျှောက်ကြား၏၊ မြတ်သောမြတ်စွာဘုရားသာသနာ တော်၌ ဤရတနာသုံးပါးတို့၌ သင်သည်စိတ်ကြည်ညိုသည်ဖြစ် ၍ သဒ္ဓါတရားဖြင့်ဆည်းကပ်ကိုးကွယ်လော့"—

ဟု ဤတရားတော်လက်ဆောင်ကိုလည်း ပေးပို့တော်မူ၏၊ မင်းကြီး သည် မကြာမြင့်မီ ကြားတော်မူသောသတင်းစကားကို သတိရသည်

ဖြစ်၍ "မြတ်သောမင်းကြီး….ငါတို့သည် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့မည်ကုန်၏" ဟု မိန့်တော်မူသောစကားကို ကြားသောအခါ အရှင်တို့သည် ကြွလာတော်မူကုန်သလောဟု ထိုခဏ၌ လက်နက်ကိုချထားပြီးလျှင် ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုလျက် သင့်တင့်သောအရပ်၌ နေတော်မူ၏၊မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာ စကားကိုပြောဆို၍ နေတော်မူသောအခါ ထိုယောကျ်ားလေးသောင်းတို့သည် လာလျက် မင်းကြီးကိုခြံရံကြကုန်၏၊ ထိုအခါ အရှင်မဟိန္ဒထေရ်သည် မိမိမှတပါးကုန်သော မထေရ်တို့ကိုလည်း ပြတော်မူလေ၏၊ မင်းကြီးသည် မြင်တော်မူသောအခါ "၍ပုဂ္ဂိုလ်တို့သည် အဘယ်အခါလာကုန်သနည်း" ဟု မေးတော်မူ၏၊ "မြတ်သောမင်းကြီး…. ငါနှင့်အတူလာကုန်၏" ဟု မိန့်တော်မူ၏၊ "ယခုအခါဇမ္ဗူဒိပ်ကျွန်း၌ ၍သို့သဘောရှိကုန်သော ရဟန်းတို့သည် ရှိကုန်သလော" ဟု လျှောက်ထားလေ၏၊ "မြတ်သောမင်းကြီး….ယခုအခါ၌ ဇမ္ဗူဒိပ်ကျွန်းသည် သင်္ကန်းရောင်တို့ဖြင့် တောက်ပ၏၊ ထိုဇမ္ဗူဒိပ်ကျွန်း၌ ရဟန်းတို့၏သွားလာသောလေတို့သည် တိုက်ခတ်ကုန်၏။

ဝိဇ္ဇာသုံးပါး တန်ခိုးအာနုဘော်ရှိကုန်သော သူတပါးတို့၏ စိတ်အကြံကို သိတော်မူကုန်သော အာသဝေါ ကုန်ပြီးသော ရဟန္တာဖြစ်တော်မူကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် များစွာရှိကုန်၏"—

ဟု မိန့်တော်မူ၏၊ ထိုအခါမင်းကြီးသည် "နက်ဖြန်ရထားကိုလွှတ်လိုက်မည်၊ ထိုရထားကိုစီး၍ ကြွတော်မူပါကုန်" ဟု လျှောက်ကြား၍ သွားလေ၏။

### ၃၀။ တမ္ဗပဏ္ဏိကျွန်း၌ သာသနာပြုတော်မူခြင်း

အရှင်မဟာမဟိန္ဒထေရ်သည် မင်းကြီးသွား၍မကြာမြင့်မီ "သုမနသာမဏေ…. သင်သည် တရားတော်ကိုနာရန်ကာလကို ကြွေးကြော်လေလော့" ဟု သုမနသာမဏေကို မိန့်တော်မူ၏၊ သာမဏေသည် အဘိညာပါဒကစတုတ္ထဈာန်ကိုဝင်စားပြီးလျှင် ထိုဈာန်မှထ၍ မိဋ္ဌာန်တော်မူလျက် သမာဓိစိတ်ဖြင့် အလုံးစုံသော တမ္ဗပဏ္ဏိကျွန်းကိုကြား

စေလျက် တရားတော်ကိုနာရန် အချိန်ကာလကိုကြွေးကြော်တော်မူ၏၊ သာမဏေ၏အသံကို ကြားသောအခါ ဘုမ္မစိုးနတ်တို့သည် အသံကို ကြားစေကုန်၏၊ ဤနည်းဖြင့် ဗြဟ္မာပြည်တိုင်အောင် အသံသည်ပျံ့နှံ့၍ တက်၏၊ ထိုအသံကြောင့် များစွာသောနတ်တို့၏ အစည်းအဝေးသည် ဖြစ်လေ၏၊ အရှင်မဟာ မဟိန္ဒထေရ်သည် များစွာသော နတ်တို့၏ အစည်းအဝေးကို မြင်တော်မူ၍ သမစိတ္တသုတ္တန်ကို ဟောတော်မူ၏၊ တရားတော်၏အဆုံး၌ မရေမတွက်နိုင်ကုန်သော များစွာသောနတ်တို့ သည် တရားထူးကိုသိမြင်ကြကုန်၏၊ များစွာသော နဂါး,ဂဠုန်တို့သည် လည်း သရဏဂုံ၌ တည်ကြကုန်၏။

ထိုည၌ကို လွန်သောအခါ မင်းကြီးသည် မထေရ်တို့၏အထံသို့ ရထားကိုစေလွှတ်လေ၏၊ မထေရ်တို့သည် "ငါတို့သည်ရထားမစီးကုန်၊ သင်ရထားမှူးသည် ရှေးဦးစွာသွားလော့၊ ငါတို့သည် နောက်မှလာ မည်"ဟု မိန့်တော်မူပြီးလျှင် ကောင်းကင်သို့ကြွတော်မူ၍ အနုရာဓမြို့၏ အရှေ့အရပ်၌ ပဌမကစေတီတည်ရာနေရာ၌ သက်ဆင်းတော်မူကုန်၏၊ မင်းကြီးသည်လည်း ရထားမှူးကိုစေလွှတ်ပြီးလျှင် နန်းတော်တွင်း၌ မဏ္ဍပ်ကို စီရင်တော်မူလျက် "အရှင်တို့သည် မြင့်မြတ်သောနေရာတို့၌ နေကြကုန်သလော၊မနေကြကုန်သလော"ဟု ကြံစည်တော်မူ၏၊မင်းကြီး ကြံစည်စဉ်သာလျှင် ရထားမှူးသည် မြို့တံခါးသို့ ရောက်လတ်သော် ရှေးဦးစွာကြွလာတော်မူ၍ ခါးပန်းကြိုးကိုဖွဲ့လျက် သက်နန်းရုံကုန်သော မထေရ်တို့ကိုမြင်တော်မူ၏၊ ထိုသို့မြင်တော်မူသောအခါ အလွန်ကြည် ညိုသောစိတ်ရှိသည်ဖြစ်၍ "မထေရ်တို့သည် ကြွလာတော်မူကုန်ပြီ"ဟု မင်းကြီးအား လျှောက်ကြားလေ၏၊ မင်းကြီးသည် "ရထားကိုစီးကုန် သလော"ဟု မေးလေ၏၊ "အရှင်မင်းကြီး.... ရထားကိုမစီးကုန်၊ နောက်မှကြွလာတော်မူပြီးလျှင် ရှေးဦးစွာရောက်လာ၍ အရှေ့တံခါး၌ တည်ရှိကုန်၏"ဟု လျှောက်ထားလေ၏။

မင်းကြီးသည် ရထားကိုစီးတော်မမူ- ဟူသောစကားကို ကြား တော်မူသောအခါ "မြေ၌ခင်းသောအခြင်းအရာဖြင့် နေရာတို့ကိုခင်းကြ ကုန်လော့"ဟု အမတ်တို့အား ပြောဆိုပြီးလျှင် ခရီးဦး ကြိုတော်မူရန်

သွားတော်မူလေ၏၊ အမတ်တို့သည် မြေ၌ သပေါ့သင်ဖြူးကို ခင်းစေပြီးလျှင် အထက်၌ ကော်ဇော,အဝတ် အစရှိကုန်သော ဆန်းကြယ်သောအခင်းတို့ကို ခင်းစေကုန်၏၊ မင်းကြီးသည်လည်းသွား၍ မထေရ်တို့ကို ရှိခိုးပြီးလျှင် အရှင်မဟာမဟိန္ဒထေရ်၏ လက်တော်မှသပိတ်ကို ယူ၍ မြတ်သောပူဇော်ခြင်းဖြင့် အရိုအသေပြုပြီးလျှင် မထေရ်တို့ကို မြို့သို့ပင့်တော်မူ၍ နန်းတော်တွင်းသို့ ပင့်တော်မူ၏၊ မင်းကြီးသည် အရှင်မဟာမဟိန္ဒထေရ်ကို မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် ကိုယ်တော်တိုင်ကပ်လှူပြီးလျှင် အနုဋ္ဌာဒေဝီအမှူးရှိကုန်သော ငါးရာသောမိန်းမတို့ကို "မထေရ်တို့အား ရှိခိုးပူဇော်ခြင်းကိုပြုကြကုန်လော့"ဟု ခေါ်စေ၍ သင့်တင့်သောနေရာ၌ နေတော်မူ၏၊အရှင်မဟာမဟိန္ဒထေရ်သည် မင်းကြီးအား ပရိသတ်နှင့်တကွ တရားရတနာတည်းဟူသောမိုယ်းကို ရွာစေသောအခါ ပေတဝတ္ထု, ဝိမာနဝတ္ထုနှင့်တကွ သစ္စသံယုတ်ကို ဟောတော်မူ၏၊ ထိုတရားတော်ကိုနာရသောအခါ ငါးရာသောမိန်းမတို့သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏။

ထိုအခါမြို့သူမြို့သားတို့သည် မထေရ်တို့၏ဂုဏ်တော်တို့ကို ကြားနာရသောအခါ မထေရ်တို့ကို ဖူးမြင်ခြင်းငှါမရခြင်းကြောင့် ကြွေးကြော်ကြကုန်၏၊ ထိုအခါ မင်းကြီးသည် "ဤနန်းတော်၌နေရာမရှိ"ဟု ကြံစည်ပြီးလျှင် "အမတ်မင်းတို့····သွားကြကုန်လော့၊ ဆင်တင်းကုပ်ကို သုတ်သင်ပြီးလျှင် သဲကိုလောင်းလျက် ပန်းတို့ကိုကြဲပြီးလျှင် ဗိတာန် (မျက်နှာကြက်)ကို ဖွဲ့၍ မင်္ဂလာဆင်တော်၏နေရာ၌ မထေရ်တို့၏ နေရာတို့ကိုခင်းကြကုန်လော့"ဟုမိန့်တော်မူ၏၊အမတ်တို့သည်မိန့်တော်မူသည့်အတိုင်း ပြုကြကုန်၏၊ မထေရ်တို့သည် ထိုအရပ်သို့ကြွတော်မူ၍ နေတော်မူလျက် ဒေဝဒူတသုတ္တန်ကို ဟောတော်မူ၏၊ တရားတော်၏ အဆုံး၌ သတ္တဝါတထောင်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုအခါဆင်တင်းကုပ်သည် ကျဉ်းမြောင်းခြင်းကြောင့် တောင်တံခါး၌ နာဂဝနန်ဥယျာဉ်တော်၌ နေရာကိုခင်းစေကုန်၏၊ မထေရ်သည် ထိုနေရာ၌ နေတော်မူလျက် အာသိဝိသောပမသုတ္တန်ကို ဟောတော်မူ၏၊ တရားတော်ကို နာရသောအခါ သတ္တဝါတထောင်သည် သောတာပတ္တိဖိုလ်ကိုရလေ၏။

ဤသို့လျှင် ကြွလာတော်မူသောနေ့မှ ဒုတိယနေ့၌ နှစ်ထောင့်ငါး ရာကုန်သော သတ္တဝါတို့အား တရားထူးကိုရခြင်းသည် ဖြစ်လေ၏၊ မထေရ်သည် နာဂဝန်ဥယျာဉ်၌ လာတိုင်းလာတိုင်းကုန်သော အမျိုး မိန်းမ, အမျိုးချွေးမ, အမျိုးသမီးတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာရှိ စဉ်သာလျှင် ညနေချမ်းအချိန်သို့ ရောက်လေ၏၊ မထေရ်သည် အချိန် ကာလကို မှတ်တော်မူပြီးလျှင် "ယခုမိဿကတောင်သို့ သွားအံ့"ဟု ထလေ၏၊ အမတ်တို့သည် မေဃဝန်ဥယျာဉ်၌သာလျှင် မထေရ်တို့ကို နေစေကုန်၏၊ မင်းကြီးသည်လည်း ထိုညဉ့်ကိုလွန်သဖြင့် မထေရ်၏ အထံသို့သွား၍ ချမ်းသာစွာ ကျိန်းတော်မူရသည်၏အဖြစ်ကို လျှောက် ၍ ရဟန်းသံဃာအား "အာရာမ်သည်အပ်ပါသလော"ဟု လျှောက် လေ၏၊ မထေရ်သည် "မြတ်သောမင်းကြီး…. အာရာမ်သည် အပ်၏" ဟု မိန့်တော်မူလေ၏၊ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ ရွှေကရားကို ယူတော်မူပြီးလျှင် မထေရ်၏လက်တော်၌ ရေကိုသွန်းချ တော်မူလျက် မဟာမေဃဝန်ဥယျာဉ်ကို လှူတော်မူလေ၏။

မထေရ်သည်လည်း နောက်နေ့၌ နန်းတော်၌သာလျှင် ဆွမ်းစား တော်မူပြီးလျှင် နာဂဝန်ဥယျာဉ်၌ အနမတဂ္ဂိယသုတ်ကို ဟောတော်မူ ၏၊ နောက်နေ့၌ အဂ္ဂိခန္ဓောပမသုတ်ကို ဟောတော်မူ၏၊ ဤနည်း ဖြင့်သာလျှင် ခုနစ်ရက်တို့ပတ်လုံးဟောတော်မူ၏၊ ရှစ်ထောင်, ငါးရာ ကုန်သောသတ္တဝါတို့အား တရားထူးကိုရခြင်းသည် ဖြစ်လေ၏၊ ခုနစ် ရက်မြောက်သောနေ့၌ အရှင်မဟာမဟိန္ဒထေရ်သည် နန်းတော်တွင်း ၌ မင်းကြီးအား အပ္ပမာဒသုတ်ကို ဟောတော်မူ၍ စေတိယတောင် သို့သာလျှင် ကြွတော်မူ၏၊ ထိုအခါမင်းကြီးသည် "မထေရ်သည်ငါတို့ ကို မြဲမြံစွာသောသြဝါဒဖြင့် ဆုံးမတော်မူ၏၊ အဘယ်ကြောင့် ကြွသွား တော်မူဘိသနည်း"ဟု အမတ်တို့ကိုမေးတော်မူ၏၊ အမတ်တို့သည် "အရှင်မင်းကြီး…. မထေရ်ကိုမပင့်မူ၍ အလိုလို ကြွလာတော်မူ သောကြောင့် မင်းကြီးအား မပန်ကြားမူ၍သာ ကြွတော်မူခြင်းသည် လည်း ဖြစ်ရာ၏" ဟုလျှောက်ကြကုန်၏။

ထိုနောက် မင်းကြီးသည် ရထားကိုစီးပြီးလျှင် မိဖုရားနှစ်ယောက် တို့ကို တင်တော်မူလျက် ကြီးစွာသော မင်း၏အာနုဘော်ဖြင့် စေတိယ

တောင်သို့သွားတော်မူ၏၊ရောက်သောအခါ မိဖုရားတို့ကို သင့်တင့်သော နေရာ၌ နေစေပြီးလျှင် မိမိသည်သာလျှင် မထေရ်တို့၏အနီးသို့ သွားတော်မူလျက် အလွန် ပင်ပန်းသည်ဖြစ်၍ ဆည်းကပ် တော်မူလေ၏၊ ထိုနောက်မင်းကြီးကို မထေရ်သည် "မြတ်သောမင်းကြီး.... အဘယ်ကြောင့် ပင်ပန်းစွာလာဘိသနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရားတို့သည် ကျွန်ုပ်အား မြဲမြံစွာ ဆုံးမတော်မူပြီးလျှင် ယခုကြွသွားလိုသလောဟု သိခြင်းအကျိုးငှါလာပါ၏"ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး....ငါတို့သည် မသွားလိုကုန်၊စင်စစ်သော်ကား ဝါကပ်အံ့သောအချိန်တန်ပြီ၊ ငါတို့ရဟန်းမည်သည် ဝါကပ်ရန် နေရာကိုသိခြင်းငှါသင့်၏"ဟု မိန့်တော်မူ၏၊ မင်းကြီးသည်လည်း ထိုခဏ၌သာလျှင် စေတီရင်ပြင်ကို ကာတော်မူလျက်*ခြောက်ဆယ့်ရှစ်ခုသောလိုဏ်တို့၌ အမှုကိုဖြစ်စေပြီးလျှင် မြို့သို့သွားတော်မူ၏။

ထိုမထေရ်တို့သည်လည်း လူများအပေါင်းကို ဆုံးမတော်မူလျက် စေတိယတောင်၌သာလျှင် ဝါဆိုတော်မူ၏၊ ထိုနောက် အရှင်မဟာမဟိန္ဒမထေရ်သည် ဝါကျွတ်လတ်သော် ပဝါရဏာ ပြုတော်မူပြီး၍ သီတင်းကျွတ်လပြည့် ဥပုသ်နေ့၌ "မြတ်သောမင်းကြီး.... ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရခြင်းသည်ကား ကြာမြင့်လေပြီ၊ ရှိခိုးခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းတို့၏ တည်ရာဌာနသည် မရှိခြင်းကြောင့် ပျင်းရိကုန်၏"ဟု မင်းကြီးအား မိန့်တော်မူကုန်၏၊ "အရှင်ဘုရားတို့သည် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပြီ"ဟု မိန့်ကြသည်မဟုတ်ပါလော"ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး.... ပရိနိဗ္ဗာန်ပြုသော်လည်း မြတ်စွာဘုရား၏ သာရီရိကဓာတ်တော်တို့သည် တည်ရှိ၏"ဟုမိန့်တော်မူ၏။

## ၃၉။ ဓာတ်တော် ညှပ်ရိုးတော်တို့ကို ပင့်ယူတော်မူခြင်း

"အရှင်ဘုရားမဟိန္ဒ....ကျွန်ုပ်သည် သိပါပြီ၊ စေတီကိုတည်ပါအံ့၊ မြေနေရာကို ရွေးချယ်တော်မူပါ၊ စင်စစ်သော်ကား ဓာတ်တော်တို့ကို အဘယ်နေရာမှ ရပါအံ့နည်း"ဟု လျှောက်ထားလေ၏၊ "မြတ်သော

[ * ခြောက်ဆယ့်ရှစ်ခုသောလိုဏ်။ပါရာဇိကဏ်အဋ္ဌကထာ။ ]

မင်းကြီး····သုမနသာမဏေနှင့် တိုင်ပင်လေလော့”ဟု မိန့်တော်မူ၏၊ မင်းကြီးသည် သုမနသာမဏေထံသို့ သွားပြီးလျှင် “ဓာတ်တော်တို့ကို အဘယ်နေရာမှ ရပါအံ့နည်း”ဟု လျှောက်လေ၏၊ “မြတ်သောမင်းကြီး····ကြောင့်ကြမရှိနေပါလေ၊ သင်မင်းကြီးသည် လမ်းတို့ကိုသုတ်သင်စေပြီးသော် တံခွန်, ကုက္ကား, ရေပြည့်အိုးစသည်တို့ဖြင့် တန်ဆာဆင်စေပြီးသောအခါ ပရိသတ်နှင့်တကွ ဥပုသ် ဆောက်တည် ပြီးလျှင် အလုံးစုံသော စည်လည်ခြင်းတို့ကို ဖြစ်စေလျက် မင်္ဂလာဆင်တော်ကို အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ ထိုမင်္ဂလာဆင်တော်၏အထက်၌ ထီးဖြူတော်ကိုစိုက်ထူပြီးလျှင် ညနေချမ်းအချိန်၌ မဟာနာဂဝန်ဥယျာဉ်တော်သို့ ရှေ့ရှုလာလော့၊ ထိုနေရာ၌ဓာတ်တော်တို့ကို ရလတ္တံ့”ဟုမိန့်တော်မူ၏။

မင်းကြီးသည် ကောင်းပါပြီဟု ဝန်ခံတော်မူ၏၊ မထေရ်တို့သည် စေတိယတောင်သို့သာလျှင် ကြွတော်မူ၏၊ ထိုစေတိယတောင်၌ အရှင်မဟာမဟိန္ဒ ထေရ်သည် သုမနသာမဏေကို ဤသို့ မိန့်တော်မူ၏၊ “သာမဏေ···· သင်သည် ဇမ္ဗူဒိပ်ကျွန်း၌ သင်၏ဘိုးတော်ဖြစ်သော အသောက မင်းကြီးထံသို့ သွားပြီးလျှင် ငါ၏စကားဖြင့် ဤသို့ပြောဆိုလေလော့” ဘိုးတော်မင်းကြီး၏ အဆွေခင်ပွန်း ဖြစ်တော်မူသော ဒေဝါနံပိယတိဿမင်းကြီးသည် ဘုရားသာသနာ၌ ကြည်ညို၏၊ စေတီကို တည်ထားလို၏၊ ဘိုးတော်မင်းကြီးတို့၏လက်၌ မြတ်စွာဘုရား သုံးဆောင်တော်မူသော *သပိတ်နှင့်ဓာတ်တော်သည်ရှိ၏၊ ထိုသပိတ်နှင့်ဓာတ်တော်ကို ငါ့အားပေးလိုက်လော့ဟု ပြောဆိုလေ၊ ထိုသပိတ်နှင့်ဓာတ်တော်ကို ပင့်ယူပြီးလျှင် သိကြားမင်းထံသို့ သွား၍ “မြတ်သောသိကြားမင်း····သင်တို့၏ လက်၌လက်ျာ ညှပ်ရိုးတော်, လက်ျာစွယ်တော်၊ဤနှစ်ဆူသော ဓာတ်တော်တို့သည် ရှိကုန်၏၊ ထိုနှစ်ဆူသောဓာတ်တော်မှ သင်တို့သည် လက်ျာစွယ်တော်ကို ပူဇော်ကြကုန်လော့၊လက်ျာညှပ်ရိုးတော်ကို ငါ့အားပေးကြကုန်လော့ ဟုပြောဆိုလေ၊ ဤသို့လည်း သိကြားမင်းကိုပြောဆိုခဲ့လော့၊ ငါတို့ကို တမ္ဗပဏ္ဏိကျွန်းသို့ စေလွှတ်ပြီး

[*ပါရာဇိကဏ်အဋ္ဌကထာ၌-သပိတ်တော်မပါ။]

လျှင် အဘယ်ကြောင့် မေ့လျော့နေဘိ သနည်းဟု ပြောဆိုခဲ့လေ့”ဟု မိန့်တော်မူ၏။

ထိုအခါ သုမနသာမဏေသည် မထေရ်၏စကားကို ဝန်ခံပြီးလျှင် ထိုခဏ၌ သပိတ်,သင်္ကန်းကိုယူ၍ ကောင်းကင်သို့ကြွတော်မူပြီးလျှင် ပါဋလိပုတ်မြို့တံခါး၌ သက်ဆင်းတော်မူ၍ မင်းကြီးအထံသို့သွားလျက် ထိုအကြောင်းကို ပြောကြားလေ၏၊ မင်းကြီးသည် ဝမ်းမြောက်တော်မူ၍ သာမဏေ၏လက်မှ သပိတ်ကိုယူပြီးလျှင် ဆွမ်းကျွေး၍ မြတ်စွာဘုရား၏သပိတ်တော်ကို နံ့သာတို့ဖြင့်ပွတ်တိုက်လျက် မြတ်သောပုလဲနှင့်တူကုန်သော ဓာတ်တော်တို့ဖြင့် ပြည့်စေ၍ ပေးလေ၏၊ သုမန သာမဏေသည် ထိုဓာတ်တော်ကို ယူပြီးလျှင် သိကြားမင်းထံသို့ သွားလေ၏၊ သိကြားမင်းသည် သာမဏေကိုမြင်သောအခါ “အရှင်ဘုရား သုမန....အဘယ်ကြောင့် ကြွလာသနည်း” ဟုမေး၏၊ “မြတ်သော သိကြားမင်း....သင်သိကြားမင်းသည် ငါတို့ကို တမ္ဗပဏ္ဏိကျွန်းသို့ စေလွှတ်၍ အဘယ်ကြောင့်မေ့ဘိသနည်း”ဟု မေးတော်မူ၏၊ “အရှင်ဘုရား....မမေ့မလျော့ပါ၊မိန့်တော်မူပါ၊အဘယ်ကို ပြုရပါမည်နည်း” ဟု လျှောက်လေ၏။

“သိကြားမင်း....သင်တို့၏လက်၌ လက်ျာစွယ်တော်နှင့် လက်ျာညှပ်ရိုးတော်နှစ်ဆူတို့သည်ရှိကုန်၏၊ ထိုဓာတ်တော်နှစ်ဆူမှ သိကြားမင်းတို့သည် လက်ျာစွယ်တော်ကို ပူဇော်ကြပါကုန်၊ လက်ျာညှပ်ရိုးတော်ကို ကား ငါ့အားပေးပါ”ဟုတောင်းလေ၏၊ “ကောင်းပါပြီ ဘုရား”ဟုဝန်ခံပြီးလျှင် သိကြားမင်းသည် တယူဇနာရှိသော ပတ္တမြားစေတီတော်ကိုဖွင့်၍ လက်ျာညှပ်ရိုးတော်ကို ထုတ်ယူပြီးလျှင် သုမန သာမဏေအား ပေးလေ၏၊ သုမန သာမဏေသည် ထိုလက်ျာညှပ်ရိုးတော်ကို ပင့်ယူပြီးလျှင် စေတိယ တောင်၌သာလျှင် တည်ထားစေ၏၊ ထိုအခါ အရှင်မဟာမဟိန္ဒ ထေရ်အမှူးရှိကုန်သော အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည် အသောကမင်းကြီးသည် ပေးအပ်ကုန်သော ဓာတ်တော်တို့ကို စေတိယတောင်၌သာလျှင် တည်ထားစေ၍ လက်ျာညှပ်ရိုးတော်ကိုယူလျက် ပစ္ဆာဘတ်ဖြစ်သော နေမွန်းလွဲသောအခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ ကြွတော်မူကုန်၏။

ဒေဝါနံပိယတိဿ မင်းကြီးသည်လည်း သုမန သာမဏေသည် မိန့်တော်မူအပ်သော ပူဇော်သက္ကာရကို ပြုပြီးလျှင် မြတ်သောဆင် ကျောက်ကုန်းသို့ တက်တော်မူလျက် မိမိသည် မင်္ဂလာဆင်တော်၏ ဦးကင်းတော်၌ ထီးဖြူကိုဆောင်းလျက် မဟာနာဂ ဝန်ဥယျာဉ်တော် သို့ ရောက်လေ၏၊ ဥယျာဉ်တော်သို့ ရောက်တော်မူသောအခါ "ဤ ဓာတ်တော်သည် မြတ်စွာဘုရား၏ ဓာတ်တော်ဖြစ်ခဲ့သော် ထီးသည် ရုပ်သိမ်းပါစေ၊ မင်္ဂလာဆင်တော်သည်ပုဆစ်ဒူးတို့ဖြင့် မြေ၌ထောက် ပါစေ၊ဓာတ်တော်ကြုတ်သည် ငါ၏ထိပ်၌တည်ပါစေ"ဟု မင်းကြီးအား စိတ်အကြံတော်ဖြစ်လေ၏၊ စိတ်နှင့်ကြံစည်သည်နှင့်တပြိုင်နက် ထီးသည် ရုပ်သိမ်းလေ၏၊မင်္ဂလာဆင်တော်သည်ပုဆစ်ဒူးတို့ဖြင့် ထောက်လေ၏၊ ဓာတ်တော်ကြုတ်သည် မင်းကြီး၏ထိပ်၌ တည်လေ၏။

မင်းကြီးသည် အမြိုက်ဖြင့်သွန်းလောင်းဘိသကဲ့သို့ မြတ်သောနှစ် သက်ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ "အရှင်ဘုရားတို့.... ဓာတ် တော်ကို အဘယ်ကဲ့သို့ပြုရပါမည်နည်း"ဟု လျှောက်လေ၏၊ "မြတ် သောမင်းကြီး.... ဓာတ်တော်တို့ကို ဆင်ဦးကင်း၌သာလျှင် ထား လော့"ဟု ဆိုလေ၏၊ မင်းကြီးသည် ဓာတ်တော်ကြုတ်ကို ဆင်ဦးကင်း ၌ထားလေ၏၊ ဆင်တော်သည် ဝမ်းမြောက်ခြင်းကြောင့် ဆင်၏ကြွေး ကြော်သံကို ကြွေးကြော်လေ၏၊ မိုယ်းကြီးသည် တက်လာပြီးလျှင် ကြာဖက်မိုယ်းကို ရွာလေ၏၊ "ပစ္စန္တအရပ်၌ဖြစ်လျက် မြတ်စွာဘုရား ၏ဓာတ်တော်တို့သည် တည်ကုန်ဘိ၏"ဟု ရေအဆုံးရှိသည်ကိုပြု၍ ကြီးစွာသော မြေတုန်လှုပ်ခြင်းသည် ဖြစ်လေ၏၊ ထိုအခါ ဆင်တော် သည် များစွာသော စည်တော်တို့ဖြင့်ခြံရံလျက် အလွန်မြတ်သောပူဇော် သက္ကာရဖြင့် အရိုအသေပြု၍ အနောက်အရပ်သို့ ရှေ့ရှုသွားလျက် မြို့၏အရှေ့တံခါးတိုင်အောင် သွားပြီးလျှင် အရှေ့အရပ်ဖြင့်မြို့သို့ဝင်၍ အလုံးစုံသောမြို့သူမြို့သားတို့သည် မြတ်သောပူဇော်ခြင်းကို ပြုအပ်သည် ရှိသော် တောင်တံခါးဖြင့်ထွက်၍ ထူပါရုံစေတီတော်၏ အနောက် အရပ်၌ မဟေဇဝတ္ထုအမည်ရှိသော အရပ်သည်ရှိ၏၊ ထိုအရပ်သို့ သွားပြီးလျှင် တဖန် ထူပါရုံစေတီတော်နေရာသို့ ရှေ့ရှုသာလျှင်ပြန်လာ လေ၏။

ထိုထူပါရုံစေတီတော် နေရာသည်လည်း ရှေး၌ပွင့်တော်မူကုန်သော ဘုရားသုံးဆူတို့၏ ဓမကရိုက်, ခါးပန်းကြိုး,ရေသနုပ်တော်ကို ဌာပနာ၍ တည်ထားအပ်သော စေတီနေရာဖြစ်၏၊ ထိုစေတီနေရာ၌ စေတီတို့သည် ပျက်ကုန်သော်လည်း နတ်တို့၏အာနုဘော်ကြောင့် ဆူးရှိကုန်သော သစ်ခက်ခြုံတို့ဖြင့် ဖုံးလွှမ်းလျက်တည်၏၊ တစုံတယောက်သော သူသည် မစင်ကြယ်သော အရာဝတ္ထု, အမှိုက်တို့ဖြင့် ဖျက်ဆီးခြင်းမရှိချေ၊ ထိုအခါ ဆင်တော်၏ရှေ့မှသွား၍ မင်းယောကျ်ားတို့သည် အလုံးစုံသောခြုံတို့ကို ခုတ်ဖြတ်၍ မြေကိုသုတ်သင်လျက် ထိုနေရာကို လက်ဝါးအပြင်နှင့်တူသည်ကို ပြုကြကုန်၏၊ ဆင်တော်သည်သွားပြီးလျှင် ထိုသုတ်သင်သောနေရာကို ရှေ့ပြု၍ ထိုနေရာ၏ အနောက်အရပ်၌ရှိသော ဗောဓိပင်နေရာ၌ရပ်လေ၏၊ ထိုအခါ ဆင်တော်၏ထိပ်မှ ဓာတ်တော်ကို ချရန် အားထုတ်ကြလေ၏၊ ဆင်တော်သည်ချရန် ခွင့်မပြုချေ၊ထိုအခါ မင်းကြီးသည်"အရှင်ဘုရားတို့····ဆင်တော်သည် ဓာတ်တော်ကိုချရန် အဘယ့်ကြောင့် ခွင့်မပေးပါသနည်း"ဟု လျှောက်လေ၏၊

"မြတ်သောမင်းကြီး···· တင်အပ်ပြီးသော ဓာတ်တော်ကို အောက်သို့ချခြင်းငှါ မသင့်"ဟု မိန့်တော်မူလေ၏၊ ထိုအခါ အဘယအိုင်၌ ရေသည်ခန်းခြောက်၏၊ ထက်ဝန်းကျင်၌ မြေသည်ကွဲအက်လေ၏၊ထုတ်ယူလွယ်သော မြေညက်စိုင်ရှိသောကြောင့် လူအပေါင်းသည် လျင်စွာမြေညက်စိုင်ကို ယူပြီးလျှင် ဆင်ဦးကင်း ပမာဏရှိသော အကြည်(ကုန်းမြင့်)ကိုပြု၏၊ထိုခဏ၌ စေတီတည်ခြင်းငှါ အုတ်လုပ်ရန် အားထုတ်ကြကုန်၏၊ အုတ်မပြီးသေးွေ ကာလပတ်လုံး ဆင်တော်သည် နှစ်ရက်, သုံးရက် ပတ်လုံး နေ့အခါ၌ ဗောဓိပင်နေရာ၌ ရှိသော ဆင်တင်းကုပ်၌တည်၏၊ ညဉ့်အခါ၌ မဟာစေတီတည်ရာ မြေ၌ လှည့်လည်၏၊ ထိုအခါအကြည်ကိုပြုလုပ်စေ၍ မင်းကြီးသည် "အရှင်ဘုရားတို့···· အဘယ်ပုံသဏ္ဌာန်ရှိသောစေတီတော်ကို တည်ထားအပ်ပါသနည်း" ဟု အရှင်မဟာမဟိန္ဒထေရ်ကို လျှောက်လေ၏၊ "မြတ်သောမင်းကြီး····စပါးပုံနှင့်တူသော စေတီတော်ကို တည်ထားအပ်၏"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ပန်းတင်ခုံ(ဘိနပ်တော်) ပမာဏရှိသော စေတီတော်ကို စီစေပြီး

လျှင် ဓာတ်တော်ကို စေတီတော်သို့ချခြင်းငှါ များစွာသောအရှိအသေကို ပြုလေ၏။

## ၄၀။ ညှပ်ရိုးတော်ကိုစေတီတည်ထားခြင်း

ထိုနောက် အလုံးစုံသော မြို့သူမြို့သားအပေါင်းသည်၎င်း, ဇနပုဒ်၌နေသောလူအပေါင်းသည်၎င်း ဓာတ်တော်ပွဲတော်ကို ဖူးမြင်ခြင်းအကျိုးငှါ စည်းဝေးကြကုန်၏၊စည်းဝေးပြီးသောအခါ မြတ်စွာဘုရား၏ဓာတ်တော်သည် ဆင်ဦးကင်းမှ ထန်းခုနစ်ဆင့် ပမာဏရှိသောကောင်းကင်သို့ ကြွတော်မူပြီးလျှင် ယမကတန်ခိုးပြာဋိဟာကို ပြတော်မူ၏၊ ထိုထိုသို့သောဓာတ်တော်တို့မှ ခြောက်သွယ်သောရောင်ခြည်တော်တို့သည်၎င်း, ရေအယဉ်နှင့် မီးအစုတို့သည်၎င်း ဖြစ်ကုန်လျက်သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်၏အနီး၌ မြတ်စွာဘုရားပြတော်မူအပ်သော တန်ခိုးပြာဋိဟာကဲ့သို့ ပြတော်မူလေ၏။

ထိုတန်ခိုးပြာဋိဟာကိုလည်း အရှင်မဟာဟိန္ဒထေရ်၏ တန်ခိုးအာနုဘော်ကြောင့်၎င်း, နတ်တို့၏အာနုဘော်ကြောင့်၎င်း ပြတော်မူသည်မဟုတ်၊စင်စစ်သော်ကား မြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော်ကြောင့် ပြတော်မူ၏၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်သာလျှင် "ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ တမ္ဗပဏ္ဏိကျွန်း အနုရာဓမြို့၏ တောင်အရပ်၌ ရှေး၌ပွင့်တော်မူကုန်သော ဘုရားသုံးဆူတို့၏ စေတီတည်သောနေရာ၌ ငါဘုရား၏ လကျ်ာညှပ်ရိုးတော်ကိုဌာပနာသောနေ့၌ ယမကတန်ခိုးပြာဋိဟာကို ပြစေသတည်းဟု မိန့်ဓှာန်တော်မူ၏။

> ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
> အစိန္တိယေ ပသန္နာနံ၊ ပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့ကို။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ ဗုဒ္ဓဓမ္မာ၊ ဘုရား၏တရားတော်တို့ကို။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ အစိန္တိယေ၊ မကြံစည်နိုင်သောဘုရားနှင့် ဘုရား၏ တရားတော်၌။ ပသန္နာနံ၊ ကြည်ညိုကုန်သောပုဂ္ဂိုလ်တို့အား။ အစိန္တိယော၊ မကြံစည်နိုင်သော။ ပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

သာရီရိကဓာတ်တော်မှ ထွက်သောရေပေါက်တို့သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တစုံတခုမတွေ့ထိသော နေရာမည်သည် မရှိပြီ၊ ဤသို့လျှင် မြတ်စွာဘုရား၏ သာရီရိကဓာတ်တော်သည် ရေပေါက်တို့ဖြင့် တမ္ဗပဏ္ဏိကျွန်းအပြင်၏ ပူလောင်ခြင်းကို ငြိမ်းစေ၍ လူအပေါင်းအား တန်ခိုးပြာဋိဟာကို ပြတော်မူလျက် သက်ဆင်းတော်မူပြီးလျှင် မင်းကြီး၏ထိပ်၌တည်တော်မူ၏၊ မင်းကြီးသည် အကျိုးရှိသော လူ၏အဖြစ်ကိုရခြင်းကို အောက်မေ့တော်မူလျက် များစွာသော ပူဇော်သက္ကာရကို ပြုပြီးလျှင် ဓာတ်တော်ကိုဌာပနာတော်မူ၏၊ ဓာတ်တော်ကို ဌာပနာသည်နှင့်တပြိုင်နက် ကြီးစွာသော မြေတုန်လှုပ်ခြင်းသည် ဖြစ်လေ၏၊ ဓာတ်တော်ကိုတည်ပြီးသော် မင်းကြီး,မင်းကြီး၏ညီအစ်ကို, မိဖုရား, နတ်, နဂါး, ဘီလူးတို့သည် အံ့ဩဘွယ်ကိုပြုကုန်လျက် အသီးအသီး ပူဇော်ကြကုန်၏။

ထူပါရာမကထာပြီး၏။

---

## ၆။ မောဓိအာဂမနကထာ

### ၄၁။ မောဓိပင်ကိုပင့်ခြင်း

ဓာတ်တော်ကို ပူဇော်ခြင်းကိစ္စ ပြီးလတ်သော် အရှင်မဟာမဟိန္ဒထေရ်သည် မဟာမေဃဝန်ဥယျာဉ်တော်သို့ ကြွတော်မူလျက် သီတင်းသုံးတော်မူ၏၊ ထိုအခါ အနုဠာမိဖုရားကြီးသည် ရဟန်းပြုလိုသည်ဖြစ်၍ မင်းကြီးအား လျှောက်ကြားလေ၏၊မင်းကြီးသည် မိဖုရားကြီး၏စကားကို ကြားသောအခါ "အရှင်ဘုရားမဟိန္ဒ···· အနုဠာမိဖုရားကြီးသည် ရဟန်းပြုလိုပါ၏၊ ထိုအနုဠာမိဖုရားကြီးကို ရဟန်းပြုတော်မူပါ" ဟု အရှင်မဟာမဟိန္ဒထေရ်ကိုလျှောက်ကြားလေ၏၊"မြတ်သောမင်းကြီး·· ငါတို့သည် မာတုဂါမကို ရဟန်းပြုခြင်းငှါမအပ်၊ ပါဋလိပုတ်ပြည်၌ ငါ၏နှမတော်ဖြစ်သော သံဃမိတ္တာထေရီမသည် ရှိ၏၊ ထိုထေရီမကို ပင့်ချေလော့"ဟု မိန့်တော်မူပြီးလျှင် "မြတ်သောမင်းကြီး··ဤတမ္ဗပဏ္ဏိကျွန်း၌ ရှေးအခါ ပွင့်တော်မူကုန်သောဘုရားသုံးဆူတို့၏မောဓိပင်သည် တည်ရှိခဲ့ဘူး၏၊ ငါတို့မြတ်စွာဘုရား၏လည်း သာယာအပ်သော အရသာရှိသော ရောင်ခြည်တော်ကွန်ယက်ကို လွှတ်တော်မူတတ်သော

ဗောဓိပင်ကို ဤတမ္ဗပဏ္ဏိကျွန်း၌ တည်ထားသင့်သောကြောင့် သဃ်မိတ္တာထေရီမသည် ဗောဓိပင်ကိုပင့်၍ ကြွလာရန် သတင်းစကားကို လျှောက်ကြားလေလော့” ဟု မိန့်တော်မူ၏။

ကောင်းပါပြီဘုရားဟု မင်းကြီးသည် မထေရ်၏စကားကို ဝန်ခံပြီးလျှင် အမတ်တို့နှင့်တိုင်ပင်တော်မူလျက် အရိဋ္ဌမည်သော မိမိ၏တူတော်ကို “တူတော်အရိဋ္ဌ....ပါဋလိပုတ်ပြည်သို့သွား၍ မဟာဗောဓိနှင့်တကွ အရှင်သဃ်မိတ္တာထေရီမကို ပင့်ခြင်းငှါ သင်သည် စွမ်းနိုင်သလော” ဟု မိန့်တော်မူ၏၊ “အရှင်မင်းကြီး....ကျွန်ုပ်အား ရဟန်း၏အဖြစ်ကို ခွင့်ပြုသော် စွမ်းနိုင်ပါ၏” ဟု လျှောက်ထားလေ၏၊ “တူတော်အရိဋ္ဌ.... သွားချေလော့၊ ထေရီမကို ပင့်ပြီးသောအခါ ရဟန်းပြုလော့” ဟု မိန့်တော်မူ၏၊တူတော် အရိဋ္ဌသည် မင်းကြီးနှင့် မထေရ်၏သတင်းစကားကိုယူပြီးလျှင်မထေရ်၏အမိန့်ဩဝါဒတော်မူခြင်း၏အစွမ်းဖြင့် တရက်ချင်းဖြင့်သာလျှင် ဇမ္ဗုကောလပင်လယ်ဆိပ်ကမ်းသို့ရောက်၍ လှေစီးပြီးလျှင် သမုဒ္ဒရာပင်လယ်ကို လွန်မြောက်၍ ပါဋလိပုတ်ပြည်သို့ ရောက်သောအခါ “အရှင်မင်းမြတ်.... သားတော်ဖြစ်တော်မူသောအရှင်မဟာမဟိန္ဒထေရ်သည် အရှင်မင်းကြီး၏ အဆွေဖြစ်တော်မူသော ဒေဝါနံပိယတိဿမင်းကြီး၏ နောင်တော်ကြီး၏မိဖုရားဖြစ်သော အနုဠာဒေဝီသည် ရဟန်းပြုလိုပါ၏၊ ထိုအနုဠာဒေဝီကို ရဟန်းပြုခြင်းငှါ အရှင်သဃ်မိတ္တာထေရီမကို မဟာဗောဓိနှင့်အတူစေလွှတ်တော်မူပါ ဟု မိန့်တော်မူသည်” ဟူ၍ အသောကမင်းကြီးအား သတင်းစကားကို လျှောက်ကြားလေ၏။

မထေရ်၏သတင်းစကားကို လျှောက်ကြားပြီးသော် သဃ်မိတ္တာထေရီမ၏ထံသို့ သွားပြီးလျှင် ဤသို့လျှောက်ကြားလေ၏ “အရှင်မ.... အရှင်မ၏ မောင်တော်ဖြစ်တော်မူသော အရှင်မဟာမဟိန္ဒထေရ်သည် ကျွန်ုပ်ကို အရှင်မတို့၏ထံသို့ စေလွှတ်တော်မူ၏၊ ဒေဝါနံပိယတိဿမင်းကြီး၏ နောင်တော်ကြီး၏ မိဖုရားဖြစ်တော်မူသော အနုဠာဒေဝီသည် ငါးရာကုန်သော သတို့သမီးတို့နှင့်ငင်း,ငါးရာကုန်သော နန်းတွင်းသူတို့နှင့်ငင်း အတူတကွ ရဟန်းပြုလို၏၊ထိုအနုဠာမိဖုရားကို ကြွလာတော်မူ

ပြီးလျှင် ရဟန်းပြုပါလော့ဟု စေလွှတ်တော်မူသည်" ဟူ၍ ထေရီမ အား လျှောက်ကြားလေ၏၊ အရှင်သဃ်မိတ္တာထေရီမသည် ထိုခဏ၌ လျင်မြန်စွာကြွသွားတော်မူလျက် မင်းကြီးအား ထိုအကြောင်းကိုကြား တော်မူ၍ "မြတ်သောမင်းကြီး.... ငါတို့သည် တမ္ဗပဏ္ဏိကျွန်းသို့သွား အံ့" ဟု မိန့်လေ၏။

"ချစ်သွီး..ကြွသွားခဲ့သော် မဟာဗောဓိပင်ကို ပင့်ယူ၍ကြွသွားလေ လော့" ဟု မိန့်တော်မူပြီးလျှင် ပါဋလိပုတ်ပြည်မှ မဟာဗောဓိတိုင် အောင် လမ်းကိုသုတ်သင်စေ၍ အလျားခုနစ်ယူဇနာ,အနံသုံးယူဇနာ ရှိသော များစွာသောစစ်သည်ဖြင့် ပါဋလိပုတ်ပြည်မှထွက်၍ အရိ ယာသံဃာကိုပင့်တော်မူလျက် မဟာဗောဓိပင်၏အနီးသို့ ကြွသွား တော်မူ၏၊ စစ်သည်တို့သည် စိုက်ထူအပ်သောတံခွန်, ကုက္ကား,အထူး ထူးသောရတနာတို့ဖြင့် ဆန်းကြယ်သော များစွာသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အထူးထူးသောပန်းတို့ဖြင့်ပြွမ်းသော များစွာ သောတူရိယာတို့ဖြင့် တီးမှုတ်ခြင်းရှိသော မဟာဗောဓိကို ဝန်းရံတော် မူ၏၊ ထိုနောက် မင်းကြီးသည် ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် သုံးကြိမ် လက်ျာရစ် လှည့်တော်မူလျက် ရှစ်ပါးသောနေရာတို့၌ ရှိခိုး၍ထတော် မူပြီးလျှင် လက်အုပ်ချီ၍ ရပ်တော်မူလျက် သစ္စာဆိုခြင်းကို ပြုသဖြင့် မဟာဗောဓိကို ပင့်ယူလိုသောကြောင့် ရတနာ အင်းပျဉ်ပေါ်သို့ တက်တော်မူပြီးလျှင် ရွှေစုတ်ကို ကိုင်လျက် "မဟာဗောဓိသည် လင်္ကာဒီပကျွန်း၌ တည်သင့် တည်ထိုက်သည်ဖြစ်အံ့၊ ငါသည် ဘုရား သာသနာတော်၌ ယုံမှားကင်းသည် ဖြစ်အံ့၊ မဟာဗောဓိသည် အလိုလိုသာလျှင် ဤရွှေဖျဉ်း၌ တည်စေသတည်း" ဟု ဆေးဒန်း မြင်းသီလာဖြင့် ရေးသားလျက် သစ္စာဆိုခြင်းကို ပြုတော်မူ၏။

သစ္စာဆိုခြင်းကို ပြုသည်နှင့်တပြိုင်နက် မဟာဗောဓိပင်၏ လက်ျာ တောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့် ပိုင်းခြားသော နေရာ၌ ပြတ်၍ နံ့သာညွန်ပျောင်းဖြင့်ပြည့်သော ရွှေဖျဉ်း၏ အထက်၌ တည် တော်မူ၏၊ ထိုနောက်မင်းကြီးသည် မဟာဗောဓိမဏ္ဍိုင်မှ များစွာ သော ပူဇော်သက္ကာရဖြင့် ပါဋလိပုတ်ပြည်သို့ ပင့်ပြီးလျှင် အလုံးစုံ

သော အစောင့်အရှောက်ကိုပေး၍ မဟာဗောဓိကိုဂင်္ဂါမြစ်၌ လှေသို့ တင်ပြီးလျှင် မိမိကိုယ်တော်တိုင်လည်း မြို့မှထွက်တော်မူ၍ တောအုပ်ကိုလွန်တော်မူလျက် အစဉ်သဖြင့် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိပင်လယ်ဆိပ်ကမ်းသို့ ရောက်လေ၏၊ ခရီးအကြား၌ နတ်, နဂါး, လူတို့သည် မြတ်သော မဟာဗောဓိပူဇော်ခြင်းကို ပြုကြကုန်၏၊ မင်းကြီးသည်လည်း သမုဒ္ဒရာပင်လယ်ကမ်း၌ ခုနစ်ရက်ပတ်လုံး မဟာဗောဓိကိုထားပြီးလျှင် မြတ်သောပူဇော်သက္ကာရကိုပြု၍ သယ်မိတ္တာထေရီမကိုလည်း အခြံအရံနှင့်တကွ လှေသို့တင်ပြီးလျှင် "အိုအချင်းတို့.... မြတ်စွာဘုရား၏ သာယာအပ်သော သဘောရှိသော ရောင်ခြည်တော်ကွန်ယက်ကို လွှတ်တော်မူတတ်သော မဟာဗောဓိပင်သည် ကြွသွားလေတကား"ဟု မြည်တမ်း၍ လက်အုပ်ချီလျက်ယိုစီးသော မျက်ရည်ရှိသည်ဖြစ်၍ တည်နေလေ၏။

လှေသို့တင်အပ်သော ထိုမဟာဗောဓိသည်လည်း မင်းကြီးကြည့်ရှုစဉ်သာလျှင် သမုဒ္ဒရာအပြင်သို့ ကြွသွားတော်မူ၏၊ မဟာသမုဒ္ဒရာ၌လည်း ထက်ဝန်းကျင် တယူဇနာအတွင်း၌ လှိုင်းတံပိုးတို့သည် ငြိမ်သက်ကုန်၏၊ အဆင်းငါးပါးရှိကုန်သော ပဒုမာကြာတို့သည် ပွင့်ကုန်၏၊ ကောင်းကင်၌ နတ်၌ဖြစ်ကုန်သော တူရိယာတို့ကို တီးမှုတ်အပ်ကုန်၏၊ ကောင်းကင်၌ရှင်း, ရေ၌ပေါက်သောသစ်ပင်- ကုန်း၌ပေါက်သောသစ်ပင် အစရှိသည်တို့၌ရှင်း မှီ၍နေကုန်သော နတ်တို့သည် ဖြစ်စေအပ်သော အလွန်မြတ်သောပူဇော်ခြင်းသည် ဖြစ်လေ၏၊ ဤသို့လျှင် မြတ်သောပူဇော်ခြင်းဖြင့် ထိုမဟာဗောဓိပင်သည်လှေဖြင့် ဇမ္ဗုကောလပင်လယ်ဆိပ်ကမ်းသို့ ရောက်လေ၏။

ဒေဝါနံပိယတိဿမင်းကြီးသည်လည်း မြောက်တံခါးမှစ၍ ဇမ္ဗုကောလပင်လယ်ဆိပ်ကမ်းတိုင်အောင် သွားသောလမ်းကို သုတ်သင်စေပြီးလျှင် တန်ဆာဆင်လျက် မြို့မှထွက်သောနေ့၌ မြောက်တံခါး၏အနီး၌ သမုဒ္ဒသာလဝတ္ထုမည်သောအရပ်၌ ရပ်လျက်သာလျှင် တင့်တယ်စွာ သမုဒ္ဒရာ၌ကြွလာသော မဟာဗောဓိပင်ကိုမထေရ်၏ အာနုဘော်ဖြင့် မြင်တော်မူသောအခါ ဝမ်းမြောက်သောစိတ်ဖြင့် ထွက်တော်မူ၍ အလုံးစုံသောလမ်းကို အဆင်းငါးပါးရှိကုန်သောပန်းတို့ဖြင့်

ဖြန့်ကြဲစေလျက် အကြား၌ ပန်းစေတီတို့ကို ထားစေလျက် တရက်ချင်းဖြင့် ဇမ္ဗုကောလပင်လယ်ဆိပ်ကမ်းသို့ သွားပြီးလျှင် အလုံးစုံသော စည်တော်တို့ဖြင့်ခြီရံ၍ ပန်း, အခိုး, နံ့သာစသည်တို့ဖြင့်ပူဇော်၍ လည်ပမာဏရှိသောရေသို့ သက်ဆင်းပြီးလျှင် "အချင်းတို့.... မြတ်စွာဘုရား၏ သာယာအပ်သော သဘောရှိသော ရောင်ခြည်တော်ကွန်ယက်ကို လွှတ်တော်မူတတ်သော မဟာဗောဓိသည် ကြွလာတော်မူလေစွတကား" ဟု ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မဟာဗောဓိပင်ကိုမြှောက်တော်မူလျက် မြတ်သောဦးခေါင်း၌ တည်စေ၍ မဟာဗောဓိပင်ကို ခြီရံလျက်လာကုန်သော တကျိပ် ခြောက်ယောက်ကုန်သော ဇာတ်နှင့်ပြည့်စုံကုန်သော အမျိုးတို့နှင့်တကွ သမုဒ္ဒရာမှကူး၍ သမုဒ္ဒရာဆိပ်ကမ်း၌ မဟာဗောဓိကို ထားပြီးလျှင် အလုံးစုံသောတမ္ဗပဏ္ဏိကျွန်းကို အစိုးရသောမင်း၏အဖြစ်ဖြင့် ပူဇော်လေ၏။

တကျိပ်ခြောက်ယောက်ကုန်သော ဇာတ်နှင့်ပြည့်စုံကုန်သောအမျိုးတို့အား မင်းအဖြစ်ကိုစီစစ်လေ၏၊လေးရက်မြောက်သောနေ့၌ မဟာဗောဓိကို ပင့်ယူတော်မူပြီးလျှင် မြတ်သောပူဇော်ခြင်းကိုပြု၍ အစဉ်အားဖြင့် အနုရာဓမြို့သို့ ရောက်လေ၏၊အနုရာဓမြို့၌လည်း မြတ်သောပူဇော်သက္ကာရကိုပြု၍ နတ္တော်လဆန်း ၁၄-ရက်နေ့၌ ညနေချမ်းအချိန်တွင် မဟာဗောဓိကို မြောက်တံခါးဖြင့်သွင်း၍ မြို့လယ်ဖြင့်ပင့်ဆောင်ပြီးလျှင် တောင်တံခါးဖြင့်ထွက်၍ တောင်တံခါးမှ ကုလလေးတာငါးရာရှိသော အကြင်အရပ်၌ ငါတို့၏မြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ဝင်စားလျက်နေခဲ့ဘူး၏၊ ရှေး၌ ပွင့်တော်မူကုန်သောဘုရားသုံးဆူတို့သည် သမာပတ်ကိုဝင်စား၍ နေခဲ့ဘူး၏၊ ကကုသန်မြတ်စွာဘုရား၏ ကုက္ကိုဗောဓိပင်သည်၎င်း, ကောဏာဂုံ မြတ်စွာဘုရား၏ ရေသဖန်းဗောဓိပင်သည်၎င်း, ကဿပ မြတ်စွာဘုရား၏ ပညောင်ဗောဓိပင်သည်၎င်း တည်ခဲ့ဘူး၏၊ မဟာမေဃဝန်ဥယျာဉ်၏ တန်ဆာသဘွယ်ဖြစ်သောမြေကို သုတ်သင်အပ်ပြီးသော မင်းဥယျာဉ်တံခါးမုခ်နေရာဖြစ်သော ထိုနေရာ၌မဟာဗောဓိပင်ကို တည်စေ၏။

ဧဝံ လင်္ကာဟိတတ္ထာယ၊ သာသနဿစ ဝုဍ္ဎိယော။
မဟာမေဃဝနေ ရမ္မေ၊ မဟာဗောဓိ ပတိဋ္ဌိတော။

ဤသို့လျှင် လက်ာဒီပကျွန်း၏ အကျိုး,သာသနာတော်ကြီးပွားခြင်း၏အကျိုးငှါ မွေလျော်ဘွယ်ရှိသော မဟာမေဃဝန် ဥယျာဉ်တော်၌ မဟာဗောဓိပင်သည် တည်တော်မူ၏။

ဗောဓိအာဂမနကထာပြီး၏။

---

## ၇။ ဃောဇနထူပကထာ

### ၄၂။ စေတီတို့ကိုတည်တော်မူခြင်း

အနုဠာမိဖုရားကြီးသည်လည်း ငါးရာကုန်သော သတို့သမီး, ငါးရာကုန်သော နန်းတွင်းသူဖြစ်ကုန်သော မာတုဂါမ တထောင်နှင့်အတူတကွ သဃ်မိတ္တာထေရီမ၏အထံ၌ ရဟန်းပြု၍ မကြာမြင့်မီသာလျှင် အခြံအရံနှင့်တကွ အရဟတ္တဖိုလ်၌ တည်တော်မူ၏၊ မင်းကြီး၏ တူတော်ဖြစ်သော အရိဋ္ဌအမတ်သည်လည်း ငါးရာကုန်သော ယောကျ်ားတို့နှင့်အတူတကွ မထေရ်၏အထံ၌ ရဟန်းပြု၍ အခြံအရံနှင့်တကွ မကြာမြင့်မီ အရဟတ္တဖိုလ်၌ တည်တော်မူ၏၊တနေ့သ၌ မင်းကြီးသည် မဟာဗောဓိကို ရှိခိုးပြီးလျှင် မထေရ်နှင့်အတူ တူပါရုံစေတီတော်သို့ သွားတော်မူ၏၊ မင်းကြီးသည် လောဟပါသာဒ ပြာသာဒ်နေရာသို့ ရောက်သောအခါ ပရိသတ်တို့သည် ပန်းတို့ကို ဆောင်ယူလာကုန်၏၊ မင်းကြီးသည် မထေရ်အား ပန်းတို့ကိုလှူလေ၏၊ မထေရ်သည် ပန်းတို့ဖြင့် လောဟပါသာဒ ပြာသာဒ်နေရာကို ပူဇော်လေ၏၊ ပန်းတို့သည် မြေ၌ကျကုန်လတ်သော် ကြီးစွာသော မြေတုန်လှုပ်ခြင်းသည်" ဖြစ်လေ၏။

မင်းကြီးသည် "အဘယ်ကြောင့် မြေတုန်လှုပ်ပါသနည်း"ဟု မေးလေ၏၊ "မြတ်သောမင်းကြီး....ဤနေရာ၌ နောင်အခါ သံဃာတော်၏ ဥပုသ်အိမ်သည် ဖြစ်လတ္တံ့၊ ဤမြေတုန်လှုပ်ခြင်းသည် ထိုဥပုသ်အိမ်၏ ပုဗ္ဗနိမိတ်"ဟု မိန့်တော်မူ၏၊တဖန် မဟာစေတီနေရာသို့ရောက်လတ်သော်ထိုမင်းကြီး၏ ပရိသတ်တို့သည် စကားပန်းတို့ကိုဆောင်ယူလာကုန်၏၊ထိုစကားပန်းတို့ကိုလည်း မင်းကြီးသည် မထေရ်အားလှူလေ၏၊ မထေရ်သည် မဟာစေတီ၏နေရာကို ပန်းတို့ဖြင့်ပူဇော်လေ၏၊

ထိုခဏ၌ သာလျှင် မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏၊ မင်းကြီးသည် "အဘယ်ကြောင့် မြေလှုပ်ပါသနည်း"ဟု မထေရ်အား မေးလေ၏၊ "မြတ်သောမင်းကြီး....ဤနေရာ၌ မြတ်စွာဘုရား၏ တစုံတခုနှင့်မတူသော မဟာစေတီတော်သည် တည်လတ္တံ့၊ ဤမြေတုန်လှုပ်ခြင်းသည် ထိုမဟာစေတီ၏ ပုဗ္ဗနိမိတ်"ဟုဆိုလေ၏၊ "အရှင်ဘုရား မဟိန္ဒ....အကျွန်ုပ်သည်သာလျှင် တည်ထားပါအံ့"ဟု လျှောက်သော အခါ "မြတ်သောမင်းကြီး....မတည်ထားလေလင့်၊ သင်မင်းကြီးတို့အား များစွာပြုလုပ်ရန် ကိစ္စသည်ရှိ၏၊ သင်မင်းကြီးတို့၏ မြေးတော်ဖြစ်သော ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် တည်စေလတ္တံ့"ဟုမိန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် "ကျွန်ုပ်၏မြေးတော်သည် ထိုစေတီကို တည်ထားလတ္တံ့ဖြစ်ခဲ့သော် ကျွန်ုပ်၏ တည်ပြီးသည်သာလျှင် ဖြစ်၏" ဟုလျှောက်ထားပြီးလျှင် တဆယ့်နှစ်တောင်ရှိသော ကျောက်တိုင်ကို ဆောင်ယူစေ၍ "ဒေဝါနံပိယတိဿမင်းကြီး၏ မြေးတော်ဖြစ်သော ဒုဋ္ဌဂါမဏိ အဘယမည်သောမင်းသည် စေတီတည်ထားလတ္တံ့" ဟု ကမ္ပည်းအက္ခရာကို ရေးသား၍ထားလေ၏၊ ထိုအခါ ဒေဝါနံပိယတိဿမင်းကြီးသည် စေတိယတောင်၌ ထားအပ်သော မြတ်စွာဘုရား၏ သပိတ်တော်ကို ပြည့်စေလျက် ပင့်ယူအပ်သော ဓာတ်တော်တို့ကို ဆင်ကျောက်ကုန်းဖြင့် ပင့်ယူစေ၍ အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ တယူဇနာ,တယူဇနာစီ ဝေးကွာသောနေရာတိုင်း၌ စေတီဘည်စေပြီးလျှင် ဓာတ်တော်တို့ကို ဌာပနာစေ၍ မြတ်စွာဘုရား၏ သပိတ်တော်ကိုကား မင်း၏နန်းတော်၌သာလျှင်ထား၍ ပူဇော်ခြင်းကိုပြုလေ၏။

ယောဇနထူပကထာပြီး၏။

---

## ၈။ တက္ကဒီပနကထာ

### ၄၃။ မင်းငါးဆက်ကိုပြခြင်း

ထိုအခါ ဒေဝါနံပိယတိဿမင်းကြီးသည် တပါးကုန်သော များစွာကုန်သော ကုသိုလ်တို့ကို ပြုပြီးလျှင် နှစ်ပေါင်းလေးဆယ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ထိုမင်းကြီးနတ်ရွာစံသဖြင့် ညီတော်ဥတ္တိယမင်းသည်

ဆယ်နှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ထိုဥတ္တိယမင်း နတ်ရွာစံသဖြင့် ညီတော်မဟာသိဝ မင်းသည် ဆယ်နှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ထိုမဟာသိဝမင်း နတ်ရွာစံသဖြင့် ညီတော်သူရတိဿမင်းသည် ဆယ်နှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ထို့နောက် သေနဟူသောအမည်, ဂုတ္တဟူသောအမည်ဖြင့် ထင်ရှားသော ကျေးညီနောင်နှစ်ယောက်တို့သည် သူရတိဿမင်းကို ဖမ်းယူပြီးလျှင် နှစ်ဆယ့် နှစ်နှစ်တို့ပတ်လုံး တရားသဖြင့် မင်းပြုကြကုန်၏၊ထိုကျေးညီနောင်နှစ်ယောက်တို့ကို ဖမ်းယူပြီးလျှင် မုဋသိဝမင်း၏ သားတော်ဖြစ်သော အသေလမင်းသားသည် ဆယ်နှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ထိုအခါဠြောရမည်သောကျေးသည် စောဠတိုင်းမှလာ၍ အသေလမင်းကို ဖမ်းယူပြီးလျှင် လေးဆယ့်လေးနှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ဠြောရကျေးကိုဖမ်းယူပြီးလျှင် ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် မင်းပြုတော်မူ၏။

တတ္ထဒီပနကထာပြီး၏။

---

## ၉။ မဟိယင်္ဂဏထူပကထာ

### ၄၄။ ဒုဋ္ဌဂါမဏိမင်းသားအကြောင်း

ဒေဝါနံပိယတိဿမင်းကြီး၏ ညီတော်ဖြစ်သော ဒုတိယအိမ်ရှေ့မင်းသည် မဟာနာဂ မင်းမည်၏၊ ထိုအခါ မင်းကြီး၏ မိဖုရားကြီးသည် မိမိ၏သားအား မင်းအဖြစ်ကို အလိုရှိသောကြောင့် ညီတော်ဖြစ်တော်မူသောကြောင့် အိမ်ရှေ့မင်းအား အဆိပ်နှင့် သရက်သီးကို ရောစပ်ပြီးလျှင် သရက်သီးကို အထက်၌ထား၍ အိမ်ရှေ့မင်းထံသို့ ပို့လေ၏၊ အိမ်ရှေ့မင်းနှင့် အတူသွားသော မိဖုရားကြီး၏သားသည် ခွက်ကိုဖွင့်လျက် သရက်သီးကိုစားသောကြောင့် သေဆုံးလေ၏၊ အိမ်ရှေ့မင်းသည် ထိုအကြောင်းကို သိလေသော် မိဖုရားကြီးအား ကြောက်သည်ဖြစ်၍ ထိုအရပ်မှ မိမိ၏မိဖုရားကြီးနှင့် စစ်သည်ဗိုလ်ပါကို ခေါ်တော်မူပြီးလျှင် ရောဟနအရပ်သို့ သွားလေ၏၊ထိုမဟာနာဂမင်း၏ မိဖုရားကြီးသည် ယဋ္ဌါလကျောင်းတော်၌ သားကိုဖွားမြင်လေ၏၊ ထိုသားတော်အား တိဿဟု အစ်ကို၏အမည်ကို မှည့်လေ၏၊ ထိုမဟာနာဂမင်းသည် ထို

အရပ်မှသွားပြီးလျှင် မဟာဂါမ၌နေတော်မူလျက် ရောဟနအရပ်ကို မင်းပြုတော်မူ၏။

ကာကဝဏ္ဏတိဿ မင်းကြီးအား ကလျာဏိယတိဿ မင်းကြီး၏ သမီးတော်ဖြစ်သော ဝိဟာရ ဒေဝီမည်သော မိဖုရားကြီးသည် ရှိ၏၊ မင်းကြီးသည် ထိုမိဖုရားကြီးကို ချစ်မြတ်နိုးတော်မူ၏၊ မင်းကြီးသည် ထိုမိဖုရားကြီး နှင့်အတူတကွ ကုသိုလ်ကောင်းမှုကိုပြုလျက် နေတော်မူ၏၊ တနေ့သ၌ မိဖုရားကြီးသည် နန်းတော်၌သာလျှင် ရဟန်းသံဃာ အား အလှူကြီးကိုပေးလှူပြီးလျှင် ညနေချမ်းအချိန်၌ပန်း,နံ့သာ စသည် တို့ကို ယူစေ၍ တရားနာခြင်းငှါ ကျောင်းသို့သွားလေ၏၊ ထိုကျောင်း၌ အိပ်လျောင်းသော ကြီးသောရောဂါရှိသော သေခါနီးသို့ရောက်သော သီလနှင့် ပြည့်စုံသော သာမဏေကိုမြင်သောအခါ ပန်း, နံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် မိမိ၏ပြည့်စုံခြင်းကို ချီးမွမ်းပြီးလျှင် မိမိ၏သား အဖြစ်ကို ဆုတောင်းပါကုန်''ဟု သာမဏေအား တောင်းပန်လေ၏၊သာမဏေ သည် အလိုမရှိသော်လည်း မိဖုရားကြီးသည် အဖန်တလဲလဲတောင်း ပန်လေ၏။

သာမဏေသည်လည်း မိဖုရားကြီး၏သားဖြစ်ခဲ့သော် သာသနာ တော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်၏ဟု နှလုံးသွင်း၍ ဝန်ခံပြီးလျှင် ဂတိနိမိတ်၏အစွမ်းဖြင့် ထင်သောနတ်ပြည်ကိုစွန့်၍နိကန္တိ၏အစွမ်းဖြင့် ရွှေထမ်းစင်ဖြင့် သွားသော မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေ ယူလေ၏၊ မိဖုရားကြီးသည် ဆယ်လကိုလွန်သဖြင့် သားတော်ကို ဖွားလေ၏၊ ထိုသားတော်အား ဂါမဏိအဘယဟူသော အမည်ကို မှည့်ကြကုန်၏၊ နောက်တဖန် သားတော်တပါးကို ဖွားမြင်လေ၏၊ ထိုသားတော်အား တိဿဟူသောအမည်ကို မှည့်ကြကုန်၏၊ ဂါမဏိမင်းသားသည်တဆယ့် ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဆင်အဘတ်, မြင်းအတတ်, လေးအတတ်တို့ကို တတ်မြောက်လေ၏၊ တန်ခိုးကြီး၏၊ အားလုံ့လနှင့် ပြည့်စုံ၏။

### ၄၅။ သူရဲကောင်းတကျိပ်ရရှိခြင်း

ထိုအခါ ကာကဝဏ္ဏတိဿမင်းကြီးသည် နန္ဒိမိဿသူရဲ, သုရနိမိ လသူရဲ,မဟာသောဏသူရဲ,ကောဍတိမ္ဗရသူရဲ, ထေရပုတ္တာဘယသူရဲ,

ဘရဏာသူရဲ, ဝေဠုသုမနသူရဲ, ခဉ္စဒေဝသူရဲ, ဖုဿဒေဝသူရဲ, လဘိယ ဝဿာသူရဲ ဤတကျိပ်သော သူရဲကြီးတို့ကို သားကြီး၏ထံ၌ ထားလေ၏၊ ထိုသူရဲတို့၏အကြောင်းကို မဟာဝင်၌ယူအပ်၏၊ မင်းကြီးသည် တကျိပ်သောသူရဲကြီးတို့အား သားတော်နှင့် တူမျှသော ဆုတော် လာဘ်တော်ကိုပြုစေ၏၊ တိဿမင်းသားကို ဇနပုဒ်ကို စောင့်ရှောက် ခြင်းအကျိုးငှါ ဒီဃဝါပိအရပ်၌ ထားတော်မူ၏၊တနေ့သ၌ ဂါမဏိမင်း သားသည် မိမိ၏စစ်သည်အားနှင့် ပြည့်စုံသည်ကိုမြင်၍ ကျေးတို့နှင့် စစ်ထိုးအံ့ဟု မင်းကြီးအား လျှောက်ကြားလေ၏၊ မင်းကြီးသည်သား ကို စောင့်ရှောက်တော်မူသည်ဖြစ်၍ "ဂင်္ဂါမြစ်၏တဘက်ကမ်းအရပ် သို့ သွားခြင်းငှါမသင့်"ဟု တားမြစ်တော်မူ၏၊ မင်းသားသည် သုံး ကြိမ်တိုင်အောင် လျှောက်ကြားစေ၏။

မင်းကြီးသည် အမျက်တော်ရှိ၍ "ရွှေခြေကျင်းကိုပြုလုပ်ကြကုန်၊ ရွှေခြေကျင်းဖွဲ့ထားမည်"ဟု မိန့်တော်မူ၏၊ အဘယမင်းသားသည် ခမည်းတော်မင်းကြီး အမျက်တော်ရှိသောကြောင့် ပြေးသောအခါ မလယဇနပုဒ်သို့ ရောက်လေ၏၊ ထိုအခါမှစ၍ ခမည်းတော်မင်းကြီး သည် အမျက်တော်ရှိခြင်းကြောင့် ဒုဋ္ဌဂါမဏိဟု ထင်ရှားလေ၏၊ မင်းကြီးသည် သားတော်ဘို့အား ခိုက်ရန်မဖြစ်စေခြင်းအကျိုးငှါ စစ် သည်သူရဲတို့နှင့် သစ္စာကို ပြုစေ၏၊ ထိုအခါ ကာကဝဏ္ဏတိဿ မင်းကြီးသည် ခြောက်ဆယ့်လေးဆောင်သောကျောင်းတို့ကို ဆောက် လုပ်စေ၍ ခြောက်ဆယ့်လေးနှစ် တည်နေတော်မူပြီးလျှင် နတ်ရွာစံ တော်မူ၏၊ တိဿမင်းသားသည် ခမည်းတော် နတ်ရွာစံသည်၏အဖြစ် ကို ကြားတော်မူသောအခါ ဒီဃဝါပိအရပ်မှလာပြီးလျှင် ခမည်းတော် အား သင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ မယ်တော်နှင့် ကဏ္ဍုလဆင်တော်ကို ယူပြီးလျှင် နောင်တော်ကို ကြောက်ခြင်းကြောင့် ဒီဃဝါပိအရပ်သို့ သွားလေ၏၊ အမတ်တို့သည် စည်းဝေးကြပြီးလျှင် ထိုအကြောင်းကို ဒုဋ္ဌဂါမဏိ မင်းသား၏ထံသို့ သဝဏ်စာရေး၍ စေလွှတ်ကြကုန်၏၊ မင်းသားသည် ထိုသတင်းစကားကို ကြားသိသောအခါ ဂုတ္တဟာလ ရွာသို့လာပြီးလျှင် ညီတော်၏ထံသို့ အဝေးမှစေလွှတ်၍ ထိုဂုတ္တဟာလ ရွာမှ မဟာဂါမသို့လာ၍ အဘိသိက်ခံတော်မူပြီးလျှင် "မယ်တော်နှင့်

ကလျာဏလဆင်တော်ကို ပို့လှည့်လော့”ဟု သုံးကြိမ်တိုင်တိုင် ညီတော်၏ ထံသို့ သဝဏ်စာကိုရေး၍ စေလွှတ်သောအခါ မပို့ကြောင်းကိုသိသော ကြောင့် စစ်ထိုးခြင်းငှါ ထွက်တော်မူ၏။

## ၄၆။ ညီနောင်နှစ်ဦးစစ်ထိုးခြင်း

ညီတော်မင်းသားသည်လည်း စစ်ထိုးရန်စီရင်ပြီးလျှင် ထွက်လေ၏၊ စစ်သည်တော်တို့သည် သစ္စာကိုပြုပြီးသည်၏ အဖြစ်ကြောင့် ထိုမင်း သားတို့၏ စစ်ထိုးခြင်း၌ အကူအညီမပြုလုပ်ကြကုန်၊ ထိုအခါ ဂါမဏိ မင်း၏ အထောင်မကများစွာသောလူတို့သည် သေကြကုန်၏၊ ဂါမဏိ မင်းသည် စစ်ရှုံးသောကြောင့် တိဿအမတ်နှင့်*ဒီဃဖုဏိကာမြင်းမ ကိုစီး၍ပြေးလေ၏၊ ညီတော်တိဿသည် နောက်မှလိုက်လေ၏၊ ရဟန်း တို့သည် မင်းနှစ်ပါးတို့၏အကြား၌ တောင်ကိုဖန်ဆင်းကြကုန်၏၊ ထို တောင်ကို မြင်သောအခါ မင်းသားသည် ရဟန်းသံဃာ၏ အမှုတည်း ဟုသိ၍ ပြန်လေ၏၊ ဂါမဏိမင်းသည် ပြေးပြီးလျှင် ကပ္ပကန္ဒရမြစ်၏ †ဇလမာနဆိပ်သို့ရောက်သောအခါ ငါသည်ဆာမွတ်လှပြီဟု မိန့်တော် မူ၏၊ တိဿအမတ်သည် ရွှေခွက်၌ထည့်အပ်သော ထမင်းကို ထုတ် ပြီးလျှင် ပေးလေ၏၊ ဂါမဏိမင်းသားသည် အချိန်ကာလကိုမှတ်ပြီး လျှင် သံဃာအားလှူ၍ စားအံ့ဟုကြံတော်မူလျက် သံဃာ, အမတ်, မြင်းမ,မိမိ ဤလေးယောက်တို့၏အတွက် လေးပုံပုံ၍ ကာလကို ကြား စေ၏။

ထိုအခါ ပိယင်္ဂုကျွန်း၌နေသော ‡ကုဋ္ဋမ္ဘိယတိဿ မထေရ်သည် ကြွလာတော်မူပြီးလျှင် ရှေ့၌ရပ်တော်မူ၏၊ မင်းကြီးသည် မထေရ်ကို မြင်သောအခါ ကြည်ညိုသည်ဖြစ်၍ သံဃာ၏အဘို့, မိမိ၏အဘို့နှစ်ခုကို မထေရ်၏သပိတ်၌ လောင်းလေ၏၊ အမတ်သည်လည်း မိမိ၏အဘို့ကို လောင်းလေ၏၊ မြင်း၏အဘို့ကို မြင်းသည် လှူလိုသောအခြင်းအရာကို ပြသောကြောင့် ထိုမြင်း၏အလိုကိုသိ၍ အမတ်သည် သပိတ်၌လောင်း လေ၏၊ ဤသို့လျှင် ဂါမဏိမင်းကြီးသည် ပြည့်သော ဆွမ်းရှိသော သပိတ်ကို မထေရ်အားကပ်လေ၏၊ ထိုကုဋ္ဋမ္ဘိယတိဿ မထေရ်သည်

---

[*ဒီဃထုနိကာ-မဟာဝင်။ †ဇီဝမာလိ-မဟာဝင်။ ‡ကုဋ္ဋမ္ဘိက-မဟာဝင်။]

သပိတ်ကိုယူပြီးလျှင် ဂေါတမမထေရ်အား လှူလေ၏၊ ထိုဂေါတမ မထေရ်သည် ရဟန်းငါးရာတို့အား ဝေဘန်၍ ထိုဝေဘန်အပ်သော အစုမှ ရအပ်ကုန်သောအဘို့တို့ဖြင့် သပိတ်ကိုပြည့်စေပြီးလျှင် ကောင်းကင်သို့ လွှတ်တော်မူ၏၊ သပိတ်သည် ကောင်းကင်သို့ သွားပြီးလျှင် မင်းကြီး၏ရှေ့၌ တည်နေလေ၏၊တိဿအမတ်သည် သပိတ်ကိုယူပြီးလျှင် မင်းကြီးကိုစားစေပြီးနောက် မိမိစား၍ မြင်းမကို ကျွေးလေ၏၊ ထို နောက်မင်းကြီးသည် မိမိခါး၌စည်းသောအဝတ်ကို သပိတ်ခြေပြုပြီး လျှင် သပိတ်ကိုကောင်းကင်သို့လွှတ်လေ၏၊ သပိတ်သည် သွားပြီးလျှင် မထေရ်၏ လက်၌တည်လေ၏။

မင်းကြီးသည် မဟာဂါမသို့သွားပြီးလျှင် စစ်သည်တော်ကိုပေါင်းစု လျက် ခြောက်သောင်းသောစစ်ဗိုလ်တို့ကိုခေါ်ပြီးလျှင် တဖန်ညီတော် နှင့် စစ်ထိုးလေ၏၊ထိုအခါ တိဿမင်းသား၏ အထောင်မကများစွာ သော လူတို့သည် ကျဆုံးကုန်၏၊ တိဿမင်းသားသည် ပြေးပြီးလျှင် ကျောင်းသို့ဝင်သည်ရှိသော် မဟာထေရ်၏ကျောင်းသို့ဝင်လေ၏၊ဂါမဏိ မင်းသည် နောက်မှလိုက်သည်ရှိသော် ကျောင်းသို့ဝင်ကြောင်းကိုသိ၍ ပြန်လေ၏၊ ထိုနောက် မဟာထေရ်သည် ထိုညီအစ်ကိုနှစ်ယောက်တို့ ကို အချင်းချင်းသည်းခံစေကုန်၏၊ ထိုအခါ မင်းကြီးသည် စပါးတို့ကို ပြုလုပ်စေရန် တိဿမင်းသားကို ဒီဃဝါပိအရပ်သို့စေလွှတ်၍ မိမိသည် လည်း စည်လည်စေလျက် ကောက်ပဲတို့ကို ပြုလုပ်စေ၏။

ထိုအခါ လူအပေါင်းအားချီးမြှောက်ခြင်းကို ပြုတော်မူလျက် လုံ၌ ဓာတ်တော်ကိုဌာပနာပြီးလျှင် စစ်သည်ဗိုလ်ပါဖြင့်ခြံရံလျက် တိဿာရာမ ကျောင်းသို့သွား၍ သံဃာအား ရှိခိုးပြီးလျှင်"အရှင်ဘုရားတို့....သာ သနာတော်ကို ထွန်းလင်းစေခြင်းငှါ ဂင်္ဂါမြစ်၏တဖက်ကမ်းသို့ သွား ပါအံ့၊ ပူဇော်သက္ကာရကိုပြုခြင်းငှါ အကျွန်ုပ်တို့နှင့်အတူသွားလာကုန် သော ရဟန်းတို့ကို ပေးတော်မူပါကုန်" ဟု လျှောက်လေ၏၊ သံဃာ တော်သည် ငါးရာကုန်သောရဟန်းတို့ကို ပေးတော်၏၊ မင်းကြီးသည် ရဟန်းသံဃာကို ပင့်ယူပြီးလျှင် ကဏ္ဍုလဆင်တော်ကိုစီးလျက် စစ် သည်တို့ဖြင့် ခြံရံသည်ဖြစ်၍ များစွာသောစစ်ဗိုလ်အပေါင်းဖြင့် စစ်ထိုး

ခြင်း၄ါ ထွက်တော်မူ၍ မဟီယင်္ဂဏာအရပ်သို့ ရောက်သောအခါ ထို အရပ်၌ ကျေးတို့နှင့်စစ်ထိုးလျက် မဟီယင်္ဂဏာအရပ်၌ ကဥ္စုကစေတီ ကို တည်တော်မူ၏။

## ၄၇။ ကဥ္စုကစေတီ၏အကြောင်း

မြတ်စွာဘုရားသည် ပဌမဗောဓိ၌ ကိုးလမြောက်သော*တပို့တွဲလ၌ ဥရုဝေလကဿပကျွန်းသို့ ကြွတော်မူသောအခါ ဂင်္ဂါမြစ်ကမ်း၌ အလျား သုံးယူဇနာ,အနံတယူဇနာရှိသော မဟာနာဂဝန်ဥယျာဉ်၌ ဘီလူးတို့ ၏အစည်းအဝေးသို့ ကြွလာတော်မူ၍ မဟီယင်္ဂဏာ စေတီနေရာ၌ အထက်ကောင်းကင်၌ တည်တော်မူလျက် လေနှင့်တကွရွာသော မိုယ်း, အမိုက်တိုက်အစရှိသည်တို့ဖြင့် ဘီလူးတို့ကိုထိတ်လန့်စေ၍ ထိုဘီလူးတို့သည် ဘေးရန်မရှိသည်ကို တောင်းပန်အပ်သောကြောင့် "သင်ဘီလူးတို့အား ဘေးရန်မရှိသည်ကိုပေးအံ့၊ သင်ဘီလူးတို့သည် အညီအညွတ် ငါ့အားနေထိုင်ရာအရပ်ကို ပေးကြကုန်လော့" ဟု မိန့်တော်မူ၏၊ ဘီလူးတို့သည် အရှင်ဘုရားအား "အလုံးစုံသော ဥရုဝေလကဿပကျွန်းကို ပေးပါကုန်၏၊ အကျွန်ုပ်တို့အား ဘေးမဲ့ကိုပေးပါ လော့" ဟု လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘီလူးတို့၏ဘေးရန်မရှိသည်ကို အောက်မေ့တော်မူလျက် ထိုဘီလူးတို့သည် ပေးအပ်သောမြေအပြင်၌ စမ္မခဏ်တော်ကို ဖြန့်ခင်းတော်မူပြီးလျှင် ထိုအခင်း၌နေတော်မူလျက် တေဇောကသိဏ်းကိုဝင်စား၍ စမ္မခဏ်တော်ကို ထက်ဝန်းကျင်မှမီး တောက်မီးလျှံကိုပွားတိုးလေ၏၊စမ္မခဏ်တော်ဖြင့်နှိပ်စက်အပ်ကုန်သော ဘီလူးတို့သည် သမုဒ္ဒရာ၏ အစွန်ဖြစ်သော ထက်ဝန်းကျင်အရပ်၌ အစုအစုပြုကုန်သည်ဖြစ်၍ နေကြကုန်၏၊ ထို့နောက် မြတ်စွာဘုရား သည်တန်ခိုးတော်၏အစွမ်းဖြင့် ဂိရိကျွန်းကို ဥရုဝေလကဿပကျွန်း၌ဆောင် ယူတော်မူ၍ ထိုဂိရိကျွန်း၌ ဘီလူးတို့ကို နေစေပြီးသောအခါ ဂိရိကျွန်း

---

[*မဟာဝင်နှင့်နလာဋဓာတုဝင်၌ပြာသိုလပြည့်ဟုဆို၏၊ ပြာသိုလပြည့်ဖြစ် သော်ဘုရားဖြစ်သည်မှ ရှစ်လမြောက်ဖြစ်ရမည်။]

ကို တည်မြဲတိုင်းသောနေရာ၌ တည်စေလျက် စင်္ကြံကျောက်ကို ရုပ်သိမ်းတော်မူ၏၊ ထိုအခါ နတ်တို့၏အစည်းအဝေးကြီးသည် ဖြစ်လေ၏၊ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည် တရားဓော်ကိုဟောတော်မူ၏၊ ကုဋေများစွာသော သတ္တဝါတို့သည် တရားထူးကို ရကြကုန်၏၊ မရေမတွက်နိုင်သော သတ္တဝါတို့သည် သရဏဂုံ,သီလတို့၌ တည်ကြကုန်၏၊သောတာပတ္တိဖိုလ်သို့ရောက်သော သုမနတောင်ထိပ်၌နေသော မဟာသုမနနတ်မင်းသည် ပူဇော်ရန် မြတ်စွာဘုရားအား လျှောက်တောင်းတော်မူ၏၊ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်တော်မူပြီးလျှင် တဆုပ်မျှလောက်ကုန်သော ဆံတော်တို့ကို သုမနနတ်မင်းအား ပေးတော်မူ၏။

ထို သုမနနတ်မင်းသည် ဆံတော်ဓာတ်ကို ရွှေပန်းတောင်းဖြင့်ယူ၍ မြတ်စွာဘုရားနေတော်မူရန် စီရင်အပ်သော အထူးထူးသော ရတနာဖြင့် ပေါင်းစုအပ်သော အမြင့်အားဖြင့် ခုနစ်တောင်ရှိသော စေတီ၌ ဆံတော်တို့ကို ဌာပနာပြီးလျှင် ဣန္ဒနီလာကျောက်ဖြင့်တဖန်လွှမ်းထပ်လေ၏၊မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ အရှင်မဟာသာရိပုတ္တရာ၏ တပည့်ဖြစ်တော်မူသော အရှင်သရဘူထေရ်သည် ထင်းပုံတော်မှ လည်ရိုးတော်ဓာတ်ကို ယူပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် ကြွလာတော်မူ၍ ထိုစေတီ၌ ဌာပနာစေပြီးလျှင် အဆီခဲအဆင်းရှိသော မေဒဝဏ္ဏကျောက်တို့ဖြင့် ဖုံးလွှမ်း၍ တဆယ့်နှစ်တောင်အမြင့်ရှိသော စေတီကိုပြုပြီးလျှင် ကြွသွားတော်မူလေ၏၊ ထို့နောက် ဒေဝါနံပိယတိဿမင်းကြီး၏ ညီတော်ဖြစ်သော စူဠာဘယမင်းသည် ထိုစေတီ၏အံ့ဘွယ်ကို မြင်တော်မူသောအခါ အတောင်သုံးဆယ်မြင့်သော စေတီကိုတည်စေ၏၊ ယခုအခါ ဒုဋ္ဌဂါမဏိအဘယမင်းသည် မဟိယင်္ဂဏာအရပ်သို့လာပြီးလျှင် ကျေးတို့ကို ဆုံးမ၍ အတောင်ရှစ်ဆယ်မြင့်သော ကဉ္စုကစေတီကို တည်စေပြီးလျှင် ပူဇော်ခြင်းကိုပြုတော်မူ၏။

မဟိယင်္ဂဏာထုပကထာပြီး၏။

## ၁၀။ မရိစဝင္ထိဝိဟာရမဟာကထာ

### ၄၈။ ကျေးမင်းတို့နှင့် စစ်ထိုးတော်မူခြင်း

ထို့နောက် ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ထိုမဟိယင်္ဂဏ အရပ်၌ ကျေးတို့နှင့်စစ်ထိုး၍ ကျေးမင်းခုနစ်ယောက်ကို ဖမ်းယူပြီး လျှင် များစွာသောကျေးတို့ကိုသတ်၍ အမ္ဗတိဋ္ဌအရပ်သို့လာပြီးလျှင် အမ္ဗတိဋ္ဌအမည်ရှိသောကျေးကို လေးလတို့ဖြင့်ဖမ်းယူလေ၏၊ထို့နောက် စွမ်းအားကြီးလှစွာသော ကျေးမင်းခုနစ်ယောက်တို့ကိုလည်း တနေ့ ချင်းဖြင့် ဖမ်းယူလေ၏၊ထို့နောက် အန္တရသောဘမြို့၌ မဟာကောဋ္ဌ ကျေးကိုရင်း,ဒေါဏမည်သောရွာ၌ *ဘဝနကျေးကိုရင်း, †ဟာလရ ကောလမြို့၌ ဣဿရိယမည်သောကျေးကိုရင်း, ‡နာဠိသောဘ္ဘမြို့၌ နာ လကမည်သောကျေးကိုရင်း, §ဒီဃာဘယကုလမြို့၌ ဒီဃာဘယကျေးကို ရင်းဖမ်းယူလေ၏၊ထို့နောက်ဂစ္ဆတိတ္ထမြို့၌*ကိဋ္ဌိသီသကျေးကိုလေးလ တို့ဖြင့်ဖမ်းယူလေ၏၊ထို့နောက် *ဝဋ္ဋမြို့၌ ဝဋ္ဋကျေးကိုရင်း, ဟာလဝ ဘာနကမြို့၌ဟာလဝဘာနကကျေးကိုရင်း, ဂါမဏိမြို့၌ဂါမဏိကျေးကို ရင်း,*ကုမ္ဘုရွာ၌ ကုမ္ဘုကျေးကိုရင်း,*နန္ဒကရွာ၌ နန္ဒကကျေးကိုရင်း, ခါနုရွာ၌ခါနုကျေးကိုရင်း,တမ္ဗုဏ္ဏာရွာ၌ တမ္ဗုဏ္ဏာကျေးကိုရင်း ဤဦးရီး နှင့်တူဖြစ်ကုန်သော ကျေးနှစ်ယောက်တို့ကို ဖမ်းယူကုန်၏။

ထိုအခါ ဒုဋ္ဌဂါမဏိမင်း၏ စစ်သည်တော်တို့သည် အချင်းချင်း မသိကြသောကြောင့် အချင်းချင်းသတ်မိကြသည်ဟု မင်းကြီးကြားသိ တော်မူသောအခါ မင်းကြီးသည် ဤသို့သစ္စာပြုတော်မူ၏၊ "ငါယခု စစ်ထိုးခြင်းသည် မင်း၏ချမ်းသာကို အလိုရှိသောကြောင့် စစ်ထိုးသည် မဟုတ်၊ မြတ်စွာဘုရားသာသနာတော် တည်စေခြင်းငှါ စစ်ထိုးသည် မှန်၏၊ ဤသစ္စာကြောင့် ငါ၏စစ်သည်တော်တို့၏ ကိုယ်၌ဆင်သောတန် ဆာသည် မီးလျှံကဲ့သို့ ထွန်းလင်းစေသတည်း"ဟု သစ္စာပြုတော်မူ၏၊ ထိုအခါ မင်းကြီးသစ္စာပြုသည်အတိုင်း စစ်သည်တော်တို့၏တန်ဆာ သည် ထွန်းလင်းစွာဖြစ်လေ၏၊ ဤသို့လျှင် မင်းကြီးသည် ဂင်္ဂါမြစ်

---

[*ဂဝရကျေး၊ † ဟာလကောလ၊ ‡နာဠိသောဗ္ဘ၊ §ဒီဃာဘယဂလ္လက။ * ကပိသီသ။ * ဝဟိဋ္ဋ။ * ကုမ္ဘရွာ။ * နန္ဒိရွာ-မဟာဝင်။]

ကမ်း၌ ကျေးတို့ကိုသတ်လေ၏၊ ကြွင်းသော အလုံးစုံသောကျေးတို့သည် ဝိဇိတမြို့သို့ပြေးဝင်ကြကုန်၏၊ ထိုအခါ မင်းကြီးသည် ဝိဇိတမြို့ကို သိမ်းတော်မူခြင်းငှါ စုံစမ်းရန်လာသော နန္ဒိမိတ္တသူရဲကို မြင်တော်မူလေလျှင် ကဏ္ဍုလဆင်တော်ကို လွှတ်တော်မူလေ၏၊ ကဏ္ဍုလဆင်တော်သည်လည်း ထိုနန္ဒိမိတ္တသူရဲကိုဖမ်းယူရန် သွားလေ၏။

ထိုအခါနန္ဒိမိတ္တသူရဲသည် လက်နှစ်ဘက်တို့ဖြင့် အစွယ်နှစ်ချောင်းတို့ကို မြဲမြံစွာကိုင်၍ နောက်သို့တွန်းလျက် ဆောင့်ကြောင့်ထိုင်လျက် နေစေ၏၊ မင်းကြီးသည် ထိုအရပ်၌စုံစမ်းပြီးလျှင် ဝိဇိတမြို့သို့လာလျက် တောင်တံခါး၌ စစ်သည်တော်တို့အား ပေါင်းစုလျက်နေစေ၏၊ အရှေ့တံခါး၌ ဝေဠုသုမနမြင်းကိုစီးလျက် များစွာသောကျေးတို့ကို သတ်လေ၏၊ များစွာသောကျေးတို့သည် မြို့တွင်းသို့ဝင်ပြီးလျှင် တံခါးကို ပိတ်ကြကုန်၏၊ ထိုအခါမင်းကြီးသည် စစ်သည်တော်တို့ကို လွှတ်တော်မူ၏၊ ကဏ္ဍုလဆင်တော်နှင့် နန္ဒိမိတ္တသူရဲ, သုရနိမိလသူရဲတို့သည် တောင်တံခါး၌ အမှုကိုပြုကြကုန်၏၊ မဟာသောဏသူရဲ,ဂေါဌယိမ္ဘရသူရဲ,ထေရပုတ္တာဘယသူရဲ ဤသူရဲသုံးယောက်တို့သည်ကြွင်းသောတံခါးသုံးခုတို့၌ အမှုကိုပြုလုပ်ကြကုန်၏၊ ထိုဝိဇိတမြို့သည်လည်း ကျုံးဖြင့်ခြံရံ ခြင်းရှိ၏၊ ခိုင်ခံ့သောတံတိုင်း တံခါးမုခ်ရှိ၏၊ သံတံခါးဖြင့်ပြုလုပ်ခြင်းရှိ၏၊ ကဏ္ဍုလဆင်တော်သည် ပုဆစ်တုပ်၍ အုတ်,ကျောက်,အင်္ဂတေတို့ကို အစွယ်ဖြင့်ကော်ပြီးလျှင် သံတံခါးသို့ရောက်အောင် သွားလေ၏။

ထိုအခါကျေးတို့သည် တံခါးမုခ်၌နေ၍ အထူးထူးသောလက်နက်တို့ကို ပစ်ချကြကုန်၏၊ သံတွေခဲ ကြိုက်ကြိုက်ဆူသော ပွဲရက်လုံးတို့ကို ဆင်ကျောက်ကုန်း၌ ပစ်ချကြကုန်၏၊ ထိုအခါ ကဏ္ဍုလဆင်တော်သည် ဝေဒနာဖြင့်နှိပ်စက်ခြင်းကြောင့် ရေရှိရာအရပ်သို့သွားပြီးလျှင် ရေ၌ငုပ်လေ၏၊ ထိုအခါ ဂေါဌယိမ္ဘရသူရဲသည် "ဤရေကန်သည် သံတံခါးကိုဖျက်ဆီးနိုင်အောင်ထားသော သေအဖျော်မဟုတ်၊သွား၍ တံခါးကိုဖျက်ချေလော့"ဟုဆို၏၊ ထိုစကားကိုကြားလျှင် ဆင်သံကို မြည်လျက် ရေမှတက်၍ ကုန်း၌ရပ်နေလေ၏၊ ထိုအခါဆင်ဆရာသည်

ပွဲရက်တို့ကိုရေဆေးစေ၍ အနာသို့ဆေးတင်လေ၏၊ ထို့နောက်မင်းကြီးသည် ဆင်တော်ကိုစီးပြီးလျှင် လက်ဖြင့်ဦးကင်းတို့ကို သုံးသပ်လျက် "အလုံးစုံသောသီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို သင့်အားပေးမည်" ဟု ဆင်တော်ကိုနှစ်သိမ့်စေလျက် မြတ်သောဘောဇဉ်ကိုကျွေး၍ အနာကို အဝတ်ဖြင့်ရစ်ပတ်ပြီးလျှင် ချပ်တန်ဆာကိုကောင်းစွာပြု၍ ကျောက်ကုန်း၌ ကျွဲရေကိုခုနစ်ထပ်ပြု၍ဖွဲ့၏၊ထိုကျွဲရေ၏အထက်၌ အဝတ်ဖုံးအုပ်လျက် လွှတ်လေ၏။

ကဏ္ဍုလဆင်တော်သည် မိုယ်းကြိုးကဲ့သို့သွားလျက် အစွယ်တို့ဖြင့် ပျဉ်ချပ်ကိုထိုးဖေါက်၍ ခြေဖြင့်တံခါးခုံကို, လက်ဖြင့်တံခါးပေါင်တို့နှင့် တကွ သံတံခါးကို ကြီးစွာသောအသံဖြင့် မြေ၌ကျစေ၏၊ တံခါးမုခ် အဆောက်အဦသည် ဆင်၏ကျောက်ကုန်း၌ ကျသည်ကိုမြင်သော အခါ နန္ဒိမိတ္တသူရဲသည် လက်ရုံးဖြင့်ပုတ်ခတ်၍ ထိုထိုအရပ်သို့လွင့်စေ၏၊ ထိုအခါ ကဏ္ဍုလဆင်တော်သည် အစွယ်ကိုတွန်းခြင်းကြောင့် ဖွဲ့ခဲ့သောရန်ငြိုးသည် ပျောက်၏၊ ထိုအခါ ကဏ္ဍုလဆင်တော်သည် မိမိကျောက်ကုန်းကို စီးစေခြင်းငှါ နန္ဒိမိတ္တသူရဲကို ကြည့်လေ၏၊ ထိုနန္ဒိမိတ္တသူရဲသည် ကဏ္ဍုလဆင်သွားသောလမ်းဖြင့် ငါမဝင်အံ့ဟုကြံစည်ပြီးလျှင် တဆယ့်ရှစ်တောင်မြင့်သော တံတိုင်းကို လက်ရုံးဖြင့်ပုတ်ခတ်၍ ရှစ်ဥသဘ ပမာဏရှိသောနေရာကို တကြိမ်တကြိမ်စီဖျက်၍ ဝင်လေ၏၊ထို့နောက် ကဏ္ဍုလဆင်းတော်ကိုခေါ်၍ရထားလှည်းဘီးကို နှာမောင်းဖြင့် ကိုင်စေ၍ နန္ဒိမိတ္တသည် ရထားလှည်းချိုင့်ကိုကိုင်၍ ကောဠုတိမ္ဗရသည် အုန်းပင်ကိုကိုင်၍ နိမိလသည် အလျားသုံးတောင် ဗျက် တဆယ့်ခြောက်သစ်ရှိသော သံလျက်ကိုကိုင်၍ မဟာသောဏသည်ထန်းပင်ကိုကိုင်၍ ထေရပုတ္တာဘယသည် * ဆင်ကြီးကိုကိုင်၍ အသီးအသီးသွား၍ ကျေးတို့ကို မှုန့်မှုန့်ညက်ညက်ပြုကြကုန်၏။

ဤဝိဇိတမြို့ကို လေးလတို့ပတ်လုံး ဖျက်ဆီးပြီးလျှင် ကျေးတို့ကို သတ်ပြီးသောအခါ ထိုဝိဇိတမြို့မှ †ဂိရိလောကမြို့ကိုသွား၍ ဝိရိယမည်သောကျေးကိုဖမ်းယူလေ၏၊ ထိုဂိရိလောကမြို့မှ မဟေလမြို့သို့သွားပြီး

---

[* ဆောက်ပုတ်။ †ဂိရိလက-မဟ္ဘာဝင်။]

လျှင် လေးလတို့ဖြင့် မပဟေလမင်းကိုဖမ်းယူလေ၏၊ ထို့နောက် မင်းကြီးသည် အနုရာဓမြို့သို့သွား၍ ပရိသတ်နှင့်တကွ ကာသတောင်၌ သစ်တပ်ကိုပြု၍ နေတော်မူ၏၊ ထိုသစ်တပ်၏အနီး၌ တဘက်ဆည်းကန်ကိုပြုလေ၏၊ ကျောက်ဆည်ကန်ကို ပြုစေပြီးသော် နယုန်လ၌ ရေသဘင်ကစားတော်မူ၏၊ ဧဠာရကျေးမင်းသည်လည်း ဒုဋ္ဌဂါမဏိမင်းကြီး လာရောက်ကြောင်းကိုကြားသိရ၍ အမတ်တို့နှင့်တိုင်ပင်ပြီး စစ်ထိုးအံ့ဟု ဆုံးဖြတ်လေ၏၊ နောက်တနေ့၌ ချပ်တန်ဆာကိုဖွဲ့လျက် မဟာပဗ္ဗတမည်သော ဆင်တော်ကိုစီးပြီးလျှင် စစ်ဗိုလ်အပေါင်းဖြင့် ခြံရံလျက် ထွက်လေ၏။

ဂါမဏိမင်းသည်လည်း မယ်တော်နှင့်တိုင်ပင်ပြီးလျှင် သုံးဆယ့်နှစ်ခုသောဗိုလ်တဲတို့ကို ပြုလုပ်စေ၍ ထိုဗိုလ်တဲတို့၌ ထီးဖြူဆောင်းကုန်သော မင်း၏ရုပ်ပုံတို့ကို ထားလေ၏၊ အတွင်းဖြစ်သောဗိုလ်တဲ၌ မိမိသည်တည်နေ၏၊ ထို့နောက်စစ်ပြိုင်သောအခါ ဧဠာရကျေးမင်း၏ ဒီဃဇန္တုမည်သောစစ်သူကြီးသည် သံလျက်နှင့်ကာကိုစွဲကိုင်ပြီးလျှင် မြေမှတဆယ့်ရှစ်တောင်ရှိသော ကောင်းကင်သို့ခုန်တက်ပြီးလျှင် မင်း၏ရုပ်ပုံကို ဖျက်ဆီး၍ ပဌမဗိုလ်တဲကို ဖျက်ဆီးလေ၍၊ ထို့အတူ ကြွင်းသောဗိုလ်တဲတို့ကို ဖျက်ဆီးပြီးလျှင် ဂါမဏိမင်း၏ ဗိုလ်တဲသို့လာလေ၏၊ ထိုအခါ သုရနိမိလသူရဲသည် မင်းကြီးသို့ရှေ့ရှုလာသည်ကို မြင်သောအခါ မိမိ၏အမည်ကိုကြားစေ၍ ထိုဒီဃဇန္တုသူရဲကို ဆဲဆိုလေ၏၊ ဒီဃဇန္တုသူရဲသည် ထိုဆဲဆိုသံကိုကြားသောအခါ ဤသုရနိမိလကို ရှေးဦးစွာသတ်အံ့ဟု အမျက်ထွက်၍ ကောင်းကင်သို့ခုန်တက်လေ၏။

ဒီဃဇန္တုကို မိမိ၏အပေါ်မှကျလာသည်ကို မြင်သောအခါ သုရနိမိလသည် မိမိ၏ကာဖြင့်ခံလေ၏၊ ဒီဃဇန္တုသည်လည်း ကာနှင့်တကွ မဖြတ်အံ့ဟုကြံလျက် ကာကိုပုတ်ခတ်လေ၏၊ သုရနိမိလ၏ကာသည်လည်း မြေသို့ကျလေ၏၊ ဒီဃဇန္တုသည် မြေ၌လည်း၏၊ သုရနိမိလသည် လှံဖြင့်ထိုးလေ၏၊ဖုဿဒေဝသူရဲသည် ထိုခဏ၌ မိုယ်းကြိုးသံကဲ့သို့ ခရုသင်းကိုမှုတ်လေ၏၊ လူတို့သည်ရူးသကဲ့သို့ဖြစ်ကြကုန်၏၊ ထိုအခါ ကျေးစစ်သည်တို့သည် ပျက်စီးသောကြောင့် ဧဠာရကျေးမင်းသည်လည်းပြေးလေ၏၊ ထိုစစ်ပွဲ၌လည်း များစွာသောကျေးတို့ကို သတ်

လေ၏၊ ထိုစစ်ပွဲ၌ကျေးတို့၏ သွေးလူးသောဒါးလှံကို တခုသောရေကန်၌ ရေဆေးသောအခါ ထိုကန်၏ရေသည် သွေးအတိပြည့်လေ၏၊ ထို့ကြောင့် ထိုကန်သည် လှံဆေးကန်ဟုထင်ရှား၏၊ ဒုဋ္ဌဂါမဏိမင်းကြီးသည်စည်လည်စေပြီးသော် "ဧဠာရကျေးကို ငါသာလျှင်သတ်မည်" ဟု ပြောဆိုပြီးလျှင် ကိုယ်၌ချပ်တန်ဆာကိုဖွဲ့ဆင်လျက် ချပ်တန်ဆာဖွဲ့ဆင်ပြီးသော ကဏ္ဍုလဆင်တော်ကို စီးပြီးလျှင် ဧဠာရကျေးမင်းကို လိုက်သည်ရှိသော် အနုရာဓမြို့၏ တောင်တံခါးသို့ ရောက်သောအခါ မင်းနှစ်ပါးတို့သည် မြေ၌စစ်ပြိုင်ကြကုန်၏။

## ၄၉။ ဧဠာရကျေးမင်းစစ်ရှုံးခြင်းနှင့်ကေရာဇ်မင်းပြုတော်မူခြင်း

ဧဠာရကျေးမင်းသည် ရှေးဦးစွာမြှားကိုလွှတ်လေ၏၊ ဂါမဏိမင်းကြီးသည် အနီးသို့ရောက်လာသောမြှားကို ကာဖြင့်ခတ်၍လွဲစေ၏၊ ကဏ္ဍုလဆင်တော်သည် အစွယ်တို့ဖြင့် မဟာပဗ္ဗတဆင်တော်ကို ထိုးလေ၏၊ ထို့နောက် ဧဠာရကျေးမင်းကို *မြှားဖြင့် ဂါမဏိမင်းကြီးသည်ပစ်လေ၏၊ ကျေးမင်းသည် ဆင်နှင့်တကွလဲ၍ ခန္တာစဲလေ၏၊ ထိုအခါ စစ်မြေပြင်၌ အောင်အပ်ပြီးသော စစ်သည်ဗိုလ်ပါရှိသော ဂါမဏိမင်းကြီးသည် လက်ဒါဒီပကျွန်း၌ တလက်ထည်းသောထီးဖြူရှိသည်ကိုပြု၍ အနုရာဓမြို့သို့ဝင်တော်မူ၏၊ ထိုအခါ ဂါမဏိမင်းကြီးသည် အနုရာဓမြို့၌ စည်လည်စေပြီးလျှင် ထက်ဝန်းကျင်တယူဇနာအရပ်၌ နေကုန်သောလူတို့ကို စည်းဝေးစေပြီးလျှင် ဧဠာရကျေးမင်း၏ကိုယ်ကို အရိုအသေများစွာပြုစေ၍ စုလစ်မွန်းချွန်ဖြင့်ဆောင်လျက် မီးတို့ပြီးသောအခါ ထိုသင်းချိုင်း၌စေတီတည်တော်မူ၍ အစောင့်အရှောက်ကို ထားတော်၏၊ ယနေ့တိုင်အောင်လည်း မင်းတို့သည် ထိုအရပ်သို့ရောက်သောအခါ စည်ကိုမတီးစေကြကုန်၊ ဤသို့လျှင် ဒုဋ္ဌဂါမဏိမင်းသည် ကျေးမင်းတို့ကို သတ်ပြီးလျှင် လက်ဒါဒီပကျွန်း၌ တလက်ထည်းသောထီးဖြူကိုဆောင်းသော ကေရာဇ်မင်း၏ အဖြစ်ကို ပြုတော်မူ၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဝိဇိတမြို့ကိုသိမ်းယူသောအခါ ဒီဃဇန္တု စစ်သူကြီးသည် ဧဠာရကျေးမင်းထံသို့ သွားပြီးသောအခါ မိမိ၏တူ

[*လှံမကို-မဟာဝင်၊]

ဖြစ်သော ဘလ္လုကသူရဲကောင်း၏ အကြောင်းကို လျှောက်ကြား၍ အနုရာဓမြို့သို့လာစေရန် ဘလ္လုကထံသို့ စေလွှတ်လေ၏၊ ဘလ္လုကသူရဲသည်လည်းဥဒ္ဓရကျေးမင်းကိုမီးသင်္ဂြိုဟ်သောနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ စစ်သည်သူရဲခြောက်သောင်းတို့နှင့်တကွ အနုရာဓမြို့သို့ ရောက်လေလျှင် ဥဒ္ဓရကျေးမင်းသေကြောင်းကို ကြားသိသောအခါ ရှက်သဖြင့်စစ်ထိုးအံ့ဟုကြံစည်လျက် မဟာတိတ္ထအရပ်မှထွက်ပြီးလျှင် *ကောလမ္ဗုဟာလကရွာ၌ သစ်တပ်တည်၍နေ၏။

### ၅၀။ ဘလ္လုကသူရဲနှင့်စစ်ပြိုင်ခြင်း

ဂါမဏိမင်းကြီးသည်လည်း ဘလ္လုကလာကြောင်းကိုကြားသိသောအခါ ချပ်တန်ဆာကိုဝတ်ဆင်၍ ကဏ္ဍုလဆင်တော်ကိုစီးပြီးလျှင် စစ်သည်တော်ခြံရံလျက် များစွာသောစစ်ဗိုလ်အပေါင်းဖြင့် ထွက်လေ၏၊ ဖုဿဒေဝသူရဲသည်လည်း ငါးပါးသောလက်နက်နှင့် ဝတ်ဆင်အပ်သော ချပ်တန်ဆာရှိသည်ဖြစ်၍ မင်းကြီး၏နောက်တော်မှလိုက်လေ၏၊ ဘလ္လုကသူရဲသည်လည်း ငါးပါးသောလက်နက်နှင့် ဝတ်ဆင်အပ်သော ချပ်ရှိသည်ဖြစ်၍ ဆင်ကိုစီးပြီးလျှင် ဂါမဏိမင်းသို့ ရှေးရှုလာလေ၏၊ ထိုအခါ ကဏ္ဍုလဆင်တော်သည် ဘလ္လုကသူရဲကိုအဟုန်ညှိ စိမ့်သောငှါ ဖြည်းဖြည်း နောက်သို့ဆုတ်နစ်လျက်ပေးလေ၏၊ စစ်သည်သူရဲတို့သည်လည်း ဆင်နှင့်အတူ နောက်သို့ဆုတ်နစ်ပေးကြကုန်၏၊ မင်းကြီးသည် "ရှေးအခါ နှစ်ဆယ့်ရှစ်ခုသောစစ်ပွဲတို့၌ ဆင်တော်သည် နောက်သို့မဆုတ်မူ၍ ယခုအခါ အဘယ့်ကြောင့် နောက်သို့ဆုတ်သနည်း" ဟု ဖုဿဒေဝသူရဲကိုမေးလေ၏၊ထိုအခါ ဖုဿဒေဝသူရဲသည် "အရှင်မင်းကြီး.... ကျွန်ုပ်တို့သည်သာလျှင် အောင်နိုင်လတ္တံ့၊ ဆင်တော်သည် အောင်မြေကို သိသည်ဖြစ်၍ နောက်သို့ဆုတ်နစ်၏၊ အောင်မြေသို့ ရောက်သောအခါ ရပ်လတ္တံ့"ဟုလျှောက်ထားလေ၏။

ဆင်တော်သည်လည်း နောက်သို့ဆုတ်နစ်လျက် မဟာဝိဟာရသိမ်အဆုံး၌ ရပ်တည်လေ၏၊ ထို့နောက် ဘလ္လုကသူရဲသည် မင်းကြီးသို့ ရှေးရှုလာပြီးလျှင် မင်းကြီးကိုပျက်ရယ်ပြု၏၊ မင်းကြီးသည်လည်း

[*ကောလမ္ဗဟာလက—မဟာဝင်။]

သန်လျက်အပြင်ဖြင့် ခံတွင်းကိုပိတ်၍ ဘလ္လုကဟုခေါ်လေ၏၊ မင်း၏ ခံတွင်း၌ပစ်အံ့ဟုကြံ၍ မြှားကိုပစ်လေ၏၊ မြှားသည်သန်လျက်အပြင်ကို ထိ၍ မြေ၌ကျ၏၊ ဘလ္လုကသည် ခံတွင်း၌စူးဝင်၏ဟူသောအမှတ်ဖြင့် ကြွေးကြော်လေ၏၊ ထိုအခါ မင်းကြီး၏နောက်၌နေသော ဖုဿဒေဝ သူရဲသည် မင်းကြီး၏နားချောင်းကို ခပ်မိစေလျက် ဘလ္လုက၏ခံတွင်း၌ မြှားကိုကျစေ၏၊မင်းအားခြေပြု၍ကျသော ဘလ္လုက၏ပုဆစ်ဒူးကို မြှား တခုဖြင့်ပစ်၍ မင်းအားဦးခေါင်းပြု၍ကျစေ၏၊ မင်းကြီးသည် ရအပ် သောအောင်ခြင်းရှိသည်ဖြစ်၍ မြို့သို့လာပြီးလျှင် မြှားကိုဆောင်စေ၍ မြှားနှစ်စင်းကို ဆက်ပြီးလျှင် ဖြောင့်ဖြောင့် ထောင်ထားလျက် ထိုမြှား ပမာဏရှိသော ရွှေငွေကိုစုပုံ၍ ဖုဿဒေဝသူရဲအားပေးလေ၏၊ ဤသို့ လျှင် လက်ာဒီပမင်း၏အဖြစ်ကို ထီးဖြူတလက်ထည်း ရှိသည်ကိုပြု၍ မင်းကြီးသည် စစ်သည်တော်တို့အား ထိုက်သင့်သည်အားလျော်စွာ ရာထူးကိုပေးတော်မူ၏။

### ၅၁။ ထေရပုတ္တာဘယသူရဲရဟန်းပြုခြင်း

ထေရပုတ္တာ ဘယသူရဲသည် ပေးအပ်သောရာထူးကို မယူခြင်း ကြောင့် "အဘယ်ကြောင့် မယူသနည်း"ဟု မေးအပ်သည်ရှိသော် "မြတ်သောမင်းကြီး....စစ်ထိုးရန် ရှိသောကြောင့် မယူပါ" ဟု လျှောက်လေ၏၊ ယခုတေရာဇ်မင်းဖြစ်လျက် အဘယ်ကို စစ်ထိုးမည် နည်း"ဟု မေးသောအခါ "ကိလေသာသူခိုးတို့နှင့် စစ်ထိုးအံ့" ဟု လျှောက်လေ၏၊ မင်းကြီးသည် အဖန်ဖန် တားမြစ်သော်လည်း အ ဖန်ဖန် တောင်းပန်သောကြောင့် မင်းကြီးခွင့်ပြုသဖြင့် ရဟန်းပြုပြီး လျှင် ဝိပဿနာကို အားထုတ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက် တော်မူသည်ဖြစ်၍ ရဟန္တာငါးရာခြံရံလျက် နေတော်မူ၏။

### ၅၂။ မင်းကြီးယုံမှားဖြစ်ခြင်း

မင်းကြီးသည် မိမိ၏ပြာသာဒ်အပြင်၌ မြတ်သောအိပ်ရာထက်၌ နေ တော်မူလျက် များစွာသော စည်းစိမ်ကို ကြည့်ရှုတော်မူသော အကြွောဘိဏီအရေအတွက်ရှိသော စစ်သည်တို့သေသည်ကို အောက် မေ့သောမင်းကြီးအား "နတ်ရွာ,မဂ်,ဖိုလ်အန္တရာယ်သည် ငါ့အား

ဖြစ်၏''ဟု များစွာနှလုံး မသာယာခြင်းဖြစ်လေ၏၊ ထိုအခါ ပိယင်္ဂုကျွန်း၌ သီတင်းသုံးတော်မူသော ရဟန္တာအရှင်တို့သည် မင်းကြီး၏ အကြံအစည်ကို သိတော်မူ၍ သက်သာစေခြင်းငှါ ရှစ်ပါးသော ရဟန္တာတို့ကို စေလွှတ်ကုန်၏၊ ထိုရဟန္တာအရှင်တို့သည် ကြွလာသော အခါ ကြွလာကြောင်းကို မင်းကြီးအားသိစေ၍ ပြာသာဒ်အပြင်သို့တက် ကြကုန်၏၊မင်းကြီးသည် မထေရ်တို့အားရှိခိုးပြီးလျှင် နေရာ၌နေစေ၍ ကြွလာခြင်းအကြောင်းကို လျှောက်လေ၏၊ မထေရ်တို့သည်လည်း ကြွလာခြင်းအကြောင်းကိုမိန့်တော်မူပြီးလျှင် မင်းကြီးအားထိုမကောင်းမှုဖြင့် နတ်ရွာ, မဂ်, ဖိုလ်၏အန္တရာယ် မရှိကြောင်းကို သိစေပြီးလျှင် ကြွတော်မူကုန်၏။

မင်းကြီးသည် ထိုရဟန္တာအရှင်တို့၏ တရားတော်ကို နာကြားရသောအခါ သက်သာရာကို ရသောကြောင့် ရှိခိုးပြီးလျှင် လွှတ်တော်မူ၍ ဟဖန် မြတ်သောအိပ်ရာထက်၌ နေတော်မူလျက် ''သံဃာနှင့် ကင်း၍ တစုံတခုသောအာဟာရကို တရံတခါမျှမစားပါ'' ဟု မိဘတို့ သည် ငယ်သောအခါ ငါတို့နှင့်အတူ သစ္စာပြုကုန်၏၊ ရဟန်းသံဃာ တော်အား မပေးလှူမူ၍ သုံးဆောင်သော အာဟာရသည် မရှိလေ သလော၊ ရှိလေသလော''ဟု ကြံစည်သောအခါ မေ့လျော့သဖြင့် သံဃာအားမပေးလှူမူ၍ နံနက်အချိန်၌ သုံးဆောင်ဘူးသော ငြုတ်သီး တတောင့်ကိုမြင်လေ၏၊ ထိုအခါ ''ငါသည် ပြုအပ်သော အမှုသည် မသင့်၊ ငါသည် ဒဏ်ထားခြင်းအမှုကို ပြုထိုက်၏''ဟု ကြံစည်တော် မူ၏။

### ၅၃။ မရိစဝဋ္ဋိစေတီတော်တည်ခြင်း

ထိုအခါ မင်းကြီးသည် ထီးဖြူမင်္ဂလာကိုပြုသော ပွဲတော်ရက်ခုနစ် ရက်ကို လွန်သောအခါ ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် များစွာ ကစားသော အစီအရင်ဖြင့် ရေကစားခြင်းငှါလည်းကောင်း, အဘိသိက် သွန်းကုန်သောမင်းတို့၏ အကျင့်စာရိတ္တကို စောင့်ရှောက်ခြင်းငှါ လည်းကောင်း တိဿဝါပိရေကန်သို့ထွက်တော်မူ၏၊ မင်းကြီးအား ဆက်သလာ ကုန်သော ပဏ္ဏာကာရ လက်ဆောင်တော်တို့ကို မရိစဝဋ္ဋိကျောင်း တော်ရာ၌ ထားကြကုန်၏၊ ထိုကျောင်းတော်ရာတွင်လည်း စေတီတော်

နေရာ၌ မင်းကြီး၏ ကိုယ်ရံတော်တို့သည် ခါတ်တော် ရှိသော လှံကို ဖြောင့်ဖြောင့်စိုက်ထားကုန်၏၊ မင်းကြီးသည် တနေ့ပတ်လုံး မှောင်းမတို့ဖြင့်ခြံရံလျက် ကစားပြီးလျှင် ညနေချမ်းအချိန်၌ မြို့သို့ သွားအံ့၊ လှံတော်ကိုပွားလေလော့" ဟုမိန့်တော်မူ၏၊ မင်း၏ကိုယ်ရံ တော်တို့သည် လှံကိုနှုတ်ယူသောအခါ လှုပ်ခြင်းငှါ မစွမ်းနိုင်ကုန်၊ မင်း၏ စစ်သည်တော်တို့သည် ထိုအံ့ဘွယ်ကို မြင်ကြသောအခါ စုဝေး လျက် ပန်းစသည်တို့ဖြင့် ပူဇော်ကြကုန်၏။

မင်းကြီးသည်လည်း များစွာသောအံ့ဘွယ်ကို ဖူးမြင်ရသောအခါ ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထက်ဝန်းကျင်၌ အစောင့်အ ရှောက်ကို စီရင်ပြီးလျှင် မြို့သို့ဝင်တော်မူ၏၊ ထိုနောက် မင်းကြီးလှံ တော်ကို ဌာပနာစေ၍ စေတီတည်တော်မူ၏၊ ထိုစေတီတော်ကို ခြံရံ လျက်ကျောင်းတော်ကို ဆောက်လုပ်စေ၏၊ကျောင်းတော်သည်သုံးနှစ် ကြာမှပြီးဆုံးလေ၏။ မင်းကြီးသည် ကျောင်းပူဇော်ပွဲပြုခြင်းငှါ သံဃာ တော်ကိုစည်းဝေးစေ၏၊ ဘိက္ခုသံဃာတသိန်း, ဘိက္ခုနီ သံဃာ ကိုး သောင်းတို့သည် စည်းဝေးကြကုန်၏၊ထိုအစည်းအဝေး၌ မင်းကြီးသည် သံဃာကိုရှိခိုးလျက် "အရှင်ဘုရားတို့····မေ့လျော့ခြင်းကြောင့် သံဃာ နှင့်ကင်း၍ ငြုတ်သီးတောင့်ကို စားမိသောကြောင့် ထိုငြုတ်သီးတောင့် ၏အတွက် ဒဏ်ထားခြင်းအမှုသည် ကျွန်ုပ်အားဖြစ်ပါစေတော့ဟုနှလုံး သွင်း၍ စေတီနှင့်တကွ မရိစဝဋ္ဋိကျောင်းတော်ကို ဆောက်လုပ်စေ ပြီ၊ သံဃာတော်သည် စေတီနှင့်တကွ ကျောင်းတော်ကို အလှူခံ တော်မူပါလော့"ဟု အလှူရေစက်ကို သွန်းချတော်မူ၍ ရဟန်း သံဃာအား ကျောင်းတော်ကို လှူတော်မူ၏။

ကျောင်း၏ထက်ဝန်းကျင်၌ ရဟန်းသံဃာတော် နေထိုင်ခြင်းအ ကျိုးငှါ ကြီးစွာသောမဏ္ဍပ်ကို ဆောက်လုပ်စေ၏၊ မဏ္ဍပ်ခြေတို့သည် အဘယဝါပိကန်တော်၏ ရေ၌တည်ကုန်၏၊ ကြွင်းသောအရပ်၌ကား ဆိုဘွယ်ရာမရှိပြီ၊ ထိုမဏ္ဍပ်၌ ရဟန်းသံဃာကိုနေစေပြီးလျှင် ခုနစ်ရက် ပတ်လုံး အလှူကြီးကိုပေးလှူ၍ အလုံးစုံသောပရိက္ခရာသည် အဖိုးတ သိန်းထိုက်၏၊ ဤသို့လျှင် စစ်ထိုးခြင်းနှင့် ပေးလှူခြင်း၌ ရဲရင့်တော် မူသော ရတနာသုံးပါး၌ ကြည်ညိုသော စိတ်ရှိတော်မူသော သာသ

နာတော် ထွန်းတောက်ခြင်းကို အလိုရှိတော်မူသော ကျေးဇူးကိုသိတော်မူတတ်သော ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် စေတီတည်သည်မှစ၍ ကျောင်းပူဇော်ပွဲပြီးဆုံးသည်တိုင်အောင် ရတနာသုံးပါးကို ပူဇော်ခြင်း၌ါ အလှူတော်ကြီးကို ပေးလှူတော်မူ၏၊ ဤအလှူတော်ကြီး၌ စွန့်ကြဲအပ်ကုန်သော ဥစ္စာတို့သည် အဘိုးအနဂ္ဃထိုက်သော ရတနာတို့ကိုထား၍ ကြွင်းသောဥစ္စာတို့သည် တဆယ့်ကိုးကုဋေဖြစ်ကုန်၏။

မရိစဝဋ္ဋိဝိဟာရမဟာကထာပြီး၏။

---

## ၁၁။ လောဟပါသာဒမဟာကထာ

### ၃၄။ ပုံစံကိုလျှောက်ယူခြင်း

ထိုနောက် မင်းကြီးသည် ဤသို့ကြံစည်တော်မူ၏၊ "အရှင်မဟာမဟိန္ဒထေရ်သည် ငါ၏ဘိုးတော်ဖြစ်တော်မူသော ဒေဝါနံပိယတိဿမင်းကြီးအား မင်းကြီး၏မြေးတော်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် အတောင်တရာ့နှစ်ဆယ်ရှိသော သောဝဏ္ဏမာလိနီအမည်ရှိသော စေတီကိုတည်စေလတ္တံ့၊ သံဃာတော်၏ ဥပုသ်အိမ်ဖြစ်သော ဘုံကိုးဆင့်ရှိသော လောဟပါသာဒပြာသာဒ်ကို ပြုစေလတ္တံ့" ဟု မိန့်တော်မူခဲ့သောစကားကို ကြံစည်အောက်မေ့တော်မူ၏၊ ကြံစီပြီးလျှင် ကြည့်ရှုသောအခါ မင်း၏နန်းတော်တွင် ကြုတ်၌ထားအပ်သော ရွှေပြား၌ရေး၍ထားအပ်သော အက္ခရာကို မြင်တော်မူ၍ ထိုအက္ခရာကို ဘတ်စေ၏၊နောင်အခါ၌ အနှစ်လေးရာကိုလွန်လတ်သော် ကာကဝဏ္ဏတိဿမင်းကြီး၏ သားတော်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ဤအမည် ဤအမည်ရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုစေလတ္တံ့ ဟု ဗျာဒိတ်တော်ကို ကြားနာရသောအခါ နှစ်သက်ရွှင်လန်းတော်မူသည်ဖြစ်၍ "အရှင်မဟာမဟိန္ဒသည် ငါ့ကိုမြင်လေစွတကား" ဟု လက်ပန်းပေါက်ခတ်တော်မူ၏။

ထိုနောက် စောစောထ၍ မဟာမေဃဝန်ဥယျာဉ်သို့ ထွက်တော်မူလျက် ရဟန်းသံဃာတော်ကိုစည်းဝေးစေပြီးလျှင် "အရှင်ဘုရားတို့·· ရဟန်းသံဃာ၏ဥပုသ်အိမ်ကို ပြုလုပ်လိုပါသည်၊ နတ်ဗိမာန်နှင့်တူသော

ပြာသာဒ်ကိုပြုလုပ်စေအံ့၊ နတ်ပြည်သို့စေလွှတ်တော်မူပြီးလျှင် ပုရပိုက်ဖြင့် နတ်ဗိမာန်ပုံစံကို ရေးသားစေ၍ အကျွန်ုပ်အား ပေးတော်မူပါကုန်” ဟု လျှောက်ထား၏၊ သံဃာတော်သည် ရှစ်ပါးကုန်သော ရဟန္တာတို့ကို စေလွှတ်တော်မူ၏၊ထိုရဟန္တာအရှင်တို့သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် အမြင့်တဆယ့်နှစ်ယူဇနာ,အဝန်းလေးဆယ့်ရှစ်ယူဇနာရှိသော စုလစ်မွန်းချွန်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုံကိုးဆင့်ရှိသော ခန်းတိုက်တထောင်ရှိသော ဗိရဏီနတ်သွီး၏ ကုသိုလ်ကံကြောင့်ဖြစ်သောကောင်းကင်၌ တည်သောရတနာပြာသာဒ်ကို ကြည့်ရှုတော်မူလျက် ဟင်္သာပြဒါးဖြင့် ပုရပိုက်ဖြင့် ပုံသဏ္ဍာန်ကိုရေးယူခဲ့၍ ရဟန်းသံဃာအား ပေးကြကုန်၏၊ သံဃာတော်သည် မင်းကြီးအား ပေးစေ၏။

မင်းကြီးသည် ထိုပုံစံကိုမြင်သောအခါ ဝမ်းမြောက်တော်မူသည်ဖြစ်၍ ထိုရေးခဲ့သော ပုံစံနှင့်တူသော လောဟပါသာဒပြာသာဒ်ကို ပြုလုပ်စေ၏၊ ပြုလုပ်စေသောအခါ လေးခုသောတံခါးတို့၌ ရှစ်သိန်းသောငွေတို့ကို ထားစေ၏၊ တထောင်,တထောင်သောအဝတ်တို့ကိုငင်း၊ တင်လဲ, ဆီ, သကာတို့ဖြင့်ပြည့်သော အိုးစရည်းကြီးတို့ကိုငင်း၊ ထားစေ၏၊ ပြာသာဒ်ပြုလုပ်ရာ၌ အခမယူသဖြင့် မပြုလုပ်ရဟုစည်လည်စေပြီးလျှင် အခမယူသဖြင့် ပြုလုပ်သောအမှုကို အဘိုးဖြတ်စေ၍ ပြုလုပ်သော သူတို့အား ပြုလုပ်ခကို ပေးစေ၏၊ ပြာသာဒ်ပေါ်၏ တမျက်နှာ၏အကျယ်သည် အတောင်တရာရှိ၏၊ အမြင့်သည်လည်း အတောင်တရာရှိ၏၊ဘုံကိုးဆင့်တို့တွင် တခုတခုသောဘုံ၌ တရာသော စုလစ်မွန်းချွန်ရှိကုန်၏၊ အလုံးစုံသော ထိုစုလစ်မွန်းချွန်တို့သည် ငွေဖြင့်စီအပ်ကုန်၏၊ ရွှေမြူရှိသောပွတ်တိုင်တို့ဖြင့် ကာအပ်ကုန်၏၊ ထိုဘုံကိုးဆင့်တို့၏ စုလစ်မွန်းချွန်တို့သည် အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သန္တာနီပွတ်တိုင်တို့သည်ငင်း, ထိုပွတ်တိုင်တို့၏အကြား၌ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ကုန်သော ပဒုမာကြာတို့သည်ငင်း ရှိကုန်၏၊ ထို့အတူ ခန်းတိုက်တထောင်တို့သည်လည်း အထူးထူးသောရတနာတို့ဖြင့် စီရင်အပ်ကုန်၏၊ ခြင်္သေ့ခံသော အောက်နံရံ အခြေခံရှိကုန်၏။

ဝေဿဝဏ္ဏနတ်မင်းကြီးသည် နတ်သို့မီးယာဉ်ရှိ၏ဟု ကြားသိရသောကြောင့် ထိုပုံစံကို ရတနာမဏ္ဍပ်၏ အလယ်၌ ပြုလုပ်စေ၏၊ ထိုပြာသာဒ်တော်ကို များစွာသောရတနာခုနစ်ပါးတို့ဖြင့် ပြီးသောတိုင်တို့ဖြင့်၎င်း,ခြင်္သေ့ရုပ်,ကျားရုပ်စသည်တို့ဖြင့်၎င်း၊ နတ်ရုပ်တို့ဖြင့်၎င်း တန်ဆာဆင်အပ်၏၊ ထက်ဝန်းကျင်၌ တွဲလျားကျသောပုလဲကွန်ယက်တို့ဖြင့် ခြံရံအပ်၏၊ ပြာသာဒ်၌ သန္တာနီပွတ်တိုင်တို့သည်၎င်း, ရှေး၌ဆိုအပ်ပြီးသော ဟန်ဆာတို့သည်၎င်း ရှိကုန်၏၊ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော မဏ္ဍပ်၏အလယ်၌ ဖလ်ဖြင့်ပြီးသောမြေ၌ ဆင်စွယ်ဖြင့်ပြီးသောပလ္လင်ရှိ၏၊ တကဲပျဉ်သည်လည်း ဆင်စွယ်ဖြင့်ပြီး၏၊ ရွှေဖြင့်ပြီးသောနေဝန်း,ငွေဖြင့်ပြီးသောလဝန်း, ပုလဲဖြင့်ပြီးသောကြယ်ဟာရာတို့ဖြင့်ဆန်းကြယ်၏၊ ထိုထိုနေရာ၌ ထိုက်သင့်သည်အားလျော်စွာ အထူးထူးသောရတနာတို့ဖြင့်ပြီးသော ပဒုမာကြာတို့ကို၎င်း, ကြည်ညိုဖွယ်ကို ဖြစ်စေတတ်ကုန်သော ဇာတ်တော်တို့ကို၎င်း, အကြားအကြား၌ ရွှေနွယ်တို့ကို၎င်း ပြုလုပ်စေ၏။

ထိုပြာသာဒ်တော်၌ အဘိုးများစွာထိုက်သော အခင်းကိုခင်းပြီးလျှင် နှစ်သက်ဘွယ်သော ဆင်စွယ်ဖြင့်ပြီးသောယပ်ကို ထား၏၊ သန္တာနီဖြင့်ပြီးသော ခြေနင်းတို့ကိုပြုလုပ်စေ၏၊ ပလ္လင်၏အထက် ဖလ်ဖြင့်ပြီးသောမြေ၌ စိုက်ထားအပ်သော ငွေရိုးတပ်သောထီးဖြူကို ပြုလုပ်စေ၏၊ ထိုပြာသာဒ်တော်၌ ရတနာဖြင့်ပြီးကုန်သော ရှစ်ပါးကုန်သော မင်္ဂလာတို့ကို၎င်း, အကြားအကြား၌ ပတ္တမြားပုလဲဖြင့် ပြီးကုန်သော အခြေလေးချောင်းအစဉ်တို့ကို၎င်း ပြုလုပ်စေ၏၊ ထီးဖြူတော်၏အဆုံး၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ဆည်းလည်းတို့ကိုလည်း အစဉ်အတိုင်း ဆွဲထားအပ်ကုန်၏၊ ပြာသာဒ်, ထီးဖြူ, ပလ္လင်, မဏ္ဍပ် ဤလေးပါးတို့ကို အဘိုးမဖြတ်နိုင်ကုန်၊ အဘိုးများစွာ ထိုက်ကုန်သော ညောင်စောင်း,အင်းပျဉ်တို့ကိုခင်းစေလျက် ထိုညောင်စောင်း, အင်းပျဉ်တို့၌ အဘိုးများစွာထိုက်သောကမ္ဗလာတို့ကို၎င်း,မြေအခင်းတို့ကို ၎င်းခင်းထားအပ်ကုန်၏၊ သန့်သက်ရေအိုး, သန့်သက် ရေမှုတ်တို့သည် ရွှေဖြင့်ပြီးကုန်၏၊ ကြွင်းသောဘဏ္ဍာတို့၌ ဆိုဘွယ်မရှိပြီ။

တံခါးမုခ်ကိုလည်း နှစ်သက်ဘွယ်သော တံတိုင်းဖြင့် ကာအပ်၏၊ ကြေးနီအုတ်ကြွပ်တို့ဖြင့် မိုးအပ်သောကြောင့် လောဟပါသာဒ ဟု ထင်ရှား၏၊ ဤသို့လျှင် တာဝတိံသာနတ်ပြည်၌ နတ်သဘင်နှင့်တူသော ပြာသာဒ်ကို ပြီးဆုံးစေပြီးသော် သံဃာတော်အား စည်းဝေးစေ၏၊ မရိစဝဋ္ဋိ ကျောင်းတော်ပွဲကဲ့သို့ သံဃာတော်သည် စည်းဝေးတော်မူ၏၊ ပဌမဘုံဆင့်၌ ပုထုဇဉ်ရဟန်းတို့သည် သီတင်းသုံးကုန်၏၊ ဒုတိယဘုံဆင့်၌ ပိဋကတ်သုံးပုံကိုဆောင်ကုန်သော ရဟန်းတို့သည် သီတင်းသုံးကုန်၏၊ တတိယဘုံဆင့်တို့၌ အစဉ်အတိုင်း သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် သီတင်းသုံးကုန်၏၊ အထက်ဘုံလေးဆင့်တို့၌ ရဟန္တာပုဂ္ဂိုလ်တို့သည်သာ သီတင်းသုံးကုန်၏။

ဤသို့လျှင် သံဃာတော် စည်းဝေးပြီးသောအခါ အလှူရေစက်ကို သွန်းချ၍ သံဃာတော်အား ပြာသာဒ်တော်ကိုလှူပြီးလျှင် မရိစဝဋ္ဋိ ကျောင်းပူဇော်ပွဲကဲ့သို့ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူတော်မူ၏၊ မင်းကြီးသည် ပြာသာဒ်ဟူသောအကြောင်းကြောင့် အဘိုးအနဂ္ဃထိုက်ကုန်သော ပြာသာဒ်, ထီးဖြူ, ပလ္လင်, မဏ္ဍပ် ဤလေးခုတို့ကိုထား၍ များစွာစွန့်ကြဲအပ်ကုန်သော ဥစ္စာတို့သည် ကုဋေသုံးဆယ်တို့ဖြစ်ကုန်၏၊ ပယ်စွန့်၍ ဘဝတပါးသို့သွားအပ်သော ဥစ္စာစုကို ပေးလှူလျက် အနုဂါမိဥစ္စာကိုပြုလိုသော ပညာရှိတို့သည် ဤသို့ပြုကြကုန်၏ဟု မှတ်အပ်၏။

လောဟပါသာဒမဟာကထာပြီး၏။

---

## ၁၂။ ထူပသမ္ဘဝနေလာဘကထာ

### ၅၅။ ပိသုကြနတ်သားအုတ်ဘန်ဆင်းပေးခြင်း

တနေ့သ၌ မင်းကြီးသည် အသပြာတသိန်းကို စွန့်တော်မူလျက် မဟာဗောဓိကို ပူဇော်ပြီးလျှင် မြို့သို့ဝင်လေသော် မဟာစေတီနေရာ၌ စိုက်ထားအပ်သော ကျောက်တိုင်ကိုမြင်တော်မူ၍ အရှင်မဟာမဟိန္ဒထေရ်သည် မိန့်တော်မူအပ်သော ဗျာဒိတ်တော်ကို အောက်မေ့တော်မူလျက်မဟာစေတီတော်ကို တည်စေအံ့ဟု ဆုံးဖြတ်၍ မြို့သို့ဝင်ပြီးလျှင် စံတော်မူရာ ပြာသာဒ်သို့ တက်တော်မူလျက် ကောင်းသောဘောဇဉ်

ကို သုံးဆောင်၍ မြတ်သောအိပ်ရာထက်၌ နေတော်မူလျက် ဤသို့ ကြံစည်တော်မူ၏၊ "ကျေးတို့ကိုနှိပ်နင်းသဖြင့် ဤလူအပေါင်းကိုအလွန် နှိပ်စက်အပ်ပြီ၊ လူအပေါင်းကို မနှိပ်စက်မူ၍တရားနှင့်ညီစွာ မဟာ စေတီအား လျောက်ပတ်သောအုတ်ကို အဘယ်နည်းဖြင့် ဖြစ်စေရ ပါသနည်း"ဟု ကြံစည်တော်မူ၏၊ မင်းကြီး၏အကြံအစည်ကိုထီးချက် စောင့်နတ်သမီးသိ၍ မင်းကြီးဤသို့ကြံ၏ ဟု ကြွေးကြော်လေ၏၊ အဆက်အဆက်အားဖြင့် နတ်ပြည်၌လည်းအုတ်အုတ်ကျက်ကျက်သည် ဖြစ်လေ၏။

သိကြားမင်းသည် ထိုအကြောင်းကို သိ၍ ဝိသုကြံ နတ်သား ကို ခေါ်တော်မူပြီးလျှင် "အမောင်ဝိသုကြံနတ်သား.... ဒုဋ္ဌဂါမဏိ အဘယမင်းသည် မဟာစေတီတည်ရန် အုတ်ကို ကြည့်တော်မူ၏၊ သင်သွားပြီးလျှင် မြို့၏မြောက်မျက်နှာ၌ရှိသော တယူဇနာဝေးသော ဂမ္ဘီရမြစ်ကမ်း၌ အုတ်တို့ကိုဖန်ဆင်းပြီးလျှင် လာခဲ့လော့"ဟု စေ လွှတ်လေ၏၊ ဝိသုကြံနတ်သားသည် ထိုအကြောင်းကိုသိ၍ လာပြီး လျှင် သိကြားမင်းမိန့်တော်မူသော ဂမ္ဘီရမြစ်ကမ်း၌သာလျှင် မဟာ ဇေတီတည်ရန် အုတ်တို့ကိုဖန်ဆင်းပြီးလျှင် နတ်ပြည်သို့ ပြန်လေ၏၊ နံနက်အခါ မုဆိုးတယောက်သည် ခွေးတို့ကိုခေါ်ပြီးလျှင် တောသို့ သွား၍ ထိုထိုအရပ်၌ လှည့်လည်လတ်သော် ထိုနေရာသို့ ရောက်၍ အုတ်ကိုမမြင်မူ၍ ယွက်သွားလေ၏၊ ထိုတော၌နေသော ဘုမ္မဇိုဝ်းနတ် သည် မုဆိုးအား အုတ်တို့ကိုပြခြင်းငှါ ကြီးသော ဖွတ်ယောင်ဖန်ဆင်း ၍ မုဆိုးနှင့်ခွေးတို့အား မိမိကိုယ်ကိုပြလေသော် ထိုမုဆိုးနှင့် ခွေးတို့ သည် လိုက်သောကြောင့် အုတ်သို့ရှေ့ရှုသွားလျက် ကွယ်လေ၏။

မုဆိုးသည် အုတ်တို့ကိုမြင်သောအခါ ဤသို့ကြံစည်၏၊ "ငါတို့၏ မင်းကြီးသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ မဟာစေတီကိုတည်ရန် အလို ရှိ၏၊ ငါ့အား များစွာသောလက်ဆောင်ကိုရလေစွဟု ဝမ်းမြောက် သည်ဖြစ်၍ နောက်နေ့နံနက် စောစောလာပြီးလျှင် မိမိမြင်ခဲ့သော လက်ဆောင်ဖြစ်သောအုတ်ကို မင်းကြီးအား လျှောက်ကြားလေ၏၊ မင်းကြီးသည် မုဆိုး၏ သတင်းစကားကို ကြားတော် မူသောအခါ ဝမ်းမြောက်သည်ဖြစ်၍ များစွာသောဆုတော်ကို ပေးပြီးလျှင် ထိုမုဆိုး

ကိုသာလျှင်အုတ်တို့ကို စောင့်ရှောက်စေ၏၊ ထိုနောက် မင်းကြီးသည် ''ငါသည်အုတ်ကိုကြည့်ရှုရန်သွားအံ့၊ လှံတော်ကို ပွားကြကုန်လော့'' ဟု မိန့်တော်မူ၏။

## ၅၆။ ရွှေညှောက်,ကြေးနီညှောက်နှင့် ပတ္တမြားကျောက်တိုင်ပေါ်လာခြင်း

ထိုခဏ၌သာလျှင် တပါးသောသတင်းစကားကို ဆောင်လာကုန်၏၊ မြို့မှသုံးယူဇနာဝေးသော အရှေ့မြောက်ထောင့် အရပ်၌ရှိသော အာစာရပိဋ္ဌမည်သောရွာ၌ ညဉ့်သုံးယာမ်ပတ်လုံး မိုးရွာသော အခါ တဆယ့်ခြောက်ပယ်ရှိသောအရပ်၌ ရွှေညှောက် (ရွှေမျိုးစေ့) တို့သည် ပေါက်ကုန်၏၊ ထိုရွှေညှောက်တို့သည် ပမာဏအားဖြင့် အကြီးတို့သည် တထွာ, အငယ်တို့သည် လက်ခြောက်သစ်ရှိကုန်၏၊ မိုးလင်းသောအခါ ရွာ၌သွားလာကုန်သော ရွာသူ ရွာသားတို့သည် ရွှေညှောက်တို့ကိုမြင်၍မင်းအား ထိုက်သောဘဏ္ဍာ ဖြစ်လေစွဟု ဆို ပြီးလျှင် လာ၍ ရွာသူရွာသားတို့အား ပြောကြားကုန်၏၊ ထိုရွာသူ ရွာသား တို့သည်လည်း ထိုအရပ်၌ ထက်ဝန်းကျင် အစောင့် အရှောက်ကိုထားပြီးလျှင် ရွှေညှောက်တို့ကို ဥက်၌ပြည့်စေ၍ မင်းကြီး အားပြကြကုန်၏၊ မင်းကြီးသည် ထိုရွာသူ ရွာသားတို့အားလည်း ထိုက်သည့်အားလျော်စွာ ဆုတော်ကိုပေးပြီးလျှင် ထိုရွာသူ ရွာသား တို့ကိုသာလျှင် ရွှေတို့ကိုစောင့်ရှောက်စေ၏။

ထိုခဏ၌သာလျှင် တပါးသောသတင်းကိုလည်း ဆောင်ကြကုန်၏၊ မြို့၏အရှေ့ဘက် ခုနစ်ယူဇနာဝေးသော ဂင်္ဂါမြစ်၏ တဘက်ကမ်း၌ ရှိသော တမ္ဗပိဋ္ဌိမည်သောဇနပုဒ်၌ ကြေးနီတို့သည်ဖြစ်ပေါ်လာကုန်၏၊ ရွာသူရွာသားတို့သည် ခွက်ကိုပြည့်စေလျက် ကြေးနီကိုယူပြီးလျှင် မြို့သို့ လာ၍ မင်းကြီးအားပြကြကုန်၏၊ မင်းကြီးသည် ထိုက်သင့်သည့်အား လျော်စွာ ဆုတော်ကိုပေးပြီးလျှင် ထိုသူတို့အား ကြေးနီတို့ကိုစောင့် ရှောက်စေ၏၊ ထို့နောက် တပါးသောသတင်းကို ဆောင်ယူလာ ကုန်၏၊ မြို့မှလေးယူဇနာဝေးသော အရှေ့တောင်ထောင့်၌ရှိသော သုမနဝါသိရွာ၌ ဥပ္ပလကျောက်, ကုရုဝိန္ဒကျောက်နှင့်ရောကုန်သော များစွာသောပတ္တမြားတို့သည် ဖြစ်ပေါ်လာကုန်၏၊ ရွာသူ ရွာသား

တို့သည် ခွက်ကိုပြည့်စေလျက် ပတ္တမြားတို့ကိုယူပြီးလျှင် မင်းကြီးအား ပြကြကုန်၏၊ မင်းကြီးသည် ထိုရွာသူရွာသားတို့အားလည်း ထိုက်သင့်သည့်အားလျော်စွာ ဆုတော်ပေးပြီးလျှင် ထိုရွာသူရွာသားတို့ကိုသာလျှင် စောင့်ရှောက်စေ၏။

## ၅၇။ ငွေစိုင်ခဲနှင့် ပုလဲ,ပတ္တမြားပေါ်လာခြင်း

ထို့နောက် တပါးသောသတင်းကို ဆောင်ယူလာကြကုန်၏၊ မြို့၏ တောင်ဘက် ရှစ်ယူဇနာဝေးသော အမ္ဗဋ္ဌကောလဇနပုဒ်တွင် တခုသောလိုဏ်၌ ငွေသည်ဖြစ်ပေါ်လာ၏၊ ထိုအခါ မြို့၌နေသောကုန်သည် တယောက်သည် များစွာသောလှည်းတို့ဖြင့် နနွင်း,ချင်း စသည်တို့၏ အကျိုးငှါ မလယဇနပုဒ်သို့ သွားလေ၏၊ လိုဏ်၏အနီး၌ လှည်းတို့ကို ထား၍ နှင်တံ(ကြိမ်လုံး)ကိုရှာရန် တောင်သို့တက်၍ ထိုတောင်၌ လှည့်လည်သောအခါ ပိန္နဲပင်ကိုမြင်လေ၏၊ ထိုပိန္နဲပင်မှ အိုးစရည်းကြီး ပမာဏရှိသော ပိန္နဲသီးတလုံးသည် အသီးလေးသောကြောင့် အကိုင်းသည် အောက်သို့ညွှတ်လျက် ကျောက်ဖျာပေါ်၌တည်နေ၏၊ ကုန်သည်သည် အသီးလေးသဖြင့် အောက်သို့ညွှတ်သောပိန္နဲသီးကို မြင်သောအခါ အနီးသို့သွား၍ ပိန္နဲသီးကိုလက်ဖြင့်သုံးသပ်၍ မှည့်သည်ကိုသိသောအခါ အညှာကိုဖြတ်လေ၏၊ ပိန္နဲကိုင်းသည် အထက်သို့ပြန်တက်၍ တည်မြဲတိုင်းသောနေရာ၌တည်လေ၏၊ ကုန်သည်သည် ဤပိန္နဲသီးသည် အလွန်ကောင်းသော အရသာရှိ၏၊ သံဃာအားအဦးကို ပေးလှူပြီးလျှင် သုံးဆောင်အံ့ဟု ကြံစည်၍ ကာလကို ကြွေးကြော်လေ၏။

ထိုအခါ ရဟန္တာလေးပါးတို့သည် ကြွလာတော်မူပြီးလျှင် ကုန်သည်၏ရှေ့၌ ထင်ရှားဖြစ်ကုန်၏၊ ကုန်သည်သည် ရဟန္တာလေးပါးတို့ကိုမြင်သောအခါ ဝမ်းမြောက်သောစိတ်ဖြင့် ခြေတော်တို့ကိုရှိခိုးပြီးလျှင် နေရာ၌နေစေ၍ ပိန္နဲသီး၏ထက်ဝန်းကျင်၌ ဓါးခွပ်ဖြင့်ခုတ်ဖြတ်၍ ပိန္နဲသီးအိမ်ကိုနုတ်ယူ၍ ကပ်လေ၏၊ ထက်ဝန်းကျင်မှ အရည်သည်စီးဆင်းပြီးလျှင် အစေ့ထုတ်အပ်သော ပိန္နဲသီးအိမ်တွင်းကို ပြည့်လေ၏၊ ကုန်သည်သည် ရဟန္တာအရှင်တို့၏လက်တော်မှ သပိတ်ကိုယူပြီးလျှင် ဆေးဒန်းမြင်းသီလာအဆင်းရှိသော ပိန္နဲသီးရည်ကို သပိတ်၌ပြည့်စေ၍

လှူလေ၏၊ထိုရဟန္တာအရှင်မြတ်တို့သည် ထိုကုန်သည် မြင်စဉ်သာလျှင် ကောင်းကင်သို့ ပျံတက်၍ ကြွတော်မူကုန်၏၊ ကုန်သည်သည်လည်း တဖန် ကာလကိုကြွေးကြော်လေ၏၊ တပါးကုန်သော ရဟန္တာလေးပါးတို့သည် ကြွလာတော်မူကုန်၏၊ ထိုရဟန္တာလေးပါးတို့၏လည်း လက်တော်မှသပိတ်ကိုယူပြီးလျှင် ရွှေအဆင်းရှိကုန်သော ပိန္နဲသီးအဆီတို့ဖြင့် ပြည့်စေလျက်လှူလေ၏၊ ထိုရဟန္တာလေးပါးတို့တွင် သုံးပါးသောမထေရ်တို့သည် ကောင်းကင်ဖြင့်ကြွတော်မူကုန်၏၊ ရဟန္တာဖြစ်တော်မူသော အရှင်ဗုဒ္ဓရက္ခိတမထေရ်သည်ကား ကုန်သည်အားငွေကိုပြတော်မူလိုသောကြောင့် တောင်ပေါ်မှဆင်းသက်တော်မူပြီးလျှင် လိုဏ်၏အနီး၌နေတော်မူလျက် ပိန္နဲဆီကို ဘုဉ်းပေးတော်မူ၏။

ဥပါသကာသည် မထေရ်ကြွတော်မူသောအခါ ကြွင်းသောပိန္နဲဆီကိုမိမိစား၍ အကြွင်းကိုထုပ်ယူ၍ သွားသည်ရှိသော် မထေရ်သုံးပါးတို့သည် ပိန္နဲဆီကိုယူ၍ကြွတော်မူကုန်၏၊ မထေရ်တပါးသည် ဤနေရာသို့ သက်ဆင်းတော်မူ၏၊ အဘယ်အကြောင်းနည်းဟု ကြံစည်၍ ထိုမထေရ်၏နောက်တော်သို့ လိုက်သွားသည်ရှိသော် လိုဏ်၏အနီး၌နေ၍ ဘုဉ်းပေးတော်မူသောမထေရ်ကို မြင်သောအခါ ရေနှင့်သပိတ်ဆေးသောသစ်ခက်ကို ဆောင်ယူ၍လှူလေ၏၊ မထေရ်သည်လည်း လိုဏ်တံခါး၌ လှည်း၏အနီးသို့သွားသောလမ်းကို ဖန်ဆင်းတော်မူပြီးလျှင် "ဥပါသကာ.... ဤလမ်းဖြင့်သွားလော့"ဟု မိန့်တော်မူ၏၊ ကုန်သည်သည် မထေရ်ကိုရှိခိုးပြီးလျှင် ထိုလမ်းဖြင့်သွားလေသော် လိုဏ်တံခါး၌ရပ်၍ လိုဏ်အတွင်းသို့ကြည့်ရှုသောအခါ ထိုငွေပုံကိုမြင်၍ ငွေတုံးကိုယူပြီးလျှင် ပဲခွပ်ဖြင့်ခုတ်ဖြတ်၍ ငွေဖြစ်ကြောင်းကိုသိသောအခါ များစွာသောငွေတုံးကိုယူပြီးလျှင် လှည်းရှိရာသို့သွား၍ မြက်, ရေတို့နှင့်ပြည့်စုံသောနေရာ၌ လှည်းတို့ကိုထားပြီးလျှင် လျင်မြန်စွာ အနုရာဓမြို့သို့သွား၍ မင်းကြီးအားပြလျက် ထိုအကြောင်းကိုလျှောက်ကြားလေ၏၊ မင်းကြီးသည် ထိုကုန်သည်အားလည်း ကိုက်သင့်သည်အားလျော်စွာ ဆုတော်ကိုပေးလေ၏။

ထို့နောက် တပါးသောသတင်းကိုလည်း ဆောင်ယူလာကုန်၏၊ မြို့၏ အနောက်မျက်နှာဖြစ်သော ငါးယူဇနာဝေးသော ဥရုဝေလ

တောင်၌ သျှိသျှားသီးကြီးမျှလောက်ကြီးကုန်သော သန္တာနှင့်ရောကုန်သော လှည်းအစီးခြောက်ဆယ်တိုက်လောက်ကုန်သော ပုလဲတို့သည် သမုဒ္ဒရာမှ ကုန်းသို့တက်လာကုန်၏၊ တံငါတို့သည် မြင်ကြလတ်သော် မင်းနှင့်ထိုက်သောဘဏ္ဍာဖြစ်လေစွဟု စုပုံပြီးလျှင် အစောင့်အရှောက်ထား၍ ခွက်ကိုပြည့်စေလျက် ယူလာပြီးလျှင် မင်းကြီးအားပြ၍ ထိုအကြောင်းကို လျှောက်ကြကုန်၏၊ မင်းကြီးသည် ထိုတံငါတို့အားလည်း ထိုက်သင့်သည်အားလျော်စွာ ဆုတော်ကိုပေးလေ၏၊ တဖန်တပါးသောသတင်းကို ဆောင်ယူလာကြကုန်၏၊မြို့မှ အနောက်မြောက်ထောင့်၌ ခုနစ်ယူဇနာဝေးသော *ပေဠိဝါပိကရွာ၏အိုင်၌ ရေစီးဆင်းသောချောက်၏သဲအပြင်၌ ဆေးကြိတ်ကျောက်လုံး ပမာဏရှိသော အလျား လက်လေးသစ်, အနံတထွာ ရှိကုန်သော အောက်မဲညိုပွင့် အဆင်းရှိကုန်သောပတ္တမြားကြီးလေးလုံးတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုအခါ တယောက်သော†မဂ္ဂအမည်ရှိသောမုဆိုးသည် ခွေးတို့ကို ခေါ်ပြီးလျှင် ထိုချောက်၌ လှည့်လည်သောအခါ ထိုသဲအပြင်သို့ ရောက်၍ မြင်လေလျှင် မင်းအားထိုက်သော ဘဏ္ဍာဖြစ်လေစွဟု သဲတို့ဖြင့် ဖုံး၍လာပြီးလျှင် မင်းကြီးအား လျှောက်ကြားလေ၏၊ မင်းကြီးသည် ထိုမုဆိုးအားလည်း ထိုက်သင့်သည် အားလျော်စွာ ဆုတော်ကို ပေးလေ၏။

ဤသို့လျှင် စေတီတည်ရန် ဖြစ်ပေါ်လာကုန်သောအုတ်အစရှိသည်တို့ကို မင်းကြီးသည် ထိုနေ့၌သာလျှင် ကြားတော်မူ၏၊ အုတ်နှင့်ငွေတို့၏ ဖြစ်ရာနေရာသို့ ကိုယ်တော်တိုင် သွားတော်မူ၏၊ထိုထို ရတနာတို့၏ ဖြစ်ရာအရပ်သည် ထိုထိုရတနာ တို့ဖြင့်သာလျှင် အမည်ကိုရလေ၏။

ထူပသာဓနလာဘကထာပြီး၏။

---

[* လေဏ္ဍရွာ-ရူဋ္ဌထူပဝင်။ သေလိဝါပိကရွာ- မဟာဝင်။† မဏ္ဍအမည် ရူဋ္ဌထူပဝင်။]

## ၁၃။ ထူပါရုဗ္ဗကထာ

### ၅၈။ စေတီအုတ်မြစ်ချတော်မူခြင်း

ထိုအခါ မင်းကြီးသည် စေတီတော်တည်ရန် ဖြစ်ပေါ်လာကုန်သော ရွှေစသည်တို့ကို ဆောင်ယူစေပြီးလျှင် ဘဏ္ဍာတိုက်တို့၌ စုပုံလျက်ထားစေ၏၊ ထိုနောက် အလုံးစုံသော အဆောက်အဦတို့သည် ပြည့်စုံလတ်သော် ဝိသာခါနက္ခတ်နှင့်ယှဉ်သော ကဆုန်လပြည့် ဥပုသ်နေ့၌ မဟာစေတီတော်ကိုတည်ရန်မြေကိုသုတ်သင်အားထုတ်ကြကုန်၏၊ မင်းကြီးသည် မဟာစေတီနေရာ၌ စိုက်ထားအပ်သော ကျောက်တိုင်ကိုယူစေပြီးလျှင် ထိုစေတီနေရာကို မြဲမြံစေခြင်းငှါ ထက်ဝန်းကျင်၌ ဆင်တံတိုင်း အဆုံးရှိသော အနက်အားဖြင့် ခုနစ်တောင်ပမာဏရှိသော မြေကိုတူးစေလျက် မြေကိုပယ်ပြီးလျှင် စစ်သည်သူရဲတို့ကို ကျောက်လုံးတို့ကို ခင်းစေ၍ ပန်းဘဲတူတို့ဖြင့်ထုရိုက်၍ မှုန့်မှုန့်ညက်ညက်ပြုစေ၏၊ ထို့နောက် သားရေစွတ်သော ခြေရှိကုန်သော ဆင်ကြီးတို့ကိုနင်းစေ၍ ကျောက်မှုန့်အပြင်၏ အထက်၌ သွန်မြေတို့ကိုခင်းစေ၏။

အာကာသဂင်္ဂါမြစ်၏ ကျရာအရပ်၌ ရေပေါက်တို့သည် အထက်သို့ပြန်တက်ပြီးလျှင် ထက်ဝန်းကျင်၌ သုံးယူဇနာ ပမာဏရှိသော အရပ်၌ ကျကုန်၏၊ ထိုကျရောက်သောနေရာ၌ သလေးစပါးတို့သည် အလိုလို ပေါက်ရောက်ကုန်၏၊ ထိုနေရာသည် အမြဲမပြတ်စွတ်စိုသောကြောင့် ရွှံ့မြေ,နွံမြေနေရာဖြစ်၏၊ ထိုအရပ်၌မြေသည် သိမ်မွေ့လေသောကြောင့် နဝနီတမတ္တိက (မြေဆီ,မြေဥ) ဟု ခေါ်၏၊ ထိုမြေဆီ, မြေဥကို ထိုအရပ်မှ ရဟန္တာဖြစ်ကုန်သော သာမဏေတို့သည် ဆောင်ယူကြကုန်၏၊ ထိုမြေဆီ,မြေဥဖြင့် အလုံးစုံတို့၌ မြေညက်ကိုစွသည်ပြီး၏၊ မြေညက်၏အထက်၌အုတ်တို့ကိုခင်းစေ၏၊အုတ်တို့၏အထက်၌ အင်္ဂတေကို, အင်္ဂတေ၏အထက်၌ ကုရုဝိန္ဒကျောက်ကို, ထိုကျောက်၏အထက်၌ သံကွန်ယက်ကို,သံကွန်ယက်အထက်၌ရဟန္တာသာမဏေတို့သည် ဟိမဝန္တာမှ ဆောင်ယူအပ်သော ကောင်းသော အနံ့ရှိသော ရွှံ့ကျောက်ကို, ထိုရွှံ့ကျောက်၏အထက်၌ နို့ရေအဆင်းရှိသော ဖိရုပါသာဏ ကျောက်ကို, ထိုကျောက်၏အထက်၌ ကျောက်

ကိုခင်းစေ၏၊ အလုံးစုံတို့၌ မြေညက်ကိစ္စသည် မြေဆီ မြေဥသာလျှင် ဖြစ်၏၊ ထိုကျောက်၏အထက်၌ *ညောင်ချပ်စေးဖြင့် လက်ရှစ်နှမ်းနှင့် တူသော သစ်ထူသောကြေးပြားကိုခင်း၏၊ ထိုကြေးပြား၏အထက်၌ နှင်းဆီဖြင့်သွေးအပ်သော ဆေးဒန်းမြင်းသီလာဖြင့် လက်ခုနစ်သစ် ထူသောငွေပြားကို ခင်းစေ၏။

ဤသို့လျှင် အလုံးစုံသောအခြင်းအရာဖြင့် မြေအမှုကိုပြုစေပြီးသော အခါ ဝါဆိုလဆန်းတဆယ့်လေးရက်နေ့၌ ရဟန်းသံဃာကိုစည်းဝေး စေပြီးလျှင် ဤသို့လျှောက်ထားလေ၏၊ နက်ဖြန်လပြည့်ဥပုသ်နေ့၌ ဥတ္တရာသဠ်နက္ခတ်ဖြင့် မဟာစေတီ၌ မင်္ဂလာရှိသောအုတ်ကိုချပါအံ့၊ နက်ဖြန်မဟာစေတီနေရာ၌ အလုံးစုံသောသံဃာတော်သည် စည်းဝေး တော်မူပါလော့ဟု လျှောက်ထားလေ၏၊လူအပေါင်းသည် စောင့်အပ် သောဥပုသ်ရှိသည်ဖြစ်၍ ပန်း,နံ့သာစသည်တို့ကိုယူပြီးလျှင် စေတီနေ ရာ၌စည်းဝေးစေလော့ဟု မြို့၌စည်လည်စေ၏၊ ထိုနောက် ဝိသာခါ မည်သောအမတ်, သီရိဒေဝမည်သောအမတ် နှစ်ယောက်တို့ကို သင် တို့သည်သွားပြီးလျှင် မဟာစေတီနေရာကို တန်ဆာဆင်ကြကုန်လော့ ဟု မိန့်တော်မူ၏၊ ထိုအမတ်နှစ်ယောက်တို့သည် သွားပြီးလျှင် ထက် ဝန်းကျင်၌ ငွေပြားအဆင်းရှိကုန်သော သဲတို့ကိုကြဲစေ၍ ပေါက် ပေါက်လျှင်ငါးခုမြောက်ကုန်သော ပန်းတို့ကိုကြဲ၍ ငှက်ပျောတုရင်တိုင် ကို စိုက်ထူစေ၍ ရေပြည့်အိုးတို့ကိုထားစေ၍ ပတ္တမြားအဆင်းရှိသော ဝါး၌ အဆင်းငါးမျိုးရှိသော တံခွန်ကိုဖွဲ့ချည်စေ၍ အဆင်းအနံ့နှင့် ပြည့်စုံကုန်သော အထူးထူးသောပန်းတို့ကို ခင်းစေ၍ အထူးထူးအ ထွေထွေတို့ဖြင့် ထိုနေရာကိုတန်ဆာဆင်ကြကုန်၏။

ထိုအခါ မင်းကြီးသည် အလုံးစုံသောမြို့နှင့် ကျောင်းတော်သို့သွား သောလမ်းကို တန်ဆာဆင်စေ၏၊ မိုးလင်းသောအခါ မြို့တံခါးလေး ခုတို့၌ ဆံမုတ်ဆိတ်ကိုရိတ်ခြင်းငှါ ဆတ္တာသည်တို့ကိုငှင်း, ရေချိုးစေ ခြင်းငှါ ရေချိုးပေးသောသူတို့ကိုငှင်း, တန်ဆာဆင်ခြင်းငှါ တန်ဆာ ဆင်ပေးသူတို့ကိုငှင်း, အထူးထူးသော အရောင်အဆင်းရှိကုန်သော အဝတ်-နံ့သာ-ပန်းစသည်တို့ကိုငှင်း, ကောင်းသောဟင်းလျာနှင့်ပြည့်စုံ

[* ဆေးဒန်းမြင်းသီလာ-စုဋ္ဌထုပဝင်။]

ကုန်သော ချိမြသောဆွမ်းတို့ကိုရင်း ထားစေပြီးသောအခါ အလုံးစုံသောမြို့သူမြို့သားနှင့် ဇနပုဒ်၌နေကုန်သောသူတို့သည် အလိုရှိတိုင်း ဆံမုတ်ဆိတ်ကိုရိတ်ခြင်း,ရေချိုးခြင်း,စားသောက်ခြင်း,အဝတ်တန်ဆာစသည်တို့ဖြင့် တန်ဆာဆင်ခြင်းတို့ကိုပြုပြီးလျှင် မဟာစေတီနေရာသို့လာကြကုန်လော့ဟု အမှုကိုအားထုတ်သော အမတ်တို့ကို ပြောကြားစေ၏။

မိမိသည်လည်း အလုံးစုံသော တန်ဆာတို့ဖြင့် တင့်တယ်သော ယောက်ျားလေးသောင်းတို့နှင့်အတူ စောင့်အပ်သော ဥပုသ်ရှိသည်ဖြစ်၍ ကောင်းစွာတန်ဆာဆင်အပ်ကုန်သော များစွာသောအမတ်တို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ တန်ဆာဆင်အပ်ကုန်သော နတ်သမီးနှင့်တူကုန်သော နန်းတွင်းသူတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ နတ်အပေါင်းတို့ဖြင့်ခြံရံအပ်သော သိကြားမင်းကဲ့သို့ မိမိ၏တင့်တယ်ပြည့်စုံခြင်းဖြင့် လူအပေါင်းကိုနှစ်သက်စေလျက် များစွာသောတူရိယာတို့ကို တီးမှုတ်အပ်ကုန်သည်ဖြစ်၍ ညနေချမ်းအချိန်၌ မဟာစေတီနေရာသို့ ရောက်တော်မူ၏၊ မဟာစေတီ၏ နေရာမင်္ဂလာအကျိုးငှါ တထောင့်ရှစ်ထုပ်သော အဝတ်ထုပ်ကိုထားစေ၏၊နံဘေးလေးဘက်တို့၌ အဝတ်ပုံကိုထားစေ၏၊ ဆီ,ပျား, သကာ, တင်လဲစသည်တို့ကိုလည်း ထားစေ၏၊ ထိုအခါ အထူးထူးသောအရပ်မှ များစွာသောရဟန်းတို့သည် ကြွလာကုန်၏။

### ၅၉။ သံဃာတော်များကြွလာတော်မူခြင်း

၁။ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူသော အရှင်ဣန္ဒဂုတ္တထေရ်သည် ထက်ဝန်းကျင်၌ သီတင်းသုံးတော်မူကုန်သော ရဟန်းရှစ်သောင်းတို့ကိုပင့်ပြီးလျှင် ကောင်းကင်ဖြင့်ကြွတော်မူ၏။

၂။ ထို့အတူ ဗာရာဏသီပြည် ဣသိပတနကျောင်းတော်မှ အရှင်ဓမ္မသေနမထေရ်သည် တသောင်းနှစ်ထောင်သောရဟန်းတို့ကိုရင်း,

၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ အရှင်ပိယဒဿီမထေရ်သည် ခြောက်သောင်းသောရဟန်းတို့ကိုရင်း,

၄။ ဝေသာလီပြည် မဟာဝုန်ကျောင်းတော်မှ အရှင်မဟာဗုဒ္ဓရက္ခိတမထေရ်သည် တသောင်းရှစ်ထောင်သော ရဟန်းတို့ကိုရင်း,

၅။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်မှ အရှင်ဓမ္မရက္ခိတမထေရ်သည် သုံးသောင်းသောရဟန်းတို့ကိုရင်း,

၆။ ဥဇ္ဇေနီပြည် ဒက္ခိဏာဂီရိကျောင်းတော်မှ အရှင်သံဃရက္ခိတမထေရ်သည် လေးသောင်းသောရဟန်းတို့ကိုရင်း,

၇။ ပါဋလိပုတ်ပြည် အသောကာရာမကျောင်းတော်မှ အရှင်မိတ္တိန္နမထေရ်သည် ရဟန်းတသိန်း ခြောက်သောင်းတို့ကိုရင်း,

၈။ ဂန္ဓာရတိုင်းမှ အရှင်အနုတ္တိန္နမထေရ်သည် ရဟန်းနှစ်သိန်းရှစ်သောင်းတို့ကိုရင်း,

၉။ မဟာမလ္လဝဘောဂအရပ်မှ အရှင်မဟာရေဝ မထေရ်သည် ရဟန်းလေးသောင်းတို့ကိုရင်း,

၁၀။ ယောနကတိုင်း အလသန္ဒမြို့ အရှင်ယောနကဓမ္မရက္ခိတမထေရ်သည် သုံးသောင်းသောရဟန်းတို့ကိုရင်း,

၁၁။ ဝဥ္ဈာဋဝိတောအုပ် ဝဋ္ဋနီယကျောင်းမှ အရှင်ဥတ္တရမထေရ်သည် ရှစ်သောင်းသော ရဟန်းတို့ကိုရင်း,

၁၂။ မဟာဗောဓိမဏ္ဍိုင်ကျောင်းတော်မှ အရှင်စိတ္တဂုတ္တမထေရ်သည် သုံးသောင်းသော ရဟန်းတို့ကိုရင်း,

၁၃။ ဝနဝါသီအရပ်၌ သီတင်းသုံးတော်မူသော အရှင်စန္ဒဂုတ္တမထေရ်သည် ရှစ်သောင်းသော ရဟန်းတို့ကိုရင်း,

၁၄။ ကေလာသမည်သောကျောင်းတော်ကြီးမှ အရှင်သူရိယဂုတ္တမထေရ်သည် ကိုးသောင်းခြောက်ထောင်သော ရဟန်းတို့ကိုရင်း ပင့်တော်မူပြီးလျှင် ကောင်းကင်ဖြင့်ကြွလာတော်မူ၏။

သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူသော ကြွလာတော်မူကုန်သော ရဟန်းတို့၏ အရေအတွက်ကို ရှေးဆရာကြီးတို့သည် မိန့်တော်

မပူရချေ၊ အစည်းအဝေး၌ကြွလာကုန်သော ရဟန်းတို့တွင် ရဟန္တာတို့သည် *ကိုးဆယ့်ခြောက်ကုဋေရှိကုန်၏။

ထိုအခါ သံဃာတော်သည် ထက်ဝန်းကျင်ကာအပ်သော သန္တာဒီပ္ပတ်တိုင်ကဲ့သို့ အလယ်၌မင်းကြီး၏နေရာကိုထားပြီးလျှင် အချင်းချင်း မထိခိုက်မူ၍ တည်နေတော်မူ၏၊ အရှေ့ဘက်မျက်နှာ၌ အရှင်ဗုဒ္ဓရက္ခိတ အမည်ရှိသော ရဟန္တာမထေရ်သည် မိမိနှင့်အမည်တူကုန်သောရဟန္တာတို့ကိုပင့်ပြီးလျှင် တည်နေတော်မူ၏၊ ထို့အတူ တောင်မျက်နှာ, မြောက်မျက်နှာ, အနောက်မျက်နှာတို့၌ အရှင်ဓမ္မရက္ခိတ, အရှင်သံဃရက္ခိတ, အရှင်အာနန္ဒာ အမည်ရှိကုန်သော ရဟန္တာတို့သည် မိမိနှင့်အမည်တူကုန်သော ရဟန္တာငါးရာတို့ကို ပင့်ပြီးလျှင် တည်နေကြကုန်၏၊ ရဟန္တာဖြစ်တော်မူသော အရှင်ပိယဒဿီထေရ်သည် များစွာသောရဟန်းသံဃာကိုပင့်ပြီးလျှင် အရှေ့မြောက်ထောင့်အရပ်၌တည်နေတော်မူ၏၊ မင်းကြီးသည် သံဃာ့အလယ်သို့ ဝင်တော်မူသော အခါ၌သာလျှင် "ငါတည်အပ်သော စေတီ၏ အမှုသည် အန္တရာယ်မရှိသဖြင့် ပြီးဆုံးခြင်းသို့ အကယ်၍ ရောက်သည်ဖြစ်အံ့၊ အရှေ့မျက်နှာ,တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ၌ ဗုဒ္ဓရက္ခိတထေရ်,ဓမ္မရက္ခိတထေရ်,သံဃရက္ခိတထေရ်,အာနန္ဒာထေရ်တို့သည် မိမိနှင့်အမည်တူကုန်သော ငါးရာသော ရဟန်းတို့ကိုပင့်ပြီးလျှင် တည်နေစေကုန်သတည်း၊ အရှင်ပိယဒဿီထေရ်သည် အရှေ့မြောက်ထောင့်၌ များစွာသော ရဟန်းသံဃာကိုပင့်ပြီးလျှင် တည်စေသတည်း"ဟု ကြံစည်တော်မူ၏။

မထေရ်တို့သည်လည်း မင်းကြီး၏အလိုတော်ကိုသိ၍ ထိုအလိုတော်၏အတိုင်း တည်နေကြသည်ဟု ဆိုကြကုန်၏၊ အရှင်သိဒ္ဓတ္ထထေရ်သည်ကား မင်္ဂလထေရ်, သုမနထေရ်, ပဒုမထေရ်, သီဝလိထေရ်, စန္ဒဂုတ္တထေရ်, သူရိယဂုတ္တထေရ်, ဣန္ဒဂုတ္တထေရ်, သာဂရထေရ်, မိတ္တသေနထေရ်, ဇယသေနထေရ်, အစလထေရ်၊ ဤတဆယ့်တပါးကုန်သော မထေရ်တို့ဖြင့် ခြံရံတော်မူလျက် ရေပြည့်အိုးတို့ကို ရှေ့၌ထားပြီးလျှင်

[*ကိုးဆယ့်ကိုးကုဋေ—ရှင်္ဂထုပဝင်။]

အရှေ့အရပ်သို့ရှေ့ရှုလျက် တည်နေတော်မူ၏၊ ထိုအခါ မင်းကြီးသည် ထိုထိုသို့သော အခြင်းအရာအားဖြင့် တည်နေတော်မူသော ရဟန်းသံဃာကိုမြင်လေသော် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နံ့သာ, ပန်းစသည်တို့ဖြင့် ပူဇော်ပြီးလျှင် လက်ျာရစ်လှည့်၍ လေးပါးသောနေရာတို့၌ ရှိခိုးပြီးသောအခါ ရေပြည့်အိုးရှိရာသို့ ဝင်တော်မူပြီးလျှင် အလယ်၌စိုက်ထားအပ်သော ရွှေပန္နက်တိုင်ဇုတ်၌ စွတ်၍ထားအပ်သော ငွေဖြင့်ပြီးသော လှည့်လည်လျက်ရေးခြစ် မှတ်သားသော တုတ်တံရှည်ကို မိဘနှစ်ပါးထင်ရှားရှိသော မိဘနှစ်ပါးမှ ကောင်းစွာဖွားသော တင့်တယ်စွာ တန်ဆာဆင်အပ်သော မြတ်သောမင်္ဂလာဟု သမုတ်အပ်သောအမတ်၏သားကိုကိုင်ယူစေလျက် ကြီးစွာသောစေတီတော်၏ အလုံးအဝန်းကိုလှည့်လည်၍ ရေးခြစ်မှတ်သားရန် အားထုတ်လေ၏။

ထိုသို့အားထုတ်သော မင်းကြီးကို အရှင်သိဒ္ဓတ္ထထေရ်သည် တားမြစ်လေ၏၊ အရှင်သိဒ္ဓတ္ထထေရ်အား မင်းကြီးသည် ကြီးစွာသော စေတီကိုတည်ခဲ့သော် စေတီမပြီးမီ နတ်ရွာစံလတ္တံ့၊နောင်အခါ၌ စောင့်ရှောက်ရန် ခဲယဉ်းသည်လည်းဖြစ်လတ္တံ့၊ ဤသို့သော အကြံအစည်တော်ဖြစ်ခြင်းကြောင့် တားမြစ်တော်မူ၏၊ ထိုသို့တားမြစ်တော်မူသောခဏ၌ ရဟန်းသံဃာတော်သည်"မြတ်သောမင်းကြီး....အရှင်သိဒ္ဓတ္ထထေရ်သည် ပညာနှင့်ပြည့်စုံတော်မူ၏၊ မထေရ်၏ စကားတော်ကိုလိုက်နာပြုလုပ်ရန်သင့်၏"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ရဟန်းသံဃာတော်၏ အလိုတော်ကိုသိ၍ အရှင်သိဒ္ဓတ္ထထေရ်သည် ပြုတော်မူ၏ဟု အောက်မေ့တော်မူလျက်"အဘယ်မျှလောက်သော ပမာဏကိုပြုရပါမည်နည်း"ဟု လျှောက်လေ၏၊ အရှင်သိဒ္ဓတ္ထထေရ်သည်"ငါ၏သွားရာဖြစ်သော နောက်တော်မှလိုက်လျက် စေတီတော်၏ အလုံးအဝန်းပမာဏကို ရေးခြစ်မှတ်သားလေလော့"ဟု မိန့်တော်မူပြီးလျှင် ညွှန်ပြတော်မူလျက် လှည့်လည်၍ကြွတော်မူ၏၊ မင်းကြီးသည် မထေရ်မိန့်တော်မူသည့်အတိုင်း စေတီတော်၏ အလုံးအဝန်းပမာဏကို ရေးခြစ်မှတ်သားပြီးလျှင် မထေရ်သို့ဆည်းကပ်၍ ဘွဲ့တော်ကို မေးလျှောက်လျက် ပန်း,နံ့သာ စသည်တို့ဖြင့်ပူဇော်ရှိခိုးပြီး၍ငင်း, ခြံရံလျက် တည်နေကုန်သော တဆယ့်တပါးသော မထေရ်တို့သို့ ဆည်းကပ်လျက်

ပူဇော်ရှိခိုးပြီးလျှင် ထိုမထေရ်တို့၏ ဘွဲ့တော်တို့ကို မေးလျှောက်ပြီး၍ ၎င်း လှည့်လည်လျက် ရေးခြစ်မှတ်သားသော တုတ်တံရှည်ကို စွဲကိုင်သောအမတ်သား၏အမည်ကိုမေးလေ၏။

"မင်းကြီး..အကျွန်ုပ်၏အမည်သည် သုပတိဋ္ဌိတမြဟ္မာမည်ပါ၏" ဟုလျှောက်လေ၏၊ "သင်၏အဘသည် အဘယ် အမည်ရှိပါသနည်း" ဟုမေးလေလျှင်* "နန္ဒထေရမည်ပါ၏"ဟု လျှောက်သောအခါ အမိ၏ အမည်ကိုမေးလေ၏၊ "သုမနဒေဝီမည်ပါ၏"ဟုလျှောက်လေလျှင် အလုံးစုံသောသူတို့၏ အမည်တို့သည် မြတ်သောမင်္ဂလာရှိ၏ဟု သမုတ်အပ်သောကြောင့် ငါတည်လတ္တံ့သောစေတီတော်သည် အမှန်အားဖြင့် ပြီးဆုံးခြင်းသို့ရောက်လိမ့်မည်ဟု ဝမ်းမြောက်တော်မူ၏၊ထို့နောက် မင်းကြီးသည် အလယ်၌ရှစ်လုံးသော ရွှေအိုး,ငွေအိုးတို့ကို ထားစေပြီးလျှင် ထိုအိုးတို့ကိုရံ၍ တထောင့်ရှစ်လုံးကုန်သော ရေပြည့်အိုးတို့ကို ထားစေ၏၊ ထို့နောက် ရှစ်ချပ်ကုန်သော် ရွှေအုတ်တို့ကို ထားစေ၏၊ ထိုအုတ်တို့တွင် တချပ်တချပ်သောအုပ်ကိုရံ၍ တရာ့ရှစ်ချပ်ကုန်သော ငွေအုပ်တို့နှင့် တရာ့ရှစ်ခုကုန်သော အဝတ်အထည်တို့ကိုထားစေ၏။

ထို့နောက် သုပတိဋ္ဌိတမြဟ္မာမည်သောအမတ်၏သားကို ရွှေအုတ်တချပ်ကိုယူစေပြီး၍ ထိုအမတ်သားနှင့်အမည်တူကုန်သော မိဘထင်ရှားရှိကုန်သော အမတ်သားခုနစ်ယောက်တို့ကို ကြွင်းသောရွှေအုတ်ခုနစ်ချပ်တို့ကိုယူစေ၏၊ ထိုခဏ၌ မိတ္တသေနထေရ်သည် အရှေ့မျက်နှာ၌လှည့်လည်၍ မှတ်သားသော အရေးအကြောင်းရှိသော မြေပေါ်၌ နံ့သာစိုင်ကိုထားလေ၏၊ ဇယသေနထေရ်သည် ရေကိုလောင်းတော်မူလျက် ဆုပ်နယ်ပြီးလျှင် အညီအမျှပြုတော်မူ၏၊ သုပတိဋ္ဌိတမြဟ္မာမည်သောအမတ်၏သားသည် ကောင်းသောနက္ခတ်ဖြင့် အထူးထူးအပြားပြားမြတ်သော မင်္ဂလာဟုသမုတ်အပ်သောနေရာ၌ ရှေးဦးစွာမင်္ဂလာအုတ်ကို ချထားလေ၏၊ သုမနထေရ်သည် မလေးပန်းတို့ဖြင့် ပူဇော်တော်မူ၏၊ ထိုခဏ၌ ရေအဆုံးရှိသည်ကိုပြု၍ မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏၊ ဤနည်းဖြင့်သာလျှင် ကြွင်းသော အုတ်ခုနစ်ချပ်တို့ကိုလည်း ချထားစေကုန်၏။

---

[*နန္ဒိသေန်-ရှုဋ္ဌထုပဝင်။]

ထိုနောက် မင်းကြီးသည် ငွေအုတ်တို့ကို ချထားစေပြီးလျှင် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်၍ မင်္ဂလာအစီအရင်ကိုပြီးဆုံးစေသော် ဤနေရာ၌ ငါ၏ပြုဘွယ်ကိစ္စသည် ပြီးဆုံးပြီဟုမိန့်တော်မူလျက် ရွှေပအုပ်ဖြင့် (ရွှေတောင်းဖြင့်) ပန်းတို့ကိုယူစေပြီးလျှင် အရှေ့မျက်နှာ၌ ရဟန်းသံဃာ၏ဦး၌ နေတော်မူသော မဟာဗုဒ္ဓရက္ခိတထေရ်သို့ ဆည်းကပ်ပြီးလျှင် ပန်း,နံ့သာစသည်တို့ဖြင့် ပူဇော်ရှိခိုးလျက် မထေရ်အား ခြီရံ၍တည်ကုန်သော ရဟန်းတော်တို့၏အမည်တို့ကို မေးလျှောက်ပြီး၍ရှင်း,ထို့နောက် တောင်မျက်နှာ၌ တည်တော်မူသော မဟာဓမ္မရက္ခိတထေရ်ကိုရှင်း, အနောက်မျက်နှာ၌တည်နေတော်မူသော မဟာသံဃရက္ခိတထေရ်ကိုရှင်း, မြောက်မျက်နှာ၌ တည်နေတော်မူသော အာနန္ဒာထေရ်ကိုရှင်း,ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ရှိခိုးခြင်းဘွဲ့တော်ကိုမေးလျှောက်ခြင်းကို ပြုပြီး၍ရှင်း အရှေ့မြောက်ထောင့်သို့ သွားပြီးလျှင် ထိုအရှေ့မြောက်ထောင့်၌ တည်နေတော်မူသော အရှင်ဂိယဒဿီထေရ်ကို ရှိခိုးပူဇော်ပြီးလျှင် ဘွဲ့တော်ကိုမေးလျှောက်လျက် ထိုမထေရ်၏အတံ၌ တည်နေလေ၏။

မထေရ်သည် မင်္ဂလာကိုပွားစေလျက် မင်းကြီးအား တရားဟောတော်မူ၏၊ မင်္ဂလာတရားတော်၏အဆုံး၌ ရောက်လာသောပရိသတ်တို့တွင် လေးသောင်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ လေးသောင်းတို့သည် သောတာပတ္တိဖိုလ်၌,တထောင်တထောင်စီသည် သကဒါဂါမိဖိုလ်,အနာဂါမိဖိုလ်၌ တည်ကုန်၏၊ ရဟန်းတို့တွင် တသောင်းရှစ်ထောင်သောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ရောက်ကုန်၏၊ဘိက္ခုနီမတို့တွင် ဟသောင်းလေးထောင်သော ဘိက္ခုနီမတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဟူပါရွှေ့ကထာပြီး၏။

## ၁၄။ ဓာတုဂဗ္ဘဂန္ထကထာ

### ၆၀။ အုတ်လုပ်ခြင်းနှင့်စေတီပုံစံဆွဲခြင်း

ထိုနောက် မင်းကြီးသည် ရဟန်းသံဃာကိုရှိခိုးပြီးလျှင် "မဟာစေတီတည်ပြီးသည်တိုင်အောင် ရဟန်းသံဃာတော်သည် အကျွန်ုပ်၏ဆွမ်းကို အလှူခံတော်မူပါလော့" ဟု လျှောက်၏၊ ရဟန်းတို့သည်

သည်းမခံကြကုန်၊ အစဉ်အားဖြင့် လျှောက်ကြားသောအခါ ထက်ဝက်သောရဟန်းတို့၏ ခုနစ်ရက်သည်းခံခြင်းကိုရ၍ စေတီနေရာ၏ထက်ဝန်းကျင်ဖြစ်သော တဆယ့်ရှစ်ခုသောနေရာတို့၌ မဏ္ဍပ်တို့ကိုဆောက်လုပ်စေပြီးလျှင် ရဟန်းသံဃာတို့ကိုနေစေ၍ ခုနစ်ရက်ပတ်လုံးအလှူကြီးကိုပေးလှူပြီးလျှင် အလုံးစုံသော ဆီ,ပျား, တင်လဲအစရှိသောဆေးတို့ကိုရဟန်းသံဃာအား ပေးလှူတော်မူ၏၊ ထိုနောက် မြို့၌စည်လည်စေပြီးလျှင် အလုံးစုံသောအုတ်လုပ်သမားတို့ကိုစည်းဝေးစေ၏၊ ထိုအုတ်လုပ်သမားတို့သည် ငါးရာအတိုင်းအရှည်ရှိကုန်၏၊ ထိုငါးရာသောအုတ်လုပ်သမားတို့တွင် တယောက်သောဆရာသည် "ငါသည်မင်းကြီး၏စိတ်ကိုနှစ်သက်စေ၍ မဟာစေတီကိုတည်ခြင်းငှါ စွမ်းနိုင်၏" ဟု မင်းကြီးကိုလျှောက်လေ၏။

မင်းကြီးသည် "အဘယ်ကဲ့သို့ပြုလုပ်မည်နည်း" ဟု မေး၏၊ "အရှင်မင်းကြီး....စေခိုင်းအပ်သောတပည့်တရာကိုခေါ်ပြီးလျှင် တနေ့လျှင် မြေမှုန့် လှည်းတစီးတိုက်ကို ကုန်စေ၍ အမှုကို ပြုလုပ်ပါအံ့" ဟု လျှောက်၏၊ မင်းကြီးသည် "ဤသို့ပြုလုပ်သည်ရှိသော် မြေပုံသည်တောင်ပို့ကဲ့သို့ မြက်သစ်ပင်တို့သည် ပေါက်ကုန်လတ္တံ့၊ ကာလကြာမြင့်စွာတည်ခြင်းမရှိ" ဟု တားမြစ်တော်မူ၏၊ ဆရာတယောက်သည် "ယောကျ်ားတရာကိုခေါ်ပြီးလျှင် တရက်လျှင် မြေမှုန့်တကမ္ဘကို ကုန်စေ၍ အမှုပြုပါအံ့" ဟု လျှောက်၏၊ ဆရာတယောက်သည် "မြေမှုန့်တအမ္ဗဏကိုကုန်စေ၍ အမှုပြုလုပ်ပါအံ့" ဟု လျှောက်၏၊ ဆရာတယောက်သည် "နှစ်အမ္ဗဏတို့ကိုကုန်စေ၍ပြုပါအံ့" ဟု လျှောက်၏၊ မင်းကြီးသည် ထိုဆရာတို့ကိုလည်း ပယ်တော်မူလေ၏၊ ထိုအခါ ပညာနှင့်ပြည့်စုံသော အုတ်လုပ်သော ဆရာတယောက်သည် "အရှင်မင်းကြီး....ကျွန်ုပ်သည် ဆုံ၌ထောင်းပြီးလျှင် ဇကာတို့ဖြင့်ပိုင်းချ၍ ကျောက်တို့ဖြင့် ကြိတ်လျက် မြေမှုန့်တအမ္ဗဏကို တရက်ထည်းဖြင့် သာလျှင် ကုန်စေ၍ ခိုင်းစေအပ်သော တပည့်တရာကို ခေါ်၍ ပြုလုပ်ပါအံ့" ဟု လျှောက်၏။

မင်းကြီးသည် "ဤကဲ့သို့ပြုသည်ရှိသော် မဟာစေတီ၌ မြက်စသည်တို့သည် မပေါက်ကုန်လတ္တံ့၊ ကြာမြင့်စွာလည်း တည်လတ္တံ့" ဟု ဝန်ခံ

ပြီးလျှင် တဖန် "အဘယ်ပုံသဏ္ဌာန်ရှိသော စေတီကိုတည်မည်နည်း" ဟု မေးတော်မူ၏၊ ထိုမေးသောခဏ၌ ဝိသုကြံနတ်သားသည် ပန်းရံဆရာ၏ကိုယ်၌ ပူးဝင်ပြီးလျှင် ရွှေခွက်ကိုရေဖြင့်ပြည့်စေ၍ လက်ဖြင့်ရေအပြင်ကိုပုတ်ခတ်လေ၏၊ ဖလ်လုံးနှင့်တူသောရေခွက်သည် ပေါ်လာ၏၊ "မင်းကြီး.... ဤပုံသဏ္ဌာန်ရှိသောစေတီကို တည်ပါအံ့" ဟု လျှောက်၏၊ မင်းကြီးသည် ကောင်း၏ဟုဝန်ခံပြီးလျှင် ပန်းရံဆရာအား အဘိုးတထောင်ထိုက်သော အဝတ်တစုံ,အဘိုးတထောင်ထိုက်သော ပုဏ္ဏကမည်သော ရွှေတန်ဆာ, အဘိုးတထောင်ထိုက်သော ခြေနင်း, အသပြာတသောင်းနှစ်ထောင်တို့ကို ပေးပြီးလျှင် လျှောက်ပတ်သော နေရာ၌ အိမ်နှင့်လယ်ကို ပေးစေ၏။

ထိုနောက် မင်းကြီးသည်လူတို့ကိုမနှိပ်စက်မူ၍"အုတ်တို့ကိုအဘယ်ကဲ့သို့ဆောင်ယူရမည်နည်း" ဟု ညဉ့်အချိန်၌ကြံစည်တော်မူ၏၊ နတ်တို့သည် မင်းကြီး၏အကြံတော်ကိုသိ၍ စေတီ၏လေးခုသောတံခါးတို့၌ တနေ့စီလောက်ရုံမျှကိုပြု၍ ထိုညဉ့်၌အုတ်တို့ကို ဆောင်ယူကြကုန်၏၊ မိုးလင်းလတ်သော် လူတို့သည်မြင်၍ မင်းကြီးအားလျှောက်ကြားသောအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူ၍ ပန်းရံဆရာကို စေတီတည်စေ၏၊ နတ်တို့သည် ဤနည်းဖြင့်သာလျှင် မဟာစေတီပြီးဆုံးသည်တိုင်အောင် တနေ့လောက်ရုံမျှဖြစ်သောအုတ်တို့ကို ဆောင်ယူကြကုန်၏၊ တနေ့ပတ်လုံး အမှုလုပ်သောနေရာ၌ မြေညက်နှင့်အုတ်မှုန့်သည်မရှိချေ၊ညဉ့်အချိန်၌ နတ်တို့သည် ကွယ်ပျောက်စေ၏။

ထို့နောက် မင်းကြီးသည် မဟာစေတီ၌ အမှုပြုလုပ်ကြသော ပရိသတ်လေးပါး၏ ပြုလုပ်ခအကျိုးငှါ လေးခုသောတံခါးတို့တွင် တခုတခုသောတံခါး၌ တသောင်းခြောက်ထောင်သောအသပြာ, အဝတ်တန်ဆာ,နို့သာ,ပန်း,ပျားရည်,တင်လဲ, သကာ စပ်သောဆေးတို့ကိုငှင်း၊ အထူးထူးသော ဟင်းလျာတို့နှင့်ယှဉ်သော ထမင်းကိုငှင်း၊ ယာဂုခဲဘွယ် အစရှိသည်တို့ကိုငှင်း, အပ်သော အဖျော်ရှစ်ပါးတို့ကိုငှင်း, ငါးပါးသောခံတွင်း၌ ထုံအပ်သော ဆေးနှင့်တကွဖြစ်ကုန်သော ကွမ်းတို့ကိုငှင်း ထားစေပြီးလျှင် "မဟာစေတီ၌ အမှုလုပ်ကြသော

လူ့ရှင့်ရဟန်းတို့သည် အလိုရှိတိုင်းယူကြကုန်လော့၊ပြုလုပ်ခကိုမယူမူ၍ အမှုပြုလုပ်ရန်အခွင့်ကို မပေးကြကုန်လင့်” ဟု စေခိုင်းတော်မူ၏။

၆၁။ မြေညက်စိုင်လှူသောရဟန်းတပါး

ထိုအခါ ရဟန်းတပါးသည် စေတီတည်ရာ၌ အဖေါ်၏အဖြစ်ကို အလိုရှိသောကြောင့် တည်သောမြေညက်နှင့် တူမျှသော ပမာဏရှိအောင် မြေညက်စိုင်ကို မိမိကိုယ်တိုင်ပြု၍ လက်တဘက်ဖြင့် ယူလျက်လက်တဘက်ဖြင့် ပန်းကိုကိုင်ပြီးလျှင် မဟာစေတီ ယင်ပြင်ပေါ်သို့ တက်၍ မင်းမှုထမ်းတို့ကို လှည့်ပတ်ပြီးလျှင် ပန်းရံဆရာအားပေးလေ၏၊ ပန်းရံဆရာသည် ယူသောအခါ ပကတိမြေညက်မဟုတ်သည်ကို သိ၍ မထေရ်၏မျက်နှာတော်ကို ကြည့်လေ၏၊ ထိုရဟန်းတော်၏အမှုအရာကိုသိ၍ စေတီနေရာ၌ အုတ်အုတ်ကျက်ကျက်သည် ဖြစ်လေ၏၊ အစဉ်အားဖြင့် မင်းကြီးသည် ကြားသိသောအခါ လာပြီးလျှင် “သင့်အား ရဟန်းတပါးသည် အဘိုးအခမရှိသော မြေညက်စိုင်ကို ပေးသလော”ဟု ပန်းရံဆရာအားမေးလေ၏၊ ပန်းရံဆရာသည် မျှားသောအားဖြင့် အရှင်တို့သည် လက်တဘက်ဖြင့်ပန်းကို့ လက်တဘက်ဖြင့် မြေညက်စိုင်ကို ဆောင်ယူ၍ပေးကြသောကြောင့် ကျွန်ုပ်သည် မသိသည်ဖြစ်၍ စီမံ၏၊ ဤရဟန်းသည် အာဂန္တုကသာဖြစ်၏၊ အာဝါသိကမဟုတ်ဟု ဤမျှလောက်ကိုသိပါ၏၊ ထိုမထေရ်ကို တံခါးမှူးအားပြလေလော့ဟု တံခါးမှူးကြီးတယောက်ကို လက်သမား၏ထံ၌ ထားစေ၏။

ပန်းရံဆရာသည် တဘန်ကြွလာသောအခါ ထိုမထေရ်ကိုတံခါးမှူးအား ပြလေ၏၊ တံခါးမှူးသည် မထေရ်ကိုသိ၍ မင်းကြီးအားလျှောက်လေ၏၊ မင်းကြီးသည် တံခါးမှူးအား “သင်သည် မလေးပန်းအိုးသုံးလုံးတို့ကို *ဗောဓိယင်ပြင်၌စုပုံ၍ နံ့သာကိုထားပြီးလျှင် မဟာဗောဓိယင်ပြင်သို့သွားသောအခါ အာဂန္တုကမထေရ်၏ပူဇော်ရန် မင်းကြီးသည် ထားတော်မူအပ်သော နံ့သာ့ပန်းပါဟု လျှောက်ကြား၍ လှူလေလော့”ဟု အမှတ်သညာကို ပေးတော်မူ၏၊ တံခါးမှူးသည် မင်း

[*မဟာစေတီယင်ပြင်ဟု-စူဠဋီကာပဝင်၌ဆိုသည်။]

ကြီးမိန့်တော်မူသော နည်းဖြင့်သာလျှင် မထေရ်အား ဗောဓိယင်ပြင်သို့ကြွတော်မူသောအခါ၌ ထိုနို့သာ,ပန်းကို ပေးလှူလေ၏၊ မထေရ်သည်လည်း ဝမ်းမြောက်တော်မူသည်ဖြစ်၍ ကျောက်အခင်း၌ ရေဆေးပြီးလျှင် နို့သာကိုဖြန့်လျက် နို့သာနှင့်တကွသော ပန်းတို့ကိုဖြန့်ခင်းလျက် ပန်းပူဇော်ပြီးလျှင် လေးပါးသော နေရာတို့၌ရှိခိုး၍ အရှေ့တံခါး၌ လက်အုပ်ချီပြီးလျှင် ပီတိကိုဖြစ်စေ၍ ပူဇော်သောပန်းကိုကြည့်ရှုလျက် ရပ်တော်မူ၏။

ထိုအခါတံခါးမှူးသည် မထေရ်သို့ ဆည်းကပ်ပြီးလျှင် ရှိခိုးလျက် ဤသို့လျှောက်လေ၏၊ "အရှင်ဘုရားတို့၏ စေတီ၏အမှု၌ အဘော်ဖြစ်ခြင်းငှါ လှူတော်မူသော အဘိုးအခမရှိသော မြေညက်စိုင်၏ အဘိုးတည်း၊ စိတ်ကိုကြည်ညိုတော်မူပါကုန်"ဟုလျှောက်ထား၍သွားလေ၏။

၆၂။ အုတ်တချပ်လှူသောရဟန်း၏ဝတ္ထု၊

ထိုအခါ *ကောဋိဝါလဇနပုဒ်၌ ပိယင်္ဂုလကျောင်း၌ သီတင်းသုံးတော်မူသော မထေရ်တပါးသည် ပန်းရံဆရာနှင့် ဆွေမျိုးတော်၏၊ ထိုမထေရ်သည် ကြွလာပြီးလျှင် ပန်းရံဆရာနှင့်တိုင်ပင်၍ အရှည်,အထု, အနံအားဖြင့် အုတ်၏ပမာဏကိုသိ၍ ကြွသွားပြီးလျှင် မိမိလက်ဖြင့်သာလျှင် ရှိသေစွာမြေညက်ကိုနယ်၍ အုတ်ဖုတ်ပြီးလျှင် သပိတ်အိတ်၌ထည့်လျက် နောက်မှသွား၍ လက်တဘက်ဖြင့် မင်းကြီး၏အုတ်ကို, လက်တဘက်ဖြင့် ပန်းကိုယူပြီးလျှင် မိမိ၏အုတ်နှင့် အတူပေးလေ၏၊ ပန်းရံဆရာသည် ယူပြီးလျှင်စီလေ၏၊ ထိုမထေရ်သည်လည်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ စေတီ၌ ကောင်းမှုကို ပြုလုပ်လျက် အုတ်လုပ်သောတဲ၏ပရိဝုဏ်၌ နေလေ၏၊ ထိုမထေရ်၏ထိုကောင်းမှုကံသည် ထင်ရှားစွာဖြစ်လေ၏။

မင်းကြီးသည် "တပါးသောအရှင်သည် အဘိုးအခ မရှိသောအုတ်ကိုလှူသလော"ဟု ပန်းရံဆရာကိုမေးလေ၏၊ "အရှင်မင်းမြတ်.... မှန်ပါ၏၊ အရှင်တပါးသည် လှူတော်မူသောအုတ်သည် အကျွန်ုပ်တို့၏အုတ်နှင့်တူသောကြောင့် စီထားမိပါ၏"ဟုလျှောက်လေ၏၊ တဖန်

[*ကောဋိဝါတ-ဧူဋ္ဌထုပဝင်။]

"ထိုအုတ်ကိုသိသလော"ဟု မင်းကြီးမေးသောအခါ "ဆွေမျိုးကိုချီး မြှောက်လိုသောစိတ်ဖြင့် မသိပါ"ဟု လျှောက်လေ၏၊ မင်းကြီးသည် "ထိုစီသောအုတ်ကိုမသိခဲ့သော် ထိုအရှင်ကို ဤတံခါးမှူးအားပြလော့" ဟု တံခါးမှူးကို ပန်းရံဆရာ၏ထံ၌ထားတော်မူ၏၊ ပန်းရံဆရာသည် လည်း ထိုမထေရ်ကို ရှေး၌ကဲ့သို့ တံခါးမှူးအားပြလေ၏။

တံခါးမှူးသည် ပရိဝုဏ်သို့သွားပြီးလျှင် မထေရ်၏ထံ၌ နေလျက် ပဋိသန္ထာရစကားကို ပြောဆိုခြင်းကိုပြု၍ "အရှင်ဘုရားတို့သည် အာ ဂန္တုကလေလော၊ အာဝါသိကလေလော"ဟု မေးလေ၏၊ "ဥပါသ ကာ....အာဂန္တုကတည်း"ဟု မိန့်တော်မူလေသော် "အဘယ်အရပ် ၌နေသနည်း" ဟု လျှောက်လေ၏၊ "ကောဋိဝါလဇနပုဒ် ပိယင်္ဂုလ ကျောင်း၌နေ၏"ဟု မိန့်တော်မူ၏၊ ဤပရိဝုဏ်၌သာလျှင် အမြဲနေ မည်လော၊ သို့မဟုတ် ကြွတော်မူဦးမည်လော" ဟု လျှောက်လေ၏၊ "ဤပရိဝုဏ်၌နေ၍ ဤအမည်ရှိသောနေ့၌ သွားအံ့"ဟုမိန့်တော်မူ၏၊ တံခါးမှူးသည်"ကျွန်ုပ်သည်လည်း အရှင်ဘုရားတို့နှင့်အတူ သွားအံ့၊ ကျွန်ုပ်၏ရွာသည် ထိုဇနပုဒ်တွင် ဤအမည်ရှိသောရွာဖြစ်ပါ၏" ဟု လျှောက်လေ၏၊ မထေရ်သည်"ကောင်းပြီ"ဟု ဝန်ခံလေ၏၊ တံခါးမှူး သည် ထိုအကြောင်းကို မင်းကြီးအား လျှောက်လေ၏၊ မင်းကြီးသည် တံခါးမှူးအား "အဘိုးတထောင်ထိုက်သော အဝတ်တစုံ, အဘိုးများစွာ ထိုက်သော ကမ္ဗလာဘိနပ်တရံ,နံ့သာနှင့်တကွ ဆံကျည်ထောက်, တပါးသော များစွာသော ရဟန်းတို့၏ ပရိက္ခရာကို မထေရ်အား လှူလေလော့"ဟုလှူစေ၏။

တံခါးမှူးသည်လည်း ပရိက္ခရာကို ယူပြီးလျှင် ပရိဝုဏ်သို့သွား၍ မထေရ်နှင့်အတူ ညဉ့်၌နေလျက် နံနက်စောစော အတူတကွထွက်ပြီး လျှင် အစဉ်အတိုင်းသွားလေသော် ပိယင်္ဂုလကျောင်းကို မြင်လောက် သောနေရာ၌ အေးသောအရိပ်၌ မထေရ်ကိုနေစေ၍ ခြေတို့ကိုဆေး ပြီးလျှင် နံ့သာဖြင့်လိမ်းကျံ၍ တင်လဲရည်ကိုတိုက်လျက် ဘိနပ်ချွတ်ပြီး လျှင် "အကျွန်ုပ်၏ ဤပရိက္ခရာကို အိမ်သို့ကြွရောက်သောမထေရ်၏ အကျိုးငှါ ယူခဲ့ပါ၏၊ ယခုအရှင်ဘုရားတို့အား လှူပါ၏၊ ဤပုဆိုးအစုံ

ကို ကျွန်ုပ်သား၏ မင်္ဂလာအကျိုးငှါ ယူခဲ့ပါ၏၊ အရှင်ဘုရားတို့သည် သက်နှံးချုပ်၍ ဝတ်ရုံတော်မူပါကုန်''ဟု လျှောက်ထားပြီးလျှင် မထေရ်၏ခြေရင်း၌ထားလေ၏၊ မထေရ်သည် ပုဆိုးအစုံကိုသပိတ်အိတ်၌ထည့်၍ ကြွင်းသောပရိက္ခရာကိုထုပ်လျက် ဘိနပ်ကိုစီးပြီးလျှင် တောင်ဝှေးကိုကိုင်၍ ကြွသွားတော်မူ၏၊ တံခါးမှူးသည် မထေရ်နှင့်အတူ အနည်းငယ်သွားပြီးလျှင် ''ရပ်တော်မူပါ၊ ဤလမ်းသည် အကျွန်ုပ်သွားရာလမ်းတည်း''ဟု လျှောက်၍ ရှေး၌ဆိုခဲ့သောနည်းဖြင့်သာလျှင် မင်းကြီး၏သတင်းစကားကို မထေရ်အားလျှောက်ကြားလေ၏။

မထေရ်သည် ထိုစကားကိုကြားတော်မူသောအခါ ''ကြီးစွာသော လုံ့လဖြင့် ပြုအပ်သောကောင်းမှုကံသည် မပြုသကဲ့သို့ဖြစ်ပြီ''ဟု စိတ်မချမ်းသာသည်ဖြစ်၍ မျက်ရည်ယိုစီးလျက် ''ဥပါသကာ.... သင်၏ ပရိက္ခရာကို သင်သည်သာလျှင်ယူလေလော့''ဟု ရပ်လျက်သာလျှင် အလုံးစုံသောပရိက္ခရာကိုစွန့်လေ၏၊ တံခါးမှူးသည် ''အရှင်ဘုရား.... အဘယ်စကားကိုမိန့်ဘိနည်း၊ ဤမင်းကြီးသည် အရှင်ဘုရားအား ဘဝဂ်တိုင်အောင် ပစ္စည်းလေးပါးတို့ဖြင့် တခုသောစကြဝဠာတိုက်ကို ပြည့်စေလျက်လှူသော်လည်း အရှင်ဘုရား၏အုတ်အား လျှောက်ပတ်သည်ကို ပြုခြင်းငှါမစွမ်းနိုင်၊ မဟာစေတီ၌ကောင်းမှုကို သူတပါးတို့အား မပေးမူ၍ ပြုအံ့ဟူသောအလိုဆန္ဒဖြင့်သာလျှင် ပြုစေ၏၊ အရှင်ဘုရားတို့သည် မိမိရသောပရိက္ခရာကိုယူပြီးလျှင် စိတ်ကြည်ညိုတော်မူပါကုန်'' ဟု လျှောက်ထားလျက် မထေရ်ကိုသိစေ၍သွားလေ၏။

### ၆၃။ နတ်သမီးနှစ်ဦး၏ဝတ္ထု

ဤမဟာစေတီ၌ အခဖြင့်ကောင်းမှုကံကိုပြုပြီးလျှင် စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ဖြစ်ကုန်သော သတ္တဝါတို့၏ပမာဏသည်မရှိပြီ၊ တဝတိံသာနတ်ပြည်၌ဖြစ်ကုန်သော နတ်သမီးတို့သည် မိမိ မိမိ၏စည်းစိမ်ကိုကြည့်ရှု၍ အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကိုရသနည်း''ဟုဆင်ခြင်လေသော် မဟာစေတီ၌ အခဖြင့် ကောင်းမှုကံကိုပြု၍ ရသည်၏အဖြစ်ကိုသိသောအခါ''အခဖြင့် အမှုကိုပြုသောသူအား ဤသို့သဘောရှိသော ကောင်းကျိုးချမ်းသာသည်ဖြစ်၏၊မိမိ၏ဥစ္စာဖြင့် ကံ၏အကျိုးကို

ယုံကြည်သည်ဖြစ်၍ ပြုသောသူအား ကံ၏အကျိုးသည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း”ဟု ကြံစည်လျက် နတ်၌ဖြစ်သော နံ့သာ,ပန်းတို့ကို ယူပြီးလျှင် ညဥ့်အချိန်၌လာ၍ ပူဇော်လျက် စေတီကို ရှိခိုးကြကုန်၏။

ထိုရှိခိုးသောခဏ၌ *ဘာတိကအရပ်၌ သီတင်းသုံးတော်မူသော မဟာသိဝထေရ်သည် စေတီတော်ကို ရှိခိုးခြင်းငှါ ကြွတော်မူသောအခါ ရှိခိုးကုန်သော ထိုနတ်သမီးတို့ကိုမြင်၍စရည်းပင်၏အနီး၌ ရပ်တော်မူလျက် ထိုနတ်သမီးတို့သည် အလိုရှိတိုင်းရှိခိုးပြီးလျှင် သွားသောအခါ “နတ်သမီးတို့.... သင်တို့သည် သင်တို့၏ကိုယ်ရောင်ဖြင့် အလုံးစုံသော တမ္ဗပဏ္ဏိကျွန်းသည် တခုသောအရောင်ရှိ၏၊ အဘယ်ကောင်းမှုကို ပြုကြကုန်သနည်း”ဟု မေးတော်မူ၏။“ကျွန်ုပ်တို့၏ဥစ္စာဖြင့် ပြုအပ်သော ကောင်းမှုကံသည်မရှိပါ၊ ဤစေတီတော်၌ စိတ်ကြည်ညို၍ အခဖြင့် ကောင်းမှုကံကိုပြုပါကုန်၏”ဟု လျှောက်ကြကုန်၏၊ ဤသို့လျှင်မြတ်စွာ ဘုရား၏သာသနာတော်၌ ကြည်ညိုသောစိတ်ဖြင့် အခဖြင့်ပြုအပ်သော ကောင်းမှုကံသည် အကျိုးကြီး၏ဟုသိအပ်၏၊ ထို့ကြောင့်—

စိတ္တပ္ပသာဒမတ္တေန၊ သုဂတေ ဘတိ ဥတ္တမာ။
လဒ္ဓာဘတိတိ ဝိဒိတွာန၊ ထူပံ ပူဇံ ကရေ ဗုဓော။ ။

ဟု မိန့်တော်မူ၏။

ဥတ္တမာ၊ မြတ်သော။ ဘတိ၊ အခသည်။ သုဂတေ၊ မြတ်စွာဘုရား၌။ စိတ္တပ္ပသာဒမတ္တေန၊ ကြည်ညိုသောစိတ်မျှဖြင့်။ မဟပ္ဖလံ၊ ကြီးစွာသော အကျိုးကို။ လဘတီတိ၊ ရ၏ဟု။ ဝိဒိတွာန၊သိ၍။ ဗုဓော၊ ပညာရှိသည်။ ထူပံ၊ စေတီတော်ကို။ ပူဇံ၊ ပူဇော်ခြင်းကို။ ကရေ၊ ပြုရာ၏။

ဤသို့လျှင် မင်းကြီးသည် စေတီတော်၏အမှုကို ပြုစေသောအခါ ပန်းတင်ခုံသုံးဆင့်ကို ပြီးဆုံးစေ၏၊ ထိုပန်းတင်ခုံသုံးဆင့်ကို ရဟန္တာ အရှင်တို့သည် မြေမြဲစေခြင်းငှါ မြေနှင့်ညီမျှအောင်ပြုလျက် အောက်သို့ သာနစ်မြုပ်စေကုန်၏၊ ဤသို့လျှင် ကိုးကြိမ်တိုင်အောင် စီအပ်သော အုတ်သည် အောက်သို့သာနစ်မြုပ်စေကုန်၏၊ မင်းကြီးသည် အကြောင်း ကိုမသိသည်ဖြစ်၍ မနှစ်သက်သော စိတ်တော်ဖြင့် ရဟန်းသံဃာကို

[* မဟာဂင်္ဂါအရပ်-စူဠထူပဝင်။]

စည်းဝေးစေ၏၊ ရဟန်းတော်ရှစ်သောင်းတို့သည် စည်းဝေးကြကုန်၏၊ မင်းကြီးသည် ရဟန်းသံဃာကို နို့သာ,ပန်းစသည်တို့ဖြင့် ရှိခိုးပူဇော်၍ "အရှင်ဘုရားတို့.... မဟာစေတီ၌ ကိုးကြိမ်တိုင်အောင် စီအပ်သော ပန်းတင်ခုံသုံးဆင့်သည် ကျွန်ုပ်, အသက်, ကောင်းမှုကံ ဤသုံးခု၏ဘေး ရန်ကိုမသိပါ"ဟု လျှောက်ထားလေ၏၊ "မြတ်သောမင်းကြီး....သင် မင်းကြီးတို့၏ငင်း, ကောင်းမှုကံ၏ငင်း, အသက်၏ငင်း အန္တရာယ်မရှိ၊ နောင်အခါ မြဲမြံခိုင်ခံ့စေခြင်းငှာ တန်ခိုးကြီးကုန်သောအရှင်တို့သည် အောက်သို့ နစ်မြုပ်စေကုန်၏၊ ဤနေ့မှစ၍ အောက်သို့မနစ်မြုပ်စေ လတ္တံ့၊ သင်မင်းကြီးသည် တပါးကိုမကြံစည်မူ၍ မဟာစေတီ၌ အမှု ကိုပြီးအောင် အားထုတ်လော့"ဟုမိန့်တော်မူ၏။

ထိုစကားကိုကြားသောအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူ သည်ဖြစ်၍ မဟာစေတီ၌ အမှုကိုပြုလုပ်စေ၏၊ ပန်းတင်ခုံဆယ်ဆင့်တို့ ဖြင့် အုတ်*တကုဋေကုန်၏၊ တဖန် ပန်းတင်ခုံသုံးဆင့်ပြီးဆုံးလေသော် များစွာသောရဟန်းသံဃာတော်သည် ရဟန္တာဖြစ်တော်မူကုန်သော ဥတ္တရသာမဏေ, သုမနသာမဏေ နှစ်ပါးတို့ကို "သင်တို့သည် လေး ထောင့်ညီမျှသော လက်ရှစ်သစ်ထုသော တခုတခုသော နံဘေး၌ အတောင်ရှစ်ဆယ်ရှိသော မေဒဝဏ္ဏကျောက်ခြောက်ချပ်တို့ကို ဆောင် ယူခဲ့ကြလော့"ဟု စေလွှတ်တော်မူ၏၊ သာမဏေတို့သည် ကောင်းပါ ပြီဟုဝန်ခံပြီးလျှင် မြောက်ကျွန်းသို့ကြွတော်မူ၍ ဆိုအပ်သောပမာဏရှိ သော တက်သစ်သော နေရောင်ကဲ့သို့ တောက်ပသော မေဒဝဏ္ဏ ကျောက်ခြောက်ချပ်တို့ကို ဆောင်ယူခဲ့ပြီးလျှင် ကျောက်တချပ်ကိုဓာတ် တော်တိုက်၏မြေ၌ခင်း၍ ကျောက်လေးချပ်တို့ကို နံဘေးလေးဘက်တို့၌ ခင်းပြီးလျှင် ကျန်သောကျောက်တချပ်ကို ဓာတ်တော်တိုက်ကိုပိတ်ရန် အရှေ့အရပ်၌ရှိသော သဲတံတိုင်း၏အနီး၌ ဖုက်သိုကာထားလေ၏။

ထိုနောက် မင်းကြီးသည် ဓာတ်တော်တိုက်၏အလယ်၌ အလုံးစုံ သောရတနာ, အလုံးစုံသောအခြင်းအရာတို့နှင့်ပြည့်စုံသော နှစ်သက် ဘွယ်သော ဗောဓိပင်ကို ပြုလုပ်စေ၏၊ ထိုဗောဓိပင်ကို ဣန္ဒနီလာ

[* ဆယ်ကုဋေကုန်၏-မဟာဝင်။]

ကျောက်ဖြင့်ပြီးသောမြေ၌ တန်ဆာဆင်အပ်၏၊ ထိုဗောဓိပင်၏အမြစ်တို့သည် သန္တာနီဖြင့် ပြီးကုန်၏၊ ပင်စည်သည် သိရိဝစ္ဆအစရှိကုန်သော မင်္ဂလာရှစ်ပါးနှင့် ပြည့်စုံကုန်သော ပန်းအစဉ်, နွယ်အစဉ်, အခြေလေးချောင်းသတ္တဝါအစဉ်, ဟင်္သာအစဉ်တို့ဖြင့် ဆန်းကြယ်၏၊ တဆယ့်ရှစ်တောင်မြင့်၏၊ ငွေဖြင့်ပြီး၏၊ ခက်မငါးဖြာတို့သည်လည်း တဆယ့်ရှစ်တောင်ရှိကုန်၏၊ အရွက်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏၊ အသီးနှင့်အညွန့်တို့သည် သန္တာနီဖြင့်ပြီးကုန်၏။

ထိုဗောဓိပင်၏အထက်၌ ပုဆိုးဗိတာန်(မျက်နှာကြက်)ကိုဖွဲ့လေ၏၊ ထိုဗောဓိပင်၏ အဆုံးဖြစ်သော ထက်ဝန်းကျင်၌ ပုလဲဖြင့်ပြီးသော ခြူကွန်ရက်ကိုဆွဲ၏၊ ရွှေပန်းဆိုင်း,ငွေပန်းဆိုင်းတို့ကိုလည်း ထိုထိုအရပ်၌ဆွဲကုန်၏၊ မျက်နှာကြက်၏လေးဘက်တို့၌ အဘိုးကိုးသိန်းထိုက်သော တခုတခုသော ပတ္တမြားစည်ကို ဆွဲထား၏၊ ထိုပတ္တမြားစည်တို့၌ အထူးထူးသောရတနာတို့ဖြင့် ပြုအပ်ကုန်သော လ,နေ,ကြယ်, တာရာရုပ်ပုံနှင့် ပဒုမာကြာသဏ္ဌာန်တို့ကို ဆွဲထားအပ်ကုန်၏၊ အဘိုးများစွာထိုက်၍ များစွာသော အရောင်အဆင်းရှိကုန်သော တထောင်ရှစ်ခုကုန်သောအဝတ်တို့ကို ဆွဲထားအပ်ကုန်၏၊ ထိုနောက် ဗောဓိပင်၏အနီး၌ ရတနာခုနစ်ပါးဖြင့်ပြီးသော ပွတ်တိုင်တို့ကိုပြုလုပ်စေပြီးလျှင် သျှိသျှားသီးကြီးခန့်မျှရှိကုန်သော ပုလဲတို့ကိုခင်းစေ၏၊ ပုလဲပွတ်တိုင်တို့၏အကြား၌ နံ့သာရေတို့ဖြင့် ပြည့်သော ရတနာခုနစ်ပါးဖြင့်ပြီးသော အိုးအစဉ်တို့ကို ထားစေ၏။

ထိုအိုးတို့တွင် ရွှေအိုး၌သန္တာနီဖြင့်ပြီးသောပန်းရှိကုန်၏၊ သန္တာနီအိုး၌ ရွှေဖြင့်ပြီးသောပန်းရှိကုန်၏၊ ပတ္တမြားအိုး၌ ငွေဖြင့်ပြီးသောပန်းရှိကုန်၏၊ ငွေအိုး၌ ပတ္တမြားဖြင့်ပြီးသောပန်းရှိကုန်၏၊ ရတနာခုနစ်ပါးဖြင့်ပြီးသောအိုး၌ ရတနာခုနစ်ပါးဖြင့်ပြီးသောပန်းရှိကုန်၏၊ ဗောဓိပင်၏အရှေ့မျက်နှာ၌ရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော တကုဋေအဘိုးထိုက်သော ပလ္လင်တော်၌ ထွန်းပသော အရောင်ရှိသော ရွှေဖြင့်ပြီးသော ဆင်းတုတော်ကို သီတင်းသုံးစေ၏၊ထိုနောက်သဟမ္ပတိဗြဟ္မာကြီးကို ငွေဖြင့်ပြီးသော ထီးဖြူတော်ကိုဆောင်းစေ၍ရင်း, ထို့အတူ နတ်ပြည် နှစ်ထပ်တို့၌ နတ်တို့နှင့်တကွ ဝိဇယုတ္တရ ခရုသင်းကို ကိုင်၍

အဘိသိက်ပေးတော်မူသော သိကြားမင်းကိုင်း,ဗေဠုဝပဏ္ဍုဝစောင်းကိုယူ၍ စောင်းတီးနေသော ပဉ္စသိခနတ်သားကိုင်း, နဂါးမတို့ဖြင့် ခြံရံလျက် အထူးထူးချီးမွမ်းသောအသံဖြင့် မြတ်စွာဘုရားကိုချီးမွမ်းတော်မူသော မဟာကာလနဂါးမင်းကိုင်း, လက်ရုံးတထောင်ကိုဖန်ဆင်းပြီးလျှင် သန်လျက်,တံကျင်,ဆောက်ပုတ်ဖြစ်ကုန်သော အထူးထူးသောလက်နက်တို့ကိုယူ၍ ဦးကင်းတထောင်ရှိသော ဂိရိမေခလာဆင်တော်ကိုစီးလျက် မာရ်စစ်သည်တို့ဖြင့် ခြံရံ၍ ဗောဓိမဏ္ဍိုင်သို့လာပြီးလျှင် များစွာသော ကြောက်မက်ဘွယ်ကိုပြုလုပ်သော ဝသဝတ္တိမာရ်နတ်ပုံသဏ္ဍာန်ကိုင်း ပြုလုပ်စေ၏။

ကြွင်းသော အရပ်မျက်နှာတို့၌လည်း အရှေ့မျက်နှာ၌ရှိသောပလ္လင်နှင့်အတူတကုဋေအဘိုးထိုက်ကုန်သောပလ္လင်သုံးခုတို့ကို ခင်းစေ၍ ဆင်စွယ်ရိုးရှိသောသန္တာနီယပ်ကိုထားစေ၏၊ ဗောဓိပင်ကို ဦးခေါင်းပြု၍ အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်အပ်သော တကုဋေအဘိုးထိုက်သော ရတနာခုနစ်ပါးဖြင့်ပြီးသော အိပ်ရာခင်းတော်ကိုခင်းစေ၏၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ မမှိတ်သောမျက်စိတော်ဖြင့် ဗောဓိပလ္လင်ကိုကြည့်တော်မူသောနေရာကိုင်း, ခုနစ်ရက်ပတ်လုံးရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူသောနေရာကိုင်း,ရတနာဃရအိမ်တော်သို့ဝင်ပြီးလျှင် တရားကိုသုံးသပ်တော်မူသော နေရာကိုင်း,ကျည်းပင်ရင်းသို့ကြွတော်မူ၍ နဂါးမင်းသည် ခုနစ်ခုသောအခွေတို့ဖြင့် ရစ်ပတ်၍ အထက်၌ ပါးပျဉ်းကိုအုပ်လျက် တည်တော်မူသော နေရာကိုင်း, ထိုနောက် အဇပါလညောင်ပင်ရင်းသို့ ကြွတော်မူ၍ နေတော်မူသော နေရာကိုင်း,ထိုနောက် လင်းလွန်းပင်သို့ကြွတော်မူ၍ နေတော်မူသော မြတ်စွာဘုရားအား တပုဿနှင့်ဘလ္လိကကုန်သည်တို့သည် မုံ့လုံးပျားဆုပ်မုံ့ဘောဇဉ်ကို ကပ်လှူသောအခါ စာတုမဟာရာဇ်နတ်မင်းကြီးတို့သည် လှူအပ်သောသပိတ်တို့ဖြင့် အလှူခံတော်မူခြင်းကိုင်း ပြုလုပ်စေ၏။

ထိုနောက်ဗြဟ္မာကြီး တောင်းပန်ခြင်းကိုင်း,ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်းကိုင်း, ယသသူဌေးသားကိုရဟန်းပြုခြင်းကိုင်း, ဘဒ္ဒဝဂ္ဂီတို့ ရဟန်းပြုခြင်းကိုင်း, ရသေ့ညီနောင်သုံးယောက်တို့ကိုဆုံး

မခြင်းကိုဎင်း, ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်းဆည်းကပ်ခြင်းကိုဎင်း,ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူခြင်းကိုဎင်း,ဝေဠုဝန်ကျောင်းတော်ကိုအလှူခံခြင်းကိုဎင်း,ရှစ်ကျိပ်သောမဟာသာဝကတို့ကိုဎင်း ပြုလုပ်စေ၏၊ ထိုနောက် ကပိလဝတ္ထုပြည်သို့ ကြွတော်မူခြင်း,ရတနာစင်္ကြံ၌တည်နေတော်မူခြင်း, ရာဟုလာကိုရှင်ပြုခြင်း, နန္ဒမင်းသားကို ရဟန်းပြုခြင်း, ဇေတဝန်ကျောင်းတော်ကိုအလှူခံခြင်း,ကဏ္ဍမ္ဗသရက်ပင်ရင်း၌ ယမကပြာဋိဟာကိုပြုတော်မူခြင်း, တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောတော်မူခြင်း, နတ်ပြည်မှဆင်းသက်တော်မူသောအခါ ပြာဋိဟာကို ပြုတော်မူခြင်း,အရှင်သာရိပုတ္တရာ၏ ပြဿနာကိုဖြေတော်မူသောအခါ စည်းဝေးတော်မူခြင်းတို့ကိုလည်း ပြုလုပ်စေ၏။

ထို့အတူ မဟာသမယသုတ်,ရာဟုလောဝါဒသုတ်,မင်္ဂလသုတ်,ပါရာယနသုတ်တို့ကိုဟောတော်မူသောအခါ စည်းဝေးခြင်းကိုဎင်း၊ ဓနပါလ,အာဠဝက, အင်္ဂုလိမာလ, အပလာလတို့ကိုဆုံးမခြင်းကိုဎင်း၊ အာယုသင်္ခါရလွှတ်တော်မူခြင်း, ဝက်သားပြွမ်းဆွမ်းကို အလှူခံတော်မူခြင်း, သိင်္ဂီနိက်ရွှေအဆင်းရှိသော အဝတ်အစုံကိုအလှူခံခြင်း, ကြည်လင်သောရေကိုသောက်တော်မူခြင်း,ပရိနိဗ္ဗာန်ပြုတော်မူခြင်း, နတ်လူတို့ငိုကြွေးခြင်း, အရှင်မဟာကဿပထေရ်သည် မြတ်စွာဘုရား၏ခြေတော်တို့ကိုရှိခိုးခြင်း, မီးသဂြိုဟ်ခြင်း, မီးငြိမ်းခြင်း, သင်္ချိုင်းတော်၌ အရိုအသေပြုခြင်း, ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်းတို့ကိုဎင်း ပြုလုပ်စေ၏။

ထို့အတူ ငါးရာ့ငါးဆယ်သော ဇာတ်တို့ကို ပြုစေ၏၊ ဝေဿန္တရာဇာတ်ကိုပြုသောအခါ သဉ္စယမင်းကြီး,ဖုဿတီမိဖုရားကြီး,မဒ္ဒီမိဖုရား,ဇာလိမင်းသား, ကဏှာဇိန်မင်းသမီးတို့ကိုလည်း ပြုလုပ်စေ၏၊ ထိုနောက် ပစ္စယဆင်တော်ကိုလှူခြင်း, သတ္တသတ္တကမဟာဒါနကိုပြုခြင်း, မြို့မှထွက်တော်မူခြင်း,သိန္ဓောမြင်းကိုလှူခြင်း, နတ်တို့သည် စိုင်သမင်ယောင်ဖန်ဆင်းသဖြင့် ရထားကိုဆွဲခြင်း, ရထားကိုလှူခြင်း,မိမိ၏အာနုဘော်ကြောင့် အလိုလိုညွတ်ကိုင်းသောသစ်ပင်မှ အသီးကိုယူပြီးလျှင် သူငယ်တို့အား ပေးခြင်း,ပျားသလက်ကိုပေးခြင်း,မုဆိုးအားရွှေအပ်ကိုပေးခြင်း, ဝင်္ကပါတောင်ဝှမ်း၌ ရဟန်းအသွင်ဖြင့် နေတော်မူသော

နေရာ,ဇူဇကာအား သူငယ်တို့ကိုလှူခြင်း, သိကြားဖြစ်သော ပုဏ္ဏားအား မဒ္ဒီမိဖုရားကိုလှူခြင်း, ဇူဇကာသည် နတ်တို့၏ တန်ခိုးကြောင့် သူငယ်တို့ကိုခေါ်ပြီးလျှင် သဉ္စယမင်းကြီး၏ရှေ့တော်သို့ ရောက်သောနေရာ, ဝင်္ကပါတောင်ဝှမ်း၌ ခြောက်ပါးကုန်သော မင်းတို့၏ စည်းဝေးခြင်း, ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီမိဖုရားတို့၏ ဘိသိက်ခံတော်မူသော နေရာ, မြို့သို့မင်းခြောက်ပါးတို့ဝင်လတ်သော် ရတနာခုနစ်ပါးမိုးယိုးရွာသောနေရာ, ဝေဿန္တရာဘဝမှစုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်တော်မူသော နေရာတို့ကိုငင်း အကျယ်အားဖြင့် ပြုလုပ်စေ၏။

ထိုနောက် စကြဝဠာတသောင်း၌ နေသောနတ်တို့သည် ဘုရားဖြစ်ခြင်းငှါတောင်းပန်သောနေရာ, မယ်တော်၏အသက်အန္တယ် စသည်တို့ကို ကြည့်တော်မူခြင်း,အမိဝမ်း၌ပဋိသန္ဓေနေတော်မူခြင်း,မာယာဒေဝီ, သုဒ္ဓေါဒနမင်းကြီး,လုမ္ဗိနီတော၌ဖွားတော်မူခြင်း, ကောင်းကင်မှ နှစ်ခုသောရေအလျဉ်တို့၏ စီးကျခြင်း,မြောက်အရပ်သို့ရှေ့ရှု ခုနစ်ဘဝါးကြွတော်မူခြင်း, ကာဠုဒေဝီလရသေ့၏ထိပ်၌ အလောင်းတော်၏ခြေတည်ခြင်း, မဆုတ်နစ်သောသပြေပင်ရိပ်၌ အထိန်းတော်တို့၏ မွေ့လျော်ခြင်းကိုမြင်၍ ကြက်သရေရှိသောအိပ်ရာ၌ ထက်ဝက်ဘွဲ့ခွေသဖြင့် နေတော်မူလျက် ဈာန်ဝင်စားသောနေရာတို့ကိုလည်း ပြုလုပ်စေ၏၊ ထိုနောက်ရာဟုလာမယ်တော်နှင့် ရာဟုလာသားတော်ကိုလည်းပြုလုပ်စေ၏၊ ထိုနောက် နှစ်ဆယ့်ကိုးနှစ်သို့ရောက်သောအခါ ဥယျာဉ်တော်ကို ကစားရန်သွားရာ၌ သူအို,သူနာ,သူသေ ဟူသောနတ်တမန် သုံးယောက်တို့ကို မြင်တော်မူ၍ ပြန်ကြွလာတော်မူသောနေရာ,လေးကြိမ်မြောက်ရဟန်းတော်ကိုမြင်၍ ရဟန်း၏အဖြစ်သည် ကောင်း၏ဟု စိတ်ကိုဖြစ်စေပြီးလျှင် ဥယျာဉ်တော်သို့သွား၍ ဥယျာဉ်တော်၏ ကြက်သရေတော်ကို ံစားပြီးသော် ညနေချမ်းအချိန်၌ ရေချိုး၍ မင်္ဂလာရှိသောကျောက်ဖျာ၌ နေတော်မူသောအခါ ဝိသုကြံနတ်သားတန်ဆာဆင်သောနေရာ, သန်းခေါင်ယာမ်၌ မောင်းမတို့၏ ဖေါက်ပြန်ခြင်းကို မြင်တော်မူ၍ ကဏ္ဍကမြင်းတော်ကို စီးပြီးလျှင် တောထွက်ခြင်းနှင့် တောထွက်တော်မူသောနေရာ, စကြဝဠာတသောင်း၌နေကုန်သောနတ်တို့သည် ပူဇော်သောအစီအရင်, ကဏ္ဍကမြင်းတော် ပြန်လှည့်သော

စေတီနေရာ, အနော်မနဒီမြစ်ကမ်း၌ ရဟန်းပြုတော်မူခြင်း, ရာဇဂြိုဟ် ပြည်သို့ဝင်တော်မူခြင်း, ပဏ္ဍဝတောင်ရိပ်၌ ဗိမ္ဗိသာရမင်းကြီးသည် မင်းပြုခြင်းငှါ တောင်းပန်တော်မူခြင်း, သုဇာတာလှူသော နို့ဃနာကို အလှူခံတော်မူခြင်း, နေရဥ္စရာမြစ်ကမ်း၌ နို့ဃနာကိုသုံးဆောင်တော် မူခြင်း, မြစ်၌ရွှေခွက်ကိုစွန့်တော်မူခြင်း, ပါဠိဟာရိယအင်ကြင်းတော၌ နေ့အခါနေတော်မူခြင်း,သောတ္ထိယသည် လှူသောသမန်းမြက်ကိုအလှူ ခံတော်မူခြင်း, ဗောဓိမဏ္ဍိုင်သို့ကြွတော်မူ၍ နေတော်မူသော နေရာ တို့ကိုလည်း အကျယ်အားဖြင့် ပြုလုပ်စေ၏။

ထိုနောက် မဟိန္ဒထေရ်အမှူးရှိကုန်သော ခုနစ်ပါးတို့၏ ကြွလာ ခြင်းကိုလည်းပြုလုပ်စေ၏၊ထိုနောက်အရပ်လေးမျက်နှာတို့၌ သန်လျက် စွဲကုန်သော နတ်မင်းကြီးလေးပါး, သုံးကျိပ်နှစ်ယောက်သော နတ် သား, ရွှေဆီမီးတိုင်တို့ကို ပြုကုန်သော သုံးကျိပ်နှစ်ယောက်သောနတ် သမီး, နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီး, လက်အုပ်ချီလျက် ရပ်ကုန်သောနတ်သား, ရတနာခုနစ်ပါးဖြင့်ပြီးသော ပန်းစည်းတို့ကို ကိုင်၍ တည်နေကုန်သောနတ်သား,ကကြကုန်သောနတ် ,တူရိယာတီး မှုတ်ကြကုန်သောနတ်, အသီးအသီး အဘိုးတသိန်း ထိုက်ကုန်သော တဆယ့်နှစ်တောင်ပမာဏရှိကုန်သော ကြေးမုံ(မှန်)တို့ကိုယူ၍ တည် နေကြသောနတ်, အဘိုးတသိန်းထိုက်သော ပန်းခက်တို့ကိုယူ၍ တည် နေကြသောနတ်, လဝန်းကိုကိုင်၍ တည်နေကြသောနတ်, နေဝန်းကိုကိုင် ၍ တည်နေကြသောနတ်, ပဒုမာကြာတို့ကိုကိုင်၍ တည်နေကြသော နတ်, လက်နက်စွဲကုန်လျက် တည်နေကြသောနတ်, ဆန်းကြယ်သော အသွင်ကိုဆောင်ကုန်သော လက်ပမ်းသည်နတ်, ဒုဿပေါ်ဌနနတ်, ရတနာစေတီကိုကိုင်၍ တည်နေသော နတ်, ရေစက်တို့ကို ကိုင်၍ တည်နေသောနတ်, သန်လျက်စွဲကုန်သောနတ်, ငါးတောင်ပမာဏရှိ သောနံ့သာဆီဖြင့် ပြည့်ကုန်သော ဘွဲ့ဖြူပုဆိုးတို့ဖြင့် ညှိထွန်းအပ်ကုန် သော ရွှေဆီမီးခွက်တို့ကို ဦးခေါင်း၌တင်၍ တည်နေကြသော နတ်တို့ ကိုလည်းပြုလုပ်စေ၏။

လေးထောင့်တို့၌ ဖလ်စေတီ၏အထက်၌ လေးခုသောပတ္တမြားကြီး တို့ကိုထားစေ၏၊ လေးထောင့်တို့၌ ရွှေ,ပတ္တမြား,ပုလဲ, စိန်တို့၏လေးခု

သောအစုအပုံတို့ကို ပြုလုပ်စေ၏၊ မေဒဝဏ္ဏကျောက်၏နံရံ၌ လျှပ်စစ်နွယ်တို့ကိုငှင်း, ရတနာခုနစ်ပါးဖြင့်ပြီးသောနွယ်တို့ကိုငှင်း, သားမြီးယပ်တို့ကိုငှင်း,ကြာညိုတို့ကိုကိုင်၍ တည်နေကြကုန်သော နဂါးမတို့ကိုငှင်း ပြုလုပ်စေကုန်၏၊ မင်းကြီးသည် ဤမျှသောရုပ်ပုံတို့ကို တခဲနက်ထုလုပ်အပ်သော ရွှေတို့ဖြင့်ငှင်း,ကြွင်းသော ပူဇော်သောအစီအရင်ကို ရတနာခုနစ်ပါးတို့ဖြင့်ငှင်း ပြုလုပ်စေ၏၊ ဤစေတီတော်၌ ဆိုခဲ့ပြီးသော ပူဇော်အပ်သော ဘဏ္ဍာသည် အပိုင်းအခြားမရှိချေ၊ တောင်မျက်နှာဖြစ်သော အင်္ဂဏတောလရွာ၌ အမ္ဗပါသာဏအရပ်၌ သီတင်းသုံးတော်မူသော အရှင်စိတ္တဂုတ္တထေရ်သည် လောဟပါသာဒပြာသာဒ်အောက်၌ စည်းဝေးကြကုန်သော တသောင်းနှစ်ထောင်သောရဟန်းတို့အားတရားဟောတော်မူသောအခါ ရထဝိနိတသုတ်ကို ဟောတော်မူပြီးလျှင် ဓာတ်တော်ဌာပနာခြင်းကို ဟောတော်မူသောအခါ အချို့သောသူတို့သည် မယုံကြည်ကုန်လတ္တံ့ဟု မှတ်ထင်၍ ဆုတ်နစ်၍ဟောတော်မူ၏၊ ထိုအခါ ကောဠပဗ္ဗတအရပ်၌ သီတင်းသုံးတော်မူသော မဟာတိဿမည်သော ရဟန္တာအရှင်သည် အနီး၌နေ၍ တရားနာလေသော်"ငါ့ရှင်ဓမ္မကထိက....သင်၏တရားသည် ဆုတ်နစ်ခြင်းရှိ၏၊ မဆုတ်နစ်မူ၍ အကျယ်အားဖြင့်ဟောလေလော့"ဟုမိန့်တော်မူ၏။

ထိုမှတပါး ဤလက်ာဒီပကျွန်း၌ ဘာတိကတိဿ မင်းကြီးသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ညနေချမ်းနှင့် နံနက်တိုင်း မဟာစေတီကို ရှိခိုးပြီးမှသာလျှင် စားတော်မူ၏၊တနေ့သ၌ တရားဆုံးဖြတ်သော ရုံးတော်၌ နေထိုင်ပြီးလျှင် မကောင်းသဖြင့် ဆုံးဖြတ်အပ်သော တရားကို စူးစမ်း ဆင်ခြင်တော်မူသောကြောင့် ညနေချမ်းအချိန်ကို လွန်လျက်ထတော်မူသောအခါ စေတီတော်ကိုရှိခိုးခြင်းကို မေ့လျော့၍ ဆောင်အပ်သောခွက်၌ လက်ကိုချလျက်"ယနေ့ငါသည် အရှင်ကိုရှိခိုးအပ်ပြီလော"ဟု လူတို့ကိုမေးတော်မူ၏၊ ရှေးမင်းတို့သည် မြတ်စွာဘုရားကို(အယျက)အရှင်ဟုခေါ်ဆိုကြကုန်၏၊ လူတို့သည် "အရှင်မင်းကြီး..ရှိမခိုးရသေး"ဟု လျှောက်ကြကုန်၏။

ထိုအခါ မင်းကြီးသည် လက်ဖြင့်ယူအပ်ပြီးသော ထမင်းလုပ်ကို ခွက်၌ ချထား၍ ထတော်မူပြီးလျှင် တောင်ဘက်တံခါးကို ဖွင့်စေ၍

ပြီးလျှင် အရှေ့တံခါးဖြင့် မဟာစေတီယင်ပြင်သို့တက်၍ ရှိခိုးလေသော် ဓာတ်တော်တိုက်၏အတွင်း၌ ရဟန္တာအရှင်တို့၏ တရားရွတ်ဆိုသံကို ကြားသောအခါ တောင်တံခါး၌ဟု မှတ်ထင်သည်ဖြစ်၍ ထိုတောင်တံခါးသို့သွား၍ မမြင်သောအခါ ဤနည်းဖြင့်သာလျှင် ကြွင်းကုန်သော တံခါးတို့သို့သွား၍ ထိုထိုတံခါးတို့၌လည်း မမြင်သောအခါ အရှင်တို့သည် တရားတော်ကိုပြီးဆုံးစေ၍ လှည့်လည်ကြကုန်၏ဟု မှတ်ထင်သောကြောင့် ကြည့်ရှုခြင်းငှါ တံခါးလေးခုတို့၌ လူဘို့ကိုထားပြီးလျှင် ကိုယ်တိုင် တဖန်လှည့်လည်၍ မမြင်လေသော် လူတို့ကိုမေး၍ ပြင်ပ၌ မရှိကြောင်းကို သိသောအခါ ဓာတ်တော်တိုက်၏ အတွင်း၌ ဖြစ်လတ္တံ့ဟု ဆုံးဖြတ်လျက် အရှေ့တံခါးသို့ သွားပြီးနောက် မဟာစေတီသို့ ရှေးရှုလျက် လက်ခြေတို့ကိုဆန့်ပြီးလျှင် အသက်ကိုစွန့်၍ မြိမြိစွာ ဆောက်တည်လျက် ခင်းထားအပ်သောနေရာ၌ "ငါ့ကို အရှင်တို့သည် ဓာတ်တော်တိုက်ကို မပြကုန်သည်ရှိသော် ခုနစ်ရက်ပတ်လုံး အာဟာရမရှိသည်ဖြစ်၍ ဖွဲဆုပ်ကဲ့သို့ကြွ၍သွားငြားသော်လည်း မထအံ့" ဟု အိပ်တော်မူ၏။

ထိုမင်းကြီး၏ တန်ခိုးကြောင့် သိကြားမင်း၏ ဗိမာန်သည် ပူသော အခြင်းအရာကိုပြ၏၊ သိကြားမင်းသည် ဆင်ခြင်လေသော်ထိုအကြောင်းကိုသိ၍ လာပြီးလျှင် တရားကို ရွတ်ဆိုကုန်သောအရှင်တို့အား ဤသို့ လျှောက်၏၊ "အရှင်ဘုရားတို့....ဤမင်းကြီးသည် တရားကိုစောင့်၏၊ ဘုရားသာသနာတော်၌ ကြည်ညို၏၊ ဤနေရာ၌ သရဇ္ဈာယ်သောအသံကိုကြား၍ ဓာတ်တော်တိုက်ကို မဖူးမြင်ရခြင်းကြောင့် မထအံ့ဟု မြိမြိစွာဆောက်တည်လျက်အိပ်၏၊ ဓာတ်တော်တိုက်ကို မဖူးမြင်ရသည်ရှိသော် နတ်ရွာစံလိမ့်မည် ဖြစ်သောကြောင့် ဓာတ်တော်တိုက်သို့ ဝင်စေပြီးလျှင် "ဓာတ်တော်တိုက်ကို ဖူးမြင်ပါစေကုန်လော့" ဟု လျှောက်လေ၏၊ မထေရ်တို့သည်လည်း မင်းကြီးအား သနားခြင်းကြောင့်ဓာတ်တော်တိုက်ကို ဖူးမြင်စေရန် မထေရ်တပါးကို "မင်းကြီးကိုဆောင်၍ ဓာတ်တော်တိုက်ကို ဖူးမြင်စေ၍ စေလွှတ်လေလော့" ဟု မိန့်တော်မူကုန်၏၊ မထေရ်သည် မင်းကြီး၏လက်ကိုကိုင်၍ ဓာတ်တော်တိုက်သို့

သွင်းပြီးလျှင် အလိုရှိတိုင်း ရှိခိုးစေလျက် အလုံးစုံကို မှတ်မိသောအခါ စေလွှတ်လေ၏။

မင်းကြီးသည် မြို့သို့သွားပြီးလျှင် အခါတပါး၌ ဓာတ်တော်တိုက်၌ မိမိမြင်သော ရုပ်ပုံတို့တွင် အချို့ကုန်သော ရွှေဖြင့်စီရင်အပ်ကုန်သော ရုပ်ပုံတို့ကို ပြုလုပ်စေ၍ မင်းယင်ပြင်၌ မဏ္ဍပ်ကြီးကို ပြုလုပ်စေပြီးလျှင် ထိုမဏ္ဍပ်ကြီး၌ ရုပ်ပုံတို့ကို ကောင်းစွာထားစေ၍ မြို့သူမြို့သားတို့ကို စည်းဝေးစေပြီးလျှင် "ဓာတ်တော်တိုက်၌ ငါမြင်ခဲ့ဘူးကုန်သော ရွှေရုပ်တို့သည် ဤရွှေရုပ်တို့နှင့်တူကုန်၏"ဟု မိန့်တော်မူ၏၊ ထိုပြသောရုပ်ပုံတို့သည် ဌာပနာခဲ့သောရုပ်ပုံတို့ကို ပြုလုပ်သောနည်းဖြင့် ပြုလုပ်လေသောကြောင့် ပုံစံရုပ်ပုံတို့မည်ကုန်၏၊ မင်းကြီးသည် နှစ်စဉ် ထိုရုပ်ပုံတို့ကိုထုတ်စေ၍ မြို့သူမြို့သားတို့အား ပြတော်မူ၏၊ ရှေးဦးစွာပြသောအခါ မြို့သူမြို့သားတို့သည် ကြည်ညိုကြသောကြောင့် တခုတခုသောအမျိုးမှ တယောက်တယောက်သော သူငယ်ကိုထုတ်၍ ရှင်ပြုကြကုန်၏။

တဖန်မင်းကြီးသည်"ဤဓာတ်တော်ဌာပနာသော အပြားကို မသိကုန်သော အရှင်တို့သည် များစွာရှိကုန်၏၊ ထိုအရှင်တို့အားလည်း လျှောက်ကြားအံ့"ဟု ကျောင်းတော်သို့သွားပြီးလျှင် လောဟပါသာဒပြာသာဒ်အောက်၌ ရဟန်းသံဃာကို စည်းဝေးစေလျက် မိမိသည် တရားပလ္လင်၌နေ၍ ရဟန်းသံဃာအား ညဥ့်သုံးယာမ်ပတ်လုံး ဓာတ်တော်တိုက်၌ ထားတော်မူအပ်သည်ကို ဟောတော်မူသောအခါ ပြီးဆုံးစေခြင်းငှါ မစွမ်းနိုင်သောကြောင့် ထတော်မူရလေ၏၊ ထိုရဟန်းသံဃာတို့တွင်ရဟန်းတော်တပါးသည် "မြတ်သောမင်းကြီး..နံနက်စာစားပြီးသောအခါလာ၍ ညဥ့်သုံးယာမ်ပတ်လုံး ဟောပြသော်လည်း ဓာတ်တော်တိုက်၌ ပူဇော်၍ထားသော အစီအရင်ကို ပြီးဆုံးစေခြင်းငှါ မစွမ်းနိုင်၊ ဟောတော်မူသည်မှတပါး များစွာရှိသေးသလော" ဟု မင်းကြီးကိုမေးလေ၏၊ မင်းကြီးသည် "အဘယ်စကားကို မိန့်ဘိသနည်း၊ အရှင်ဘုရားတို့အား ဟောပြအပ်သောအစီအရင်သည် ပူဇော်ထားခဲ့သောအစီအရင်ကို ဆယ်ပုံပုံ၍ တပုံမျှမရှိပါ၊ အကျွန်ုပ်သည်

ကား မှတ်မိသည်ကိုသာလျှင် ဟောပြ၏၊ ဓာတ်တော်တိုက်၌ ပူဇော်အပ်သော အစီအရင်သည် အဆုံးမရှိပါ”ဟုလျှောက်လေ၏။

လေးထောင့်ညီမျှသော တမျက်နှာတမျက်နှာ၌ အတောင်ရှစ်ဆယ်ရှိသော ဓာတ်တော်တိုက်၌ အကြားမရှိမူ၍ အပိုင်းအခြားမရှိ ပူဇော်၍ထားအပ်သော ဘဏ္ဍာကို တခုစီပူဇော်ခြင်းငှါလည်း မစွမ်းနိုင်၊ ထိုက်သင့်သည့်အားလျော်စွာ ရုပ်ပုံပြုလုပ်စီရင်ခြင်းငှါ အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ဓာတ်တော်တိုက်ကိုထားဦးလော့၊ မဟာစေတီ၌ သဲတံတိုင်း အပိုင်းအခြားတိုင်အောင်လည်း အကြားမရှိပူဇော်ခြင်းငှါ မစွမ်းနိုင်လေခြင်းကြောင့် ထိုမဟာစေတီ၌ ပူဇော်၍ ထားအပ်သော ဘဏ္ဍာကို အဘယ်မှာလျှင် အတုပြုလုပ်၍ ယူနိုင်ပါအံ့နည်း၊ ဤဥပမာ ပနာခြင်း၌ ဆိုသင့်ဆိုထိုက်သောစကားကို ရှေးဆရာကြီးတို့သည်ဆိုခဲ့ပြီးဖြစ်၏၊ နိဂြောဓပိဋ္ဌိကျောင်းတော်၌ တိပိဋကမဟာသိဝမထေရ်သည် မင်း၏နန်းတော်၌ နေတော်မူလျက် မင်းကြီးအား မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သီဟနာဒသုတ်ကို မဟာတော်မူသောအခါ ဓာတ်တော် ဥပမာပနာခြင်းကို ဟောပြလျက် သုတ္တန် တရားတော်ကို ဟောတော်မူ၏။

မင်းကြီးသည် မထေရ်အား “အရှင်ဘုရား.... ဤဓာတ်တော် တိုက်သည် လေးထောင့်ညီမျှ၏၊ တမျက်နှာတမျက်နှာ၌ အတောင် ရှစ်ဆယ်ရှိ၏၊ ဤဓာတ်တော်တိုက်၌ ပူဇော်၍ထားအပ်သော ဘဏ္ဍာ တို့သည် ဤမျှလောက်ရှိကုန်၏ဟု ဟောတော်မူအပ်သော တရားတော် ကို အဘယ်သူသည် ယုံကြည်နိုင်ပါမည်နည်း”ဟု လျှောက်လေ၏၊ ထိုအခါ မထေရ်သည် “ဗုဒ္ဓသာလဂုသည် အဘယ်မျှလောက် ပမာ ဏရှိသည်ဟု မင်းကြီးကြားဘူးသနည်း”ဟု မေးသောအခါ “ယောင် စောင်းငယ်မျှလောက်ရှိပါ၏”ဟု လျှောက်ထား၏၊ ထိုအခါ “မြတ် သောမင်းကြီး.... ငါတို့၏မြတ်စွာဘုရားသည် သိကြားမင်းအား သက္က ပဉှာသုတ်ကို ဟောတော်မူသောနေ့၌ လိုက်၍ပရိသတ်တို့သည် အဘယ် မျှလောက်စည်းဝေးကြသည်ဟု ကြားဘူးပါသနည်း” ဟု မထေရ်သည် မေးလေ၏၊နတ်ပြည်နှစ်ထပ်တို့၌ နတ်တို့သည် စည်းဝေးကြကုန်၏”ဟု

မင်းကြီးကလျှောက်လေ၏၊ "ဤစကားကိုလည်း မယုံကြည်အပ်လေသလော"ဟု မထေရ်ကမေးသောအခါ ထိုအစည်းအဝေးသည်ကား နတ်တို့၏တန်ခိုးအားဖြင့်ဖြစ်ပါ၏၊ နတ်တို့၏တန်ခိုးကို မယုံကြည်နိုင်ပါ"ဟု လျှောက်လေ၏။

ထိုအခါ မထေရ်သည် ထိုအစည်းအဝေးသည် နတ်တို့၏တန်ခိုးတခုသာဖြစ်၏၊ ဤဓာတ်တော်တိုက်၌ ဌာပနာခြင်းသည်ကား မင်းကြီး၏ရာဇိဒ္ဓိတန်ခိုး, နတ်တို့၏ဒေဝိဒ္ဓိတန်ခိုး, အရိယာတို့၏ အရိယိဒ္ဓိတန်ခိုး ဤတန်ခိုးသုံးပါးတို့ဖြင့်ဖြစ်၏"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် မထေရ်၏စကားကိုကြားသောအခါ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် မထေရ်ကို ထီးဖြူတော်ဖြင့်ပူဇော်လျက် ထီးဖြူတော်ကိုဆောင်း၍ မဟာဝိဟာရကျောင်းတော်သို့ ပင့်ပြီးလျှင် တဖန်*မဟာစေတီအား ခုနစ်ရက်ပတ်လုံးထီးဖြူတော်ကိုဆောင်း၍ မလေးပန်းတို့ဖြင့်ပူဇော်လေ၏၊ ထိုဓာတ်တော်ဌာပနာခြင်း၏ သာဓကဖြစ်ကုန်သော များစွာသောဝတ္ထုတို့ကို ရှေးဆရာကြီးတို့သည် ပြတော်မူအပ်ကုန်၏၊ ထိုများစွာသောဝတ္ထုတို့ကိုပြသဖြင့် အကျိုးမရှိလေသောကြောင့် ငါတို့သည် လျစ်လျူရှုအပ်ကုန်၏။

ဤဓာတ်တော်ဌာပနာခြင်း၌လည်း မင်းကြီးသည် တန်ခိုးအာနုဘော်ကြီး၏၊ ဖြည့်အပ်ပြီးသောပါရမီရှိ၏၊ ရှေးဆုတောင်းနှင့်ပြည့်စုံ၏၊ ထို့ကြောင့် ထိုမင်းကြီး၏အစွမ်းဖြင့် ရာဇိဒ္ဓိကိုသိအပ်၏၊ သိကြားမင်းစေလွှတ်အပ်သော ဝိသုကြံနတ်သားသည် အစမှစ၍ပူးဝင်ပြီးလျှင် ပြုအပ်သည်၏အစွမ်းဖြင့် ဒေဝိဒ္ဓိကိုသိအပ်၏၊ အမှုသစ်ကိုစီရင်တော်မူသော အရှင်ဣန္ဒဂုတ္တထေရ်သည် အမှုကြီးငယ်ကို စီရင်တော်မူလျက်ပြုလုပ်စေ၏၊ မထေရ်သည်သာလျှင် ပြုလုပ်စေသည်မဟုတ် အလုံးစုံသောအရိယာပုဂ္ဂိုလ်တို့သည် မိမိမိမိတို့၏ ပြုဘွယ်ကိစ္စတို့၌ အားထုတ်ကြလေသောကြောင့် အရိယိဒ္ဓိကိုသိအပ်၏၊ ဤသုံးပါးသော ဣဒ္ဓိတို့ဖြင့်ပြု၏ဟူ၍ သိအပ်၏၊ ထို့ကြောင့်မဟာဝင်၌—

---

[* မဟာဝိဟာရကျောင်း- ရုဋ္ဌထူပဝင်။]

ဇာလန္ဒဂုတ္တော မဟာထေရော၊ ဆဠဘိညော မဟာမတိ။
ကမ္မာဓိဌာယကော ဧတ္ထ၊ သဗ္ဗံ သံဝိဒဟိ ဣမံ။
သဗ္ဗံ ရာဇိဒ္ဓိယာ ဧတ္ထ၊ ဒေဝတာနဉ္စ ဣဒ္ဓိယာ။
ဣဒ္ဓိယာ အဓိဌာနဉ္စ၊ အသမ္ဘံ ပတိဋ္ဌိတံ။ ။
ဟု မိန့်တော်မူ၏။

ဇာလန္ဒဂုတ္တော၊ အရှင်ဇာလန္ဒဂုတ္တအမည်ရှိသော။ ဆဠဘိညော၊ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ မဟာမတိ၊ ကြီးသောပညာရှိတော်မူသော။ ကမ္မာဓိဌာယကော၊ ပြုလုပ်ရန်အမှုကို စီရင်တော်မူတတ်သော။ မဟာထေရော၊ မဟာထေရ်သည်။ ဧတ္ထ၊ ဤမဟာစေတီ၌။ ဣမံသဗ္ဗံ၊ ဤအလုံးစုံကို။ သံဝိဒဟိ၊ စီရင်တော်မူ၏။ ဧတ္ထ၊ ဤမဟာစေတီ၌။ သဗ္ဗံ၊ အလုံးစုံသည်။ ရာဇိဒ္ဓိယာစ၊ မင်း၏တန်ခိုးဖြင့်၎င်း။ ဒေဝတာနံ၊ နတ်တို့၏။ ဣဒ္ဓိယာစ၊ တန်ခိုးဖြင့်၎င်း။ အဓိဌာနံ၊ အဓိဋ္ဌာန်ဖြစ်သော။ ဣဒ္ဓိယာစ၊ အရိယာတို့၏တန်ခိုးဖြင့်၎င်း။ အသမ္ဘံ၊ မပြည့်စုံသောအရာသည်။ ပတိဋ္ဌိတံ၊ ပြည့်စုံ၍တည်၏။

ခေတုဂန္ဓဂန္ဓကထာပြီး၏။

## ၁၅။ ခေတုနိခေနကထာ

### ၆၅။ ခေတ်တော်တို့ကိုပင့်ယူတော်မူခြင်း

ဤသို့လျှင် မင်းကြီးသည် ခေတ်တော်တိုက်၌ ပြုဘွယ်ကိစ္စပြီးဆုံးသောအခါ ဝါဆိုလဆန်းတဆယ့်လေးရက်နေ့၌ ကျောင်းတော်သို့ သွားပြီးလျှင် ရဟန်းသံဃာကိုစည်းဝေးစေ၏၊ စည်းဝေးကြကုန်သော ရဟန်းတို့သည် *သုံးသောင်းရှိကုန်၏၊ မင်းကြီးသည် ရဟန်းသံဃာကိုရှိခိုးလျက် ဤသို့လျှောက်၏၊ "ခေတ်တော်တိုက်၌ ပြုအပ်သောကိစ္စသည် ပြီးဆုံးပါပြီ၊ နက်ဖြန် ဝါဆိုလပြည့်ဥပုသ်နေ့၌ ဥတ္တရာသဠ်နက္ခတ်ဖြင့် ခေတ်တော်ကိုဌာပနာပါအံ့၊ခေတ်တော်တို့ကို သိတော်မူပါကုန်" ဟု ရဟန်းသံဃာအား တာဝန်လွှဲပြီးလျှင် မြို့သို့သွားလေ၏၊ ထိုအခါ ရဟန်းသံဃာတော်သည် ခေတ်တော်ကို ပင့်ယူနိုင်သောရဟန်းကို ရှာ

[ * တသောင်း- ရှင်ဋီကာပဝင်။]

သောအခါ *ပုဗ္ဗာပရိဝေဏ ကျောင်း၌ သီတင်းသုံးတော်မူသော အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော †သောဏုတ္တရသာမဏေကို မြင်တော်မူ၍ ထိုသာမဏေကိုခေါ်စေပြီးလျှင် "ငါ့ရှင်သောဏုတ္တရ····မင်းကြီးသည်ဓာတ်တော်တိုက်ကိုပြီးဆုံးစေ၍ ဓာတ်တော်ပင့်ယူရန် ရဟန်းသံဃာအားတာဝန်ပြုတော်မူသောကြောင့် သင်သည် ဓာတ်တော်တို့ကို ပင့်ဆောင်လေလော့" ဟု မိန့်တော်မူ၏။

ထိုအခါ သာမဏေသည် "တပည့်တော်သည် ပင့်ယူပါအံ့၊ ဓာတ်တော်တို့ကိုအဘယ်အရပ်မှ ရပါမည်နည်း" ဟု မေးလျှောက်လေ၏၊ သောဏုတ္တရသာမဏေအား ရဟန်းသံဃာတော်သည် ဤသို့မိန့်တော်မူ၏၊ "ငါ့ရှင်သောဏုတ္တရသာမဏေ····မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရာဖြစ်သောညောင်စောင်း၌ အိပ်လျောင်းတော်မူလျက် သိကြားမင်းကိုခေါ်တော်မူပြီးလျှင်ငါဘုရား၏ ရှစ်စိတ်မျှသော သာရီရိကဓာတ်တော်တို့တွင် ကောလိယမင်းတို့သည် ပူဇော်အပ်သောတစိတ်သောဓာတ်တော်သည် နောင်ခါတမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ၌တည်လတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူ၏၊ ထိုနောက် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူလေသော် ရှစ်ခုသောတိုင်းပြည်၌နေသောမင်းတို့အား ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်တို့ကို ရှစ်စိတ်ပြု၍ ပေးလေ၏၊ ထိုမင်းတို့သည် မိမိ-မိမိ၏မြို့၌ စေတီတည်ပြီးလျှင် ကိုးကွယ်ကြကုန်၏။

ထိုစေတီတို့တွင် ရာမဂ္ဂါမ၌ ကောလိယမင်းတို့သည် တည်ထားအပ်သောစေတီသည် ကြီးစွာသောရေအယဉ်ကြောင့် ပျက်လေသော် ဓာတ်တော်ကြုတ်သည် သမုဒ္ဒရာသို့ရောက်၍ ရတနာသဲပြင်ပေါ်၌ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ပြွမ်းသည်ဖြစ်၍ တည်နေတော်မူ၏၊နဂါးတို့သည် မြင်လေသော် ‡မဉ္ဇေရိကနဂါးပြည်သို့သွား၍ မဟာကာလနဂါးမင်းကြီးအား လျှောက်ကြကုန်၏၊မဟာကာလနဂါးမင်းသည် နဂါးကုဋေတသောင်းတို့ဖြင့် ခြံရံလျက်လာပြီးလျှင် နံ့သာ, ပန်းစသည်တို့ဖြင့် ပူဇော်၍ ရွှေ, သန္တာခနီ,ပတ္တမြား,ငွေ တံခွန်တို့ကို စိုက်ထောင်စေပြီးလျှင် အင်္ဂါငါးပါးရှိသော တူရိယာတို့ဖြင့် တီးမှုတ်

[*ပုဗ္ဗပရိဝဏ္ဏ- †သောဏုတ္တရထေရ်- ‡မဉ္ဇိရနဂါးပြည်–ဓူဋ္ဌဝင်။]

လျက် အထူးထူးသော နဂါးကချေသည်တို့၏ အလယ်၌ ဓာတ်တော်ကြုတ်ကို ပတ္တမြားပန်းတောင်း၌ ထားပြီးလျှင် ဦးခေါင်းဖြင့်ရွက်လျက် များစွာအရိုအသေကိုပြု၍ နဂါးပြည်သို့ပင့်ဆောင်ပြီးလျှင် ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာဖြင့် ပူဇော်၍ အလုံးစုံသောရတနာတို့ဖြင့် စေတီနှင့်စေတီအိမ်ကို ဖန်ဆင်းစေ၍ ဓာတ်တော်တို့ကို ကိုးကွယ်လေ၏။

အရှင်မဟာကဿပထေရ်သည် အဇာတသတ္တုမင်းကြီးနှင့် ဓာတ်တော်တို့ကို ဌာပနာခြင်းပြုတော်မူသောအခါ ရာမရွာ၌ရှိသော ဓာတ်တော်တို့ကိုထားပြီးလျှင်ကြွင်းသောဓာတ်တော်တို့ကို ပင့်ဆောင်၍ ဌာပနာတော်မူ၏၊ အဇာတသတ္တုမင်းကြီးသည် "ရာမရွာ၌ရှိသောဓာတ်တော်တို့ကို အဘယ့်ကြောင့်မပင့်ဆောင်ပါသနည်း" ဟု လျှောက်လေ၏၊ အရှင်မဟာကဿပထေရ်သည် ထိုဓာတ်တော်တို့အား ဘေးရန်မရှိ၊ နောင်အခါ တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ၌တည်ကုန်လတ္တံ့" ဟု မိန့်တော်မူ၏၊ အသောကမင်းကြီးသည်လည်း ဓာတ်တော်ဌာပနာတိုက်ကိုဖွင့်၍ ကြည့်လေသော် ရှေးဦးစွာဓာတ်တော်တစိတ်ကို မမြင်ခြင်းကြောင့် "ထိုဓာတ်တော်တစိတ်သည် အဘယ်အရပ်၌ရှိပါသနည်း" ဟု မေးလျှောက်လေ၏၊ "မြတ်သောမင်းကြီး.... ထိုဓာတ်တော်တစိတ်သည် ကောလိယမင်းတို့သည် ဂင်္ဂါမြစ်ကမ်း၌ တည်အပ်သောစေတီ၌ တည်ရှိ၏၊ ကြီးစွာသောရေယဉ်ကြောင့် စေတီပျက်လေသော် မဟာသမုဒ္ဒရာသို့ရောက်တော်မူ၏၊ ထိုဓာတ်တော်ကို နဂါးတို့မြင်သောအခါ မိမိ၏နဂါးပြည်သို့ပင့်ယူပြီးလျှင် ကိုးကွယ်ကြကုန်၏" ဟု ရဟန္တာအရှင်တို့သည် မိန့်တော်မူကုန်၏။

အသောကမင်းကြီးသည် "နဂါးပြည်မည်သည်ကား ကျွန်ုပ်၏ အာဏာရောက်ရာ အရပ်ဖြစ်၏၊ ထိုနဂါးပြည်၌ ရှိသောဓာတ်တော်ကိုလည်း ပင့်ယူပါအံ့" ဟု လျှောက်လေ၏၊ "မြတ်သောမင်းကြီး.... ထိုဓာတ်တော်တို့သည် နောင်အခါ တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ၌ တည်ကုန်လတ္တံ့" ဟု တားမြစ်ကုန်၏၊ ထို့ကြောင့် "ငါ့ရှင်သာမဏေ....သင်သည် မဉ္ဇေရိကနဂါးပြည်သို့သွား၍ ထိုအကြောင်းကို နဂါးမင်းအားသိစေပြီးလျှင် ဓာတ်တော်တို့ကိုပင့်ဆောင်ခဲ့လော့ ၊နက်

ဖြန်ခတ်တော်ဌာပနာခြင်းဖြစ်လတ္တံ့” ဟု မိန့်တော်မူ၏၊သောဏုတ္တရသာမဏေသည် ကောင်းပါပြီဟုဝန်ခံပြီးလျှင် မိမိ၏ပရိဝုဏ်သို့ကြွလာလေ၏၊ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည်လည်း မြို့သို့သွားပြီးလျှင် “မြို့၌နက်ဖြန်ခတ်တော်ဌာပနာလတ္တံ့၊ မြို့သူမြို့သားတို့သည် မိမိ-မိမိ၏စည်းစိမ်ချမ်းသာအားလျော်စွာ တန်ဆာဆင်ပြီးလျှင် ပန်း,နံ့သာစသည်တို့ကိုယူ၍ မဟာစေတီယင်ပြင်သို့ လာကြကုန်လော့” ဟု စည်လည်စေ၏။

သိကြားမင်းသည်လည်း “နက်ဖြန်မဟာစေတီ၌ခတ်တော်ဌာပနာလတ္တံ့၊ အလုံးစုံသောတမ္ပပဏ္ဏိကျွန်းကို တန်ဆာဆင်လေလော့” ဟု ဝိသုကြုံနတ်သားကိုမိန့်တော်မူလေ၏၊ဝိသုကြုံနတ်သားသည် ထိုခိုင်းစေသောနေ့၌ ယူဇနာ တခုယုတ်သုံးရာရှိသော တမ္ပပဏ္ဏိကျွန်းကို ကသိုဏ်းဝန်းကဲ့သို့ညီမျှစွာပြု၍ ငွေပြားနှင့်တူသောသဲတို့ဖြင့်ကြဲလျက် အဆင်းဝါးပါးရှိသောပန်းတို့ဖြင့် ပြွမ်းသည်ကိုပြု၍ ထက်ဝန်းကျင်၌ ရေအိုးအစဉ်တို့ကိုထားစေ၍ ကန့်လန့်ကာတို့ဖြင့်ကာလျက် ပုဆိုးမျက်နှာကြက်ကိုဖွဲ့၍ မြေပြင်၌ပဒုမာကြာတို့ကို ကောင်းကင်၌တွဲလွဲဆွဲသော ပဒုမာကြာတို့ကိုပြု၍ တန်ဆာဆင်သောနတ်သဘင်ကဲ့သို့ စီရင်လေ၏၊ မဟာသမုဒ္ဒရာကိုလည်း လှိုင်းတံပိုးမှကင်းစေလျက် ကြာမျိုးငါးပါးတို့ဖြင့်ဖုံးအုပ်သည်ကိုပြုလေ၏၊ခတ်တော်တို့၏တန်ခိုးဖြင့် အလုံးစုံသော စကြဝဠာသည် ပဋိသန္ဓေနေတော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ စသည်တို့၌ကဲ့သို့ ကောင်းစွာစီရင်ခြင်းဖြစ်လေ၏။

မြို့သူမြို့သားတို့သည်လည်း မြို့လမ်းတို့ကိုတံမြက်လှည်း၍ ပုလဲနှင့်တူသောသဲကိုကြဲလျက် ပေါက်ပေါက်လျှင်ငါးခုမြောက်သော ပန်းကို ဖြန့်ကြဲ၍ အထူးထူးသောအဆင်းရှိကုန်သော တံခွန်,ကုက္ကားကိုစိုက်စေ၍ ရေပြည့်အိုး, ငှက်ပျော, ကောင်းရန်းတိုင်စသည်တို့ဖြင့် တန်ဆာဆင်လျက် မြို့ကိုစီရင်ကြကုန်၏၊ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် မြို့၏လေးခုသောတံခါးတို့၌ လာကုန်သောလူတို့၏ သုံးဆောင်ခြင်းအကျိုးငှါ အထူးထူးအပြားပြားသော ခဲဘွယ်,ဘောဇဉ်, နံ့သာ, ပန်းစသောအဝတ်တန်ဆာ၊ ငါးပါးအပြားရှိသော ခံတွင်း၌ထုံသောဆေးနှင့်တကွ ကွမ်းတို့ကိုလည်းထားစေ၏၊ ထိုနောက် မင်းကြီးသည်

ကိုယ်တော်တိုင် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ကုမုဒြာကြာအဆင်းရှိသော ကိုယ်လုံးဖြူသော သိန္ဓောမြင်းလေးစီး ကသော မြတ်သောရထားကိုစီးလျက် တန်ဆာဆင်ပြီးသော ကဏ္ဍုလဆင်တော်ကို ရှေ့ထားလျက် ရှေ့ပန်းတောင်းကို ဦးခေါင်း၌ထား၍ ထီးဖြူအုပ်လျက် တည်နေလေ၏၊ ထိုအခါ သိကြားမင်းကို နတ်သမီးတို့သည် ခြံရံအပ်ကုန်သကဲ့သို့ အထူးထူးသောတန်ဆာတို့ဖြင့် တင့်တယ်ကုန်သော နတ်သမီးနှင့်တူကုန်သော အထောင်မက များစွာသော နန်းတွင်းသူတို့သည်၎င်း,တကျိပ်သော စစ်သူကြီးတို့သည်၎င်း, အင်္ဂါလေးပါးရှိသော စစ်သည်တို့သည်၎င်း ခြံရံကြကုန်၏။

ထို့အတူ တထောင့် ရှစ်ယောက်စီရှိကုန်သော ယောကျ်ားနှင့် မိန်းမတို့သည်လည်း ရေပြည့်အိုးတို့ကို ထားစေ၍ ခြံရံကြကုန်၏၊ တထောင့် ရှစ်ယောက်စီရှိကုန်သော ယောကျ်ားနှင့် မိန်းမတို့သည်လည်း ပန်းကြုတ်နှင့် ဒုတ်,ဆီမီးတိုင်တို့ကို၎င်း,အထူးထူးသောအဆင်းရှိကုန်သော တံခွန်တို့ကို၎င်း ကိုင်ကုန်လျက် ခြံရံကြကုန်၏၊ ဤသို့လျှင် မင်းကြီးသည် မြတ်သောမင်း၏ အာနုဘော်ဖြင့် နန္ဒဝန်ဥယျာဉ်သို့ ထွက်တော်မူသော သိကြားမင်းကဲ့သို့ ထွက်တော်မူလေ၏၊ ထိုအခါ အထူးထူးသော တူရိယာတီးမှုတ်ခြင်းတို့ဖြင့်၎င်း, ဆင်သံ, မြင်းသံ, ရထားသံကဲ့သို့၎င်း မဟာပထဝီမြေကြီးသည် ပြိုကျသိသကဲ့သို့ ဖြစ်လေ၏၊ ထိုအခါ သောဏုတ္တရသာမဏေသည် မိမိ၏ ပရိဝုဏ်၌သာလျှင် နေတော်မူလျက် တူရိယာတီးမှုတ်သံဖြင့် မင်းကြီး ထွက်တော်မူကြောင်းကို သိသောအခါ အဘိညာဉ်ပါဒကစတုတ္ထဈာန်ကို ဝင်စားပြီးလျှင် မြေ၌ငုပ်တော်မူ၍ မဉ္ဇေရိကနဂါးပြည်၌ မဟာကာလနဂါးမင်း၏ရှေ့၌ ထင်ရှားဖြစ်လေ၏။

နဂါးမင်းသည် သောဏုတ္တရသာမဏေကို မြင်လေသော် နေရာမှထ၍ ရှိခိုးပြီးလျှင် နံ့သာရေဖြင့် ခြေတို့ကို ဆေးပြီး၍ အနံ့အရသာနှင့်ပြည့်စုံသော ပန်းတို့ဖြင့်ပူဇော်လျက် လျောက်ပတ်သော နေရာ၌နေ၍ "အဘယ်အရပ်မှ ကြွလာတော်မူပါသနည်း"ဟု မေးလျှောက်လေ၏၊ "တမ္ဗပဏ္ဏိကျွန်းမှလာ၏"ဟု မိန့်လေသော် "အဘယ်အကျိုးငှါကြွလာပါသနည်း"ဟု မေးလျှောက်၏၊ "မြတ်သောမင်းကြီး.... တမ္ဗ

ပလ္လင်္ကကျွန်း၌ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် မဟာစေတီကိုတည် သောကြောင့် ဓာတ်တော်တို့ကို ရဟန်းသံဃာ၏တာဝန်ကိုပြုတော်မူ၏၊ မဟာဝိဟာရ ကျောင်းတော်၌ သုံးသောင်းကုန်သော ရဟန်းတို့သည် စည်းဝေးပြီးလျှင် မဟာစေတီအကျိုးငှါ ထားအပ်သောဓာတ်တော် တို့သည် မဟာကာလနဂါးမင်း၏အထံ၌ တည်ရှိကုန်၏ဟု နဂါးမင်း အား ထိုအကြောင်းကိုပြောဆိုပြီးလျှင် ဓာတ်တော်တို့ကို ဆောင်ယူ ခဲ့လေ့ဟုငါ့ကိုစေလွှတ်ကုန်သောကြောင့် ဤအရပ်သို့လာသည်”ဟုမိန့် တော်မူ၏။

ထိုစကားကို ကြားသောအခါ နဂါးမင်းသည် တောင်ဖြင့်ဖိဘိ သကဲ့သို့ များစွာသော နှလုံးမသာယာခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ဤသို့ကြံစည်လေ၏၊“ငါတို့သည် ဤဓာတ်တော်တို့ကိုပူဇော်၍ အပါယ် မှလွတ်ပြီးလျှင် နတ်ပြည်၌ဖြစ်ရလိမ့်မည်ဟု မှတ်ထင်ကုန်၏၊ဤရဟန်း သည် တန်ခိုးအာနုဘော်ကြီး၏၊ ဓာတ်တော်တို့သည် ဤနေရာ၌ရှိခဲ့ သော် ငါတို့ကိုနှိပ်စက်၍ယူနိုင်၏၊ ဓာတ်တော်တို့ကို တပါးသောအရပ် သို့ဆောင်ခြင်းငှါသင့်၏”ဟု ကြံစည်၍ မိမိ၏ပရိသတ်ကို ကြည့်လေ သော် ပရိသတ်၏အဆုံး၌တည်နေသော ဝါသုလဒတ္တအမည်ရှိသော မိမိ၏တူတော်ကိုမြင်၍ ထိုဝါသုလဒတ္တအား အမှတ်သညာကိုပေးလေ ၏၊ ဝါသုလဒတ္တသည် ဦးရီးတော်၏အလိုကိုသိ၍ စေတီအိမ်သို့သွား ပြီးလျှင် ဓာတ်တော်ကြုတ်ကိုယူ၍ မျိုလျက်မြင့်မိုရ်တောင်ခြေရင်းသို့ သွားပြီးလျှင် အခွေအဝန်းအားဖြင့် ယူဇနာတရာရှိသော, အလျား အားဖြင့် ယူဇနာသုံးဆယ်ရှိသော တန်ခိုးကြီးသော ဝါသုလဒတ္တ သည် အထောင်မက များစွာသောပါးပျဉ်းတို့ကို ဖန်ဆင်းပြီးလျှင် အခိုးအလျှံ တောက်သည်ဖြစ်၍ အထောင်မကများစွာသော မိမိ၏ ပရိသတ်ဖြင့် ထက်ဝန်းကျင်ခြံရံလျက် ကြောက်မက်ဖွယ်ကို ဖန်ဆင်း ပြီးလျှင် အခွေတို့ကိုခွေ၍ မြင့်မိုရ်တောင်ရင်း၌ရှိသော သဲအပြင်၌အိပ် နေလေ၏။

များစွာကုန်သော နတ်နှင့်နဂါးတို့သည် “နှစ်ပါးကုန်သော မြွေ နဂါး, လူနဂါးတို့၏ စစ်ထိုးခြင်းကိုကြည့်ရှုကုန်အံ့” ဟု ထိုထိုအရပ်၌ စည်းဝေးကြကုန်၏၊ ထိုနောက် နဂါးမင်းသည် တူတော်ဝါသုလဒတ္တ

သည် ဓာတ်တော်တို့ကို အရပ်တပါးသို့ ဆောင်ယူကြောင်းကို သိ၍ ဤသို့လျှောက်ထားလေ၏၊ "ကျွန်ုပ်၏ထံ၌ဓာတ်တော်တို့သည် မရှိပါ၊ အရှင်ဘုရားတို့သည် ဤနဂါးပြည်၌ ကြာမြင့်စွာမနေမူ၍ လျင်မြန်စွာ ကြွတော်မူပြီးလျှင် ရဟန်းသံဃာအား ထိုအခြေကြောင်းကိုလျှောက်ထားပါကုန်၊ ရဟန်းသံဃာသည် တပါးသောအရပ်၌ ဓာတ်တော်တို့ကို ရှာမှီးလတ္တံ့"ဟု လျှောက်ထားလေ၏၊ သာမဏေသည် "အစမှစ၍ ဓာတ်တော်တို့၏ ကြွလာတော်မူကြောင်းကိုမိန့်၍ ဓာတ်တော်တို့သည် သင်၏ အထံ၌သာလျှင် ရှိကုန်၏၊ ကြာမြင့်စွာ မပြုမူ၍ ပေးလော့"ဟု တောင်းလေ၏၊ ထိုအခါ နဂါးမင်းသည် သာမဏေသည်အစ၌ ပင့်ယူခဲ့ကြောင်းကိုသိ၍ တစုံတခုသော ပရိယာယ်ဖြင့် ဓာတ်တော်တို့ကိုမပေးမူ၍ ရှာမှီးစေခြင်းငှါသင့်၏ဟု ကြံစည်ပြီးလျှင် သာမဏေကို ဓာတ်တော်ကျောင်းသို့ပင့်၍ စေတီနှင့် စေတီအိမ်ကိုပြလေ၏၊ ထိုစေတီနှင့် စေတီအိမ်သည် အလုံးစုံသောရတနာခုနစ်ပါးတို့ဖြင့်ပြီး၏၊ [ထိုစေတီနှင့် စေတီအိမ်တို့၏အကြောင်းကို မဟာဝင်၌ဆိုခဲ့ပြီ။]

စေတီနှင့် စေတီအိမ်ကိုပြပြီးလျှင် စေတီအိမ်မှသက်ဆင်း၍လယက်ဝက်သဏ္ဌာန်ရှိသော ကျောက်ဖျာ၌သန္တာနီဖြင့်ပြီးသော ပဒုမာကြာ၌ ရပ်၍"ဤစေတီနှင့် စေတီအိမ်၏အဘိုးကို ဆုံးဖြတ်တော်မူပါ" ဟု လျှောက်လေ၏၊ သာမဏေသည် "နဂါးမင်းကြီး.... အဘိုးကိုဆုံးဖြတ်ခြင်းငှါမစွမ်းနိုင်၊ အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ရှိသော ရတနာတို့သည် ဤလယက်ဝက်သဏ္ဌာန်ရှိသော ကျောက်ဖျာလောက်အဘိုးမထိုက်ကုန်"ဟု မိန့်တော်မူ၏၊ နဂါးမင်းသည် "ဤသို့အဘိုးမထိုက်ခဲ့သော် များစွာပူဇော်သောနေရာမှ အနည်းငယ် ပူဇော်သောနေရာသို့ ဓာတ်တော်တို့ကို ပင့်ယူခြင်းသည် သင့်ပါသလော"ဟု ဆိုလေ၏၊ သာမဏေသည် ဤသို့မိန့်တော်မူ၏၊ "နဂါးမင်းကြီး.... ဘုရားတို့မည်သည် တရားတော်ကိုအလေးပြုကုန်၏၊ ပစ္စည်းလေးပါးဟု ဆိုအပ်သော အာမိသကိုအလေးမပြုကုန်၊ သင်တို့သည် စကြဝဠာပမာဏရှိသော ရတနာကျောင်းတော်ကို ဖန်ဆင်းပြီးလျှင် ရတနာဖြင့်ပြည့်စေလျက် ဓာတ်တော်တို့ကို ပူဇော်ကြကုန်သော်လည်း တရားထူးကို

သိမြင်ခြင်း၄ါ စွမ်းနိုင်သောနဂါးတကောင်မျှမရှိချေ၊ သစ္စာလေးပါးကိုမသိနိုင်သောနေရာ၌ ဓာတ်တော်တို့ရှိခြင်းသည် မသင့်၊ မြတ်စွာဘုရားတို့သည် သံသရာဒုက္ခမှ လွတ်မြောက်ခြင်းကို အလိုရှိကုန်၏၊ ထို့ကြောင့် ဓာတ်တော်တို့ကိုပင့်ယူအံ့၊ ယနေ့ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည်ဓာတ်တော်တို့ကို ဌာပနာလတ္တံ့၊ ထိုဌာပနာခြင်းကို ကြာမြင့်စွာမပြုမူ၍ ငါ့အားဓာတ်တော်တို့ကို လျင်မြန်စွာပေးလော့” ဟု မိန့်တော်မူလေ၏။

ဤသို့ မိန့်တော်မူလေသော် နဂါးမင်းသည် ပြန်၍လျှောက်ထားရန် ဉာဏ်ပညာ မရှိသည်ဖြစ်၍ မိမိ၏ တူတော်သည် ဓာတ်တော်တို့ကို စောင့်ရှောက်၍ပြီးပြီဟု မှတ်ထင်လျက် ဤသို့လျှောက်ထား၏၊ “အရှင်ဘုရားတို့သည် စေတီ၌ ဓာတ်တော်တို့ရှိမရှိကိုမသိမူ၍ ပေးပါဟုဆိုကုန်၏၊ ကျွန်ုပ်သည်မရှိပါဟုပြောဆို၏၊ အကယ်၍မြင်ခဲ့သော် ယူ၍သွားပါကုန်”ဟု လျှောက်ထားလေ၏၊ “နဂါးမင်းကြီး....ငါယူ၏ ဟုဆိုလေသော် ရဟန်းယူလော့”ဟု ဆိုလေ၏၊ ဤသို့လျှင်သုံးကြိမ်မြောက်အောင် ပဋိညာဉ်ကို ယူပြီးလျှင် ထိုမဉ္ဇေရိကနဂါးပြည်၌ သောဏုတ္တရသာမဏေသည် တည်နေတော်မူလျက် တူဖြစ်သော ဝါသုလဒတ္တ၏ဝမ်းသို့ သိမ်မွေ့စွာသောလက်ကိုဖန်ဆင်းပြီးလျှင် သွား၍ ဓာတ်တော်ကြုတ်ကိုယူပြီးလျှင် နဂါးမင်းကြီးနေရစ်ဦးလော့ဟု ဆိုပြီး၍ မြေ၌ငုပ်ပြီးလျှင် မိမိ၏ပရိဝုဏ်၌ ပေါ်တော်မူ၏၊ ထိုအခါ သာမဏေနှင့်နဂါးတို့၏ စစ်ထိုးခြင်းကို ကြည့်ရှုကုန်အံ့ဟု လာကုန်သော နတ်, နဂါးပရိသတ်တို့သည်လည်း ရဟန်းဖြစ်သောနဂါး၏ အောင်ခြင်းကို မြင်ကြသောအခါ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ဓာတ်တော်တို့ကို ပူဇော်လျက်သာလျှင် သာမဏေနှင့် အတူတကွ သွားကြကုန်၏။

နဂါးမင်းသည် သာမဏေအားလှည့်ပတ်ဖြားယောင်း၍လွတ်အပ်ပြီဟု ဝမ်းမြောက်သည်ဖြစ်၍ ဓာတ်တော်တို့ကိုယူ၍လာရန် တူတော်အား သတင်းစကားကို ပေးပို့လေ၏၊ တူတော်သည်လည်း ဝမ်း၌ဓာတ်တော်ကြုတ်ကို မမြင်ခြင်းကြောင့် ငိုကြွေးလျက်လာပြီးလျှင် ဦးရီးတော်အား ပြောကြားလေ၏၊ ထိုအခါ နဂါးမင်းကြီးသည် ငါတို့ကို

လှည့်ပတ်ပြီဟု ငိုကြွေးလေ၏၊ ထို့နောက် နဂါးပြည်၌ အလုံးစုံသောနဂါးတို့သည် စည်းဝေးကြပြီးလျှင် ဆံတို့ကိုဖြေ၍ လက်နှစ်ဘက်တို့ဖြင့် ရင်တို့ကိုထု၍ ကြာညိုနှင့်တူသောမျက်စိတို့ဖြင့် ညက်ညက်ကြေသောငွေကဲ့သို့ မျက်ရည်ကိုဖြစ်စေလျက် သံဃာတော်၏ထံ၌ ငိုကြွေး၍ လာကြပြီးလျှင် ရဟန်းသံဃာတော်အား ဤသို့လျှောက်ကုန်၏၊ "အရှင်ဘုရားတို့.... တစုံတယောက်သောသူအား မနှိပ်စက်မူ၍ ကျွနုပ်တို့၏ ကုသိုလ်အာနုဘော်ကြောင့်ရ၍ ကြာမြင့်စွာ ကိုးကွယ်အပ်ကုန်သော ဓာတ်တော်တို့ကို အဘယ့်ကြောင့်အကြွင်းအကျန်မရှိ ပင့်ယူဘိသနည်း၊ အကျွနုပ်တို့၏ နတ်ရွာ,မဂ်,ဖိုလ်အန္တရာယ်ကို မပြုကြပါကုန်လင့်"ဟု လျှောက်ကုန်၏။

ထိုနဂါးတို့အား သံဃာတော်သည် သနားသဖြင့် အနည်းငယ်သောဓာတ်တော်ကို ပေးလေ၏၊ နဂါးတို့သည် ထိုပေးသောဓာတ်တော်ဖြင့် ဝမ်းမြောက်ဝမ်းသာစွာသွားကြကုန်၍ ပူဇော်အပ်သောဘဏ္ဍာတို့ကို ဆောင်ယူကြကုန်၏၊ ထို့နောက် သိကြားမင်းသည် ဝိသုကြံနတ်သားကိုခေါ်တော်မူပြီးလျှင် "သာမဏေပေါ်တော်မူသောနေရာ၌ ရတနာ့ခုနစ်ပါးဖြင့်ပြီးသော မဏ္ဍပ်ကိုဖန်ဆင်းလော့"ဟု မိန့်တော်မူ၏၊ ဝိသုကြံနတ်သားသည် ထိုမိန့်တော်မူသော ခဏ၌သာလျှင် မဏ္ဍပ်ကိုဖန်ဆင်းလေ၏၊ ထိုအခါသိကြားမင်းသည် နတ်ပြည်နှစ်ထပ်တို့၌ရှိသော နတ်တို့ဖြင့်ခြံရံအပ်သည်ဖြစ်၍ ရွှေပန်းတောင်းနှင့် ရတနာပလ္လင်ကိုယူလာပြီးလျှင် ထိုမဏ္ဍပ်၌ထားစေပြီး၍ သာမဏေ၏လက်မှ ဓာတ်တော်ကြုတ်ကိုယူပြီးလျှင် မဏ္ဍပ်၌ထားစေ၏။

ဗြဟ္မာကြီးသည် ထီးဖြူကိုဆောင်းတော်မူ၏၊ သန္တုသိတနတ်မင်းသည် သားမြီးယပ်ကို,သုယာမနတ်မင်းသည် ပတ္တမြားယပ်ကို,သိကြားမင်းသည် ခရုသင်းကို, စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် သန်လျက်တို့ကိုယူကုန်လျက် တည်နေကြကုန်၏၊ သုံးကျိပ်နှစ်ယောက်သော နတ်သားတို့သည် ပန်းထည့်သောကြုတ်တို့ကို ပင်လယ်ကသစ်ပန်းပွင့်တို့ဖြင့်ပူဇော်လျက် တည်နေကြကုန်၏၊ သုံးကျိပ်နှစ်ယောက်သော သတို့သမီးတို့သည် ဒုတ်,ဆီမီးတိုင်ကို ကိုင်ကုန်လျက် တည်နေ

ကြကုန်၏၊ နှစ်ကျိပ်ရှစ်ယောက်ကုန်သော နတ်စစ်သူကြီး တို့သည် မကောင်းသောနတ်ဘီလူးတို့ကို ပြေးစေပြီးလျှင် စောင့်ရှောက်ကုန်လျက် တည်နေကြကုန်၏၊ ပဉ္စသိခနတ်သားသည် စောင်းတီးလျက် တည်နေ၏၊ တိမ္ဗရုနတ်မင်းသည် အင်္ဂါလေးပါးနှင့်ပြည့်စုံသော ပတ္တရားကို ဖန်ဆင်းပြီးလျှင် တူရိယာတီးမှုတ်လျက် တည်နေ၏၊ များစွာကုန်သောနတ်သားတို့သည် ကောင်းစွာသီဆိုလျက်တည်နေကြကုန်၏ မဟာကာလနဂါးမင်းသည် ချီးမွမ်းတော်မူလျက် တည်နေတော်မူ၏၊ ထိုအခါ ဣန္ဒဂုတ္တထေရ်သည် မာရ်နတ်ကိုတားမြစ်ခြင်းငှာ ကောင်းကင်စကြဝဠာ အဆုံးရှိသောထီးကို ဖန်ဆင်းတော်မူ၏၊ နိကာယ်ငါးပါးကို ဆောင်ကုန်သော မထေရ်တို့သည် ဓာတ်တော်တို့ကို ခြံရံ၍ ငါးပါးသောနေရာတို့၌ နေပြီးလျှင် တပေါင်းတည်း ရွတ်ဆိုကြကုန်၏။

ထိုအခါမင်းကြီးသည် ထိုနေရာသို့လာပြီးလျှင် ဦးခေါင်းမှရွှေပန်းတောင်းကိုချ၍ ဓာတ်တော်ကြုတ်ကို မိမိ၏ပန်းကြုတ်၌ထည့်၍ ပလ္လင်၌ထားစေပြီးလျှင် ပန်း, နံ့သာတို့ဖြင့်ပူဇော်လျက် တည်ခြင်းငါးပါးဖြင့်ရှိခိုးပြီးလျှင် လက်အုပ်ချီ၍ မျက်စိတို့ကိုဖွင့်၍ ကြည့်ရှုတော်မူ၏၊ ထိုအခါ ဓာတ်တော်၏အထက်၌ ထီးသည်ထင်ရှား၏၊ ထီးကိုကိုင်သောဖြဟ္မာသည် မထင်ရှားချေ၊ သားမြီးယပ်စသည်တို့သည် ထင်ရှားကုန်၏၊ ကိုင်သောနတ်တို့သည် မထင်ရှားကုန်၊ နတ်တို့၏တူရိယာတီးမှုတ်သံတို့ကို ကြားရကုန်၏၊ တီးမှုတ်သောနတ်တို့သည် မထင်ရှားကုန်၊ မင်းကြီးသည် ဤအံ့ဘွယ်ကိုမြင်သောအခါ အရှင်ဣန္ဒဂုတ္တထေရ်ကို ဤသို့လျှောက်တော်မူ၏၊ "နတ်တို့သည် နတ်တို့၏ထီးဖြူဖြင့်ပူဇော်ကုန်၏၊ အကျွန်ုပ်သည်ကား လူတို့၏ထီးဖြင့်ပူဇော်အံ့"ဟု လျှောက်လေသော် "မြတ်သောမင်းကြီးသင့်မြတ်၏"ဟု မိန့်တော်မူ၏။

မင်းကြီးသည် မိမိ၏ရွှေထီးဖြူတော်ဖြင့် ပူဇော်ပြီးလျှင် ရွှေကရားကိုကိုင်လျက် ဘိသိက်ပေးတော်မူ၍ တရက်ပတ်လုံး အလုံးစုံသောတမ္ဗပဏ္ဏိကျွန်း၌ မင်း၏အဖြစ်ကိုလှူတော်မူ၏၊ ထိုအခါ အလုံးစုံသောတူရိယာတို့ကို တီးမှုတ်ခြင်း, ပန်း, နံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းကိုပြုကြကုန်၏၊ ထိုအခါမင်းကြီးသည် "ကျွန်ုပ်၏ မြတ်စွာဘုရားသည်

နတ်၌ဖြစ်သောထီး, လူ၌ဖြစ်သောထီးနှစ်လက်တို့ကို ဆောင်သလော" ဟု မေးတော်မူ၏၊ "မင်းကြီး....ထီးတို့သည် နှစ်လက်မဟုတ်ကုန်၊ သုံးလက်ရှိကုန်၏"ဟု မိန့်လေသော် မင်းကြီးသည် "ထီးတလက်ကား အဘယ်ထီးပါနည်း"ဟု လျှောက်လေ၏၊ မထေရ်သည် "မြတ်သောမင်းကြီး.... သီလဟူသော မြေ၌တည်သော သမာဓိဟူသော အရိုးရှိသော ဇ္ဈာနိန္ဒြိယပရောပရိယတ္တိဉာဏ်ဟု ဆိုအပ်သော ထီးရွက်ပန်းရှိသော မဂ်ဖိုလ်ဝိမုတ္တိဉာဏ်ဟု ဆိုအပ်သော မြတ်သောထီးဖြူတော်ကို စိုက်ထောင်ပြီးလျှင် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သောအဘိသိက်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် တရားရတနာဟု ဆိုအပ်သော စက်ကိုလည်စေလျက် တသောင်းသော စကြဝဠာတို့၌ ဘုရား၏အဖြစ်ကို လက်တော်သို့ရောက်သည်ကိုပြု၍ သူတော်ကောင်းတို့၏တရားဖြင့် စကြဝတေးမင်း၏ အဖြစ်ကို ပြုတော်မူ၏"ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသောအခါ မင်းကြီးသည်"မြတ်သောထီးဖြူတော်ကို ဆောင်းတော်မူသော မြတ်စွာဘုရားအား သုံးကြိမ်မင်းအဖြစ်ကို ပေးအံ့"ဟု မိန့်တော်မူပြီးလျှင် သုံးကြိမ်ဓာတ်တော်တို့ကိုမင်း၏အဖြစ်ဖြင့် ပူဇော်တော်မူ၏၊ ထို့နောက်မင်းကြီးသည် နတ်နှင့်လူတို့သည် နတ်လူ၌ ဖြစ်ကုန်သော နံ့သာ, ပန်းစသည်တို့ဖြင့် ပူဇော်ကုန်သည်ရှိသော် များစွာသောတူရိယာတို့ကို တီးမှုတ်အပ်ကုန်သည်ဖြစ်၍ ဓာတ်တော်ကြုတ်ကို ဦးခေါင်းဖြင့်ရွက်လျက် ရတနာမဏ္ဍပ်တော်မှ ထွက်ပြီးလျှင် ရဟန်းသံဃာဖြင့်ခြံရံလျက် မဟာစေတီတော်ကို လက်ျာရစ်လှည့်၍ အရှေ့တံခါးဖြင့်တက်လျက် ဓာတ်တော်တိုက်သို့ သက်ဆင်းတော်မူ၏၊ ထိုအခါ မဟာစေတီကိုခြံရံ၍ ကိုးဆယ့်ခြောက်ကုဋေသော ရဟန္တာတို့သည်တည်နေကြကုန်၏၊မင်းကြီးသည်ဦးခေါင်းမှဓာတ်တော်ကြုတ်ကိုချ၍"မြတ်သောသူတို့အား ထိုက်သောအိပ်ရာပေါ်၌ ထားအံ့" ဟုကြံစည်တော်မူ၏။

ထိုကြံစည်သောခဏ၌ ဓာတ်တော်ကြုတ်သည် မင်းကြီး၏ဦးခေါင်းမှ ကောင်းကင်သို့ ကြွတော်မူပြီးလျှင် ထန်းခုနစ်ဆင့် ပမာဏရှိသော ကောင်းကင်၌ အလိုလိုလှည့်လည်တော်မူလျက် သုံးဆယ့်နှစ်ပါးသော

ယောက်ျားမြတ်တို့၏ လက္ခဏာတော်, ရှစ်ဆယ်သောလက္ခဏာတော်ငယ်, တလံမျှသော ရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်အပ်သော ကေတုမာလာမည်သော ရောင်လျှံတော်ဖြင့် တင့်တယ်သော နီလ, ပီတ,လောဟိတ-စသော ဆန်းကြယ်သော အရောင် ကွန်ယက်ဖြင့် တောက်ပသော ဘုရား၏အသွင်ကိုယူပြီးလျှင် ကဏ္ဍမ္ဗသရက်ပင်ရင်း၌ ပြသော ယမကပြာဋိဟာနှင့်တူသော ယမကပြာဋိဟာကိုပြတော်မူ၏၊ ထိုဓာတ်တော်၏ ယမကပြာဋိဟာကို ဖူးမြင်ကြ၍ ကြည်ညိုကြသော ကြောင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်သော နတ်လူတို့သည် တဆယ့်နှစ်ကုဋေဖြစ်ကုန်၏၊ ကြွင်းသောဖိုလ်သုံးပါးသို့ ရောက်ကုန်သောနတ်လူတို့သည် မရေတွက်နိုင်ကုန်။

## ၆၆။ ဓာတ်တော်ကိုဌာပနာခြင်း

ဤသို့လျှင် ဓာတ်တော်တို့သည် များစွာသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ဘုရားအသွင်ကိုစွန့်လျက် ဓာတ်တော်ကြုတ်သို့ဝင်၍ ထိုကြုတ်နှင့် အတူသက်ဆင်းလျက် မင်းကြီး၏ဦးခေါင်း၌ တည်ကုန်၏၊ မင်းကြီးသည် အမြိုက်ရေဖြင့် သွန်းလောင်းသကဲ့သို့ အကျိုးရှိသော လူ၏အဖြစ်ကိုရခြင်းကို အောက်မေ့လျက် လက်နှစ်ဘက်တို့ဖြင့် ဓာတ်တော်ကြုတ်ကိုကိုင်ပြီးလျှင် မင်းမောင်းမတို့ ခြံရံလျက် တန်ဆာဆင်အပ်သော အိပ်ရာ၏အနီးသို့သွား၍ ဓာတ်တော်ပန်းတောင်းကို ရတနာပလ္လင်၌ထားလျက် ထုံအပ်သောနံ့သာရေဖြင့် ပက်ဆေးပြီးလျှင်နံ့သာမျိုးလေးပါးဖြင့် ပွတ်တိုက်ပြီးသောအခါ ဓာတ်တော်ကြုတ်ကို ဖွင့်ပြီးလျှင် ဓာတ်တော်တို့ကိုယူလျက် ဤသို့ကြံစည်တော်မူ၏၊ "ဓာတ်တော်တို့ကို နောင်အခါ တစုံတခုသောဘေးရန်တို့သည် မနှောက်ယှက်ကုန်သည်ဖြစ်အံ့၊ လူအပေါင်း၏ ကိုးကွယ်ရာဖြစ်၍ တည်ကုန်ငြားအံ့၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရာဖြစ်သော ညောင်စောင်း၌ မြတ်သောသူတို့အားသာလိုက်သော ကောင်းစွာခင်းထားအပ်သော အိပ်ရာ၌ ကျိန်းစက်တော်မူသော အခြင်းအရာဖြင့် ကျိန်းစက်စေသတည်း" ဟုကြံစည်တော်မူ၏။

ဤသို့ကြံစည်ပြီးလျှင် မြတ်သောအိပ်ရာပေါ်၌ ဓာတ်တော်တို့ကို ထားတော်မူ၏၊ ထိုသို့ထားတော်မူသောခဏ၌ ဓာတ်တော်တို့သည်

မင်းကြီး၏ကြံစည်တိုင်းသာလျှင် မြတ်သောသူတို့အားသာ ထိုက်သော အိပ်ရာပေါ်၌ ဘုရား၏အသွင်ဖြင့် ကျိန်းစက်တော်မူကုန်၏၊ ဤသို့လျှင် ဥတ္တရာသင်္ဂနက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့်ဥပုသ်နေ့၌ ခါတ်တော် တို့သည်တည်ကုန်၏၊ခါတ်တော်တည်တော်မူသည်နှင့်တပြိုင်နက်—

၁။ ရေအဆုံးရှိသည်ကိုပြု၍ မဟာပထဝီမြေကြီးသည် လှုပ်လေ၏။

၂။ မဟာသမုဒ္ဒရာသည် ချောက်ချား၏။

၃။ ကောင်းကင်၌လျှပ်စစ်နွယ်တို့သည် ထွက်ကုန်၏။

၄။ တခဏခြင်း မိုးသည်ရွာ၏။

၅။ နတ်နှင့်တကွသောလောက၌ တပြိုင်နက်အုတ်အုတ်ကျက်ကျက် သည်ဖြစ်၏။

မင်းကြီးသည် ဤအံ့ဘွယ်ကိုမြင်သောအခါ ကြည်ညိုသည်ဖြစ်၍ မိမိဝတ်ဆင်ထားသော ကဥ္စနမာလိကမည်သော မင်း၏တန်ဆာကို ထီးဖြူတော်နှင့်တကွ ခါတ်တော်တို့ကို ပူဇော်ပြီးလျှင် တမ္ဗပဏ္ဏိကျွန်း၌ မင်း၏အဖြစ်ကို ခုနစ်ရက်ပတ်လုံး လှူတော်မူ၍ သုံးဆောင်းအဘိုး ထိုက်သော တန်ဆာတို့ကိုချွတ်၍ ပူဇော်လေ၏၊ အလုံးစုံကုန်သော မင်း, မောင်းမ, အမတ်များစွာသော နတ်လူတို့သည်လည်း အလုံးစုံ သောတန်ဆာတို့ကို ပူဇော်ကြကုန်၏၊ ထို့နောက် မင်းကြီးသည် သက်နီး, အဝတ်, တင်လဲ, ထောပတ်စသောဆေးတို့ကို သံဃာအား လှူပြီးလျှင် ညဥ့်သုံးယာမ်ပတ်လုံး တပေါင်းတည်း ရွတ်ဆိုခြင်းကိုပြု စေ၏၊ နောက်နေ့သို့ရောက်လတ်သော် "လူအပေါင်းသည် ဤခုနစ် ရက်ပတ်လုံး နံ့သာပန်းစသည်တို့ကို ယူလာပြီးလျှင် ခါတ်တော်တို့ကို ရှိခိုးလော့"ဟု မြို့၌စည်လည်စေ၏၊ အရှင်ဣန္ဒဂုတ္တ ထေရ်သည်လည်း "အလုံးစုံသောတမ္ဗပဏ္ဏိကျွန်း၌ ခါတ်တော်တို့ကို ရှိခိုးလိုသောလူတို့ သည် ထိုခဏ၌လာကြ၍ ရှိခိုးပြီးလျှင် အလိုရှိရာအရပ်သို့ သွားစေ သတည်း"ဟုမိန့်တော်မူ၏၊ လူတို့သည် မိဋ္ဌာန်တော်မူတိုင်းသာလျှင် ရှိခိုး၍ သွားကြကုန်၏။

မင်းကြီးသည် ခုနစ်ရက်ပတ်လုံး သံဃာတော်အား အလှူကြီးကို ပေးလှူပြီးလျှင် ခုနစ်ရက်ကိုလွန်သဖြင့် "ခါတ်တော်တိုက်၌ ကျွန်ုပ်၏ ပြုဘွယ်ကိစ္စသည် ပြီးဆုံးပါပြီ၊ ခါတ်တော်တိုက်ကို ပိတ်တော်မူပါ

ကုန်”ဟု သံဃာအား လျှောက်ကြားလေ၏၊ သံဃာသည် ဥတ္တရ သာမဏေ,သုမနသာမဏေနှစ်ပါးတို့ကို ခေါ်တော်မူပြီးလျှင် “သင်တို့ သည် ဆောင်ယူခဲ့ပြီးသော မေဒဝဏ္ဏကျောက်ဖြင့် ဓာတ်တော်တိုက် ကို ပိတ်ကြကုန်”ဟု မိန့်တော်မူ၏၊ သာမဏေတို့သည် ကောင်းပါပြီ ဟုဝန်ခံပြီးလျှင် ဓာတ်တော်တိုက်ကို ပိတ်ကြကုန်၏၊ ထို့နောက် ရဟန္တာအရှင်တို့သည်“ဓာတ်တော်တိုက်၌ နံ့သာတို့သည် မခန်းစေ သတည်း၊ ပန်းတို့သည် မညှိုးနွမ်းစေသတည်း၊ ဆီမီးတို့သည်မငြိမ်းဘဲ တည်စေသတည်း၊ ရတနာတို့သည် ပကတိအဆင်းအတိုင်း ဖြစ်စေသ တည်း၊ ပူဇော်သောဘဏ္ဍာတို့သည် မပျက်စေကုန်သတည်း၊ မေဒဝဏ္ဏ ကျောက်တို့သည် စေ့စပ်စွာဖြစ်စေသတည်း၊ ရန်သူတို့၏ပြုလုပ်ခွင့်သည် မဖြစ်စေသတည်း” ဟု ဓိဋ္ဌာန်ကြကုန်၏။

ဤသို့မင်းကြီးသည် ဓာတ်တော်ဌာပနာခြင်းကိစ္စ ပြီးလေသော် မဟာစေတီ၌ ဓာတ်တော်တို့ကို ဌာပနာလိုသောလူတို့သည် ဓာတ် တော်တို့ကို ပင့်ယူခဲ့ကြပြီးလျှင် ဌာပနခြင်းကို ပြုကြကုန်လော့” ဟု မြို့၌ တဖန်စည်လည်စေ၏၊လူများအပေါင်းသည် မိမိ-မိမိ၏ အစွမ်းရှိသည့် အားလျော်စွာ ရွှေကြုတ်,ငွေကြုတ်တို့ကို ပြုစေပြီးလျှင် ထိုထိုနေရာ၌ ဓာတ်တော်တို့ကို တည်စေ၍ ဓာတ်တော်ဌာပနာတိုက်၏ အထက်ဖြစ် သော *မေဒဝဏ္ဏကျောက်ဖျာပေါ်၌ ဌာပနာကြကုန်၏၊ အလုံးစုံ ဌာပနာအပ်ကုန်သော ဓာတ်တော်တို့သည် တထောင်အတိုင်းအရှည် ရှိကုန်၏။

ဓာတုနိဓာန ကထာပြီး၏။

---

## ၁၆။ တုသိတပုရဂမနကထာ

### ၆၇။ မင်းကြီးနတ်ရွာစံတော်မူခြင်း

ထိုအခါ မင်းကြီးသည် အလုံးစုံသောဓာတ်တော်တို့ကို ပိတ်စေပြီး လျှင် စေတီတည်လေသော် စေတီတော်နှင့်တကွ လေးထောင့်ရှိသော တံခါးမုခ်ကိုပြီးဆုံးစေ၏၊ထိုနောက် ထီးတင်ခြင်းအမှုနှင့်အင်္ဂတေလိမ်း

---

[*မဟာဝင်၌ ဓာတ်တော်တိုက်ကြီး၏အနီး၌ တိုက်ငယ်ပြု၍ လူအပေါင်းတို့ ဌာပနာသည်ဟုဆို၏။]

ကျံခြင်းအမှု မပြီးဆုံးမီသာလျှင် သေခြင်းအဆုံးရှိသော ရောဂါဖြင့် မကျန်းမာသည်ဖြစ်၍ ဒီဃဝါပိအရပ်မှ ညီတော်ကိုခေါ်စေပြီးလျှင် "စေတီ၌မပြီးဆုံးသော ထီးတင်ခြင်းအမှုနှင့် အင်္ဂတေလိမ်းကျံခြင်းအမှုကို ပြီးဆုံးစေ၍ ညီတော်သည် ငါ့ကိုနှစ်သက်စေလော့" ဟု မိန့်တော်မူ၏။

ညီတော်သည် မင်းကြီး၏ အားနည်းသောအဖြစ်ကိုသိ၍ နတ်ရွာမစံမီအတွင်း၌ ပြီးဆုံးအောင်ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် ဖြူစင်သောအဝတ်တို့ဖြင့် သင်တိုင်းအိတ်ကိုပြုစေ၍ စေတီ၌စွပ်စေလျက် ပန်းချီဆေးရေးသမားတို့ကို သင်တိုင်းအိတ်၏အထက်၌ ပွတ်တိုင်,ရေပြည့်အိုး,လက်ငါးချောင်းအစဉ်တို့ကိုပြုလုပ်စေ၏၊ နှီးသမားတို့ကို ဝါးဖြင့်ပြီးသောထီးကို ပြုလုပ်စေ၍ ပဒုမာကြာရွက်ဖြင့်ပြီးသော လဝန်း,နေဝန်းနှင့် အထက်ပွတ်တိုင်တို့ကို ပြီးစေ၍ ချိတ်ရည်,ဆုံးမှုန့်တို့ဖြင့် ဆန်းကြယ်သည်ကိုပြုစေ၍ "စေတီအမှုသည် ပြီးဆုံးပါပြီ" ဟု မင်းကြီးအား လျှောက်ကြား၏။

မင်းကြီးသည် "စေတီအမှုပြီးဆုံးခဲ့သော် ငါ့အားမဟာစေတီတော်ကိုပြလော့" ဟု ဆို၍ ထမ်းစင်၌အိပ်လျက် မဟာစေတီကိုလက်ျာရစ်လှည့်လည်၍ တောင်တံခါး၏မြေ၌ အိပ်ရာကိုခင်းစေပြီးလျှင် ထိုအိပ်ရာ၌ လက်ျာနံပါးဖြင့်အိပ်၍ လောဟပါသာဒပြာသာဒ်ကိုကြည့်ရှုတော်မူသောအခါ ကြည်ညိုသောစိတ်ဖြစ်တော်မူ၏၊ ထိုအိပ်တော်မူရာ၌ မင်းကြီး၏သာသနာတော်၌ ကျေးဇူးများသောအဖြစ်ကိုမှတ်တော်မူ၍ မကျန်းမာသည်ကိုမေးခြင်းငှါ ထိုထိုအရပ်မှကြွလာကုန်သော ကိုးဆယ့်ခြောက်ကုဋေကုန်သော ရဟန်းတို့သည် မင်းကြီးကိုခြံရံ၍တည်နေကြကုန်၏၊ ထိုနောက် သံဃာတော်သည် အစုအစုပြု၍ တပေါင်းတည်းရွတ်ဆိုတော်မူ၏၊ မင်းကြီးသည် ထိုအစည်းအဝေး၌ ထေရပုဿဒေဝထေရ်ကို မမြင်သောကြောင့် ဤသို့ကြံစည်တော်မူ၏၊ "ထိုမထေရ်သည် ဓမ္မိဠကျေးတို့နှင့်တကွ နှစ်ဆယ့်ရှစ်ကြိမ် ငါသည်စစ်ထိုးခြင်းကိုပြုသောအခါ မဆုတ်နစ်မူ၍ ယခုအခါ သေမင်းနှင့်စစ်ထိုးသောအခါ ငါ၏ရှုံးခြင်းကိုမြင်သောကြောင့် ကြွလာတော်မမူဟုကြံစည်တော်မူ၏။

ထိုအခါ မထေရ်သည် ကရိန္ဒမြစ်၏အဖျားၗရှိသော *ပဥ္စလိက တောင်၌နေတော်မူလျက် မင်းကြီး၏အကြံကို သိတော်မူသောအခါ ရဟန္တာငါးရာတို့ဖြင့်ခြံရံလျက် ကောင်းကင်ဖြင့်ကြွလာပြီးလျှင် မင်း ကြီး၏ရှေ့တော်သို့ရောက်တော်မူ၏၊မင်းကြီးသည် မထေရ်ကိုမြင်သော အခါ မိမိ၏ရှေ့တော်၌နေပြီးလျှင် ဤသို့လျှောက်လေ၏၊ အရှင်ဘုရား တို့သည် တကျိပ်သောစစ်သူကြီးတို့ကိုခေါ်ပြီးလျှင် ကျေးတို့နှင့်စစ်ထိုး ခဲ့ပြီ၊ ယခုအခါတယောက်ထည်းသာလျှင် သေမင်းနှင့် စစ်ထိုးရန်အား ထုတ်၏၊ ရန်သူသေမင်းကိုရှုံးစေခြင်းငှါ မစွမ်းနိုင်ဟုလျှောက်လေ၏၊ ထေရပုတ္တာဘယထေရ်သည် "မင်းကြီး....မကြောက်ပါလင့်၊ ရန်သူ ဖြစ်သောကိလေသာကို မအောင်ခြင်းကြောင့် ရန်သူဖြစ်သောသေ မင်းကိုမအောင်" ဟု မိန့်တော်မူ၍ ဤသို့ဆိုးမခတော်မူ၏။

"မြတ်သောမင်းကြီး.... အလုံးစုံသောလောကသည် ဇာတိ၏ နောက်သို့လိုက်ရ၏၊ ဇရာဖြင့်တွေ့ထိ၏၊ ဗျာဓိသည်နှိပ်စက်၏၊ မရဏ သည် နှိပ်စက်ဘိစီး၏၊ ဤသေခြင်းမည်သည်ကား များသောအခြံရံရှိ ကုန်သော မဟာသမ္မတအစရှိကုန်သော မင်းတို့၏ငင်း,ကြီးသောဘုန်း ရှိကုန်သော ဇောတိက အစရှိသည်တို့၏ငင်း, ကြီးသောအားရှိကုန် သော ဗလဒေဝအစရှိသည်တို့၏ငင်း,တန်ခိုးကြီးကုန်သော အရှင်မဟာ မောဂ္ဂလာန်အစရှိသည်တို့၏ငင်း,ပညာကြီးကုန်သော အရှင်မဟာသာ ရိပုတ္တရာအစရှိသည်တို့၏ငင်း, သယမ္ဘူဉာဏ်တော်ဖြင့် တရားထူးကို ရကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့၏ငင်း, အလုံးစုံသောဂုဏ်တော်နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့၏ငင်း, အထက်၌မချွတ်မယွင်းကျ ရောက်၏၊ တပါးသောသတ္တဝါတို့၌ အဘယ်မှာ ဆိုဘွယ်ရာရှိပါအံ့ နည်း။

ထို့ကြောင့် "မြတ်သောမင်းကြီး....အလုံးစုံသောသင်္ခါရတရားကို အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ နှလုံးသွင်းလေလော့၊ မြတ်သောမင်းကြီး.... နှစ်ခုမြောက်သောဘဝ၌ နတ်ပြည်နိမိတ်သည် ထင်လတ်သော် နတ်တို့ ၏ချမ်းသာကိုစွန့်၍ ဤလူ့ပြည်သို့လာတော်မူ၍ များစွာသောအပြား အားဖြင့် များစွာသောကုသိုလ်ကိုပြုတော်မူ၏၊ သာသနာတော်ကို

[*ပဥ္စလိက္ခတောင်–မဟာဝင်။ပဥ္စပဗ္ဗတတောင်–စူဠဝံ့ထုပဝင်။]

လည်းထွန်းလင်းတောက်ပစေ၏၊ မြတ်သောမင်းကြီး….သင်မင်းကြီး ယနေ့တိုင်အောင်ပြုခဲ့သော များစွာသောကုသိုလ်ကို အောက်မေ့လေလော့၊ ဘဝတပါး၌ချမ်းသာလတ္တံ့”ဟု မိန့်တော်မူ၏၊ ထိုတရားတော်ကိုနာရသောအခါ မင်းကြီးသည် ဝမ်းမြောက်လှသည်ဖြစ်၍ ကုသိုလ်ကောင်းမှုကို မှတ်သား၍ထားသော ပုညပုရပိုက်ကို ဘတ်စေရန် မိန့်တော်မူ၏၊ စာရေးသည် ပုညပုရပိုက်ကို ဤသို့ဘတ်ပြလေ၏။

၁။ မင်းကြီးသည် ကိုးဆယ့်ကိုးဆောင်သောကျောင်းတို့ကို ကောင်းစွာဆောက်တော်မူပြီ။

၂။ တဆယ့်ကိုးကုဋေတို့ဖြင့် မရိစဝဋ္ဋိကျောင်းတော်ကို ဆောက်တော်မူပြီ။

၃။ ကုဋေသုံးဆယ်သောဥစ္စာတို့ဖြင့် လောဟပါသာဒပြာသာဒ်ကို ဆောက်တော်မူပြီ။

၄။ မဟာစေတီ၌ အဘိုးမပြတ်နိုင်ကုန်သော နှစ်ဆယ့်လေးပါးသော လျှာဘွယ်ဝတ္ထုတို့ကို ပြုတော်မူပြီ။

၅။ မဟာစေတီ၌ အခြားသော လျှာဘွယ်ဝတ္ထုတို့သည် ကုဋေတထောင် အဘိုးထိုက်ကုန်၏။

၆။ မင်းကြီးသည် ကောလမ္ဗအမည်ရှိသော ရောဟနဇနပုဒ် မလယအရပ်၌ နေတော်မူသောအခါ ငတ်မွတ်တော်မူခြင်းကြောင့် အဘိုးများစွာထိုက်သော နားဒောင်းနှစ်ဘက်တို့ကိုပေး၍ ဆပ်ဆန်ကိုဝယ်ပြီးလျှင် ငါးပါးကုန်သော ရဟန္တာဖြစ်ကုန်သော မဟာထေရ်တို့အား ကြည်ညိုသောစိတ်ဖြင့် ဟင်းလေးယာဂုနှင့်တကွသော ဆပ်ဆွမ်းကိုလှူတော်မူပြီ။

၇။ စူဠင်္ဂဏိယအပြင်၌ ညီတော်တိဿနှင့် စစ်ထိုးကြ၍ စစ်ရှုံး၍ပြေးသောအခါ ကာလကိုကြွေးကြော်သဖြင့် ကြွလာသော ရဟန္တာအရှင်မြတ်အား ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ ရွှေခွက်၌ထည့်သမျှသောထမင်းကို အကုန်လှူတော်မူပြီ–

ဟု ပုညပုရပိုက်ကိုဘတ်ပြလေ၏၊ ထိုစကားကိုကြားသောအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ “အချင်းစာရေး…. ရပ်နားလော့”ဟုဆို၍ ဤသို့မိန့်ဆို၏။

၈။ "မရိစဝဋ္ဋိကျောင်းကို အနုမောဒနာပြုသော သတ္တာဟ၌ ၎င်း, လောဟပါသာဒပြာသာဒ်ကို အနုမောဒနာပြုသော သတ္တာဟ၌၎င်း, မဟာစေတီကိုစ၍တည်သော သတ္တာဟ၌၎င်း, ဓာတ်တော်ဌာပနာသော သတ္တာဟ၌၎င်း, အရပ်လေးမျက်နှာမှကြွလာသော ဥဘတောသံဃာအား အဘိုးများစွာထိုက်သော အလှူကြီးကိုလှူ၏။

၉။ ကဆုန်လပြည့်နေ့ပွဲတော်၌ နှစ်ဆယ့်လေးကြိမ် မဟာဝိဟာရကျောင်းတော် ပူဇော်ပွဲကိုပြု၏။

၁၀။ ဟမ္ဗပဏ္ဏိကျွန်း၌ သီတင်းသုံးတော်မူသော များစွာသော ရဟန်းသံဃာအား သုံးကြိမ် တိစီဝရိတ်သက်န်းကိုလှူ၏။

၁၁။ လင်္ကာဒီပမင်း၏အဖြစ်ကို သာသနာတော်အား ငါးကြိမ်တိုင်တိုင် လှူဒါန်း၏။

၁၂။ ထောပတ် စင်ကြယ်သောမီးစာတို့ဖြင့် တဆယ့်နှစ်ခုသောနေရာတို့၌ ဆီမီးခုနစ်ထောင်ကို ညှိထွန်း၏။

၁၃။ တဆယ့်ရှစ်ခုသောနေရာတို့၌ သီတင်းသုံးကုန်သော ရဟန်းတို့အား ဆေးဆရာတို့ဖြင့် စင်ကြယ်သော ဆေးနှင့်ဆွမ်းကို အမြဲလှူဒါန်း၏။

၁၄။ လေးဆယ့်လေးခုသောနေရာတို့၌ ကောင်းစွာပြုပြင်အပ်သော ပျားဆွမ်း ဃနာဆွမ်းကို လှူဒါန်းပြီ။

၁၅။ ထိုလေးဆယ့်လေးဌာနတို့၌သာလျှင် မွန်မြတ်သော ဆီကြော်, နှံ့ခဲကိုလှူဒါန်းပြီ။

၁၆။ ထိုလေးဆယ့်လေးဌာနတို့၌သာလျှင် ထောပတ်ဖြင့် ချက်အပ်သော မဟာဇာလမုံ့တို့ကို ဆွမ်းနှင့်တကွ အမြဲလှူဒါန်းပြီ။

၁၇။ လတိုင်းလတိုင်း ရှစ်ရက်သောဥပုသ်နေ့တို့၌ လင်္ကာဒီပကျွန်း၌ရှိသော အလုံးစုံသောကျောင်း၌ ဆီမီးထွန်းရန် ဆီကိုလှူခဲ့ပြီ။

၁၈။ အာမိသဒါနထက် ဓမ္မဒါနသည်အကျိုးကြီး၏ဟု ဟောတော်မူသောတရားတော်ကို နာရသောကြောင့် လောဟပါသာဒပြာသာဒ်အောက်၌ရှိသော တရားပလ္လင်၌နေလျက် မင်္ဂလသုတ်ကိုဟောလိုသော်လည်း သံဃာအားရိုသေသဖြင့် မဟောဝံ့

သောကြောင့် သီဟိုဠ်ကျွန်း၌ရှိသမျှသော ဓမ္မကထိကပုဂ္ဂိုလ်တို့အား ပူဇော်၍ အလုံးစုံသောကျောင်း၌ ဓမ္မကထာကိုဟောစေ၏၊ ထိုတရားဟောသောပုဂ္ဂိုလ်တို့တွင် တပါးတပါးသော ပုဂ္ဂိုလ်အား တကွမ်းစား,တကွမ်းစားသောထောပတ်,တင်လဲ, သကာ, အရှည်လက်လေးသစ်, တဆုပ်အတိုင်းအရှည်ရှိသော နွယ်ချို, အဝတ်တစုံကို ရှစ်ခုသောဥပုသ်နေ့တို့၌ လစဉ်လှူစေ၏။

၍အလုံးစုံသော ဒါနကိုလည်း မင်း၏အဖြစ်၌ လှူဒါန်းရသောကြောင့် ငါ၏စိတ်သည်မနှစ်သက်ချေ၊ အသက်ကိုမငဲ့မူ၍ ဆင်းရဲဘေးတွေ့လျက်လှူရသော ဆပ်ဆွမ်းနှင့် တယောက်စာထမင်း အလှူနှစ်ခုကိုသာလျှင် ငါ၏စိတ်သည် နှစ်သက်တော်မူ၏''ဟု မိန့်တော်မူ၏။

ထိုစကားကို အဘယမထေရ်ကြားလျှင် ''မင်းကြီးသည် ကြည်ညိုသင့်သောနေရာ၌ ကြည်ညို၏၊ ထိုဆွမ်းနှစ်ခုသည် သူတပါးအားမနှိပ်စက်မူ၍ တရားသဖြင့်ရအပ်သော ပစ္စည်း၏အဖြစ်ကြောင့်၎င်း, ကိုယ်နှင့်အသက်ကို မငဲ့ကွက်မူ၍ လှူအပ်သောပစ္စည်း၏အဖြစ်ကြောင့်၎င်း, အလှူခံပုဂ္ဂိုလ်တို့၏ အလိုရှိတိုင်းလှူအပ်သောကြောင့်၎င်း, နှစ်သက်ဝမ်းမြောက်ခြင်းကိုဖြစ်စေ၍ သဒ္ဓါတရားဖြင့်လှူဒါန်းခြင်းကြောင့်၎င်း, လှူဘွယ်ဝတ္ထုကို အကြွင်းမရှိ သုံးဆောင်ခြင်းကြောင့်၎င်း ၍ငါးပါးသောအကြောင်းတို့ကြောင့် အကျိုးကြီး၏''ဟု ဟောတော်မူပြီးလျှင် ဟင်းလေးယာဂုနှင့် ဆပ်ဆွမ်းကို အလှူခံသောပုဂ္ဂိုလ်တို့တွင်—

၁။ မလယမဟာဒေဝထေရ်သည် သုမနတောင်၌နေသော ရဟန်းကိုးရာတို့အားလှူ၍ သုံးဆောင်တော်မူ၏။

၂။ ပထဝီစာလကဓမ္မဂုတ္တထေရ်သည် ကလျာဏီယကျောင်းတော်၌ သီတင်းသုံးကုန်သော ရဟန်းငါးရာတို့အားငင်း။

၃။ တရက်လအရပ်၌ သီတင်းသုံးတော်မူသော ဓမ္မဂုတ္တထေရ်သည် ပိယင်္ဂုကျွန်း၌ သီတင်းသုံးကုန်သော တသောင်းနှစ်ထောင်ကုန်သော ရဟန်းတို့အားငင်း။

၄။ အင်္ဂဏအရပ်၌ သိတင်းသုံးတော်မူသော စူဠတိဿထေရ်သည် ကေလာသကုဋကျောင်း၌ သိတင်းသုံးကုန်သော ခြောက်သောင်းသော ရဟန်းတို့အားဖြင်း လှူ၍ ဘုဉ်းပေးတော်မူ၏၊

၅။ မဟာဝဂ္ဂမထေရ်သည်လည်း ဥက္ကနဂကျောင်းတော်၌ ခုနစ်ရာသောရဟန်းတို့အား လှူပြီးမှကိုယ်တိုင်ဘုဉ်းပေး၏၊ ရွှေခွက်၌ ထည့်သောဆွမ်းကို အလှူခံတော်မူသော ကုဋုမ္ဗိကပုတ္တတိဿမထေရ်သည်ကား ပိယင်္ဂုကျွန်း၌ သိတင်းသုံးတော်မူကုန်သော တသောင်းနှစ်ထောင်ကုန်သော ရဟန်းတို့အား လှူ၍ဘုဉ်းပေးလေ၏—

ဟု ဟောတော်မူပြီးလျှင် မင်းကြီး၏စိတ်ကို ဝမ်းမြောက်စေ၏၊ မင်းကြီးသည်လည်း စိတ်ဖြင့်ကြည်ညိုတော်မူပြီးလျှင် မထေရ်အား၍သို့ လျှောက်လေ၏၊ "နှစ်ဆယ့်လေးနှစ်ပတ်လုံး မင်းပြုသောကျွန်ုပ်သည် ရဟန်းသံဃာအား များစွာကျေးဇူးပြု၏၊ အကျွန်ုပ်၏ကိုယ်သည်လည်း သံဃာအား ကျေးဇူးများပါစေ၊ အကျွန်ုပ်၏ကိုယ်သည် မဟာစေတီကို ဖူးမျှော်သောနေရာ၌ သံဃာ၏ကံကြီး,ကံငယ်ကိုပြုရာဖြစ်သော ဥပုသ်အိမ်အပြင်၌ မီးသင်္ဂြိုဟ် တော်မူပါဘုရား" ဟု လျှောက် ထား၏၊ ထို့နောက် ညီတော်ကို ခေါ်တော်မူပြီးလျှင် "ညီတော်တိဿ····မဟာစေတီ၌မပြီးဆုံးသောအမှုကို ကောင်းစွာပြီးဆုံးအောင်ပြုလေလော့၊ ညနံနက်တိုင်း မဟာစေတီ၌ပန်းပူဇော်၍ သုံးကြိမ် ကျေးဇူးများအောင်ပြုလေလော့၊ ငါထားခဲ့သော အလုံးစုံသောဝတ်ကို မဆုတ်ယုတ်စေမူ၍ ပြုပါလေလော့ သံဃာ၏ပြုဘွယ်ကိစ္စတို့၌ အခါခပ်သိမ်း မမေ့လျော့ ပြုလုပ်လေလော့"ဟု ဆိုးမပြီးလျှင် ဆိတ်ငြိမ်စွာ နေတော်မူ၏။

ထိုအခါ ရဟန်းတို့သည် တပေါင်းတည်း ရွတ်ဆိုကြကုန်၏၊ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့သည်လာ၍ "မြတ်သောမင်းကြီး····ငါတို့၏နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏ဟု မိမိ-မိမိတို့၏နတ်ပြည်သို့ လိုက်ခြင်းငှါ တောင်းပန်ကြကုန်၏၊ မင်းကြီးသည် ထိုနတ်တို့၏ စကားကို ကြားသောအခါ "တရားနာနေသ၍ ကာလပတ်လုံး သည်းခံကြကုန်လော့" ဟု ထိုနတ်တို့ကို လက်၏အမှတ်ဖြင့်

တားမြစ်တော်မူ၏၊ သံဃာတော်သည် တပေါင်းတည်းရွတ်ဆိုခြင်းကို တားမြစ်၏ဟုမှတ်ထင်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊မင်းကြီးသည် "အဘယ်ကြောင့် မရွတ်ဆိုဘဲနေပါသနည်း ဟု လျှောက်သောအခါ မင်းကြီးသည် လက်အမှတ်ဖြင့် တားမြစ်သောကြောင့်နေသည်" ဟု မိန့်တော်မူ၏၊ထိုအခါ "အရှင်ဘုရားတို့အား အမှတ်သညာကိုမပေးပါ၊ နတ်တို့သည် နတ်ပြည် ခြောက်ထပ်မှ ရထား ခြောက်စင်းတို့ကို ယူဆောင်ပြီးလျှင် မိမိတို့-မိမိ၏နတ်ပြည်သို့ လိုက်ရန် တောင်းပန်ကြကုန်သောကြောင့် ထိုနတ်တို့အား ကျွန်ုပ်သည် တရားနာနေသဖြင့် ကာလပတ်လုံး ဆိုင်းငံ့ကြကုန်ဟုအမှတ်သညာကိုပေး၏"ဟု လျှောက်ထား၏။

ထိုမင်းကြီး၏စကားကို ကြားသောအခါ အချို့သောလူတို့သည် ဤမင်းကြီးသည် သေဘေးမှကြောက်သည်ဖြစ်၍ ယောင်ယမ်းမြည် တမ်း၏၊ သေဘေးမှမကြောက်သော သတ္တဝါမည်သည်မရှိဟု မှတ်ထင်ကြကုန်၏၊ ထိုအခါ အဘယထေရ်သည် "မြတ်သောမင်းကြီး.... နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စင်းတို့သည် သင်မင်းကြီးအား ယူဆောင်ရန်လာ၏ ဟူသောစကားကို အဘယ်သို့ ယုံကြည်နိုင်ရအံ့နည်း" ဟု မေးသောအခါ မင်းကြီးသည် ကောင်းကင်၌ခြောက်ခု သောပန်းကုံးတို့ကိုပစ်စေ၏၊ ထိုပန်းကုံးတို့သည် သွားပြီးလျှင် အသီး အသီး*ရထားဦး၌ တွဲလွဲဆွဲကြကုန်၏၊ လူအပေါင်းသည် ကောင်း ကင်၌ တွဲလွဲဆွဲသော ပန်းကုံးတို့ကိုမြင်သောအခါ ယုံကြည်လေ၏၊ ထို့နောက် မင်းကြီးသည် "အဘယ်နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိပါ သနည်း" ဟု မထေရ်အားလျှောက်လေ၏၊ မထေရ်သည် "တုသိတာ နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏၊ဘုရားဖြစ်တော်မူရန် အခါကိုကြည့် ရှုလျက်နေတော်မူသော မေတ္တေယျဘုရားလောင်းသည်လည်း ထိုတုသိ တာနတ်ပြည်၌သာလျှင် စံနေတော်မူ၏" ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားသောအခါ မင်းကြီးသည် ထိုတုသိတာနတ်ပြည်၌ ဖြစ်လိုသော စိတ်ကိုထားပြီးလျှင် မဟာစေတီတော်ကို ဖူးမြင်၍ အိပ်

[*ရထားလှည်းသံ-ရူဋ္ဌထူပဝင်,မဟာဝင်။]

လျက်စုတေပြီးလျှင်အိပ်သောယောက်ျားနိုးသောလားသို့တုသိတာနတ်ပြည်မှ ယူဆောင်ရန်လာသောရထား၌ ဖြစ်တော်မူ၍ မိမိ၏ကုသိုလ်၏အကျိုးကို ထင်ရှားပြရန် ရထား၌တည်နေ၍ နတ်တို့၏တန်ဆာတို့ဖြင့် တင့်တယ်သည်ကို လူအပေါင်းကြည့်ရှုစဉ်သာလျှင် သုံးကြိမ်မဟာစေတီကို လက်ျာရစ် လှည့်လည်၍၎င်း, ရဟန်းသံဃာတော်ကိုရှိခိုး၍၎င်း၊ တုသိတာနတ်ပြည်သို့ သွားလေ၏။

မင်းကြီး၏နန်းတော်သူ ဖြစ်ကုန်သော မင်းမောင်းမတို့သည် နတ်ရွာစံကြောင်းကို သိကြသောအခါ အကြင်နေရာ၌ တည်နေကုန်လျက်မကိုင့်ကိုချွတ်၍ ချကြကုန်၏၊ ထိုနေရာ၌ ဆောက်လုပ်သောဇရပ်သည်မကုဋမုတ္တဇရပ်မည်၏၊ မင်းကြီး၏ကိုယ်ကို ထင်းပုံသို့တင်သည်ရှိသော်အကြင်အရပ်၌ လူအပေါင်းသည် လက်တို့ကို မြှောက်ကုန်လျက်ငိုကြွေးမြည်တမ်းကြကုန်၏၊ ထိုအရပ်၌ ဆောက်လုပ်သောဇရပ်သည်ဝိရဝဇရပ်မည်၏၊ အကြင်အရပ်၌ မင်းကြီး၏ အလောင်းတော်ကိုမီးသင်္ဂြိုဟ်ကြကုန်၏၊ ထိုအရပ်သည်ရာဇမဋ္ဋကမည်၏၊ ထိုနောက် မင်းကြီး၏ညီတော်ဖြစ်တော်မူသော သဒ္ဓါတိဿမင်းသားသည် မင်းပြုတော်မူ၍ မဟာစေတီ၌ မပြီးဆုံးသေးသော ထီးတင်ခြင်းအမှု,အင်္ဂတေလိမ်းကျံခြင်းအမှုကိုပြီးဆုံးစေလျက် ပူဇော်ခြင်းကိုပြုတော်မူ၏။

တုသိတာပုရဂမနကထာပြီး၏။

သူတော်ကောင်းတို့၏ စိတ်ကြည်ညိုစေခြင်းအကျိုးငှါ
ပြုအပ်သောထူပဝင်ကျမ်း၌
မဟာစေတီယကထာသည် ပြီး၏။

---

## မေတ္တေယျဘုရားသခင်လက်ထက်
## အလောင်းတော်များ၊

၁။ ယခုအခါ ဒုဋ္ဌဂါမဏိအဘယမင်းကြီး၏ ခမည်းတော်ဖြစ်တော်မူသော ကာကဝဏ္ဏတိဿမင်းကြီးသည် မေတ္တေယျဘုရား၏ခမည်းတော်ဖြစ်လတ္တံ့။

၂။ မယ်တော်ဖြစ်တော်မူသော ဝိဟာရဒေဝီ မိဖုရားကြီးသည် မေတ္တေယျဘုရား၏ မယ်တော်ဖြစ်လတ္တံ့။

၃။ ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် မေတ္တေယျဘုရား၏ ပဌမ အဂ္ဂသာဝကဖြစ်လတ္တံ့။

၄။ ညီတော်ဖြစ်တော်မူသော သဒ္ဓါတိဿမင်းကြီးသည် ဒုတိယ အဂ္ဂသာဝကဖြစ်လတ္တံ့။

၅။ အနုလာဒေဝီမိဖုရားကြီးသည် မေတ္တေယျဘုရား၏ မိဖုရားကြီး ဖြစ်လတ္တံ့။

၆။ ဒုဋ္ဌဂါမဏိအဘယမင်းကြီး၏ သားတော် ဖြစ်တော်မူသော သာလိကုမာရမင်းသားသည် မေတ္တေယျဘုရား၏ သားကြီးဖြစ်လတ္တံ့။

၇။ ဘဏ္ဍာဂါရိက သံဃမိတ္တ အမတ်သည် မေတ္တေယျဘုရား၏ အလုပ်အကျွေးဖြစ်လတ္တံ့။

၈။ ထိုအမတ်၏ သမီးတော်သည် မေတ္တေယျဘုရား၏ အလုပ် အကျွေးမ ဖြစ်လတ္တံ့။

ဤသို့လျှင် အလုံးစုံကုန်သော မင်း, မိဖုရား, အမတ်တို့သည် ပြုခဲ့ ပြီးသော ရေးဆုတောင်းရှိကုန်၏၊ ပါရမီအကြောင်းနှင့် ပြည့်စုံကုန်၏၊ မေတ္တေယျဘုရား၏ တရားတော်ကို နာရသောအခါ ဒုက္ခ၏အဆုံးကို ပြုလျက် အနုပါဒိသေသနိဗ္ဗာနဓာတ်နှင့် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။

---

## နိဂုံး

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ပိဋကတ်သုံးပုံကို တတ်မြောက်တော်မူသော သဒ္ဓါ, သီလနှင့် ပြည့်စုံတော်မူသောဂုဏ်, အလုံးစုံသောသတ္တဝါတို့၏ အစီးအပွားၔ မွေ့လျော်သောဂုဏ်ရှိတော် မူသော မဟိန္ဒသေနအမည်ရှိသော ကျောင်းၔ သီတင်းသုံးတော်မူ သော မဟိန္ဒသေနထေရ်သည် တောင်းပန်အပ်သောကြောင့် ငါသည် အကြင်ထုပဝင်ကျမ်းကို ပြုခြင်းငှါအားထုတ်တော်မူ၏၊ ပညာရှိသူတော် ကောင်းတို့သည် အခါခပ်သိမ်း ချီးမွမ်းအပ်သော ထိုထုပဝင်ကျမ်း သည် ယခုအခါ အနှောင့်အရှက်မရှိသည်ဖြစ်၍ ပြည့်စုံစွာ ပြီးဆုံးခြင်း သို့ရောက်ပြီ။

ငါသည် ဤထုပဝင်ကျမ်းကို ပြုစုရသောကောင်းမှုကြောင့် အကြင် ကောင်းမြတ်သောကုသိုလ်ကိုရခဲ့၏၊ ထိုကုသိုလ်ကြောင့် အလုံးစုံသော

သတ္တ၀ါတို့သည်လည်း ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြပါစေ၊ ထုပ၀င်အမည်ရှိသော ဤကျမ်းသည် အန္တရာယ်မရှိသဖြင့် ပြီးမြောက်ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ကောင်းကျိုးချမ်းသာကို အလိုရှိကုန်သော လူအပေါင်းတို့၏ စိတ်အလိုဆန္ဒသည် လျင်မြန်စွာ ပြီးမြောက်ခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

---

## ကျမ်းပြီးနိဂုံး

ဧတ္တာ၀တာစ—

ဦးခင်စိုး တို့နာမကေန ပါဠိယာစရိယေန အဇ္ဈေသိတေန ဟင်္သာတ နဂရေ ဝိဟာရေ ကြာခံ နာမကေ ၀သန္တေန ကေလာသောတိ ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန "မဟာသုတပ၀ံသ ဂန္ထော မဂဓဘာသာယ ကတော"။ တတော မရမ္မဘာသံ နာတိဝိတ္ထာရသင်္ခေပံ ကတွာ ရစိတောယံ ဂန္ထော ကလိယုဂေ ဝီသာဓိက တေရသသတေ သမ္ဗစ္ဆေ ပဌမအာသဠှမာသဿ သုက္ကပက္ခပဉ္စမိယံ သောရိဒိနေ နိဋ္ဌိတော အနာယာသေနာတိ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် သာသနဓဇသိရိ ပ၀ရဓမ္မာစရိယပါဠိဆရာကြီး ဦးခင်စိုးသည် တောင်းပန် အပ်သောကြောင့် ဟင်္သာတမြို့ကြာခံကျောင်း၌ သီတင်းသုံးတော်မူသောဦးကေလာသဟု ခေါ်ဝေါ်ရသော မဟာထေရ်အရှင်သည် ပါဠိဘာသာဖြင့် စီရင်အပ်သော မဟာသုတပ၀င် ကျမ်းမှ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော မြန်မာဘာသာသို့ ပြန်ဆိုစီရင်အပ်သော ဤမြန်မာဘာသာ မဟာသုတပ၀င်ကျမ်းသည် သက္ကရာဇ် ၁၃၂၀-ခုနှစ် ပဌမ၀ါဆိုလဆန်း ၅-ရက် စနေနေ့၌ ရောဂါဝေဒနာမရှိ ပကတိကျန်းမာသဖြင့် ပြီးဆုံးခြင်းသို့ရောက်သတည်း။

ခလိတံ ကိဉ္စိ စေ ပသ္သေ၊ သောဓေတွာ တုဋ္ဌမာနသာ။
ဗုဒ္ဓိကာမေန စိတ္တေန၊ပဿန္တု သာဓု သာဓဝေါ။

**မဟာသုတပ၀င်၀တ္ထုပြီးပြီ။**

# စုဠထူပဝင်ဝတ္ထု

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

**ပဏာမနှင့်ပဋိညာဉ်**

နမဿိတွာန သမ္ဗုဒ္ဓံ၊ဓမ္မဉ္စ ရုစိရံ ဓရံ။
သံဃံ နိရင်္ဂဏဉ္စေဝ၊ပုညက္ခေတ္တံ အနုတ္တရံ။
ထူပဝံသံ ပဝက္ခာမိ၊မဓုရံ ရတိဝဍ္ဎနံ။
သဗ္ဗလောကဟိတံ သာရံ၊သဗ္ဗသမ္ပတ္တိဒါယကံ။

နှစ်သက်ဘွယ်သော ကုသိုလ်ကို ဆောင်တော်မူတတ်သော ဘုရားရတနာနှင့် တရားရတနာကိုငင်း, ကိလေသာ အညစ်အကြေးကင်းသော အတုမရှိသော လယ်မြေကောင်းနှင့်တူသော သံဃာရတနာကိုငင်း ဤရတနာမြတ်သုံးပါးကို ရှိခိုးပြီးလျှင် သာယာ နှစ်သက်အပ်သော ဂုဏ်,ပီတိကို ပွားစေတတ်သောဂုဏ်, အလုံးစုံသော သတ္တဝါတို့၏ ကောင်းသောအကျိုးကို ပြုတော်မူတတ်သောဂုဏ်, အလုံးစုံသောကောင်းကျိုးချမ်းသာကို ပေးနိုင်သောဂုဏ်တို့နှင့် ပြည့်စုံသော ထူပဝင်ကျမ်းကို ဆိုပေအံ့။

ရှေးဆရာအရှင်မြတ်တို့သည် သီဟိုဠ်ဘာသာဖြင့် ပြုထားတော်မူခဲ့သော ထူပဝင်ကျမ်းရှိငြားသော်လည်း သီဟိုဠ်ကျွန်းသူ, ကျွန်းသားမှ တပါးကုန်သော သတ္တဝါတို့၏အကျိုးကို မပြီးစေနိုင် သောကြောင့် မဂဓတိုင်း၌ ခေါ်ဝေါ်အပ်သော ပါဠိဘာသာဖြင့် အလုံးစုံကုန်သော သတ္တဝါတို့၏ စီးပွားချမ်းသာကို ပြုနိုင်သော ထူပဝင်ကျမ်းသစ်ကို ရေးသားစီရင်ရပါမူကား ကောင်းလေစွ ဟူသော အလိုဆန္ဒတော်ဖြင့် ကာလကြာမြင့်စွာနေတော်မူ၏၊ ထိုအခါ မြတ်သော အသရေတော်ကိုဆောင်နိုင်သော ဘုန်းပညာနှင့်ပြည့်စုံတော်မူသော တမ္ဗပဏ္ဏိကျွန်း၏ အရှင်ဖြစ်တော်မူသော မင်းကြီး၏တိုင်းနိုင်ငံဖြစ်သော သီဟိုဠ်ကျွန်းကြီး၌ သီတင်းသုံးတော်မူသော အရှင်မဟာမဟိန္ဒထေရ် ကဲ့သို့ကြည်ညိုပူဇော်အပ်သော အရှင်မဟာကဿပစသော မထေရ်တို့၏ အနွယ်၌ဖြစ်တော်မူသော အရှင်မဟာဗောဓိမည်သော မဟာထေရ် အရှင်မြတ်သည် ငါ၏အလိုဆန္ဒကိုကြားသိတော်မူသောကြောင့် တမန်တော်ဖြစ်သော ဥပါသကာကိုခေါ်တော်မူပြီးလျှင် မင်းကြီး၏ထံတော်သို့ စေလွှတ်တော်မူ၏။

ထိုတမန်တော်သည် မင်းကြီး၏အလိုတော်ကို ကြားသိရသော အခါ သံဃာတော်သို့ချဉ်းကပ်လျက် ထူပဝင်ကျမ်းသစ်ကို ပြုတော်မူရန် တောင်းပန်အပ်သော မင်းကြီး၏သတင်းစကားကို သံဃာတော်အား လျှောက်ထားလေ၏၊ ထိုအခါ သံဃာတော်သည် ငါ့အား ကျမ်းပြုရန် တာဝန်ကိုလွှဲအပ်တော်မူ၏၊ ဤသို့လျှင် တမန်တော်ဥပါသကာ၏ လျှောက်ထားတောင်းပန်ခြင်း, သံဃာတော်မြတ်၏ခိုင်းစေတော်မူခြင်း, မင်းကြီးသည် တောင်းပန်အပ်သော သတင်းစကားကို ရရှိတော်မူခြင်းရှိသော ကျမ်းပြုဆရာ မဟာထေရ် ဖြစ်တော်မူသော ငါသည် လွှဲအပ်တော်မူအပ်သော တာဝန်ကိုယူပြီးလျှင် ဤစုဥ်ထူပဝင်ကျမ်းသစ်ကို ပြုတော်မူရန် အားထုတ်တော်မူသတည်း။

---

## ၁။ ခေတီတော်ခုနစ်ဆူတို့၏အကြောင်း

သမ္မာသမ္ဗုဒ္ဓဘုရား, ပစ္စေကဗုဒ္ဓါ,မြတ်စွာဘုရား၏တပည့်ဖြစ်တော်မူသော သာဝကများ, စကြဝတေးမင်းကြီး ဤလေးပါးသောပုဂ္ဂိုလ်

တို့ကို စေတီထိုက်ကုန်၏ဟူ၍ မြတ်စွာဘုရားဟောတော်မူခဲ့၏၊ ထိုစေတီလေးဆူတို့တွင် ပစ္စေကဗုဒ္ဓါ, သာဝကများနှင့် စကြဝတေးမင်းတို့၏ စေတီသုံးဆူတို့ကို ချန်ထား၍ အစိန္တေယျဂုဏ်, နှလုံးမွေ့လျော်ဘွယ်သောမနောရမဂုဏ်တို့နှင့်ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓစေတီတော်ကိုငါ၏ထံမှနာယူမှတ်သားကြကုန်။

ထိုစကားကို အကျယ်ချဲ့၍ပြဆိုပေအံ့၊ဒီပင်္ကရာဘုရား,မင်္ဂလာဘုရား, အနောမဒဿီဘုရား,ပဒုမုတ္တိုရဘုရား, ဝိပဿီဘုရား, ကဿပဘုရား, ဂေါတမဘုရားဟူကုန်သော လောကကို သနားကရုဏာရှိတော်မူကြကုန်သော ဤခုနစ်ဆူကုန်သော ဘုရားရှင်တို့၏ စေတီပမာဏတို့သည်ကား—

၁။ ဒီပင်္ကရာမြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက် ကိုးကုဋေ အဘိုးထိုက်ကုန်သော တခဲနက်သော ရွှေတို့ဖြင့် တည်ထားအပ်သော ရွှေစေတီတော်ကြီးသည် အမြင့်အားဖြင့် သုံးဆယ့်ခြောက်ယူဇနာရှိ၏။

၂။ မင်္ဂလာဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက်တည်ထားအပ်သော အလုံးစုံရွှေဖြင့်ပြီးသော ရွှေစေတီတော်ကြီးသည် အမြင့်အားဖြင့် ယူဇနာသုံးဆယ်ရှိ၏။

၃။ အနောမဒဿီဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက် နီမြန်းသောရွှေတို့ဖြင့်တည်ထားအပ်သောရွှေစေတီတော်ကြီးသည် နှစ်ဆယ့်ငါးယူဇနာ မြင့်၏။

၄။ ပဒုမုတ္တိုရဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက် တည်ထားအပ်သော တခဲနက်ရွှေဖြင့်ပြီးသော ရွှေစေတီတော်ကြီးသည် တဆယ့်နှစ်ယူဇနာမြင့်၏။

၅။ ဝိပဿီဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက်အလုံးစုံသော ရတနာတို့ဖြင့် တည်ထားအပ်သော သဗ္ဗရတနမယစေတီတော်ကြီးသည် ခုနစ်ယူဇနာရှိ၏။

၆။ ကဿပဘုရား၏ သရီရဓာတ်တော်ကို ဌာပနာလျက် တည်ထားအပ်သော နီသောရွှေဖြင့်ပြီးသော ရွှေစေတီတော်ကြီးသည် တယူဇနာမြင့်၏။

၇။ ငါတို့၏ဗုဒ္ဓဖော်အထူးကို ခံတော်မူထိုက်သော ဂေါတမဘုရား၏ ဗြဟ္မာ့ပြည်၌ တည်ထားအပ်သော ဒုဿစေတီတော်ကြီးသည် တဆယ့်နှစ်ယူဇနာမြင့်၏၊ တာဝတိံသာ နတ်ပြည်၌ ပတ္တမြားဖြင့်ပြီးသော စူဠာမဏိစေတီတော်သည် တယူဇနာမြင့်၏၊ ဒေဝပုတ္တပြည်၌ သရီရဓာတ်တော်ကို ဌာပနာလျက်တည်ထားအပ်သော စေတီတော်ကြီးသည် အလုံးစုံ ရွှေဖြင့်ပြီး၏၊ မဂဓတိုင်း၌ ပတ္တမြားတို့ဖြင့် ချယ်လှယ်အပ်သောသရီရဓာတ်တော်ကို ဌာပနာလျက်* ပဲနောက် အဆင်းရှိသော ကျောက်တို့ဖြင့် တည်ထားအပ်သော စေတီတော်သည် ဓညကတစေတီတော်မည်၏၊ မတုလ္လာကတိုင်း၌ သရီရဓာတ်တော်ကို ဌာပနာလျက် ပတ္တမြားအဆင်းရှိကုန်သော *ကျောက်ညိုတို့ဖြင့်တည်ထားအပ်သော စေတီတော်သည် မတုလ္လာစေတီတော်မည်၏။

---

## ၂။ ဒုဋ္ဌဂါမဏိမင်းကြီး၏ကုသိုလ်တော်များ

တမ္ဗပဏ္ဏိမည်သော သီဟိုဠ်ကျွန်းကြီး၌ ကာကဝဏ္ဏတိဿမင်းကြီး၏ သားတော်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမည်သော မင်းကြီးသည် တကျိပ်သောစစ်သူကြီးတို့ဖြင့် ခြံရံတော်မူလျက် ကဏ္ဍုလမည်သော ဆင်တော်၏ ကျောက်ကုန်းသို့ တက်စီးတော်မူပြီးလျှင် ဒီဃဇန္တုစစ်သူကြီး, ဥဗ္ဗာရစစ်သူကြီး, ဘလ္လုကစစ်သူကြီးအစရှိကုန်သော စစ်သူကြီးတို့ကို နှိပ်နင်းတော်မူလျက်တကျိပ်ရှစ်ယောက်ကုန်သော တမ္ဗလယ်ကျေးဟု ခေါ်သောလူတို့ကို သတ်တော်မူပြီးလျှင် သုံးဆယ့်နှစ်ခုသော နေရာ၌ ထီးဖြူကိုစိုက်ထူတော်မူလျက် ကေရာဇ်မင်းပြုတော်၏။

ကေရာဇ်မင်းဖြစ်တော်မူသောအခါ တဆယ့်ကိုးကုဋေသော ဥစ္စာကိုစွန့်တော်မူလျက် မိမိကိုယ်ကို ဒက်ပေးခြင်းငှါ မရိစဝဋ္ဋိကစေတီတော်နှင့်တကွ မရိစဝဋ္ဋိကကျောင်းတော်ကို ပြုလုပ်စေ၏၊ တဖန်ကုဋေသုံးဆယ်သောဥစ္စာကို စွန့်တော်မူလျက် ဘုံကိုးဆင့်ရှိသော

[*မဂဓရေခွင့် မဏိဓာတုံ။ အဓိကရဋ္ဌေ မုတ္တဓာတုံ။]

အလွန်မွေ့လျော်ဘွယ်ရာဖြစ်သော လောဟပါသာဒ ပြာသာဒ်တော်ကြီးကို ပြုတော်မူ၏၊ အဘိုးမပြတ်နိုင်သော လှူဘွယ်ဝတ္ထုလေးပါးကိုထား၍ ထိုပြာသာဒ်တော်ကြီး၏တန်ဘိုးသည် ကုဋေသုံးဆယ်ထိုက်၏၊ လောဟပါသာဒပြာသာဒ်တော်ကြီး ပြီးဆုံးသောအခါ မရိစဝဋ္ဋိကကျောင်းတော်ပူဇော်ပွဲ၌ ရဟန်းသံဃာတော်အား များစွာသောအလှူတော်ကြီးကို လှူတော်မူ၏၊ ထိုမရိစဝဋ္ဋိကကျောင်း ပူဇော်ပွဲကြီးသည်အထက်၌ထင်ရှားလတ္တံ့၊ ထို့နောက် တထောင်သောဥစ္စာကို စွန့်တော်မူလျက် မဟာဗောဓိပင်ကို ပူဇော်တော်မူ၏။

---

## ၃။ ဒုဋ္ဌဂါမဏိမင်း မဟာစေတီနေရာကို ရှုတော်မူခြင်း။

မဟာဗောဓိပင်ကိုပူဇော်ပြီးလျှင် မဟာစေတီတည်ရာနေရာ၌ စိုက်ထူထားအပ်သောကျောက်တိုင်ကို လကျ်ာလှည့်လျက် မြို့နန်းတော်သို့ဝင်တော်မူသောအခါ ထိုကျောက်တိုင်ကို မြင်တော်မူသဖြင့် ကျောက်တိုင်၌ရေးထားတော်မူအပ်သော အက္ခရာတို့ကို ဘတ်တော်မူပြီးလျှင် ဤသို့ကြံစည်တော်မူ၏၊ ငါ၏ဘိုးတော်ဖြစ်တော်မူသော ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟာ မဟိန္ဒမထေရ်၏ထံတော်သို့ နံနက်ချိန်ဆည်းကပ်ဖူးမြင်အံ့သောငှါ ကြွတော်မူလတ်သော် ဆွမ်းခံကြွတော်မူသော အရှင်မဟာမဟိန္ဒထေရ်နှင့် သံဃာတော်တို့၏ဆွမ်းပြုပြင်ရာဖြစ်သော သလာကဂ္ဂနေရာ၌ ပေါင်းဆုံမိကြ၍ မိမိယူခဲ့သောစကားပန်းတို့ကို မထေရ်အား ကပ်လှူခဲ့၏၊ မထေရ်သည် ပန်းကိုယူတော်မူပြီးလျှင် မဟာစေတီနေရာ၌ ပူဇော်သောအခါ မြေလှုပ်၏၊ မြေလှုပ်ခြင်း၏အကြောင်းကိုဘိုးတော်မင်းကြီးမေးတော်မူသောအခါ ရှင်မဟာမဟိန္ဒမထေရ်သည် "မြတ်သောမင်းကြီး....ဤနေရာကား ဘုရားလေးဆူတို့မှီဝဲနေထိုင်ရာဖြစ်၏၊ ဤနေရာ၌ အနာဂတ်ကာလ၌ ငါတို့ဘုရားရှင်၏သာရီရိကဓာတ်တော်ကို ဌာပနာပြီးလျှင် အတောင်တရာ့နှစ်ဆယ်မြင့်သော သုဝဏ္ဏမာလီဟု ထင်ရှားကျော်စောသော မဟာစေတီကြီးဖြစ်လတ္တံ့"ဟု မိန့်တော်မူခဲ့၏။

ဘိုးတော်မင်းကြီးသည် ထိုစကားကို ကြားတော်မူသောအခါ "အရှင်ဘုရား.... အကျွန်ုပ်ပင်ပြုပါအံ့"ဟု လျှောက်ကြားလေသော် "သင်မင်းကြီး၏ ပြုဘွယ်ကိစ္စတို့သည် များစွာရှိကုန်သောကြောင့် သင်မင်းကြီးသည် စိုက်ထူထားအပ်သောကျောက်တိုင်ကို ရှိသေစွာပြုလော့၊ သင်မင်းကြီး၏ ညီတော်အိမ်ရှေ့မင်းဖြစ်သော မဟာနာဂမင်း၏သားတော် ယဋ္ဋါလာယကတိဿသည် မင်းပြုလတ္တံ့၊ ထိုယဋ္ဋါလာယကတိဿ၏သားတော် ဂေါဌာဘယသည်လည်း မင်းပြုလတ္တံ့၊ ၎င်း၏သားတော် ကာကဝဏ္ဏတိဿသည်လည်း မင်းပြုလတ္တံ့၊ ၎င်း၏သားတော်ဖြစ်သော ရဲရင့်သော စစ်သည်စစ်ဗိုလ်တို့နှင့်ပြည့်စုံသော ဘုန်းပညာတန်ခိုး ဝီရိယရှိတော်မူသော ဒုဋ္ဌဂါမဏိ အဘယမည်သောမင်းကြီးသည် မင်းပြုလတ္တံ့၊ ထိုဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ဤနေရာ၌တစိတ် (တဒေါဏ) အတိုင်းအရှည်ရှိကုန်သော ဓာတ်တော်တို့ကို ဌာပနာလျက် ဖြူစင်သန့်ရှင်းသောကြာဖြူ, ရေပွက်, ကေလာသမည်သော ငွေတောင်ထွဋ်နှင့်တူသော ရွှေထီးရှိသောကဥ္စနမာလီမည်သော အတောင်တရာ့နှစ်ဆယ်ရှိသော နတ်လူအပေါင်းတို့သည် ပူဇော်အပ်သော ရွှေစေတီတော်ကြီးကို တည်လတ္တံ့"ဟု မိန့်တော်မူခဲ့၏။

ထို့နောက် "ငါ့ဘိုးတော်သည် ဘုရားတပည့်တော်၏မြေးတော်ကို အကယ်၍ တည်ထားစေသည်ဖြစ်အံ့၊ ဘုရားတပည့်တော်တည်ထားသည်နှင့် အတူတူပင်ဖြစ်ပါသည်"ဟု လျှောက်တော်မူပြီးလျှင် "ဤစေတီနေရာ၌ ဘုရားတပည့်တော် ပြုသင့်ပြုထိုက်သောအမှုကို မိန့်တော်မူပါ"ဟု လျှောက်ကြားလေလျှင် "မြတ်သောမင်းကြီး.... အနာဂတ်ကာလ၌ လူအပေါင်းတို့၏မယုံကြည်ခြင်းကို ပယ်ဖျောက်ခြင်းငှါ အက္ခရာထွင်းလျက် ကျောက်တိုင်စိုက်လော့"ဟုမိန့်တော်မူ၏၊ ထိုအခါမင်းကြီးသည် မထေရ်၏စကားတော်ဖြင့် ဤနေရာ၌ အက္ခရာထွင်းလျက် ကျောက်တိုင်စိုက်ထားခဲ့၏၊ ထိုအခါမှစ၍ လူအပေါင်းသည် အဆက်ဆက်သောသုတစကားဖြင့် ဤနေရာ၌စေတီတည်လတ္တံ့ဟု ပြောဆိုပြီးလျှင် နံ့သာ ပန်းစသည်တို့ဖြင့်ပူဇော်လျက် ထိုဖြစ်ကြောင်းကို ဤကာလသို့ ရောက်စေခဲ့၏။

ပဝိုသမ္ဘိဒါလေးပါးကို ရတော်မူသော ရဟန္တာအရှင်မြတ်၏ထံမှ ဗျာဒိတ်တော်ရခြင်းကြောင့်သာလျှင် မုချအားဖြင့် ဤနေရာ၌ ငါ့အလို ဆန္ဒကိုပြည့်စေလျက် အတောင်တရာ့နှစ်ဆယ်မြင့်သော ကဉ္စနမာလီ မည်သောစေတီတော်ကြီးကို တည်ထားခြင်းငှါစွမ်းနိုင်မည်ဟု ကြံစည် ဆင်ခြင်တော်မူ၏၊ ရှိသေစွာ ကြံစည်ဆင်ခြင်တော်မူသော မင်းကြီး အား ထိုခဏ၌ နှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်တော်မူ၏၊ မင်းကြီး သည် လှိုင်းတံပိုးရှိသော သမုဒ္ဒရာရေအပြင်၌ရှိသော လှေကဲ့သို့ ပီတိ၏ အဟုန်ဖြင့် မြို့သို့ဝင်ပြီးလျှင် စံရာပြာသာဒ်တော်သို့တက်တော်မူလျက် ထူးမြတ်သောဘောဇဉ်ကို သုံးဆောင်တော်မူပြီးလျှင် ကိုယ်ရံတော် စောင့်ရှောက်လျက် ပဌမယာမ်၌ နေတော်မူလျက် ညဉ့်ဒုတိယယာမ်၌ အသရေရှိသော အိပ်ရာတော်၌ လျောင်းတော်မူပြီးလျှင် ဤသို့ကြံစည် တော်မူ၏။

---

## ၄။ ဟေမမာလာ မဟာစေတီတော်၏ အဆောက်အဦကိုရခြင်း

“ငါသည် ဒမိဠခေါ်သော တမွလယ်လူမျိုးကျေးတို့ကို နှိပ်နင်း ခြင်းဖြင့် လူအပေါင်းကိုနှိပ်စက်ခဲ့၏၊ လူအပေါင်းကိုမနှိပ်စက်သဖြင့် တရားတော်နှင့်အညီ မဟာစေတီတည်ရန်အုတ်ကို အဘယ်သို့ရပါအံ့ နည်း”ဟု ကြံတော်မူ၏၊ မင်းကြီး၏အကြံတော်ကို ထီးချက်စောင့် နတ်သမီးသိလေသော် အဆင့်ဆင့် နတ်ပြည်ခြောက်ထပ်တိုင်အောင် ပြောကြားခြင်းဖြင့် ကာမာဝစရနတ်ပြည်တို့သည် အုတ်အုတ် ကျက် ကျက်ဖြစ်သောအခါ သိကြားမင်းသိတော်မူသဖြင့် ဝိသုကြံနတ်သားကို ခေါ်တော်မူပြီးလျှင် “ဝိသုကြံနတ်သား····အနုရာဓမြို့၏မြောက်ဘက် တယူဇနာဝေးသောဂမ္ဘီရမြစ်ကမ်း၌ မဟာစေတီတော်၏ အုတ်တို့ကို ဘန်ဆင်း၍လာခဲ့လော့”ဟု စေလွှတ်တော်မူ၏၊ ထိုအရပ်သည်ကား ရှေးဘုရားသုံးဆူတို့၏ စေတီတော်အုတ်ပြုလုပ်ရာ နေရာဖြစ်သော ကြောင့် သိကြားမင်းသည် ထိုနေရာ၌စေခိုင်းတော်မူ၏၊ ဝိသုကြံနတ် သားသည်လည်း သိကြားမင်းအမိန့်ပေးသောနေရာ၌သာလျှင် အုတ် ကိုဘန်ဆင်း၍ လာခဲ့လေ၏။

နံနက်သောအခါ မှုဆိုးတယောက်သည် ခွေးကိုခေါ်ပြီးလျှင် တောလယ်သွားလတ်သော် အုတ်တို့ကိုမမြင်သောကြောင့် ဘုမ္မစိုးနတ်သည် လှေငယ်ပမာဏရှိသော ဖွတ်ကြီးယောင်ဘန်ဆင်း၍ ပြလေသဖြင့် ဖွတ်ကိုလိုက်သောအခါ အုတ်ရှိရာသို့ပြေးသွားပြီးလျှင် အုတ်ကိုပြ လျက်ကွယ်လေ၏၊ မှုဆိုးသည် အုတ်ကိုမြင်၍ "ငါတို့မင်းကြီးသည် စေတီတည်ရန်အုတ်ကိုအလိုရှိ၏၊ ငါသည် များစွာသောဆုတော်ရမည် နံနက်အခါ မင်းကြီးအားလျှောက်ကြားမည်"ဟု ကြံပြီးလျှင် ထိုညဉ့်ကိုလွန်၍ နံနက်ရောက်သောအခါ မင်းတံခါး၌နေလျက် အကြောင်းကိုလျှောက်ကြားလေသော် မင်းကြီးခေါ်တော်မူသောအခါ အုတ်တွေ့မြင်ကြောင်းကို မင်းကြီးအားလျှောက်ကြားလေ၏၊ မင်းကြီးသည် ထိုစကားကိုကြားသောအခါ ဝမ်းမြောက်တော်မူသဖြင့် ရတနာခုနစ်ပါး, အဘိုးတသိန်းတန်သော အဝတ်အစုံ, အဘိုးတထောင်တန်သော သင်ဒိုင်း(အင်္ကျီ), အဘိုးတထောင်တန်သောရွှေပန်း, အသပြာတသောင်း နှစ်ထောင်တန်သော နှစ်သောင်းလေးထောင်သော မင်းပယ်လယ်, သိန္ဓောမြင်းလေးကောင်ကသောရထား ဤဆုတော်တို့ကိုအမတ်အား ပေးစေ၏၊ဆုတော်များကို ပေးတော်မူပြီးသောအခါ သင်သည် အုတ်တို့ကိုစောင့်လေဟု မှုဆိုးအား ဋ္ဌကဂေါပကအရာ၌ ထားတော်မူ၏၊ ထိုနောက်မင်းကြီးသည် အုတ်တို့ကိုကြည့်ရှုရန် သွားလိုသောကြောင့် စစ်သူကြီးကို ခေါ်တော်မူပြီးလျှင် မြို့ကိုစည်လည်စေလျက် "လှံတော်ကိုပွားကြကုန်လော့"ဟု အမိန့်ပေးလေ၏။

[ဤလှံတော်ကိုပွားကြကုန်ဟူသည် ဂါမဏီမင်းကြီး၏ အမိန့်တော် တမျိုးဖြစ်၏။]

ထိုခဏ မင်းကြီး၏ထံတော်သို့ တပါးသော သတင်းစကားကို ပို့လာကြကုန်၏၊ အနုရာဓမြို့၏အရှေ့မြောက် သုံးယူဇနာ ဝေးသော *အာဝရဝဋ္ဋိကရွာ၌ ညဉ့်သုံးယာမ်ပတ်လုံး မိုယ်းရွာလျက် နေစဉ် တဆယ့်ခြောက်မင်းပယ် ပမာဏရှိသောနေရာ၌ အကြီးဆုံးတထွာခန့်,အငယ်ဆုံး လက်ရှစ်သစ်ခန့်ရှိကုန်သော ရွှေညှော်က် (မျိုးစေ့၌ ပေါက်သစ်စဖြစ်သောအစို့)တို့သည်ပေါက်လာကုန်၏။

---

[* အာရဝဋ္ဋ-မဟာဝင်။]

အနုရာဓမြို့၏အရှေ့ ခုနစ်ယူဇနာဝေးသော ဂင်္ဂါမြစ်၏ တဘက်ကမ်း၌ရှိသော တမ္ဗပိဋ္ဌဇနပုဒ်၌ ကြေးနီတို့သည် ဖြစ်ပေါ်လာကုန်၏။

အနုရာဓမြို့၏ အရှေ့တောင်ထောင့် လေးယူဇနာ ဝေးသော *သုဝဏ္ဏဝါသိရွာ၌ †ကြာရိုးကဲ့သို့သော များစွာသော ပတ္တမြားတို့သည် ဖြစ်ပေါ်လာကုန်၏။

မြို့၏တောင်မျက်နှာ ရှစ်ယူဇနာဝေးသော ‡အမ္ဗဋ္ဌကောဠကဇနပုဒ်၌ တခုသောလိုဏ်၌ ငွေစိုင်ခဲတို့သည် ဖြစ်ပေါ်လာကုန်၏။

ထိုထိုအရပ်၌ နေကြကုန်သော လူတို့သည် ထိုထိုရတနာတို့ကို ဆောင်ယူကုန်လျက် မင်းကြီးအား ပြကြကုန်၏၊ မင်းကြီးသည် ထိုထိုပြလာကုန်သော သူတို့အား ရှိသေစွာ ဆုတော်ကို ပေးတော်မူလျက် ထိုသူတို့အားသာလျှင် စောင့်ရှောက်ရန် ထားတော်မူ၏။

အနုရာဓမြို့၌နေသော ကုန်သည်တယောက်သည် ငါးရာသော လှည်းတို့ဖြင့် နနွင်း, သကာ, ကြက်သွန်, ဂျင်းစသည်တို့၏အကျိုးငှါ မလယဇနပုဒ်သို့ သွားလေသော် ထိုဇနပုဒ်၌ရှိသော လိုဏ်၏အနီး၌ လှည်းများကို ထားပြီးလျှင် သစ်ရွက်နှင့် ရေထင်းတို့ကိုရှာရန် တောင်ပေါ်သို့တက်လျက် ထိုထိုနေရာတို့ကို ကြည့်ရှုသောအခါ အသီး၏ အလေးအားကြောင့် အကိုင်းညွတ်လျက် ကျောက်ဖျာပေါ်၌ တည်နေသော အိုးပမာဏရှိသော ပိန္နဲသီးတလုံးကိုမြင်လေ၏၊ ထိုအခါ ကုန်သည်သည် ပိန္နဲသီးကိုလက်ဖြင့် ပုတ်ခတ်လျက် ကြည့်သောအခါ မှည့်သည်၏အဖြစ်ကို သိလေရကား ဓါးခွပ်ဖြင့်ဖြတ်လေ၏၊ ပိန္နဲကိုင်းသည် အထက်သို့တက်လျက်သွားလေ၏၊ ကုန်သည်သည် "ဤပိန္နဲသီးသည် အလွန်ကောင်းမွန်သော အရသာနှင့်ပြည့်စုံ၏၊ သံဃာတော်မြတ်အား မလှူဘဲစားရန်မသင့်၊ ငါ့အား ဂုဏ်ထူးရှိခဲ့ငြားအံ့၊ အရှင်မြတ်တို့သည် ကြွလာစေကုန်သတည်း" ဟု ကြံစည်ပြီးလျှင် တောင်ထိပ်၌ရပ်လျက် ကြီးစွာသောအသံဖြင့် ကြွေးကြော်လေ၏၊ ထိုအခါ ရဟန္တာလေးပါးတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြပြီးလျှင် ထိုကုန်သည်၏ရှေ့၌ သက်ဆင်းကြကုန်၏။

---

[* သုမနဝါသိ-မဟာဝင်။ † ဥပ္ပလကျောက် ကုရုဝိန္ဒကျောက်နှင့်ရောကုန်သော-မဟာထူပဝင်။ ‡ အမ္ဗိတ္တကောလိ-မဟာဝင်။]

ကုန်သည်သည် ရဟန္တာ အရှင်မြတ်တို့ကို ဖူးမြင်ရသောကြောင့် ဝမ်းမြောက်ဝမ်းသာစွာ ခြေတော်တို့ကို ရှိခိုးပြီးလျှင် ပိန္နဲသီးကိုခွဲပြီး လျှင်အမွှာအအိမ်ကိုယူလျက်ကပ်လေ၏၊ ထိုပိန္နဲသီးအိမ်၌သာလျှင်ထက် ဝန်းကျင်မှအရည်သည် ယိုစီးလျက် ပိန္နဲစေ့အိမ်အတွင်းကို ပြည့်လေ ၏၊ ကုန်သည်သည် ရဟန္တာအရှင်တို့၏လက်တော်မှ သပိတ်တို့ကိုယူ ပြီးလျှင် ဆေးဒန်းမြင်းသီလာရေ အဆင်းရှိသော ပိန္နဲအဆီရေကို သပိတ်ပြည့်အောင်ထည့်လျက်လှူလေ၏၊ ရဟန္တာအရှင်တို့သည်လည်း ကုန်သည်၏ဖူးမြင်စဉ်သာလျှင် သပိတ်ကိုယူတော်မူကြပြီးလျှင် ကောင်း ကင်သို့ ပျံတက်လျက် ကြွတော်မူကြကုန်၏၊ကုန်သည်သည်လည်း“တဖန် တပါးသောပုဂ္ဂိုလ်တို့အား လှူအံ့”ဟုကြံစည်လျက် ကာလကိုမျှော် ကြားလေ၏၊ ထို့အတူ ရဟန္တာအရှင်လေးပါးတို့သည် ကြွလာတော် မူကြကုန်၏၊ လှည်းကုန်သည်သည် ရဟန္တာအရှင်မြတ်တို့၏လက်တော် မှ သပိတ်တို့ကိုယူပြီးလျှင် ရွှေအဆင်းရှိသော ပိန္နဲဆီတို့ကို သပိတ်နှင့် အပြည့်လှူလေ၏။

ထိုရဟန္တာလေးပါးတို့တွင် သုံးပါးကုန်သော အရှင်မထေရ်တို့ သည် ရှေးနည်းအတူသာလျှင် ကောင်းကင်သို့ပျံကြွကုန်လျက်ကြွသွား ကြကုန်၏၊ ကျန်ရစ်တော်မူသော အရှင်ဇာနန္ဒဂုတ္တ မထေရ်သည်ကား လှည်းကုန်သည်အား ငွေကိုပြတော်မူလိုသောကြောင့် တောင်မှဆင်း သက်တော်မူလျက် လိုဏ်၏အနီး၌ ထိုင်တော်မူလျက် ပိန္နဲဆီတို့ကိုဘုဉ်း ပေးတော်မူ၏၊ ဥပါသကာ လှည်းကုန်သည်သည် မထေရ်ကြွသွား တော်မူသောအခါ အကြွင်းကို စားသောက်ပြီးလျှင် “ထိုမှအကြွင်းကို ထုတ်ယူသွားစဉ် အရှင်သုံးပါးတို့သည် ယူလျက် ကြွသွားကြကုန်၏၊ အရှင်တပါးသည်ကား ဤနေရာသို့ သက်ဆင်းတော်မူ၏၊ အကြောင်း ကားအဘယ်နည်း”ဟု ကြံလျက် မထေရ်နောက်သို့ လိုက်သွားသော အခါ လိုဏ်၏အနီး၌နေလျက် ပိန္နဲသီးတို့ကို ဘုဉ်းပေးလျက်နေသည် ကိုမြင်၍ နေရာတခု၌နေပြီးလျှင် မထေရ် ဘုဉ်းပေးပြီးသောအခါ ရေနှင့်သပိတ်ကို ဆေးသောသစ်ခက်ကို ယူ၍ပေးလေ၏။

မထေရ်သည်လည်း သပိတ်ကိုဆေးပြီးလျှင် သိမ်းလျက်လိုဏ်တံခါး မှ လှည်း၏အနီးသို့ သွားသောလမ်းကို ဘန်ဆင်းတော်မူပြီးလျှင်

"ဥပါသကာ.... ဤလမ်းဖြင့် သွားလေလော့" ဟု မိန့်တော်မူ၏၊ လှည်းကုန်သည်သည် မထေရ်ကို ရှိခိုးပြီးလျှင် သွားသည်ရှိသော် လိုဏ်၏အနီးသို့ ရောက်သောအခါ လိုဏ်တံခါးဝ၌ရပ်လျက် လိုဏ်တွင်းကိုကြည့်သောအခါ ခုံလောက်(ဖိုကနောက်) သမုဒ္ဒရာရေမြှုပ်ပုံနှင့်တူသော ငွေစိုင်ငွေတုံးတို့ကိုမြင်လေသော် ဤအရာတို့ကားအဘယ်သည်တို့နည်းဟု ပဲခွပ်ဖြင့်ခုတ်လျက် ကြည့်ရှုသောအခါ ငွေဖြစ်သည်ကိုသိ၍ ငွေတုံးကြီးကိုယူပြီးလျှင် လှည်းအနီးသို့သွား၍ မြက်ရေပြည့်စုံသောနေရာ၌ လှည်းတို့ကိုထားပြီးလျှင် အနုရာဓမြို့သို့သွား၍ မင်းကြီးအား လျှောက်ကြားလေ၏။

အနုရာဓမြို့၏ အနောက်ဘက် ငါးယူဇနာဝေးသော ဥရုဝေလတောင်၌ သျှိသျှားသီးကြီးပမာဏရှိကုန်သော သန္တာနှင့်ရောကုန်သော လှည်းအစီးခြောက်ဆယ်ခန့် တိုက်ယူလောက်ကုန်သော ပုလဲတို့သည် သမုဒ္ဒရာမှ ပေါ်လာကုန်၏၊ တံငါတို့သည် မင်းအားထိုက်သော ဘဏ္ဍာဟုယူဆောင်ကြပြီးလျှင် မင်းကြီးအား လျှောက်ကြားလေ၏။

တဖန်အနုရာဓမြို့၏မြောက်ဘက် ခုနစ်ယူဇနာဝေးသော* လေဏရွာ၏ အနီး၌ရှိသောအိုင်၌ ရေစီးကျသော ချောက်နေရာ၌ ရှိသော သောင်ပေါ်၌အလျားတထွာ,အနံလက်လေးသစ်ရှိကုန်သော လေးခုကုန်သော ပတ္တမြားကြီးတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုအခါ †မတ္တအမည်ရှိသော ခွေးမုဆိုးတယောက်သည် ခွေးတို့ကိုခေါ်ပြီးလျှင် ထိုထိုအရပ်သို့ သွားလေသော် ထိုအရပ်သို့ ရောက်သောအခါ တောင်ချောက်ထဲ၌ အောက်မဲညိုပွင့်စုနှင့် တူသော အဆင်းရှိကုန်သော ပတ္တမြားတို့ကိုမြင်၍ မင်းအားထိုက်သောဘဏ္ဍာဟုနှလုံးသွင်းပြီးလျှင် သဲတို့ဖြင့်ဖုံးအုပ်၍ မင်းအားလျှောက်ကြားလေ၏၊ မင်းကြီးလည်း ဆုတော်ကိုပေးပြီးလျှင် မဏိမတ္တအမတ်ဟုမိန့်တော်မူ၏၊ ထိုထိုဘဏ္ဍာတို့ကို လျှောက်ကြားလာသောသူတို့အား ဆုတော်ပေးပြီးလျှင် မိမိတို့တွေ့မြင်သောဘဏ္ဍာတို့ကိုစောင့်ရှောက်စေ၏၊ မင်းကြီးသည် အုတ်နှင့်ငွေတို့၏ ဖြစ်ရာအရပ်သို့ ကိုယ်တော်တိုင်သွားရောက်လျက် ကြွင်းနေ

[*သေလိဝါပိကရွာ-မဟာဝင်။ †အဂ္ဂအမည်-မဟာရာပဝင်။]

ရာတို့သို့ အမတ်တို့ကိုစေလွှတ်လျက် ယူဆောင်စေ၏၊ မင်းကြီးသည် ထိုထို့ရတနာတို့၏ ဖြစ်ရာအရပ်ကို ထိုထိုရတနာတို့ဖြင့် အမည်မှည့်တော်မူ၏။

---

## ၅။ စေတီတည်ရာနေရာကိုပြုပြင်ခြင်း

ဤသို့လျှင် စေတီတော်တည်ရန် အဆောက်အဦတို့သည် ဖြစ်ပေါ်လာသောအခါ ကဆုန်လပြည့်ဥပုသ်နေ့၌ ဝိသာခါနက္ခတ်ဖြင့် မဟာစေတီတည်ရန် မြေနေရာကိုသုတ်သင်တော်မူ၏၊ ထိုအခါ မင်းကြီးသည် စေတီနေရာ၌စိုက်ထားအပ်သော ကျောက်တိုင်ကိုယူစေပြီးလျှင် စေတီနေရာကိုခိုင်မာစေရန် ထက်ဝန်းကျင်၌ ဆင်တံတိုင်းအဆုံးရှိသော (ဆင်ရုပ်တို့ဖြင့်တန်ဆာဆင်သောတံတိုင်း) မြေကိုခုနစ်တောင်နက်အောင် တူးစေပြီးလျှင် ထိုတွင်းကြီးထဲ၌ ယောကျ်ားတရာတို့၏ အားကိုဆောင်နိုင်သော အားအစွမ်းရှိကုန်သော စစ်သူကြီးတို့ကိုခေါ်တော်မူပြီးသော် ကျောက်ခဲတို့ကိုဖြန့်ခင်းစေလျက် ပန်းဘဲတူတို့ဖြင့် ထုချေလျက် သားရေစွပ်အပ်ကုန်သော ခြေရှိကုန်သော ဆင်တို့ဖြင့် နင်း၍ ခိုင်မာသောအခါ မြေစေးတို့ကိုဖြန့်ခင်းစေပြီးလျှင် ထိုမြေအပေါ်၌ အုတ်တို့ကိုခင်းစေ၏။

အုတ်တို့၏အပေါ်၌ ကြမ်းသောအင်္ဂတေကိုငင်း, ထိုအင်္ဂတေအပေါ်၌ ကုရုဝိန္ဒကကျောက်ကိုငင်း, ငင်းကျောက်၏အပေါ်၌ သံတိုးကြီးတို့ကိုငင်း, ထိုသံတိုးတို့၏အပေါ်၌ ရဟန္တာသာမဏေတို့သည် ဟိမဝန္တာမှယူဆောင်အပ်သော ကျောက်ပြွတ် (ကျောက်ခဲငယ်) တို့ကိုငင်း, ငင်းကျောက်ပြွတ်၏အပေါ်၌ နို့ကျောက်(နို့ရေအဆင်းရှိသောကျောက်) တို့ကိုငင်း, ငင်း၏အပေါ်၌ ဖလ်ကျောက် (ဖလ်အဆင်းရှိသောကျောက်) တို့ကိုငင်း, ငင်း၏အပေါ်၌ စိုသောနွံမြေရွှံ့မြေကိုငင်းခင်းစေ၏၊အလုံးစုံ၌မြေညက်သာဖြစ်၏၊ ထိုနွံမြေရွှံ့မြေကိုအဘယ်အရပ်၌ရသနည်းဟူမူ အေးသောရာသီဥတု၌ ဟိမဝန္တာတောင်၌ အာကာသဂင်္ဂါမြစ်ကျရောက်သောနေရာမှ ရေပေါက်တို့သည် အထက်သို့တက်ပြီးလျှင် သုံးယူဇနာဝေးသောနေရာ၌ ကျရောက်ကုန်၏၊ ထိုနေရာ၌ သလေးတို့သည် ပေါက်ရောက်ကုန်၏၊ အမြဲမပြတ် စွတ်စိုလျက်နေ၏၊

ထိုကြောင့်စွတ်စိုသောနံ့မြေရှံ့မြေနေရာဖြစ်၏၊ မစွတ်စိုသော နေရာ၌ရှိသောမြေ၌ နဝနီတမတ္တိက(မြေဆီမြေဥ)ဟုခေါ်သည် ထိုနံ့မြေရှံ့မြေကို ရဟန္တာသာမဏေတို့သည် ဆောင်ယူကြကုန်၏၊ ထိုမြေ၏အပေါ်၌ အလွန်စေးသောညောင်ကြတ်စေးဖြင့် လက်ရှစ်သစ်ထုသော ကြေးနီပြားကြီးကို ခင်းစေပြီးလျှင် ၎င်း၏အပေါ်၌ နှမ်းနှင့်တူသော*ဆေးဒန်းမြင်းသီလာဖြင့် လက်ခုနစ်သစ်ထုသော ငွေပြားကြီးကိုခင်းစေ၏၊ ဤသို့လျှင် တဆယ့်နှစ်မျိုးတို့ဖြင့် မြေနေရာကို ပြုပြင်တော်မူ၏။

## ၆။ မဟာစေတီနေရာသို့ ကြွတော်မူခြင်း

ဤသို့လျှင် မင်းကြီးသည် အလုံးစုံသောကိစ္စတို့ကိုပြီးဆုံးစေပြီးသော် ဝါဆိုလဆန်းတဆယ့်လေးရက်နေ့၌ မဟာဝိဟာရကျောင်းတိုက်ကြီး၌ စည်လည်စေပြီးလျှင် ရဟန်းသံဃာတော်အပေါင်းကို စည်းဝေးစေလျက် “အရှင်ဘုရားတို့…. နက်ဖြန်လပြည့်ဥပုသ်နေ့၌ ဥတ္တရာသဠ်နက္ခတ်ဖြင့် မဟာစေတီတော်၏ မင်္ဂလာနှင့်ပြည့်စုံသော အုတ်ကိုချလိုပါသည်၊ အရှင်ဘုရားတို့သည် ကြွလာတော်မူကြပါကုန်” ဟု လျှောက်လေ၏၊ ထိုနောက် မြို့တွင်း၌ “မြို့သူမြို့သားအပေါင်းတို့…. နက်ဖြန်နက္ခတ်ကောင်းအချိန်ကောင်း၌ မဟာစေတီတော်ကြီး၏ မင်္ဂလာနှင့်ပြည့်စုံသော အုတ်ကိုချထားအံ့၊ သန့်ရှင်းစင်ကြယ်စွာ ဝတ်ကုန်စားသောက်ကုန်လျက် ဥပုသ်ကိုဆောက်တည်ကြပြီးလျှင် ပန်း နံ့သာတို့ကို ယူဆောင်ကုန်လျက် မဟာစေတီနေရာသို့ လာရောက်ကြကုန်လော့” ဟု စည်လည်စေ၏၊ ထိုနောက်ဝိသာခမည်သောအမတ်, သီရိဒေဝမည်သောအမတ် ထိုမှူးမတ်နှစ်ယောက်တို့ကို ခေါ်တော်မူပြီးလျှင် မဟာစေတီနေရာ ထက်ဝန်းကျင်၌ ငွေအဆင်းရှိသော သဲတို့ကိုဖြန့်ကြဲ၍ ပေါက်ပေါက်လျှင်ငါးခုမြောက်သော ပန်းတို့ကိုခင်းကြပြီးလျှင် ငှက်ပျောပင်,တုရိုဏ်တိုင် (ရာဇမတ်ကွက်) တို့ကို စိုက်ထူကာရံကုန်လျက် ရေပြည့်သော အိုးတို့ကို ထားစေ၍ ပတ္တမြားအဆင်းရှိသော ဝါး၌ အဆင်းငါးခုရှိသောတံခွန်ကို ချည်ပြီးလျှင် အဆင်းအနံ့နှင့်ပြည့်စုံကုန်သော များစွာသောပန်းတို့ကို ခင်းကြပြီးလျှင် လှပကောင်းမွန်စွာ

[*ညောင်ချပ်စေး–မဟာထူပဝင်။]

တန်ဆာဆင်ကြကုန်လော့'' ဟု အမိန့်ပေးတော်မူ၏၊ အမတ်တို့လည်း အမိန့်ပေးသည့်အတိုင်း တန်ဆာဆင်ကြကုန်၏။

ထိုနောက် မြို့ကိုစောင့်ထိန်းသောအမတ်ကို ခေါ်တော်မူပြီးလျှင် "မြို့နှင့်ကျောင်းတော်သို့ သွားသောလမ်းကို တန်ဆာဆင်လော့'' ဟု အမိန့်ပေးပြီး၍ မိုးလင်းသောအခါ မြို့တံခါးလေးခုတို့၌ ဒါနအလှူဝတ်ကိုထားပြီးလျှင် နံ့သာ,ပန်း,အဝတ်တန်ဆာစသည်တို့ကိုထားစေ၍ ခဝါသည်,ဆေတ္တာသည်,တန်ဆာဆင်ကုန်သောသူတို့ကိုထားကြစေပြီးသော် အလုံးစုံကုန်သော လူဆင်းရဲတို့ကိုလည်း "အလှူမဏ္ဍပ်၌စားသောက်ကြပြီးသောအခါ အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်ကြကုန်လျက် မဟာစေတီတည်ရာနေရာသို့ လာကြကုန်လော့'' ဟု အားထုတ်လုံ့လပြုကြကုန်သောသူတို့ကို အကြောင်းကြားစေပြီးသောအခါ "အယုတ်ဆုံးအားဖြင့် ငါ့ထံ၌ တကရီသအတိုင်းအရှည်ရှိသော လယ်ရသည်ကိုအစပြုလျက် မိမိတို့၏စည်းစိမ်ချမ်းသာအားလျော်စွာ မိမိတို့၏ကိုယ်ကို တန်ဆာဆင်ကြကုန်'' ဟု အမိန့်ပေးတော်မူ၏။

တဖန် တကျိပ်ခြောက်ယောက်ကုန်သော နန်းတော်သူတို့အားလည်း အထူးထူးသောတန်ဆာ,အထွေထွေသော ပန်း,နံ့သာပျောင်း,ဆန်းကြယ်သောအဝတ်တို့ဖြင့် ကချေသည်၏အသွင်ကိုယူခြင်းငှါ အမိန့်ပေးတော်မူလျက် မိမိ၏ကိုယ်ကိုလည်း အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်၍ တန်ဆာဆင်အပ်ကုန်သော လေးသောင်းသောအမတ်တို့နှင့်တကွ ဥပုသ်သီလကိုဆောက်တည်ပြီးလျှင် အထူးထူးသော ရာထူးဌာနန္တရတို့ဖြင့် တင့်တယ်ကုန်သော များစွာသောအမတ်တို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ တန်ဆာဆင်အပ်ပြီးကုန်သော နတ်သမီးနှင့်တူကုန်သော နန်းတော်သူတို့ဖြင့် ခြံရံလျက် နတ်သမီးတို့ဖြင့် ခြံရံအပ်သော သိကြားမင်းကဲ့သို့ မိမိ၏တင့်တယ်ခြင်းဖြင့် လူအပေါင်းကိုနှစ်သက်စေလျက် များစွာကုန်သောတူရိယာတို့၏တီးမှုတ်ခြင်းတို့ဖြင့် ညနေချမ်းအချိန်၌ မဟာစေတီနေရာသို့ ကြွရောက်တော်မူ၏၊ နံနက်အချိန်၌သာလျှင် မဟာစေတီနေရာ၏ အလယ်၌ မင်္ဂလာ အကျိုးငှါ ပတ္တမြားတို့ဖြင့်ဖွဲ့စီအပ်ကုန်သော အိုးရှစ်ထောင်တို့ကိုငုင်း,အရပ်လေး

မျက်နှာတို့၌ အဝတ်ပုံတို့ကိုဝှင်း, ဆီ, ပျား, တင်လဲ,သကာစသည်တို့ကို
ဝှင်း ထားစေ၏၊

## ၇။ သံဃာတော်များကြွလာတော်မူခြင်း

ထိုအခါ များစွာသောအရပ်တို့မှ များစွာသော သံဃာတော်တို့သည် ကြွလာကြကုန်၏၊ ဤကျွန်းရှိသံဃာတော်တို့၏ ကြွလာခြင်း၌ကား ဆိုဘွယ်ရာမရှိပြီ၊ ရာဇဂြိုဟ်ပြည်၏ထက်ဝန်းကျင်မှ အရှင်ဣန္ဒဂုတ္တထေရ်သည် ရှစ်သောင်းကုန်သောရဟန်းတော်တို့ကို ပင့်တော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့်ကြွလာတော်မူ၏။

၁။ ဗာရာဏသီပြည်၏အနီး၌ရှိသော ဣသိပတနကျောင်းတော်မှ အရှင်ဓမ္မသေနမဟာထေရ်သည် တသောင်း နှစ်ထောင်ကုန်သော ရဟန်းတို့ကို ပင့်တော်မူ၍ဝှင်း,

၂။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှ အရှင်ပိယဒဿိမဟာထေရ်သည် ခြောက်သောင်းကုန်သော ရဟန်းတို့ကိုပင့်၍ဝှင်း,

၃။ ဝေသာလီပြည် မဟာဝုန်ကျောင်းတော်မှ အရှင်မဟာဗုဒ္ဓရက္ခိတထေရ်သည် တသောင်းရှစ်ထောင်ကုန်သော ရဟန်းတို့ကိုပင့်၍ဝှင်း,

၄။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်မှ အရှင်ဓမ္မရက္ခိထေရ်သည် ရဟန်းတော်သုံးသောင်းတို့ကို ပင့်၍ဝှင်း,

၅။ ဥဇ္ဇေနီပြည် ဒက္ခိဏာဂိရိမဟာဝိဟာရ ကျောင်းတော်မှ အရှင်-သံဃရက္ခိတထေရ်သည် ရဟန်းတော်လေးသောင်းတို့ကို ပင့်တော်မူ၍ဝှင်း,

၆။ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတော်မှ အရှင်မိတ္တသေနထေရ်သည် တထောင်သောရဟန်းတော်တို့ကိုပင့်၍ဝှင်း,

၇။ ကမ္ဘာသဒမ္မနိဂုံးမှ အရှင်အနုတ္တထေရ်သည် ရဟန်းတော်ရှစ်သောင်းနှစ်ထောင်တို့ကို ပင့်၍ဝှင်း,

၈။ မဟာမလ္လတိုင်းမှ အရှင်မဟာဒေဝထေရ်သည် ရဟန်းတော်ခြောက်သောင်းတို့ကို ပင့်၍ဝှင်း,

၉။ ယောနကတိုင်း *အာလသဒိသကျွန်းအနီးမှ အရှင်မဟာဓမ္မရက္ခိတထေရ်သည် ရဟန်းတော်သုံးသောင်းတို့ကိုပင့်၍၎င်း,

၁၀။ ဝိဉ္ဈာဋဝီတောအုပ် ဝတ္တနိကျောင်းတော်မှ အရှင်ဥတ္တရထေရ်သည် ရဟန်းတော် ခြောက်သောင်းတို့ကိုပင့်၍၎င်း,

၁၁။ မဟာဗောဓိမဏ္ဍိုင်ကျောင်းတော်မှ အရှင်စိတ္တဂုတ္တထေရ်သည် ရဟန်းတော် သုံးသောင်းတို့ကိုပင့်၍၎င်း,

၁၂။ ဝနဝါသိဘာဂအရပ်မှ အရှင်စန္ဒဂုတ္တထေရ်သည် ရဟန်းတော်ရှစ်သောင်းတို့ကို ပင့်၍၎င်း,

၁၃။ ကေလာသ မဟာဝိဟာရကျောင်းတော်မှ အရှင်သူရိယဂုတ္တထေရ်သည် ရဟန်းတော် ကိုးသောင်း ခြောက်ထောင်တို့ကို ပင့်၍၎င်း။

ကောင်းကင်ခရီးဖြင့်ကြွလာတော်မူကုန်၏၊ ဤသီဟိုဠ်ကျွန်းကိုအစပြု၍ အလုံးစုံသောအရပ်မှ တပါး, နှစ်ပါး, တဆယ်, နှစ်ဆယ်, တရာ, တထောင်ဖြင့်ကြွလာကုန်သော ရဟန်းတော်တို့၏ အပိုင်းအခြားကားမရှိပြီ၊ ဤမဟာစေတီအစည်းအဝေး၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့ကိုထား၍ ရဟန္တာချည်းသာဖြစ်သောပုဂ္ဂိုလ်တို့သည် †ကိုးဆယ့်ကိုးကုဋေရှိကုန်၏၊ ထိုသို့ကြွလာတော်မူကြပြီးသောအခါ ရဟန်းတော်တို့သည် သန္တာပုတ်တိုင်ကို ကာဘိသကဲ့သို့၎င်း, ကန့်လန့်ကာတင်းတိမ်ကို ကာဘိသကဲ့သို့၎င်း မင်းကြီးကိုအလယ်ထားပြီးလျှင် အချင်းချင်းမထိခိုက်ဘဲ ထက်ဝန်းကျင်၌ တည်နေကြကုန်၏။

ထိုအခါမင်းကြီးသည် သံဃာတော်များ၏ အလယ်သို့ဝင်ရောက်လျက် ကြည့်ရှုတော်မူသောအခါ ကြည်ညိုသောစိတ်ဖြင့် ''ငါ၏ကုသိုလ်သည် အကယ်၍များမြတ်ငြားအံ့၊ မြတ်စွာဘုရားနှင့် နာမည်တော်တူသောအရှင်သည် မိမိနှင့်နာမည်တူကုန်သော ငါးရာကုန်သောအရှင်တို့ဖြင့် ခြံရံတော်မူလျက် အရှေ့တံခါး၌တည်စေသတည်း၊ တရားရတနာနှင့် နာမည်တော်တူသောအရှင်သည် နာမည်တူ အရှင်ငါးရာတို့ဖြင့်ခြံရံလျက် တောင်တံခါး၌တည်စေသတည်း၊ သံဃာရတနာနှင့် အမည်တူသောအရှင်သည် အမည်တူသော သံဃာငါးရာခြံရံလျက်

[*အလသန္ဒကျွန်း-မဟာဝင်။ † ကိုးဆယ့်ခြောက်ကုဋေ-မဟာထူပဝင်။]

အနောက်တံခါး၌ တည်စေသတည်း၊ ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာနှင့် နာမည်တော်တူသောအရှင်သည် အမည်တူ သံဃာငါးရာခြံရံလျက် မြောက်ဘက်တံခါး၌တည်စေသတည်း၊ပိယဒဿီမည်သော အရှင်သည် အမည်တူသံဃာခြံရံလျက် အရှေ့မြောက်ထောင့်၌ တည်စေသတည်း''ဟု ကြံစည်တော်မူ၏၊ သံဃာတော်သည်ကား ရှေးဦးကပင်လျှင် မင်းကြီး၏စိတ်အလိုတော်ကိုသိသောကြောင့် မင်းကြီးကြံစည်တိုင်းသာလျှင် တည်နေတော်မူ၏၊ သိဒ္ဓတ္ထမည်သော မဟာထေရ်အရှင်သည်ကား တဆယ့်တပါးသော မဟာထေရ်တို့ဖြင့်ခြံရံလျက် ရေပြည့်သောအိုး တဆယ့်တလုံးကိုရှေ့ရှုပြုလျက် အရှေ့အရပ်သို့ရှေ့ရှုလျက် တည်နေတော်မူ၏။

---

## ၈။ စေတီတည်ရန်မှတ်သားတော်မူခြင်း

ထိုအခါမင်းကြီးသည် ရဟန်းသံဃာတော်ကို ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် အရိုအသေပြုပြီးလတ်သော် လေးပါးသောနေရာတို့၌ ငါးပါးကုန်သော တည်ခြင်းတို့ဖြင့် ရှိခိုးပြီးလျှင် အလယ်ရေပြည့်သောအိုး နေရာသို့ဝင်တော်မူလျက် စေတီတော်၏ အလယ်ဗဟိုချက်ကိုမှတ်၍ စိုက်ထားအပ်သော ရွှေပန္နက်တိုင်ငုတ်၌ စွပ်၍ထားသော စေတီတော်၏ ပတ်လည်အဝန်းကို လှည့်လျက်မှတ်သားသော ငွေအတိပြီးသော ငွေတုတ်တံရှည်ကို မိဘာနှစ်ပါးအသက်မသေထင်ရှားရှိခြင်း, မိဘာနှစ်ပါးမှ ကောင်းစွာဘွားမြင်သူဖြစ်ခြင်း, ကောင်းစွာ တန်ဆာဆင်နိုင်ခြင်း, မြတ်သောမင်္ဂလာဟု သမုတ်အပ်သောသူဖြစ်ခြင်း၊ ဤအင်္ဂါလေးပါးတို့နှင့်ပြည့်စုံသော အမတ်၏သားကိုယူစေလျက် အလွန်ကြီးသောစေတီကြီးကို တည်စေလိုသောမင်းကြီးသည်လည်း ကိုယ်တော်တိုင် စေတီအဝန်းကိုလှည့်လျက် မှတ်သားသောတုတ်ချောင်းရှည်ကိုကိုင်လျက် သုတ်သင်ရှင်းလင်းပြီးသောမြေအပြင်၌ လှည့်လည်လျက် တိုင်းတာမှတ်သားရန် အားထုတ်တော်မူ၏။

ထိုသို့ စေတီ၏အဝန်းပမာဏကို မှတ်သားသောမင်းကြီးကို အရှင်သိဒ္ဓတ္ထထေရ်သည် တားမြစ်တော်မူသောအခါ မင်းကြီးအား စိတ်မချမ်းမသာဖြစ်ပေါ်လာ၏၊ အဘယ့်ကြောင့် အရှင်သိဒ္ဓတ္ထထေရ်သည်

တားမြစ်သနည်းဟူမူ- မင်းကြီး၏အလိုဆန္ဒတော်အတိုင်း စေတီကြီးကိုတည်ခဲ့သော် အနာဂတ်ကာလ၌ မပြုပြင်နိုင်ခြင်း, မင်းကြီးသည် မကြာမီနတ်ရွာစံလတ္တံ့ဖြစ်ခြင်း ဤအကြောင်းနှစ်ပါးတို့ကြောင့် တားမြစ်တော်မူ၏၊ ထိုအခါ ရဟန်းသံဃာတော်သည် ထတော်မူလျက် "မင်းကြီး....မထေရ်သည် ပညာနှင့်ပြည့်စုံ၏၊ မထေရ်၏စကားတော်အတိုင်း ပြုသင့်သည်"ဟု မင်းကြီးကိုမိန့်တော်မူ၏၊ မင်းကြီးသည် ရဟန်းသံဃာတော်၏ အလိုကိုသိသောကြောင့် မထေရ်အားရိုသေစွာ သိတော်မမူလျှင်မဆိုဟု အောက်မေ့လျက် "အရှင်ဘုရား....အဘယ်မျှလောက် ပမာဏရှိသောစေတီတော်ကို တည်ရပါအံ့နည်း" ဟု လျှောက်ထားလေ၏၊ ထိုအခါ မထေရ်သည် "မင်းကြီး....ငါသွားသောနေရာမှစ၍ စေတီ၏အလုံးအဝန်းပမာဏကို မှတ်သားလော့" ဟု မိန့်တော်မူလျက် ထက်ဝန်းကျင် လှည့်လည်တော်မူလျက် ကြွသွားတော်မူ၏။

မင်းကြီးသည် မထေရ်သည်လှည့်လည်၍ ပြတော်မူသည့်အတိုင်း စေတီတော်၏အဝန်းကိုမှတ်သားလျက် မထေရ်၏ဘွဲ့တော်ကို မေးလေ၏၊ မထေရ်သည် "ငါသည် သိဒ္ဓတ္ထထေရ်မည်၏"ဟု မိန့်တော်မူ၏၊ ထိုအခါမင်းကြီးသည်"ဤဘွဲ့တော်သည် ငါပြုစေအပ်သော ကောင်းမှုပြီးခြင်း၏ နိမိတ်ဖြစ်လတ္တံ့"ဟုအောက်မေ့ပြီးလျှင် မထေရ်အား ပန်း,နံ့သာတို့ဖြင့် ပူဇော်ရှိခိုးပြီးလျှင် ထိုမထေရ်၏အနီး၌ နေတော်မူသော မထေရ်၏ထံသို့သွားပြီးလျှင် ဘွဲ့တော်ကိုမေးသောအခါ "ငါသည် မဟာမင်္ဂလထေရ်မည်၏"ဟု မိန့်တော်မူလေသော် "ဤစေတီသည် လူအပေါင်း၏ မင်္ဂလာဖြစ်လတ္တံ့"ဟု အောက်မေ့လျက် ပန်း,နံ့သာတို့ဖြင့် ပူဇော်ရှိခိုးလေ၏၊ ထို့အတူ–

၁။ မထေရ်တပါးအားမေးသောအခါ "သုမနထေရ်မည်၏"ဟု မိန့်တော်မူလျှင် ဤစေတီသည် လူအပေါင်းတို့၏ ဝမ်းမြောက်ခြင်းအကြောင်းဖြစ်လတ္တံ့" ဟူ၍၎င်း,
၂။ မထေရ်တပါးကိုမေးသောအခါ "ပဒုမထေရ်မည်၏"ဟု မိန့်လတ်သော် "ဤစေတီသည် လူအပေါင်းတို့အား မဂ်ဖိုလ်တို့ဖြင့် ကောင်းစွာပွင့်ခြင်း၏ အကြောင်းဖြစ်လတ္တံ့"ဟူ၍၎င်း,

၃။ မထေရ်တပါးအား မေးသောအခါ "သီဝလိထေရ်မည်၏"ဟု မိန့်လေသော် "ဤစေတီသည် လူအပေါင်းတို့၏ စိတ်အနှောင့် အရှက်, စိတ်ပူပန်ခြင်းကို ငြိမ်းခြင်း၏ အကြောင်းဖြစ်လတ္တံ့." ဟူ၍၎င်း,

၄။ မထေရ်တပါးအားမေးသောအခါ "စန္ဒဂုတ္တထေရ်မည်၏"ဟု မိန့်လေသော် "ဤစေတီသည် လူအပေါင်း၏ ကုသိုလ်ဆန္ဒပြီး လတ္တံ့."ဟူ၍၎င်း,

၅။ တပါးသောမထေရ်အား မေးသောအခါ "သူရိယဂုတ္တထေရ် မည်၏"ဟု မိန့်လေသော် "ဤစေတီသည် အရောင်များစွာ ပြွမ်းသော တန်ခိုးဖြင့်တင့်တယ်သော နေဝန်းကဲ့သို့ အလုံးစုံ သောဘဝတို့ကိုနှိပ်စက်၍ တင့်တယ်လတ္တံ့."ဟူ၍၎င်း, "တဒင် ဝိမုတ္တိ- ဝိက္ခမ္ဘနဝိမုတ္တိ- သမုစ္ဆေဒဝိမုတ္တိ- ပဋိပဿဒ္ဓိဝိမုတ္တိ- နိဿရဏဝိမုတ္တိဖြင့် ကြောက်ရွံ့ထိတ်လန့်သောလူအပေါင်း၏ ပူလောင်ထိတ်လန့်ခြင်းကို ပယ်ဖျောက်လျက် ရဲရင့်ခြင်းသို့ ရောက်စေလတ္တံ့."ဟူ၍၎င်း,

၆။ မထေရ်တပါးအား မေးသောအခါ"ဣန္ဒဂုတ္တထေရ်မည်၏"ဟု မိန့်လေသော် "ဣန္ဒသဒ္ဒါသည် အကြီးအကဲအနက်၌ဖြစ်သော ကြောင့် ငါတည်စေအပ်သောဤစေတီတော်သည်ကား ကိုးဆယ့်ကိုးယူဇနာရှိသော တမ္ဗပဏ္ဏိကျွန်း၌ အကြီးအကဲဖြစ် လတ္တံ့." ဟူ၍၎င်း,

၇။ မထေရ်တပါးအား မေးသောအခါ"သာဂရထေရ်မည်၏"ဟု မိန့်လေသော် "ဤစေတီကြီးသည် ရေတို့ဖြင့်ပြည့်သောသမုဒ္ဒ ရာကဲ့သို့ လူအပေါင်း၏အလိုဆန္ဒကို ပြည့်စေလျက် လောကီ, လောကုတ္တရာဖြစ်သော သူတော်ကောင်းတို့၏တရားကို ရခြင်း ၏အကြောင်းဖြစ်လတ္တံ့." ဟူ၍၎င်း,

၈။ မထေရ်တပါးကိုမေးသောအခါ "မိတ္တသေနထေရ်မည်၏"ဟု မိန့်လေသော် "ဤစေတီကြီးသည် လူအပေါင်း၏ဒေါသ အမျက်ကိုပယ်ဖျောက်၍ မေတ္တာစိတ်ကို ရခြင်း၏အကြောင်း ဖြစ်လတ္တံ့." ဟူ၍၎င်း,

၉။ တပါးသောမထေရ်ကို မေးသောအခါ "ဇယသေနထေရ်မည်၏" ဟု မိန့်လေသော် "ဤစေတီကြီးသည် လူအပေါင်းကိုဆုံးရှုံးစေတတ်သောဝဋ်ဒုက္ခကို အောင်နိုင်စေလတ္တံ့" ဟူ၍ဖြင့်,

၁၀။ မထေရ်တပါးကိုမေးသောအခါ "အစလထေရ်မည်၏" ဟု မိန့်လေသော် "ဤစေတီကို ရန်သူတို့သည် တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်လတ္တံ့" ဟူ၍ဖြင့်။

အောက်မေ့လျက် ထိုမထေရ်တို့အား ပန်း,နံ့သာတို့ဖြင့်ပူဇော်ရှိခိုးပြီးသောအခါ လှည့်လည်လျက်တိုင်းထွာမှတ်သားသော ငွေတုတ်တံကိုယူစေပြီးလျှင် အမတ်သားနှင့်ဖင်း၏မိဘတို့၏ နာမည်ကိုမေးသောအခါ "ကျွန်ုပ်သည်သုပ္ပတိဋ္ဌိတမဟာဗြဟ္မာမည်ပါ၏၊ အဘသည်*နန္ဒိသေနမည်ပါ၏၊ အမိကားသုမနဒေဝီမည်ပါ၏" ဟု လျှောက်လေလျှင် "အလုံးစုံကုန်သောသူတို့၏ အမည်သည် မင်္ဂလာနှင့်ပြည့်စုံသောကောင်းသော နာမည်တို့သာ ဖြစ်သောကြောင့် ငါပြုသောကောင်းမှုသည် ဘေးရန်မရှိ မချွတ်မယွင်းသောအားဖြင့်ပြီးလတ္တံ့" ဟု အောက်မေ့လျက် နေတော်မူ၏။

---

## ၈။ အုတ်မြစ်ချတော်မူခြင်း

ထိုနောက် မင်းကြီးသည် စေတီနေရာ၏အလယ်၌ ရှစ်လုံးသောရွှေအိုးငွေအိုးတို့ကို ထားစေပြီးလျှင် ထိုအိုးတို့ကိုရံလျက် တရာ့ရှစ်လုံးကုန်သော ရေပြည့်အိုးတို့ကိုထားစေ၏၊ ထိုတရာ့ရှစ်လုံးသောအိုးတို့တွင် တလုံးတလုံးသောအိုးကိုရံလျက် †တရာ့ရှစ်ချပ်သောရွှေအုတ်,ငွေအုတ်တို့နှင့် တရာ့ရှစ်ထည်သောအဝတ်တို့ကို ထားစေ၏၊ သုပ္ပတိဋ္ဌိတမဟာဗြဟ္မာမည်သော အမတ်သားကို ရွှေအုတ်တချပ်ကိုယူစေလျက် ထိုအမတ်သားနှင့် နာမည်တူ,ဇာတ်တူ မိဘထင်ရှားရှိကုန်သော အမတ်သားခုနစ်ယောက်တို့ကို ရွှေအုတ်ခုနစ်ချပ်တို့ကိုယူစေ၏၊ထိုအခါ မိတ္တသေနမထေရ်သည် စေတီတော်၏အရှေ့အရပ်၌ပြေပြစ်စွာပြုအပ်သော ပဌမမြေအပြင်၌ နံ့သာမှုန့်ခဲကိုထားစေ၏၊

[* နန္ဒထေရ။ † ရွှေအုတ်ငွေအုတ်တရာ့ရှစ်ချပ်မရှိသင့်၊ ရွှေအုတ်ရှစ်ချပ်, ငွေအုတ်တရာ့ရှစ်ချပ်-မဟာထူပဝင်။]

ဇယသေနထေရ်သည် ထိုနံ့သာခဲကိုရေလောင်းပြီးလျှင် နယ်လျက်ညီမျှစွာပြု၏၊ သုပ္ပတိဋ္ဌိတမဟာဖြဟ္မာသည် ကောင်းသောအချိန်အခါ၌ မင်္ဂလာရှိသော၃နေရာ၌ ရှေးဦးစွာမင်္ဂလာနှင့်ပြည့်စုံသော အုတ်ကိုချလေ၏၊မဟာသုမနထေရ်သည် မလေးပန်းတို့ဖြင့်ပူဇော်လေ၏၊ ထိုအခါ ရေအဆုံးရှိသည်ကိုပြုလျက် မြေတုန်လှုပ်လေ၏။

ဤနည်းဖြင့် ကြွင်းကျန်သော ရှေ့အုတ်ခုနစ်ချပ်တို့ကို ချထားစေပြီးလျှင် ပန်း, နံ့သာတို့ဖြင့်ပူဇော်လျက် မြတ်သောမင်္ဂလာရှိသောအစီအရင်ပြီးဆုံးသောအခါ "ဤစေတီနေရာ၌ ငါ၏ပြုဘွယ်ကိစ္စသည် ပြီးဆုံးပြီ" ဟု မိန့်တော်မူပြီးလျှင် အရှေ့မျက်နှာအရပ်သို့ သွားတော်မူလျက်—

၁။ အရှေ့တံခါး၌ အမည်တူရဟန္တာငါးရာတို့ဖြင့် ခြံရံလျက် နေတော်မူသော မဟာဗုဒ္ဓရက္ခိတထေရ်သို့ဆည်းကပ်တော်မူလျက် ဘွဲ့တော်ကိုမေးသောအခါ "ငါကား မဟာဗုဒ္ဓရက္ခိတမည်၏" ဟု မိန့်လေသော် "ဘုရားရှင်နှင့်တူသော အမည်ရှိတော်မူသော ရဟန္တာငါးရာတို့ဖြင့်ခြံရံအပ်သော အရှင်ဗုဒ္ဓရက္ခိတထေရ်သည် ငါလျှအပ်သောပူဇော်ခြင်းကို ခံယူတော်မူပေသည်" ပီတိငါးပါးတို့ဖြင့် ပြည့်သောကိုယ်ရှိသည်ဖြစ်၍၎င်း,

၂။ တောင်တံခါး၌ အမည်တူရဟန္တာငါးရာတို့ဖြင့်ခြံရံလျက် နေတော်မူသော မဟာဓမ္မရက္ခိတထေရ်၏ ဘွဲ့တော်ကို မေး၍ သိတော်မူသောအခါ၌၎င်း,

၃။ အနောက်တံခါး၌ အမည်တူရဟန္တာငါးရာတို့ဖြင့်ခြံရံလျက် နေတော်မူသော သံဃရက္ခိတထေရ်၏ဘွဲ့တော်ကိုမေး၍ သိတော်မူသောအခါ၌၎င်း,

၄။ မြောက်တံခါး၌ အမည်တူသောရဟန္တာတို့ဖြင့်ခြံရံလျက် နေတော်မူသော မဟာအာနန္ဒာထေရ်၏ဘွဲ့တော်ကိုမေး၍ သိတော်မူသောအခါ၌၎င်း,

၅။ အရှေ့မြောက်ထောင့်အရပ်၌ ရဟန္တာတို့ဖြင့်ခြံရံလျက် နေတော်မူသော ပိယဒဿီထေရ်၏ဘွဲ့တော်ကိုမေး၍ သိတော်မူသောအခါ၌၎င်း,

ဆိုခဲ့ပြီးသောနည်းဖြင့် မထေရ်တို့အား အသီးသီးပူဇော်ရှိခိုးလေ၏၊ ပိယဒဿီမထေရ်၏ ဘွဲ့တော်ကို သိတော်မူသောအခါ "ငါတည်ထား အပ်သော ဤစေတီတော်သည် များစွာသောလူအပေါင်း၏ ကြည် ညိုမြတ်နိုးခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်လတ္တံ့" ဟု အောက်မေ့တော်မူလျက် "အရှင်ဘုရားသည် တရားမင်္ဂလာကိုပြတော်မူပါ" ဟု မထေရ်အား ရှိခိုးလျှောက်လေ၏၊ ထိုအခါ မထေရ်သည် အလုံးစုံစည်းဝေးရောက် လာသော စင်ကြယ်သောပရိသတ်ကို ကြည့်တော်မူလျက် မင်းကြီး သဒ္ဓါတရားနှင့်သင့်လျော်သော မင်္ဂလာတရားတော်ကို သာယာစွာ သောအသံတော်ဖြင့် ပရိသတ်ကို ချောက်ချားစေလျက် ဟောကြား တော်မူလေ၏။

မထေရ်၏ မင်္ဂလာတရားတော်အဆုံး၌ ရောက်လာသော လူအ ပေါင်းတွင် တရားထူးကိုရသောပုဂ္ဂိုလ်လေးသောင်း, သောတာပန် ပုဂ္ဂိုလ်လေးသောင်း,သကဒါဂါမိပုဂ္ဂိုလ်တထောင်, အနာဂါမိပုဂ္ဂိုလ် တထောင်,ရဟန္တာပုဂ္ဂိုလ်တထောင်တို့သည်ဖြစ်ပေါ်လာကုန်၏၊ မင်း ကြီးသည် အလုံးစုံသောသံဃာတော်ကိုရှိခိုးပြီးလျှင်"အရှင်ဘုရားတို့... စေတီတော်ကြီးပြီးသည်တိုင်အောင် တပည့်တော်၏ဆွမ်းကို အလှူခံ တော်မူပါ" ဟု ပင့်လျှောက်လေ၏၊ သံဃာတော်သည် သည်းခံတော် မမူ၊ ထိုအခါ အစဉ်အတိုင်းအားဖြင့် ခုနစ်ရက်အလှူခံတော်မူရန် ပင့်လျှောက်သောအခါ သည်းခံတော်မူလေ၏၊ ထိုနောက် စေတီတော် ၏ထက်ဝန်းကျင် ရှစ်ခုသောနေရာတို့၌ မဏ္ဍပ်တို့ကိုပြုလုပ်စေပြီးသော် ထိုမဏ္ဍပ်တို့၌ ရဟန်းသံဃာတော်ကို သီတင်းသုံးတော်မူစေပြီးသော အခါ ခုနစ်ရက်ပတ်လုံး ရဟန်းသံဃာတော်အား အလှူတော်ကြီး ကိုလှူတော်မူ၏။

---

## ၁၀။ စေတီတော်တည်ရန်စီမံတော်မူခြင်း

ထိုနောက် မင်းကြီးသည် စည်လည်စေလျက် အလုံးစုံကုန်သော ပန်းရံဆရာတို့ကိုစည်းဝေးစေ၏၊ ထိုအခါ ငါးရာမျှကုန်သောပန်းရံ ဆရာတို့သည် လာရောက်ကြကုန်၏၊ မင်းကြီးသည် ထိုအုတ်လုပ်ဆရာ တို့တွင် တယောက်သောဆရာကို ခေါ်တော်မူပြီးလျှင် "စေတီတော် ကို အဘယ်သို့တည်မည်နည်း" ဟု မေးသောအခါ "အရှင်မင်းကြီး ..

ကျွန်ုပ်သည် ခိုင်းစေသောတပည့်တရာကို ခေါ်ပြီးလျှင် တနေ့လျှင် မြေမှုန့်လှည်းတစီးတိုက်ကို ကုန်စေလျက် အမှုပြုလုပ်ပါအံ့” ဟု လျှောက်၏၊ မင်းကြီးသည် “ဤသို့ပြုလုပ်သော် မြေမှုန့်ပုံဖြစ်လတ္တံ့၊ မြက်သစ်ပင်စသည်တို့သည် ပေါက်ရောက်ကုန်လတ္တံ့၊ ကာလကြာမြင့်စွာ မဖြစ်လတ္တံ့” ဟု မိန့်တော်မူလျက် ပယ်တော်မူ၏၊ ဟဖန် ပန်းရံဆရာတယောက်သည် “အရှင်မင်းကြီး····ယောကျ်ားတရာကိုခေါ်ပြီးသောအခါ မြေမှုန့်တကုမ္ဘကိုကုန်စေလျက် ပြုပါအံ့” ဟု လျှောက်လေလျှင် ပယ်တော်မူလေ၏၊ ထိုနောက် ဆရာတယောက်သည် နှစ်အမ္ဗဏသောမြေမှုန့်တို့ကို၊ ဆရာတယောက်သည် သုံးအမ္ဗဏသောမြေမှုန့်တို့ကိုကုန်စေလျက် ပြုပါအံ့”ဟု လျှောက်လေလျှင် ထိုပန်းရံဆရာတို့ကိုလည်း ပယ်တော်မူ၏။

ပန်းရံအတတ်၌ ပြီးဆုံးအောင်တတ်သော အမြဲပန်းရံပြုလုပ်သောဆရာတယောက်သည် “ငါသည် မင်းကြီး၏ စိတ်တိုင်းကျအောင် မဟာစေတီကိုပြုအံ့”ဟု အောက်မေ့လျက် “အရှင်မင်းကြီး····အရှင်မင်းကြီး၏ အလိုတော်ကျအောင် မဟာစေတီကို ပြုခြင်းငှါ စွမ်းနိုင်ပါသည်” ဟု မင်းကြီးအား လျှောက်လေ၏၊ မင်းကြီးသည် “သင်အဘယ်သို့ပြုမည်နည်း”ဟု မေးသောအခါ “အကျွန်ုပ်သည် မောင်းဆုံတို့ဖြင့် ထောင်းပြီးလျှင် ဆန်ကာတို့ဖြင့်ချလျက် ကျောက်ဖြင့်ကြိတ်၍ မြေမှုန့်တအမ္ဗဏကို ကုန်စေလျက် ခိုင်းစေအပ်သောတပည့်တရာကို ခေါ်ပြီးလျှင်ပြုလုပ်ပါအံ့”ဟုလျှောက်လေ၏၊ မင်းကြီးသည်“သင်သည် ငါ၏အလိုတော်ကျအောင် ပြုနိုင်၏၊ သင်လျှောက်ထားသည့်အတိုင်း ပြုခဲ့သော် မဟာစေတီ၌ မြက်စသည်တို့သည် မပေါက်ရောက်ကုန်လတ္တံ့၊ ကြာမြင့်စွာတည်နေလတ္တံ့”ဟု မိန့်တော်မူပြီးသော် “စေတီကို အဘယ်ပုံသဏ္ဌာန်ပြုမည်နည်း” ဟု မေးလေ၏၊ ထိုအခါဝိသုကြံနတ်သားသည် ပန်းရံဆရာ၏ကိုယ်၌ ပူးဝင်ပြီးလျှင် ပန်းရံဆရာ၏ရှေ့၌ ရေပြည့်သောရွှေခွက်၌ရှိသောရေကို လက်ဖြင့်ယူလျက်ရွှေခွက်၌ရှိသောရေအပြင်ပေါ်သို့ ပစ်ခတ်လျက်ချလေ၏၊ ဖလ်လုံးနှင့်တူသောရေပွက်သည် ပေါ်လာ၏၊ “အရှင်မင်းကြီး····ဤရေပွက်နှင့်တူသော စေတီကို ပြုလုပ်ပါမည်”ဟုလျှောက်၏။

ထိုအခါ မင်းကြီးသည် ဝမ်းသာစွာ စေတီတည်ရန် လက်ခံတော်မူပြီးသောအခါ ဆရာတပည့်တို့၏နာမည်ကို မေးတော်မူ၏၊ ထိုအခါ ပန်းရံဆရာသည်“ကျွန်ုပ်၏အမည်ကား သိရိဝဍ္ဎကမည်ပါ၏၊ တပည့်သည်ကား ဘဒ္ဒကမည်ပါ၏”ဟု လျှောက်လေ၏၊ ထိုစကားကိုကြားတော်မူသောအခါ “ကောင်းပါပေသည်” ဟု မိန့်တော်မူပြီးလျှင် ပန်းရံဆရာအား အဘိုးတထောင်စီ အသီးသီးတန်သော ပုဆိုးအစုံ, ရွှေခြေနင်းနှစ်ခု, ပုဏ္ဏမည်သော ရွှေတန်ဆာ, တသောင်းနှစ်ထောင်သောအသပြာ,သင့်လျော်သောအိမ်နှင့် လယ်ကိုပေးစေပြီးလျှင် ရိုသေလေးမြတ်စွာ ပြုတော်မူ၏၊ ထိုနောက်မင်းကြီးသည် “ညဥ့်အချိန်၌ လူတို့ကိုမစေခိုင်းမူ၍ အဘယ်သို့လျှင် အုတ်တို့ကိုသယ်ယူရပါအံ့နည်း” ဟု ကြံစည်တော်မူ၏၊ ထိုအခါနတ်တို့သည် မင်းကြီး၏ စိတ်တော်ကိုသိသည်ဖြစ်၍ မဟာစေတီ၏တံခါးလေးခုတို့၌ တရက်တရက်စီလောက်ရုံသောအုတ်တို့ကို ထိုညဥ့်၌စုပုံကြကုန်၏။

---

## ၁၁။ မဟာစေတီတည်တော်မူခြင်း

မိုးလင်းသောအခါ လူတို့သည် အုတ်တို့ကို မြင်ကြသောကြောင့် မင်းကြီးအား လျှောက်လေလျှင် မင်းကြီးသည် ဝမ်းမြောက်တော်မူလှသည်ဖြစ်၍ ပန်းရံဆရာကို စေတီတည်စေ၏၊ ဤနည်းအတိုင်းသာလျှင် စေတီကြီးပြီးသည့်တိုင်အောင် တနေ့တနေ့စီ လုပ်လောက်ရုံမျှဖြစ်သောအုတ်တို့ကို နတ်တို့ယူဆောင်ကြကုန်၏၊ စေတီအမှုပြုလုပ်သော အလုံးစုံသောနေရာတို့၌ မြေမှုန့်, အုတ်မှုန့်ဟူ၍ မရှိရအောင် ညဥ့်အချိန်၌ နတ်တို့သည် ကွယ်ပျောက်စေကုန်၏၊ မင်းကြီးသည်မဟာစေတီ၏အမှုကို ပြုလုပ်သောအခါ၌လည်း အလုံးစုံသော လူအပေါင်းအား မဟာစေတီ၏ပြုလုပ်ခအတွက်တံခါးလေးခုတို့တွင်တခုတခုသောတံခါး၌*တသန်းခြောက်သိန်းသောအသပြာ, အဝတ်တန်ဆာ, နို့သာ, ပန်း, ဆီ, ပျားရည်, တင်လဲ, သကာ စသော ဆေးပရိက္ခရာ, ယာဂု, ထမင်း,အထူးထူးသော စားဘွယ်,အပ်သောဖျော်ရည်, ငါးပါးသော

---

[* တသောင်းခြောက်ထောင်-မဟာထူပဝင်။]

ခံတွင်း၌ ထုံသောဆေးတို့နှင့် ကွမ်းတို့ကိုထားစေပြီးသောအခါ"မဟာ စေတီတော်၌ ပြုလုပ်သော လူရှင်တို့သည် မိမိတို့၏ နှစ်သက်သော ပစ္စည်းတို့ကို လုပ်ခယူ၍ ပြုကြကုန်၊ ပြုလုပ်ခကို မယူသောသူတို့ကို ပြုလုပ်ရန် မပေးကြကုန်လင့်"ဟု အမတ်နှင့်အားထုတ်သူတို့ကို အမိန့် ပေးတော်မူ၏၊ ထိုအခါ အမတ်နှင့်အားထုတ်သူတို့သည်လည်း အမိန့် တော်အတိုင်း လုပ်ခကိုပေးကြကုန်၏။

## ၁၂။ ရဟန်းတော်တပါးကုသိုလ်ပြုခြင်း

ထိုအခါ ရဟန်းတော်တပါးသည် မဟာစေတီ၌ ကုသိုလ်ပါဝင် လိုသောကြောင့် ပရိဝုဏ်၌ မြေညက်ကိုပြုလုပ်၍ စေတီတည်သောနေရာ ၌လုပ်သော မြေညက်နှင့်တူသော မြေညက်ကို ပြုလုပ်လျက် လက်တ ဘက်ဖြင့် ပန်းကိုယူ၍ လက်တဘက်ဖြင့် မြေညက်ကိုယူလျက် မင်း၏ အမှုလုပ်တို့မမြင်အောင် မဟာစေတီယင်ပြင်သို့ တက်ပြီးလျှင် ပန်းရုံ ဆရာအား ပေးလေ၏၊ ပန်းရုံဆရာသည် ယူလျက် ပြုလုပ်နေကျမြေ ညက်မဟုတ်ဟု သိသည်ဖြစ်၍ ကြိမ်ဖန်များစွာ ကြည့်ရှုလေ၏၊ ထို ရဟန်းတော်၏အမှုအရာကို သိသောကြောင့် ထိုစေတီနေရာ၌ အုတ် အုတ်ကျက်ကျက် ဖြစ်လေ၏၊ တဆင့်စကားအားဖြင့် မင်းကြီးကြား သောအခါ ကြွလာတော်မူပြီးလျှင်"ပန်းရုံဆရာ.... သင့်အားရဟန်း တော်တပါးသည် အဘိုးအခမရှိသောမြေညက်ကို ပေးသလော"ဟု မေးလေ၏၊"အရှင်မင်းကြီး.... ထိုရဟန်းတော်အရှင်သည် လက်တ ဘက်ဖြင့် မြေညက်ကိုပေးသောကြောင့် ထိုမြေညက်ကိုမသိသဖြင့် ပြု လုပ်မိ၏၊ ထိုအရှင်သည် ဤမြို့၌နေသောရဟန်းတော်မဟုတ်၊အာဂန္တု က ရဟန်းဖြစ်ပါသည်ဟု သိလိုက်ပါသည်"ဟု ပန်းရုံ ဆရာသည် လျှောက်ထားလေ၏။

မင်းကြီးသည် "မြေညက်ကိုပေးသော အာဂန္တုက ရဟန်းကို ဤတံခါးမှူးအားပြလော့"ဟု မိန့်တော်မူပြီးလျှင် တံခါးမှူးအားပန်းရုံ ဆရာကိုပြစေ၏၊ ပန်းရုံဆရာသည် ထိုမထေရ် တဖန်ကြွလာသော အခါ တံခါးမှူးအားပြလေ၏၊ တံခါးမှူးသည် မင်းကြီးအား လျှောက် ကြားသောအခါ မင်းကြီးသည် တံခါးမှူးအား "အချင်းတံခါးမှူး....

အိုးသုံးလုံး၌ထည့်သော မလေးပန်းတို့ကို *မဟာစေတီယင်ပြင်၌ စုပုံပြီးလျှင် နံ့သာကိုထားလျက် "မထေရ်မဟာစေတီယင်ပြင်သို့ ကြွသောအခါအာဂန္တုကအရှင်၏ပူဇော်ခြင်းငှါ မင်းကြီးလှူတော်မူသော နံ့သာပန်းတို့ပါဘုရားဟုဆို၍ မထေရ်အား လှူလော့"ဟု အမိန့်ပေး၏၊တံခါးမှူးလည်း မင်းကြီး၏အမိန့်အတိုင်းသာလျှင် မထေရ်ကြွလာသောအခါ လှည့်ပတ်လျက် လှူလေ၏။

မထေရ်သည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ ကျောက်အခင်း၌ ရေဆေးပြီးလျှင် နံ့သာဖြန်းလျက် နံ့သာနှင့်တကွသောပန်းတို့ကို ဖြန့်ခင်းလျက် ပန်းပူဇော်ပြီးသောအခါ လေးပါးသော နေရာတို့၌ ရှိခိုးပြီးလျှင် အရှေ့တံခါး၌လက်အုပ်ချီ၍ ပူဇော်သော ပန်းတို့ကို ကြည့်ရှုလျက် ရပ်တော်မူ၏၊ ထိုအခါ တံခါးမှူးသည် မထေရ်အား ရှိခိုးပြီးလျှင် မဟာစေတီ၏ကောင်းမှု၌ အဘော်အကျိုးငှါလှူသော အဘိုးအခမရှိသောမြေညက်အုတ်၏အဘိုးအခကို မင်းကြီးပေးတော်မူခြင်း, မင်းကြီး၏စကားဖြင့် ရှိခိုးစေခြင်းကို မထေရ်အားသိစေ၏၊ ထိုစကားကို မထေရ်ကြားသောအခါ "အနည်းငယ်မျှသော မြေညက်ဖြင့်အဘယ်ကြောင့် ဥပါသကာလှည့်စားသနည်း"ဟု စိတ်မချမ်းသာဖြစ်လေ၏၊ ထိုအခါ တံခါးမှူးသည် မလေးပန်းအိုးသုံးလုံးကို ထား၍ "ဤမျှသော ရွှေဖြင့်ပြီးသော ပန်းတို့ကို တခုသော မြေညက်စိုင်၏တန်ဘိုးသည်မမှီနိုင်ပါ၊ဝမ်းမြောက်ဝမ်းသာစွာကြည်ညိုတော်မူပါ"ဟု ဆို၍သွားလေ၏၊ ဤသို့လျှင် မင်းကြီး၏မဟာစေတီတည်သောကောင်းမှု၌ သူတပါးတို့၏ကုသိုလ်မပါဝင်စေမူ၍ ပြုစေသောအဖြစ်သည် အလုံးစုံသောအရပ်၌ ထင်ရှားလေ၏။

## ၁၃။ ရဟန်းတော်တပါး ကုသိုလ်ပါဝင်ခြင်း

ကောဋိဝါတဇနပုဒ် ပိယင်္ဂုလအရပ်၌ သီတင်းသုံးတော်မူသော ပန်းရံဆရာ၏ အမျိုးဖြစ်သော ရဟန်းတပါးသည် မင်းကြီးသည် ကုသိုလ်ကောင်းမှုအဘို့ကို သူတပါးအားမပေးသဖြင့် မဟာစေတီကို အားထုတ်သည်၏အဖြစ်ကို သိသောကြောင့် မဟာစေတီတည်ရာအရပ်

[*ဗောဓိယင်ပြင်ဟု မဟာထူပဝင်၌ဆိုသည်။]

လို ကြွလာပြီးသောအခါ ပန်းရုံဆရာနှင့်တိုင်ပင်ပြီးလျှင် အလျားအထု ကိုတိုင်းထွာ၍ အုတ်၏ပမာဏကိုသိသောအခါ ကြွသွားပြီးလျှင် မြေ ကိုနယ်၍ မဟာစေတီ၏အုတ်နှင့် အဆင်းတူသည်ကို ပြုလုပ်ပြီးသော အခါ သပိတ်နှင့် အိတ်၌ထည့်ပြီးလျှင် လက်တဘက်ဖြင့် မင်းကြီးအုတ် ကိုယူ၍ လက်တဘက်ဖြင့် ပူဇော်သောပန်းကိုယူ၍ မဟာစေတီယင်ပြင် သို့တက်ပြီးလျှင် မိမိအုတ်နှင့်အတူတကွ မင်းကြီး၏အုတ်ကို ပန်းရုံဆရာ အားပေးလေ၏၊ ပန်းရုံဆရာသည် အုတ်ကိုယူပြီးလျှင် မဟာစေတီ၌ စီထားလေ၏၊ မထေရ်သည် "မဟာစေတီ၏အမှု၌ မိတ်ဆွေသဟာ ယဖြစ်ပေပြီ"ဟု ဝမ်းမြောက်သည်ဖြစ်၍ မဟာစေတီ၌ မိမိကိုယ်တိုင် အမှုကိုပြုလုပ်လျက် အုတ်လုပ်သောတဲကျောင်း၌ နေတော်မူ၏၊ ထို မထေရ်၏အုတ်ကို စီထားသောအဖြစ်သည် အုတ်အုတ်ကျက်ကျက်ဖြစ် လေ၏။

မင်းကြီးသည် ကြားသောအခါ ရှေးနည်းအတူ မေးတော်မူ၏၊ ပန်းရုံဆရာသည်လည်း "ရဟန်းတော်တပါး လှူသောအုတ်သည် အကျွန်ုပ်တို့၏အုတ်နှင့် တူသောကြောင့် အကျွန်ုပ်သည်မသိပါ" ဟု လျှောက်၏၊ တဖန် "ထိုအုတ်ကိုသင်မှတ်မိသလော"ဟု မင်းကြီးမေး သောအခါ "သိလျက်လည်း စီထားသောနေရာကို တဖန်ဖျက်ရမည် ကို ကြောက်ခြင်းကြောင့်၎င်း, အမျိုးတော်သောရဟန်းတော်ကို ချီး မြှောက်သဖြင့်၎င်း မမှတ်မိပါ"ဟု လျှောက်လေ၏၊ "ထိုအရှင်ကို သင် မှတ်မိသလော"ဟု မေးသောအခါ"မှတ်မိပါသည်"ဟု လျှောက်လေ ၏၊ မင်းကြီးသည် ရှေး၌ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် တံခါးမှူး တယောက်ကို ပန်းရုံဆရာအားပြလေ၏၊ ထိုမထေရ်သည်လည်း အုတ် နှင့်မြေညက်ကိုယူပြီးသော် မဟာစေတီယင်ပြင်သို့ တက်တော်မူ၏၊ တံခါးမှူးသည် မထေရ်၏နေရာအရပ်ကိုမှတ်ပြီးလျှင် မင်းကြီးအား လျှောက်လေ၏၊ မင်းကြီးသည် မထေရ်နှင့်တံခါးမှူးအား အကျွမ်းဝင် စေပြီးလျှင် "သွားသောအခါ ငါ့အားလျှောက်ကြားပါ"ဟု ပြော ကြားလေ၏။

တံခါးမှူးသည် နှစ်ရက်လွန်မြောက်သောအခါ ပရိဝုဏ်သို့သွား ပြီးလျှင် မထေရ်၏ထံ၌နေ၍ မထေရ်နှင့်စကားပြောဆိုလျက် "အရှင်

ဘုရားသည် အာဂန္တုကလော,အာဝါသိကလော”ဟု လျှောက်ထားလေ၏၊ မထေရ်သည် “အာဂန္တုက”ဟု မိန့်သောအခါ “အဘယ်အရပ်၌နေပါသနည်း”ဟု လျှောက်ထားလေ၏၊ မထေရ်သည် “ကောဋိဝါတဇနပုဒ် ပိယင်္ဂုလကျောင်း၌ နေသည်”ဟု မိန့်သောအခါ “ဤကျောင်း၌နေသလော”ဟု မေးလေ၏၊ “ဤကျောင်း၌ငါမနေ၊ဤမည်သောနေ့၌သွားအံ့”ဟု မိန့်သောအခါ “အရှင်ဘုရားကြွသွားခဲ့သော် ထိုဇနပုဒ်၌ ဤအမည်ရှိသောရွာသည် အကျွန်ုပ်နေသောရွာဖြစ်၏၊ အရှင်ဘုရားနှင့်အတူသွားမည်”ဟု လျှောက်လေ၏၊ မထေရ်သည် “ကောင်းပြီ”ဟု ဝန်ခံလေ၏၊တံခါးမှူးသည်သွားပြီးလျှင်“ရဟန်းတော်အရှင်သည် ဤအမည်ရှိသောနေ့၌ ကြွသွားလိမ့်မည်”ဟု မင်းကြီးအားလျှောက်ကြားလေ၏၊ မင်းကြီးသည် တံခါးမှူးအား အဘိုးတထောင်ထိုက်သော ပုဆိုးအစုံကိုင်၎င်း, ဇနပုဒ်၌ သီတင်းသုံးကုန်သောရဟန်းတော်အရှင်တို့၏ ကမ္ဗလာအကျိုး၄ါ အဘိုးများစွာထိုက်သောနီသောကမ္ဗလာကိုင်၎င်း, မမကရိုဏ်- ပဲခွပ်- တောင်ဝှေးအစရှိသောရဟန်းတို့၏ ပရိက္ခရာကိုင်၎င်း, ဘိနပ်အစုံ-ဆီကျည်စသော များစွာသော အသုံးအဆောင်ကိုင်၎င်း ပေးစေပြီးသောအခါ “သင်သည် ဤအသုံးအဆောင်တို့ကို ယူပြီးလျှင် ရဟန်းတော်အရှင်နှင့်အတူတကွခရီးအကြား၌ပေးလှူ၍ ပိယင်္ဂုလကျောင်း၏ မြင်လောက်သောနေရာ၌နေ၍ ဆိုလေလော့”ဟု မိန့်တော်မူ၏။

တံခါးမှူးသည် မင်းကြီး၏စကားကို ကောင်းပါပြီဟု ဝန်ခံပြီးသောအခါ ပရိက္ခရာတို့ကိုယူပြီးလျှင် ပရိဝုဏ်သို့သွား၍ ညဥ့်သုံးယာမ်ပတ်လုံးမထေရ်၏ထံ၌နေပြီးလျှင် မိုးလင်းသောအခါ မထေရ်နှင့်အတူ ပရိဝုဏ်မှထွက်ပြီးလျှင် လမ်းစဉ်အတိုင်းသွား၍ ထိုကျောင်းကိုမြင်လောက်သောနေရာဖြစ်သော ရေတို့ဖြင့် ချမ်းသာသောနေရာ၌ အေးမြသောအရိပ်၌နေပြီးလျှင် ခြေတို့ကိုဆေး၍ နို့သာဆီဖြင့်ဆုပ်နယ်ပြီးလျှင် တင်လဲရည်ကိုသောက်ပြီး၍ ဘိနပ်ကို တဖန်ချွတ်ပြီးသောအခါ မိမိယူအပ်သော ရဟန်းတို့၏ပရိက္ခရာကို “ကျွန်ုပ်၏အိမ်သို့ကြွရောက်သောအရှင်၏အကျိုး၄ါ ယူအပ်ပြီ၊ ယခု အရှင်ဘုရားအားလှူပါ၏” ဟု မထေရ်အား ပေးလှူပြီးသောအခါ “ကျွန်ုပ်သား၏ မင်္ဂလာအကျိုး၄ါ

ယူအပ်သော ဤပုဆိုးအစုံကို အလှူခံတော်မူပြီးလျှင် သင်္ကန်းချုပ်၍ ရုံတော်မူပါ၊ပုဆိုးအစုံကို နောက်အစားပေးပါမည်''ဟု လျှောက်ပြီးလျှင် မထေရ်၏ခြေတော်အနီး၌ထားလေ၏၊ မထေရ်သည် ဝမ်းမြောက်ဝမ်းသာစွာ ပုဆိုးအစုံကိုအလှူခံပြီးလျှင် သင်္ကန်းဝိတ်အိတ်၌ထည့်၍ ကြွင်းသော ပရိက္ခရာတို့ကိုထုတ်လျက် ဘိနပ်စီးပြီးလျှင် တောင်ဝှေးကိုကိုင်ယူလျက် ကြွသွားလေ၏၊ တံခါးမှူးသည် မထေရ်နှင့်အတူသွားပြီးလျှင် ''အရှင်ဘုရားရပ်တော်မူပါ၊ ဤလမ်းသည် တပည့်တော်၏ရွာသို့သွားသောလမ်းတည်း''ဟု လျှောက်လေ၏၊ မထေရ်လည်း ရပ်တော်မူလေ၏။

တံခါးမှူးသည် ရှေး၌ ဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် မင်းကြီး၏အမိန့်တော်ကို မထေရ်အား လျှောက်ကြားလေ၏၊ထိုသို့လျှောက်ကြားသောအခါ မထေရ်၏ထိပ်ကိုခွဲလျက်၊ မိုးကြိုးပစ်သောကာလကဲ့သို့ဖြစ်လေ၏၊ မထေရ်သည် ''ကြီးစွာသောလုံ့လဖြင့် ငါပြုသောကုသိုလ်ကောင်းမှုကံသည် ပျက်စီးလေပြီ''ဟု ကြံစည်လျက် ကြီးစွာသောသံဝေဂကိုရရှိသည်ဖြစ်၍ တဖန်ပြန်လှည့်ပြီးလျှင်''အချင်းဥပါသကာ‥ သင်၏ပရိက္ခရာတို့ကို ယူလော့''ဟု ရပ်လျက်သာလျှင် အလုံးစုံသောပရိက္ခရာတို့ကို စွန့်ပစ်တော်မူ၏၊ ထိုအခါ တံခါးမှူးသည် ''အရှင်ဘုရား‥‥ အဘယ်စကားကို မိန့်ဆိုဘိသနည်း၊ဤမင်းကြီးသည် အရှင်ဘုရားအားဘဝဂ်တိုင်အောင်ပစ္စည်းလေးပါးတို့ဖြင့်တခုသောစကြဝဠာတိုက်ကို ပြည့်စေလျက် လှူသော်လည်း အရှင်ဘုရား၏အုတ်အားလျှောက်ပတ်သည်ကို ပြုခြင်းငှါမစွမ်းနိုင်၊ တပါးသူတို့နှင့်မရောမူ၍ မိမိတယောက်တည်းသာလျှင် စေတီ၌ကောင်းမှုကိုပြုလိုသဖြင့် ဤကဲ့သို့ပြုပါသည်၊ အရှင်ဘုရားသည် မိမိရသောပရိက္ခရာကို ယူတော်မူ၍ စိတ်ချမ်းသာစွာ ကြွသွားတော်မူပါ''ဟု ဆိုပြီးလျှင်သွားလေ၏။

---

## ၁၄။ မဟာစေတီ၌ အခဖြင့်ပြု၍နတ်ပြည်ရောက်ခြင်း

ဤမဟာစေတီ၌ အခစားဖြင့် ပြုလုပ်သော်လည်း စိတ်ကြည်ညိုသောကြောင့် နတ်ပြည်၌ဖြစ်ကုန်သော သူတို့သည်ကား အလွန်များကုန်၏၊တာဝတိံသာနတ်ပြည်၌ ဖြစ်ကုန်သော နတ်သမီးနှစ်ယောက်

တို့သည် မိမိ၏ နတ်တို့၏စည်းစိမ်ချမ်းသာကို ကြည့်ရှုလျက် ''အဘယ် ကောင်းမှုကံကြောင့် ဤစည်းစိမ်ချမ်းသာကို ရသနည်း''ဟု ဆင်ခြင် သောအခါ မဟာစေတီ၌ အခစားဖြင့် ကောင်းမှုကံကိုပြုခြင်းကြောင့် ရသည်၏အဖြစ်ကို သိသောအခါ အခစားဖြင့်ကောင်းမှုကို ပြုသောသူ အား ဤသို့သဘောရှိသော ကောင်းကျိုးချမ်းသာကို ဖြစ်စေ၏၊ မိမိ ၏ဥစ္စာဖြင့် ကံ၏အကျိုးကိုယုံကြည်သည်ဖြစ်၍ ပြုသောသူအား ကံ၏ အကျိုးသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း''ဟု ကြံစည်လျက် နတ်၌ ဖြစ်သော နံ့သာပန်းတို့ကို ယူပြီးသောအခါ ညဉ့်အချိန်၌ လာရောက် ပြီးလျှင် နတ်၌ဖြစ်သော နံ့သာ,ပန်းတို့ဖြင့်ပူဇော်လျက် မဟာစေတီကို ရှိခိုးကြကုန်၏။

ထိုအခါ * မဟာဂဂ်ါအရပ်၌ သီတင်းသုံးတော်မူသော အရှင် သီဝလိထေရ်သည် မဟာစေတီကိုရှိခိုးခြင်းငှါ ကြွသွားတော်မူသော အခါ ရှိခိုးလျက်နေကုန်သော ထိုနတ်သမီးတို့ကိုမြင်တော်မူ၍ စရည်း ပင်ကြီး၏အနီး၌ မိမိ၏ကိုယ်ကိုပြလျက်''ရှိခိုးကုန်သောသင်တို့၏ကိုယ် ရောင်သည် အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ ရွှေအဆင်းရှိသော နေ ရောင်,လျှပ်စစ်ရောင်တို့၏ ထွက်သောကာလကဲ့သို့ ရွှေအဆင်းရှိသော အရောင်တို့ဖြင့် ဖြန့်သကဲ့သို့သော ကိုယ်ရောင်ရှိကြကုန်သောနတ်သမီး တို့····အဘယ်ကောင်းမှုကံကို ပြုကြကုန်သနည်း''ဟု မေးတော်မူ၏၊ ''အရှင်ဘုရား···· အကျွန်ုပ်တို့အား ပစ္စည်းဥစ္စာကိုစွန့်၍ ပြုသော ကောင်းမှုမရှိပါ၊ ဤမဟာစေတီ၌ ကြည်ညိုသောစိတ်ရှိသဖြင့် အခ စားဖြင့် အမှုကိုပြုကုန်၏''ဟု လျှောက်ကြကုန်၏၊ ဤသို့လျှင် မြတ်စွာ ဘုရားသာသနာတော်၌ ကြည်ညိုသောစိတ်ဖြင့် အခစားဖြင့်လည်းပြု သောကောင်းမှုကံသည် အကျိုးမပေးသည်မည်သည်မရှိသောကြောင့် တစိတ်တခုသော အခြင်းအရာအားဖြင့် စိတ်ကို ကြည်လင်စေပြီးလျှင် ဘုရားသာသနာတော်၌ ကောင်းမှုကံကို ပြုအပ်၏ဟု ဤနတ်သမီးတို့၏ ဝတ္ထုဖြင့်သိအပ်၏။

---

[* ဘာတိကရွာ-မဟာထူပဝင်။]

## ၁၅။ မဟာစေတီ၌ဌာပနာခြင်း

ဤသို့လျှင် မင်းကြီးသည် မဟာစေတီကို တည်စေအပ်ကုန်သော *တကုဋေသောအုတ်တို့သည် မဟာစေတီ၌ ပန်းတင်ခုံသုံးဆင့်ကို သာပြီးဆုံးစေ၏၊ မဟာစေတီကြာမြင့်စွာ တည်စေခြင်းငှါ မြေနှင့် အညီအမျှ ကိုပြုတော်မူလျက် ရဟန်းသံဃာတော်သည် အောက်သို့ သာနိမ့်စေ၏၊ဤနည်းဖြင့် ကိုးကြိမ်တိုင်အောင်အလုံးစုံသောအုတ်တို့ကို နိမ့်စေ၏၊ ကိုးကြိမ်တိုင် နိမ့်စေအပ်သော စေတီသည် အတောင်ရှစ် ဆယ်ပမာဏရှိ၏၊ မင်းကြီးသည် အကြောင်းကိုမသိခြင်းကြောင့် စိတ် မချမ်းမသာသည်ဖြစ်၍ ကျောင်းတော်၌ စည်လည်စေ့ပြီးလျှင် ရဟန်း သံဃာတော်ကို စည်းဝေးစေ၏၊ မင်းကြီးသည် ရဟန်းသံဃာတော်ကို ပန်း,နံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ရှိခိုးလျက် "အရှင်ဘုရားတို့....မဟာ စေတီ၌ ပန်းတင်ခုံသုံးဆင့်ကို ကိုးကြိမ်တိုင်အောင် ပြုလုပ်သော် လည်း မြေ၌သာလျှင်မြုပ်၏၊ အကျွန်ုပ်အသက်၏ရင်း, ကောင်းမှုကံ ၏ရင်း ဘေးရန်ရှိမရှိကို မသိမြင်ပါ"ဟု လျှောက်လေ၏၊ ရဟန်း သံဃာသည်"မြတ်သောမင်းကြီး....သင်မင်းကြီးအားရင်း, ကောင်း မှုကံအားရင်း ဘေးရန်မရှိပါ၊ ဤနေရာမှစ၍ အောက်သို့မြုပ်လတ္တံ့၊ သင်မင်းကြီးသည် မဟာစေတီ၌အမှုကို ပြုလေလော့"ဟု မိန့်တော် မူ၏။

ထိုအခါ မင်းကြီးသည် "အရှင်ဘုရားတို့.... မြေ၌နစ်မြုပ်ခြင်း၏ အကြောင်းကို တပည့်တော်အား ဟောကြားကြပါ"ဟု လျှောက် ထားလေ၏၊ "မြတ်သောမင်းကြီး.... အနာဂတ်ကာလ၌ မနစ်မြုပ် စေခြင်းအကျိုးငှါ တန်ခိုးကြီးကုန်သောပုဂ္ဂိုလ်တို့သည် ပြုကြကုန်၏" ဟု မိန့်တော်မူသောအခါ မင်းကြီးသည် ဝမ်းမြောက် သည်ဖြစ်၍ သံဃာတော်ကို ရှိခိုးပြီးလျှင် နေရာမှထ၍ စေတီတည်ရာအရပ်သို့ သွား၍ သိအပ်ပြီးသော အကြောင်းရှိခြင်း,ယုံမှားကင်းခြင်းရှိသည်ဖြစ် ၍ ထိုအခါမှစ၍ မဟာစေတီတော်၌ ပြုလုပ်ရန်အမှုကို ပြုလုပ်စေ၏၊ ရဟန်းသံဃာတော်သည် ခြောက်ပါးသော အဘိညာဉ် အထူးရှိကုန်

[* ပန်းတင်ခုံဆယ်ဆင့် အုတ်ဆယ်ကုဋေ-မဟာဝင်။]

သော ပဋိသမ္ဘိဒါဉာဏ်ကို ရကုန်သော ကုန်ပြီးသော အာသဝေါရှိကုန်သော ဝသီဘော်ငါးပါးသို့ ရောက်ကုန်သော ပဋိသမ္ဘေအားဖြင့် တဆယ့်ရှစ်နှစ်ရှိကုန်သော ဥတ္တရသာမဏေ, သုမနသာမဏေနှစ်ပါးတို့ကို "ငါ့ရှင်သာမဏေတို့…. လေးထောင့်ဖြစ်ကုန်သော အထုအားဖြင့် လက်ရှစ်သစ်, အလျားအနံအားဖြင့် အတောင်ရှစ်ဆယ် ရှိကုန်သော မေဒဝဏ္ဏကျောက်ခြောက်ချပ်တို့ကို ဆောင်ယူခဲ့ကုန်လော့" ဟု စေခိုင်းတော်မူ၏။

ထိုသာမဏေတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးသောအခါ မဟာစေတီ၌တဖန် ပန်းတင်ခုံသုံးဆင့်ပြီးလတ်သော် မြောက်ကျွန်းသို့ သွားပြီးလျှင် ကွဲခြင်းအက်ခြင်းမရှိ အခေါင်းမရှိကုန်သော တခဲနက်ထူကုန်သော ထွက်သစ်စနေနှင့်တူကုန်သော မေဒဝဏ္ဏ ကျောက်ခြောက်ချပ်တို့ကို ဆောင်ယူပြီးလျှင် ထိုကျောက်တို့တွင် တခုသောကျောက်ကို ဓာတ်တော်တိုက်၏မြေ၌ခင်း၍ အနားလေးဘက်တို့၌ ကျောက်လေးချပ်တို့ကိုတံသင်းကဲ့သို့ (သေတ္တာကဲ့သို့) ထားစေလျက် ကြွင်းသောကျောက်တချပ်ကို ဓာတ်တော်တိုက်ကို ပိတ်ခြင်းအကျိုးငှါ အရှေ့အရပ်၌ရှိသော သဲတံတိုင်း၏အနီး၌ တန်ခိုးကြီးသော အရှင်တို့သည် ဝှက်၍ထားကြကုန်၏။မင်းကြီးသည်ကား ဓာတ်တော်တိုက်၏အလယ်၌ စိုက်၍ထားအပ်သော တိုင်ဝတ်ကို နုတ်ယူစေ၍ ထိုတိုင်ဝတ်နေရာ၌ ဗောဓိပင်ကို ပြုလုပ်စေ၏။

ဗောဓိပင်သည်ကား ရတနာခုနစ်ပါး,ဣန္ဒနီလာ,ပတ္တမြား,သန္တာနီတို့ဖြင့်ပြီးသော အမြစ်အနွယ်ရှိ၏၊ ရေပြည့်အိုး, သိရိဝစ္ဆနှင့် နန္ဒိယာဝဋ္ဋမည်သောရွှေခွက်အထူးရှိ၏၊ ကောင်းသောအင်းပျဉ်ရှိ၏၊ နီသောကြာတို့ဖြင့် ဆန်းကြယ်၏၊ ပင်စည်သည် တဆယ့်ရှစ်တောင်မြင့်၏၊ ထိုတဆယ့်ရှစ်တောင် ပမာဏရှိသောအရပ်ငါးမျက်နှာတို့၌ ထွက်၍သွားသော ခက်မငါးဖြာရှိ၏၊ အချင်းချင်းရောယှက်သော အခက်ငယ်တို့နှင့်ပြည့်စုံ၏၊ ရွှေဖြင့်ပြီးသောအသီးရှိ၏၊ ဣန္ဒနီလာ ကျောက်, သန္တာနီလာကျောက်တို့ဖြင့်ပြီးကုန်သော အရွက်အညွန့်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ညိုသောပတ္တမြား,ညိုသောကမ္ဗလာတို့ဖြင့် ဖြန့်သကဲ့သို့ ငင်း၊ ပတ္တမြားထန်းရွက်,ဥဒေါင်းမြီးစည်းကဲ့သို့ငင်း၊ တင့်တယ်ခြင်းသို့

ရောက်၏၊ထိုဗောဓိပင်၏အထက်စွန်း၌ ပုလဲဖြင့်ပြီးသောခြူရှိ၏၊ ပုလဲ, သန္တာနီ, ရွှေ, ပတ္တမြားတို့ဖြင့်ပြီးသော ကွန်ယက်ရှိ၏၊ ဗောဓိပင်၏ အလယ်ဖြစ်သောထိုထိုနေရာ၌ရွှေ,ပတ္တမြား, ပုလဲ,သန္တာနီ,ငွေဖြင့်ပြီး သောနံ့သာပန်းကုံးတို့ဖြင့်တင့်တယ်၏၊ ပတ္တမြား, ပုလဲ, သန္တာနီ,ငွေ, ပတ္တမြားနီ, မသာရဂလ်ကျောက်, ရတနာခုနစ်ပါးဖြင့် ပြီးသော ကြာ ဝတ်ဆံတို့ဖြင့် တန်ဆာဆင်အပ်၏၊ ရွှေ,ပတ္တမြား, ငွေတို့ဖြင့် ပြီးသော လဝန်းသဏ္ဌာန်အရုပ်တို့ဖြင့်၎င်း၊ ရွှေ,ပတ္တမြား, ငွေသန္တာနီ, ဖလ်, ရတနာခုနစ်ပါးတို့ဖြင့် ပြီးကုန်သော နေဝန်းသဏ္ဌာန် အရုပ်တို့ဖြင့် ၎င်း၊ရွှေဖြင့်ပြီးသော ကြယ်တာရာရုပ်တို့ဖြင့်၎င်း တန်ဆာဆင်အပ်၏၊ အလွန်ဆန်းကြယ်သော တထောင့်ရှစ်ခုကုန်သော ပုဆိုးအဝတ်တို့ဖြင့် ဗိတာန်(မျက်နှာကြက်) ကိုထားတော်မူ၏၊ လေးခုသောထောင့်တို့၌ အသီးအသီး အဘိုးတသိန်း ထိုက်သော ပုလဲစည်းတို့ဖြင့် တွဲလျား ဆွဲလျက် နှစ်သက်ဘွယ်သော ကြောင်မျက်ရွဲ ဗိတာန်(မျက်နှာကြက်) ကိုပြုစေ၏။

ထိုနောက်ဗောဓိပင်၏ ထက်ဝန်းကျင်၌ ရတနာခုနစ်ပါးဖြင့်ပြီး သော ပွတ်လုံး ပွတ်တိုင်တို့ဖြင့်ကာစေ၍ ထိုပွတ်လုံးပွတ်တိုင်တို့၏အ ကြား၌ ကြီးသောကမ္ဗလာနှင့်ပမာဏတူကုန်သော မြတ်သောရတနာ တို့ကိုခင်းစေ၏၊ ပွတ်လုံးပွတ်တိုင်နှစ်ခုတို့၏အကြား၌ နံ့သာရည်,ပန်း တို့ကို၎င်း, စီ၍ထားအပ်ကုန်သော ရတနာခုနစ်ပါးဖြင့်ပြီးကုန်သော ရေပြည့်သောအိုးတို့ကို၎င်း ထားစေ၏၊ ထိုစီထားအပ်ကုန်သောအိုးတို့ တွင် ရွှေအိုး၌သန္တာနီဖြင့်ပြီးကုန်သောပန်းရှိကုန်၏။ ဗောဓိပင်၏ရွှေ ဖြစ်သောအရွေအရပ်၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော တကုဋေအဘိုး ထိုက်သော နေရာပလ္လင်ကိုခင်းစေ၏၊ ထိုနေရာပလ္လင်တွင် မြတ်စွာ ဘုရားနေတော်မူသောနေရာ၌ ဗောဓိမဏ္ဍိုင်ကို နောက်ခိုင်းလျက်နေ တော်မူသော မြတ်စွာဘုရားကဲ့သို့ တခဲနက်တကုဋေသောရွှေဖြင့်ပြီး သော ဘုရားဆင်းတုတော်ကို သီတင်းသုံးစေ၏၊ ထိုဘုရားဆင်းတု တော်၏ နှစ်ဆယ်သောလက်သည်းခြေသည်းတို့သည်၎င်း,မျက်လွှာတို့ ၏ဖြူသောနေရာတို့သည်၎င်း ဖလ်စစ်ဖြင့်ပြီးကုန်၏၊ လက်ချောင်း, ခြေချောင်းတို့သည် ရွှေဖြင့်ပြီးကုန်၏၊ လက်တော်,ခြေတော်အပြင်တို့

သည်၎င်း၊ နှုတ်ခမ်းတော်တို့သည်၎င်း၊ မျက်စိတို့၏နီသောနေရာတို့သည်၎င်း သန္တာနီစစ်ဖြင့်ပြီးကုန်၏၊ ဆံတော်,မုတ်ဆိတ်တော်,မျက်ခုံးတော်တို့သည်၎င်း၊ မျက်လွှာတို့၏နက်သောနေရာအစရှိသည်တို့သည်၎င်း၊ ဣန္ဒနီလာပတ္တမြားဖြင့်ပြီးကုန်၏၊ လေးဆယ်သောသွားတော်တို့သည် ဝဇိရာပတ္တမြားဖြင့်ပြီးကုန်၏၊ ဥဏ္ဏာလုံမွေးတော်သည် ရွှေတို့ဖြင့် စီ၍သွင်းထားအပ်သော ငွေအလုံးကဲ့သို့တင့်တယ်သော ငွေဖြင့်ပြီး၏၊ ခါတ်တော်တိုက်၌ ကြွင်းသောအရုပ်တို့သည်လည်း ဆင်းတုတော်နှင့် အတူပြုအပ်ကုန်၏။

ဘုရားဆင်းတုတော်၏ နေရာပလ္လင်ကို သာလျှင် ခင်းအပ်သည် မဟုတ်၊ ဗောဓိပင်၏ထက်ဝန်းကျင်၌ ဗောဓိပင်ကိုခြံရံလျက် ခုနစ်ခုသော အရပ်မျက်နှာတို့၌ တကုဋေအဘိုးထိုက်သော ပလ္လင်ခုနစ်ခုတို့ကိုခင်းစေပြီးလျှင် တခုတခုသောပလ္လင်၌ သန္တာနီရိုးဖြင့်ပြုလုပ်အပ်သော ဆင်စွယ်ဖြင့်ပြီးသောအရွက်ရှိသော အဘိုးတထောင်ထိုက်သော ရွှေယပ်ကိုထားစေ၏၊ ဗောဓိပင်၏အထက်၌ မဟာဗြဟ္မာကြီးသည် ငွေဖြင့်ပြီးသောထီးဖြူကိုဆောင်းလျက် တည်နေသည်ကိုပြုစေ၏၊ သိကြားမင်းသည် ဝိဇယုတ္တရမည်သော အတောင်တရာ့နှစ်ဆယ်အလျားရှိသောဖြူသောခရုသင်းကိုယူတော်မူလျက် အဘိသိက်မင်္ဂလာပေးနေသည်ကို ပြုစေ၏၊ ပဥ္စသိခနတ်သားကို ဗေဠုဝပဏ္ဍုစောင်းကိုယူလျက် တီးနေဟန်ကိုပြုစေ၏၊မဟာကာလနဂါးမင်းကို နဂါးမောင်းမတို့ဖြင့်ခြံရံလျက် မြတ်စွာဘုရားကို များစွာချီးမွမ်းလျက် နေဟန်ကိုပြုစေ၏၊ ဝသဝတ္တိနတ်မင်းဖြစ်သောမာရ်နတ်ကို လက်ရုံးတထောင်ဖန်ဆင်းလျက် လှံ,တံကျင်,သံဆောက်ပုတ်စသော များစွာသောလက်နက်တို့ကို ဆွဲကိုင်လျက် ဂိရိမေခလာဆင် ကျောက်ကုန်းသို့တက်ပြီးလျှင် မာရ်စစ်သည်အပေါင်း ခြံရံ၍ များစွာသော ကြောက်မက်ဘွယ်ကိုပြုလျက် ဗောဓိမဏ္ဍိုင်သို့ လာဟန်ကိုပြုစေ၏။

ဗောဓိပင်ကို ခေါင်းရင်းပြုပြီးသောအခါ များစွာသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ကုဋေတထောင်အဘိုးထိုက်သော ငွေဖြင့်ပြီးသောနေရာကိုခင်းစေပြီးလျှင် ဘုရားအဖြစ်သို့ရောက်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး မမှိတ်သောမျက်စိတော်ဖြင့် ဗောဓိပလ္လင်ကိုပူဇော်လျက်

ရပ်တော်မူနေဟန်ကို ပြုစေ၏၊ တဖန် ခုနစ်ရက်ပတ်လုံးသာလျှင် မိမိသည်သိတော်မူအပ်သော တရားတော်၏ဂုဏ်ကို ကြည့်ညိုသောအခြင်းအရာကို ပြုတော်မူသဖြင့် ရတနာစင်္ကြံတော်သို့တက်တော်မူ၍ စင်္ကြံကြွသွားတော်မူသောနေရာကိုငင်း၊ ခုနစ်ရက်ပတ်လုံး ရတနာဃရရွှေအိမ်သို့ဝင်တော်မူလျက် ပိဋကတ်သုံးပုံကို သုံးသပ်သောနေရာကိုငင်း၊ မုစလိန္ဒအိုင်, အဇပါလညောင်ပင်, လင်းလွန်းပင်တို့ကိုငင်း ပြုစေ၏။

သပိတ်တော်ကို အလှူခံတော်မူခြင်း,ပျားဆုပ်မုံ့ဘောဇဉ်လှူသောနေရာ, ဗြဟ္မာတောင်းပန်ခြင်း, ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း, ယသသူဌေးသားကို ရဟန်းပြုတော်မူခြင်း, သုံးကျိပ်သောဘဒ္ဒဝဂ္ဂီညီနောင်တို့ကို ရဟန်းပြုတော်မူခြင်း, ဉရုဝေဠရသေ့တို့ကိုဆုံးမတော်မူခြင်း, ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်းကြီးဆည်းကပ်ခြင်း, ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း,ဝေဠုဝန်ကျောင်းတော်ကို အလှူခံတော်မူခြင်း,ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်စသော ရှစ်ကျိပ်သော သာဝကတို့၏ပုံသဏ္ဍာန်, ကပိလဝတ္ထုပြည်သို့ ကြွတော်မူခြင်း, ကပိလဝတ္ထုပြည်၌ ဆွေတော်မျိုးတော်တို့စည်းဝေးခြင်း,မြတ်စွာဘုရားရတနာစင်္ကြံ၌ရပ်တော်မူခြင်း, ရာဟုလာမင်းသား-နန္ဒမင်းသားတို့ကိုရှင်ရဟန်းပြုတော်မူခြင်း,သုဒတ္တအမည်ရှိသော အနာထပိဏ်သူဌေးသည် ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူခြင်း,သာဝတ္ထိမြို့တံခါး၌ ကဏ္ဍမည်သော သရက်ဖြူပင်၏ အနီး၌ ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း, တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏အနီးဖြစ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌နေတော်မူလျက် မယ်တော်အမှူးရှိကုန်သော နတ်တို့အား အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူသောနေရာ,။

မြင့်မိုရ်တောင်ထိပ်၌ လောကဝိဝရဏာတန်ခိုးတော်ကို ပြတော်မူလျက် နတ်ပြည်မှသက်ဆင်းတော်မူသောနေရာ,သင်္ကဿ မြို့တံခါး၌ အရှင်သာရိပုတ္တရာ၏ပြဿနာကို ဖြေတော်မူသော အစည်းအဝေး, မဟာသမယသုတ်ကိုဟောတော်မူသောအစည်းအဝေး, ရာဟုလောဝါဒသုတ်ကိုဟောတော်မူသောအစည်းအဝေး,အင်္ဂုလိမာလကိုဆုံးမခြင်း,

ပါရာယနသုတ်ကို ဟောတော်မူသောအစည်းအဝေး,အာယုသင်္ခါရကို လွှတ်တော်မူခြင်း,စုန္ဒသူကြွယ်သည်လှူအပ်သောဝက်သားပြွမ်းဆွမ်းကို အလှူခံတော်မူခြင်း,ရွှေအဆင်းရှိသော အဝတ်အစုံကို အလှူခံတော်မူခြင်း, ကြည်လင်သောရေကို သောက်တော်မူခြင်း, အစုံအစုံသောအင်ကြင်းပင်တို့၏အကြား၌ မထသောအိပ်ခြင်းဖြင့် ကျိန်းစက်တော်မူခြင်း, ညောင်စောင်း၌ လက်ျာနံ့ဘေးဖြင့် ကျိန်းစက်တော်မူလျက် ပရိနိဗ္ဗာန်ပြုသောနေရာ,နတ်လူတို့၏ငိုကြွေးခြင်း, ထင်းပုံထက်၌ရွှေကျင်းတော်၌ (ရွှေခေါင်းတော်၌) တည်ရှိတော်မူသော မြတ်စွာဘုရားအား မဟာကဿပထေရ်သည် ခြေတော်ကိုရှိခိုးတော်မူသောနေရာ, တေဇောဓာတ်လောင်ခြင်း,သင်းချိုင်းတော်၌ အရိအသေပြုခြင်း,ဒေါဏပုဏ္ဏားသည် ဓာတ်တော်ကိုဝေဘန်သောနေရာ ဤအလုံးစုံတို့ကိုပြုလုပ်စေ၏။

ထိုနောက် ငါးရာ့ငါးဆယ်သောဇာတ်တို့တွင် များသောအားဖြင့် ကြည်ညိုခြင်းကိုဖြစ်စေတတ်ကုန်သော တရားဟောသောဇာတ်တော်တို့ကို ပြုလုပ်စေ၏၊ဝေဿန္တရာဇာတ်ကို ပြုလုပ်စေသောအခါ သဉ္စယမင်းကြီး,ဖုဿတီမိဖုရား, ဝေဿန္တရာမင်းကြီး, မဒ္ဒီမိဖုရား, ဇာလီမင်းသား, ကဏှာဇိန်မင်းသမီး,ပစ္စယဆင်တော်, သတ္တသတ္တက မဟာဒါနကိုလှူတော်မူသောနေရာ ဤအလုံးစုံသော ဝေဿန္တရာဇာတ်တော်ကို ပြုလုပ်စေ၏၊ မြို့တော်ကိုရှုတော်မူခြင်း, သိန္ဓောမြင်းတို့နှင့် ရထားကို လှူတော်မူသောနေရာ, ငိုကြွေးကုန်သောသူငယ်တို့အား မိမိ၏အာနုဘော်ဖြင့် ညွတ်ကိုင်းသောသစ်ပင်မှ အသီးကိုယူတော်မူပြီးလျှင် ပေးတော်မူသောနေရာ, ပျားသလက်ကို ပေးသောမှုဆိုးအား ကတညုတကတဝေဒိဂုဏ်ကို ပြုတော်မူသဖြင့် ပတ္တမြား, စိန်တို့ဖြင့်စီအပ်သော အဘိုးတသိန်းထိုက်သောရွှေချောင်းတော်ကို ပေးတော်မူသောနေရာ, ဝင်္ကပါတောင်ဝှမ်း၌ ရပ်တော်မူလျက် ဇူဇကာလက်၌ ရေကိုသွန်းချလျက် သူငယ်တို့အား လှူတော်မူသောနေရာ,တင့်တယ်သောလက္ခဏာနှင့်ပြည့်စုံသော မဒ္ဒီမိဖုရားကို ပုဏ္ဏားယောင်ဆောင်သော သိကြားအား ကျွန်မပြုလျက် ပေးလှူသောနေရာ, ပိယ ဝိပ္ပယောဂ ဒုက္ခသို့ ရောက်သောနေရာ, မင်းတို့၏စည်းဝေးခြင်း, တော၌နေလျက် တဖန်အဘိသိက်တော်ကိုပြုတော်မူပြီးလျှင် ဝေဿန္တရာမင်းကြီးသည် မြို့တော်

သို့ဝင်သောအခါ ရတနာခုနစ်ပါး မိုယ်းရွာသောနေရာ ဤအလုံးစုံ တို့ကိုပြုလုပ်စေ၏။

ဝေဿန္တရာမင်းကြီး၏ဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး ပါရမီတော်တို့ကို အပြီးအဆုံးသို့ရောက်စေလျက် တုသိတာနတ်ပြည်၌ ဖြစ်တော်မူသောနေရာကိုလည်း အကျယ်အားဖြင့် ပြုလုပ်စေ၏၊တဖန် ထိုတုသိတာနတ်ပြည်မှစုတေပြီးလျှင် လူ့ပြည်၌ဖြစ်ခြင်းကို သိတော်မူ၍ နတ်တို့တောင်းပန်ခြင်း, ဘုရားလောင်းမယ်တော်၏ အဆက်အနွယ် တို့ကို ကြည့်တော်မူခြင်း, အမိဝမ်း၌ ပဋိသန္ဓေနေတော်မူခြင်း, ဘုရား လောင်း၏မယ်တော် မဟာမာယာဒေဝီ, ခမည်းတော် သုဒ္ဓေါဒန မင်းကြီး, ဘုရားလောင်းကို လုမ္ဗိနီတော၌ ဖွားတော်မူသောနေရာ, ကောင်းကင်မှ ရေအလျှဉ်နှစ်ခုတို့၏ ကျရောက်သောနေရာ, ခုနစ်ဘဝါး လှမ်းတော်မူခြင်း, ဗိမ္ဗာဒေဝီမိဖုရားနှင့် ရာဟုလာ သားတော်ကိုဖင်း- ပစ္ဆိမယာမ်၏နောက်ဖြစ်သောညဉ့်၌ အိပ်စက်ကြကုန်သော တန်ဆာ ဆင်အပ်ကုန်သော မင်းမောင်းမတို့ကိုဖင်း ကြည့်ရှုတော်မူသောအခါ နှလုံးမသာယာသည်ဖြစ်၍ ဘုရားလောင်းသည် ကဏ္ဍကမြင်းတော်ကို စီးတော်မူလျက် တောထွက်တော်မူခြင်း, ဆန္နအမတ်ကြီး, တသောင်း သောလောကဓာတ်၌ နေကုန်သောနတ်တို့၏ ကောင်းကင်၌ နံ့သာ, ပန်း, အခိုး, ပေါက်ပေါက်တို့ဖြင့် ပူဇော်သောအခြင်းအရာ, အနိ ဝတ္တနစေတီနေရာ,။

အနောမမြစ်ကမ်း၌ ရဟန်းပြုတော်မူခြင်း, ရာဇဂြိုဟ်ပြည်သို့ကြွ တော်မူခြင်း, ပဏ္ဍဝတောင်ရိပ်၌ ဗိမ္ဗိသာရမင်းကြီး တောင်းပန်တော် မူခြင်း, ကောင်းစွာပွင့်သောအင်ကြင်းတော၌ နေ့အခါနေတော်မူသော သူဆင်းရဲသည် လှူအပ်သောသမန်းမြက်ကို အလှူခံတော်မူခြင်း, ပလ္လင် သို့တက်၍ နေတော်မူသောနေရာ၊ ဤအလုံးစုံတို့ကို အကျယ်အားဖြင့် ပြုလုပ်စေပြီးလျှင် အဘိညာဉ်ခြောက်ပါး- ပဋိသမ္ဘိဒါလေးပါးကို ရတော်မူကုန်သော အရှင်မဟိန္ဒထေရ်ကိုဖင်း, ခုနစ်ဆူမြောက် ရဟန္တာဖြစ်တော်မူသော သုမနသာမဏေကို အရှင်မဟိန္ဒထေရ်နှင့် အတူတကွလာခြင်းကို ပြုလုပ်စေ၏၊ အလုံးစုံသော အမှုကိစ္စပြီးဆုံး သောအခါ ဣန္ဒဂုတ္တထေရ်ကို "အရှင်ဘုရား.... မြတ်စွာဘုရား၏

သင်းချိုင်းတော်၌ ပူဇော်သောနတ်တို့သည် အဘယ်သို့ ပြုပါကုန်သနည်း”ဟု မေးလျှောက်သောအခါ မထေရ်သည် အကျယ်အားဖြင့် ဟောတော်မူ၏၊ မင်းကြီးသည် မထေရ်ဟောတော်မူသောနည်းဖြင့် သန်လျက်စွဲကိုင်ကုန်သော နတ်မင်းကြီးလေးပါးတို့ကို အရပ်လေးမျက်နှာတို့၌ တည်ထားစေ၏။

ထို့နောက် သုံးကျိပ်သုံးယောက်ကုန်သော နတ်သား- ရွှေဆီမီးတိုင်ကို ထွန်းကုန်သော သုံးကျိပ်နှစ်ယောက်ကုန်သော နတ်သမီးတို့ကိုင၎်း, နှစ်ကျိပ်ရှစ်ယောက်ကုန်သော နတ်စစ်သူကြီးတို့ကိုင၎်း, လက်အုပ်ချီလျက်နေကုန်သော နတ်တို့ကိုင၎်း, ရတနာခုနစ်ပါးဖြင့်ပြီးသော ကြာစည်းတို့ကို ယူပြီးလျှင် ပန်းကို ကိုင်နေကုန်သော နတ်တို့ကိုင၎်း, တထောင်သော မိုယ်းစွေပန်းကို ကိုင်လျက် နေကုန်သောနတ်တို့ကိုင၎်း ပြုလုပ်စေ၏၊ ထို့နောက် ကကုန် သီကုန်သော နတ်တို့ကိုင၎်း,ထိုနတ်တို့၏အကြား၌ ဆန်းကြယ်သောအသွင်ကိုဆောင်ကုန်သော လက်ပန်းဖြင့်ပူဇော်သော နတ်တို့ကိုင၎်း, ထို့နောက် ပုဆိုးဦးရစ်ရှိသော နတ်တို့ကိုင၎်း ထို့နောက် တခုတခုသောအဘိုးအားဖြင့် အဘိုးတသိန်းထိုက်သော အဝန်းအားဖြင့် တဆယ့်နှစ်တောင်ရှိသော ကြေးမုံပြင်(မှန်)ကို စွဲကိုင်ကုန်သော နတ်တို့ကိုင၎်း, ထို့နောက် တခုတခုသော အဘိုးအားဖြင့် အဘိုးတသိန်းထိုက်သောပန်းခက်ကိုကိုင်ကုန်သော နတ်တို့ကိုင၎်း, ထို့နောက် လရုပ်-နေရုပ်-ပဒုမာကြာရုပ်ကို ကိုင်ကုန်သော နတ်တို့ကိုင၎်း, ထိုနတ်တို့၏နောက်၌ တံခွန်အစဉ်- ရွှေအိုးအစဉ်ကို စွဲကိုင်ကုန်သော နတ်တို့ကိုင၎်း တည်ထားစေ၏၊ထို့နောက် သန်လျက်စွဲကိုင်ကုန်သော အခြံအရံဖြစ်သော နတ်သားတို့ကိုင၎်း, ထို့နောက် နံ့သာဆီတို့ဖြင့်ပူဇော်အပ်သော တောက်ပသော ဘွဲ့ဖြူပုဆိုးကိုထည့်အပ်ကုန်သော အဝန်းအားဖြင့် ငါးထောင်ရှိသော ရွှေခွက်တို့ကို ဦးခေါင်းတို့ဖြင့်ရွက်ဆောင်ကုန်လျက် ဆီမီးပူဇော်ကုန်သော နတ်ရုပ်တို့ကိုင၎်း တည်ထားစေ၏။

အနားလေးဘက်တို့၌ ဖလ်စေတီ၏အထက်၌ လေးခုကုန်သော ပတ္တမြားတို့ကိုထားစေ၏၊ အနားလေးဘက်တို့၌ ရွှေ-ကျောက်မျက်ရွဲ, ပတ္တမြား- ပုလဲ- သန္တာနီ- စိန်အစုတို့ကိုပြုလုပ်စေ၏၊ ထိုအလုံးစုံကို

ဝန်းရံ၍ ရတနာ ခုနစ်ပါးဖြင့်ပြီးသော ရွှေဖျဉ်းအိုးကြီးတို့ကိုပြုလုပ်စေ ပြီးလျှင် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ကို ဓာတ်တော် တိုက်၏ အတွင်း၌သွင်း၍ ဓာတ်တော်ကို ရှိခိုးသောအခါ၌ အတွင်း၌ရှိ သောအမှိုက်ကို ပြင်ပသို့စွန့်ပစ်ခြင်းငှါ မစွမ်းနိုင်ဟုအောက်မေ့လျက် ရွှေဖျဉ်းအိုးကိုထားတော်မူ၏၊ ရတနာခုနစ်ပါးဖြင့် စီအပ်သော ဆန်း ကြယ်သော အိုးကြီးကိုထားစေ၏၊ထို့နောက် မေဒဝဏ္ဏကျောက်နံရံ၌ လျှပ်စစ်နွယ်ကဲ့သို့ သတို့သမီးတို့ကို ဓာတ်တော်တိုက်ကို တန်ဆာဆင် ခြင်းအကျိုးငှါ ရွှေဖျဉ်းအိုးတို့ကိုယူ၍ ရပ်နေသည်တို့ကိုပြုလုပ်စေ၏၊ ထို့နောက် ရတနာခုနစ်ပါးဖြင့်ပြီးသောနွယ်တို့ကိုငှင်း, သားမြီးယပ် ကိုငှင်း, မြတ်သောအဆင်းရှိကုန်သော နဂါးမတို့ကို ကြာညိုတို့ကိုကိုင် ကုန်လျက် ရပ်နေသည်တို့ကိုငှင်း ဤအလုံးစုံကိုပြုလုပ်စေ၏၊ မင်းကြီး သည် ဓာတ်တော်တိုက်၌ ဤအလုံးစုံကိုပြုသောအခါ ရတနာဖြင့်ပြီး သော လွန်(ကြိုး)ပုလဲသွယ်အစရှိသည်တို့ကို မယူမူ၍ တခဲနက်ထုလုပ် အပ်သော နီသောရွှေတို့ဖြင့်သာ ပြုလုပ်စေ၏၊ ကြွင်းသောပူဇော် သော အစီအရင်ကို ရတနာခုနစ်ပါးအစစ်တို့ဖြင့် ပြုလုပ်စေ၏။

---

## ၁၆။ ဍုဒ္ဒိသုံးပါးကိုပြခြင်း

ဤသို့တည်ထားအပ်သော ဓာတ်တော်တိုက်ကို မလိမ်မာသောသူ သည်ငှင်း, သာသနာတော်၏ အာနုဘော်ကို မသိသောမိစ္ဆာဒိဋ္ဌိသည် ငှင်း၊ "ဤဓာတ်တော်တိုက်သည် အမြင့်, အလျား, အနံအားဖြင့် အတောင်ရစ်ဆယ်စီရှိ၏၊ ပူဇော်ထည့်သွင်းအပ်သော ဘဏ္ဍာကား များလေသဖြင့် ဓာတ်တော်တိုက်မျှမက မဟာစေတီယင်ပြင်၌ သဲတံ တိုင်းတိုင်အောင် ထည့်သွင်းသော်လည်း အကုန်မထည့်သွင်းနိုင်သော ကြောင့် မယုံကြည်ထိုက်"ဟု ဆိုငြားအံ့၊ ထိုဆိုသောသူကို"အမောင်·· သင်သည် ဤသို့မကြံစည်လင့်၊ ဤဓာတ်တော်တိုက် အစီအရင်သည် ရာဇိဒ္ဓိ, ဒေဝိဒ္ဓိ, အရိယိဒ္ဓိဟု ဆိုအပ်သော ဍုဒ္ဒိသုံးပါးတို့ဖြင့် ပြီး၏၊ ဤမင်းကြီးသည်ကား များသောအခြံအရံရှိ၏၊ တန်ခိုး အာနုဘော် ကြီး၏၊ ဖြည့်အပ်ပြီးသော ပါရမီတော်ရှိ၏၊ ရှေးဆုတောင်းနှင့် ပြည့်စုံ

၏၊ များသောကုသိုလ်ကောင်းမှုရှိ၏၊ ထိုမင်းကြီး၏ အစွမ်းဖြင့်လည်း မင်းကြီး၏တန်ခိုးဟု ဆိုအပ်သော ရာဇိဒ္ဓိသည်ဖြစ်၏၊ သိကြားမင်းသည် စေခိုင်းအပ်သော ဝိသုကြံနတ်သားသည် အစမှစ၍ ပူးဝင်ပြီးလျှင် ပြုအပ်သည်၏အဖြစ်ကြောင့် ထိုဝိသုကြံနတ်သား၏ အစွမ်းဖြင့်လည်း နတ်တို့၏တန်ခိုးဟုဆိုအပ်သော ဒေဝိဒ္ဓိသည်ဖြစ်၏။

ထိုစေတီ၏အမှုကို စီရင်ရာ၌ အရှင်ဣန္ဒဂုတ္တမထေရ်သည် အမှုကြီးငယ်ကိုစီရင်လျက် ပြုလုပ်စေ၏၊ မထေရ်သည်သာလျှင် ပြုလုပ်စေသည် မဟုတ်၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်လည်း မိမိ၏တန်ခိုးတော်အားဖြင့် ပြုအပ်သောကိစ္စတို့၌ အားထုတ်ကြကုန်၏၊ အဘယ်သို့ အားထုတ်ကြသနည်းဟူမူ ရဟန္တာသာမဏေတို့သည် မဟာစေတီ၌ မြေကိုပြုပြင်ကြသောအခါ ရွှံ့မြေ, မြေဆီ, မြေဥကိုရင်း, ဟိမဝန္တာမှ နံ့သာကျောက်ပြုတ်ကျောက်ခဲတို့ကိုရင်း ဆောင်ယူကြကုန်၏၊ မြေပြုပြင်မှု ပြီးဆုံးသောအခါ မင်္ဂလာအုတ်ချထားသောနေ့၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းမှလာကုန်သော အဘိညာဉ် ခြောက်ပါး, ပဋိသမ္ဘိဒါ မဂ်လေးပါးကို ရကုန်သော ရဟန္တာကြီးတို့သည် ကိုးဆယ့်ခြောက်ကုဋေရှိကုန်၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ကုန်သော တန်ခိုးနှင့် ပြည့်စုံကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ဤမျှအရေအတွက် ရှိကုန်၏ဟု မပိုင်းခြားနိုင်ကုန်။

ထိုအခါ တမ္ဗပဏ္ဏိကျွန်းသည် စေတီတို့ဖြင့်တန်ဆာဆင်အပ်သော တိုက်ခန်းကဲ့သို့ဖြစ်၏၊ တမ္ဗပဏ္ဏိကျွန်းသည်သာလျှင်မဟုတ်သေး၊ မြတ်စွာဘုရား၏ ဓာတ်တော်အာနုဘော်ကြောင့် ဤစကြဝဠာ တိုက်ခန်းသည် တောထွက်တော်မူသောအခါစသည်တို့၌ တသောင်းသောစကြဝဠာတိုက်ခန်းကဲ့သို့ တန်ဆာဆင်အပ်၏၊ ပန်းတင်ခုံသုံးဆင့်ကို ကိုးကြိမ်တိုင်တိုင် ပြီးဆုံးစေအပ်သော မဟာစေတီတော်ကြီးသည် အနာဂတ်ကာလ၌ မြဲမြံစေခြင်းအကျိုးငှါ ရဟန္တာ အရှင်တို့သည် မြေ၌နစ်မြုပ်စေကုန်၏၊ တဖန်မြောက်ကျွန်းမှ ရဟန္တာ သာမဏေတို့သည် မေဒဝဏ္ဏကျောက်တို့ကို ဆောင်ယူပြီးလျှင် မန္ဒိရနဂါးပြည်မှ ကြမ်းတမ်းခက်ထန်သော အဆိပ်ကြီးသော တန်ခိုးရှိကုန်သော ဆယ်ကုဋေ

သောနဂါးတို့သည် စောင့်ရှောက်အပ်သော ဓာတ်တော်တို့ကို တန်ခိုးတော်အားဖြင့် ရဟန္တာအရှင်တို့သည် ဆောင်ယူကြကုန်၏၊ သာဝကတို့၏တန်ခိုးတော်သာလျှင် မဟုတ်သေး၊ ဤမဟာစေတီ၏ တည်ရာမြေသည် ရှေးဘုရားရှင်တို့သည် မှိဝဲအပ် မစွန့်အပ်သောမြေဖြစ်၏။

ထိုစကားသည်မှန်၏၊ ဤမဟာစေတီတည်ရာမြေ၌ ဘုရားရှင်တို့၏ အာနုဘော်ကြောင့် ဘုရားလေးဆူတို့၏ သာသနာသည်တည်၏၊ ငါတို့မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ်သာလျှင် အနာဂတ်ကာလ၌ ငါဘုရားပရိနိဗ္ဗာန်ပြုသဖြင့် ပတိရူပဒေသဖြစ်လတ္တံ့၊ အရိယာအပေါင်းတို့ဖြင့် ရောပြွမ်းသော သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော အလုံးစုံသောသာသနာတော်သည် ထိုကျွန်း၌တည်လတ္တံ့ဟု သိတော်မူ၍ ဤတမ္ဗပဏ္ဏိကျွန်း၌ ကုဋေများစွာကုန်သော ဘီလူးတို့ကို နှင်ထုတ်တော်မူ၍ လူတို့နေထိုင်ခြင်းငှါ ထိုက်သည်ကိုပြုတော်မူလျက် ပရိနိဗ္ဗာန်ပြုသောအခါ၌လည်း တဒေါဏအတိုင်းအရှည် ရှိကုန်သော ငါဘုရား၏ သာရီရိကဓာတ်တော်တို့သည် တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ၌ တည်လတ္တံ့ဟု ဗျာဒိတ်တော်ကိုကြားတော်မူပြီးလျှင် ကျွန်းကိုစောင့်ရှောက်ခြင်းအကျိုးငှါ သိကြားမင်းကို အပ်နှင်းတော်မူလျက် မဟာစေတီ၌ ဓာတ်တော်ဌာပနာသောနေ့၌ ဓာတ်တော်တို့သည် ကောင်းကင်သို့ ကြွတော်မူပြီးလျှင် ဘုရား၏အသွင်ကိုယူတော်မူလျက် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ များစွာသောတန်ခိုးပြာဋိဟာကို ပြစေသတည်းဟု အဓိဋ္ဌာန်တော်မူ၏၊ ဤတန်ခိုးပြာဋိဟာကို ပြတော်မူခြင်းသည် ဘုရား၏ အာနုဘော်ကြောင့်ဖြစ်၏၊ ဤအရိယိဒ္ဓိသည် ရာဇိဒ္ဓိ,ဒေဝိဒ္ဓိတို့ထက် တန်ခိုးကြီး၏၊ ဤဆိုအပ်သောနည်းဖြင့် သုံးပါးသောဣဒ္ဓိတို့ဖြင့် ဖြစ်၏ဟူ၍သိအပ်၏၊ ဤအနက်ကိုပြီးစေခြင်းအကျိုးငှါ ဤဝတ္ထုတို့ကိုလည်း သိအပ်ကုန်၏။

ဤတမ္ဗပဏ္ဏိကျွန်း၌ စိတ္တလပဗ္ဗတကျောင်းကြီး၌ ပေါရာဏ ပြာသာဒ်၌ ညီညွတ်သောဥတုရှိ၏၊ ဘာဂိနေယျသံဃရက္ခိတ ထေရ်သည် နေတော်မူ၏၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုမထေရ်၏အထံသို့ လာကုန်သော ခြောက်သောင်းသောရဟန္တာတို့သည်၎င်း၊ သိကြားမင်းကိုအစပြု၍ နတ်တို့သည်၎င်း အလုံးစုံတို့သည် ပြာသာဒ်အတွင်း

၌သာလျှင် နေကြကုန်၏၊ ပြာသာဒ်ကို ကြီး၏ဟူ၍မကြံစည်အပ်၊ ထို ပြာသာဒ်သည် တခုသောပလ္လင်နေရာမျှသာရှိ၏၊ အနောက်ဘက်မင်္ဂလ ကျောင်း၏အနီး၌ရှိသော ဝလ္လိကျောက်ဖျာကျောင်း၌ ဇုန္နသာလ လိုဏ်၌ နာဂသေနထေရ်သည် မကျန်းမာသည်ဖြစ်၍ နေတော်မူ၏၊ ထိုမထေရ်၏အထံသို့ ကြွလာတော်မူကုန်သော ခြောက်သောင်းသော ရဟန္တာတို့နှင့် သိကြားမင်းကိုအစပြု၍ နတ်ပြည်နှစ်ထပ်တို့၌ နတ် တို့သည် လိုဏ်၏အတွင်း၌သာလျှင် နေကြကုန်၏၊ ထိုလိုဏ်သည်လည်း တခုသောညောင်စောင်းနေရာမျှသာရှိ၏၊ ဒက္ခိဏာဂိရိကျောင်း၌ အမ္ဗ ကုပမ္ဗိယသာမဏေအား ရှင်ပြုသောနေ့၌ ထိုသာမဏေ၏မိခင်သည် ရှစ်ပါးကုန်သောရဟန်းတို့၏ နေထိုင်ခြင်းအကျိုးငှါ ခင်းအပ်သော နေရာ၌သာလျှင် ရှစ်ထောင်သောရဟန်းတို့သည် နေထိုင်ကုန်၏၊ စေတိ ယတောင်၌လည်း ပဝါရဏာပြုသောနေ့၌ အရှင်မဟာမဟိန္ဒ ထေရ် ထံတော်သို့ ကြွလာကုန်သော ကိုးသောင်း ခြောက်ထောင် သော ရဟန်းတို့သည်ငှင်း,နတ်ပြည်နှစ်ထပ်တို့၌နတ်တို့သည်ငှင်း အရှင်မဟိန္ဒ လိုဏ်၌သာလျှင် နေကြကုန်၏၊ မထေရ်၏ငှင်း, မြတ်စွာဘုရား၏ငှင်း သမစိတ္တသုတ်, ရာဟုလောဝါဒသုတ်, မင်္ဂလသုတ်, မဟာသမယသုတ် တို့ကို ဟောတော်မူသောနေ့၌ တသောင်းသော စကြဝဠာတို့၌ နတ်တို့ သည်လာ၍ ဤစကြဝဠာ၌သာလျှင် စည်းဝေးလျက် နေထိုင်ကြကုန်၏။

မြတ်စွာဘုရားသည် အမ္ဗဇနပုဒ်၌ ငွေဖြင့်ပြီးသောလိုဏ်၌ လိုဏ်၏ အတွင်း၌ရှိသောအခန်းတိုက်၌ ငါးရာကုန်သော ရဟန္တာအရှင်တို့သည် နေကြကုန်၏၊ ထိုအစည်းအဝေး၌ ခိပ္ပါဘိညသုခပဋိပဒါရှိတော်မူသော ရဟန္တာတပါးသည် လေနာရောဂါကြောင့် ကြီးစွာသော ဒုက္ခဝေဒ နာသည်ဖြစ်၏၊ ထိုရဟန္တာ၏ အလုပ်အကျွေးဖြစ်သော သာမဏေ တပါးသည် မထေရ်၏သတင်းစကားတော်ကိုယူ၍ ကောင်းကင်ခရီးဖြင့် သွားသောအခါ ကလျာဏလိုဏ်ကြီးသို့ ရောက်လေ၏၊ မထေရ်၏အဆွေ ခင်ပွန်းဖြစ်တော်မူသော မထေရ်တပါးသည် ထိုမကျန်းမမာကြောင်း ကိုကြားသောအခါ တသောင်းသောရဟန်းတို့ကိုခေါ်ပြီးလျှင် ကောင်း ကင်ခရီးဖြင့်ကြွသွား၍ လိုဏ်၏အတွင်းသို့ဝင်လျက် နေလေ၏၊ တဖန် သာမဏေတို့ဖြင့် ပြဦးအံ့—

မြတ်စွာဘုရား၏ ခြေတော်အပြင်၌ စက်လက္ခဏာတော်သည် မြင့်မိုရ်တောင်, ကျွန်းကြီးလေးကျွန်း, သမုဒ္ဒရာကြီးလေးစင်း, ခြင်္သေ့, ကျား အခြေလေးချောင်းရှိသောသတ္တဝါအပေါင်း,ဟင်္သာ, ဥဒေါင်း အစရှိသော ငှက်အပေါင်း လောက၌ မင်္ဂလာဟုသမုတ်အပ်သော အလုံးစုံသောရုပ်လက္ခဏာသည် မထင်သည်မည်သည်မရှိ၊ပုဏ္ဏကနတ် စစ်သူကြီး၏ ပတ္တမြားရှိ၌ ၎င်း၊ကုသမင်းကြီး၏ ထန်းရွက်ယပ်၌၎င်း တစုံတခုသော ရုပ်အဆင်းသဏ္ဌာန်သည် မထင်ရှားသည်မည်သည်မရှိ၊ အနုရာဓမြို့၏ တောင်မျက်နှာဖြစ်သော အင်္ဂဏကောဠုရွာ၌ အမ္ဗပါ သာဏကျောင်း၌ သီတင်းသုံးတော်မူသော အရှင်စိတ္တဂုတ္တမထေရ် သည် ဆန်းကြယ်သောဉာဏ်ပညာရှိ၏၊ ပရိသတ်တို့နှင့်ပြည့်စုံ၏၊ ဓမ္မ ကထိကဖြစ်တော်မူ၏၊ လောဟပါသာဒပြာသာဒ်အောက်၌ စည်း ဝေးကြကုန်သော တသောင်းနှစ်ထောင်သော ရဟန်းတို့အား တရား ဟောတော်မူသောအခါ ရထဝိနီတသုတ္တန်ကို အစပြု၍ မဟာစေတီ၌ ဓာတ်တော် ဌာပနာခြင်းကို ဖွင့်ပြဟောကြားတော် မူသည်ရှိသော် ထိုစည်းဝေးသောပရိသတ်တွင် အချို့သောပုဂ္ဂိုလ်သည် မယုံကြည်ဟု အောက်မေ့တော်မူလျက် ဆုတ်နစ်သည်ဖြစ်၍ ဟောကြားတော်မူ၏။

ထိုအခါ ရောဟနဇနပုဒ် မဟာဂါမ၏အနီးဖြစ်သော ကောသမ္ဗ ကျောင်း၌ သီတင်းသုံးတော်မူသော အသုဘဓမ္မကထိကမထေရ်၏ ဥပဇ္ဈာယ်ဖြစ်သော ပဋိသမ္ဘိဒါဉာဏ်, အဘိညာဉ်ခြောက်ပါးကို ရရှိ တော်မူသော ရဟန္တာအရှင်ဖြစ်တော်မူသော အလုံးစုံသောပရိ ယတ်ကို ဆောင်တော်မူသော မဟာတိဿထေရ်သည် အနီး၌နေ လျက် တရားနာသောအခါ"ငါ့ရှင်ဓမ္မကထိက‥သင်သည် တရားဟော သောအခါ မရဲရင့်ဘဲ ဆုတ်နစ်၍ ဟောကြား၏၊ မဆုတ်နစ်မူ၍ ရဲရဲရင့်ရင့်ဟောကြားလော"ဟု မိန့်တော်မူ၏၊ ထိုသို့ဟောကြားသော နေ့၌ ဘာတိကမင်းသည် ကြည်ညိုတော်မူသည်ဖြစ်၍ ညနေချမ်းနှင့် နံနက်တိုင်းစေတီကို ရှိမခိုးမူ၍ စားဘွယ်ထမင်းကို စားတော်မမူ၊ တနေ့သ၌ တရားဆုံးဖြတ်သည်ကို သိခြင်းအကျိုးငှါ နေရာ၌နေပြီးလျှင် စုံစမ်းလေသော် မဟုတ်မမှန် တရားကိုဆုံးဖြတ်ခြင်းကြောင့် ညနေ ချမ်းအချိန်ကိုလွန်လျက် ထတော်မူသောအခါ စေတီအားရှိခိုးခြင်းကို

မေ့လျော့သည်ဖြစ်၍ ဆောင်အပ်သောဘောဇဉ်၌ လက်ကိုချတော်မူပြီးလျှင် ယနေ့ ငါ၏အရှင်ကို ငါရှိခိုးပြီလောဟု လူတို့ကိုမေးတော်မူ၏၊ ရှေးမင်းတို့သည်မြတ်စွာဘုရားကို အရှင်(အယျက)ဟု ခေါ်ဆိုကြကုန်၏၊''အရှင်မင်းကြီး ရှိမခိုးရသေးပါ''ဟု လျှောက်ကြကုန်၏။

ထိုအခါ မင်းကြီးသည် လက်ဖြင့်ယူအပ်ပြီးသော ထမင်းလုပ်တော်ကို ခွက်၌ထားပြီးလျှင် ထ၍ တောင်တံခါးကိုဖွင့်စေပြီးလျှင် စေတီကိုရှိခိုးခြင်းငှါ ကြွလာ၍ အရှေ့တံခါးဖြင့် မဟာစေတီယင်ပြင်သို့ တက်လျက်မဟာစေတီကိုရှိခိုးသောအခါ ဓာတ်တော်တိုက်အတွင်း၌ ရဟန္တာတို့၏ တရားရွတ်ဆိုသောအသံကို ကြားသောအခါ တောင်တံခါး၌ ရွတ်ဆိုကြသည်ဟု အောက်မေ့သည်ဖြစ်၍ ထိုတောင်တံခါးသို့သွားသောအခါ မတွေ့မြင်ခြင်းကြောင့် ဤနည်းဖြင့် ကြွင်းသောတံခါးတို့သို့လည်း သွားတော်မူ၏၊ ထိုတံခါးတို့၌လည်း မတွေ့မြင်သောအခါ အရှင်တို့သည် တရားကို ရွတ်ဆိုကြကုန်လျက် လှည့်လည်ကြကုန်၏ဟု အောက်မေ့သည်ဖြစ်၍ ကြည့်ရှုတော်မူခြင်းငှါ လေးခုသောတံခါးတို့၌ လူတို့ကိုထားပြီးလျှင် ကိုယ်တိုင်တဖန်လှည့်လည်လျက် ကြည့်ရှုသောအခါ မမြင်ခြင်းကြောင့် လူတို့ကိုမေး၍ ပြင်ပ၌မရှိသည်၏အဖြစ်ကို သိတော်မူသောအခါ ဓာတ်တော်တိုက်၏အတွင်း၌ ဖြစ်လတ္တံ့ဟု ဆုံးဖြတ်ချက်ပြုတော်မူလျက် အရှေ့တံခါးသို့ သွားပြီးသည်၏နောက်၌ မဟာစေတီသို့ရှေးရှု လက်ခြေတို့ကို ဆန့်တော်မူပြီးလျှင် အသက်ကိုစွန့်တော်မူလျက်''ငါသည် အကယ်၍ အရှင်တို့ကို ဓာတ်တော်တိုက်၌ မဖူးတွေ့ရသည်ဖြစ်အံ့၊ ခုနက်ရက်ပတ်လုံး အစာအာဟာရမရှိ ခန်းခြောက်သည်ဖြစ်၍ ဖွဲပုံကဲ့သို့ဖရိုဖရဲကြသော်လည်း မထအံ့''ဟု မြဲမြံစွာဆောက်တည်လျက် အိပ်လျောင်းလေ၏။

ဤသို့မင်းကြီး အိပ်တော်မူသောအခါ ထိုမင်းကြီး၏ ဂုဏ်အာနုဘော်ကြောင့် သိကြားမင်း၏ နေရာသည် ပူသောအခြင်းအရာကို ပြလေ၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်တော်မူသောအခါ ထိုအကြောင်းကို သိတော်မူ၍ တရားကိုရွတ်ဆိုကြကုန်သော မထေရ်တို့အား ''အရှင်ဘုရားတို့....ဤမင်းကြီးသည် တရားကိုစောင့်၏၊ဘုရား

သာသနာတော်ကို အလွန်ကြည်ညို၍၊ ဤနေရာ၌ သရဏ္ဍာယသော အသံကိုကြားလျက် ခာတ်တော်တိုက်ကို မဖူးမြင်ရခြင်းကြောင့် မထအံ့ ဟု မြိမြိစွာဆောက်တည်လျက် အိပ်တော်မူ၍၊ အကယ်၍ ခာတ်တော် တိုက်ကို မဖူးတွေ့ရသည်ဖြစ်အံ့၊ သေလတ္တံ့" ဟု လျှောက်ထား လေ၏၊ "ထိုမင်းကြီးအား မထေရ်တို့သည် သနားတော်မူခြင်းကြောင့် ခာတ်တော်တိုက်ကို ပြကြကုန်ဟု တပါးသောမထေရ်ကို ဤသို့စေခိုင်း ကုန်၏၊ မင်းကြီးကိုခေါ်တော်မူလျက် ခာတ်တော်တိုက်ကို ဖူးမြင်စေ၍ စေလွှတ်လော့"ဟုမိန့်တော်မူကြကုန်၏၊မထေရ်သည် မင်းကြီး၏လက် တို့ကို ကိုင်ပြီးလျှင် ခာတ်တော်တိုက်သို့ဝင်၍ အလိုရှိတိုင်း ရှိခိုး၍ အလုံး စုံကို မှတ်မိသောအခါ၌ စေလွှတ်လေ၏။

မင်းကြီးသည် မြို့သို့သွားပြီးလျှင် နောက်အခါ၌ ခာတ်တော်တိုက်၌ မိမိမြင်ခဲ့သော ရုပ်ပုံသဏ္ဍာန်တို့နှင့်တူသော ရွှေဖြင့်စီအပ်သော ရုပ်ပုံ သဏ္ဍာန်တို့ကို ပြုလုပ်စေ၍ မင်းယင်ပြင်၌ မဏ္ဍပ်ကြီးကိုပြုလုပ်စေပြီး လျှင် ထိုမဏ္ဍပ်ကြီး၌ ထိုရုပ်ပုံသဏ္ဍာန်တို့ကို ထားစေ၍ မြို့သူမြို့သား တို့ကိုစည်းဝေးပြီးသောအခါမဟာစေတီ၌ "ငါမြင်အပ်သောရွှေရုပ်တို့ သည် ဤရွှေရုပ်တို့နှင့်တူကုန်၏"ဟု မိန့်တော်မူ၍၊ ထိုမြင်တော်မူခဲ့ သော ရွှေရုပ်တို့နှင့်အတူ ပြုအပ်သည်အဖြစ်ကြောင့် ထိုအခါမှစ၍ ပြုသောရုပ်ပုံတို့သည် ပုံစံရုပ်ပုံတို့မည်ကုန်၏၊ မင်းကြီးသည် နှစ်စဉ် လူအပေါင်းကို ကြည့်ရှုစေခြင်းအကျိုးငှါ ထုတ်ပြတော်မူ၍ ရှေးဦးစွာ ထုတ်၍ပြသောအခါ မြို့၌ငါးရာသောအမျိုးတို့သည် တယောက်တ ယောက်သော သူငယ်ကိုထုတ်၍ ရှင်ပြုကြကုန်၏။

တဖန် မင်းကြီးသည် မိမိမြင်ခဲ့ဘူးကုန်သော အထူးထူးအပြားပြား တို့ကို ဟောကြားသောအခါ ဤအထူးထူးအပြားပြားကို မသိသော အရှင်တို့သည် များစွာရှိကုန်၏၊ ဤမသိသော အရှင်တို့အားလည်း ဟောကြားအံ့ဟု ကြံစည်ပြီးသောအခါ ကျောင်းသို့သွားပြီးလျှင် စည် လည်စေ၍ လောဟပါသာဒပြာသာဒ်အောက်၌ ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် မိမိသည် ဓမ္မာသနတရားဟောပလ္လင်၌ နေတော် မူလျက် ရဟန်းသံဃာအား ညဉ့်သုံးယာမ်ပတ်လုံး ခာတ်တော်တိုက်၌

ဥာပနာထားတော်မူသော အခြင်းအရာကို ဟောတော်မူသောအခါ ပြီးဆုံးစေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍သာလျှင် နေရာမှထတော်မူရလေ၏။

ထိုရဟန်းသံဃာတို့တွင် တပါးသောရဟန်းသည် မင်းကြီး နံနက်စာစားပြီးသော် ကြွလာတော်မူပြီးလျှင် ညဉ့်သုံးယာမ်ပတ်လုံး ပြီးဆုံးအောင်ဟောခြင်းငှါမတတ်နိုင်၊ "ဟောကြားအပ်ကုန်သော ရုပ်ပုံမှ တပါးကုန်သောများစွာသောရုပ်ပုံတို့သည် ရှိကုန်သလော"ဟုမင်းကြီးအား မေးလေ၏၊ မင်းကြီးသည် "အရှင်ဘုရား....အဘယ်စကားကို မိန့်ဘိသနည်း"ဟု ဆိုပြီးလျှင် "အရှင်ဘုရားတို့အား ဟောကြားအပ်သောရုပ်ပုံတော်သည် ဥာပနာထားခဲ့သောရုပ်ပုံတော်ကို ဆယ်ပုံပုံ၍ တပုံမျှမရှိပါ"ဟုလျှောက်လေ၏၊ "တပည့်တော်သည်ကား မှတ်မိသည်ကိုသာလျှင် ဟောကြား၏၊ ဓာတ်တော်တိုက်၌ ပူဇော်ခဲ့သော အစီအရင်သည် အဆုံးအပိုင်းအခြားမရှိပါ"ဟု လျှောက်လေ၏၊ တဖန်၌ အဆုံးအပိုင်းအခြားမရှိသော အနက်ကို ပြခြင်းအကျိုးငှါ တပါးသော ဝတ္ထုကိုလည်း ဆိုပေအံ့။

နိဗ္ဗောဓပိဋ္ဌိအရပ်၌ သီတင်းသုံးတော်မူသော တိပိဋကမဟာသိဝထေရ်သည် မင်း၏နန်းတော်၌ နေတော်မူသောအခါ ဝသဘမင်းကြီးအား မြတ်စွာဘုရား၏ သီဟနာဒသုတ်ကို ဟောတော်မူ၍ ဓာတ်တော်ဥာပနာသည်ကို ဖွင့်ပြလျက် သုတ္တန်ကိုဟောတော်မူ၏၊ မင်းကြီးသည် "အရှင်ဘုရား.... ဤဓာတ်တော်ဥာပနာသည်ကို ဝေဘန်ခြင်းသည် အလွန်သိနိုင်ခဲ၏၊ အဘယ်ပုဂ္ဂိုလ်သည် အကျွန်ုပ်ကို ယုံကြည်အောင် ဟောနိုင်ပါသနည်း"ဟု မထေရ်အား လျှောက်လေ၏၊ "မထေရ်သည် မင်းကြီးကို ဇမ္ဗူသာလဂ္ဂ၏ပမာဏကိုသင်မင်းကြီး ကြားဘူးသလော" ဟု မေးတော်မူသောအခါ "ညောင်စောင်းငယ်ပမာဏရှိပါသည်"ဟု လျှောက်လေသော် "ငါတို့၏မြတ်စွာဘုရားသည် သိကြားမင်းအား သက္ကပဉှသုတ္တန်ကို ဟောတော်မူသောနေ့၌ ထိုဇမ္ဗူသာလဂ္ဂ၌ အဘယ်မျှ အရေအတွက်ရှိသောပရိသတ်တို့သည် ရောက်လာကြကုန်သနည်း" ဟု မေးတော်မူသောအခါ "နတ်ပြည်နှစ်ထပ်တို့၌ နတ်တို့သည်လာရောက်ကြကုန်၏"ဟုလျှောက်လေသော်"ထိုစကားကိုလည်းမယုံကြည်

အပ်သလော''ဟုမေးတော်မူသောအခါ''ထိုစကားသည်ကား နတ်တို့သည် နတ်တို့၏တန်ခိုးဖြင့် ပြုတော်မူ၏၊ နတ်တို့၏တန်ခိုးမည်သည်ကား မကြံစည်နိုင်ပါ''ဟု လျှောက်လေ၏၊''ထိုတန်ခိုးသည်နတ်တို့၏တန်ခိုးတခုသာဖြစ်၏၊ ဤမဟာစေတီ၌ ဌာပနာသောတန်ခိုးသည်ကား မင်း၏ရာဇိဒ္ဓိ၊ နတ်တို့၏ဒေဝိဒ္ဓိ၊ အရိယာတို့၏ အရိယိဒ္ဓိ- ဤသုံးပါးသောတန်ခိုးတို့ဖြင့် ပြုတော်မူအပ်၏''ဟု မိန့်တော်မူ၏။

မင်းကြီးသည် မထေရ်၏စကားကို ကြားတော် မူသောအခါ ကောင်းပါပြီဟု ဝန်ခံပြီးလျှင်မထေရ်ကိုထီးဖြူတော်ဖြင့်ပူဇော်ပြီးသောအခါ ဦးခေါင်းထက်၌ ထီးဖြူတော်ကိုဆောင်းတော်မူပြီးလျှင် မဟာဝိဟာရကျောင်းသို့ ပင့်တော်မူလျက် တဖန် *မဟာဝိဟာရကျောင်းတော်အား ခုနစ်ရက်ပတ်လုံး ထီးဖြူတော်ကိုလှူပြီးလျှင် မလေးပန်းတို့ဖြင့်ပူဇော်လေ၏၊ ဤသို့လျှင် များစွာသောအကြောင်းတို့ကို ပြုပြီးလျှင် မဟာစေတီ၌ ပူဇော်သော အစီအရင်ကို ဟောကြားအပ်၏။

---

## ၁၇။ ဓာတ်တော်ပင့်ရန်လျှောက်ကြားတော်မူခြင်း

မင်းကြီးသည် ဓာတ်တော်တိုက်၏ အစီအရင်ကို ပြီးဆုံးစေပြီးသောအခါ တဆယ့်လေးရက်မြောက်သောနေ့၌ ကျောင်းတော်သို့ သွားပြီးလျှင် စည်လည်စေ၍ ရဟန်းသံဃာကိုစည်းဝေးစေ၏၊စည်းဝေးကြလာကြကုန်သော ရဟန်းသံဃာတို့သည် †တထောင်အရေအတွက်ရှိကုန်၏၊ထို့နောက်ရဟန်းသံဃာတော်ကို ရှိခိုးပြီးလျှင်''အရှင်ဘုရားတို့··ဓာတ်တော်တိုက်ကိုကျွန်ုပ်သည်ပြုလုပ်ပြီးပါပြီ၊နက်ဖြန်ဝါဆိုလပြည့်ဥပုသ်နေ့၌ ဥတ္တရာသဠ်နက္ခတ်ဖြင့် ဓာတ်တော်ဌာပနာအံ့၊ဓာတ်တော်တို့ကို အရှင်ဘုရားတို့သည်မိန့်တော်မူပါကုန်''ဟု ရဟန်းသံဃာတော်အား တာဝန်လွှဲ၍ မြို့တော်သို့ဝင်တော်မူ၏၊ မင်းကြီးသွားသောအခါ ရဟန်းသံဃာတော်သည် ဓာတ်တော်ကို ဆောင်ယူနိုင်သောရဟန်းကို ရှာဖွေကြသော် ‡ပုဋ္ဌပရိဝဏ္ဏအရပ်၌ သီတင်းသုံးတော်မူသော

---

[* မဟာစေတီ။ †သုံးသောင်း- မဟာထူပဝင်။ ‡သုဋ္ဌပရိဝဏ္ဏ- မဟာဝင်။ပူဇာပရိဝေဏ- မဟာထူပဝင်။]

အဘိညာဉ် ၆-ပါး၊ ပဋိသမ္ဘိဒါ ၄-ပါး၊ သမာပတ် ၈-ပါးကိုရှိတော်မူသော မြင့်မိုရ်တောင်ကို ထီးရိုး, မြေကြီးကို ထီးရွက်ပြုပြီးလျှင် ကောင်းကင်၌ သွားလာခြင်းငှါစွမ်းနိုင်သော ၁၆-ဝါရရှိတော်မူသော *သောဏုတ္တရထေရ်ကို မြင်တော်မူသောအခါ ခေါ်တော်မူပြီးလျှင် "ငါ့ရှင်သောဏုတ္တရ····မင်းကြီးသည် ဓာတ်တော်တိုက်၌ ပြုဘွယ်ကိစ္စပြီးဆုံးခြင်းကြောင့် ဓာတ်တော်ကိုပင့်တော်မူရန် ရဟန်းသံဃာအား လျှောက်ကြားသင့်သည်၊ ဓာတ်တော်ကို ပင့်ဆောင်သင့်၏"ဟု မိန့်တော်မူ၏။

မထေရ်သည် တပည့်တော်သည်"ဓာတ်တော်ကိုပင့်ဆောင်ခြင်းငှာ စွမ်းနိုင်ပါ၏၊အဘယ်အရပ်မှ ပင့်ဆောင်ရပါမည်နည်း"ဟု လျှောက်လေ၏၊ထိုအခါ ရဟန်းသံဃာတော်သည် ဒေါဏပုဏ္ဏားကြီးသည် မြတ်စွာဘုရားဓာတ်တော်တို့ကို ဝေဘန်သောအခါ၌ ရှစ်ပုံပုံပြီးလျှင် မြို့သူမြို့သားတို့အားပေး၏၊ မြို့သူမြို့သားတို့သည် မိမိတို့ရသောဓာတ်တော်တို့ကို ပင့်ယူပြီးလျှင် စေတီတည်လျက်ကိုးကွယ်ကြကုန်၏၊ ထိုစေတီတို့တွင် ရာမရွာ၌ ကောလိယမင်းတို့သည် ဂင်္ဂါမြစ်ကမ်း၌ ပြုအပ်သောစေတီတော်သည် ရေအလျဉ်ကြောင့် ပြိုပျက်သည်ဖြစ်၍ ဓာတ်တော်ကြုတ်သည် သမုဒ္ဒရာသို့ရောက်သောအခါ ရတနာသဲသောင်၏အထက်၌ ရောင်ခြည်တော် ၆-သွယ်တို့ကို လွှတ်တော်မူသည်ဖြစ်၍ တည်နေတော်မူ၏၊ ထိုရောင်ခြည်တော် ၆-သွယ်တို့ကို နဂါးတို့သည် ဖူးမြင်ရသောအခါ † မဉ္ဇရနဂါးပြည်သို့ပင့်ယူကြပြီးလျှင် မဟာကာလနဂါးမင်းအား လျှောက်ကြားကြကုန်၏၊ ထိုမဟာကာလနဂါးမင်းသည် ကုဋေတသောင်းရှိသောနဂါးတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လာပြီးသောအခါ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ရွှေ, ပတ္တမြား,သင်္ကာနီ, ရတနာတံခွန်ကိုစိုက်ထူ၍ တူရိယာငါးပါးဖြင့် တီးမှုတ်လျက် အထူးထူးအပြားပြားသော မောင်းမမိဿံတို့၏အလယ်၌ ဓာတ်တော်ကြုတ်ပတ္တမြားတောင်းကိုထားပြီးလျှင် ဦးခေါင်းဖြင့်ယူ၍ ရှင်လန်းနှစ်သက်စွာ အရိုအသေကိုပြုတော်မူလျက် မဉ္ဇရနဂါးပြည်သို့ ပင့်ဆောင်ပြီး

[* သောဏုတ္တရသာမဏေ။ † မဉ္ဇေရိကနဂါးပြည်-မဟာထူပဝင်။]

လျှင် ၉၆-ကုဋေသောဥစ္စာဖြင့် ပူဇော်၍ အလုံးစုံသော ရတနာတို့ဖြင့် စေတီနှင့် စေတီအိမ်ကို ပြုလုပ်ဘန်ဆင်းစေ၍ ဓာတ်တော်တို့ကို ကိုးကွယ်ကြကုန်၏။

မဟာကဿပထေရ်သည် အနာဂတ်ကာလ၌ ဓာတ်တော်တို့၏ ဘေးရန်တို့ကို မြင်တော်မူသောကြောင့် ထိုအကြောင်းကို အဇာတသတ်မင်းကြီးအား သိစေပြီးလျှင် ထိုထိုမင်းတို့၏ ကိုးကွယ်လောက်ရုံမျှကိုသာလျှင်ထား၍ ကြွင်းသောဓာတ်တော်တို့ကို ပင့်ဆောင်စေပြီးသောအခါ မင်းကြီးသည် "မြတ်သော ဓာတ်တော်ဌာပနာတိုက်ကို ပြုခြင်းငှါသင့်၏"ဟုမိန့်တော်မူလေသော်"ဓာတ်တော်တို့ကို အဘယ်သို့ လျှင်တပည့်တော်သည် ပင့်ရပါမည်နည်း"ဟု လျှောက်ကြားလေလျှင် "ပင့်ဆောင်ခြင်းသည် ငါတို့၏တာဝန်ဖြစ်၏၊သင်မင်းကြီးသည် ဓာတ်တော်ဌာပနာတိုက်ကို ပြုစေလော့"ဟုမိန့်တော်မူပြီး၍ရာမရွာ၌ရှိသော ဓာတ်တော်တို့ကိုထား၍ ကြွင်းသော ခုနစ်ခုသောနေရာတို့၌ရှိသော ဓာတ်တော်တို့ကို ပင့်၍ပေးလေ၏၊ "မင်းကြီးသည် ရာမရွာ၌ရှိသော ဓာတ်တော်တို့ကိုအဘယ်ကြောင့်မပင့်ယူပါသနည်း"ဟုမေးသောအခါ အရှင်မဟာကဿပမထေရ်သည် ထိုဓာတ်တော်တို့အား ဘေးရန်မရှိ အနာဂတ်ကာလ၌ တမ္ဗပဏ္ဏိကျွန်း၌ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် တန်ခိုးအာနုဘော်ကြီးသော ဘုရားရှင်နှင့်တူသော မဟာစေတီတော်ကြီးကိုတည်စေလတ္တံ့၊ ထိုမဟာစေတီတော်ကြီး၏အကျိုးငှါ ဓာတ်တော်တို့ကိုထား၏။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်"ငါဘုရား၏တစိတ်အတိုင်း အရှည်ရှိကုန်သော သာရီရိကဓာတ်တော်တို့သည် တမ္ဗပဏ္ဏိကျွန်း မဟာစေတီ၌ တည်လတ္တံ့"ဟု ရဟန်းသံဃာအားမျှာဒိတ်ကြားတော်မူသောကြောင့် ငါမပင့်"ဟု မိန့်တော်မူ၏၊ "ငါ့ရှင်သောဏုတ္တရထေရ်သည် မဉ္ဇရနဂါးပြည်သို့သွားပြီးလျှင် ကုဋေတသောင်းသောနဂါးတို့သည် မိမိတို့၏အသက်ကဲ့သို့ ရှိသေစောင့်ရှောက်အပ်သော ဓာတ်တော်တို့ကို ကြမ်းတမ်းသောနဂါးတို့ကို နှိမ်နင်း၍ လျင်မြန်စွာပင့်ဆောင်ခဲ့လော့၊ နက်ဖြန် မင်းကြီးသည် ဓာတ်တော်ဌာပနာခြင်းကို ပြုလတ္တံ့"ဟု မိန့်တော်မူ၏၊သောဏုတ္တရထေရ်သည် ကောင်းပါပြီဟု

ဝန်ခံပြီးလျှင် မိမိ၏နေထိုင်ရာ ပရိဝုဏ်သို့ကြွတော်မူ၏၊ အဘယ့်ကြောင့် သံဃာတော်သည် တန်ခိုးကြီးသော များစွာသော ရဟန်းတို့သည် ရှိကုန်လျက် သောဏကုဋိကဏ္ဏရမထေရ်၏တာဝန်ကို ပြုသနည်းဟူမူ ထိုအရှင် သောဏကုဋိကဏ္ဏရမထေရ်သည် တိုဓာတ်တော်ကို ဌာပနာခြင်းအကျိုးငှါ ရှေးဆုတောင်းနှင့် ပြည့်စုံသောအရှင်ဖြစ်၏၊ ထိုမထေရ်၏ဆုတောင်း သည် ထိုအခါ၌ပြည့်စုံလေ၏။

## ၁၈။ သောဏကုဋ္ဋရထေရ်၏အစဉ်ပြတ္တိ

သောဏကုဋ္ဋရမထေရ်၏ အကြောင်းကား မြတ်စွာဘုရား ပွင့်တော်မူသောအခါ မဟာပနာဒနတ်သားသည် နတ်ပြည်မှ စုတေ၍ ကာလ စမ္ပါမြို့၌ သူဌေး၏အိမ်၌ ဖြစ်လေ၏၊ ဘဒ္ဒဇိဟူသောအမည်ကိုပြုကြ ကုန်၏၊ ထိုဘဒ္ဒဇိသတို့သားသည် အရွယ်ရောက်လတ်သော် မြတ်စွာ ဘုရား၏တရားတော်ကို နာရသောကြောင့် သာသနာတော်၌ ရဟန်း ပြုတော်မူ၍ ထိုရဟန်းပြုသောနေ့၌သာလျှင် အရဟတ္တဖိုလ်သို့ရောက်၏၊ တန်ခိုးအာနုဘော်ကြီး၏၊ ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒဇိထေရ် ကိုခေါ်တော်မူပြီးလျှင် ဒေသစာရီလှည့်လည်တော်မူသောအခါ ဂင်္ဂါ မြစ်ကမ်း၌ရှိသော ကောဋိရွာသို့ရောက်တော်မူ၏၊ ထိုကောဋိရွာ၌နေ သော နန္ဒုပ္ပလရလုလင်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ပြီးလျှင် စည်းဝေးလျက် အခြံအရံနှင့်တကွ အလှူကြီးကိုပေးလှူပြီး၍ ကောဋိရွာမှ မဟာဂင်္ဂါမြစ်တိုင်အောင် တဂါဝုတ်မျှလောက်သော လမ်းကို တန်ဆာဆင်လျက် ဂင်္ဂါမြစ်ကမ်း၌ မဏ္ဍပ်ကြီးကို ပြုစေပြီး လျှင် မြတ်စွာဘုရားအား ခရီးဦးကြိုပြုသည်ဖြစ်၍ ဂင်္ဂါမြစ်ကမ်းသို့ ရောက်သောအခါ ထိုမဏ္ဍပ်၌နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကြွသွား တော်မူ၏၊ မြတ်စွာဘုရားသည် လှေသို့ကြွတော်မူသောအခါ ဘဒ္ဒဇိ ထေရ်သည် ဂင်္ဂါမြစ်၏အလယ်၌ ရေချော်ရာအရပ်ကို မြင်သောအခါ ''ငါ့ရှင်တို့.... ဤရေသည် ငါရှေးဘဝ၌ မဟာပနာဒမင်းဖြစ်သော အခါ နေခဲ့သော နှစ်ဆယ့်ငါးယူဇနာအတိုင်းအရှည်ရှိသော ရတနာ ပြာသာဒ်သည် ဤနေရာ၌ ကျရောက်၏၊ ထိုပြာသာဒ်နေရာသို့ရောက်၍

ရေချော်လျက်သွား၏ (ရေတိုက်စီးလျက်သွား၏) ဟု ရဟန်းတို့အား လျှောက်ကြားလေ၏၊ ရဟန်းတို့သည် ထိုစကားကို မယုံကြည်ခြင်းကြောင့် အရှင်ဘဒ္ဒဇိထေရ်သည် ဈာန်,မဂ်,ဖိုလ်တရားကို ပြောကြား၏''ဟု မြတ်စွာဘုရားအား လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ''ဘဒ္ဒဇိ.... သင်သည် ရဟန်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်လေလော့'' ဟု မိန့်တော်မူ၏။

ထိုအခါ ဘဒ္ဒဇိထေရ်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးသောအခါ ထန်းခုနစ်ဆင့်မြင့်သောကောင်းကင်သို့ ကြွတော်မူပြီးလျှင် ကောင်းစွာပွင့်သော ပင်လယ်ကသစ်ပင်ကို ဖန်ဆင်း၍ ပင်စည်ကိုကိုင်တော်မူလျက် လှုပ်တော်မူပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင်လယ်ကသစ်ပွင့်တို့ဖြင့် ပူဇော်ပြီး၍ ဗြဟ္မာ့ပြည်သို့လည်း မိမိရောက်ခြင်းငှါ စွမ်းနိုင်ကြောင်းကို သိစေလိုသောကြောင့် ထိုထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌သာလျှင် ရပ်တော်မူလျက် ရှည်စွာသောလက်ကို ဆန့်တန်းတော်မူလျက် ဗြဟ္မာ့ပြည်မှ တဆယ့်နှစ်ယူဇနာမြင့်သော ဒုဿစေတီတော်ကို လက်အပြင်၌ထား၍ ဆောင်ယူတော်မူ၍ဗြဟ္မာ့ပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက်သော အံ့ဘွယ်ကိုပြတော်မူ၍ လူအပေါင်းကို ပြတော်မူပြီးသောအခါ စေတီတော်ကို တည်မြဲတိုင်းသောနေရာ၌ တည်စေပြီးလျှင် တဖန် မိမိ၏စကားကို ယုံကြည်စေခြင်းအကျိုးငှါ ဂင်္ဂါမြစ်၌ကျသော နှစ်ဆယ့်ငါးယူဇနာရှိသော ရတနာပြာသာဒ်၏ ထုပိကာကို ခြေမတော်ဖြင့် ယူတော်မူ၍ ကောင်းကင်သို့ မြောက်လျက် လူအပေါင်း၏ ယုံမှားသံသယကင်းသည်ကို ပြတော်မူပြီးလျှင် ပြာသာဒ်ကို တည်မြဲတိုင်းသောနေရာ၌ တည်စေ၏၊ ပြာသာဒ်ကို စွန့်လွှတ်တော်မူပြီးလျှင် ကောင်းကင်မှ ဆင်းသက်တော်မူ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အနီး၌နေတော်မူ၏။

လူအပေါင်းသည် ထိုတန်ခိုးပြာဋိဟာကို မြင်ကြသောအခါကောင်းချီးမင်္ဂလာကို ဖြစ်စေ၍ ပန်းနံ့သာတို့ဖြင့် ပူဇော်လေ၏၊ ထိုအခါ နန္ဒုတ္တရလုလင်သည် မထေရ်၏ တန်ခိုးအာနုဘော်ကို ဖူးမြင်ရသောကြောင့် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ''ငါသည်လည်း အနာဂတ်

ကာလ၌ ဤအရှင်ကဲ့သို့ တန်ခိုးပြာဋိဟာကို ပြုလျက် သူတပါး၏ထံသို့ ရောက်ပြီးသော ဓာတ်တော်ကိုပင့်ယူခြင်းငှါစွမ်းနိုင်သည်ဖြစ်ရပါလို၏” ဟု ဆုတောင်းလျက် မြတ်စွာဘုရား၏ ခြေတော်အနီး၌ အိပ်လျောင်းလေ၏၊ မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသောအခါ ထိုလုလင်၏ ဆုပြည့်လတ္တံ့သည်ကိုမြင်တော်မူသောကြောင့် “လုလင်ထလော့၊ သင်၏ဆုပြည့်လတ္တံ့”ဟု ဗျာဒိတ်ကြားတော်မူ၏၊ဤသို့လျှင် သူတပါးထံသို့ ရောက်သော ဓာတ်တော်ကိုပင့်ယူခြင်းငှါ စွမ်းနိုင်သော ရှေးဆုတောင်း၏အစွမ်းဖြင့် ရဟန်းသံဃာတော်သည် ထိုသောဏုတ္တရထေရ်၏ တာဝန်ကို ပြုတော်မူ၏။

## ၁၉။ ဓာတ်တော်ကိုပင့်ယူတော်မူခြင်း

ထိုနောက် မင်းကြီးသည်“နက်ဖြန်ဓာတ်တော်ကို ဌာပနာလတ္တံ့၊ မြို့သူမြို့သားတို့သည် မြို့ကိုတန်ဆာဆင်ပြီးလျှင် သန့်ရှင်းသောအဝတ်ကို ဝတ်ကုန်လျက် ပန်းနံ့သာတို့ကို ယူကုန်လျက် မဟာစေတီယင်ပြင်တော်သို့လာကြကုန်လော့”ဟုမြို့၌စည်လည်စေ၏၊ထိုတဆယ့်လေးရက်နေ့၌ သာလျှင် သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်တော်မူပြီးလျှင် “နက်ဖြန် တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီတော်၌ ဓာတ်တော်ဌာပနာလတ္တံ့၊ အလုံးစုံသောကျွန်းကို တန်ဆာဆင်လေလော့”ဟု မိန့်တော်မူ၏၊ ဝိသုကြုံနတ်သားသည်လည်း တဖန်မိုးလင်းသောနေ့၌ နှစ်ရာ့ကိုးဆယ့်ကိုးယူဇနာရှိသော တမ္ဗပဏ္ဏိကျွန်းကို ကသိုဏ်းဝန်းစည်အပြင်ကဲ့သို့ ညီမျှသည်ကိုပြု၏၊ ငွေပြားနှင့်တူသောသဲတို့ကို ခင်းခြင်း,ပန်းတို့ဖြင့်ပြွမ်းသော ရေပြည့်အိုးတို့ကို ထားခြင်း ပန်းတင်းတိမ် (ပန်းကန့်လန့်ကာ)တို့ဖြင့်ကာရံလျက်အထက်၌ပန်းမျက်နှာကြက် ကောင်းကင်၌ တွဲလျားဆွဲသော ပဒုမာကြာ, ထိုထိုသောမြေအပြင်၌ သစ်ပင်တို့၌ သစ်ပင်ပဒုမာကြာ,သစ်ခက်တို့၌ သစ်ခက်ပဒုမာကြာနွယ်တို့၌ ပဒုမာကြာနွယ်,ကျောက်ဖျာအပြင်၌ ကြီးသောအရွက်ရှိသော ပဒုမာကြာတို့ကို ပြုတော်မူ၏။

အဆင်းငါးပါးရှိသော တံခွန်တို့ဖြင့် စိုက်ထောင်ပြီးလျှင် ထိုထိုနေရာ၌ငွေပန်းဆိုင်း,နံ့သာပန်းကုံး,သန္တာနီပန်းဆိုင်းတို့ဖြင့် ပူဇော်သော

အစီအရင်ကို ပြုပြီး၍ အကြားအကြား၌ ရတနာဖြင့် ပြီးသော ထီး,ပန်း,စေတီ,ဆီမီးအစဉ်တို့ကိုထားလေ၏၊ သမုဒ္ဒရာအပြင်၌ ကြာမျိုးငါးတို့ဖြင့် ဖုံးအုပ်သည်ကိုပြုလျက် တန်ဆာဆင်အပ်သော နတ်ပြည်၌ သုဓမ္မာသဘင်ကဲ့သို့ရင်း, နန္ဒဝန်ဥယျာဉ်၌ တမျိုးတည်းသော ပုဏ္ဍရိက်ကြာ ပေါက်ရောက်ဘိသကဲ့သို့ရင်း ကောင်းမွန်စွာ စီရင်လေ၏၊ ဤသို့လျှင် ခေတ်တော်၏အာနုဘော်ကြောင့် ဤစကြဝဠာသည် မြတ်စွာဘုရား ပဋိသန္ဓေ နေတော်မူသောအခါ, တောထွက်တော်မူသောအခါ, ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ, ဓမ္မစကြာတရားကို ဟောတော်မူသောအခါ,ယမကတန်ခိုးပြာဋိဟာကို ပြုတော်မူသောအခါ,နတ်ပြည်မှ ကြွတော်မူသောအခါ, ပရိနိဗ္ဗာန် ပြုသောအခါ စသည်တို့၌ တန်ဆာဆင်သကဲ့သို့ ဖြစ်လေ၏။

မြို့သူမြို့သားတို့သည် မြို့လမ်းတို့ကို တံမြက်လှည်းပြီးလျှင် ပုလဲနှင့်တူသောသဲကို ကြဲ၍ရင်း,ပေါက်ပေါက်လျှင် ငါးခုမြောက်သောပန်းကို ကြဲ၍ရင်း,အထူးထူးအပြားပြား တံခွန်ကုတ်ကားတို့ကို စိုက်ထူ၍ရင်း, စေတီစောင်းတန်းတို့နှင့် ရောနှောသော ပတ္တမြားစေတီကိုထား၍ရင်း, တုတ်ဆီမီးတိုင်တို့ကို မပြတ်ပြု၍ရင်း ထားစေ၏၊ အထူးထူးသော ပန်းတို့နှင့် ရောနှောသော နံ့သာရေတို့ဖြင့် ပြည့်သောအိုးကို ထားစေပြီးလျှင် အထူးထူးအပြားပြားအားဖြင့် မြို့ကိုစီရင်စေ၏၊ မင်းကြီးသည် လေးခုသောတံခါးတို့၌ ဆင်းရဲကုန်သောလူတို့၏အကျိုးငှါ အထူးထူးအပြားပြားကုန်သော ခဲဘွယ်,ဘောဇဉ်,ပန်း,နံ့သာအစရှိသောအဝတ်တန်ဆာ, ငါးပါးအပြားရှိသော ခံတွင်း၌ထုံသော ဆေးတို့နှင့်တကွ ကွမ်း ဤအလုံးစုံကိုထားစေပြီးလျှင် လူအပေါင်းတို့၏အကျိုးငှါထားအပ်သော ခဲဘွယ်ဘောဇဉ်တို့ကို အလိုရှိတိုင်းစားပြီးသောအခါ တန်ဆာဆင်လျက် ညနေချမ်းအချိန်၌ ပန်းနံ့သာအစရှိသည်ကို ယူပြီးလျှင် မဟာစေတီနေရာသို့ လာကြကုန်လော့ဟု မြို့၌စည်လည်စေ၏။

စစ်သည်ဗိုလ်ပါအားရင်း, ရာထူးကိုရရှိကုန်သော အမတ်ကြီးတို့အားရင်း မိမိတို့၏စည်းစိမ်ချမ်းသာ အားလျော်စွာ တန်ဆာဆင်ကုန်လျက် ပွဲသဘင်၏အသွင်ကိုပြုကုန်လျက် အထူးထူး အပြားပြား

သောတန်ဆာဖြင့် တန်ဆာဆင်ပြီးလျှင် လာကြကုန်လောဟု ပြောကြားစေ၏၊ သိကြားမင်း၏နတ်သမီးနှင့်တူကုန်သော အထူးထူးသော ဇနပုဒ်၌နေကုန်သော များစွာသောကချေသည်တို့အားငင်း, မိမိ၏ပွဲသဘင်၌ သဘင်သည်၏အသွင်ကို ယူသောနည်းဖြင့် သဘင်သည်၏အသွင်ကိုယူကုန်လျက် ခြံရံကြကုန်လော့ဟု ပြောကြားစေ၏၊ များစွာသော ဆင်မြင်း ရထားတို့ကို များစွာသော တန်ဆာတို့ဖြင့် တန်ဆာဆင်ပြီးသော် မြတ်သောလက္ခဏာနှင့် ပြည့်စုံသော တန်ခိုးကြီးသော လေ၏အဟုန်ကဲ့သို့သွားနိုင်သော ဆန်းကြယ်သော တန်ဆာတို့ဖြင့် ဆင်အပ်သောကဏ္ဍုလဆင်တော်ကို ရှေ့၌ထားစေပြီးလျှင် မိမိသည်လည်း အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင် အပ်သော ဆိုခဲ့ပြီးသော အမတ်အပေါင်း,မောင်းမအပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ကုမုဒ္ဒရာကြာနှင့်တူသော ကိုယ်လုံးဖြူသော သိန္ဓောမြင်းလေးကောင်ကသော တန်ဆာဆင်အပ်ပြီးသောရထားကိုစီးလျက် ရွှေပန်းတောင်းကို မိမိ၏ဦးခေါင်း၌ထားလျက် ရပ်နေတော်မူ၏။

ထိုအခါလေတိုက်ခပ်ခြင်းကြောင့် လှုပ်သောသမုဒ္ဒရာ ရေအပြင်ကဲ့သို့ငင်း, နက္ခတ်ပွဲသဘင်တို့ဖြင့် ကြွေးကြော်အပ်သော နတ်ပြည်ကဲ့သို့ငင်း, အသုရာတို့ဝင်သောတာဝတိံသာနတ်ပြည်ကဲ့သို့ငင်း မြေအပြင်သည် ချောက်ချားလေ၏၊ တရားမစောင့်သော စစ်သည်ဗိုလ်ပါတို့ကို ရှောင်ကြဉ်တော်မူသဖြင့် များစွာသောလူအပေါင်းတို့သည် ပင်လယ်ကသစ်ပင်ကိုမြင်ရသဖြင့် ဝမ်းမြောက်သောအသုရာတို့ကဲ့သို့ နှစ်သက်ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မင်းကြီးကိုခြံရံကြကုန်၏၊ မင်းကြီးသည် အလုံးစုံသောတန်ဆာဖြင့် တန်ဆာဆင်ပြီးလျှင် လူအပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ သမုဒ္ဒရာလှိုင်းသံနှင့်တူသော တူရိယာတီးမှုတ်သောအခါ စင်ကြယ်သော ကောင်းကင်၌သွားသော တာရာအပေါင်းသည် ခြံရံအပ်သောလပြည့်ဝန်းကဲ့သို့ငင်း, ထွန်းလင်းတောက်ပသော နတ်အပေါင်းတို့သည် ခြံရံအပ်သော နန္ဒဝန်ဥယျာဉ်သို့ ကြွသွားသော သိကြားမင်းကဲ့သို့ငင်း လမ်းသို့ကြွသွားတော်မူ၏။

ထိုအခါအလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်ပြီးသော ရေပြည့်အိုး, ပန်းကြုတ်,ဆီမီးတိုင်ရှိကုန်သော တထောင့်ရှစ်ယောက်

ကုန်သောသတို့သမီးတို့သည် တထောင့်ရှစ်ခုကုန်သော တံခွန်တို့ကို ကိုင်လျက် မင်းကြီးကို ခြံရံကြကုန်၏။

သောဏုတ္တရထေရ်သည်လည်း မိမိ၏ပရိဝုဏ်၌ နေတော်မူလျက် တူရိယာ တီးမှုတ်သောအသံကို ကြားသဖြင့် မင်းကြီးထွက်တော်မူ ကြောင်းကိုသိ၍ အဘိညာပါဒက စတုတ္ထဈာန်ကို ဝင်စားပြီးလျှင် မြေ၌ငုပ်လျက် မဉ္ဇရနဂါးပြည်သို့ သွား၍ မဟာကာလနဂါးမင်း၏ ရှေ့တွင် ထင်ရှားပြလေ၏၊ နဂါးမင်းသည် မထေရ်ကို မြင်သောအခါ နေရာမှထ၍ မထေရ်ကိုရှိခိုးပြီးလျှင် မြတ်သောပလ္လင်၌နေစေ၍ နံ့သာ ရေဖြင့် ခြေတို့ကိုဆေးပြီးလျှင် အထူးထူးသောနံ့သာနှင့် ပြည့်စုံသော ပန်းတို့ဖြင့်ပူဇော်လျက် အနီး၌နေထိုင်ပြီး၍ "အဘယ်အရပ်မှကြွလာ ပါသနည်း"ဟု လျှောက်လေ၏၊ မထေရ်သည် "တမ္ဗပဏ္ဏိကျွန်းမှ ကြွ လာသည်"ဟု မိန့်တော်မူသောအခါ "အဘယ်အကျိုးငှါ ကြွလာပါ သနည်း"ဟု လျှောက်လေ၏၊ ထိုအခါမထေရ်သည် "မြတ်သောမင်း ကြီး.... တမ္ဗပဏ္ဏိကျွန်း၌ ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် မဟာ စေတီကို တည်စေပြီးသောအခါ ဓာတ်တော်တို့ကို ရဟန်းသံဃာအား တာဝန်လွှဲအပ်တော်မူ၏၊ သုံးသောင်း မျှလောက်ကုန်သော ရဟန်း သံဃာတို့သည် စည်းဝေးစေကုန်ပြီးလျှင် မဟာစေတီ၌ ဌာပနာလတ္တံ့ ဖြစ်သော ဓာတ်တော်တို့ကို မဟာကာလနဂါးမင်း၏အထံ၌ ထား အပ်သည်၏အဖြစ်ကို မိန့်တော်မူပြီးလျှင် ဓာတ်တော်တို့ကို ပင့်ယူခဲ့ဟု ငါ့ကိုစေလွှတ်ကြသောကြောင့် လာရသည်" ဟုမိန့်တော်မူ၏။

ထိုစကားကို နဂါးမင်းကြားသောအခါ တောင်ကြီးဖြင့် ဖိသော ကာလကဲ့သို့ များစွာနှလုံးမသာယာခြင်း ဖြစ်ပြီးလျှင် ငါတို့သည် ဤဓာတ်တော်တို့ကို ပူဇော်ရခြင်းကြောင့် အပါယ်မှလွတ်၍ နတ်ပြည် ၌ဖြစ်ကုန်အံ့ဟု မှတ်ထင်ကြကုန်၏၊ ဤရဟန်းသည်ကား ကြီးသော တန်ခိုးအာနုဘော်ရှိ၏၊ ငါတို့ကိုနှိမ်နင်းလျက် ယူခြင်းငှါစွမ်းနိုင်၏၊ အကယ်၍ ဓာတ်တော်တို့ကို ဤနေရာ၌ ထားသည်ဖြစ်အံ့၊ နှလုံးသား ကိုနုတ်ယူဘိသကဲ့သို့ အလုံးစုံသောဓာတ်တော်ကို ယူမည်ဖြစ်သော ကြောင့် ဤနေရာမှ ဓာတ်တော်တို့ကို ပြောင်းရွှေ့ခြင်းငှါ သင့်၏ဟု ကြံစည်လေ၏၊ ဤသို့လျှင် ကြံစည်ပြီးသောအခါ ပရိသတ်ကို ကြည့်ရှု

လေသော် ပရိသတ်အတွင်း၌ရှိသော မိမိ၏တူဖြစ်သော ဝါသုလဒတ္တ မည်သော ကြီးသောအား ကြမ်းတမ်းသောအဆိပ်ရှိသော နဂါးကို မြင်တော်မူ၍ ထိုဝါသုလဒတ္တအား အမှတ်သညာကိုပေးလေ၏။

တူတော်ဝါသုလဒတ္တသည် ဦးရီးတော်၏ အမှတ်သညာကို မြင်သောအခါ ဦးရီးတော်၏အလိုကို သိသောကြောင့် စေတီအိမ်သို့သွားပြီးလျှင် ဓာတ်တော်ကြုတ်ကိုယူ၍ မျိုပြီးလျှင် မြင့်မိုရ်တောင်ခြေရင်းသို့ သွား၍ အဝန်းအားဖြင့် ယူဇနာတရာ,အရှည်အလျားအားဖြင့် ယူဇနာ သုံးရာရှိသော များစွာသော ပါးပျဉ်းအထောင်ရှိသော အတ္တဘောကို ဖန်ဆင်းပြီးလျှင် အခိုးလွှတ်ခြင်း,တောက်ပခြင်းကိုပြုလျက် ရှစ်သောင်း လေးထောင်နက်သော သမုဒ္ဒရာ၌ ငွေအဆင်းနှင့်တူသော သဲအပြင်၌ မိမိ၏များစွာသောနဂါးပရိသတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အခွေ တို့ကို ခွေသည်ဖြစ်၍ နေလေ၏၊ ထိုအခါ နဂါး,နတ်,ဗြဟ္မာပရိသတ် တို့သည် ယနေ့နှစ်ပါးကုန်သော ရဟန္တာနဂါးနှင့် မြွေနဂါးတို့သည် စစ်ထိုးလတ္တံ့၊ အဘယ်သူအား အောင်ခြင်း ရှုံးခြင်းသည်ဖြစ်အံ့နည်း ဟု ကြည့်ရှုခြင်းအကျိုးငါ စည်းဝေး၍ နေကြကုန်၏။

ထိုနောက် နဂါးမင်းသည် ပရိသတ်ကို ကြည့်ရှုလေသော် ထိုနေရာ၌ တူတော်ကို မမြင်သောအခါ ဓာတ်တော်တို့ကိုပြောင်းရွှေ့၍ ယူသွားကြောင်းကိုသိ၍ "အရှင်ဘုရား....အကျွန်ုပ်၏ထံ၌ ဓာတ်တော် တို့သည် မရှိပါ၊ အရှင်ဘုရားသည် ကြာမြင့်ခြင်းကို မပြုမူ၍ လျင်မြန် စွာသွားပြီးလျှင် ရဟန်းသံဃာအား လျှောက်ကြားတော်မူပါ၊ ရဟန်း သံဃာတော်သည် တပါးသောနေရာမှ ဓာတ်တော်တို့ကို ရှာမှီးလတ္တံ့" ဟု မထေရ်အားလျှောက်လေ၏၊ ထိုအခါ မထေရ်သည် "နဂါးမင်း... ဤစကားကို မပြောဆိုပါလင့်၊ဓာတ်တော်တို့သည် သင့်ထံ၌ရှိကြောင်းကို ရဟန်းသံဃာတော်လည်းသိတော်မူ၏၊ မြတ်စွာဘုရားသည်လည်း သက် တော်ထင်ရှားရှိစဉ်သာလျှင် ဓာတ်တော်ကို ဝေဘန်သောအခါ ကော လိယမင်းတို့သည်ရ၍ ကိုးကွယ်သောဓာတ်တော်တို့ကို နောက်အဘို့၌ နဂါးတို့သည် သိမ်းဆည်းလတ္တံ့၊ ထိုနောက် တမ္ဗပဏ္ဏိကျွန်း၌ ဒုဋ္ဌဂါ မဏိအဘယမင်းကြီးသည် တည်ထားသော စေတီတော်၌ တည်

လတ္တံ့”ဟု ရှင်အာနန္ဒာမထေရ်အား သက်သေပြုလျက်ရဟန်းသံဃာ၏အလယ်၌ သိကြားမင်းအား မိန့်ကြားတော်မူ၏။

အရှင်မဟာကဿပမထေရ်သည်လည်း ဓာတ်တော်ဌာပနာခြင်းကို ပြုသောအခါ ကြွင်းသောခုနစ်စုသောဓာတ်တော်တို့ကို ပင့်ယူပြီးလျှင် အဇာတသတ်မင်းအားပေး၍ ရာမရွာ၌ ဓာတ်တော်တို့ကို အဘယ်ကြောင့် မပင့်ယူပါသနည်းဟု မင်းကြီးလျှောက်သောအခါ ဤဓာတ်တော်တို့ကို တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ၏အကျိုးငှါ ထားအပ်၏ဟု မိန့်တော်မူ၏၊ ထိုနောက် အသောကမင်းကြီးသည်လည်း ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို ဆောက်လုပ်စေ၍ မိမိဆောက်လုပ်အပ်သော ကျောင်း၌ ဓာတ်တော်ဌာပနာခြင်းကို ပြုလုပ်ခြင်းအကျိုးငှါ ဓာတ်တော်တိုက်ကို ဖွင့်ပြီးလျှင် ရွှေအကွဲရာတို့ကို ဘတ်သောအခါခုနစ်စုသောဓာတ်တော်တို့ကိုမြင်၍ “အရှင်ဘုရားတို့‥ဓာတ်တော်တစုသည် မရှိပါ၊ အဘယ်အရပ်၌ ရှိပါသနည်း”ဟု ရဟန်းသံဃာအား လျှောက်လေ၏၊ ရဟန်းသံဃာတော်သည် “မန္ဒိရနဂါးပြည်၌ မဟာကာလနဂါးမင်း၏ထံ၌ ရှိ၏”ဟု မိန့်တော်မူ၏။

အသောကမင်းကြီးသည် “ဤနဂါးပြည်သည် ကျွန်ုပ်၏ အာဏာရောက်ရာပြည်ဖြစ်၏၊ ထိုဓာတ်တော်ကိုလည်း ပင့်ယူအံ့”ဟု မိန့်တော်မူ၏၊ ရဟန်းသံဃာတော်သည် “ဤနဂါးပြည်၌ရသော ဓာတ်တော်တို့ကို တမ္ဗပဏ္ဏိကျွန်း၌ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် တည်ထားစေသောမဟာစေတီ၏အကျိုးငှါ ထားအပ်ကုန်၏”ဟု မိန့်တော်မူပြီးလျှင် တားမြစ်တော်မူ၏၊ “နဂါးမင်းကြီး‥‥ ကြာမြင့်အောင်မပြုမူ၍ ဓာတ်တော်တို့ကို ပေးလော့”ဟု မိန့်တော်မူ၏၊ ထိုနောက် နဂါးမင်းကြီးသည် အစမှစ၍ သိတော်မူသည်၏အဖြစ်ကို သိသောအခါ တစုံတခုသောပရိယာယ်ဖြင့် ဓာတ်တော်တို့ကို မပေးမူ၍ ပြန်ကြွစေခြင်းငှါ သင့်၏ဟု ကြံစည်ပြီးလျှင် ရာမရွာ၌ မင်းတို့၏လက်မှ လွတ်သောအခါမှစ၍ အကျွန်ုပ်ယူပြီးလျှင် စောင့်ရှောက်၏၊ ယခုအခါ အကျွန်ုပ်ထံ၌ မရှိပါဟုဆို၍ တဖန် မိမိဓာတ်တော် ကိုးကွယ်သောအစီအရင်ကို ပြခြင်းငှါ မထေရ်ကို ဓာတ်တော်ကျောင်းသို့ ပင့်ပြီးလျှင် စေတီနှင့် စေတီကျောင်းတော်ကို ပြလေ၏။

ထိုစေတီ၌ ရတနာခုနစ်ပါးတို့ဖြင့် အလွန်ဆန်းကြယ်သောထီးကိုင်း, စေတီအိမ်၌ ရတနာခုနစ်ပါးတို့ဖြင့်ဆန်းကြယ်သောအချက်အစရှိသော အလုံးစုံတို့ကိုငင်း,ပတ္တမြားဖြင့်ပြီးသော အလွန်ဆန်းကြယ်သော လထက်ဝက်သဏ္ဍာန်ရှိသော ခြေနင်းလျက်ဆင်းခြင်း တက်ခြင်းကိုပြုသော အမုစန္ဒကမည်သော ကျောက်ဖျာကိုငင်း ပြုလေ၏၊ ဤနည်းဖြင့်သာလျှင် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ကွင်းသော တံခါးသုံးခုတို့ကိုလည်း ပြုလေ၏၊ မျက်နှာ၁၀(မုခ်)အဆုံး၌ ပုလဲခြုံတို့ကိုငင်း,ရတနာခုနစ်ပါးဖြင့်ပြီးသော အိုးတို့ကိုငင်း တွဲလျားဆွဲထားသည်တို့ကို ပြုလေ၏၊ လေတိုက်ခတ်အပ်ကုန်သော ထိုပုလဲခြုံ ရတနာခုနစ်ပါးဖြင့်ပြီးသော ခြုံနှင့်အိုးတို့၏အသံသည် တူရိယာငါးပါးတို့၏ အသံကဲ့သို့ ဖြစ်၏၊ ထိုစေတီအိမ်ကို ကုဋေတသောင်းကုန်သောနဂါးတို့သည် စောင့်ရှောက်ကုန်၏။

ထိုမဟာကာလနဂါးမင်းသည် အထူးထူးအပြားပြား တန်ဆာဆင်အပ်သော စေတီနှင့် စေတီအိမ်ကိုပြုပြီးလျှင် စေတီအိမ်မှသက်ဆင်းလျက် အမုစန္ဒကကျောက်ဖျာ၌ သန္တာနီဖြင့်ပြီးသောပဒုမာကြာပေါ်၌ရပ်လျက် "ဤစေတီကျောင်းတော်၏တန်ဘိုးကိုဆုံးဖြတ်တော်မူပါ"ဟုဆိုသောအခါ "ငါတို့ မဆုံးဖြတ်နိုင်"ဟု မိန့်တော်မူလေလျှင် တံခါးဘောင်,စောင်းတန်းဦး,သင်းကျစ်,သန္တာနီ,ပဒုမာကြာ, အမုစန္ဒကကျောက်ဖျာတို့ကို တခုတခုစီထားပြီးသောအခါ မထေရ်အား တန်ဘိုးကို ပြောကြားစေ၏၊ "နဂါးမင်းကြီး.... အလုံးစုံသောတမ္ဗပဏ္ဏိကျွန်း၌ အလုံးစုံသော ရတနာတို့သည် အမုစန္ဒကကျောက်ဖျာလောက်အဘိုးမထိုက်ကုန်၊တပါးကုန်သော တံခါးဘောင်စသည်တို့၌ ဆိုဘွယ်ရာမရှိ"ဟု မိန့်တော်မူ၏၊ထိုနောက် နဂါးမင်းသည် ဤသို့လျှင် အလွန်ကြီးသောပူဇော်ခြင်းကို ပြုသောနေရာမှ နည်းသောပူဇော်ခြင်းကို ပြုသောနေရာသို့ ဓာတ်တော်တို့ကို ပင့်ယူ၍သွားမည်ဟု အရှင်ဘုရားသည် အဘယ့်ကြောင့် မိန့်ဘိသနည်း" ဟု လျှောက်လေ၏။

ထိုအခါမထေရ်သည် ဤစေတီအိမ်ကို ထားဦးလော၊ သင်တို့သည် တခုသော စကြဝဠာတိုက်ပမာဏရှိသော ရတနာဖြင့်ပြီးသောကျောင်းတော်ကို ဖန်ဆင်းပြီးလျှင် ခုနစ်ပါးသော ရတနာတို့ဖြင့် ပြည့်စေ၍

"ဓာတ်တော်တို့ကိုကိုးကွယ်သောအခါ တရားထူးကိုသိခြင်းငှါ စွမ်းနိုင်သော တဦးတယောက်သောနဂါးသည် ရှိလေသလော မရှိလေသလော"ဟု မေးလေသော် နဂါးမင်းသည်"ကျွန်ုပ်တို့သည် ဂတိကိုသုတ်သင်ခြင်းအကျိုးငှါ ကိုးကွယ်ပါ၏"ဟုလျှောက်သောအခါ ဂတိကိုသုတ်သင်ခြင်းမည်သည်ကား ဘုရားပွင့်တော်မမူသော်လည်း တစုံတခုဖြင့် သုတ်သင်နိုင်၏၊ ဘုရားတို့မည်သည် တရားတော်ကို အလေးပြုကုန်၏၊ ပစ္စည်းလေးပါးဟုဆိုအပ်သော အာမိသကို အလေးမပြုကုန်၊ အယုတ်ဆုံးအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး သုံးဆယ်သောပါရမီတို့ကိုဖြည့်၍ စွန့်ခြင်းကြီးငါးပါးကို စွန့်တော်မူလျက် ဗုဒ္ဓစရိယာအစရှိသော စရိယသုံးပါးတို့၌ အထွဋ်အထိပ်သို့ ရောက်ကုန်သည်ဖြစ်၍ ပွင့်တော်မူကုန်၏၊ ပွင့်တော်မူသောအခါလည်း သမ္ပတ္တိနှစ်ပါးတို့တွင် အထူးအားဖြင့် လောကုတ္တရသမ္ပတ္တိကိုသာလျှင် အလိုရှိကုန်၏၊ သင်နဂါးတို့အား လောကုတ္တရသမ္ပတ္တိမရှိခြင်းကြောင့် ငါ၌သို့ပြောဆိုသည်ဟု မိန့်တော်မူပြီးလျှင် ဒုဋ္ဌဂါမဏိအဘယမင်းကြီး၏ တည်ထားသောစေတီတော်သည် လူအပေါင်းအား အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ပေးနိုင်လေသောကြောင့် ကြာမြင့်အောင် မပြုမူ၍ ဓာတ်တော်တို့ကိုသာလျှင် သင်နဂါးမင်းသည်ပေးလော့၊ယနေ့ကောင်းသောနက္ခတ်ဖြင့် မဟာစေတီ၌ ဓာတ်တော်တို့ကို ဌာပနာလိမ့်မည်ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသောအခါ နဂါးမင်းသည် တဖန်ပြန်၍ မလျှောက်ထားနိုင်ခြင်းကြောင့် မိမိ၏တူတော်သည် ဓာတ်တော်တို့ကိုစောင့်ရှောက်ထားသည်ကို သိသည်ဖြစ်၍ စေတီ၌ ဓာတ်တော်တို့၏ရှိမရှိကို အရှင်ဘုရားသည် မသိမူ၍ ပေးပါ ပေးပါဟုတောင်းဘိ၏၊ ကျွန်ုပ်သည် မရှိပါဟုလျှောက်၏၊"ဓာတ်တော်ဘို့ကို တွေ့မြင်ခဲ့သော် ပင့်ယူ၍သွားပါလော"ဟု လျှောက်၏၊ ထိုအခါမထေရ်သည် "နဂါးမင်း.... ငါယူမည်ဟု သုံးကြိမ် ပဋိညာဉ်ကိုတောင်းယူပြီးလျှင် မိမိ၏လက်တော်ကို အလွန်သေးငယ်သည်ကိုပြုလျက် ဆန့်တန်းပြီးလျှင် ဓာတ်တော်တို့ကို ယူသည်၏အဖြစ်ကို မသိစေသတည်း"ဟု မိဋ္ဌာန်၍ မြင့်မိုရ်တောင်ခြေရင်း၌အိပ်သော နဂါးမင်း၏ခံတွင်း၌ လက်ကိုသွင်းပြီးလျှင် ဓာတ်

တော်ကြွတ်ကိုယူလျက် သက်နိုးအကြား၌ထား၍''နဂါးမင်း····နေရစ်လော''ဟု မိန့်ပြီးလျှင် မြေ၌ငုပ်ပြီးလျှင် မိမိ၏ပရိဝုဏ်သို့ကြွတော်မူ၏။

မထေရ်နှင့်နဂါးမင်းတို့၏ စစ်ထိုးခြင်းကိုကြည့်ရှုကုန်အံ့ဟု စည်းဝေးရောက်လာကြကုန်သော အလုံးစုံသောပရိသတ်တို့သည် မထေရ်၏အောင်နိုင်ခြင်းကို မြင်ကြသောအခါ ရဟန်းနဂါးသည်အောင်၏၊ မြွေနဂါးသည်ရှုံး၏ဟု များစွာသော အုတ်အုတ်ကျက်ကျက်ကိုပြုပြီးလျှင် သာဓုခေါ်ကုန်လျက် နံ့သာပန်းတို့ဖြင့်ပူဇော်၍ မထေရ်နှင့်အတူ ပရိဝုဏ်သို့သာလျှင် လာကြကုန်၏၊ နဂါးမင်းသည် မထေရ်ကြွသွားသောအခါ မထေရ်ကို ငါသည်လှည့်ပတ်၍ လွတ်လိုက်ပြီဟု ဝမ်းမြောက်သဖြင့် တူတော်အား ဓာတ်တော်တို့ကို ယူပြီးလျှင်လာရန် သတင်းစကားကိုစေလွှတ်၍ တူတော်သည်လည်း ထိုသတင်းစကားကိုကြားသောအခါ မိမိ၏ဝမ်း၌ ဓာတ်တော်ကြွတ်ကိုမမြင်ခြင်းကြောင့် လက်တို့ကိုမြှောက်ပြီးလျှင် ငိုကြွေးလျက် ဦးရီးတော်၏ထံသို့သွား၍ မထေရ်သည် ဓာတ်တော်တို့ကို ယူသည်၏အဖြစ်ကို လျှောက်ကြားလေ၏၊ ထိုအခါနဂါးမင်းသည် ရဟန်းသည် ငါတို့ကိုလှည့်ပတ်ပြီဟု ငိုကြွေးလေ၏၊ ထိုသို့ငိုကြွေးသောနဂါးမင်းကို မြင်သောအခါ ကုရေနှစ်သိန်းကုန်သော နဂါးတို့သည် ငိုကြွေးကြကုန်၏၊ ထိုအခါ နဂါးပြည်မှ အလုံးစုံသောနဂါးတို့သည် စည်းဝေးကြကုန်ပြီးလျှင် သောကဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ လက်တို့ဖြင့် မိမိ၏ရင်ကို ထုကုန်လျက် ငိုကြွေးကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ အလုံးစုံသောနတ်လူတို့သည် ငိုကြွေးဘိသကဲ့သို့ ကြီးစွာသောအသံဖြင့် ငိုကြွေးကုန်လျက် မထေရ်၏နောက်သို့လိုက်လျက် ပရိဝုဏ်သို့ဝင်ကြ၍ ရဟန်းသံဃာ၏ထံသို့သွားပြီးလျှင်''ကျွန်ုပ်တို့သည်တစုံတယောက်သောသူအား မနှိပ်စက်မူ၍ ကျွန်ုပ်တို့၏ ကုသိုလ်အာနုဘော်ကြောင့် တရားသဖြင့်ရရှိသော ကိုးကွယ်အပ်သောဓာတ်တော်တို့ကို အကြွင်းမရှိ ပင့်ယူလျက် အရှင်ဘုရားတို့သည် အဘယ့်ကြောင့် နတ်ရွာလမ်းခရီးကို လုယက်ကုန်လျက်ယူကြကုန်ဘိသနည်း''ဟုရဟန်းသံဃာတို့၏ခြေတော်တို့၌ဝပ်ကုန်လျက် များစွာငိုကြွေးကြကုန်၏၊ ထိုအခါ ရဟန်းသံဃာတော်သည်

ထိုနဂါးတို့ ကိုးကွယ်သော ဓာတ်တော်တို့တွင် အနည်းငယ်သော ဓာတ်တော်ကို မပေးမူ၍ ရောင့်ရဲစေခြင်းငှါ မစွမ်းနိုင်ဟု မိန့်တော်မူကြပြီးလျှင် ထိုနဂါးတို့အား သနားသဖြင့် အနည်းငယ်သောဓာတ်တော်ကို ပေးစေလျက် ရောင့်ရဲစေ၏၊ ထိုဓာတ်တော်ကိုရသောအခါ နဂါးတို့သည် များစွာဝမ်းမြောက်ကြကုန်သည်ဖြစ်၍ နဂါးပြည်သို့ ပင့်ယူကြပြီးလျှင် အထူးထူးအပြားပြားအားဖြင့် ပူဇော်ခြင်းကိုပြုကြကုန်၏။

---

## ၂၀။ ဓာတ်တော်တို့ကိုဌာပနာခြင်း

ထို့နောက်သိကြားမင်းသည် နတ်ပြည်နှစ်ထပ်၌ရှိသော နတ်ပရိသတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ရွှေပန်းတောင်းနှင့်တကွ ရတနာပလ္လင်ကိုယူလာပြီးလျှင် ဝိသုကြံနတ်သားကိုခေါ်တော်မူလျက် မထေရ်၏မြေမှ ပေါ်ထွက်သောနေရာ၌ ရတနာခုနစ်ပါးဖြင့်ပြီးသော မဏ္ဍပ်ကိုဖန်ဆင်းစေ၏၊ သိကြားမင်းသည် မိမိယူဆောင်လာသောပလ္လင်ကို ထိုမဏ္ဍပ်၌ထားပြီးသောအခါ မထေရ်၏လက်မှ ဓာတ်တော်ကြုတ်ကို ယူဆောင်လျက် ရွှေပန်းတောင်း၌ထည့်လျက် ထိုပလ္လင်၌ထားစေ၏၊ သဟံပတိဗြဟ္မာသည် ဓာတ်တော်၏အထက်၌ သုံးယူဇနာရှိသော ထီးဖြူကိုဆောင်း၏၊ သုယာမနတ်မင်းသည် ပတ္တမြားယပ်ကို,သန္တုသိတနတ်မင်းသည်သားမြီးယပ်ကိုကိုင်လျက်ယပ်ခပ်တော်မူ၏၊သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းရတနာကို နှံသာရေဖြင့် ဆေးယူပြီးလျှင်အဘိသိက်ပေးလျက် တည်နေ၏၊ အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းသည်၎င်း, တောင်အရပ်၌ ဝိရူဠှကနတ်မင်းသည်၎င်း,အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းသည်၎င်း,မြောက်အရပ်၌ကုဝေရနတ်မင်းသည်၎င်း၍နတ်မင်းတို့သည် သန်လျက်လက်စွဲသည်ဖြစ်၍ စောင့်ရှောက်လျက်ရပ်ကုန်၏။

သုံးကျိပ်သုံးယောက်ကုန်သော နတ်သားတို့သည် ရတနာကြုတ်ကို ပင်လယ်ကသစ်ပွင့်တို့ဖြင့် ပြည့်စေလျက် ပူဇော်၍ တည်နေကြကုန်၏၊ သုံးကျိပ်နှစ်ယောက်ကုန်သော နတ်သမီးတို့သည် ရွှေဆီမီးတိုင်တို့ကို ယူပြီးလျှင် ဓာတ်တော်ကိုရံ၍ တည်နေကြကုန်၏၊ နှစ်ကျိပ်ရှစ်ယောက်ကုန်သော နတ်စစ်သူကြီးတို့သည် စကြဝဠာ၌ စောင့်ရှောက်လျက်

တည်နေကြကုန်၏၊ ပဉ္စသိခနတ်သားသည် ဗေလုဝပဏ္ဍုဝစောင်းကို ယူပြီးလျှင် တီးလျက်တည်နေ၏၊ တိမ္ဗရုနတ်သားသည် အင်္ဂါလေးပါးနှင့်ပြည့်စုံသော ပတ္တရားကို ဖန်ဆင်းပြီးလျှင် တူရိယာငါးပါးကို တီးမှုတ်လျက် တည်နေ၏၊ နတ်မင်းကြီးတို့၏သမီးတို့သည် အခြံအရံနှင့်တကွ သာယာစွာတီးမှုတ်ကြကုန်၏၊ နတ်တို့သည် ကောင်းသော သီချင်းကိုသီကုန်လျက် တည်နေကြကုန်၏၊ မဟာကာလနဂါးမင်းသည်လည်း နဂါးသတို့သမီးတို့ဖြင့် ခြံရံပြီးလျှင် ဂုဏ်တော်ကိုးပါး အစရှိကုန်သော များစွာသောဂုဏ်တော်တို့ဖြင့် ချီးမွမ်းလျက်တည်နေ၏၊ ဤသို့လျှင် ကောင်းကင်၌ များစွာသောနတ်တို့၏တူရိယာတို့ကို တီးမှုတ်ကြကုန်၏။

နတ်တို့၏ နံ့သာ,ပန်း,စန္ဒကူးမှုန့်အစရှိသည်တို့သည် မိုယ်းကြီးရွာဘိသကဲ့သို့ နတ်တို့သည် ပူဇော်ကြကုန်၏၊ ဇာနုဂုတ္တမထေရ်သည် မာရ်နတ်ကို တားမြစ်ခြင်းအကျိုးငှါ စကြဝဠာအဆုံးရှိသော သံထီးကို ကောင်းကင်၌ ဖန်ဆင်းတော်မူ၏၊ မြတ်သောသနားဘွယ်သော အသံရှိကုန်သော မထေရ်တို့သည် ဓာတ်တော်၏ရှေ့၌ နေတော်မူလျက် တပေါင်းတည်းရွတ်ဆိုခြင်းကို ပြုကြကုန်၏၊ နိကာယ်ငါးပါးကို ဆောင်ကုန်သော မထေရ်တို့သည်လည်း ဓာတ်တော်တို့ကို ခြံရံပြီးသောအခါ ငါးပါးသောနေရာတို့၌ နေပြီးလျှင် တပေါင်းတည်း ရွတ်ဆိုခြင်းကို ပြုကြကုန်၏၊ ထိုအခါ ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ထိုနေရာသို့ လာပြီးလျှင် ဦးခေါင်းမှ ရွှေပန်းတောင်းကို ချပြီးသောအခါ ပလ္လင်၌ ထားပြီးလျှင် နံ့သာပန်းတို့ဖြင့် ပူဇော်လျက် တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီး၍ လက်အုပ်ချီလျက် ရတနာဗိမာန်၌ ခြသေ့ခံသောပြူတင်းကို ဖွင့်ဘိသကဲ့သို့ မျက်စိတို့ကိုဖွင့်လျက် ဖူးမျှော်တော်မူ၏။

ထိုအခါ ဓာတ်တော်၏အထက်၌ ထီးဖြူကိုမိုးသော မဟာဗြဟ္မာသည်ကား မထင်ရှား၊ ပတ္တမြားယပ်,သားမြီးယပ်,ဝိဇယုတ္တရခရုသင်းရတနာ,သန်လျက်ရတနာ, နတ်၌ဖြစ်သော နံ့သာပန်း,စန္ဒကူးမှုန့်တို့သည်ငှင်း,ပူဇော်ခြင်း အရိုအသေပြုခြင်းတို့သည်ငှင်း ထင်ရှားကုန်၏၊ နတ်တို့၏ တူရိယာသံ,သီသောအသံတို့ကို ကြားကုန်၏၊တီးကုန် သီကုန်သောနတ်တို့သည်ကား မထင်ရှားကုန်၊ မင်းကြီးသည် ဤသို့သော

အံ့ဘွယ်ကို မြင်တော်မူသောအခါ အရှင်ဇူနိဂုတ္တမထေရ်အား"အရှင်ဘုရား....နတ်တို့သည် နတ်တို့၏ထီးဖြင့် ပူဇော်ကုန်၏၊ အကျွန်ုပ်သည်ကား လူတို့၏ထီးဖြင့်ပူဇော်အံ့" ဟု လျှောက်ပြီးလျှင် ရွှေအရိုးရှိသောထီးဖြူဖြင့် ပူဇော်ပြီး၍ ရှုကရားဖြင့် အဘိသိက်ရေကို ပေးတော်မူလျက် ထိုနေ့၌အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ မင်း၏အဖြစ်ကိုပေးတော်မူ၏၊ ထိုနောက် နတ်ကချေသည်တို့သည် နတ်တို့၏တူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ လူတို့သည် နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ကုန်လျက် လူတို့၏အရိုအသေကို ပြုကြကုန်၏။

တဖန် မင်းကြီးသည် ဇူနိဂုတ္တမထေရ်ကို"အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် နတ်၌ဖြစ်သောထီး,လူ၌ဖြစ်သောထီးတို့ကို ဆောင်းပါသလော"ဟု မေးတော်မူ၏၊ ထိုအခါ မထေရ်သည်"မြတ်သောမင်းကြီး....ထီးသုံးလက်တို့ကို မြတ်စွာဘုရားဆောင်းတော်မူ၏" ဟု မိန့်တော်မူ၏၊ မင်းကြီးသည် "ထီးတလက်ကား အဘယ်ထီးပါနည်း"ဟု လျှောက်သောအခါ"မြတ်သောမင်းကြီး....သီလဟူသောမြေ၌ သမာဓိဟု ဆိုအပ်သော အရိုးရှိသော ဇူန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဟု ဆိုအပ်သော ထီးရွက်ပန်းရှိသော မဂ္ဂဖလဝိမုတ္တိဉာဏ်ဟုဆိုအပ်သော ထီးဖြူတော်ကို စိုက်ထောင်ပြီးသောအခါ သဗ္ဗညုတဉာဏ်တော်ဟု ဆိုအပ်သော အဘိသိက်ကိုရရှိတော်မူသော မြတ်စွာဘုရားသည် တရားရတနာဟူသောစက်ကို လည်စေသည်ဖြစ်၍ တသောင်းသောစကြဝဠာတို့၌ ဗုဒ္ဓဟူသောမင်း၏အဖြစ်ကို ရတော်မူ၍ သဒ္ဓမ္မဟူသောစကြာမင်း၏အဖြစ်ကို ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသောအခါ မင်းကြီးသည် သုံးပါးသောထီးကို ဆောင်းတော်မူသော မြတ်စွာဘုရားအား သုံးကြိမ် မင်း၏အဖြစ်ကို ပေးလှူအံ့ဟု လျှောက်ထားပြီးလျှင် သုံးကြိမ်ဓာတ်တော်တို့ကို မင်း၏အဖြစ်ဖြင့် ပူဇော်ပြီး၍ နတ်လူတို့နှင့်တကွ နတ်လူတို့၌ဖြစ်သော နံ့သာပန်းတို့ဖြင့် ပူဇော်လေ၏၊ များစွာသော တူရိယာတို့ကို တီးမှုတ်ကုန်လျက် သုံးပါးသောအရပ်မျက်နှာတို့၌ မိုယ်းတိမ်လျှပ်စစ်နွယ်တို့ကို ပြုလျက် ပတ္တမြားဆီမီးကို ထွန်းညှိစေ၍ လျှပ်စစ်နွယ်တို့သည် ထွက်ကုန်သောအခါ ဓာတ်တော်ကြုတ်ကို ဦးခေါင်းဖြင့် ရွက်ယူပြီးလျှင်

ရတနာမဏ္ဍပ်မှ ထွက်၍ ရဟန်းသံဃာတို့ခြံရံလျက် မဟာစေတီကို လက်ျာရစ်လှည့်သည်ကိုပြု၍ အရှေ့တံခါးဖြင့် တက်ပြီးသောအခါ ဓာတ်တော်တိုက်သို့ သက်ဆင်းတော်မူ၏၊ ထိုအခါ မဟာစေတီကိုခြံ ရံ၍ ကိုးဆယ့်ခြောက်ကုဋေသော ရဟန္တာတို့သည် ရပ်တည်ကုန်၏၊ မင်းကြီးသည် ဓာတ်တော်တိုက်သို့ သက်ဆင်းပြီးလျှင် ဦးခေါင်းမှ ဓာတ်တော်ကြုတ်ကိုချ၍ မြတ်သောလူတို့အား နေခြင်းငှါထိုက်သော နေရာအခင်း၌ ထားအံ့ဟု ကြံစည်တော်မူ၏။

ထိုအခါ ဓာတ်တော်ကြုတ်သည် ကောင်းကင်သို့ ပျံတက်တော်မူပြီးလျှင် ထန်းခုနစ်ဆင့်ရှိသော ကောင်းကင်၌ လှည့်လည်တော်မူ၏၊ ထိုနောက် ဓာတ်တော်ကြုတ်မှ ဓာတ်တော်တို့သည် ကောင်းကင်သို့ ပျံကြွပြီးလျှင် ဘုရား၏အသွင်ကို ပြတော်မူ၍ ချိတ်ရည်ဖြင့်လောင်း အပ်သော နီသောပင်လယ်ကသစ်ပန်းအဆင်းကဲ့သို့ နီသောအဆင်း ရှိသော နှစ်ထပ်သောသင်္ကန်းတော်ကို ပဒုမာကြာကို ကတ်ကျေးဖြင့် ဖြတ်သကဲ့သို့ အဝန်းသုံးပါးကို ဖုံးလွှမ်းလျက် ဝတ်ပြီးလျှင် ရွှေဖြင့်ပြီး သော ဦးဆောက်ပန်းဖြင့် ရစ်ပတ်အပ်သော ပဒုမာကြာစည်းကဲ့သို့ ၎င်း၊ လျှပ်စစ်နွယ်ကဲ့သို့၎င်း၊ တင့်တယ်သောခါးပန်းကြိုး ဖွဲ့တော်မူ လျက် နီသောကမ္ဗလာတို့ဖြင့် ဝန်းရံသောရွှေအိုးကဲ့သို့၎င်း၊အတောင် တရာမြင့်သော ရွှေစေတီကို သန္တာနီကွန်ယက်တို့ဖြင့် ဝန်းရံသကဲ့သို့ ၎င်း၊ ရတနာစေတီ၌ အလွန်နီသောသင်ဒိုင်းကို စွပ်ဘိသကဲ့သို့၎င်း၊ ကောင်းကင်သို့သွားသော လပြည့်ဝန်းကို နီသောတိမ်ဖြင့် ဖုံးလွှမ်း ဘိသကဲ့သို့၎င်း၊ စိတ္တကူဋတောင်ထိပ်၌ လျှပ်စစ်နွယ်တို့သည် ဝန်းရံ ဘိသကဲ့သို့၎င်း၊ စကြဝဠာတောင်၊ မြင့်မိုရ်တောင်၊ ယုဂန္ဓိုရ်တောင်၊ မဟာပထဝီမြေကြီးကို လှုပ်၍ယူအပ်သော နီသောသန္တာနီအဆင်း ကဲ့သို့၎င်း နီသောမြတ်သောပံ့သုကူသင်္ကန်းတော်ကို ရုံတော်မူသဖြင့် တင့်တယ်ခြင်း၏ အထွဋ်အထိပ်သို့ရောက်သော ရှစ်ဆယ်သောလက္ခဏာတော်ငယ်၊ တလံမျှလောက်သော ရောင်ခြည်တော်၊သုံးဆယ့်နှစ် ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်ရှိတော်မူသော အညစ်အကြေးကင်းသောကေတုမာလာ မည်သော ရောင်လျှံတော်ဖြင့် တင့်တယ်သောရောင်ခြည်တော် ခြောက်

သွယ်တို့ဖြင့် ထွန်းလင်း တောက်ပသော ဘုရားရှင်၏အသွင်တော်ကို ယူတော်မူလျက် ယမကတန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုနောက် မီးအစုံ ရေအယဉ်အစရှိသော ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် အစုံအစုံဖြစ်၍ ဘဝဂ်တိုင်အောင် ပျံ့ကြွတော်မူပြီးလျှင် လှည့်လည်တော်မူလျက် အလုံးစုံစကြာဝဠာတိုက်၌ ပျံ့နှံ့ကုန်၏၊ ဤဓာတ်တော်၏ တန်ခိုးပြာဋိဟာသည် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်၏အနီး၌ မြတ်စွာဘုရားသည် အလုံးစုံသော တိတ္ထိတို့ကို နှိမ်နှင်းခြင်းငှါ ပြုအပ်သော ယမကပြာဋိဟာကဲ့သို့ သဗ္ဗညုတဉာဏ်တော်ရှိတော်မူသော မြတ်စွာဘုရားကိုထား၍ ကြွင်းကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော ရဟန်း,ပုဏ္ဏား,သိကြား,ဗြဟ္မာ အစရှိသည်တို့၏လည်း အရာမဟုတ်သော သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်ကြောင့်ဖြစ်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ဤနေရာ၌ အကျဉ်းမျှသာဖြစ်၏၊ အကျယ်ကိုကားပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ ယမကပါဋိဟရိယဉာဏကထာဖြင့် ပြအပ်၏။

ထိုဓာတ်တော်၏တန်ခိုးပြာဋိဟာကို ဖူးမြင်ရသောကြောင့် တဆယ့်နှစ်ကုဋေသော နတ်လူတို့သည် ကြည်ညိုကြ၍အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ကြွင်းသော ဖိုလ်သုံးပါးသို့ရောက်သောပုဂ္ဂိုလ်တို့သည် မရေမတွက်နိုင်ဖြစ်ကုန်၏၊ ဤသို့လျှင် ဓာတ်တော်တို့သည် များစွာသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသောအခါ ဘုရား၏အသွင်ကို စွန့်တော်မူပြီးလျှင် ကြုတ်သို့ဝင်တော်မူ၍ ထိုကြုတ်နှင့်အတူ သက်ဆင်း၍ မင်းကြီးဦးခေါင်း၌ တည်တော်မူကုန်၏၊ မင်းကြီးသည် လက်နှစ်ဘက်တို့ဖြင့် ဓာတ်တော်ကြုတ်ကို ယူတော်မူပြီးသောအခါ မြို့သူမြို့သားတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ဇာနွဂုတ္တမထေရ်နှင့်အတူ ဓာတ်တော်တိုက်သို့ဝင်ပြီးလျှင် တန်ဆာဆင်အပ်သော နေရာ၏အနီးသို့ သွားတော်မူ၍ ဓာတ်တော်ကြုတ်ကို ရတနာပလ္လင်ထက်၌ထားတော်မူလျက် နံ့သာရေဖြင့် လက်တို့ကိုဆေးပြီးသောအခါ နံ့သာလေးပါးဖြင့် ပွတ်တိုက်၍ ဓာတ်တော်ကြုတ်ကိုဖွင့်လျက် ဓာတ်တော်ကြုတ်ကိုယူပြီးလျှင် ရပ်လျက် ဤဓာတ်တော်တို့သည် နောင်အခါ တစုံတခုသော ဘေးရန်မရှိသည်ဖြစ်၍ လူအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်ခဲ့ငြားအံ့၊ အစုံအစုံသောအင်

ကြင်းပင်တို့၏အကြား၌ မထသော ကျိန်းစက်ရာဖြစ်သော ညောင်စောင်း၌ မြတ်စွာဘုရား၏ ကျိန်းစက်တော်မူသော အခြင်းအရာဖြင့် ကျိန်းစက်ပါစေသတည်းဟု ကြံစည်တော်မူပြီးလျှင် ကျိန်းစက်သော အိပ်ရာ၏အထက်၌ ကျိန်းစက်တော်မူစေ၏၊ ထိုအခါ ဓာတ်တော်တို့သည် မင်းကြီးကြံစည်တိုင်းသာလျှင် မြတ်သောသူတို့အား ထိုက်သော အိပ်ရာ၌ ကျိန်းစက်ကုန်၏။

ဤသို့လျှင် ဝါဆိုလပြည့်ဥပုသ်နေ့၌ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဥ်ကုန်လျက် ဓာတ်တော်တို့ကို ဌာပနာကုန်၏၊ ဓာတ်တော်တို့ကို ဌာပနာသည်နှင့်တပြိုင်နက် မေဃဝန်ဥယျာဉ်မြေ၌ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဌာပနာသည်ဟု ရေအဆုံးရှိသည်ကိုပြု၍ မြေတုန်လှုပ်လေ၏၊ မဟာသမုဒ္ဒရာသည် ချောက်ချား၏၊ သုံးဆယ့်တဘုံ၌ တခုတည်းသောမဲ့တင်သံသည်ဖြစ်၏၊ ကောင်းကင်ပွင့်လင်း၏၊ အခါမဲ့ လျှပ်စစ်နွယ်တို့သည်ထွက်ကုန်၏၊ တခဲနက်သော ပန်းမိုဃ်းသည် ရွာ၏၊ နတ်ပြည်,လူ့ပြည်၌ တခုတည်းသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏၊ မင်းကြီးသည် ဤသို့သဘောရှိသောအံ့ဘွယ်ကို မြင်တော်မူသောအခါ ကြည်ညိုသည်ဖြစ်၍ မြတ်စွာဘုရားအား ရွှေဖြင့်ပြုအပ်သော ပန်းရှိသောထီးဖြူတော်ဖြင့် ပူဇော်ပြီးလျှင် အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကိုပေးလှူတော်မူ၍ သုံးသောင်းအဘိုးထိုက်သော မိမိတန်ဆာကို ချွတ်တော်မူပြီးလျှင် ဓာတ်တော်တိုက်ကို ပူဇော်လေ၏၊ ထိုမင်းကြီးမောင်းမတို့နှင့် အမတ်တို့သည်ငှင်း, သုံးပါးသောဌာနတို့၌လူတို့သည်ငှင်း, ကြွင်းသော လူအပေါင်း တို့သည်ငှင်း မင်းကြီးနှင့်အတူတကွ တန်ဆာတို့ကို ပူဇော်ကြကုန်၏၊ ထိုနောက် မင်းကြီးသည် ရဟန်းသံဃာတော်အား ခဲဘွယ်ဘောဇဉ် တို့ကိုငှင်း, ဆီ,ပျားရည်,တင်လဲ, သကာ,ဆေးတို့ကိုငှင်း လှူတော်မူ၏၊ ရဟန်းသံဃာတော်သည် ညဥ့်သုံးယာမ်ပတ်လုံး တပေါင်းတည်း ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကိုပြုတော်မူ၏၊ မင်းကြီးသည် နောက်တနေ့မိုဃ်းလင်းသောအခါ လူအပေါင်းသည် ဤခုနစ်ရက်ကာလပတ်လုံး နံ့သာစသည်တို့ကိုယူလာပြီးလျှင် ဓာတ်တော်တို့ကို ရှိခိုးလေဟု မြို့၌စည်လည်စေ၏။

အရှင်ဇမ္ဗုဒိတ္တမထေရ်သည်ကား တမွပဏ္ဏိတကျွန်းလုံး၌ နေထိုင်ကြကုန်သော ဓာတ်တော်တို့ကို ရှိခိုးလိုကုန်သူတို့သည် အမြန်လာကြပြီးလျှင် ဓာတ်တော်တို့ကို ရှိခိုးကုန်လျက် ချမ်းသာစွာ မိမိတို့အိမ်သို့ သွားကြစေကုန်သတည်းဟု မိဌာန်တော်မူ၏၊ မင်းကြီးသည်လည်း "အရှင်ဘုရား…ထိုဓာတ်တော်တိုက်၌ အကျွန်ုပ်၏ ပြုဘွယ်ကိစ္စသည် ပြီးဆုံးပါပြီ၊ ဓာတ်တော်တိုက်ကို ပိတ်ကြပါကုန်"ဟု လျှောက်လေ၏၊ ရဟန်းသံဃာတော်သည် ဥတ္တရသာမဏေ, သုမနသာမဏေနှစ်ပါးကို ခေါ်တော်မူပြီးလျှင် "ငါ့ရှင်တို့…ဆောင်ယူခဲ့သော မေဒဝဏ္ဏကျောက်ဖြင့် ဓာတ်တော်တိုက်ကို ပိတ်ကြကုန်"ဟု မိန့်တော်မူ၏၊ ထိုသာမဏေနှစ်ပါးတို့သည် "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် မေဒဝဏ္ဏကျောက်ကို ဆောင်ယူကြကုန်၏၊ ထိုအခါ ရဟန္တာအရှင်မြတ်တို့သည် "ဓာတ်တော်တိုက်၌ နံ့သာတို့သည် မပျက်စီးစေကုန်သတည်း၊ ပန်းတို့သည် မညှိုးနွမ်းစေကုန်သတည်း၊ ရတနာတို့၏အရောင်အဆင်းတို့သည် မပျက်စီးစေကုန်သတည်း၊ ပူဇော်သောဘဏ္ဍာတို့သည် မပျက်စီးစေကုန်သတည်း၊ မေဒဝဏ္ဏကျောက်တို့သည် စေ့စပ်စွာ ဖြစ်စေကုန်သတည်း၊ ရန်သူတို့၏ပြုလုပ်ခွင့်သည်မဖြစ်စေကုန်သတည်း"ဟု မိဌာန်တော်မူကြကုန်၏။

ဤသို့လျှင်မင်းကြီးသည် ဓာတ်တော်ဌာပနာခြင်းကို ပြီးဆုံးစေပြီးသောအခါ နောက်တနေ့၌ "ဓာတ်တော်ကို ဌာပနာလိုကုန်သောသူတို့သည် မိမိပူဇော်ခြင်းငှါ စွမ်းနိုင်သောဓာတ်တော်ကို ဌာပနာကြကုန်"ဟု မြို့၌စည်လည်စေ၏၊ ထိုအခါမြို့သူမြို့သားတို့သည် ရွှေ, ငွေ, သံ, စန္ဒကူး, ကြေး, သန္တာနီတို့ကိုရင်း၊ဆင်, မြင်း, ခြင်္သေ့,နွားလားဥသဘ, ကြုတ်,ကရားတို့ကိုရင်း အထူးထူးအပြားပြားတို့ဖြင့် ပြုလုပ်စေပြီးလျှင် ထိုပြုလုပ်အပ်သောအရာဝတ္ထုတို့၌ ဓာတ်တော်တို့ကို ထည့်စေပြီးလျှင် ဓာတ်တော်ဌာပနာတိုက်ကြီး၏ အထက်ဖြစ်သော မေဒဝဏ္ဏကျောက်ဖျာပေါ်၌ ထားကြကုန်၏၊ မြို့သူမြို့သားတို့၏ ဌာပနာအပ်သော ဓာတ်တော်တို့သည် တထောင်အတိုင်းအရှည်ရှိကုန်၏။

## ၂၁။ ဒုဋ္ဌဂါမဏိမင်းမကျန်းမမာတော်မူခြင်း

ထိုအခါမှစ၍မင်းကြီးသည် ခေါတ်တော်တိုက်ကို ပိတ်စေပြီးလျှင် မဟာစေတီကို တည်စေသောအခါ မဟာစေတီနှင့်အတူ လေးထောင့်ရှိသော တံခါးမုခ်ကိုပြီးဆုံးစေပြီးလျှင် အင်္ဂတေအမှု, ထီးတင်ခြင်းအမှု မပြီးဆုံးမီသာလျှင် သေခြင်းအဆုံးရှိသောရောဂါဖြင့် မကျန်းမမာဖြစ်တော်မူ၏။

[မဟာ၀င်၌ ခေါတ်တော်တိုက်ကြီးအနီး၌ တိုက်ငယ်ပြု၍ လူအပေါင်းတို့သည် ဌာပနာကြကုန်သည်ဟုဆို၏။]

ထိုအခါ မင်းကြီးသည် ဒီဃ၀ါပိအရပ်မှ မိမိ၏ညီတော် ဖြစ်တော်မူသော တိဿမင်းသားကို ခေါ်စေပြီးလျှင်“ညီတော်သည် မဟာစေတီတော်၌ ထီးတင်ခြင်းအမှု, အင်္ဂတေပြုလုပ်ခြင်းအမှုကို ပြီးဆုံးအောင် ပြုလုပ်လော့” ဟု မိန့်တော်မူ၏၊ တိဿမင်းသားသည် မင်းကြီး၏ အားနည်းသည်၏ အဖြစ်ကို သိတော်မူသောကြောင့် ထီးတင်ခြင်းအမှု, အင်္ဂတေပြုလုပ်ခြင်းအမှုကို ပြီးဆုံးအောင် မစွမ်းနိုင်ဟု သိတော်မူသည်ဖြစ်၍ အပ်ချုပ်သမား (အပ်ချုပ်သမား)တို့ကို ခေါ်တော်မူစေပြီးလျှင် “ဖြူစင်သန့်ရှင်းသော အ၀တ်တို့ဖြင့် သင်တိုင်းကို ချုပ်စေ၍ ထိုသင်တိုင်းကို ‘မဟာစေတီ၌ စွတ်စေလျက် တဖန်ပန်းချီဆရာတို့ကို ခေါ်စေပြီးလျှင် သင်တိုင်း၏အပေါ်၌ ပွတ်တိုင်နှင့် လက်ငါးချောင်းသဏ္ဌာန် အစရှိသော အစဉ်တို့ကိုရေးသား၍ တန်ဆာဆင်ကြကုန်”ဟု မိန့်တော်မူ၏၊ထို့နောက် ဒေါင်းရွေသမား (နှီးကြူထရံတို့ကိုပြုလုပ်သောသူ)တို့ကို ခေါ်တော်မူစေ၍ ၀ါးဖြင့်ပြီးသောထီးကိုရင်း, ပဒုမာကြာရွက်ဖြင့်ပြီးသော လ၀န်း နေ၀န်းကိုရင်း, ဆန်းကြယ်သော ချိတ်ခေါတ်ဖြင့်ပြုလုပ်သော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သောဖြူစင်သောပွတ်တိုင်တို့ကိုရင်းပြုလုပ်စေ၏၊ဤမျှလောက်ကို ပြုလုပ်စေပြီးလျှင် “မဟာစေတီ၌ပြုလုပ်မှုသည် ပြီးဆုံးပါပြီ”ဟု လျှောက်ကြားစေ၏၊ ဤသို့လျှောက်ကြားသောအခါ မင်းကြီးသည် “ပြုလုပ်မှုပြီးဆုံးခဲ့သော်မဟာစေတီကိုငါ့အားပြလော့”ဟုမိန့်တော်မူ၏၊ထိုအခါ မင်းကြီးကို ထမ်းစင်ဖြင့်ထမ်းယူလျက် မဟာစေတီကို ရှိခိုးစေကုန်၏၊

မင်းကြီးသည် မဟာစေတီ၏ တောင်တံခါး၌ရှိသောမြေအပြင်၌ နေရာခင်းပြီးလျှင် ထိုနေရာ၌ ငါ့ကိုအိပ်စေကြကုန်လော''ဟု လူတို့ကိုစေခိုင်းတော်မူလေ၏၊ ထိုလူတို့သည် မင်းကြီးမိန့်သည်အတိုင်း ပြုကြကုန်၏။

ထိုအိပ်ရာ၌ အိပ်သောမင်းကြီးသည် လက်ျာနံပါးဖြင့်အိပ်လျက် တစုံတခုနှင့်မတူသော မဟာစေတီ၏ ဖူးမြင်ရခြင်းကြောင့်၎င်း, ဘုံကိုးဆင့်ရှိသော မြတ်သော လောဟပါသာဒပြာသာဒ်ကို ကြည့်ရှုခြင်းကြောင့်၎င်း ကြည်ညိုသောစိတ်သည် ဖြစ်ပေါ်လာ၏၊ မင်းကြီး၏ ရှေ့၌လည်း မြတ်သောကရုဏာရှိကုန်သော မထေရ်တို့သည် တပေါင်းတည်း သရဇ္ဈာယ်ခြင်းကို ပြုကြကုန်၏၊ နိကာယ်ငါးရပ်ကို ဆောင်ကုန်သော မထေရ်တို့သည် ခြီရံလျက် တပေါင်းတည်းသရဇ္ဈာယ်ခြင်းကို ပြုကြကုန်၏၊ ထိုအခါ သာသနာတော်၏ ကျေးဇူးများသည်၏ အဖြစ်ကို မှတ်သားတော်မူသည်ဖြစ်၍ သူနာလုပ်ကျွေးခြင်းကို ပြုကုန်အံ့ဟု ထိုထိုအရပ်မှ ကိုးဆယ့်ခြောက်ကုဋေသောရဟန်းတို့သည် လာကုန်၏၊ မင်းကြီးသည် ထိုအစည်းအဝေး၌ အဘယထေရ်ကိုမမြင်သောအခါ ငါသည် တမ္ဗလယ်ကျေးဘို့နှင့် အတူ ၂၈-ကြိမ်တိုင်အောင် စစ်ထိုးသောအခါ၌ အဘယအမတ်သည် မဆုတ်နစ်မူ၍ ငါနှင့်အတူ တမ္ဗလယ်ကျေးတို့ကို နှိမ်နင်းပြီးလျှင် ငါ၏ထံ၌နေပါလျက် ယခုသေမင်းနှင့်စစ်ထိုးသောအခါ ရှုံးအံ့သည်ကိုမြင်သောကြောင့် သွားဘိသည်ဟု အောက်မေ့ကြံစည်လေ၏၊ ဤအဘယမထေရ်ဟူသည် မင်းကြီး၏ တကျိပ်သော စစ်သူကြီးတို့တွင်တယောက်ပါဝင်သောသူဖြစ်၏။

မင်းကြီးသည် တမ္ဗလယ်ကျေးတို့ကိုနှိမ်နင်းလျက် တမ္ဗပဏ္ဏိကျွန်း၌ မင်းဖြစ်တော်မူသောအခါ တခုသောအဘို့ပြုပြီးလျှင် ရာထူးဌာနန္တရကို စီစစ်လေသော် ထိုအဘယစစ်သူကြီး၏အဘို့ ဝမ်းမြောက်စွာပေးသော ရာထူးဌာနန္တရကို မယူဘဲနေသောအခါ''အဘယ်ကြောင့်မယူသနည်း''ဟုမေးလေသော် ''အကျွန်ုပ်အား တပါးသော ပြုဘွယ်ကိစ္စသည်ရှိပါ၏၊ တယောက်သောခိုးသူကို အောင်နိုင်အောင်ပြုလုပ်ပါအံ့''ဟု လျှောက်၏၊ထိုအခါမင်းကြီးသည် ''တမ္ဗလယ်ကျေးတို့ကိုနှိမ်နင်းပြီးလျှင် ငါသည် ဧကရာဇ်မင်းဖြစ်တော်မူ၏၊ ငါ့အား တစုံတယောက်

သောရန်သူမရှိခြင်းကြောင့် တစုံတယောက်သောသူနှင့် စစ်ထိုးရန် မရှိ၊ ထိုခိုးသူကို ငါ့အားလျှောက်ကြားလော''ဟုမိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသောအခါ "အကျွန်ုပ်အား ရဟန်း၏အဖြစ်ကိုခွင့်ပြုတော် မူပါ၊ အကျွန်ုပ် ရဟန်းဖြစ်သောအခါ ကိလေသာဟူသောသူခိုးတို့ နှင့် စစ်ထိုးပါအံ့''ဟု လျှောက်လေ၏၊မင်းကြီးသည် ထိုအဘယအမတ် ကို များစွာသောအကြောင်းကို ပြောကြားလျက် တားမြစ်သော်လည်း တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ခွင့်ပြုရလေ၏၊ ထိုအဘယ အမတ်သည် ရဟန်းဖြစ်ပြီးသောအခါ အရဟတ္တဖိုလ်သို့ ရောက်တော် မူသည်ဖြစ်၍ ရဟန္တာငါးရာခြံရံလျက် ကရိန္ဒမြစ်ဖျား၌ရှိသော *ပဍ္ဍပဗ္ဗ တတောင် (တောင်ငါးလုံး)၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ ထိုအရှင် အဘယမထေရ်သည် ဆင် ခြင်တော်မူလတ်သော် မင်းကြီး၏အကြံအစည်ကိုသိ၍ မိမိ၏အခြံအရံ ဖြစ်ကုန်သော ရဟန္တာငါးရာတို့နှင့်အတူ ကောင်းကင်ခရီးဖြင့်ကြွလာ တော်မူလျက် မင်းကြီးကိုခြံရံလျက် တည်နေကြကုန်၏၊ မင်းကြီးသည် မထေရ်ကိုဖူးမြင်ရသောအခါ မိမိ၏ရှေ့၌နေစေ၍"အရှင်ဘုရားတို့သည် ဤမျှလောက်သောကာလပတ်လုံး အကျွန်ုပ်နှင့်အတူ နေထိုင်ပါလျက် ဤနောက်ဆုံးဖြစ်သောကာလ၌ အရှင်ဘုရားသည် အဘယ့်ကြောင့် ကြွာမြင့်ပါသနည်း''ဟု လျှောက်လေ၏၊ရှေးအခါ၌ အရှင်ဘုရားတို့နှင့် အတူ တကျိပ်သောစစ်သူကြီးတို့သည် ခြံရံအပ်သည်ဖြစ်၍ တမ္ဗလယ် ကျေးတို့ကို စစ်ထိုး၏၊ တကျိပ်သော စစ်သူကြီးတို့ဟူသည်ကား–

၁။ နန္ဒိမိတ္တစစ်သူကြီး,
၂။ သူရနိမိလစစ်သူကြီး,
၃။ မဟာသောဏစစ်သူကြီး,
၄။ ကောဠတိမ္ဗရစစ်သူကြီး,
၅။ အဘယစစ်သူကြီး,
၆။ ဘရဏစစ်သူကြီး,
၇။ ဝေဠုသုမနစစ်သူကြီး,

* [ပဍ္ဍလိတောင်–မဟာဝင်။ ပဇ္ဇလိကတောင်–မဟာဇူပဝင်။]

၈။ ခဥ္စဒေဝစစ်သူကြီး,
၉။ ဖုဿဒေဝစစ်သူကြီး,
၁၀။ ဝသဘစစ်သူကြီး၊ ဤတကျိပ်တို့တည်း။

"အရှင်ဘုရားတို့သည် ယခုအခါ၌သာလျှင် သေမင်းနှင့်စစ်ထိုးခြင်းဖြစ်သောအခါ အောင်နိုင်အောင်မစွမ်းနိုင်"ဟု လျှောက်လေ၏၊အရှင်အဘယမထေရ်သည် မင်းကြီး၏ တွန့်တိုသောစိတ်ရှိသည်ကို သိတော်မူ၍ စိတ်တက်ကြွစေလိုသောကြောင့် "မင်းကြီး.... အဘယ်စကားကို ပြောဆိုဘိသနည်း၊ စစ်ထိုးခြင်း၌ အောင်ခြင်း,ရှုံးခြင်းမည်သည် စစ်သူကြီး၏အားနှင့် စစ်သည်တို့၏လုံ့လရဲရင့်သောအဖြစ် ဥပါယ်အစရှိသည်တို့နှင့်စပ်၏၊ သင်မင်းကြီးသည် ရှေးအခါ ၂၈-ကြိမ်တိုင်တိုင် စစ်ထိုးရာ၌ ချပ်မိန်ညီလက်နက်ရှိသည်ဖြစ်၍ စစ်သူကြီး စစ်သည်တို့၏ မဆုတ်နစ်သောအားဖြင့် ရန်သူတို့ကို အောင်နိုင်တော်မူသကဲ့သို့ ထို့အတူ ယခုသေမင်းနှင့် စစ်ထိုးသောအခါ၌လည်း မဆုတ်နစ်မူ၍ ဥပါယ်လုံ့လကုသိုလ်ဖြင့် အောင်နိုင်ခြင်းသို့ ရောက်နိုင်ပါ၏၊ ယောဂါဝစရဖြစ်သော အမျိုးကောင်းသားသည် ၃၂-ကောဋ္ဌာသဟုဆိုအပ်သော ကမ္မဋ္ဌာန်း၌ မိမိ၏စိတ်ကိုထားပြီးလျှင် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့ဖြင့် ခြံရံလျက် သီလ, သမာဓိ, ယောနိသောမနသိကာရစသော တရားတို့ဖြင့် အားထုတ်ခြင်းကိုပြုခဲ့သော် နိဗ္ဗာန်ရွှေပြည်တော်သို့ ရောက်သဖြင့် သေမင်းနှင့် စစ်ထိုးခြင်းကို အောင်နိုင်ပါ၏"ဟု မိန့်တော်မူ၏။

မင်းကြီးသည် မထေရ်၏တရားတော်ကို နာရသောအခါ အရှင်ဘုရားတို့ကို ထား၍ ကြွင်းသော ကိုးယောက်သော စစ်သူကြီးတို့သည် ရန်သူတို့နှင့် စစ်ထိုးသော ကျွန်ုပ်၏ အထောက်အပံ့ဖြစ်ကုန်၏၊ ယခုသေလတ္တံ့ဖြစ်သော ညောင်စောင်း၌ အိပ်လျောင်းသည်ဖြစ်၍ အသက်၏ရန်သူဖြစ်သော သေမင်းနှင့်စစ်ထိုးသော ကျွန်ုပ်၏ ထိုကိုးယောက်တို့တွင် တစုံတယောက်သော စစ်သူကြီးသည် အားကိုးရာ မှီခိုရာဖြစ်ခြင်းငှါ မစွမ်းနိုင်၊ အရှင်ဘုရားတို့သည်သာ ရန်သူသေမင်းနှင့် စစ်ထိုးသောနေရာနှစ်ခုတို့၌ ကျွန်ုပ်၏ အားကိုးမှီခိုရာဖြစ်တော်မူ၏ဟု လျှောက်ပြီးလျှင် ကျွန်ုပ်သည် အရှင်ဘုရားတို့ကို မဖူးမြင်ရခြင်းကြောင့် နတ်

ရွှာစံမည်ဟု တဖန်ကြံစည်၏၊ အရှင်ဘုရားတို့၏ ကြွလာတော်မူခြင်းသည် ကောင်းသောကြွလာတော်မူခြင်းဖြစ်သည်ဟု လျှောက်ထားလေ၏၊ ဤသို့လျှောက်ထားသောအခါ အရှင်အဘယမထေရ်သည် မင်းကြီးမကြောက်ပါလင့်၊ ဇာတိကြောင့်ဖြစ်သော သင်္ခါရသည် အမြဲမရှိပါ၊ ထိုသို့အမြဲမရှိသောကြောင့်—

၁။ များသော အခြံအရံ စစ်သည်ဗိုလ်ပါနှင့် ပြည့်စုံကုန်သော ယောကျ်ားမြတ် အစရှိသည်တို့သည်၎င်း,
၂။ စက္ကဝတ္တိမင်းကြီးတို့သည်၎င်း,
၃။ တောက်ပသောတန်ခိုးဘုန်းနှင့် ပြည့်စုံကုန်သော နတ်,နဂါး, အသူရာ,ဂဠုန်, ကိန္နရာ, ဂန္ဓဗ္ဗနတ်, ဝိဇ္ဇာဓိုရ် အစရှိသည်တို့သည်၎င်း,
၄။ များစွာသော နတ်သမီးတို့သည် ခြံရံအပ်သော နတ်ပြည်နှစ်ထပ်တို့၌ နတ်တို့၏စည်းစိမ်ကိုခံစားသော တန်ခိုးဆင်အပ်သော ဝေဇယန္တာပြာသာဒ်၌ နေတော်မူသော သိကြားမင်းသည်၎င်း,
၅။ များစွာသော သတ္တဝါတို့ကို နှိမ်နင်းခြင်းငှါ စွမ်းနိုင်သော နတ်ပြည်ခြောက်ထပ်ကိုအစိုးရတော်မူသော ကြီးသောတန်ခိုးရှိတော်မူသော ဝသဝတ္တီနတ်သားသည်၎င်း,
၆။ များစွာသောလနေတို့ကို နှိမ်နင်းလျက် မိမိ၏အရောင်ဖြင့် သာလျှင် များစွာသော စကြဝဠာတို့ကိုထွန်းပခြင်းငှါ စွမ်းနိုင်သော မဟာဗြဟ္မာကြီးသည်၎င်း,
၇။ ကမ္ဘာ ရှစ်သောင်းလေးထောင် အသက်ရှည်တော်မူသော အရူပဗြဟ္မာတို့သည်၎င်း,
၈။ အဘိညာဉ်ခြောက်ပါးစသော ဂုဏ်ထူးတို့ဖြင့် တန်ခိုးဆင်တော်မူအပ်သော ရှင်သာရိပုတ္တရာ-ရှင်မဟာမောဂ္ဂလာန်အမှူးရှိကုန်သော မဟာသာဝကတို့သည်၎င်း,
၉။ မိမိ၏ဉာဏ်တော်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ဖျက်ဆီးလျက် ပစ္စေကဗောဓိဉာဏ်ကို ရတော်မူကုန်သော ပစ္စေကဗုဒ္ဓါတို့သည်၎င်း,

၁၀။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်- သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့်ဆန်းကြယ်သော ရူပကာယရှိတော်မူသော တစုံတယောက်သောသူနှင့်တူတော်မမူသော မြတ်စွာဘုရားသည်ပင်း အလုံးစုံသော ထိုပုဂ္ဂိုလ်တို့သည် အနိစ္စအလိုကို မလွန်မြောက်နိုင်ကုန်၊ ထို့ကြောင့်မြတ်စွာဘုရားသည်-

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဟု ဟောတော်မူ၏။

အလုံးစုံသော ပုဂ္ဂိုလ်အား ဖြစ်သော သင်္ခါရသည် အစိုးရခြင်း, အလိုသို့လိုက်ခြင်းသဘောမရှိဖြစ်သော သင်္ခါရသည်ပုဂ္ဂိုလ်အား ထမ်းရွက်၍ထားအပ်သော ဝန်အထုပ်ကြီးဖြစ်၏၊ ထို့ကြောင့် မင်းကြီးသည် အလုံးစုံသောသင်္ခါရတို့ကိုအနိစ္စ,ဒုက္ခ,အနတ္တဟု နှလုံးသွင်းပါလော" ဟု ဟောတော်မူပြီးလျှင် တဖန် ထိုမင်းကြီးသည် ပြုအပ်သော ကုသိုလ်ကောင်းမှုကို အောက်မေ့စေလိုသောကြောင့်"မြတ်သောမင်းကြီး.. သင်မင်းကြီးသည် များသောကုသိုလ်ကောင်းမှုရှိ၏၊ နှစ်ခုမြောက်သောဘဝ၌လည်း များသောကုသိုလ်ကောင်းမှုရှိ၏၊ သေလတ္တံ့ဖြစ်သော ညောင်စောင်း၌ အိပ်လျောင်းသော သင်မင်းကြီးအား နတ်ပြည်လောကသည် ထင်မြင်သောအခါ စုတိစိတ်၏နောက်၌ ဘုရား၏ဉာဏ်ဖြင့်လည်း မပိုင်းခြားနိုင်သော နတ်တို့၏စည်းစိမ်ကိုပယ်၍ သာသနာကိုချီးမြှောက်ခြင်းငှါ လူ့ပြည်သို့လာပြီးလျှင် တမ္ဗလယ်ကျေးတို့ကိုနှိမ်နင်းလျက် ဧကရာဇ်မင်းပြုသောအခါ၌လည်း သတိမေ့လျော့သဖြင့် စည်းစိမ်ကို မသုံးဆောင်ဘဲ မရိစဝဋ္ဋိက ကျောင်းတဆောင် ဆောက်လုပ်တော်မူ၏၊ရဟန်းသံဃာအား မပေးလှူမူ၍ တစုံတခုသော ခဲဘွယ်ဘောဇဉ်ကို မသုံးဆောင်ဘဲ ယနေ့တိုင်အောင် များစွာသောကုသိုလ်ကောင်းမှုကို ပြုတော်မူ၏၊ မင်းကြီးသည် ထိုအလုံးစုံသော ကုသိုလ်ကောင်းမှုကို အောက်မေ့လော့"ဟု မိန့်တော်မူ၏။

## ၂၂။ ဒုဋ္ဌဂါမဏိမင်းကြီးကောင်းမှုတော်စာရင်း

ထိုသို့မိန့်တော်မူသောအခါ မင်းကြီးသည် ဝမ်းမြောက်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုကို ရေးမှတ်၍ထားသော ပေပုရပိုက်ကို ဆောင်ယူခဲ့ကြဟု မိန့်တော်မူ၏၊ ထိုခဏ၌ ပေပုရပိုက်ကို ဆောင်ယူစေ၍ ဤသို့ ဘတ်ပြတော်မူ၏။

> "အရှင်မင်းကြီး.... မရိစဝဋ္ဋိကကျောင်းတော်ကို အစပြု၍ ကိုးဆယ့်ကိုးဆောင်သော ကျောင်းတော်တို့ကို ဆောက်လုပ်စေကုန်၏၊ ထိုကျောင်းတော်တို့တွင် အဘိုးမပြတ်နိုင်သော လှူဘွယ်ဝတ္ထုလေးခုတို့ကို ထား၍ မရိစဝဋ္ဋိကကျောင်းတော်ကို တဆယ့်ကိုးကုဋေ, ကြွင်းသောကျောင်းတော်တို့ကို ကုဋေသုံးဆယ်စီ,လောဟပါသာဒပြာသာဒ်တော်ကို ကုဋေသုံးဆယ်တို့ဖြင့် ဆောက်လုပ်စေ၏၊အဘိုးများစွာထိုက်သော လှူဘွယ်ဝတ္ထုနှစ်ဆယ်တို့ကို ထား၍ မဟာစေတီ၌ လှူဒါန်းသော ကြွင်းသော လှူဘွယ်ဝတ္ထုတို့သည် ကုဋေထောင်ပေါင်းများစွာ အဘိုးမပြတ်နိုင်ပါ" ဟု ဘတ်ကြားလျှောက်ထားလေ၏။

ထိုသို့ဘတ်ကြားလျှောက်ထားသောအခါ ရောဟနဇနပုဒ်၌ ကောဋ္ဋရွာ မလယအရပ်၌ မရိုးသီးတို့ကိုပြုတ်၍ စားရသော ငတ်မွတ်သော အခါ၌ အဘိုးများစွာထိုက်ကုန်သော နားဒောင်းနှစ်ခုတို့ကို ပေးပြီးလျှင် ဆတ်ဆန်ကိုယူ၍ ကာလကိုကြွေးကြော်ပြီးသောအခါ ကြွလာကုန်သော ငါးပါးသော မဟာထေရ်တို့အား ပေးလှူအပ်သော ဟင်းလေးယာဂုနှင့်တကွသော ဆတ်ဆွမ်းကိုရင်း,ထိုဇနပုဒ်၌သာလျှင် စူဠင်္ဂဏိယ အပြင်၌ ညီတော်တိဿနှင့် စစ်ထိုးသောအခါ ရှုံး၍ပြေးရာ၌ ကဒမ္ဗမြစ်၏ ဇဝမာနဆိတ်သို့ရောက်၍ ကာလကိုကြွေးကြော်သောအခါ ပိယင်္ဂုကျွန်းမှ ကောင်းကင်ဖြင့်ကြွလာတော်မူသော ရဟန္တာအရှင်အား မိမိကိုယ်ကိုမငဲ့မူ၍ ရွှေခွက်၌ထည့်၍ လှူသောဆွမ်းကိုရင်း ဘတ်ပြလေ၏၊ မင်းကြီးသည် ထိုဘတ်ပြသည်ကို ကြားသောအခါ ရပ်ပါဦးဟုဆိုပြီးလျှင်—

၁။ မရိစဝဋ္ဋိကျောင်း ပူဇော်ပွဲ၌ ခုနစ်ရက်ကာလပတ်လုံး တသိန်းသောရဟန်းတို့နှင့် ကိုးသောင်းသောဘိက္ခုနီမတို့အားများစွာသော အာမိသဒါနကို လှူဒါန်းပြီးသည်၏အဆုံး၌ သံဃထေရ်အား အဘိုးတသိန်းထိုက်သောသံဃထေရ်မှ ကြွင်းကုန်သော အလုံးစုံသော ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့အား အဘိုးတထောင်စီထိုက်သော ရဟန်းပရိက္ခရာကိုငှင်း ပေးလှူစေ၏။

၂။ ထိုနည်းအတူ လောဟပါသာဒပြာသာဒ်ပူဇော်ပွဲ၌ငှင်း,မဟာထူပါရာမသတ္တာဟပူဇော်ပွဲ၌ငှင်း,ဥဘတောသံဃာအား ကြီးစွာသော ဒါနကိုပေးလှူပြီ။

၃။ လေးကြိမ်တိုင်အောင် ကဆုန်လပြည့်နေ့၌ ပူဇော်ပွဲကိုလည်း ပြုစေပြီ။

၄။ ဤလက်ာဒီပကျွန်း၌ များစွာသော ရဟန်းသံဃာအား သုံးကြိမ်တိုင်အောင် တိစီဝရိက်သင်္ကန်းကိုပေးလှူစေ၍ခုနစ်ခုသောနေရာတို့၌သာလျှင် အလုံးစုံသောကျွန်း၌ မင်း၏အဖြစ်ဖြင့် ပူဇော်ပွဲကို သာသနာတော်အား ငါးကြိမ်တိုင်အောင် ပေးလှူလျက် မြတ်စွာဘုရားကို ပူဇော်ခဲ့ပြီ။

၅။ တဆယ့်နှစ်ခုသောနေရာတို့၌ ထောပတ်,ဆီတို့ဖြင့် ဆန်းကြယ်ကုန်သော ဆီမီးတိုင်တထောင်တို့ကို ထွန်းညှိစေပြီ။

၆။ တဆယ့်ရှစ်ခုသော နေရာတို့၌ မကျန်းမာသော ရဟန်းတို့အား ယာဂုဆွမ်းကို အမြဲပေးလှူစေပြီ။

၇။ လေးဆယ့်လေးခုသော နေရာတို့၌ သကြား ထောပတ်တို့ဖြင့် ကြော်အပ်သော ပျားဃနာဆွမ်းကို ပေးလှူစေပြီ။

၈။ ထိုလေးဆယ့်လေးခုသော နေရာတို့၌ ဆီအိုး,ကြေးအိုး၌ ထည့်၍ မဟာဇာလမှို့ အရသာနှင့်ပြည့်စုံသော ဆွမ်းကိုလှူစေပြီ။

၉။ တလတွင် ရှစ်ရက်သောဥပုသ်နေ့တို့၌ အလုံးစုံသောကျွန်း၌ရှိသော အလုံးစုံသောကျောင်းတို့၌ ဆီမီးညှိထွန်းသောဆီကို ပေးလှူစေပြီ။

၁၀။ အာမိသဒါနထက် ဓမ္မဒါနသည်မြတ်၏ဟုကြားရသောအခါ လောဟပါသာဒပြာသာဒ်၏ အောက်၌ရှိသောဓမ္မာသနပလ္လင်၌ နေသောအခါ ရဟန်းသံဃာအား မဟာမင်္ဂလသုတ်ကို ဟော လိုသော်လည်း သံဃာအား ရှိသေသဖြင့် ဟောခြင်းငှါမစွမ်း နိုင်၊ ထိုအခါမှစ၍ ဓမ္မကထိကဖြစ်ကုန်သော ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် အလုံးစုံသောတမ္ပပဏ္ဏိကျွန်း၌ သီတင်း သုံးတော်မူသော တပါးပါးသော ဓမ္မကထိက ပုဂ္ဂိုလ်အား ထောပတ်, ဆီ,တင်လဲ, သကာတို့ကို တကွမ်းစားတကွမ်းစားစီ ပေးလှူစေပြီ။

၁၁။ လက်လေးသစ်ရှည်သော တဆုတ်ပမာဏရှိသောနွယ်ချိုနှင့် ဆေးအစုံကို ဥပုသ်နေ့၌ ပေးလှူစေပြီ၊ ထိုအလုံးစုံကိုအစိုးရ၏ အဖြစ်၌တည်၍ပေးလှူခဲ့ပြီ။

ဤသို့ပေးလှူသော်လည်း''ငါ၏စိတ်သည် ဝမ်းမြောက်ခြင်းမရှိချေ၊ ကောင္ဂရွာ၌ ငတ်မွတ်သောအခါ၌ ငါးပါးကုန်သော မထေရ်တို့အား ပေးလှူအပ်သော ဟင်းလေးယာဂုနှင့်တကွသော ဆတ်ဆွမ်းသည်ဌင်း, စူဠင်္ဂဏိယအပြင်၌ ညီတော်တိဿနှင့် စစ်ထိုးသောအခါ ရှုံး၍ပြေးရာ၌ ရွှေခွက်၌ထည့်၍ လှူသောဆွမ်းသည်ဌင်း ဤဒါနနှစ်ခုသည် သာလျှင် ငါ၏စိတ်ကို ဝမ်းမြောက်စေ၏''ဟု မိန့်တော်မူ၏။

ထိုစကားကို အရှင်အဘယထေရ် ကြားသောအခါ ''မြတ်သော မင်းကြီး.... သင်မင်းကြီးသည် ကြည်ညိုသင့်သောနေရာ၌ ကြည်ညို ခြင်းကိုပြုခဲ့ပြီ''ဟုဟောတော်မူပြီးလျှင် မင်းကြီး၏စိတ်ကို နှစ်သိမ့်စေလို သောကြောင့် သင်မင်းကြီးသည် ယနေ့တိုင်အောင် လှူဒါန်းအပ်သော များစွာသောဒါနတို့ထက် ဤဆွမ်းနှစ်ခုအပေါင်းသည် ငါးပါးသော အကြောင်းတို့ဖြင့် အကျိုးကြီး၏။

ငါးပါးသော အကြောင်းတို့ ဟူသည်ကား–

၁။ သူတပါးအား နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် ရအပ် သောပစ္စည်း၏ အဖြစ်တပါး,

၂။ ထော်မွတ်သောအခါ၌ ပေးလှူအပ်သောပစ္စည်း၏အဖြစ်တပါး,
၃။ မိမိကိုယ်ကိုမငဲ့မူ၍ အလှူခံပုဂ္ဂိုလ်တို့၏ သဘောတော်အတိုင်း ပေးလှူအပ်သော ပစ္စည်း၏အဖြစ်တပါး,
၄။ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကိုဖြစ်စေ၍ များစွာသောသဒ္ဓါတရားနှင့် ပေးလှူအပ်သော ပစ္စည်း၏အဖြစ်တပါး,
၅။ အကြွင်းအကျန်မရှိသဖြင့် သုံးဆောင်သည်၏အဖြစ်တပါး။
ဤငါးပါးသော အကြောင်းတို့တည်း။

ဤငါးပါးသော အကြောင်းတို့ဖြင့် လှူဒါန်းအပ်သော ဒါနသည် အကျိုးကြီး၏ဟုဟောတော်မူပြီးလျှင် တဖန်အကြင်ပုဂ္ဂိုလ်သည် တရားသဖြင့်ရအပ်သောပစ္စည်းကို အနည်းငယ်အားဖြင့် လှူဒါန်း၏၊ အကြင်ပုဂ္ဂိုလ်သည်ကား မတရားသဖြင့်ရအပ်သော ပစ္စည်းကို တသိန်းမက များစွာလှူဒါန်း၏၊ ထိုတသိန်းမက များစွာလှူဒါန်းအပ်သောဒါနသည် အနည်းငယ်လှူဒါန်းသောဒါနကို ၂၅၆- စိတ်စိတ်၍ တစိတ်လောက်မျှအကျိုးမကြီးဟု ဟောတော်မူသော ဤသဟဿဝဂ်သုတ်ဖြင့် ဝမ်းမြောက်စေလျက်-

ထော်မွတ်သောအခါ ပေးလှူသောဒါန၏ အကျိုးကြီးသည်၏အဖြစ်ကို ငါးယောက်ကုန်သော မဟာပုညဝန္တပုဂ္ဂိုလ်တို့၏ ပေးလှူသောဒါန၏ မျက်မှောက်၌ ခံစားအပ်သော အကျိုးရှိသည်ဖြစ်၍ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌ ထော်မွတ်သောဘေးမှ လွတ်မြောက်၏စသည်ဖြင့် ဟောတော်မူပြီးလျှင် မိမိ၏ကိုယ်ကိုမငဲ့ကွက်သဖြင့် လှူဒါန်းခြင်း,အလှူခံပုဂ္ဂိုလ်တို့၏သဘောတော်အတိုင်း လှူဒါန်းခြင်း ဤဒါန၏အကျိုးကြီးသည်၏အဖြစ်ကို ပါလိလေယျကတောအုပ်၌ မျောက်, ဆင်ပြောင်ကြီးတို့သည် မြတ်စွာဘုရားအား လှူဒါန်းသော ပျား, သစ်သီးကြီးငယ်တို့ကိုဎ်း, မလ္လိကာဘုယ်မသည် ပေးလှူအပ်သော မုယောဆုတ်ကိုဎ်း သက်သေပြုလျက် ရှိသေစွာအလှူကိုပေးလှူခြင်း စသည်တို့ဖြင့် ဟောအပ်သောသုတ်တို့ဖြင့် ဟောပြပြီးသောအခါ အလှူခံပုဂ္ဂိုလ်တို့၏သုံးဆောင်ခြင်းကြောင့် အကျိုးကြီးသည်၏အဖြစ်ကို အန္တဘာရိကဝတ္ထု, ကာကဝလ္လိယဝတ္ထုတို့ကို ထုတ်ဆောင်တော်မူ၍ ထိုဆွမ်းတို့

ထက် မင်းကြီးလှူဒါန်းသောဆွမ်းနှစ်ခုအပေါင်းသည် ဥဘတောသုဒ္ဓိ ဖြစ်သည်ကိုဟောပြ၍ ထိုဆွမ်းနှစ်ခုတို့၏ ကေတောသုဒ္ဓိဖြစ်သောဒါန ထက် ဒါယကာ၏အစွမ်းဖြင့် သုဒ္ဓိဖြစ်သော ဒါနသည် အကျိုးကြီး၏။

ထိုသို့အကျိုးကြီးသောကြောင့် ပါယာသိမင်းသားသည် အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်တို့အား ဒါနကိုပေးလှူပြီး၍ မိမိ၏ကေတောသုဒ္ဓိ ဖြစ်သော ဒါနမဟုတ်ခြင်းကြောင့် ဒါန၌အားထုတ်သောဥတ္တရလုလင် နှင့်တူသောအကျိုးကိုမရရှိချေ၊ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ သောသူဌေးသည်လည်း အတ္တနော ကေတောသုဒ္ဓိမပြည့်စုံခြင်းကြောင့် အကျိုးပေးသောစည်းစိမ်ကို မသုံးဆောင်နိုင်ချေ၊ ကောသလမင်း ကြီးသည် ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူဒါန်းသော အသဒိသဒါနထက်လည်း ဝေဿန္တရာမင်းကြီးသည် ဇူဇကာပုဏ္ဏား အားလှူဒါန်းသောဒါန၏ ဒါယကတော ကေတောသုဒ္ဓိ ပြည့်စုံခြင်း ကြောင့် အကျိုးကြီး၏၊မင်းကြီးလှူဒါန်းသော ဆွမ်းနှစ်ခုသည် ဒက္ခိဏာ ဝိသုဒ္ဓိလေးပါးတို့တွင် ဥဘတောဝိသုဒ္ဓိဖြစ်သော အလှူဖြစ်၏ဟု ဆွမ်း နှစ်ခုကို အလှူခံတော်မူသော ရဟန်းတို့သည်လည်း တပါးတည်းသာ လျှင် သုံးဆောင်တော်မူ၏၊ ထိုဆွမ်းကို အလှူခံတော်မူသော ရဟန်းတို့ တွင်—

၁။ မလယမ ဟာဒေဝမထေရ်သည် သုမနတောင်ထိပ်၌ တရာ သောရဟန်းတို့အား လှူတော်မူ၍ သုံးဆောင်တော်မူ၏။
၂။ ပထဝီစာရ ဓမ္မဂုတ္တမထေရ်သည် ကလျာဏီကျောင်း၌ ငါးရာ ကုန်သောရဟန်းတို့အား ပေးလှူ၍ သုံးဆောင်တော်မူ၏။
၃။ မဟာဝါလက်ဝါသီဓမ္မဒိန္နထေရ်သည်ပိယင်္ဂုကျွန်း၌ တသောင်း နှစ်ထောင်ကုန်သော ရဟန်းတို့အား ပေးလှူ၍ သုံးဆောင် တော်မူ၏။
၄။ မင်္ဂလဝါသီကုဋ္ဋုတိဿမထေရ်သည် ကေလာသတောင်ထိပ်၌ ရဟန်းခြောက်သောင်းတို့အား ပေးလှူ၍ သုံးဆောင်တော် မူ၏။
၅။ မဟာဗျဂ္ဃထေရ်သည် ဥဂ္ဂနကျောင်း၌ ခုနစ်သောင်းကုန်သော ရဟန်းတို့အား ပေးလှူ၍ သုံးဆောင်တော်မူ၏။

၆။ ရွှေခွက်ဖြင့်ထည့်၍ လှူသောဆွမ်းကို အလှူခံတော်မူသော မထေရ်သည် ပိယင်္ဂုကျွန်း၌ တသောင်းနှစ်ထောင်ကုန် ရဟန်းတို့အား ပေးလှူ၍ သုံးဆောင်တော်မူ၏။

ဤသို့လျှင် များစွာသောအပြားတို့ဖြင့် မြတ်သောအလှူ၏အဖြစ်ကြောင့် ဤဆွမ်းနှစ်ခုအပေါင်းသည် မင်းကြီး၏စိတ်ကို ရွှင်လန်းစေခြင်းငှါ လျောက်ပတ်၏ဟု ဟောတော်မူ၏၊ ထိုသို့ဟောတော်မူပြီးသည်၏နောက်၌ မင်းကြီးသည် မိမိကိုယ်ကိုသဂြိုဟ်ရာနေရာကို အဘယမထေရ်အား ဤသို့လျှောက်ကြားတော်မူ၏၊ နှစ်ဆယ့်လေးနှစ်ပတ်လုံးမင်းပြုသော ကျွန်ုပ်သည် သံဃာအား များစွာကျေးဇူးများအောင်ပြုလုပ်ခဲ့၏၊ ကျွန်ုပ်နတ်ရွာစံသဖြင့် ကျွန်ုပ်ကိုယ်ကာယသည်လည်း သံဃာအားကျေးဇူးများပါစေ၊ သံဃာ၏ကျွန်ဖြစ်သော ကျွန်ုပ်၏ကိုယ်ကို သဂြိုဟ်သောအခါ မဟာစေတီကိုမြင်သောနေရာ၌ တည်ရှိသောသံဃာတော်၏ ကံကြီးကံငယ်ပြုရာ သိမ်အပြင်၌ ရဟန်းသံဃာ၏ ခြေတော်အနီး၌ ကျွန်ုပ်၏ကိုယ်မှဖြစ်သော ပြာတို့ကိုကြဲတော်မူလော" ဟု လျှောက်ကြား၏။

---

## ၂၃။ မင်းကြီးနတ်ရွာစံတော်မူခြင်း

ဤသို့လျှောက်ကြားပြီးသောအခါ ညီတော်သဒ္ဓါတိဿမင်းသားကို "ညီတော်တိဿ....မဟာစေတီ၌ မပြီးဆုံးသေးသောအမှုကို ပြီးဆုံးအောင်ပြုလုပ်ပါလော့၊ ညနေချမ်းနှင့် နံနက်တိုင်း မဟာစေတီ၌ ပန်းတို့ကိုပူဇော်၍ တနေ့သုံးကြိမ် ဆည်းကပ်လျက် ငါသည် မြတ်စွာဘုရား၏သာသနာတော်၌ စီရင်အပ်သောဝတ်ကို မဆုတ်ယုတ်စေမူ၍ ပြုပါလေ၊ သံဃာတော်၏ ပြုဘွယ်ကိစ္စတို့၌ အခါခပ်သိမ်း မမေ့မလျော့ပြုပါလေ" ဟု ဤသို့လျှင် ညီတော်ကို ဆုံးမပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းသံဃာတော်သည် တပေါင်းတည်း သရဇ္ဈာယ်ခြင်းကိုပြုတော်မူလေ၏၊ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ခြောက်ခုသောရထားတို့ကို အစဉ်အတိုင်းထားပြီးလျှင် နတ်ပြည်ခြောက်ထပ်မှ လာကုန်သော အလုံးစုံသောနတ်တို့သည် "မြတ်သောမင်းကြီး....လူ၏ ခန္ဓာငါးပါးကိုစွန့်ပြီးလျှင် ငါတို့၏နတ်ပြည်သို့

လာ၍ များစွာသောနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားပါလော့၊ ငါတို့၏နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏” ဟု အသီးအသီး မင်းကြီး ကို တောင်းပန်ကြကုန်၏။

မင်းကြီးသည် ထိုနတ်တို့၏စကားကို ကြားသောအခါ တရားနာနေ သ၍ကာလပတ်လုံး ငါ့အားတောင်းပန်ခြင်းကို သည်းခံကြကုန်လော ဟု လက်ဖြင့်အမှတ်သညာကိုပေးလျက် တားမြစ်တော်မူ၏၊ ရဟန်း သံဃာတော်သည် တပေါင်းတည်း သရဇ္ဈာယ်ခြင်းကို တားမြစ်၏ဟု မှတ်ယူသောကြောင့် သရဇ္ဈာယ်ခြင်းကိုပြုတော်မမူ၊ ထိုအခါ မင်းကြီး သည်“အရှင်ဘုရားတို့သည် အဘယ့်ကြောင့် သရဇ္ဈာယ်ခြင်းကို မပြုပါ သနည်း”ဟု လျှောက်လေ၏၊“မြတ်သောမင်းကြီး....သင်သည်ဆိုင်းငံ့ ကြပါဟု လက်ဖြင့်အမှတ်သညာကို ပေးခြင်းကြောင့် မပြုကြပါကုန်” ဟု မိန့်တော်မူသောအခါ အရှင်ဘုရားတို့အား လက်ဖြင့်အမှတ် သညာကို မပေးပါ၊ နတ်ပြည်ခြောက်ထပ်၌နေသော နတ်တို့သည် ခြောက်ခုသောရထားတို့ဖြင့် လာ၍ ငါတို့၏နတ်ပြည်သည် မွေ့လျော် ဘွယ်ရှိ၏၊ ငါတို့၏နတ်ပြည်သို့ ကြွလာပါဟု ကျွန်ုပ်ကိုတောင်းပန်ကြ ကုန်၏၊ ငါသည် တရားနာနေသ၍ကာလပတ်လုံး သည်းခံကြပါဟု ထိုနတ်တို့အား လက်ဖြင့်အမှတ်သညာကို ပေး၏”ဟု လျှောက်လေ၏။

ဤသို့ လျှောက်ကြားသောအခါ ပုထုဇဉ်ဖြစ်သောရဟန်းနှင့် မင်း ပရိသတ်တို့သည် ဤသို့ကြံကြကုန်၏၊ “ရှေးအခါ အလွန်ရဲရင့်သော စစ်သည်ဗိုလ်ပါယာဉ်နှင့်ပြည့်စုံသော များစွာသောရန်သူကို နှိမ်နင်း လျက် အလုံးစုံသောတမ္ဗပဏ္ဏိကျွန်း၌ ကေရာဇ်မင်းဖြစ်တော်မူသော မင်းကြီးသည်လည်း မြည်တမ်းတော်မူ၏၊ သေဘေးမှ မကြောက် သောသူမရှိ” ဟု ကြံစည်ကုန်၏၊ထိုအခါ အဘယမထေရ်သည် ထိုကြံ စည်သော ပုဂ္ဂိုလ်တို့အား ပြောကြားလိုသောကြောင့် နတ်ပြည် ခြောက်ထပ်မှ ခြောက်ခုသောရထားတို့ကို နတ်တို့သည် ဆောင်ကုန် ၏ဟု ပြောဆိုသော မင်းကြီး၏စကားကို အဘယ်သို့လျှင် ယုံနိုင်ပါအံ့ နည်းဟု မင်းကြီးအားမေးလေ၏၊ ပညာနှင့်ပြည့်စုံသော မင်းကြီး သည် ထိုစကားကိုကြားသောအခါ ကောင်းကင်၌ ပန်းကုံးတို့ကို

ပစ်ကြကုန်လော''ဟု မိန့်တော်မူ၏၊ ပစ်သောပန်းကုံးတို့သည် ရထား *လှည်းသံတို့၌ တွဲလဲဆွဲကုန်၏၊ ထိုတွဲလဲဆွဲသော ပန်းကုံးတို့ကို မြင်သောအခါ လူအပေါင်းသည် ယုံမှားမရှိဖြစ်လေ၏။

ထိုနောက် မင်းကြီးသည် "အဘယ်နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိသနည်း''ဟု မထေရ်ကိုမေးလျှောက်လေ၏၊ မထေရ်သည်"တုသိတာနတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏၊ ဘုရားအဖြစ်ကိုကျင့်တော်မူသော မဟာမေတ္တေယျဘုရားလောင်းသည် ထိုတုသိတာနတ်ပြည်၌ နေတော်မူ၏''ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ထိုစကားကို ကြားသောအခါ ထိုတုသိတာနတ်ပြည်၌ ဖြစ်လိုသောစိတ်ကိုပြုပြီးလျှင် မဟာစေတီကို ဖူးမြင်လျက် ထိုခဏ၌စုတေ၍ အိပ်သောယောကျ်ားနိုးသောလားသို့ တုသိတာနတ်ဘုံမှလာသော ရထား၌ဖြစ်လျက် နတ်တို့၏စည်းစိမ်ချမ်းသာကိုယူ၍ မိမိပြုအပ်သော ကုသိုလ်ကံ၏အကျိုးကြောင့် ခြံရံသော လူအပေါင်းအား ပြတော်မူလျက် ထိုလူအပေါင်းကြည့်ရှုစဉ်သာလျှင် မဟာစေတီကို ရှိခိုးပြီး၍ သုံးကြိမ်တိုင်တိုင် လကျ်ာရစ်လှည့်လည်သည်ကိုပြု၍ ရဟန်းသံဃာကိုလည်း ရှိခိုးပြီး၍ တုသိတာနတ်ပြည်မှလာသော ရထားသို့တက်တော်မူလျက် ကြွသွားလေ၏၊ ထိုအခါ မင်းချင်းယောကျ်ားတို့သည် မင်းကြီးနတ်ရွာစံတော်မူကြောင်းကို မင်းမောင်းမအပေါင်းတို့အား ပြောကြားကြကုန်၏၊ ထိုနန်းတွင်းသူ မိန်းမတို့သည် မကိုဋ်ကိုပစ်ချကြကုန်၏၊ ထိုမကိုဋ်ပစ်ချသောနေရာ၌ ဆောက်လုပ်သောဇရပ်သည် မကုဋမုတ္တဇရပ်မည်၏၊ မင်းကြီး၏ကိုယ်ကို ထင်းပုံ၌တင်ပြီးလျှင် လူများအပေါင်းသည် လာရောက်ကြပြီးလျှင် လက်ကုံမြှောက်လျက် ငိုကြွေးမြည်တမ်းသောနေရာ၌ ဆောက်လုပ်သော ဇရပ်သည် ဝိရဝဇရပ်မည်၏၊ မင်းကြီးကို မီးသဂြိုဟ်သောနေရာသည် ရာဇမာဠကမည်၏။

ထိုဒုဋ္ဌဂါမဏိ အဘယမင်းကြီး၏ ဘခမည်းတော်ဖြစ်တော်မူသောကာကဝဏ္ဏတိဿမင်းသည် မေတ္တေယျဘုရား၏ခမည်းတော်ဖြစ်လတ္တံ့၊ မယ်တော်သည် မေတ္တေယျဘုရား၏ မယ်တော်ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် မေတ္တေ

[*ရထားဦး–မဟာထုပစင်။]

ယျာဘုရား၏ ပဌမအဂ္ဂသာဝကဖြစ်လတ္တံ့၊ ညီတော်သဒ္ဓါတိဿ မင်းကြီးသည် မေတ္တေယျဘုရား၏ ဒုတိယ အဂ္ဂသာဝကဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိ အဘယမင်းကြီး၏ အနုဋ္ဌာဒေဝီမိဖုရားကြီးသည် မေတ္တေယျဘုရား၏ မိဖုရားကြီးဖြစ်လတ္တံ့၊ သားတော်သာလိကုမာရမင်းသားသည် မေတ္တေယျဘုရား၏ သားကြီးဖြစ်လတ္တံ့၊ မင်းကြီး ဘဏ္ဍာစိုးဖြစ်တော်မူသော သံဃမိတ္တအမတ်သည် မေတ္တေယျဘုရား၏ အလုပ်အကျွေးဖြစ်လတ္တံ့၊ ထိုဒုဋ္ဌဂါမဏိ အဘယမင်းကြီး၏ သားတော်ဖြစ်သော သာလိကုမာရမင်းသား၏ မိဖုရားသည် မေတ္တေယျဘုရား၏ အလုပ်အကျွေးဖြစ်သော မိဖုရားကြီးဖြစ်လတ္တံ့။

ဤသို့လျှင် အလုံးစုံကုန်သော ဒုဋ္ဌဂါမဏိ အဘယအစရှိကုန်သော မင်းတို့သည် ဖြည့်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံခြင်းကြောင့် မေတ္တေယျဘုရား ပွင့်တော်မူသောအခါ၌ တရားတော်ကိုနာရ၍ ဒုက္ခအဆုံးကို ပြုကုန်လတ္တံ့၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။

---

## ကျမ်းပြီးနိဂုံး

ဗ္ဗော္ဓာဝတာစ—

ဦးခင်ဖိုး ဟိနာမကေန ပါဠိယာစရိယေန အဇ္ဈေသိတေန ဟံသာဝတ နဂရေ ဝိဟာရေ ကြာခံနာမကေ ဝသန္တေန ကေလာသောတိ ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန "ဇိနတ္ထပကာသဂန္ထော မဂဓဘာသာယ ကတော"။ တတော မရမ္မဘာသံ နာတိဝိတ္ထာရသခ်ေပံ ကတွာ ရစိတောယံ ဂန္ထော ကလိယုဂေ ဝီသာဓိကတေရသသတေ သမ္ဗစ္ဆေ ဇေဋ္ဌမာသဿ သုက္ကပက္ခနဝမိယံ စန္ဒဒိနေ နိဋ္ဌိတော အနာယာသေနာတိ။

ဤမျှအတိုင်းအရှည်ရှိသောစကားအစဉ်ဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယပါဠိဆရာကြီးဦးခင်ဖိုးသည် တောင်းပန်အပ်သောကြောင့် ဟံသာဝတမြို့ကြာခံကျောင်း၌ သီတင်းသုံးတော်မူသော ဦးကေလာသဟုခွဲမည်ရသော မဟာထေရ်အရှင်သည် ပါဠိဘာသာဖြင့် စီရင်အပ်သော

ရုဋ္ဌထုပ္ပဝင်ကျမ်းမှ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော မြန်မာဘာသာသို့ပြန်ဆို စီရင်အပ်သော ဤမြန်မာဘာသာ စူဠထူပဝင်ကျမ်းသည် သက္ကရာဇ် ၁၃၂၀-ခုနှစ် နယုန်လဆန်း ၉-ရက် တနင်းလာနေ့၌ ရောဂါဝေဒနာမရှိ ပကတိကျန်းမာသဖြင့် ပြီးဆုံးခြင်းသို့ ရောက်သတည်း။

ခလိတံ ကိဉ္စိ စေ ပဿေ၊ သောဓေတွာ တုဋ္ဌမာနသာ။
ဗုဒ္ဓိကာမေန စိတ္တေန၊ပဿန္တု သာဓု သာဓဝေါ။

**ရုဋ္ဌထုပ္ပဝင်ဝတ္ထု ပြီးပြီ။**

## ဤတွင် ထူပဝင်ဝတ္ထု ပြီးပြီ။